www.burmeseclassic.com

ဂျူး



# ဂျူး

## သူမင်းကို ဘယ်တော့မှ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၀၉၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၄၄၀၈၀၇

မျက်နှာဖုံး၊
ဗိုဗို

ပုံနှိပ်ခြင်း
ပထမအကြိမ် စက်တင်ဘာ ၂၀၀၈

အုပ်ရေ
၁၀၀၀

တန်ဖိုး
၂၀၀၀ကျပ်

စာအုပ်ချုပ်
ကိုမြင့်

◆

ဒေါ်တင်တင်ဝင်း ဂျူးစာပေ အမှတ်၈၅ အထက်ကြည့်မြင်တိုင်လမ်း
ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဦးအောင်မြင့်ဝင်း ကာလာရှန်ပုံနှိပ်တိုက် ၁၈၄(ဘီ) ၃၁လမ်း
ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့်အတွင်းစာသားများကို
ပုံနှိပ်သည်။

ဤဝတ္ထုတွင်ပါဝင်သော ဇာတ်ကောင်များ၊ အဖြစ်အပျက်များ အားလုံးသည် စာရေးသူ၏စိတ်ကူးသက်သက်မျှသာ ဖြစ်ပါသည်။ ဒေသကို ချစ်ခင်စိတ်ဖြင့် ရေးသားခြင်းဖြစ်ပါ၍ တစ်စုံတစ်ရာ ဆင်တူယိုးမှား ရှိနေခဲ့ပါလျှင် ၄င်းသည် တိုက်ဆိုင်မှုသာ ဖြစ်ပါသည်။

ဂျူး

www.burmeseclassic.com

www.burmeseclassic.com

မင်း သူ့ကို ရှာရင်
မင်း သူ့ကို ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး။
ဒါပေမယ့်
မင်း သူ့ကို မရှာရင်လည်း၊
သူ မင်းကို ဘယ်တော့မှ မြင်အောင် ပြမှာမဟုတ်ဘူး။

(ဆူဖီ)

## နိဒါန်း

ရုတ်တရက် ကျွန်မ ရပ်တည်နေရာ လောကကြီးတစ်ခုလုံး စက်ဝန်းကဲ့သို့ တစ်ပတ်လည်သွားသည်။ ကျွန်မ ကိုယ်ခန္ဓာကပါ ယိမ်းယိုင်လည်ပတ်ပြီး နံရံတစ်ခုနှင့် အရှိန်ပြင်းစွာ ပြေးဆောင့်မိသွားသည်။

အမေရေ

လွှတ်ခနဲအော်လိုက်မိသည့် ကျွန်မအသံသည် အခြားအော်သံဟစ်သံတွေနှင့် ရောပေါင်း၍ ဆူညံသွားတော့သည်။ ကလေးတွေငိုသံကြားရသည်။ ကျွန်မဘေးက လူတွေအားလုံး ကျွန်မလိုပဲ မာကျောသောနံရံတို့အား ပြေးဆောင့်မိနေကြသည်ကို မျက်စိအောက်မှာ မြင်နေရ၏။ လက်က တစ်ခုခုကို ဆုပ်ကိုင်မိသွားပြီး ဟန်ချက်ထိန်းလိုက်နိုင်စဉ်မှာပင် နောက်ထပ် တစ်ပတ်လည်ပြန်၏။ ကျွန်မကိုင်ထားသောအရာသည် လက်ထဲမှ လွတ်ထွက်သွား၏။ ထို့နောက်တွင်တော့ ကျွန်မသည် အရှိန်ပြင်းပြင်း လည်ပတ်နေသော ရေကူးမရေပဲကြီးတစ်ခုထဲ ဆွဲစုပ်ယူမှု့ပတ် ခံနေရသလို ချာချာလည် ရမ်းခါနေသည်။ တစ်ပတ်၊ နှစ်ပတ်၊ ဘုရားရေ သုံးပတ်။ ကျွန်မခေါင်းရော ကိုယ်ခန္ဓာကပါ တစ်ကြိမ်ပြီးတစ်ကြိမ် ပြေးဆောင့်တိုက်မိနေ

www.burmeseclassic.com

www.burmeseclassic.com



သောမာကျောသည့်အရာတို့သည် နံရံမဟုတ်ဘဲ ထိုင်ခုံသံတန်းတွေနှင့် သစ်သားတွေပါလား။ ကျွန်မ လေထဲတွင် လွင့်စင်ကာ မှောက်လျက်သား ကျသွားသည်။ ကျွန်မပါးအပ်မိသော ကြမ်းပြင်သည် ရမ်းခါနေသဖြင့် ကျွန်မပါး ဒယည့်တိုက်ဆွဲယူခံရပြီး ကြမ်းပြင်ပေါ်တွင် ဟိုဘက်သည်ဘက် လျှင်မြန်စွာ ရွေ့လျား ပွတ်တိုက်နေသည်။ ကျွန်မကိုယ်ပေါ်သို့ လေးလံဖျော့အိသော ကိုယ်ခန္ဓာတစ်ခု ပိကျလာသည်။ နားကွဲလုမတတ်အော်ဟစ်ငိုကြွေးသံတို့တွင် ကျွန်မကိုယ်တွင်းမှ အော်သံတစ်ခုလည်း ပါနေသည်။ ရွေ့လျားလည်ပတ်မှုတွေ ရပ်တန့်ပြီး ကမ္ဘာကြီး ငြိမ်သက်သွားသည့်အခါ ကျွန်မ ခံစားလိုက်ရတာကတော့ နာကျင်မှုပဲ ဖြစ်သည်။

ထိတ်လန့်တကြား အော်သံတွေသည် ကျွန်မကိုယ်ပေါ်မှ ကျော်ပြီး တစ်ခုပြီးတစ်ခု ဝေးကွာသွား၏။

'မာတင်ငွေ့အိုးတွေ ပေါက်လိမ့်မယ်'

ကျွန်မ ဘယ်ရောက်နေတာလဲ။

'မီး မီး ကားမီးလောင်တော့မယ်'

'ထွက်ထွက် ရအောင်ထွက်'

သူတို့ ဘာတွေပြောနေကြတာလဲ။ ကျွန်မ လက်ပေါ်သို့ ခြေထောက်တစ်ခု တက်နင်းခံလိုက်ရသည်။ ကလေးတွေငိုသံ မိန်းမတွေ ငိုသံပါကြီးနှင့်အော်ဟစ်သံ၊ ဘတ်စ်ကား၊ ကျွန်မလိုက်ပါလာသော ဘတ်စ်ကား၊ ကျွန်မ ကျန်ရှိသမျှ အင်အားဖြင့် ခေါင်းထောင်လျက် ကြည့်မိသည့်အခါ အခြေအနေမှန်ကို မြင်လိုက်ရသည်။ ကားမှန်များမှတစ်ဆင့် ကျွန်မ မြင်တွေ့ရသော ပြင်ပလောကသည် စောင်းစောင်းကြီး၊ အဆောက်အဦတွေကလည်း စောင်း၊ သစ်ပင်တွေကအစ စောင်းရွဲ့နေသည်။ ကျွန်မတို့ ကားကြီး တိမ်းမှောက်သွားခဲ့ပြီ။ ကျွန်မကိုယ်ခန္ဓာသည် ကြမ်းပြင်ပေါ်မှာ မှောက်လျက်လဲနေ

BURMESE CLASSIC .com



တာမဟုတ်။ မာတင်ငွေ့အိုးထည့်သည့် သစ်သားသေတ္တာကိုယ်ထည်ပေါ်မှာ လဲနေခြင်းဖြစ်သည်။ ကျွန်မ ဘာဒဏ်ရာတွေရသွားပြီလဲ။ ကားထဲမှ ကျွန်မပြန်ထွက်နိုင်ပါ့မလား။ နာကျင်မှုကို အံတု တွန်းလှန်လျက် လက်ရှိအနေအထားမှ ကုန်းကြိုးထလိုက်၏။ တော်ပါသေးရဲ့။ ကျွန်မ ဒယိမ်းဒယိုင်ဖြင့် ခပ်မတ်မတ်ရပ်နိုင်သွားသည်။ ထိုင်ခုံအောက်ခြေသံတိုင်များနှင့် ထောင်မတ်နေသော ကြမ်းခင်းအကြား ဟိုတိုး သည်တိုက်ဖြင့် နင်းကျော်လျက် ကားထဲမှ ထွက်ဖို့ ကြိုးစားသည်။ ဒါပေမဲ့ ထွက်ပေါက်က ဘယ်မှာလဲ။ ထွက်ပေါက်ကို ရှာမတွေ့။ တစ်ကိုယ်လုံး ပူထူသွားသည်။ ကားကြီးသည် ထွက်ပေါက်တံခါးတွေရှိရာဘက်သို့ တိမ်းမှောက် စောင်းလဲနေခြင်းဟု သဘောပေါက်သွားသောကြောင့် ဖြစ်ပါသည်။ မာတင်ငွေ့နံ့ ထောင်းထောင်းထနေသော ကားအတွင်းမှာ ကျွန်မ ပိတ်မိနေပြီ ဟု သိလိုက်ရသည်။ ကျန်တဲ့ခရီးသည်တွေရော။ ညည်းသံတစ်ခု ကျွန်မ နောက်ဘက်မှာ ကြားရသည်။ ထိုအချိန်တွင် ရှေ့ဘက် ကားမှန်ကွဲပေါက် အကြားမှ လက်တစ်ဘက် ပေါ်လာသည်။

'ကလေးမ ဒီဘက်ကို ထွက်ခဲ့'

ကျွန်မကို လှမ်းကြိုဆွဲခေါ်မည့် လက်တစ်ဘက်ပါလား။ ကျွန်မ မျက်ဝန်းတွင် မျက်ရည်တွေစိမ့်ဝဲလာခဲ့ပါသည်။ ကျွန်မ အားတက်သွားကာ ထိုနေရာဆီသို့ လျင်မြင်စွာရောက်ဖို့ သွေးရူးသွေးတမ်း တစ်လှမ်းချင်း လျှောက်သွားလိုက်သည်။ ဘုရားသိကြားမလို့ ကျွန်မ ခြေထောက်တွေ ကျိုးပဲ့ညပ်ကွဲ မသွားခဲ့ဘူး။ ကားမောင်းသူ ထိုင်ခုံတွင်တော့ အသက်မရှိတော့ပြီဟု ခန့်မှန်းနိုင်သော ကိုယ်ခန္ဓာသည် ခေါင်းငိုက်စိုက်ကျလျက် ဇက်ကျိုးနေသလိုရှိသည်။ ကျွန်မ ခြေဖဝါးအောက်တွင် ကားမှန်အကွဲအစများ စူးသွားသည်။ ကျွန်မ ဖိနပ်၊ ကျွန်မမှာ ဖိနပ်မပါတော့ဘူး၊ ဘယ်အချိန်က ဖိနပ်ကျွတ်ပြီး လွင့်စင်

www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်သလဲမသိ။ ကျွန်မ မှန်ကွဲပေါက်ဆီသို့ သတိဖြင့် ခြေဖော့နင်းပြီး လျှောက်ရသည်။

ကားရှေ့မှန်ဆီသို့ အရောက်၊ ကမ်းလာသော အမျိုးသားကြီးတစ်ယောက်၏လက်ကို ကျွန်မလက်ဖြင့် ထိမိတော့မည့်ဆဲဆဲ ကျွန်မနောက်ဘက်မှ ညည်းသံသည် ခပ်တိမ်တိမ်အက်အက် ငိုရှိုက်သံ ဖြစ်သွားသည်။ ကျွန်မ အထိတ်တလန့်လှမ်းကြည့်လိုက်တော့ ကားထိုင်ခုံတွေကြားတွင် ပိညပ်နေသော ကိုယ်ခန္ဓာတစ်ခု၏အောက်ပိုင်းကို ပါတိတ်လုံချည် အပွင့်ခပ်ကျဲကျဲ ဝတ်ဆင်ထားမှန်း မြင်နေရသည်။ ကျွန်မသည် ဓာတ်ငွေ့တွေနံစော်နေသော ကားထဲသို့ ပြန်ကြည့်လိုက် အပြင်လောက၏ သန့်စင်ကျန်းမာသည့်လေကို ရှူရှိုက်လိုက်ဖြင့် ဝေခွဲမရဖြစ်နေသည်။ လက်ကမ်းသူနောက်ကို လိုက်သွားရမလား။ လဲကျပိညပ်နေသူထံ ပြန်သွားလိုက်ရမလား။

'ဦး ဟိုနောက်မှာ ဒေါ်ကြီးတစ်ယောက် ညပ်နေတယ်ထင်တယ်။ သူ့ကို အရင် ဆွဲထုတ်ပေးလိုက်မယ်နော်'

'ကားမီးလောင်လိမ့်မယ် မင်း အရင် မြန်မြန်ထွက်'

သူ ကျွန်မလက်ကို ဆုပ်ကိုင်မိသွားပြီး ရှေ့သို့ ဆွဲယူလိုက်ပါသည်။ မှန်ပေါက်အပြင်သို့ ကျွန်မ ဦးခေါင်း ရောက်သွားသည့်အခါ အဖြစ်အပျက်ကို ချက်ချင်းသဘောပေါက်သွားသည်။ ကားကြီးသည် လမ်းဘေးတစ်နေရာတွင် တိမ်းစောင်းပြီး လဲနေခြင်းဖြစ်သည်။ လမ်းပေါ်တွင် အခြား ကားငယ်နှစ်စီး ကိုးယိုးကားယားပုံသဏ္ဌာန်ဖြင့် ရပ်တန့်နေပြီး လူတွေ ဝိုင်းအုံနေကြသည်။ လမ်းဘေးစကြံ့တွင်လည်း တုံးလုံးပက်လက် လဲနေသူတွေ သစ်ပင်မှီပြီးထိုင်နေသူတွေ လူအုပ်စုသည် ကားကြီးကို ပေါက်ကွဲတော့မည့် ဗုံးတစ်ခုလို သတိကြီးစွာကြည့်လျက် ရှိသည်။



ထိုအချိန်မှာပင် ကျွန်မ သွားစရာရှိသည့် အရေးတကြီးချိန်းဆိုမှုတစ်ခုကို ပြန်သတိရသွားသည်။ မဖြစ်ဘူး၊ ကျွန်မ နောက်ကျနေတော့မယ်။ ကားထဲက မြန်မြန်ထွက်နိုင်မှ။ သို့သော် နောက်ဘက်မှ တုန်လှုပ်ခြောက်ခြားစွာ ညည်းညူငိုရှိုက်နေသောအသံ၊ တွန့်ကွေးနေသောခုံတန်းတွေကိုကျော်လွှားပြီး နောက်ဘက်သို့ ကျွန်မ အပြေးအလွှားရောက်သွားသည်။

အဒေါ်ကြီးတစ်ကိုယ်လုံး ကားထိုင်ခုံအောက် သံဘောင်တွေကြားမှာ ပိညပ်နေခဲ့သည်။ သူလှုပ်နိုင်တာက ညာလက် တစ်ဘက်တည်းဖြစ်သည်။

'ဒေါ်ကြီး ထွက်ရအောင်၊ ကျွန်မ ဆွဲထုတ်ပေးမယ်'

ဒေါ်ကြီးက အကြောက်အခံငြင်းဆန်သည်။

'အဒေါ် ကားကြီးက မှောက်နေတာ။ ဓာတ်ငွေ့ကားဖြစ်လို့ ချက်ချင်း မီးထတောက်နိုင်တယ် ပြောတယ်။ ကားအပြင်ရောက်နေတဲ့သူတွေက ကျွန်မတို့ကို ဟိုးမှာ လှမ်းဆွဲထုတ်ပေးဖို့ စောင့်နေကြတယ်၊ အဒေါ် ထ'

သို့သော် ကျွန်မထင်သလောက်မလွယ်ပါ။ သူ့ကိုယ်ခန္ဓာက ဝဝဖိုင့်ဖိုင့်။ သူညပ်နေသည်က ခြေထောက်တစ်ဘက်။ ကျွန်မ ထိုခြေထောက်ကို ဆွဲထုတ်ပေးဖို့ ထိကိုင်လိုက်ချိန်တွင် အဒေါ်ကြီးက လေသံဖျော့ဖျော့ဖြင့် ညည်းညူလိုက်သည်။

'အမလေး နာတယ်။ နာတယ်'

ကျွန်မ အလန့်တကြား ပြန်လွှတ်ချလိုက်မိသည်။ အခုမှ သတိထားမိတာက အဒေါ်ကြီး၏လုံချည်တွင် သွေးစွန်းလျက်ရှိသည်၊ ဘုရားရေ ဘာများခိုက်မိသွားပါလိမ့်၊ ကျွန်မ သူညပ်နေသော ထိုင်ခုံကို မ ပြီးရွှေ့ဖယ်ဖို့ ကြိုးစားမိ၏၊ အိုး ညံ့လိုက်တဲ့ တော့သူမပါလား၊ ထိုင်ခုံတွေက ကြမ်းခင်းနှင့် ဝက်အူစုပ်ပြီး အသေယိုထား

www.burmeseclassic.com

www.burmeseclassic.com



ပြီးသားလေ။ ကျွန်မ ငိုချပစ်လိုက်ချင်လာသည်။ ထိုင်ခုံကို ရွှေ့လို့မရနိုင်။ အဒေါ်ကြီးကို မရရအောင် ဆွဲထုတ်ယူမှ ရမည်။

'ဒေါ်ကြီး ဒေါ်ကြီးကို နည်းနည်းချင်း မပြီး ရွှေ့ပေးမယ်။ ဒေါ်ကြီးကလည်း ကြိုးစားပြီးထ နော်။ ကျွန်မ မမယ်'

သို့သော် နေရာက ကျဉ်းကြပ်လွန်းသည်ကတစ်ကြောင်း၊ ဒေါ်ကြီးကိုယ်ခန္ဓာက ဝဖိုင့်လေးလံသည်ကတစ်ကြောင်း၊ သူကိုယ်တိုင်က မခံမရပ်နိုင်အောင် နာကျင်နေသည်က တစ်ကြောင်းမို့ ကြိုးစား၍မရပါ။

ကားရှေ့မှန်ပေါက်ကြီးဆီသို့ လှမ်းကြည့်မိသည့်အခါ ကျွန်မတို့ကားအတွင်းသို့ စိတ်ပူစွာ စောင့်ကြည့်နေသော စောစောက အမျိုးသားကြီးကို မြင်ရသည်။ ကား၏ပတ်ဝန်းကျင်တွင် အသံများဆူညံပွက်နေသဖြင့် ရှိသမျှအသံကိုထုတ်ကာအော်ခေါ်လိုက်မိ၏။

'ဦး လာကူပါဦး ဒီမှာ ကျွန်မ ဆွဲထုတ်လို့မရဘူး။ ဒေါ်ကြီးခြေထောက်ကျိုးသွားတယ်ထင်တယ်'

ထို့နောက် ကျွန်မ အောင့်ထားရသော ဝင်လေကို မှုတ်ထုတ်ပြီး ခပ်ဆဆ ရှူလိုက်မိ၏။ စူးစူးရှရှ ဓာတ်ငွေ့နံ့က ကျွန်မ နှာခေါင်းထဲ အဆုပ်ထဲသို့ ဝင်သွားသည့်အခါ မွန်ထူပြီး မပြီးနိုင်မစီးနိုင်ချောင်းဆိုးနေတော့သည်။ ကူကယ်ရာမရသလိုပင် ဒေါ်ကြီးကို လက်နှစ်ဘက်မှ ဆွဲယူမ လိုက်မိပြန်သည်။ အမလေးဟု တမ်းတည်းညည်းသံကို ကြားရသည့်အချိန်တွင် အဒေါ်ကြီး၏လက်တစ်ဘက် သွင်သွင်ကျိုးလျက်ရှိသည်ကို အထိတ်တလန့် မြင်ရ၏။ အို ဖြစ်မှဖြစ်ရလေ၊ အရိုးကို ဖောက်ထွက်ပြီး ကျိုးသွားသောအရိုးက သွေးတစ်စက်စက် ငေါထွက်နေသည်။ သွေးတို့အကြားမှ ဖြူဖွေးသောအရိုးသည် မန်ကျည်းသားချောင်းတစ်ခုလိုပဲ ပွဲ့ရွဲ့လျက် ငေါထွက်နေခြင်းဖြစ်၏၊ ကျွန်မ ထိုဒဏ်ရာကို ကြည့်ဖို့ မရဲသဖြင့် ဒေါ်ကြီးမျက်နှာကိုပဲ ငုံ့



ကြည့်ရသည်။ ပါးပြင်ပေါ်တွင် စပ်ဖျဉ်းဖျဉ်းနာကျင်မှုကို ခံစားလိုက်ရသည့်အခါကျမှ ကျွန်မ မျက်ရည်တွေတွေ ကျနေမိကြောင်း သတိပြုမိသွားပါသည်။

ထိုအချိန်တွင် ကျွန်မကို ပခုံးနှစ်ဘက်မှ ဆွဲယူလိုက်သည့် လက်အစုံကို ခံစားလိုက်ရ၏။

'ထ မိန်းကလေး'

မော့ကြည့်လိုက်တော့ အရေးတကြီးမျက်နှာနှင့် စောစောက အမျိုးသားကြီးပါ။ ကျွန်မ ဝမ်းသာသွားမိသဖြင့် တစ်ချက်ရှိုက်ပြီး သူ့လက်ကို ဆွဲဆုပ်ထားလိုက်မိသည်။

'မင်း မနိုင်ဘူး။ ဂက်စ်တိုး ထမပေါက်ခင် ထွက်နိုင်မှ ဖြစ်မယ်၊ ဖယ် မင်း အပြင်ကို ထွက်တော့'

ထိုခဏမှာပင် ခရာသံ တရှိန်ရှိန်ကို ကြားလိုက်ရသည်။ ယာဉ်ထိန်းရဲတွေ ရောက်လာပြီ။ သူတို့နှစ်ယောက် အဒေါ်ကြီးကို ဝိုင်းမွေ့ယူကြသည်။ ထင်သလောက်မလွယ်ပါ။ ကျိုးနေသောခြေထောက်ကို ဆွဲထုတ်ဖို့က ဒဏ်ရာရသူလူနာ၏ နာကျင်စွာညည်းညူ အော်ဟစ်သံကို အာရုံထဲက ဖွတ်အတင်းဖျောက်ထားမှ ဖြစ်မည်ထင်၏၊ ကျွန်မမှာ အဲသည်လောက် သတ္တိမရှိပါ။ အင်အား တောင့်တင်းသော ယောကျ်ားကြီးနှစ်ယောက်၏ ကြိုးစားမှုကို ကျွန်မ စိတ်ချလက်ချ ထားနိုင်ပြီမို့ နှာခေါင်းမှ ဓာတ်ငွေ့တွေ အလျှံပယ်မဝင်လာနိုင်စေရန် အသက်ရှူအောင့်လျက် မှန်ကွဲစများရှိရာသို့ ခပ်ဆဆ ခြေလှမ်းဖြင့် လျှောက်သွားလိုက်သည်။ မှန်အပေါက် အပြင်ဘက်တွင် လူ လေးယောက် ဝိုင်းပြုံလျက် ကျွန်မတို့ကို လက်ယပ်လှမ်းခေါ် အားပေးနေ၏။ ထိုအချိန်မှာပင် နောက်ဘက်မှ လှမ်းခေါ်သံ ကြားရသည်။

'ကလေးမ ခဏ ခဏ မင်း သူ့ကို ဆွဲထုတ်၊ ငါတို့ ဒီသံဘိုင်ကို ဆွဲမပေးထားမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ထိုနေရာသို့ အပြေးသွားလျက် အဒေါ်ကြီး ခေါင်းရင်းဆီ ကျပ်ကျပ်တည်းတည်း မတ်တတ်ရပ်ကာ ချိုင်းနှစ်ဖက်မှ ဆွဲထူပေးလိုက်ပါသည်။ သူ့ကိုယ်ခန္ဓာ ဝသည့်အပြင် နာကျင်မှုဖြင့် တွန်းဆုတ် ကာကွယ်နေသည်မို့ ကျွန်မ ရှိသမျှခွန်အားဖြင့် ဆွဲထူမ ရ၏။ ကားအပြင်မှ လူတွေက ကားမှန်၏ချွန်ထက်နေသော အကွဲအကျန်များကို ထိုးခွဲကာ ညှိပေးကြ၏။ မှန်ကွဲစတွေကို မနင်းမိအောင် ကျွန်မ၏ အပေါ်ဝတ်အင်္ကျီကို ချွတ်လျက် ခြေထောက်တွင် ဖိနပ်လိုဖြစ်အောင် စီးနှောင်လိုက်ပြီးမှ ကျွန်မထွက်ပါသည်။ ကားထဲမှာ ထိတ်လန့် ခြောက်ခြားစွာ နေခဲ့ရသည်မှာ အကြာကြီးဟု ထင်မိသည်။ သို့သော် တကယ်တော့ အဖြစ်အပျက်အစမှ အဆုံးထိတိုင် ဆယ့်ငါးမိနစ်လောက်သာ ကြာခဲ့ပါသည်။

အဆုံးအရှုံးက ကျွန်မတို့ ဘတ်စ်ကားတစ်ခုတည်းမဟုတ်၊ လမ်းပေါ်က အခြားကားငယ်နှစ်စီးကိုပါ ရမ်းခါတိုက်မိသွားခြင်းဖြစ်သည်။ ကားကြီးနှင့်တော်တော်ဝေးသောနေရာသို့ ကျွန်မကို တစ်စုံတစ်ယောက်က တွဲခေါ်လာ၏။ အမျိုးသားလား အမျိုးသမီးလား ကျွန်မ မသိ၊ သတိမထားမိပါ။ ကျွန်မရောက်သွားသောနေရာတွင် အနည်းအပါးဒဏ်ရာရသူတွေ၊ သဲထိတ်ရင်ဖိုအဖြစ်ကို သူ့ထက်ငါဦးအောင် အားပါးတရ ပြန်ပြောပြနေသူတွေ၏အသံများဖြင့် အုတ်အုတ်သဲသဲ ဖြစ်နေသည်။ ကျွန်မကိုလည်း ဘယ်နေရာထိသွားသေးလဲဟု ကရုဏာဖြင့် မေးမြန်းကြသည်။

'ကျွန်မ ဘာမှ မဖြစ်ပါဘူး'

ယာဉ်ထိန်းရဲတွေ၊ အမျိုးသားတွေ၊ ကျွန်မအနီးမှာ အလုပ်ရှုပ်နေကြပြီ။ ရင်တုန်လှုပ်ဖို့နေသဖြင့် ဒူးတဆတ်ဆတ်တုန်နေသော ကျွန်မကို အစ်မကြီးတစ်ယောက်က တွဲလျက် လမ်းဘေးကပ်လျက် အပင်ပုတစ်ခုဘေးတွင် ထိုင်ခိုင်းသည်။ တချို့က လက်ကိုင်ဟန်းဖုန်းများဖြင့် တစ်နေရာရာသို့ ဖုန်းဆက်စကားပြောနေကြသည်၊ ငိုကြွေးနေသော ကလေးတို့ကို လူကြီးမိဘတွေက ချော့မော့နေကြသည်။ ဒဏ်ရာရသူတွေကိုဆေးရုံပို့ဖို့ ရောက်လာသမျှကားတွေကို တားကြသည်။ တစ်ယောက်ပြီးတစ်ယောက်လူနာတွေထဲတွင် သူတို့က ကျွန်မကိုထည့်ဖို့ ကြိုးစား၏။ ထိုအခါကျမှ ကျွန်မအတွက်အရေးကြီးသော အရာတစ်ခုကို ပြန်သတိရသွားသည်။



'ဟင့်အင်း ကျွန်မ ဆေးရုံသွားလို့ မဖြစ်ဘူး'

ကျွန်မလက်ပတ်နာရီကို ငုံ့ကြည့်လိုက်တော့ နာရီကို လက်မှာ မတွေ့ရ၊ ကားထဲမှာ ကျွန်မ ပတ်ချာလည် တိုးတိုက်ထိခိုက်နေတုန်းက တစ်ခုခုနှင့်ဆောင့်ပြီး ပြုတ်ထွက်သွားခဲ့ပြီထင်သည်။ ဘုရားဘုရား အဲသည်နာရီလေးကို ကျွန်မ အဆုံးမခံနိုင်။ ကျွန်မသည် တတ်ငွေ့နှံ့တထောင်းထောင်းထနေသော ကားဆီသို့ ပြန်ပြေးသွားမိသည်။ သို့သော် ကားနားမရောက်မီမှာ ကျွန်မ ကိုယ်ခန္ဓာက တစ်ခုခုဖြင့် ဆောင့်တွန်းခံလိုက်ရသလို လွင့်စင်သွားပြီး တစ်ပြိုင်တည်းမှာ ကျယ်လောင်သော ပေါက်ကွဲသံကြီးဖြင့် မီးတောက်ကြီးကို မြင်လိုက်ရသည်၊ ထို့နောက် တစ်လောကလုံး ကျွန်မရှေ့မှ ပျောက်ကွယ်သွားပါတော့သည်။

မှာ

www.burmeseclassic.com

www.burmeseclassic.com

ဖုံအလိမ်းလိမ်း တွန့်ကြေသော အဖြူရောင်အင်္ကျီတွင် နီရဲသော သွေးစွန်းကွက်များ စွန်းထင်းလျက်၊ အပြာနုရောင် မုဒုံချိတ်ချည်ထမီတွင် သွေးစက်များ ဟိုတစ်စသည်တစ်စ ပေကျံလျက်၊ ခြေလှမ်းများ ကတုန်ကယင် ယိမ်းယိုင်လျက် ရန်ကုန်ဟိုတယ် ဧည့်ခန်းအတွင်းသို့ အားတင်းလျှောက်လာချိန်ထိ ကျွန်မ ပြန်ထွက်သွားသင့်သလားဟု ကိုယ့်ကိုယ်ကို မေးမိနေဆဲဖြစ်သည်။

ကျွန်မ ပြန်ထွက်သွားသင့်သလား။

နာရီဝက်လည်း နောက်ကျခဲ့ပြီ။ ငါးမိနစ်တောင် နောက်ကျဖို့ မကောင်းသည့်ကိစ္စမျိုးမှာ ကျွန်မ နာရီဝက်တိတိနောက်ကျပြီးမှ ရောက်လာခဲ့ပြီ။ ကျွန်မ၏အသွင်အပြင်ကလည်း အင်တာဗျူးဖြေဖို့လာခဲ့သည့် ကျောင်းသူတစ်ယောက်နှင့် လုံးဝမတူတော့ပါ။ ကျွန်မမျက်နှာကို ကျွန်မ ပြန်မမြင်ရသော်လည်း ဘယ်ဘက်ပါးပေါ်တွင် စပ်ဖျဉ်းဖျဉ်းနာကျင်မှု ဝေဒနာကို ခံစားနေရဆဲဖြစ်သည့်အတွက် အဲသည်နေရာမှာ ပွန်းပဲ့သွေးစို့ခဲ့တာ တော်တော်များလိမ့်မည်ဟု ကျွန်မ ခန့်မှန်းနိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်မရည်ရွယ်ထားသည့်အရာကို ဆုံးခန်းတိုင်သည်အထိ လုပ်ကိုလုပ်ရမည်။ ရလဒ်အဖြေက အရေးမကြီးပါ။



အင်တာဗျူးကို နာရီဝက်နောက်ကျသည့်အတွက် သူတို့က ကျွန်မကို အလုပ်ကျော်ပစ်လိုက်မည်ဆိုတာလည်း သေချာသည်။ သို့သော် သည်အတိုင်း အရှုံးပေးပြီး မသိမသာပြန်ထွက်သွားမည့်အစား ကျွန်မ ရောက်လာပြီဟု သက်သေပြလျက် နောက်ကျရသည့်အကြောင်းရင်းကို ဖြေရှင်းပြဖို့ မကောင်းဘူးလား။ သူတို့ လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ ကျွန်မမှာရှိသည့် ဖြေရှင်းခွင့်ကို ကျွန်မ ကြိုးစားမကြည့်သင့်ဘူးလား။

ကြိုးစားကြည့်သင့်တာပေါ့။

ထိုကဲ့သို့ နောက်ဆုံးအကြိမ် ဆုံးဖြတ်ချက်ချလိုက်သည့်အခါ ကျွန်မ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသွားသည်။ တုန်လှုပ်မှုများဖြင့် ကတုန်ကယင်ဖြစ်နေသော ခြေလှမ်းတို့ကို တတ်နိုင်သမျှ ထိန်းချုပ်လျက် မျက်နှာကို ခပ်မော့မော့ထားကာ ရှေ့ဆက် လျှောက်လာခဲ့ပါသည်။

ဟိုတယ်၏ဧည့်ခန်းကိုက အကျယ်ကြီးဖြစ်သည်။ လှမ်းမြင်နေရသော မှန်အပြည့်နံရံကြီး၏ ဟိုဘက်တွင် ပြာလဲ့နေသော ရေကူးကန်ကြီး။ ရေပြင်က လှုပ်နေသည်။ ကျွန်မရင်ထဲမှာလည်း လှုပ်ခတ်နေသည်။ ဧည့်ကြိုဟု အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော ကျွန်းစားပွဲကောင်တာ အမြင့်ကြီးဆီသို့ လျှောက်သွားလိုက်ပါသည်။

ဧည့်ကြိုကောင်တာနောက်တွင် ရပ်နေသည့် အမျိုးသမီးနှစ်ယောက်အနက် သဘောကောင်းမည်ဟု ထင်ရသူဆီသို့ ကျွန်မ ချဉ်းကပ်သွားလိုက်သည်။

သေသပ်လှပသော ခရမ်းရောင်ကုတ်အင်္ကျီဝတ် အစ်မကြီးက ကျွန်မကို ခြေဆုံးခေါင်းဆုံး မယုံသင်္ကာကြည့်သည်။ သူ့မျက်လုံးတွေက ကျွန်မ မျက်နှာ၊ ကျွန်မ အင်္ကျီ၊ ကျွန်မကိုယ်ခန္ဓာအား ဖွေပဲ့အကဲခတ်နေသည်က အကြာကြီး။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အခါကျမှ ကျွန်မ ဘာပြောရမည်ကို ကျွန်မ သတိရ သွားသည်။

'မစ်စ်တာ ဝုလ်ဖ်ဂန်းက ခေါ်ထားလို့ပါရှင့်'

စည့်ကြိုအစ်မကြီး၏မျက်နှာတွင် အံ့ဩမှုတစ်ခုကို မြင်လိုက်ရသည်။ သူ မျက်မှောင်ကြုတ်လိုက်ပြီး တစ်ခုခု ပြောတော့မလို နှုတ်ခမ်းဖွင့်လိုက်၏။ သို့သော် ချက်ချင်းပင် စိတ်ပြောင်းသွားသလိုဖြင့် ဘာမှမပြောတော့ဘဲ စားပွဲပေါ်မှာ သီးသန့်တင်ထားသည့် စာရွက်တစ်ရွက်ကို လှမ်းယူလိုက်သည်။

'မင်းနာမည် ဘယ်သူလဲ'

'အေးငြိမ်းမေပါရှင်'

သူ စာရွက်ပေါ်က တစ်နေရာသို့ ချက်ချင်း လက်ညှိုးထောက်လိုက်ပြီး ချက်ချင်းမော့ကြည့်သည်။

'မင်းကို ဆယ့်တစ်နာရီမှာ ချိန်းထားတာလေ'

တည်တည်ပြတ်ပြတ်အသံကြောင့် ကျွန်မ အားငယ်သွားပါသည်။ ကျွန်မပခုံးပြင်ပေါ်က သွေးစို့အောင် ပွန်းပဲ့ထားသော ဒဏ်ရာကို သူသတိမထားမိလို့လား။ အခံရခက်သောရှုံးနှင့်မှုတစ်ခုကြောင့် မျက်လုံးအိမ်တွင် မျက်ရည်တွေလျှံတက်လာကာ သူ့မျက်နှာ ဝေဝါးသွားသည်။ ကျွန်မ မျက်တောင် ခပ်သွက်သွက် ခတ်ပစ်လိုက်၏။

'ဟုတ်ကဲ့ ကျွန်မသိပါတယ်။ ဒါပေမဲ့ လမ်းမှာ ကျွန်မစီးလာတဲ့ ဘတ်စ်ကား မှောက်သွားလို့ နောက်ကျသွားရတာပါ'

အံ့တင်းတင်းကြိတ်လျက် ဖြေရှင်းလိုက်ပါသည်။

အစ်မကြီး၏မျက်နှာ ချက်ချင်းနူးညံ့သွား၏။ သူ့မျက်ဝန်းများတွင် ကရုဏာကို မြင်ရသည့်အတွက် ကျွန်မ အားတက်မိသည်။

'ဖြစ်မှ ဖြစ်ရလေ။ ဒါဖြင့် အစ်မပြောကြည့်ပေးမယ်လေ။ မင်းမရှိလို့ မင်း နောက်ကလူကို ခေါ်လိုက်ပြီး မေးနေပြီ။ ပြီးတောင်



ပြီးတော့မယ်ထင်တယ်။ နောက်ထပ်တစ်ယောက်လည်း နာမည် လာပေးပြီးသွားပြီ။ ဟောဟိုမှာ ထိုင်စောင့်နေတယ်'

သူ မေးဆတ်လျက်ပြသောနေရာသို့ ကျွန်မ လှမ်းကြည့်လိုက်တော့ အောက်ဆင့်ဧည့်ခန်းအစွန် ဒေါင့်တစ်ဒေါင့်တွင် နံရံမှာကပ်ထားသော ကုလားထိုင်သုံးလုံး။ ထိုင်စရာမျက်နှာပြင်နှင့် နောက်မှီသည့်နေရာကို ဖောင်းဖောင်းအိအိ ဖြစ်အောင် ဂွမ်းစတွေ ထည့်ပြီး ပန်းပွင့်ဒီဇိုင်း ချည်ထည်ထူထူဖြင့် ချုပ်ထားသည်မို့ လှသည်။ ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နေသော ကျွန်မအရွယ် ကောင်လေးသည် စိတ်လှုပ်ရှားနေဟန် မျက်နှာထားဖြင့် တစ်နေရာသို့ လှမ်းငေးနေသည်။ ထိုကောင်လေး မျက်တောင်မခတ်ငေးနေသော နေရာဆီ ကျွန်မ အလိုအလျောက် မျက်စိရောက်သွား၏။

ကျွန်မရောက်နေရာ ခန်းမကျယ်ထက် လှေကားနှစ်ထစ်စာ လောက် ပိုမြင့်သည့် မွေးပွကော်ဇောခင်းကြမ်းပြင်ပေါ်က လှပသော ပန်းပွင့်ဒီဇိုင်းဆိုဖာများပေါ်တွင် စကားပြောနေသောလူတစ်စု။

ချည်ပါးဘောင်းဘီဖြူပွပွ ဝတ်ထားသည့် မြန်မာဟု ယူဆရသော ကောင်မလေးတစ်ယောက်၊ အသက်သုံးဆယ်ကျော်ခန့် မြန်မာအမျိုးသမီးတစ်ယောက်နှင့် နိုင်ငံခြားအမျိုးသားကြီး နှစ်ယောက်။ မြန်မာအမျိုးသမီးက နိုင်ငံခြားသားနှစ်ယောက်နှင့်အတူ စားပွဲတစ်ဘက်မှာ ကောင်မလေးက စားပွဲတစ်ဘက်မှာ တစ်ယောက်တည်း ထိုင်ပြီး စကားပြောနေသည်။ သူတို့ကို ကြည့်ရသည်မှာ ဝိုင်းဖွဲ့ပြီး စကားပြောနေသလိုပဲ။ ကောင်မလေးကို ဖျတ်ခနဲ မြင်လိုက်ရုံနှင့် သွက်လက်ချက်ချာမှန်း ကျွန်မ သိသည်။ သူ့မှာ ပန်းနုရောင် ကျောပိုးအိတ်လှလှလေးတစ်ခု ပါသည်။

'ညီမ ဟိုမှာ ခဏသွားထိုင်စောင့်နေ၊ အခုတစ်ယောက် ပြီးရင် ညီမကို သူတို့ဆီ လွှတ်ပေးရမလား အစ်မ သွားမေးပိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးပါရှင့်'

ကျွန်မ စိတ်သက်သာရာ ရသွားသည်။

ကောင်လေးထိုင်နေရာ ထိုင်ခုံနှင့်ကပ်လျက် ထိုင်ခုံမှာ ကျွန်မ ဝင်ထိုင်လိုက်သည်။ ထိုင်ထိုင်ချင်း အိခနဲ နစ်ဝင်သွားရသည့် အရသာကို နှစ်သက်လိုက်တာ။ မောလျှနွမ်းနယ်နေသည့် ကျွန်မ ကိုယ်ခန္ဓာ အခုမှပဲ အနားရတော့မည်။

ကောင်လေးက ကျွန်မ ဝင်ထိုင်လိုက်သည်ကို သတိထားမိသွားပြီး လှည့်ကြည့်သည်။ အထူးအဆန်းသတ္တဝါတစ်ကောင်ကို ကြည့်သည့်အကြည့်ဖြင့် ပြုံးပြုံးကြည့်သည်။ စကားလည်းမပြော။ ဧည့်ခံပွဲတစ်ခုထဲသို့ မလျော်မကန် သူတောင်းစားတစ်ယောက် ဝင်လာလို့ ကြောင်သွားသည့် မျက်လုံးမျိုး။

ကျွန်မ သူ့ကို ပြုံးပြလိုက်သည်။ သူ ပြန်ပြုံးပြရမှာ မေ့နေတာလားမသိ၊ ကျွန်မကို တအံ့တဩကြည့်နေဆဲ။ ကျွန်မ ရှေ့တည့်တည့် ပြန်လှည့်ပြီး အနားယူဖို့ မျက်စိအစုံကို မှိတ်ထားလိုက်သည်။

ဧည့်ကြိုကောင်တာဆီမှ မကြာခဏမြည်နေသည့် တယ်လီဖုန်းသံများက ကျွန်မနားထဲသို့ တိုးတိုးဝင်လာသည်။

'မင်္ဂလာပါ ရန်ကုန်ဟိုတယ်ကပါ'

ဧည့်ကြိုအစ်မကြီးနှစ်ယောက်၏ အင်္ဂလိပ်စကားသံလေးတွေက ချိုမြသွက်လက်လိုက်တာ၊ ကျွန်မ အားကျနေမိသည်။

'ဟုတ်ကဲ့ ဧည့်သည် ဘယ်နှယောက်ပါလဲရှင်'

နိုင်ငံခြားသားများမေးသည့်နှုတ်မေးခွန်းတွေကို အင်္ဂလိပ်စကားဖြင့်အင်တာဗျူးဖြေဖို့ စောင့်နေရသည့် အဖြစ်ကို ကျွန်မ အခုမှ ပြန်သတိရသွားမိသည်။ စောစောပိုင်းက အထိတ်တလန့် အသက်အန္တရာယ် အဖြစ်အပျက်တုန်းကတော့ ပူထူပြီး အသက်ရှင်ဖို့ တစ်ခုတည်းသာ အလိုအပ်ဆုံး အတောင့်တဆုံး ဖြစ်ခဲ့သည်။ အခုလက်ရှိ



အခြေအနေအတွက် စိတ်ပူပန်လာမိပြီ။ သူတို့ ဘာတွေမေးမှာလဲ။ သူတို့စကားကို နားမှလည်ပါ့မလား။ သူတို့နားလည်အောင် ပြန်မှ ပြောနိုင်ပါ့မလား။

'မင်္ဂလာနေ့လည်ခင်းပါ ရန်ကုန်ဟိုတယ်ကပါ'

သူတို့၏ အင်္ဂလိပ်လေယူလေသိမ်းကို နားထောင်ရင်း ကျွန်မ ရင်တဒိတ်ဒိတ်ပြန်ခုန်လာ၏။ ကျွန်မ လေ့ကျင့်ထားသည့် အင်္ဂလိပ် စာသည် ယခုလို အင်တာဗျူးဖြေဆိုစကားပြောဖို့အတွက် လုံလောက်မှု မရှိနိုင်မှန်း ကျွန်မ ကြိုတင် သဘောပေါက်ထားပြီးသားပါ။ ယခု အခါ တုန်လှုပ်မှုကြောင့် အရာရာကို မေ့ပျောက်သွားမှာ စိုးရိမ်နေမိသည်။

'ခင်ဗျားရော အင်တာဗျူးဖြေမှာလား'

ခပ်ဆဆ မေးသည့်အသံ၊ ကျွန်မဘေးက ကောင်လေး။

'ဟုတ်တယ်'

သူ့မျက်နှာပြောင်းလဲမှုကို ကျွန်မ အတိအကျလိုက်မှတ်မထားနိုင်ပေမဲ့ သူ အံ့ဩတကြီးဖြစ်သွားဟန်ကိုတော့ သိလိုက်သည်။

'ခင်ဗျား ဘာဖြစ်ခဲ့တာလဲ ဒဏ်ရာတွေက'

'ကျွန်မစီးလာတဲ့ကား သုံးလေးပတ် ချာချာလည်ပြီး တိမ်းမှောက်သွားခဲ့တာ'

'ဟာဟုတ်လား။ လူတွေဘာတွေအသက်ထိခိုက်သေးလား'

ကျွန်မ သူ့ကို ခပ်စူးစူး ကြည့်ပစ်လိုက်မိ၏။

'ကားတစ်စီးလုံးမှောက်တာပဲ အသေအပျောက်တော့ ရှိတာပေါ့။ ကားမောင်းတဲ့လူ သေသွားတာတော့ ကျွန်မ မျက်မြင်ပဲ'

သူ ကြောက်သွားသလိုပဲ ပခုံးကျုံ့လျက် ခေါင်းအောက်စိုက်ငုံ့သွားသည်။ ကျွန်မ ဧည့်ကြိုကောင်တာကို ပြန်လှည့်ကြည့်လိုက်၏။

သူမ တယ်လီဖုန်းကိုအကြာကြီးနားထောင်နေပြီး တစ်ချက်တစ်ချက် ဟုတ်ကဲ့ရှင် ဟု ဖြေနေ၏။ ကျွန်မလှမ်းကြည့်လိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်သွားသည့်အခါ သူက ပြုံးပြသည်။ ကျွန်မ အင်တာဗျူးအမေး အဖြေအုပ်စုထံ မျက်စိအကြည့် ရွှေ့လိုက်သည်။ စောစောက ကောင်မလေး မနားတမ်းပြောနေသည်ကို မြင်ရသည်။ ဟိုလူတွေက ဘာစကားမှ ထောက်မမေးဘဲ ခေါင်းတစ်ငြိမ့်ငြိမ့်နှင့် နားထောင်နေ၏။ အဲသည်လို တောက်လျှောက်ကြီး ကိုယ်ကချည်း ပြောရမှာလား။ မေးလိုက် ဖြေလိုက်မဟုတ်ဘူးပေါ့။ ဘုရား ဘုရား။ အင်္ဂလိပ်စကားကို ကျွန်မ တစ်ခါမှ ငါးမိနစ်ပြည့်အောင် ကိုယ်တစ်ဖက်သတ် မပြောဖူးပါ။ ကောင်မလေး လက်ဟန်ခြေဟန်နှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ပြောနေသည်ကို မြင်တော့ အားငယ်သွားမိသည်။

'ညီမ အဝတ်အစား လဲချင်သေးလား'

ကျွန်မအနားမှာ ခပ်တိုးတိုးလာမေးသော နူးညံ့သည့် အမျိုးသမီးအသံကြောင့် ကျွန်မ မျက်စိဖွင့်ကြည့်လိုက်သည်။ စောစောက ခရမ်းနုကြိုးအစ်မ၊ သူမက နွေးထွေးစွာပြုံးကြည့်နေသည်။

'အစ်မ ကိုယ်လုံးနဲ့ ညီမ သိပ်ကွာမှာမဟုတ်ဘူး။ လဲလိုက်မလား။ သွေးတွေပေနေတာ မြင်လို့ မကောင်းဘူးလေ'

ကျွန်မရင်ထဲမှာ လှိုက်ခနဲနွေးသွားပါသည်။

'လဲဖို့ လိုမှာလားဟင်'

'သေသေသပ်သပ်လေးဖြစ်အောင်...'

ပြောနေရင်း အစ်မကြီး၏မျက်လုံးအကြည့် ကျွန်မနောက်ဘက် တစ်နေရာသို့ရောက်သွားပြီး အရေးတကြီးအမူအရာဖြင့် ထွက်သွားသည်။ ကျွန်မ လှည့်ကြည့်လိုက်မိ၏။

အင်တာဗျူးဖြေနေသည့် မိန်းကလေး ထိုင်ရာမှထပြီး ထွက်လာသည်ကို မြင်လိုက်ရသည်။ ခရမ်းနုကြိုးအစ်မကြီးက ကျွန်ရစ်ခဲ့သည့် အုပ်စုထံ ခပ်သွက်သွက်လှမ်းသွားသည်။ ထိုအချိန်မှာ ကျွန်မဘေးက ကောင်လေးကလည်း ဖျတ်ခနဲ မတ်တတ်ရပ်ပြီး ထိုနေရာဆီသို့ သွား



ရန် ခြေလှမ်းအသင့်ပြင်နေပြီ။ ကျွန်မ စိတ်စောစွာ မတ်တတ်ရပ်လိုက်မိ၏။ ထို့နောက် ကျွန်မ အိနြေ္ဒဆည်ပြီး ပြန်ထိုင်လိုက်ရသည်။ ကျွန်မက အချိန်မီမရောက်လာလို့ အလှည့်ကျော်ခံလိုက်ရသူ။ ဒီကောင်လေးက သူ့အချိန်နှင့် သူ ရောက်လာသူ။ ကျွန်မကို လက်ခံဖို့ ပယ်ဖျက်ဖို့ ဆုံးဖြတ်ရေး အခွင့်အာဏာသည် မေးမြန်းသူအုပ်စုမှာသာ ရှိသည်။

အခုလိုအချိန်အခါမျိုးမှာ ကျွန်မအတွက် ဘယ်အရာမှ ပို အရေးမကြီးနိုင်တော့ပါ။ ကျွန်မ စိတ်ပိုင်းဖြတ်ပြီး နေရာတွင် ပြန်ထိုင်လိုက်ပါသည်။ မကြာမီ ခရမ်းနုကြိုးအစ်မကြီး ပြန်ရောက်လာ၏။

'မောင်သူရစိုး တဲ့'

ကျွန်မကို မခေါ်ဘူး။ ရင်ထဲမှာတော့ နွမ်းနယ်သွားမိသည်။

'ဟိုမှန်နံရံနားက သုံးယောက်ဆီကိုသွား နော်'

အစ်မကြီးစကား မဆုံးမီပင် ကောင်လေးက စိတ်လှုပ်ရှားသည့်ပုံစံဖြင့် ကမန်းကတန်း ထွက်ခွာသွားသည်။

'ညီမ အစ်မနဲ့ခဏလိုက်ခဲ့'

ကျွန်မပခုံးကို အသာပုတ်လျက် အစ်မကြီးက ခေါ်သည်။ ကျွန်မ ထိုင်ရာမှထလိုက်သွားရပါသည်။

ကျွန်မတို့နှစ်ယောက် ဓာတ်လှေခါးတစ်ခုအတွင်းသို့ ဝင်ကြရသည်။ ဓာတ်လှေခါးအတွင်းနံရံရှိ နံပါတ်များအနက် တစ်ခုကို သူက နှိပ်လိုက်ပြီး ငြိမ့်ခနဲအပေါ် တက်သွားသည်။

'ညီမ ဒီမလာခင် ဆရာဝန်ဆီပြဖို့အချိန်မရခဲ့ဘူး မဟုတ်လား'

'ဟင့်အင်း ဒါပေမဲ့ ကျွန်မ ဘာမှမဖြစ်ပါဘူး။ သွေးတွေက ကျွန်မသွေးတွေမဟုတ်ဘူး။ ခုံအောက်မှာ ညပ်သွားတဲ့ အဒေါ်ကြီးတစ်ယောက်ကို မရမက ဆွဲထုတ်ခဲ့တုန်းက ပေသွားတဲ့သွေးတွေပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ညီမ မျက်နှာမှာရှိတဲ့ ပွန်းပဲ့ဒဏ်ရာတွေနဲ့ ဟောဒီ လက်ခုံပေါ်က ကွဲရှတဲ့ဒဏ်ရာတွေကတော့ ညီမရဲ့ဒဏ်ရာတွေလေ၊ အဲဒီ ဒဏ်ရာတွေကို ဆေးရမယ်၊ ဆေးထည့်ရမယ်၊ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးရမယ်တဲ့'

'ကျွန်မ ဘာမှ မဖြစ်ပါဘူး' ကျွန်မ ကမန်းကတန်း ငြင်း လိုက်အချိန်မှာပင် ခေါင်းလေ့ခါး ရပ်သွားပြီး တံခါး ပွင့်သွားသည်။

'မဟုတ်ဘူး၊ ဆရာဝန်ပြပေးဖို့ အစ်မမှာ တာဝန်ရှိတယ်'

'ဟင့်အင်း အစ်မ'

'အဲဒီကုန်ကျစရိတ်ကို တာဝန်ယူပေးမဲ့သူ ရှိပါတယ်၊ ညီမ စိတ်မပူပါနဲ့'

ကျွန်မ အံ့ဩသွားမိသည်။

ကျွန်မ ဘယ်လိုမှ ငြင်းမရတော့ပါ။ သူခေါ်သည့် အခန်း တစ်ခုထဲသို့ လိုက်သွားရသည်။ အခန်းထဲက ခရမ်းရောင် ပန်းပွင့် ဒီဇိုင်းမွေ့ရာခင်းကုတင်ကြီးမှာ ခမ်းနားလှသည့်အတွက် ကျွန်မ ရင် ခုန်သွားပါသည်။ ကော်ဇောအိအိညက်ညက်ပေါ် သူက ဖိနပ်မချွတ် ဘဲ ဝင်သည်။ ကျွန်မမှာတော့ ချွတ်စရာဖိနပ်လည်း မရှိပါ။ ကျွန်မ ကြောက်တယ်။ စိတ်ထဲမှ အခါခါ ရေရွတ်မိသည်။ ကျွန်မ ဘာဖြစ် သွားမှာလဲ။ ဘယ်လိုလူတွေနှင့် တွေ့ရမှာလဲ၊ ဆရာဝန်ဆိုတာက ရော တကယ်လား။

'ကဲ ဒီအိပ်ရာပေါ် ခဏလှဲနေလိုက်၊ မျက်နှာတွေဘာတွေ မသစ်နဲ့ဦးနော်။ ဒီအတိုင်းလေးပဲ'

'ကျွန်မ မနေချင်ဘူး၊ ဧည့်ခန်းမှာပဲ ထိုင်နေချင်တယ် အစ်မ၊ ကျွန်မကို ဘာလုပ်မလို့လဲ'

'ဒဏ်ရာတွေ ဆေးထည့်ပြီး ဆေးကုပေးမလို့ပါ။ ညီမကို ဘယ်သူမှ ဘာမှမလုပ်ဘူး'



'မဟုတ်ဘူး ကျွန်မ အင်တာဗျူးဖြေဖို့လာတာပါ။ ဖြေပြီး ရင် ကျွန်မပြန်မှာ၊ အဆောင်ပြန်ရောက်ရင် ဆေးခန်းသွားပြမှာ'

'အင်တာဗျူးလည်း ဖြေရမယ်၊ တခြားလူတွေဖြေနေတုန်း မှာ ညီမ ဒီမှာနားရမယ်၊ ဆေးကုရမယ်။ ပြီးရင် နောက်ဆုံးလူ ဖြေပြီး သွားတဲ့အခါ ညီမကို ဖြေဖို့ အလှည့်ပေးလိမ့်မယ်'

သူက ခပ်သွက်သွက်ပြောပြီးနောက် ကျွန်မကို ထားခဲ့ကာ အပြင်သို့ ထွက်သွား၏။ ကျွန်မ အခြေအနေကို မယုံ[illegible]ကာ ဖြစ်လာ သည်၊ ကျွန်မကို ဘာဖြစ်လို့ ဆေးကုပေးမှာလဲ၊ ဆရာဝန်၏ကုန်ကျ စရိတ်ကို ဘယ်သူက ပေးမှာလဲ၊ မေးခွန်းမေးသူ နိုင်ငံခြားသားတွေက ပေးမှာလား၊ အစ်မကြီးက ပေးမှာလား၊ ဆွေမျိုးလည်းမဟုတ်ဘဲနှင့် ဘယ်သူက ကျွန်မဒဏ်ရာတွေကို အရေးစိုက်မှာလဲ၊ ငြိမ်သက် အေးစိမ့်သည့်အခန်းကြီးထဲတွင် ကျွန်မ မတ်တတ်ရပ်နေရင်း မူး နောက်နောက် ဖြစ်လာသည်၊ တံခါးကို လှမ်းကြည့်လိုက်တော့ အတွင်းမှ ချက်ထိုးစရာမမြင်။ လက်ကိုင်ဘုလုံးကိုသာ မြင်ရသည်။

ကျွန်မ ကျွန်းကုလားထိုင်ကြီးကို ရွေ့ယူပြီး အခန်းတံခါးကို ကပ်မှီထားလိုက်သည်။ သူတို့ချက်ချင်းဝင်လာလို့မရခင် အခြေအနေ ကို ကျွန်မ အကဲခတ်ဖို့ အချိန်ရလိမ့်မည်။

ထို့နောက် ကျွန်မ ခုတင်ဆီသို့ ပြန်လာခဲ့၏။ လဲလျောင်း အနားယူလိုက်လျှင် ကောင်းမလား။ အိပ်ပျော်သွားမလား။ ဟင့်အင်း အိပ်ပျော်ဖို့တော့ ဝေးပါသေးသည်၊ ကျွန်မ သည်မနက် ကြုံတွေ့ခဲ့ ရသည့် အဖြစ်အပျက်တွေက ကျွန်မနှလုံးသားကို မွှေနှောက်ဆဲ၊ တုန်လှုပ်နေဆဲ။ ခုတင်ခြေရင်းမှ မှန်တင်ခုံမှန်ထဲတွင် ကျွန်မကိုယ် ကျွန်မလှမ်းမြင်လိုက်ရသည်၊ ကျွန်မနှင့်မရင်းနှီးသော မျက်နှာတစ်ခု လိုပဲ၊ ပါးပြင်မှာ နီစိုစို အစင်းကြောင်းကွေထင်နေသော ဒဏ်များ၊ ဖွာဆန်ကျဲနေသော ဆံပင်များကို သပ်လိုက်တော့ နဖူးမှာ တစ်ခုခုနှင့် ခြစ်မိသလို သွေးစို့နေသော ဒဏ်ရာ၊ ကျွန်မလက်ဖြင့် ပွတ်သပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



မိသည်၊ နာကျင်နေတုန်းပါပဲ၊ အကျီပေါ်က သွေးစွန်းကွက်များ၊ ဘုရား ဘုရား ကျွန်မကို ရုတ်တရက်မြင်လိုက်ရသူတွေ ထိတ်လန့်သွားနိုင်မည့် သွင်ပြင်ပါလား၊ ကျွန်မ ရင်တလှပ်လှပ် တုန်လာကာ မွေ့ရာပေါ်သို့ လှဲချလိုက်မိသည်။

မျက်နှာကျက်က ခရမ်းနုရောင်မီးပန်းဆိုင်းမှာ အောက်ဆုံးက အသေးဆုံး ဖန်ဆွဲလဲလေးတွေ ငြင်ငြင်သာသာ လှုပ်ခတ်နေသည်။ ကျွန်မမျက်ခွံတွေ လေးလိုက်တာ၊ အပြင်က ခြေသံဖွဖွတစ်ခု ကြားလိုက်ရသလားလို့၊ ကျွန်မ အခန်းတံခါးရှိရာသို့ သတိနှင့် လှမ်းကြည့်နေမိသည်၊ မလာပါနဲ့၊ ဘယ်သူမှ မလာပါနဲ့၊ စာမေးပွဲမဖြေရလျှင်လည်း ရှိပါစေတော့၊ ကျွန်မ နားချင်လှပါပြီ။

မှေးခနဲ အိပ်ပျော်သွားမိမှန်း သတိထားမိသည်က တံခါးခေါက်သံနှင့် အမျိုးသမီးအသံတစ်သံ ကြားလိုက်ရတော့မှ ဖြစ်သည်၊

'ညီမရေ ဆရာဝန်ပါလာပြီ'

ကျွန်မ မှုံးနောက်နေသောခေါင်းကို အနိုင်နိုင်ထူမလျက် တံခါးဆီသို့ တွေဝေစွာလှမ်းကြည့်နေစဉ်မှာပင် လက်ကိုင်ဘုလုံးလေး လည်လာသည်၊ ထို့နောက် ပွင့်လာသောတံခါးသည် ကျွန်မ ကြိုတင်ကာကွယ်ထားသောကျွန်းကုလားထိုင်ကြီးနှင့် ဒုန်းခနဲ တိုက်မိသွား၏၊ ကျွန်မ အလန့်တကြား အိပ်ရာမှခုန်ထလိုက်မိသည်၊ ထိုအချိန်တွင် တံခါးကို အပြင်မှ တရွေ့ရွေ့ချင်းတွန်းသည့်အတွက် ကျွန်းကုလားထိုင်က နောက်ဘက်သို့ ရွေ့ဆုတ်လာသည်၊

တံခါးကြားမှ ညှို့ကြိုအစ်မကြီး၏ မိုးရိပ်တကြီးမျက်နှာ၊

ဆရာဝန်က အပြာနှင့်ရွှေအိုရောင် ပန်းပွင့် ပါတိတ် ဝတ်စုံဖြင့် အသက်ခပ်ကြီးကြီး အမျိုးသမီးကြီးတစ်ယောက် ဖြစ်နေသည့်အခါ ကျွန်မ၏ ပူပန်သောကတွေ လွင့်ပြယ်သွားတော့သည်၊



တစ်ယောက်က အရပ်ရှည်ရှည် ကိုယ်ခန္ဓာထွားကြိုင်း၏၊ ကျန်တစ်ယောက်က ပိန်ကိုင်းကိုင်း၊ အသက်ပိုငယ်၏၊ နှစ်ယောက်လုံးသည် ဆံပင်တိုတိုကပ်ကပ်နှင့် နဖူးကျယ်ကြသည်၊ သူတို့ကို ကြည့်ရသည်မှာ တစ်နေ့လုံး မနားမနေ မေးခွန်းတွေမေးပြီး နားထောင်နေရလို့ စိတ်ပျက်ငြီးငွေ့နေပုံရသည်၊ ကျွန်မသည် နောက်ဆုံးလူ ဖြစ်ပါသည်၊

သူတို့ဘေးတွင် ထိုင်နေသည့် မြန်မာအမျိုးသမီးကြီးက ကျွန်မအား ပြုံးပြသည်၊

'ဟဲလို မင်္ဂလာနေ့လည်ခင်းပါ၊ တွေ့ရတာဝမ်းသာပါတယ်' အသက်ပိုကြီးသည့် နိုင်ငံခြားသားက ကျွန်မကို အပြုံးဖြင့် နှုတ်ဆက်လိုက်ပြီး ထိုင်ခိုင်းပါသည်၊

ကျွန်မ သူတို့ရှေ့က ဆိုဖာမှာ ဝင်ထိုင်လိုက်သည်၊

'ဟုတ်ကဲ့ မင်္ဂလာနေ့လည်ခင်းပါ၊ တွေ့ရတာဝမ်းသာပါတယ်'

'အေးငြိမ်းမေ နော်၊ နေ့လည်စာစားပြီးပြီလား၊ တစ်ခုခုစားမလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ စားပြီးပါပြီ'

သူတို့နှစ်ယောက်ပြောသည့်စကားတွေက မြန်နေသဖြင့် ကျွန်မ မှန်းဆပြီး ဖြေရခြင်းဖြစ်ပါသည်။ တဆိတ်ကျေးဇူးပြုပြီး ဖြည်းဖြည်း ပြောပါဟု တောင်းပန်လိုက်ရမလား။

'မကွေးတိုင်းမှာနေတာ ဟုတ်လား'

'ဟုတ်ကဲ့'

'ဧရာဝတီမြစ်နဲ့နီးသလား'

အင်္ဂလိပ်စကားလုံးများသည် ကျွန်မနားထဲသို့ အလျှင်အမြန် တိုးဝှေ့လျက် ဝင်လာ၏။ အဓိပ္ပါယ်ပေါက်အောင် အတင်းအားစိုက် ယူရသည်။

'သိပ်မနီးပါဘူး။ ဧရာဝတီမြစ်ရဲ့အနောက်ဘက် မိုင် သုံးဆယ်လောက်အကွာမှာ ရှိတဲ့ ရွာတစ်ရွာမှာကျွန်မ နေတာပါ'

'အော် အော်'

ကျွန်မရှေ့မှာ ရှိနေသူနှစ်ယောက်သည် အင်္ဂလိပ် ဇာတ်ကားတွေထဲမှ ဇာတ်ကောင်တွေအတိုင်းပဲ အသားတွေက ပန်းရောင်ဖြစ်အောင် ဖြူဖွေးနေကြသည်။ နှစ်ယောက်လုံး ဝတ်စုံပြည့် ဝတ်ထားကြသည်။ သူတို့ အပြုံးကြောင့် ကျွန်မ အားတက်သွားပါသည်။ မြန်မာအမျိုးသမီးကြီးကတော့ ခေတ်မီလှပသည်။ ဆံပင်ကို နောက်မှာ စည်းထားပြီး မီးခိုးနုရောင် အထက်အောက်ဆင်တူ ဝတ်ထားသည်။

လေအေးစက်ဖွင့်ထားသည့်အခန်းမို့ စိမ့်စိမ့်လေး အေးနေပေမဲ့ ကျွန်မနောက်ကျောမှာ ချွေးစို့နေသည်။ ကျွန်မရင်ကလည်း တဒိတ်ဒိတ်ခုန်လာ၏။ ရင်ခုန်သံက အကျယ်ကြီး။ သူတို့နှစ်ယောက် ကြားသွားမှာတောင် စိုးရိမ်ရသည်။ ကျယ်လောင်နေသော နှလုံးခုန်သံကို တိုးသွားဖို့ ကျွန်မ ဘာလုပ်ရမလဲမသိပါ။ ရလိုရငြား နှလုံးဆီသို့ လက်ဖဝါးဖြင့် ဖိထားပြီး လက်ပိုက်ထားရသည်။



'မင်း ဖြေရမဲ့အလှည့်မှာ မင်းမရှိလို့ အလှည့်ကျော်လိုက်ရတာ။ သတ်မှတ်ထားတဲ့အချိန်အတိုင်း အတိအကျလုပ်မှ ကောင်းမယ်လေ။ ဒါကြောင့် မင်းကို နောက်ဆုံးထားလိုက်ရတာပါ'

'အို ကိစ္စမရှိပါဘူးရှင့် အနားယူတဲ့အချိန် အများကြီးရသွားပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်'

'အခု တို့မေးမဲ့မေးခွန်းတွေက အသေအချာစိစဉ် အကွက်ချပြီးသား မေးခွန်းတွေပဲ။ မင်းကြားဖူး ဖြေဖူးတဲ့ သမားရိုးကျ မေးခွန်းတွေနဲ့တော့ တူချင်မှတူမယ်။ ဒါပေမဲ့ ဒါက တို့ရဲ့ ဝေဖန်ဆန်းစစ်နည်းပဲ။ ဒီတော့ မင်း ဂရုစိုက်ပြီး ဖြေပါ။ အဖြေ အမှားရယ် အမှန်ရယ် ကွဲကွဲပြားပြားသိနိုင်တဲ့ မေးခွန်းမျိုးမဟုတ်ဘူး။ ဟုတ်ပြီလား'

'ဟုတ်ကဲ့'ကျွန်မအသံ တိမ်ဝင်သွားသည်။

'ကဲ မင်း စိတ် လှုပ်ရှားနေမယ်ဆိုရင် ငြိမ်သက် အေးဆေးသွားအောင် ပထမဆုံးမေးခွန်းကိုတော့ အလွယ်ဆုံးနဲ့စမေးမယ်။ မင်းဘဝမှာ အရေးပါဆုံးလို့ မင်းထင်တဲ့ အချိုးအကွေ့တစ်ခုခု ရှိခဲ့ဖူးသလား။ အဲဒီ အချိုးအကွေ့အကြောင်းကို ပြောပြပါ'

အို ဘယ်လို မေးခွန်းပါလိမ့်။ ကျွန်မခေါင်းတစ်ခုလုံး ပူထူလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးနှင့်လည်း ချက်ချင်း ကင်းကွာသွားသည်။ ကျွန်မတို့နှင့်ခပ်လှမ်းလှမ်းမှာ မြန်မာစကားဖြင့် ငြင်းခုံစကားပြောနေကြသော အုပ်စုတစ်စုကို မေ့သွားသည်။ မကြာသေးမီကမှရင်ဆိုင်ကြုံတွေ့ခဲ့ရသော သေရေးရှင်ရေး သဲထိတ်ရင်ဖို တုန်လှုပ် ခြောက်ခြားမှုကြီးကိုပင် လစ်လျူရှုနိုင်သွားသည်။

ကျွန်မဘဝမှာ အရေးပါဆုံးအချိုးအကွေ့ တဲ့။ ကျွန်မဘဝမှာ အချိုးအကွေ့တွေ တော်တော်များပါသည်။ ဘယ်အချိုးအကွေ့က အရေးပါဆုံး ဖြစ်ခဲ့ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းအမှတ် တစ်

မင်းဘဝမှာ အရေးအပါဆုံးလို့ မင်းထင်တဲ့ အချိုးအကွေ့ တစ်ခု။

ဇူလိုင်လရဲ့ မိုးအုံ့မှိုင်းနေတဲ့ အင်္ဂါနေ့တစ်နေ့အကြောင်း ကျွန်မပြောပြချင်ပါတယ်။ အဲဒီနေ့က ကျွန်မ ဆဋ္ဌမတန်းတက်နေတဲ့ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းကို နောက်ဆုံး တက်ခြင်းအနေနဲ့ လာတက်ပါတယ်။

ကျောင်းကို မသွားခင် ကျွန်မ ရွှေစောလှူဘုရားကို အရင် သွားပါတယ်။ ကျွန်မကိုယ်တိုင် သီကုံးထားတဲ့ ပန်းကုံးလေးတစ်ခုနဲ့ ဘုရားကို ပန်းကပ်ပါတယ်။ ရွှေစောလှူဘုရားဟာ ဖောင်းလင်းရွာရဲ့ အမြင့်ဆုံးကုန်းပေါ်မှာရှိတာမို့ ရှုခင်းသိပ်လှတယ်။ ဘုရားကန်တော့ ရင်း ကျွန်မ အကြာကြီး ငိုနေမိပါတယ်၊ ကျွန်မစာသင်ရတဲ့ ကျောင်း ကို ကျွန်မချစ်တယ်။ စာအုပ်တွေကိုလည်း ချစ်တယ်၊ ကျွန်မ ကိုယ် တိုင်ရေးတဲ့ ကျွန်မ လက်ရေးတွေကိုလည်း ချစ်ပါတယ်၊

မနက်ဖြန်ကျရင် ကျွန်မ ရွာကမနေထွက်ပြီး ဟိုး အဝေးကြီး က ရန်ကုန်ဆိုတဲ့မြို့တော်ကြီးကို လိုက်သွားရမယ်တဲ့။

ဒါ ကျွန်မအတွက် အပြစ်ဒဏ်တစ်ခုလိုပဲ။ ကျွန်မအသဲ နဲ့ မိထွေး၊ သူတို့မကြိုက်တာတွေ ကျွန်မ လုပ်ထားမိတာ တော်တော် များနေလားလို့ တွေးကြည့်နေမိတယ်။ ကျွန်မ မန်ကျည်းစေ့တောက်

www.burmeseclassic.com



တာမကောင်းဘူးလို့ မိထွေးက ပြောတယ်။ အချိန် သိပ်ကုန်တယ်တဲ့။ ကလေးထိန်းရမယ် တဲ့။ ကျွန်မ မိထွေးကို ပြန်ပြောတာ မကောင်းဘူးတဲ့။ ကျွန်မ ငယ်ထိပ်ကို ပူထူနေအောင် ခေါက်တာ ခံရပါတယ်။ တစ်ခါတစ်ခါ စာကျက်နေမိရင် ထမင်းအိုးကြည့်ဖို့ မေ့ မေ့သွားတာမို့ ထမင်းအိုးပျက်တာနဲ့ အရိုက်ခံရတာ ခဏခဏပါပဲ။ ဆန်ဆိုတာ အလကားရတာမဟုတ်ဘူးတဲ့။ ဆဲတာဆူတာခံရတယ်။ ကျွန်မ အဖေနဲ့ မခွဲချင်ပါဘူး။ ရွှေစောလူးဘုရားကို မနက်အစောကြီးထလာပြီး ပန်းကုံးနဲ့ရေချမ်းကပ်ပြီး ကန်တော့တာပါ။ ဘုရားရှိခိုးပြီး နတ်တွေဆီ လိုတဲ့ဆု တောင်းလို့ရသလား မသိဘူး။ ကျွန်မ ဆုတောင်းတယ်။

ကျွန်မ စာသင်ချင်ပါတယ်။ ကြီးလာရင် ရွာမှာ ဆရာမ လုပ်ချင်ပါတယ်။ အဖေနဲ့ခွဲပြီး တစ်နယ်တစ်ကျေးကိုလည်း လိုက်မသွားချင်ပါဘူး။ ဒီနေ့ကစပြီး ထမင်းအိုးလည်း မပျက်စေရပါဘူး။ မန်ကျည်းစေ့လည်း မတောက်တော့ပါဘူး။

မန်ကျည်းစေ့တောက်တဲ့ကစားနည်းကို ကျွန်မ သိပ်ဝါသနာ ပါတယ်။ မန်ကျည်းစေ့တောက်တမ်းကစားရင် ကျွန်မတို့က မာပြီး ပြောင်နေတဲ့မြေတလင်းမှာ လက်တစ်ဆုပ်စာ တွင်းတိမ်တိမ် ချောချောလေးတစ်ခု ရအောင်တူးပြီး အချောသပ် ညှိရတယ်။ အဲဒီ တွင်းဟာ သုံးလက်မ လေးလက်မလောက် အနက်ရှိတာပေါ့။ အကျယ်ကတော့ အချင်း သုံးလက်မလောက်ရှိမယ် ထင်တယ်။ အဲဒီတွင်းဘေးမှာ မန်ကျည်းစေ့တွေကို ဖြန့်ခင်းပြီး တစ်စေ့ချင်းကို တွင်းထဲဝင်အောင် လက်မနဲ့လက်ညှိုးသုံးပြီးတောက်ထည့်ရတယ်။ မန်ကျည်းစေ့ကို လက်မနဲ့ထိပြီး တောက်တဲ့သူ ရှိတယ်။ လက်ညှိုးနဲ့ ထိပြီး တောက်တဲ့သူ ရှိတယ်။ ကျွန်မ သူငယ်ချင်း မနွေးခင် ဆိုရင် လက်ညှိုးနဲ့ထိပြီး တောက်တာ။ ကျွန်မကတော့ လက်မနဲ့ထိပြီး တောက်တယ်။ အဲဒီအခါ ကိုယ်တောက်တဲ့ မန်ကျည်းစေ့လေးက တွင်းထဲကို အရှိန်



လေးနဲ့ ဝင်သွားတာပေါ့။ တွင်းထဲကို မန်ကျည်းစေ့တွေ အကုန်လုံး ဝင်တဲ့ထိ ကျွန်မ တောက်နိုင်တယ်။ မန်ကျည်းစေ့နှစ်စေ့သုံးစေ့ ပူးကပ်သွားတဲ့ထိ မတော်တဆ ဖယ်ခင်းမိသွားရင်တောင် တစ်ခုချင်းကို တွင်းထဲဝင်အောင် ကပ်ကပ်သပ်သပ် ခွဲပြီး တောက်နိုင်ပါတယ်။

တကယ်လို့များ ကျွန်မကို အဖေက သနားညှာတာမိသွားလို့ အလုပ်လုပ်ဖို့မလွှတ်တော့ဘူးဆိုရင် ကျွန်မလွယ်အိတ်ထဲမှာရှိတဲ့ မန်ကျည်းစေ့တွေကို အကုန်လွှင့်ပစ်လိုက်ပါမယ်။ မသွားပါရစေနဲ့။ လာခေါ်မယ်ဆိုတဲ့အဒေါ်ကြီး နေမကောင်းဖြစ်လို့ပဲဖြစ်ဖြစ် မိုးရွာလို့ပဲ ဖြစ်ဖြစ် ရွာကို ရောက်မလာပါစေနဲ့ဘုရား။

ရွှေစောလူးဘုရားကနေ ကျောင်းကို ခြေကုန်သုတ်ပြေးတာ တောင် ကျောင်းတက်နေပြီ။

ကျွန်မတို့ ဆဋ္ဌမတန်းမှာက ကျောင်းသားကျောင်းသူတွေက ကျောင်းထွက်ထွက်သွားတာမို့ လူမကျန်ဘူး။ ကျွန်မ သူငယ်ချင်း မနွေးခင်ဆိုရင် လေးတန်းအောင်ကတည်းက ကျောင်းထွက်သွားရတာ။ သူက မထွက်ချင်ဘူး။ သူ့အမေက ထွက်ခိုင်းတာ။ သူ ကျောင်းထွက်ရတုန်းက ကျွန်မနဲ့သူနဲ့ ဖက်ပြီး ငိုလိုက်ရတာ။ အခု ဆဋ္ဌမတန်းမှာကျတော့ ကျွန်မနဲ့ပေါင်းပါမှ သုံး ယောက်တည်းရှိ တယ်။ ဒါကြောင့် အခန်းသပ်သပ်မထားဘဲ သူငယ်တန်း၊ ပထမတန်းနဲ့ ပေါင်းပြီး ကျောင်းအောက်က နေရာအကျယ်ဆုံး ဝါးကွပ်ပျစ် ဆင့်ပေါ်မှာ ရောထိုင်ရတယ်။ ဒါပေမဲ့ နေရာတော့ ကွဲတာပေါ့။

'အေးငြိမ်းမေ နင် ဘာဖြစ်လို့နောက်ကျနေတာလဲ။ ဒီနေ့ ကျောင်းကို မြို့ကဧည့်သည်တွေလာမှာလေ'

ထွန်းမင်းသိန်းက ကျွန်မရောက်ရောက်ချင်းပဲ ပြောတယ်။

အရင်ကဆိုရင် ကျောင်းမှာ ဧည့်သည်လာတာတို့ဘာတို့ကို ကျွန်မ အလွန်စိတ်ဝင်စားတာ။ အခုတော့ စိတ်မဝင်စားနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျွန်မအတွက် နောက်ဆုံးနေ့ဆိုတာသိပြီးတဲ့ နောက်မှာ ဘာက မှ အဓိပ္ပါယ်မရှိတော့ပါဘူး။

'ငါမှမသိဘဲ'

'မနေ့ညနေကတည်းက ဆရာမက ပြောလိုက်တယ်၊ နင်က ကျောင်းပြေးတာကိုး'

ကျွန်မ ကျောင်းမပြေးချင်ပါဘူး၊ ကျွန်မ ကျောင်းကို တက်ချင်ပါတယ်။ စာသင်ရတာကိုလည်း ပျော်ပါတယ်။ ဒါပေမဲ့ ကျွန်မ မောင်လေးကို ထိန်းနေရလို့ မနေ့က နေ့ခင်းပိုင်း ကျောင်းပျက်ခဲ့ရတာပါ၊ ကျွန်မ မိထွေးက မန်ကျည်းပင်ပုရွာကို သွားတယ်လေ။ မိထွေး ဒေါ်စမ်းရင် မန်ကျည်းပင်ပုရွာကို သွားတာဟာ ကျွန်မကို အလုပ်လုပ်ဖို့ မြို့ထည့်လိုက်ဖို့ လူကြုံနဲ့သွားတွေ့တာ။

ညှို့သည်လာမယ်ဆိုတာ ကြိုမသိခဲ့တော့ သန်းစိုးတို့လို သနပ်ခါးလည်း မလိမ်းခဲ့မိ၊ ဆံပင်ကို အုန်းဆီလည်း မဆွတ်ခဲ့မိပါဘူး၊ ကျွန်မဆံပင်က ဖွာနေတာပေါ့၊ ကျွန်မဝတ်ထားတဲ့ ဂါဝန်က တိုပြီး ကြပ်နေပြီ။ ဒါပေမဲ့ ဒူးဆစ်အောက်တော့ ဖုံးပါသေးတယ်။ အဲဒီဂါဝန်က တစ်မြန်နှစ်က ရွှေစောလူးဘုရားပွဲတုန်းက အမေဝယ်ပေးတဲ့ အင်္ကျီပေါ့၊ အခုတော့ အမေလည်း မရှိတော့ဘူး။ အင်္ကျီကလည်း အရောင်နွမ်းနေပြီ၊ တချို့အပွင့်လေးတွေ ပြယ်နေပြီ။ ဒါပေမဲ့ လျှော်ဖွပ်ပြီးသားပါ၊ ကျွန်မအင်္ကျီကို ကိုယ်တိုင်ပဲ လျှော်ရပါတယ်။ မောင်လေးအနှီးတွေတောင် ကျွန်မ လျှော်ဖွပ်ပေးရပါသေးတယ်၊ ဒါပေမဲ့ အဲဒီလို လိမ်လိမ်မာမာလေး နေနေတာတောင် ကျွန်မကို သူတို့ ဒီမှာမထားနိုင်တော့ဘူး၊ ကျွန်မက အလုပ်လုပ်ပြီး ပိုက်ဆံကို အိမ် ပို့ပေးရမယ်လို့ ပြောပါတယ်။

နောက်နှစ်မှာ ကျွန်မကို ကျောင်းဆက်မထားနိုင်ဘူးဆိုတာ သန်းစိုးတို့နှစ်ယောက်လုံး သိပြီးသား၊ သူတို့မသိသေးတာက ကျွန်မ မနက်ဖြန် ရွာကနေ ထွက်သွားရတော့မှာကိုပဲ၊



'အလှူရှင်တွေလာမှာတဲ့ဟ'

အလှူရှင်ဆိုတဲ့စကားလုံးဟာ ကျွန်မတို့အတွက် အသစ်အဆန်းမဟုတ်ပါဘူး၊ ခဏခဏကြားနေကျပါ။

အလှူရှင်ဆိုတဲ့စကားက အဓိပ္ပါယ်နှစ်မျိုးရှိတယ်၊ တစ်မျိုးက ရှင်ပြုနားသ အလှူမင်္ဂလာပွဲလုပ်တဲ့လူတွေ၊ အဲဒီနေ့က ဟိုဘက်ဘုန်းကြီးကျောင်း၊ မြို့မကျောင်းမှာ ရှင်ပြုနားသအလှူ ရှိတယ်၊ ရွာမှာ အလှူလုပ်ရင် ပရိသတ်ကို ထမင်းကျွေးတယ်။ ပိုက်ဆံ သိပ်ကုန်တယ်၊ သူဌေးတွေမှ အလှူလုပ်နိုင်တာ၊ နောက်တစ်မျိုး အဓိပ္ပါယ်က ကျွန်မတို့ကျောင်းလို ဘုန်းတော်ကြီးသင် ပညာဒါန အတန်းကျောင်းတွေကို လိုအပ်တဲ့အသုံးအဆောင်တွေ လှူတဲ့ အလှူရှင်၊ အဲဒီလို အလှူရှင်မျိုးကတော့ နည်းပါတယ်၊

ကျွန်မတို့ကျောင်းက အစိုးရမူလတန်းကျောင်းမဟုတ်ဘူး၊ ဘုန်းကြီးကျောင်းက ဖွင့်ပေးထားတဲ့ ဘုန်းတော်ကြီးသင် စာသင်ကျောင်း။ ကျောင်းလခ မပေးမနေရ မဟုတ်ဘူး။ တတ်နိုင်သူတွေဆိုကတော့ ဘုန်းကြီးက ငွေကောက်တယ်၊ တစ်လကို ငါးဆယ်ကျပ်လောက်က စခဲ့တာပါပဲ၊ မထည့်နိုင်တဲ့သူကို ငွတ်မတောင်းပါဘူး၊ ကျွန်မဆိုရင် မပေးနိုင်တာက များပါတယ်၊ ကျွန်မ စာအုပ်ဖိုးမုန့်ဖိုးအတွက် ထင်းကောက်တာတို့ ပန်းရောင်းတာတို့ မာလကာသီးရောင်းတာတို့ လုပ်ပြီး ပိုက်ဆံစုရပါတယ်။

အခုအလှူရှင်တွေက ရန်ကုန်မြို့က လာကြတာတဲ့၊ သူတို့ လာမလား လာမလားနဲ့ ကျွန်မတို့ စာအသေအချာ မသင်ရဘဲနဲ့ စောင့်နေကြရတယ်၊ ကျွန်မက ကျွန်မရဲ့ ကျောင်းသူဘဝ နောက်ဆုံးနေ့မှာ စာတွေအများကြီး သင်သွားချင်တယ်၊ ဒါပေမဲ့ အားလုံးက ရွာထဲကနေ ဘုန်းကြီးကျောင်းဆီလာရာ လမ်းချိုးအကွေ့လေးဆီကိုပဲ မျက်စိက ရောက်ရောက်နေကြပါတယ်၊ ကျွန်မတို့ ဘုန်းကြီးကျောင်း

www.burmeseclassic.com



က အကျယ်ကြီး။ ခြံစည်းရိုးမရှိဘူး။ သစ်ပင်တန်းတွေနဲ့ ခြုံပုတ်တွေနဲ့ပဲ စည်းရိုးအဖြစ် ကန့်ထားတာ။ သူတို့လာရင် ဟိုးအဝေးကြီးမှာကတည်းက သူတို့ကို မြင်ရမှာ။

ကျွန်မက မနေ့က ကျွန်မ မမီလိုက်တဲ့ အင်္ဂလိပ်စာကို သန်းစိုးဆီက ကူးယူရမလား။ မထူးတော့ပါဘူးလို့ ပစ်ထားလိုက်ရတော့မလား ဝေခွဲမရဖြစ်နေတဲ့အချိန်မှာ သန်းစိုးနဲ့ ထွန်းမင်းသိန်းကတော့ ဧည့်သည်တွေအကြောင်းကို ပြောရင်း အငြင်းအခုန် ဖြစ်နေတယ်။ ဧည့်သည်တွေ ဒီကို ဘာနဲ့လာမှာလဲ ဆိုတဲ့ ခေါင်းစဉ်ပေါ့။

ဆိုင်ကယ်တွေနဲ့လာမှာ။

မဟုတ်ဘူး။ မနက်က ဦးမောင်တို့အိမ်က ထော်လာဂျီ စလင်းကို သွားတာ ငါတွေ့လိုက်တယ်။ အဲဒီထော်လာဂျီနဲ့လာမှာ။

မင်းအရူးလား။ မြို့ကလူတွေက ထော်လာဂျီစီးမလားကွ။ အခု လမ်းက မိုးသိပ်မရွာလို့ ကောင်းနေလိုက်တာမှ ဖုန်းနေတာပဲ။ မော်တော်ဆိုင်ကယ်နဲ့ပဲ လာမှာ။

သူတို့ ငြင်းခုန်နေတာ ကြားရပေမဲ့ သူတို့ထဲ ကျွန်မ ဝင်ငြင်းဖို့ စိတ်မပါတော့ပါဘူး။ တကယ်တော့ ကျွန်မ စောစောတုန်းက ရွာလယ်လမ်းဆီက ဆိုင်ကယ်သံတွေကို ကြားလိုက်ပြီးသား။ အုပ်စုနဲ့ ဝင်လာတဲ့ဆိုင်ကယ်သံတွေပါ။ အဲဒါ ဧည့်သည်တွေပဲ ဖြစ်မှာ။ ဟိုဘက် မြို့မကျောင်းက ကျောင်းသား ပိုများတယ်။ ကျောင်းသား ၂၀၀ ကျော်တယ်။ ကျွန်မတို့ ကျောင်းက ကျောင်းသား ၆၀ကျော်ပဲ ရှိတယ်။ ဒါ့အပြင် မြို့မကျောင်း ဆရာတော်က ကျောင်းနှစ်ကျောင်းလုံးရဲ့ အုပ်ချုပ်သူနာယက ဖြစ်တာမို့ အဲဒီကျောင်းကို သူတို့ အရင်သွားကြမှာပေါ့။ ပြီးမှ ကျွန်မတို့ ကျောင်းကို လာမှာပေါ့။ ဒါပေမဲ့ အဲဒါကို ကျွန်မ မပြောပြချင်ဘူး။ စိတ်လည်း မဝင်စားတော့ဘူးလေ။ ဒါဟာ နောက်ဆုံးနေ့ပါလားလို့ တွေးပြီး နာနာကျင်ကျင်ကြီး ဖြစ်နေမိတယ်။ ငိုချင်လိုက်တာမှ အရမ်းပဲ။ မနည်းကို မျက်ရည်ကို ထိန်းထားရပါတယ်။



ကိုးနာရီခွဲရင် ကျောင်းခဏဆင်းတယ်။ ဒီ နယ်တစ်ဝိုက်က ဘုန်းတော်ကြီးသင်အတန်းကျောင်းတွေရဲ့ ထုံးစံပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကျောင်းတွေမှာ ကိုရင်လေးတွေလည်း စာသင်ကြတယ်။ သူတို့ကို ဆွမ်းခံထွက်ဖို့ အချိန်ပေးရတာကိုး။ ကိုးနာရီခွဲ ကျောင်းလွှတ်ပြီး သူတို့ နေတဲ့ကျောင်းဆောင်ကိုပြန် သပိတ်ယူ ပြင်ဆင်ပြီး ရွာထဲကို ဆွမ်းခံထွက်ကြတယ်။ အဲဒီအချိန်လောက်မှာမှ ရွာက အိမ်အများစုက ဟင်းကျက်တာကိုး။ ဆွမ်းခံထွက်ရာက ပြန်လာမှ ကျောင်းမှာ ဆွမ်းစား၊ ပြီးတော့ နေ့လည်မှာ ကျောင်းပြန်တက်။ အခုတော့ ကိုရင်လေးတွေ ဆွမ်းခံထွက်ဖို့အချိန်ရောက်တဲ့အထိ ဧည့်သည်တွေ မရောက်လာသေးလို့ စိတ်မောရမယ့်အဖြစ်ပေါ့။

မျှော်နေတုန်းမှာ ရွာထဲက တစ်ယောက်က ဆရာမကို လာပြောတယ်။ ဧည့်သည်တွေ ဟိုဘက်ကျောင်းကို ရောက်နေကြပြီတဲ့။ ခဏနေရင် ဒီကို လာကြလိမ့်မယ်တဲ့၊ ကဲ မပြောဘူးလား။

သန်းစိုးက သူတို့ ဘာနဲ့လာသလဲဆိုတာကို အရမ်းကို သိချင်နေတယ်။ ဟိုဘက် သူငယ်တန်းရဲ့နောက်ဆုံးတန်းမှာ ထိုင်နေတဲ့ ကလေးတစ်ယောက်က ရှူးရှူးပေါက်ချင်နေတယ်၊ ပထမတန်းမှာ ထိုင်နေတဲ့ သူ့အစ်မက ဧည့်သည်တွေလာခါနီးတာမို့ ခဏအောင့်ထားစေချင်တယ်။ ကလေးက မအောင့်နိုင်ဘူး။ ဒါနဲ့ပဲ ဆရာမကို ခွင့်တောင်းပြီး အိမ်သာရှိရာကို မြန်မြန်လိုက်ပို့ပေးတာ မြင်ရတယ်။

ဆရာမတွေက အတန်းကိုလွှတ်မပေးသေးဘဲ စောင့်နေကြတယ်။ ဧည့်သည်တွေဟာ ကျွန်မတို့စာသင်နေတာ မြင်ချင်မှာပဲတဲ့။ သူတို့ရောက်လာတဲ့အချိန်က ဆယ်နာရီတောင်ထိုးခါနီးနေပြီ။ ဆိုင်ကယ်လေးစီးနဲ့ လူခုနစ်ယောက်လာကြတယ်။ ဧည့်သည် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



မကြီးနှစ်ယောက်မှာ ချောချောလှလှဝဝ အကျီဖြူ ဘလောက်စ်ပွပွနဲ့ တစ်ယောက်က စလင်းကပညာရေးမှူးပါ။ ကျွန်မတို့ဆီကို ကျောင်းစစ် လာဖူးတယ်။ ကျွန်မ မှတ်မိနေပါတယ်။ ကျန်တဲ့ တစ်ယောက်ကတော့ မြို့မှာနေတဲ့သူမှန်း သိသာတဲ့ မရမ်းစေ့ရောင် အထက်အောက်ဆင်တူ။ အရပ်မြင့်မြင့် အသားညိုညိုနဲ့၊ အဲဒီ ဆရာမကြီးကို ဆိုင်ကယ်ပေါ် တင်လာတာက ဖောင်းလင်းတွဲဘက် ကျောင်းက ဆရာပါ။ နောက်ထပ်ဆိုင်ကယ် နှစ်စီးမှာတော့ အစ်ကိုကြီး တွေပါတယ်၊ တချို့က ကျွန်မတို့ရွာက။ သူတို့ ဘုန်းကြီးကျောင်းပေါ်ကို အရင် တက်သွားကြတယ်။

သူတို့ပြန်ဆင်းလာတဲ့အခါ ကျွန်မတို့ဆီကို ညွှသည် သုံးယောက်လာတယ်။ ဆရာမကြီးနှစ်ယောက်နဲ့ အစ်ကိုတစ်ယောက်ပါ။ ကျွန်မတို့ရှိရာ ဝါးကွပ်ပျစ်အဆင့်ပေါ်ကို သူတို့တက်လာတဲ့အချိန်မှာ ကျွန်မတို့အားလုံး ပြိုင်တူမတ်တတ်ရပ်ပြီး နှုတ်ခွန်းဆက်လိုက်ကြပါတယ်။

'မင်္ဂလာပါဆရာမကြီး။ ပဉ္စင်္ဂ အဟံဝန္ဒာမိပါ ဆရာမကြီး'

'အေး အေး မင်္ဂလာပါ။ သားတို့သမီးတို့ ထိုင်ကြပါ'

ထိုင်ကြပါလို့ ပြောလာတဲ့အချိန်မှာ ကျွန်မတို့ ဘာပြန်ပြောရမယ်ဆိုတာ ကျွန်မတို့ကို ဟိုးတုန်းကတည်းက သင်ထားပေးပြီးသား။

'ကျေးဇူးတင်ပါတယ်ဆရာမကြီး'

'ကလေးတို့ ဒီဆရာမကြီးက ရန်ကုန်မြို့ကလာတဲ့ ဆရာမကြီး။ ကလေးများအတွက်ရံပုံငွေအဖွဲ့ တည်ထောင်သူ ဖြစ်တယ်။ သူက ကလေးတို့အတွက် ဖတ်စရာ စာအုပ်စာတမ်းတွေလှူဖို့ ရောက်လာတာ၊ ဒီတော့ သားတို့သမီးတို့က ဆရာမကြီးမေးတာကို ဖြေကြနော်'



'ဟုတ်ကဲ့ပါ ဆရာမကြီး'

အဲဒီနောက်တော့ အဲဒီဆရာမကြီးက သူငယ်တန်းကလေးတွေကို ဘာစာတွေသင်နေတာလဲ။ ဘာတွေ တတ်မြောက်ပြီလဲ မေးနေပါတယ်၊ သင်ပုန်းကြီးပေါ်မှာ ဆရာမလေးရေးထားတဲ့သင်ခန်းစာကို လှမ်းကြည့်ပြီး ဆရာမလေး လက်ရေးက လှလိုက်တာ။ သားတို့သမီးတို့ အဲဒီ လက်ရေးကိုအတုယူပြီးရေးကြနော်လို့ ပြောတယ်။ ဆရာမကြီးနှစ်ယောက် သူငယ်တန်းနဲ့ပထမတန်းတွေရဲ့မှတ်စု စာအုပ်တွေနဲ့ အလုပ်ရှုပ်နေတဲ့အချိန်မှာ 'ဆဋ္ဌမတန်းထိ ရှိတယ်နော်' လို့မေးလိုက်တဲ့ ယောကျ်ားသံတစ်ခုကို ကြားတယ်။ မေးလိုက်တဲ့သူက ဆရာမကြီးနှစ်ယောက်နဲ့အတူပါလာတဲ့ အစ်ကိုကြီးပါ။ အရပ်မြင့်မြင့် အသားညိုညို၊ ဆံပင်တိုတို၊ ရှပ်အကျီလက်တို အကွက်ကျဲကျဲ။

'ရှိပါတယ် သုံးယောက်တည်းမို့ ဒီမှာပဲ ရောထားပါတယ်။ စတုတ္ထတန်းနဲ့ ပဉ္စမတန်းက ဟိုဘက်အဆောင်' လို့ ဆရာမ ဒေါ်စိုးစိုးဝေက ဖြေပါတယ်၊ အစ်ကိုကြီးက ကျွန်မတို့သုံးယောက်ဆီကို လှမ်းကြည့်လိုက်ပြီး လျှောက်လာပါတယ်။ သူ့လက်ထဲမှာ ချစ်စရာကောင်းတဲ့ မှတ်စုစာအုပ်တစ်အုပ်ကို ကိုင်ထားတယ်။ စာအုပ်က အဆန်းလေး၊ စာအုပ်အနှောင့်မှာ ကွင်းလေးတွေနဲ့၊ ခပ်သေးသေး စာအုပ်ပါပဲ။

'ဟား သားတို့သမီးတို့က ဒီကျောင်းမှာ အတန်းအကြီးဆုံးကျောင်းသားကြီးတွေပေါ့ နောက်နှစ်ဆို ဟိုဘက်တွဲဘက်မှာ စာသင်ရတော့မှာပေါ့ ဟုတ်လား'

သူ အဲဒီလို မေးလိုက်တဲ့အချိန်မှာ ကျွန်မရင်ထဲမှာ တစ်ညလုံးနဲ့ တစ်မနက်လုံး ခိုအောင်းနေခဲ့တဲ့ဝမ်းနည်းစိတ်ကို ဆွပေးလိုက်သလိုပဲ၊ ကောင်လေးနှစ်ယောက်က ဟုတ်ကဲ့လို့ဖြေတယ်၊ ကျွန်မ မဖြေနိုင်ဘူးလေ။ ကျွန်မက သူတို့လို ဖောင်းလင်းတွဲဘက် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ သတ္တုမဘာန်းမတက်နိုင်တော့ဘူး။ မနက်ဖြန်ကစပြီး ဒီကျောင်းမှာတောင် ဆက်တက်ရတော့မှာမဟုတ်ဘူး။

ကျွန်မ ဘာမှမပြောဘဲ အင်္ဂလိပ်စာမှတ်စုစာအုပ်လေးကို ငုံ့ကြည့်နေလိုက်ပါတယ်။ ကျွန်မရဲ့လက်ရေးတွေဟာ မျက်လုံးထဲမှာ ဝါး ဝါးလာတယ်။

'သမီးရဲ့စာအုပ်လား၊ လက်ရေးတွေက သိပ်လှပါလား'

အစ်ကိုကြီးက ကျွန်မစာအုပ်ကိုယူကြည့်ပြီး ကျွန်မကို ချီးကျူးစကားပြောတယ်။ အဲဒီအချိန်မှာ ကျွန်မမျက်လုံးထဲက မျက်ရည်တွေ လိမ့်ဆင်းကျလာလို့ ကျွန်မ ချက်ချင်းပဲ ခေါင်းငုံ့ပစ်လိုက်တယ်။

'ကြိုးစား ကြိုးစား။ သမီး ကြီးလာရင် ဘာလုပ်မလဲ'

ကျွန်မ မခံနိုင်ဆုံးမေးခွန်းကို သူမေးလိုက်တာပဲ။ ကျွန်မ ဘယ်လိုဖြေရမှာလဲ။ ဟိုအရင်တုန်းကတော့ တက်တက်ကြွကြွနဲ့ ဆရာမလုပ်မှာ လို့ ဖြေခဲ့ဖူးပါတယ်။ အခုတော့ ကျွန်မ ငိုပဲ ငိုချပစ်လိုက်မိတယ်။

'ဟာ ဘာဖြစ်လို့လဲသမီး'

အစ်ကိုကြီးက လန့်ဖျပ်သွားတဲ့အသံနဲ့ မေးတယ်။

'သူ့အဖေက နောက်နှစ်ကျရင်သူ့ကို ကျောင်းထုတ်တော့မှာတဲ့'

ထွန်းမင်းသိန်းက အစ်ကိုကြီးကို သတင်းပေးတယ်။ သူသိတဲ့ သတင်းက အရင်သတင်းဟောင်းကြီးပါ။ အခု နောက်ဆုံးသတင်းကို သူတို့ မသိသေးဘူး။

အစ်ကိုကြီးရဲ့လက်ဖဝါးက ကျွန်မဆံပင်ကို ခပ်ဖွဖွ သပ်ပေးလိုက်တာကို ကျွန်မ သိလိုက်တယ်။

'သမီးအဖေက ဘာအလုပ်လုပ်သလဲ'

သူ မေးတော့ ကျွန်မ သူ့ကို မော့ကြည့်ပြီးဖြေရတယ်။



'အစုံပဲ'

အစုံပဲဆိုတဲ့ ကျွန်မစကားကို သန်းစိုးက ဝင်ရှင်းပေးတယ်။

'သူ့အဖေက လယ်အငှားထွန်တယ်။ ထင်းတိုက်တယ်၊ ပေါင်းရှင်းတယ်'

'အမေကရော'

'သူ့အမေက သေပြီ။ မိထွေးနဲ့နေတာ'

ကျွန်မအကြောင်း အားလုံးသိနေတဲ့သန်းစိုးက ကျွန်မအစား ဖြေပေးတယ်။

'မောင်နှမဘယ်နှယောက်လဲ'

ဒီမေးခွန်းကိုတော့ အသံတုန်တုန်နဲ့ပဲ ဖြေလိုက်နိုင်ပါတယ်။

'ကျွန်မနဲ့မောင်လေးနဲ့ နှစ်ယောက်'

သူ ကျွန်မ စာအုပ်ကို ငုံ့ကြည့်နေတာ အကြာကြီးပဲ။

'ဒီစာကြောင်းလေးက သမီးရေးထားတာလား'

ကျွန်မရဲ့ အင်္ဂလိပ်စာမှတ်စုစာအုပ်ထဲမှာ သူ ဘာကိုတွေ့သွားတာလဲ လို့ ကျွန်မ ငုံ့ကြည့်လိုက်ပါတယ်။ ကျွန်မ ရေးထားတဲ့ စာကြောင်းလေးတစ်ခုပါ။

'ဟုတ်ကဲ့၊ ကူးရေးထားတာ'

'ကောင်းလိုက်တာ။ ဘယ်ကနေ ကူးယူလဲ'

'ဦးထုပ်ထုပ်တဲ့စက္ကူပေါ်က'

'ဟော ဦးထုပ်စက္ကူ ဟုတ်လား'

ကျွန်မတို့ရွာမှာ စာအုပ်တွေသိပ်မရှိတဲ့အကြောင်း၊ ကျွန်မတို့အိမ်မှာ အဖေကလည်း ဘာစာအုပ်မှမဖတ်တဲ့အကြောင်း ဒါတွေကို ပြောမနေတော့ပါဘူး။ ဒါပေမဲ့ အစ်ကိုကြီးက ဆက်မေးပါတယ်။

'သမီး စာဖတ်ဖို့ ဝါသနာပါတယ်ပေါ့'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျောင်းဘက်ရတာပျော်လား'

ဘယ့်နှယ်မေးလိုက်ပါလိမ့်လို့ သူ့ကို မော့ကြည့်မိတယ်၊ စိတ်နည်းနည်းတိုသွားလို့ပါ။ ကျွန်မ ခေါင်းပဲ ညိတ်လိုက်တယ်။

'သမီး ကျောင်းဆက်တက်ရမှာပါ။ နောက်နှစ်မှာ သမီး အဖေ ပိုက်ဆံတွေရရင် ကျောင်းဆက်တက်ရမှာပါ။ အရေးကြီးတာက စာကြိုးစားနေဖို့ပဲ'

မဖြစ်နိုင်ဘူး။ ကျွန်မက မနက်ဖြန်တောင် မလာရတော့ဘူးလို့ ကျွန်မပြောချင်လိုက်တာ။ ဒါပေမဲ့ ကျွန်မမပြောပါဘူး။ ဆရာမကိုတောင် မပြောရသေးဘူး။

'ကောင်းပြီ။ ဒီနေ့ကစပြီး သားတို့သမီးတို့အားလုံးမှာ ဖတ်စရာ စာအုပ်တွေအများကြီးရပြီ။ နောက်လကျရင် ဦး တစ်ခေါက်ပြန်လာ ဦးမှာ။ အဲဒီအခါ သားတို့သမီးတို့ ဘယ်စာအုပ်တွေကို ဖတ်ပြီးပြီလဲ၊ ဘာတွေကို ကြိုက်လဲလို့ ဆွေးနွေးကြမယ် ဟုတ်လား'

'ဟုတ်ကဲ့အစ်ကိုကြီး' သူတို့နှစ်ယောက်ဖြေပေမဲ့ ကျွန်မ ခေါင်းရမ်းလိုက်မိတယ်။

'ကျွန်မ အဲဒီစာအုပ်တွေ မဖတ်နိုင်တော့ပါဘူး'

ဘယ်လိုဖြစ်ပြီး ပြောမိသွားလဲမသိဘူး။ မပြောတော့ဘူး၊ မပြောတော့ဘူးလို့ အားတင်းထိန်းချုပ်ထားပေမဲ့ နောက်ဆုံးတော့ ကျွန်မ ပြောဖြစ်သွားတယ်။ ကျွန်မ ကျောင်းသူတစ်ယောက် မဖြစ်ရတော့ဘူးဆိုတာ ကျွန်မအတွက် အလွန်အားငယ်စရာပါ။ အဲဒါကို သူစိမ်းတစ်ယောက်ကို ဝန်မခံချင်ဘူး။ ဖွင့်မပြောချင်ဘူး။ ဒါပေမဲ့ ကျွန်မ မညာချင်ဘူးလေ။ ကိုယ်မဖတ်နိုင်တော့မဲ့ စာအုပ်တွေကို ဖတ်ပါမယ်လို့ မလိမ်ချင်ဘူး။

'ဘာဖြစ်လို့လဲ'

'ကျွန်မမနက်ဖြန်ကျရင် မြို့မှာအလုပ်လုပ်ဖို့ သွားတော့မှာ'

ကျွန်မ မနက်ဖြန်သွားရမှာကို အခုမှသိသွားတဲ့ သန်းစိုးတို့



နှစ်ယောက်က ကျွန်မကို သတင်းတွေ မေးနေတော့တယ်။ ဘယ်ကို သွားမှာလဲ။ ဘာသွားလုပ်မှာလဲ။ ဘယ်လောက်ကြာမှာလဲ။ ဘယ်တော့ပြန်လာမလဲ။ ဒါတွေကို ကျွန်မ ဘယ်သိမလဲ။ အဖေပဲ သိမှာပေါ့။ ကျွန်မ မသိတဲ့ မမြင်ဖူးတဲ့လူတွေ နောက်ကို လိုက်သွားရမယ်ဆိုတော့ ကျွန်မ သိပ်ကြောက်တာပဲ။

ကျောင်းဆင်းတော့ ဆယ်နာရီထိုးပြီ။ ပထမဆုံး ကျွန်မတို့ ဆဋ္ဌမတန်း။ ပြီးတော့မှ ပဉ္စမတန်း။ ကိုရင်လေးတွေက အရင် တန်းစီပြီး ထွက်တယ်။ ပြီးတော့မှ ကျန်တဲ့ကျောင်းသား ကျောင်းသူတွေပေါ့။

ကျောင်းသားတွေက အနာဂတ်အတွက် မျှော်လင့်ချက်တွေ ကြည်နူးမှုတွေနဲ့ ခြေလှမ်းတွေ တက်ကြွနေပါလိမ့်မယ်။ ကျွန်မကတော့ အိမ်ဆီကို မပြန်ချင်ပြန်ချင် ခြေလှမ်းတွေနဲ့ ပြန်လာခဲ့ရတယ်။ အဖေက လယ်ထဲသွားတယ်။ မိထွေးပဲရှိတယ်။ ဟင်းက ထုံးစံအတိုင်း မြေပဲဆားလှော်နဲ့ဆီဆမ်း ဆားဖြူးနဲ့၊ ကျွန်မအတွက်တော့ မထူးဆန်းပါဘူး။ မြေပဲဆားလှော်နဲ့လည်း စားတတ်တယ်။ မောင်လေးအိပ်နေတာမို့ သူ့ကို မထိန်းရဘူး။ ကျောင်းကို စောစောပြန်လာလို့ရတာပေါ့၊ နေ့လည်၁၂နာရီ ကျောင်းပြန်မတက်ခင်မှာ အချိန်တွေ အများကြီးရတယ်။

ဒီနေ့မှပဲ ကျွန်မကို မန်ကျည်းစေ့တောက်တမ်း ကစားဖို့ ခေါ်တဲ့သူတွေ အများကြီး။ ကျွန်မ မကစားပါဘူး။ ကျွန်မရတဲ့ အချိန်နည်းနည်းလေးမှာ စာအုပ်တွေကို အားရပါးရသွားကိုင်ကြည့်တယ်။

ထင်းရှူးသေတ္တာကြီးနဲ့ထည့်ထားတဲ့စာအုပ်တွေကို ဆရာမတွေက စာရင်းမှတ်နေတယ်။ တကယ်တော့ မနက်က အငြင်းအခုန်မှာ ဆိုင်ကယ်နဲ့လာမှာ လို့ ပြောတဲ့သူလည်းမှန်တယ်၊ ထော်လာဂျီနဲ့ လာမှာလို့ ပြောတဲ့လူလည်း မှန်တယ်။ ဆရာမကြီးတို့က ဆိုင်ကယ်နဲ့ လာပြီး ထော်လာဂျီမှာ ထင်းရှူးသေတ္တာနှစ်လုံးနဲ့အပြည့် စာအုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပါလာတာပါ။ မြို့မကျောင်းအတွက်ရော ကျွန်မတို့ တောင်ပေါ်ကျောင်းအတွက်ရော လှူပေးခဲ့တာပါ။

ဝါးကြမ်းခင်းပြင်ပေါ်မှာ ပုံချထားတဲ့စာအုပ်တွေကို ကျွန်မကိုင်ကြည့်တဲ့အခါ ကျွန်မဖြင့် အသက်ရှူဖို့တောင် မေ့သွားပါတယ်။ အရွယ်ကြီးကြီး ရောင်စုံမျက်နှာဖုံး၊ အတွင်းမှာ ရောင်စုံဓါတ်ပုံတွေနဲ့ စာအုပ်တွေ။ မျက်နှာဖုံးတစ်ခုက ပင်လယ်ရေထဲက ငါးမန်းတို့ ရေမှော်ပင်တို့နဲ့ လှလိုက်တာ။ သုတရတနာသိုက်တဲ့။ နေ့လည် ကျောင်းမတက်ခင် ရသမျှအချိန်မှာ ဖတ်လို့ရသမျှစာမျက်နှာတွေ လှန်လှောပြီး အပြေးအလွှားဖတ်ရတယ်။

အော် ဘာဖြစ်လို့ ဒီနှစ်မှ ဒီစာအုပ်တွေရတာလဲ။ မနှစ်ကသာရခဲ့ရင် ကျွန်မဒီစာအုပ်တွေကို အကုန်ဖတ်ခဲ့လို့ရတယ်။ အခုတော့ သိပ်ဖတ်လို့ကောင်းမဲ့စာအုပ်တွေကို ကျွန်မထားခဲ့ပြီး သွားရတော့မယ်။ ကျွန်မ အားရပါးရဖတ်နေတဲ့အချိန်မှာ အလင်းရောင်ဖျတ်ခနဲ လင်းသွားတာကြောင့် လန့်သွားတယ်။ နောက်လှည့်ကြည့်လိုက်တော့ လှေကားထစ်ပေါ်ကနေ ကျွန်မကို ဓာတ်ပုံလှမ်းရိုက်နေတာ ဘယ်သူရှိရမလဲ။ ဟို အစ်ကိုကြီးပေါ့။ သူတို့ကို မြို့မကျောင်းကနေ ပြန်သွားလောက်ပြီလို့ ကျွန်မ ထင်နေတာ။ အယ်တော့။ ကျွန်မရှက်သွားပြီး ရယ်လိုက်မိတော့ သူက ပြုံးပြတယ်၊

'စာအုပ်တွေ ကြိုက်လား' တဲ့။

'အို သိပ်ကြိုက်တာပဲ'

ကျွန်မနဲ့မဆိုင်တော့တဲ့စာအုပ်တွေမှန်း သိရက်သားနဲ့ ကျွန်မ မေ့ပြီး ဖြေလိုက်မိတယ်။ သူလှေကားပေါ်ကနေ ဆင်းလာပြီး ကျွန်မဆီ လျှောက်လာတယ်။

'ကြည့်မလား။ ကောင်မလေးတစ်ယောက် သဲကြီး မဲကြီး စာဖတ်နေတဲ့ဓာတ်ပုံ ကြည့်မလား'



ဓါတ်ပုံကို ရိုက်ပြီးပြီးချင်း ကင်မရာထဲမှာပဲ ကြည့်လို့ရတယ်ဆိုတာ ကျွန်မတစ်ခါမှမကြားဖူးလို့ ကြောင်သွားတယ်။ ဒါပေမဲ့ သူက ကင်မရာရဲ့ အကွက်သေးသေးလေးတစ်ခုကို လာပြတယ်။

အို ဟုတ်ပါရဲ့။ အံ့သြစရာကောင်းလိုက်တာပါလား။ အဲဒီထဲမှာ ကျွန်မကိုယ်ကျွန်မ မြင်ရတယ်။ ကျွန်မဘေးမှာ စာအုပ်ပုံကြီးနဲ့၊ လက်ထဲမှာ သုတရတနာသိုက်စာအုပ်ကို ဖွင့်လို့၊ မျက်မှောင်ခပ်ကြုတ်ကြုတ်နဲ့ စိတ်ဝင်တစားဖတ်နေလိုက်တာ။ ကြည့်စမ်းပါဦး။ အဲဒီဓါတ်ပုံထဲက ကောင်မလေးဟာ စာအုပ်တွေနဲ့ တစ်သက်လုံးကြီးပြင်းသွားတော့မဲ့ အတိုင်းပဲ။

ကျွန်မ တွေတွေဝေဝေငေးကြည့်နေပြီးမှ အစ်ကိုကြီးလက်ထဲ ကင်မရာ ပြန်ထည့်ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ အစ်ကိုကြီးက သူ့လက်ထဲကစာအုပ်ကို ကျွန်မကို ပေးတယ်။ စာအုပ်က မနက်တုန်းက သူကိုင်နေတဲ့ ကွင်းလေးတွေနဲ့စာအုပ်ပါ။

'သမီးရေးချင်တာရေးဖို့' တဲ့။

ကျွန်မအယောင်ယောင်အမှားမှားနဲ့ ယူထားလိုက်မိတယ်။

'ကဲ သွားမယ်နော်။ စာတွေဖတ်နော်'

'ဟုတ်ကဲ့'

ကျွန်မ စာရေးတတ်တယ်၊ စာဖတ်တတ်တယ်၊ ဒါကြောင့် ကျွန်မကျောင်းထွက်ရရင်လည်း စာအုပ်တွေတော့ ဖတ်လို့ရမှာပဲ။ မြို့ရောက်ရင် ပိုတောင် စာအုပ်တွေတွေ့ရဦးမှာ။ ကျွန်မ ကိုယ့်ကိုယ်ကို အားတင်းလိုက်ပါတယ်။ အစ်ကိုကြီးထွက်သွားတော့မှ ကျွန်မ စာအုပ်ကို ဆက်ဖတ်တယ်။ ရေသတ္တဝါတွေအကြောင်းရေးထားတာ သိပ်လှတဲ့ဓာတ်ပုံတွေနဲ့ အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ ဆရာမတွေက စာအုပ်တွေကို စာရင်းမှတ်နေတဲ့အချိန်မှာ ကျွန်မက ဖတ်လို့ကောင်းနေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘေးမှာ အရိပ်တစ်ခုခု လာကွယ်လိုက်တာမို့ ဘေးကို လှည့်ကြည့်လိုက်တော့ သက်နီးအစနဲ့ခြေဖဝါးတစ်စုံကို တွေ့ရတယ်။ ကမန်းကတန်းမော့ကြည့်လိုက်မိတော့ ကျွန်မတို့ ဘုန်းဘုန်း။ ကျွန်မ လန့်ဖျပ်သွားပြီး စာအုပ်ကိုလွှတ်ချလိုက်မိတယ်။ ကျွန်မ ခွင့်မတောင်းဘဲ ဖတ်နေမိလို့လား။ ဒီစာအုပ်တွေကို ဘယ်သူမှ ဖတ်ခွင့်မရသေးဘဲ ကျွန်မက အရင်ဆုံး ဦးဦးဖျားဖျား ဖတ်လိုက်မိတာ မှားသွားသလား။

ကျွန်မ ဘုန်းဘုန်းကို ဝတ်ချကန်တော့လိုက်ပါတယ်။

'အေးငြိမ်းမေ။ လှည့်ဖွန့် ရွာမှာ ရှိလား'

'ရှိပါတယ်ဘုရား'

'အေး ညကျရင် ငါ့ဆီကို လွှတ်လိုက်စမ်း။ ခိုင်းစရာရှိလို့လို့ ပြော ကြားလား'

'မှန်ပါ့ဘုရား'

ကျွန်မ အိမ်ပြန်ရောက်တော့ ကျွန်မကို လာခေါ်မယ်ဆိုတဲ့ အဒေါ်ကြီး ရောက် မလာသေးဘူး။ အနည်းဆုံး တစ်ရက်တော့ ပိုနေခွင့်ရမလားလို့ မျှော်လင့်မိတယ်။

ညရောက်လို့ အဖေ ဘုန်းကြီးကျောင်းကို သွားတဲ့အချိန်ကျမှ ကျွန်မ အစ်ကိုကြီးပေးခဲ့တဲ့ မှတ်စုစာအုပ်လေးကို ဖယောင်းတိုင်မီးရောင်အောက်မှာ အသေအချာကိုင်ကြည့်မိပါတော့တယ်။ အညိုရောင် ကတ်ထူပါးပါးမျက်နှာဖုံးနဲ့ ကွင်းလေးတွေနဲ့ အနှောင့်မှာ တွဲထားတယ်။ စာမျက်နှာတွေပေါ်မှာ မျဉ်းကြောင်း ခပ်မှိန်မှိန်လေးတွေပါတယ်။ ပထမဆုံးစာရွက်တွေကို ဆုပ်ဖြဲ ထားတယ်နဲ့ တူတယ်။ ကွင်းတွေမှာ စာရွက်အစအနလေးတချို့ ကပ်နေတာ တွေ့ရတယ်။ ကျွန်မ အသေအချာဆွဲထုတ် ဖယ်ပစ်လိုက်ရတယ်။ အညိုရောင် ကပ်ထူဖုံးရဲ့ အတွင်းမျက်နှာမှာ မင်အစိုအနက်ရောင်နဲ့ အင်္ဂလိပ်



လက်ရေးသော့သော့ ရေးထားတဲ့ နာမည်တစ်ခုကို တွေ့တယ်။ ထင်လင်း တဲ့။

မနက်ဖြန်ရောက်မှာကို စိုးရိမ်တဲ့စိတ်နဲ့ပဲ ကျွန်မ အိပ်ပျော်သွားလိုက်တာ အဖေပြန်လာတာတောင် မသိတော့ပါဘူး။ ညကျတော့ ကျွန်မ အိပ်မက်တွေမက်တယ်။ အိပ်မက်ထဲမှာ ကျွန်မစာအုပ်တွေ အများကြီးပဲ လျှောက်ကိုင်ကြည့်နေတယ်။ စာအုပ်တွေမှ အစုံပါပဲ။ အဲဒီအထဲမှာ အညိုရောင်ကတ်ဖုံးနဲ့ ကွင်းလေးတွေနဲ့ တွဲထားတဲ့ မှတ်စုစာအုပ်သစ်ကလေး တစ်အုပ်လည်းပါတယ်။ အဲဒီ စာအုပ်ပေါ်မှာ ကျွန်မနာမည်။ အေးငြိမ်းမေ တဲ့။

နောက်တစ်နေ့ မိုးလင်းလို့ ကျွန်မနိုးလာတဲ့အခါ ကျွန်မဘေးမှာ အဖေရှိနေတယ်။ အဖေ့မျက်နှာက ခါတိုင်းထက် ရွှင်လန်းနေတာပဲ။

'အေးငြိမ်း သမီး၊ ကျောင်းဆက်တက်ချင်သလား'

အဖေမေးတော့ ကျွန်မအသံထွက်ပြီး ငိုလိုက်မိပါတယ်။

အဖေက မငိုနဲ့ သမီးကျောင်းဆက်တက်ချင်ရင် တက်ရမှာပေါ့လို့ပြောတယ်။ မမျှော်လင့်တဲ့စကားမို့ ကျွန်မ ကြောင်သွားတယ်။

'ဟင် အဟုတ်လားအဖေ'

'အဟုတ်ပါဗျာ'တဲ့။ အို ပျော်လိုက်တာ။ ကျောင်းဆက်တက် ခွင့်ရမယ်ဆိုတာသိသိချင်း ကျွန်မအာရုံထဲရောက်လာတာက ကျောင်းပေါ်က ထင်းရှူးသေတ္တာကြီးနဲ့ စာအုပ်တွေပဲ။

ကျွန်မ ဘာလုပ်သလဲသိလား၊ ကျွန်မ ကျောင်းမသွားခင် ရွှေစောလှူးဘုရားကို အရင် ပြေးသွားလိုက်တယ်။ မနေ့က ဖွန်ပန်းတွေ ကပ်ခဲ့တဲ့နေရာမှာပဲ ကျွန်မ ဘုရားကို ကန်တော့လိုက်ပါတယ်။ ကောင်းကင်ကြီးက ကြည်လင်လို့၊ ပြာလွင်လို့၊ မနေ့ကနဲ့ နဲနဲမှ မတူဘူး။ ငှက်တွေ အိပ်တန်းထတဲ့အသံကလည်း ချိုချိုလွင်လွင်၊ ဆွဲလဲ

www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို ကျွန်မ မော့ကြည့်လိုက်တယ်၊ ဆွဲလဲလေးတွေ ငြိမ့်ငြိမ့်လေးလှုပ်နေကြတယ်၊ ပတ်ဝန်းကျင်တစ်ခုလုံးကို ကျွန်မ အားရပါးရကြည့်လိုက်မိတယ်။ ကျွန်မ ဒီရွာကနေ မသွားရတော့ဘူး။ ကျွန်မအသက်ကို ပြင်းပြင်း နက်နက်ရှိုင်းရှိုင်းရှိုက်ရှူလိုက်ပါတယ်၊ ပြီးတော့ကျွန်မလွယ်အိတ်ထဲက မန်ကျည်းစေ့တွေကို တစ်စေ့မကျန် ထုတ်ယူပြီး လွှင့်ပစ်လိုက်တယ်။ မန်ကျည်းစေ့တွေ ဘုရားအုတ်ရိုးဘောင်ရဲ့တစ်ဖက်မှာ လွင့်စင်ပြီး ဟိုးအောက်မြေပြင်က ချုံပုတ်လေးတွေဆီကျသွားတယ်။

အဲဒီနေ့ကစပြီး ကျွန်မလွယ်အိတ်ထဲမှာ မန်ကျည်းစေ့တွေဘယ်တော့မှ မထည့်တော့ဘူး၊ နတ်တွေအပေါ် ကျွန်မ ကတိတည်ရမယ် မဟုတ်လား။

လူ့ဘဝမှာ တစ်ဆစ်ချိုးအကွေ့တွေ အပြောင်းအလဲတွေရှိတယ်။ မထင်ရတဲ့ချိတ်ဆက်မှုတွေရှိတယ်။ နာရီပိုင်းကာလလေးတစ်ခု ပြောင်းလဲသွားတာနဲ့ ဘဝတစ်ခုလုံးပြောင်းလဲသွားနိုင်တဲ့အဖြစ်တွေ ရှိတယ်ဆိုတာကို ကျွန်မအဌမတန်းဖြေခါနီးမှာ သိလိုက်ရပါတယ်။

အဖေက ကျွန်မကို မနက်ခင်းတစ်ခုမှာ တောင်ပေါ်ကျောင်းကို ခေါ်သွားပါတယ်၊ တောင်ပေါ်ဘုန်းကြီးကျောင်းဟာကျွန်မ ကျောင်းတက်ခဲ့စဉ်ကထက် ပိုပြီး ခန့်ညား သေသပ်နေပါတယ်။ ကျွန်မတို့ ခြောက်တန်းတုန်းက သုံးယောက်ပဲရှိတာ၊ အခုတော့ ခြောက်တန်းကျောင်းသား ကျောင်းသူ ရှစ်ယောက်တောင်ရှိတယ်၊ သူတို့အတွက် စာရေးဖို့ ခုံတန်းတွေလည်းရှိနေပြီ၊ ကျွန်မတို့တုန်းက စာရေးဖို့ခုံတန်းရှည်မရှိဘူး၊ ကြမ်းခင်းပေါ်မှာပဲ စာအုပ်ကိုချပြီး ကိုယ်ကို ကုန်းပြီး စာရေးရတာ။

ကျွန်မ ကျောင်းပေါ်အတက် လှေကားခုံအုတ်ခုံခြေရင်းမှာ



ဖိနပ်တွေအများကြီးတွေ့တယ်။ ကျွန်မအလွန်အားကျတဲ့ ပုံစံ လှလှနဲ့ ဒေါက်မြင့်ဖိနပ်မျိုးတစ်ရံလည်း တွေ့တယ်။ ကျန်တာတွေကတော့ ယောက်ျားဖိနပ်တွေပါ။ ဖျဉ်ချပ်အကြီးကြီးတွေ ခင်းထားတဲ့ ကြမ်းပြင်ကို နင်းလိုက်တဲ့အခါ ခေါင်းရင်းဆီမှာ ဘုန်းကြီးနဲ့စကား ပြောနေတဲ့ဧည့်သည်အဖွဲ့ကို လှမ်းမြင်လိုက်တယ်၊ ဧည့်သည်တွေရဲ့ ဘေးမှာ စားပွဲဝိုင်းနဲ့ခင်းထားတဲ့ ငှက်ပျောသီး၊ ကိတ်မုန့်၊ ပြောင်းဖူး ပြုတ်တွေအများကြီးကို မြင်ရတယ်၊

'လာကြဟေ့ ဒီကို'

ကျွန်မခေါင်းငုံ့ပြီး အဖေနဲ့အတူ ဘုန်းကြီးဆီကို ရိုရိုလေးလျှောက်သွားပြီး ဦးချကန်တော့လိုက်တယ်။

'အေးငြိမ်းမေက စာအလွန်ကြိုးစားတာ ကိုထင်လင်းရဲ့'

ကိုထင်လင်း။ ဒီနာမည်ကို ကျွန်မ ခဏခဏ မကြားရပေမဲ့ကျွန်မ မမေ့ပါဘူး။ ဘယ်မေ့နိုင်ပါ့မလဲ။ ကျွန်မမှာ အခုထိ သိမ်းထားတဲ့ ကွင်းလေးတွေနဲ့မှတ်စုစာအုပ်လေး ရှိတယ်လေ၊

ဧည့်သည်တွေဘက်ကို လှမ်းကြည့်လိုက်မိတယ်။ ကျွန်မကိုပြုံးကြည့်နေတဲ့မျက်နှာတစ်ခုကို လူအုပ်ကြားထဲမှာပဲ ထင်းခနဲ မြင်လိုက်ရပါတယ်။ အစ်ကိုကြီးရဲ့မျက်နှာဟာ သိမ်မွေ့နူးညံ့လို့၊ သူ့မှာမျက်မှန်တစ်လက်ပိုလာခဲ့ပြီ။

'ကိုထင်လင်း ထောက်ပံ့ရကျိုးနပ်မှာပါ'

ဘုန်းကြီးက အဲဒီလိုပြောလိုက်တော့ ကျွန်မ ဘာမှန်းမသိလိုက်ဘူး၊ ဘုန်းကြီးက ကျွန်မအဖေကို လှမ်းပြောပြန်တယ်၊

'လှည့်နဲ့ မင်း သမီးကို သနပ်ခါးသွားရောင်းခိုင်းတယ်ဆို'

အဖေက ကျွန်မကို ရှူးရှူးရဲရဲလှမ်းကြည့်တယ်၊ ကျွန်မကိုမယုံသင်္ကာ စွပ်စွဲတဲ့အကြည့်။ ဒို ကျွန်မ သနပ်ခါးသွားရောင်းတဲ့အကြောင်း ဘုန်းကြီးကို ကျွန်မ မပြောပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



'အေးငြိမ်းမေကိုမကြည့်နဲ့ ငါ့ကို စလင်းက ဒကာမတွေက တိုင်လိုက်တာ'

'မှန်ပါ့ဘုရား အဲဒီနေ့က တပည့်တော်ခြေထောက် ငန်းမြား ရှထားလို့ ယောင်နေတာနဲ့ လမ်းမလျှောက်နိုင်လို့ သမီးကို လွှတ်ရ တာပါ။ ရောင်းခိုင်းတာမဟုတ်ပါဘူး။ မြို့က မှာထားတဲ့ သနပ်ခါး အမြစ်တုံးကို သွားပို့ခိုင်းတာပါ'

'စက်ဘီးမရှိဘာမရှိနဲ့ ဖောင်းလင်းနဲ့စလင်း နည်းတဲ့ ခရီး မိုင်တွေ မဟုတ်ဘူး။ ခြေလျင်လျှောက်ရတာ။ မင်းနှယ်ကွယ်၊ မင်း တို့အတွက် ကိုထင်လင်း ထောက်ပံ့ထားတဲ့အထဲမှာ ပညာသင်စရိတ် ချည်းမှမကဘဲ၊ အေးငြိမ်းမေရဲ့လုပ်အားခတွေပါ ပါပြီးသားလေ။ မင်း ပဲ သဘောတူထားတာမဟုတ်လား'

'တင်ပါ့ဘုရား'

ပထမတော့ ဘုန်းကြီးပြောတဲ့စကားကို ကျွန်မ နားမလည် လိုက်ပါဘူး။ ကျွန်မရဲ့လုပ်အားခဆိုတာ ဘာကိုပြောတာလဲ၊ ကျွန်မ ဘုန်းကြီးကိုတစ်လှည့် အဖေ့ကိုတစ်လှည့် ကြည့်ပြီး ဘယ်သူ့ကို ဘာ မေးရမှန်းမသိဖြစ်နေတယ်၊

'ဦးဇင်း တပည့်တော်တို့မပြန်ခင်မှာ လက်သမားနဲ့ဆုံပေး နိုင်မလား ဘုရား၊ သူ့ကို ပုံစံဝင်အောင် မှာခဲ့ချင်လို့ပါ'

အစ်ကိုကြီးက ဘာမှမဆိုင်တဲ့စကားတစ်ခွန်းကို ဝင်ပြော လိုက်တယ်။

'အေး အေး ခေါ်ထားတယ်၊ ခဏနေရင်လာလိမ့်မယ်၊ ထမင်းစားပြီးမှ ပြန်မှာမဟုတ်လား'

'မစားတော့ဘူးဘုရား တပည့်တော်တို့ မြို့မကျောင်းဘက် သွားရဦးမှာပါ။ နောက်ပြီး ဒီတရားသူကြီးက အလုပ်ရှိပါသေးတယ်'

အစ်ကိုကြီးဘေးမှာ ထိုင်နေတဲ့အမျိုးသမီးတစ်ယောက်ကို



ကျွန်မ ဘေးတိုက် မြင်လိုက်တယ်။ ရင်ဖုံးအင်္ကျီဘလောက်စ်အဖြူ ရောင်ဇာနဲ့၊ ထမီက ပါတိတ်အပွင့်ခပ်ကြီးကြီးအခက်နွယ်များများ၊ အဲဒီအချိန်မှာပဲ ဘုန်းကြီးမှာထားတဲ့ လက်သမား ရောက်လာလို့ ရေ လောင်းအိမ်သာဆောက်ဖို့ အစ်ကိုကြီးနဲ့ ပြောနေကြတယ်။ ကျွန်မ ကတော့ ကိုထင်လင်းထောက်ပံ့တဲ့ ကျွန်မရဲ့ပညာရေးစရိတ်နဲ့ လုပ် အားခဆိုတာကိုပဲ တစ်ယောက်ယောက်ကို မေးချင်နေတယ်။

'ကဲ လှည့်နဲ့ မင်းတို့ပြန်လို့ရပြီ။ အေးငြိမ်းမေ ကိုထင်လင်း ကို သွားကန်တော့လိုက်ဦး'

ကျွန်မ ဘုန်းကြီးပြောတဲ့စကားအတိုင်း အစ်ကိုကြီးရှိရာကို ကန်တော့ဖို့ သွားတော့ အစ်ကိုကြီးက ထပြေးတယ်။

'ဟာ မဟုတ်တာ။ ဘာမှကန်တော့စရာမလိုဘူး။ သွားသွား သမီး ပြန်တော့။ ဘုန်းဘုန်း၊ မလိုပါဘူးဘုရား၊ ဘာမှလဲ ဖြစ်လောက် တာ မဟုတ်ပါဘူး'

ကျွန်မကို တစ်နယ်တကျေးကိုလွှတ်ပြီး အလုပ်လုပ်ခိုင်းမဲ့ ဆဲဆဲမှာ အစ်ကိုကြီးက ဘုန်းဘုန်းကို ကျွန်မမိဘနဲ့ညှိနှိုင်းပေးဖို့ အကူ အညီ တောင်းသတဲ့။ ကျွန်မဟာ စာလိုက်နိုင်ပြီးတော့ ကျောင်းစာ ရော အပြင်စာရော စိတ်ဝင်စားမယ်ထင်လို့ ကျောင်းပဲ ဆက်တက် ခိုင်းစေချင်တယ်၊ အဖေ့ကို ဘုန်းဘုန်းက ဩဝါဒလှမ်းမိုးနိုင်တာမို့ ဘုန်းဘုန်းက တာဝန်ယူဆောင်ရွက်ပေးပါ။ ကျွန်မအတွက် ပညာ သင်စရိတ်ကို အစ်ကိုကြီးက ဘုန်းဘုန်းဆီ ငွေလွှဲပေး။ ဘုန်းဘုန်းက တာဝန်ယူပြီး အဖေ့ကို လစဉ်ပေး။ အဲဒီလို သဘောတူညီခဲ့တာတဲ့၊ ခုနစ်တန်းနှစ်ရောက်တော့ ပြဿနာတစ်ခုက ကျွန်မ မိထွေး၊ ကျွန်မ ကို ခိုင်းရမဲ့အစား ပညာပဲသင်ခိုင်းနေရတာမို့ မိသားစုဝင်ငွေ လျော့ လို့ ခဏခဏဆူပူရန်ဖြစ်တယ်။ ကျောင်းပြန်နုတ်ချင်နေတယ်၊ အဖေ က စိတ်ညစ်ပြီးတော့ ဘုန်းကြီးကို တိုင်ပင်၊ ဘုန်းကြီးက ကိုကြီးကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်း ပြောလို့ ကျွန်မ ကျောင်းစရိတ်အပြင် ကျွန်မ ကောက်စိုက်ပျိုးနုတ်လုပ်လို့ရမဲ့ဝင်ငွေကိုပါ တွက်ပြီး အဖေ့ကို လစဉ်ပေးခဲ့တာ တဲ့။

ဒါတွေ သိလိုက်ရတဲ့အချိန်မှာ ကျွန်မ ဝမ်းနည်းဝမ်းသာ ဖြစ်ရတယ်။ ဝမ်းနည်းတာက အဖေ သူများဆီက ပိုက်ဆံကို ယူပြီးမှ ကျွန်မကို ကျောင်းထားခဲ့တာလို့ သိလိုက်ရလို့။ ဝမ်းသာတာကတော့ ကျွန်မမသွားချင်တဲ့နေရာကို သွားရတော့မဲ့ဆဲဆဲ အစ်ကိုကြီးက တစ်ရက်လေးစောပြီး အချိန်ကိုက် ကျွန်မဘဝထဲကို ရောက်လာခဲ့လို့ပဲ လို့ တွေးလိုက်မိလို့။ အစ်ကိုကြီးရဲ့စေတနာအတွက် ကျေးဇူးတွေ အထပ်ထပ်တင်မိလို့ပါ။

ဘုန်းဘုန်းက ကျွန်မကို ခေါ်ပြီး ရှင်းပြတယ်။

'သူ့လခငွေထဲက မြိုးမြိုး ချွေတာပြီး ဒကာမလေး ကျောင်းစရိတ်ရော အလုပ်လုပ်မဲ့ငွေရော စိုက်ပြီး ဘာကြောင့်ကူညီခဲ့တယ်ထင်လဲ။ ဒကာမလေးမျက်လုံးမှာ သူမြင်ခဲ့တဲ့ တောက်ပမှုလေးတစ်ခုကြောင့် တဲ့။ အဲဒီနေ့က သူတို့လှူတဲ့စာအုပ်တွေကို သဲကြီးမဲကြီး ဖတ်နေတဲ့ကလေးမကို သူယုံကြည်စိတ်ချသွားလို့တဲ့။ အဲဒီအချိန်မှာပဲ သူ ဆုံးဖြတ်ချက်ချလိုက်ပြီး ဘုန်းကြီးဆီကို လာလျှောက်တာပဲ'

ဆဋ္ဌမတန်း အင်္ဂါတစ်နေ့လည်က မြင်ကွင်းကို ကျွန်မ ပြန်သတိရသွားပါတယ်။

'ဒကာမလေးဆီက သူပြန်လိုချင်တာက သူကူညီထောက်ပံ့ခဲ့တဲ့ငွေတွေ မဟုတ်ဘူး။ ကိုယ့်ရပ်ရွာကို ကောင်းကျိုးပြန်ပြုရမယ်။ တခြားလိုအပ်နေတဲ့လူတွေကို ကိုယ်က တစ်ပြန်တစ်လှည့် ပြန် ကူညီရမယ်။ အဲဒါပဲ။ အမှန်တော့ ဒကာမလေးကို ကျုပ်က ဆယ်တန်းအောင်မှ အသိပေးမလို့။ လှည့်ကွက်လုပ်ပုံ မကြိုက်လို့ ပြောမိသွားတာ'

ကျွန်မအိမ်ပြန်ရောက်တော့ ပထမဆုံးလုပ်မိတာက ကိုကြီးပေးခဲ့တဲ့ စာအုပ်လေးကို ထုတ်ကြည့်မိတာပါပဲ။ ကွင်းလေးတွေနဲ့



ချုပ်ထားတဲ့ ကတ်ထူပါးပါးအညိုနဲ့ မှတ်စုစာအုပ်လေး။ အဖုံးရဲ့ အတွင်းမျက်နှာမှာ သူရေးထားတဲ့နာမည်ဟာ အခုချိန်ထိ မင်ရောင်စိုလက် နက်မှောင်နေတုန်းပဲ။ သူ ရေးလက်စ ဒီစာအုပ်ရဲ့ ရှေ့ဆုံးစာရွက်တွေကို ကမန်းကတန်းဆုပ်ဖြဲပြီး ဘာဖြစ်လို့ ကျွန်မကို ပေးခဲ့သလဲဆိုတာ အခုတော့ ကျွန်မ စဉ်းစားမိသွားပါပြီ။

ကျွန်မရဲ့အနာဂတ်ပညာရေးအတွက် သူကိုယ်သူ ဝန်ခံကတိတစ်ခု ပြုလိုက်တာပါပဲ။ သူ့နာမည်ရေးထားတဲ့ သူ့မှတ်စုစာအုပ်ကို ကျွန်မလက်ထဲ လွှဲပြောင်းထည့်ပေးခဲ့တာဟာ ကျွန်မအနာဂတ်ကို သူ့နာမည်နဲ့ ချိတ်ဆက်ပေးလိုက်တာပါပဲ။

ကျွန်မ အေးငြိမ်းမေ၊ အနာဂတ်မှာ ဘာဖြစ်လာမှာလဲ။ ဘယ်လောက်ထိ မြင့်မြင့်တက်နိုင်မယ်လို့ သူထင်နေခဲ့သလဲ။

စာအုပ်လေးရဲ့စာရွက်ချောချောတွေက အသစ်ချပ်ချွတ်မဟုတ်တော့ပေမဲ့ စက္ကူနံ့သင်းနေဆဲပါ။ ဒီစာရွက်လေးတွေပေါ်မှာ တစ်ခုခုရေးဖို့ ကျွန်မ အမြဲတမ်းနှမျောနေခဲ့တာ။ အဲဒီနေ့ကတော့ ကျွန်မ ချရေးလိုက်မိပါပြီ။ စာကြောင်းတစ်ကြောင်းတည်း။

'ကျွန်မကို ပညာလမ်းကြောင်းပေါ် ရောက်အောင် ဆွဲခေါ်ပြီး ဘဝတိုးတက်မြင့်မားအောင် ကူညီစောင့်ရှောက်ပေးခဲ့သူဟာ ကျွန်မ ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့တဲ့ သူစိမ်းတစ်ယောက် ဖြစ်နေခဲ့တယ်'

သူဟာ ကျွန်မဘဝရဲ့အရေးအပါဆုံးအချိုးအကွေ့ကို ဆုံးဖြတ်ပေးခဲ့တဲ့ လူစိမ်းတစ်ယောက်ပါ။

ဇ ၉၁

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဘဝကို ပြောင်းလဲသွားစေသော ထိုအချိုးအကွေ့၏ အနှစ်ချုပ်ကို သူတို့အား ရွေးချယ်ပြောပြခဲ့ပါသည်။ ကျွန်မ၏ ဇာတ်လမ်းကို ပြန်တွေးရင်း ပြောရသည်ဖြစ်၍ မောပန်းရမှန်းမသိ။ ကျွန်မကိုယ်ကျွန်မ အင်္ဂလိပ်စကားဖြင့် သည်လောက် အချိန်ကြာကြာ ပြောနိုင်လိမ့်မည်ဟုလည်း ဘယ်တုန်းကမှ မထင်ခဲ့မိပါ။ ပထမမေးခွန်းကို ဖြေပြီးသွားသောအခါ နိုင်ငံခြားသားနှစ်ဦးက သဘောကျနှစ်သက်သည့်ဟန်ကိုလည်းမပြ။ သဘောမကျသည့်ဟန်ကိုလည်းမပြ။ အကဲခတ်ရခက်သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးဘက်သို့ လှည့်ကြည့်မိသည်။ ကျွန်မဖြေတာ မှားသွားသလား။ အစ်မကြီးက ကျွန်မအား ပြုံးပြသည်။ အားပေးပြုံးလား။ ကျေနပ်ပြုံးလား။ နှစ်သိမ့်ပြုံးလား ကျွန်မ မသိပါ။

'နောက်မေးခွန်းတစ်ခုက နည်းနည်း ပိုခက်မယ်နော်'

သည်တစ်ခါ အကြီးလူက မမေးဘဲ အငယ်လူက မေး၏။

'ခု အသက်အရွယ်အထိပေါ့လေ၊ ဘဝမှာ မင်းကိုယ်တိုင် ဖြေရှင်းရပြီးအောင်မြင်ခဲ့တဲ့ အခက်အခဲပြဿနာတစ်ခုခုအကြောင်း ပြောပြစမ်းပါ'



ပြဿနာဆိုတော့ ဘာပြဿနာဖြစ်မလဲ။ ကျွန်မ ဦးနှောက်ခြောက်သွားပါသည်။ ကျွန်မမှာ ကြုံတွေ့ခဲ့သည့် အခက်အခဲတွေက အများကြီး။ အဲသည်အထဲမှ ကျွန်မကိုယ်တိုင် ဖြေရှင်းခဲ့ရမည်၊ အဲသည်အထဲကနေ အောင်လည်း အောင်မြင်ခဲ့ရဦးမည်။ ဘုရားရေ တော်တော်ခက်တဲ့မေးခွန်းပါလား။ ထို့ကြောင့် အစ်မကြီးကို လှမ်းကြည့်လိုက်မိသည်။

'ကျွန်မလေ' မြန်မာစကားနဲ့ ပြောဖို့ စကားစလိုက်သည့်အခါ သူက ချက်ချင်းပင် အင်္ဂလိပ်စကားဖြင့် သတိပေးပါသည်။

'အင်္ဂလိပ်လိုပြော အားလုံးနားလည်နိုင်တဲ့စကားနဲ့ ပြောပါ'

ထို့ကြောင့် ကျွန်မ အင်္ဂလိပ်ဘာသာဖြင့်ပင် ပြောရသည်။

'ကျွန်မအတွက် အခက်အခဲတွေက အများကြီး၊ အဲဒီအထဲက ပြန်ပြောရလောက်တဲ့ အခက်အခဲဆိုတော့ ဘယ်လိုဟာမျိုး ဖြစ်မလဲလို့ စဉ်းစားရခက်နေပါတယ်'

'အဲဒါကိုက မင်းရဲ့အရည်အချင်းကို စစ်တာပေါ့။ ဘာကို မင်းရွေးပြီးဖြေမလဲ၊ မင်း ဘယ်လိုဖြေရှင်းခဲ့တယ်ဆိုတာ တို့ ယုံကြည်အောင် ဘယ်လိုပြောပြမှာလဲ၊ အဲဒါက တကယ့်အချက်ပဲ'

အစ်မကြီးက မျက်နှာထားတည်တည်နှင့် ပြောပြတော့ ကျွန်မ လက်ခနဲ အသိဉာဏ်ပွင့်လင်းသွား၏။ ကျွန်မ ဘာဖြေရမည်ဆိုတာကို သိသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပေးခွန်းအမှတ် နှစ်

ဘဝမှာ မင်းကိုယ်တိုင် ဖြေရှင်းရပြီး အောင်မြင်ခဲ့တဲ့ အခက်အခဲ ပြဿနာတစ်ခုအကြောင်း။

ကျွန်မတို့ဘက်မှာ လေနီကြမ်းဆိုတဲ့စကားလုံးတစ်ခု ရှိတယ်။ အနီရောင်လေပြင်းမုန်တိုင်း ကြမ်းကြမ်းတမ်းတမ်း တိုက်ခတ်တာကို တင်စားပြီး ခေါ်တာပါ။ လေနီကြမ်းဟာ အများအားဖြင့်တော့ ညနေတွေမှာ တိုက်တတ်တယ်။ လေတိုက်ရင် ကောင်းကင်တစ်ခွင်လုံး ဖုံအနီတွေနဲ့မို့ နီကျင်ကျင် ညစ်နောက်နောက်ကြီးပေါ့။ လေက ပြင်းလိုက် ကြမ်းလိုက်သမှ ထန်းပင်တွေတောင် ကျိုးကျတတ်တယ်၊ အဲဒီအချိန်မျိုးဆိုရင် အိမ်ထဲမှာပဲနေ။ ဒါတောင်မှ တိုက်ဆိုင်ခဲ့ရင် ကိုယ့် အိမ်ဘေးက ကုက္ကိုပင်အိုတို့ဘာတို့က ကိုင်းကျိုးပြီး အိမ်ပေါ် သစ်လုံး ကျလာနိုင်တယ်။

လေနီကြမ်းတိုက်တဲ့ညနေခင်းတစ်ခုကို ကျွန်မ စလင်းမြို့ကနေ ဖောင်းလင်းရွာကို ပြန်အလာမှာ ကြုံလိုက်ရတာ။

* ဖောင်းလင်းနဲ့စလင်းမြို့ဟာ မိုင်အားဖြင့် ရှစ်မိုင်လောက် ဝေးပါတယ်၊ အဲဒီလမ်းဟာ နွေနဲ့ဆောင်းမှာ ဖြူနေပေမဲ့ မိုးရာသီမှာ တော်တော်ကြမ်းတမ်းခက်ခဲတယ်၊ မိုးကြောင့် လမ်းတွေမှာ နွံ့ဗွက်တွေက ခြေမျက်စိတောင်မြုပ်တာကိုး။ ရွာအဝင်ဆို ပိုဆိုးသေးတယ်၊ ရေထဲကို ဖြတ်ရတယ်၊ လမ်းအလယ်ကသွားရင် ရေထဲကို ဒူးဆစ်

www.burmeseclassic.com



လောက်ထိ ဖြတ်ရမယ်။ လမ်းဘေးကပ်သွားရင် ရွှံ့နဲ့အတူ ဆူးပါ ထိနိုင်တယ်။

မိုးဦးအစမှာ မိုးသိပ်မရွာသေးလို့ ရွှံ့ဗွက်ကို မကြောက်ရပေမဲ့ လေနီကြမ်းတို့ မိုးကြိုးတို့ကို ကြောက်ရပါတယ်။ မိုးကြိုးဆိုတာက ကွင်းပြင်ထဲမှာ ထီးထီးမားမား ဖြစ်နေတဲ့ ရေပြင်ညီမျက်နှာပြင်ကနေ ချွန်ထွက်နေတဲ့အရာကိုပစ်တာလို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ အခု ကျွန်မအနားမှာ လယ်ကွင်းတွေ၊ ပြောင်းခင်းတွေ နှမ်းခင်းတွေပဲ ရှိတယ်။ အမြင့်ဆုံး၊ အချွန်ဆုံးက ကျွန်မပဲ။ ဆိုတော့ ကျွန်မ ကြောက်နေတယ်။ လေကိုလည်း ကြောက်တယ်။ လေနဲ့အတူ ပါလာနိုင်တဲ့ လျှပ်စီးလက်တာကိုလည်း ကြောက်နေတယ်။ အဖော်ပါရင် တော်သေးတယ်လေ။ ခိုလှုံစရာ သစ်ပင်ကြီးကြီးမားမားလည်း လမ်းဘေးမှာ သိပ်မရှိဘူး။ အို ရှိတော့လည်း အဲဒီသစ်ပင်အောက်မှာ သွားပြီး မခိုလှုံရဲပါဘူး။ တော်ကြာ သစ်ကိုင်းကျိုးကျမှဖြင့်။ ဒါမှမဟုတ် ကိုယ့်ဟာကိုယ် လမ်းပေါ်မှာနေတာ အကောင်းသား၊ သစ်ပင်အောက်သွားခိုမိမှ သစ်ပင်ကို ပစ်ချတဲ့ မိုးကြိုးရဲ့ စက်ကွင်းမှာ ကျွန်မ မိသွားနိုင်သေးတယ်။

လေနီကြမ်းက ကျွန်မရဲ့ထမိတွေအဝတ်တွေကို လွင့်ခါနေအောင် ကြမ်းကြမ်းတမ်းတမ်းတိုက်နေပေမဲ့ မိုးတော့ တစ်စက်မှ မကျလာသေးဘူး။ ကျွန်မလည်း မတ်တတ်ကြီးနေရင် မိုးကြိုးစက်ကွင်းဖြစ်မှာရယ် လေနီကြမ်းကြောင့် လွင့်စင်လဲပြိုသွားမှာရယ် စိုးရိမ်တာကြောင့် လမ်းဘေးက ပြောင်းခင်းတစ်ခုထဲကို ဝင်သွားမိတယ်။ ပြောင်းခင်းက တော်တော်သန်ပါတယ်။ ကျွန်မ အရပ်က ငါးပေနဲ့ နှစ်လက်မ၊ ကျွန်မပခုံးကိုတောင် ပြောင်းရွက်ဖျားက မီနေတယ်။ အဲဒီပြောင်းပင်တွေ ယိမ်းခါနေအောင် လေပြင်းတယ်။

လေနီကြမ်းရဲ့ တဝုန်းဝုန်း ဆူညံနေတဲ့ လေသံထဲမှာ ငိုသံတစ်ခု ရောပါနေတာကို ကြားရတယ်။ ကျွန်မရင်ထဲမှာ ဒိန်းခနဲ



တုန်သွားတယ်။ ဘာငိုသံလဲ၊ ကျွန်မ ပထမဆုံးတွေးမိတာကတော့ သရဲတစ္ဆေ၊ အနီးဆုံးရွာနဲ့အလှမ်းဝေးနေတဲ့ ပြောင်းခင်းပြင် ကျယ်ကျယ်ထဲမှာ ဘယ်လိုအရာတွေရှိမလဲ ဘယ်သူမှ မသိနိုင်ဘူး။ ကျွန်မဒူးတွေတောင် တုန်လာပါတယ်။ ကျွန်မ ဘာလုပ်ရပါ့မလဲ၊ အဖေနဲ့တောင်ပေါ်ကျောင်း ဘုန်းကြီးခဏခဏပြောတဲ့ စကားအရ ဘုရားတရား သံဃာ ရတနာသုံးပါးမှတစ်ပါး အခြား ကိုးကွယ် ဆည်းကပ်ရာ ဘာမှမရှိဘူးတဲ့။

ကျွန်မ ပြောင်းခင်းထဲမှာ ထိုင်ချလိုက်ပြီး ပါးစပ်ကနေ သံဗုဒ္ဓေဘုရားရှိခိုးကို တွတ်တွတ်ရွတ်နေလိုက်တယ်။ ငိုသံက ပျောက်မသွားဘဲ ကျယ်လာတယ်။ လေနီကြမ်းအသံ ခဏ တိတ်ဆိတ်သွားတဲ့အခါ ပိုပြီး သိသာလာတယ်။ အသံက ကလေးသံလေးလို့ ကျွန်မထင်တယ်။ ကျွန်မ ပိုလန့်သွားတယ်။ ကြက်သီးတောင် ဖျန်းခနဲ ဖျန်းခနဲ ထသွားတယ်။

ခဏ မျက်စိမှိတ်ပြီး ငြိမ်နေတဲ့အချိန်မှာ ငိုသံက ပိုပိုပြီးပီသလာတယ်။

'အမေကြီးရေ အမေကြီးရေ'

အူလှိုက်သဲလှိုက်ငိုနေတဲ့ အသံပါလား။ အဲဒီအခါကျတော့ စောစောက ကျွန်မ ကြောက်လန့်နေတာတွေ ပျောက်ကွယ်သွားပြီး သနားတဲ့စိတ်က ဖြုန်းဆို လွှမ်းခြုံလာပါတယ်။ ကလေးတစ်ယောက်ပါလား။ မိန်းကလေးသံလေးပါလား။ အဲဒီမှာ ကျွန်မ ဘာမှ မစဉ်းစားနိုင်တော့ဘဲ အသံကြားရာကို မှန်းဆပြီး တိုးတိုးလာလိုက်တာ ပြောင်းခင်းအလယ်ကို ရောက်လာတော့တာပဲ။ အသံရှင်ကို တော်တော်နဲ့မတွေ့ပါဘူး။ အဲဒီအချိန်မှာ ကျွန်မမှာ ဘယ်ကနေ သတ္တိတွေရောက်လာသလဲမသိဘူး။ လူ ပခုံးအမြင့်လောက် ပြောင်းခင်းထဲမှာ ကျွန်မကို အန္တရာယ်တစ်ခုခုက စောင့်ကြိုနေလိမ့်မယ်လို့ တွေးတောင် တွေးမပူခဲ့ဘူး။ ပြောင်းပင်တွေကြားထဲမှာ လည်ပတ်ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ နောက်ဆုံးတော့ တွေ့လိုက်ရတယ်။

ကလေးမလေးတစ်ယောက်။ အသက်သုံးလေးနှစ်လောက်ပဲ ရှိဦးမယ်။ ဂါဝန်ပန်းရောင်တောက်တောက်လေးနဲ့။ ဘယ်အချိန်ကတည်းက ငိုနေတာလဲမသိ။ သူ့မျက်လုံးတွေတောင် မို့အစ်နေပြီ။ ပါးပြင်မှာလည်း မျက်ရည်စီးကြောင်းတွေနဲ့။

သူ့နားကို ကျွန်မကပ်သွားတော့ သူက အားကိုးရာလို့ စိတ်သက်သာရာမရတဲ့အပြင် ကြောက်သွားလို့ အသံကုန်တောင် ခြစ်ပြီး အော်ပြန်ပါတယ်။ ကျွန်မ သူနဲ့အရပ်ညီသွားအောင် သူ့ဘေးမှာ သာသာလေး ထိုင်ချလိုက်ရတယ်။

‘ညီမလေး တိတ် တိတ် မငိုနဲ့ ဘာဖြစ်လို့လဲ အမေပျောက်နေလို့လား။ ညီမလေး နာမည်ဘယ်သူလဲ’

ကျွန်မ သူ့ကို ချော့မော့ဖက်ပွေ့ပြီး ပါးလေးကို နမ်းလိုက်တယ်။ ပြီးတော့မှ သူ့ကို ကျွန်မ ရင်ခွင်ထဲထည့်ထားပြီး ဖရိုဖရဲဖြစ်နေတဲ့ ဆံပင်နွယ်လေးတွေကို ဖွဖွသပ်ပေးလိုက်ပါတယ်။

ကလေးမလေးကအကြောက်လွန်ပြီး စကားကို တော်တော်နဲ့ မပြောနိုင်ဘူး။

သူ့နာမည်ကို သူပြောတာကတော့ “ချွေချင်ပဲ”တဲ့။ အဲဒီနာမည်ကို ကျွန်မ အဓိပ္ပါယ်မပေါက်ဘူး။

သူဒီပြောင်းခင်းထဲရောက်နေတာ ကြာပြီ။ ပြောင်းပင်တွေက အားလုံးဆင်တူပဲမို့ သူ့ရွာဆီကိုပြန်ဖို့ ထွက်လိုက်တိုင်း အလယ်ဗဟိုမှာပဲ လည်နေတာ။ ကျွန်မပခုံးလောက်ရှိတဲ့ ပြောင်းပင်တွေဟာ သူ့အတွက်တော့ ပတ်ဝန်းကျင်ကို ဘာမှမမြင်ရလောက်အောင် ကြီးကျယ် ပိတ်ဆီးနေမှာပေါ့။ ဘယ်ကိုမှမရောက်ဘဲ ပြောင်းပင်တွေကြားမှာပဲ လည်နေတဲ့အခါ သူကြောက်မှာပေါ့။ လေနီကြမ်းကလည်း တိုက်လိုက်သေးတော့ သူ တအားကြောက်နေမှာပေါ့။



‘ညီမလေး မကြောက်နဲ့ ညီမလေးအိမ်ကို အစ်မ လိုက်ပို့ပေးပါမယ်။ ညီမလေးအမေ ဘယ်သူတုန်း’

‘မမာမာဝင်း’

တော်ပါသေးရဲ့။ ကောင်မလေးက သူ့အမေနာမည်တော့ ရွတ်ပြတတ်နေလို့။

‘အေး အေး ဘယ်ရွာကလဲ ဆူးပုပ်ကလား’

‘အင်း’

သူ ဆူးပုပ်ရွာက ဟုတ်မဟုတ် ကျွန်မ မသိပါဘူး။ ဆူးပုပ်ရွာက လှမ်းတောင်မြင်နေရတယ်။

‘အဖော်မပါဘူးလား’

သူ ခေါင်းယမ်းတယ်။ ပြီးတော့ ဟိုးမှာလို့ လက်ညှိုးထိုးပြတယ်။

‘ဒီကို ဘယ်သူနဲ့လာတာလဲ၊ အမေနဲ့လား’ လို့မေးတော့ ခေါင်းယမ်းပြန်တယ်။ ပြီးတော့ အမေရေ ဆိုပြီး အသံတိုးတိုးလေးနဲ့ အီနေပြန်တယ်။ တစ်ယောက်ယောက်နဲ့ပါလာပြီး ကွဲသွားကြတာဖြစ်မယ်လို့ ကျွန်မ တွက်လိုက်ပါတယ်။

‘လိုက်ပို့မယ်နော်။ ညီမလေးကို အစ်မ လိုက်ပို့ပေးမယ်။ အမေ့ဆီပြန်မှာလား’

သူ့မျက်နှာနည်းနည်း ကြည်လင်သွားပြီး ခေါင်းညိတ်တယ်။

‘ညီမလေး ဒီကို ဘယ်သူနဲ့လာတာလဲ’

‘ဆရာမနဲ့’

ဆရာမဆိုတော့ ကျွန်မ နားလည်ရခက်သွားပါတယ်။

သူက သုံးနှစ်သမီးလောက်ပဲရှိတာမို့ ကျောင်းနေတဲ့အရွယ် မဟုတ်ပါဘူး။ သေချာပါတယ်။ နောက်ပြီး ဒီနေ့ ဥပုသ်နေ့ ကျောင်းပိတ်ရက်လေ။

www.burmeseclassic.com

www.burmeseclassic.com



'စာသင်တဲ့ဆရာမလား ဆေးထိုးတဲ့ဆရာမလား'

'စာသင်တဲ့ဆရာမ'

'အခု ဆရာမက ဘယ်ရောက်သွားလဲ'

'သွားပြီ။ ဟိုးဘက်ကို သွားပြီ'

ပြောပြီးတဲ့နောက် သူ့နားရွက်လေးတွေကို သူ လက်နဲ့ ဖျစ်ညှစ် ပွတ်ပြီး ငိုပြန်တယ်။ အဲဒီအချိန်ကျမှ သူ့နားရွက်လေးတွေကို ကြည့်မိတော့ ကျွန်မ လန့်ဖျပ်သွားပါတယ်။ သူ့နားက နားပေါက်ရာလေးတွေက နီရဲနေတယ်။

'ညီမလေး နားကပ်ဝတ်ထားသလား'

'မရှိတော့ဘူး'

ကျွန်မရင်ထဲဒိန်းခနဲဖြစ်သွားပြီး မူးမိုက်ပြာဝေသွားပါတယ်။ ဟောတော် နားကပ် မရှိတော့ဘူးတဲ့။ ကောင်မလေးရဲ့နားကပ်ကို တစ်ယောက်ယောက် ဖြုတ်ယူလိုက်ပြီ။

'နားကပ်ဖြုတ်သွားတာလား'

အဲဒီအချိန်ကျမှ ကလေးက အီခနဲငိုတော့တယ်။

'နာတယ် နာတယ်' တဲ့။

ဟုတ်ပါရဲ့ အလျင်စလို ဖြုတ်ခဲ့တယ်ထင်တယ်။ နားမှာ သွေးတောင်စို့နေပါတယ်။ ဖြစ်မှဖြစ်ရလေ။ ကျွန်မ ကလေးမလေးကို သနားသွားတယ်။

သူ့ခမျာ ဒူးတဆတ်ဆတ် တုန်နေတယ်။ လမ်းလျှောက်လို့ ရပုံမပေါ်ဘူး။ ဒါနဲ့ပဲ ကျွန်မသူ့ကို ပွေ့ချီပြီးပို့မှ ဖြစ်မယ်လို့ တွက်လိုက်ပါတယ်။ ကျွန်မရဲ့ ခြင်းတောင်းလေးက သနပ်ခါးတွေ သွားပို့ခဲ့ပြီးပေမဲ့ အပြန်မှာဝယ်လာတဲ့ ကုန်တွေနဲ့ လေးနေတယ်။ ကျွန်မ ကလေးရော ခြင်းတောင်းရော သယ်နိုင်ပါ့မလား။ ခြင်းကို ဒီနေရာမှာပဲ ထားခဲ့ရင် ဖြစ်မလား။ ကျွန်မ ဒွိဟိချတိုဖြစ်နေဆဲမှာပဲ အဝေး



ဆီကနေ သံပြိုင်အော်ဟစ်လာတဲ့ အသံတွေကို ကြားလိုက်ရပါတယ်။ လေပြင်းသံနဲ့ရောနေလို့ ဆူညံသံတွေကို မသဲကွဲပေမဲ့ အဲဒီထဲကနေ သမီးလေးရေ ဆိုတဲ့အသံကိုတော့ ကြားလိုက်ရသလိုပဲ။ ဒါဖြင့် ကလေးကို လာရှာကြတဲ့အဖွဲ့ဖြစ်မယ်။ တော်သေးတာပေါ့။ ကျွန်မ ဒီကနေ ကလေးကို ချီပြီးလိုက်ပို့စရာမလိုတော့ဘူး။ ဒါပေမဲ့ ကလေးကို ကျွန်မရင်ခွင်ထဲမှာ ပွေ့ထားဆဲပါ။

အသံတွေလာရာကို မှန်းဆမျှော်ကြည့်ပေမဲ့ ကျွန်မက ပြောင်းခင်းထဲမှာ ထိုင်နေတာမို့ မမြင်ရဘူး။ ဒါနဲ့ပဲ ကလေးကို ချီရင်းပဲ မတ်တတ်ရပ်ကြည့်မိတယ်။ အရပ်လေးမျက်နှာမှာ လေအနီတွေ ဝေ့ယမ်းတိုက်ခတ်နေတော့ ပြောင်းပင်တွေက တရကြမ်းယိမ်းယိုင်လှုပ်ခတ်နေကြတယ်။ ပြောင်းပင်တွေကလွဲလို့ ဘာမှ မမြင်ရဘဲ လေသံရယ် တစ်ယောက်တစ်ပေါက် အော်ဟစ်ကြုံးဝါးသံတွေရယ် အသံတွေချည်း ကြားနေရတဲ့အခါ ကျွန်မ ရင်တဒိတ်ဒိတ် ခုန်လာတယ်။ ပထမတော့ ကျွန်မတို့ဒီမှာလို့ လှမ်းအော်ဟစ်အသိပေးမလို့ပါပဲ။ ဒါပေမဲ့ အသံတွေက ကြောက်စရာကြီးပါ။ တရှင်းသံ ငန်းပြားသံ တချွင်ချွင်ကို အုပ်စုလိုက် ကြားလိုက်ရတော့ ကျွန်မ နှုတ်ခမ်းက ဘာစကားသံမှ ထွက်မလာတော့ဘူး။

အဲဒီနောက်မှာတော့ ကျွန်မတို့နဲ့ နီးနီးလာတဲ့ ခြေသံတွေ၊ ပြောင်းပင်တွေ ပြောင်းရွက်တွေကြား ဒရောသောပါး တိုးတိုက်ပွတ်ဆွဲလာတဲ့ အသံတွေ။ ကျွန်မတို့နဲ့နီးလာတဲ့ လူအုပ်ကို ဘာအုပ်စုမှန်း မတွေးတတ်တော့တာနဲ့ ကျွန်မ ပုန်းကွယ်ရမလားလို့တောင် စဉ်းစားမိတယ်။ ဒါပေမဲ့ ဒါဟာ ကလေးမလေးကို လိုက်ရှာတာက လွဲလို့ တခြားဘာမှ မဖြစ်နိုင်ဘူးလို့လည်း ပြန်တွေးမိပြန်တယ်။ မှားချင်လည်း မှားပါစေတော့ ကျွန်မ လက်မြှောက်ပြီး အော်လိုက်ပါတယ်။

'ဒီမှာ ဒီမှာ'

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်မရဲ့အော်သံက ကလေးမလေး ပြုန်းခနဲ အော်ငိုလိုက်တဲ့အသံအောက်မှာ နစ်မြုပ်သွားတယ်။

ကျွန်မတို့အနားကို ခြေသံတွေ တဖြောင်းဖြောင်း နီးကပ်လာပြီး ချက်ချင်းပဲ ကျွန်မတို့ကို သူတို့ တွေ့သွားတယ်။ ယောက်ျားတွေချည်းပဲ။ တူရွင်းတွေ ငန်းမြားတွေနဲ့။

ကလေးမလေးက လူအုပ်ကိုမြင်တော့ ကျွန်မလက်ပေါ်ကနေ အတင်း ကော့ထိုးပြီးဆင်းတယ်။

'အဖေ အဖေရေ' လို့အော်တယ်၊ အသံလေးကို ပြာလို့။

လူအုပ်အလယ်က အသားညိုညို ထောင်ထောင်မောင်းမောင်းနဲ့လူက ကလေးကို ကျွန်မလက်ထဲကနေ အတင်းဆွဲယူပွေ့ချီလိုက်တယ်။

အဲဒီအချိန်မှာပဲ ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ကြောက်စရာအခြေအနေတစ်ခုကို ရင်ဆိုင်လိုက်ရပါတယ်။ ကျွန်မကို လူနှစ်ယောက်က ဆောင့်တွန်းပစ်လိုက်တာ ပြောင်းပင်တွေထဲကို ပက်လက်လန် လဲကျသွားပါတယ်။ ကျွန်မအပေါ်ကနေ အုပ်မိုးပြီး ရွယ်ထားတဲ့ ကောက်ဆွတွေ၊ ငန်းမြားတွေ စုပြုံနေတာမို့ မိုးကောင်းကင်ကိုတောင် မမြင်ရပါဘူး။ ကျွန်မနှလုံးက မြောက်ခနဲ ခုန်တက်ပြီး လည်ပင်းဆီမှာ ဆို့တက်နင်သွားတယ်။

'တစ်ခါတည်း ရိုက်သတ်ပစ်လိုက်ဖို့ကောင်းတယ်'

'နင်ဘာလုပ်တာလဲ ကလေးကို ဘာလို့ခေါ်သွားတာလဲ'

တစ်ယောက်က ကျွန်မမျက်နှာနဲ့နီးနီး ကောက်ဆွကို ထိုးတော့မလိုဟန်နဲ့ ချိန်ရွယ်လိုက်တယ်။

ဘုရား ဘုရား။ ကျွန်မ မျက်စိတွေပြာဝေသွားအောင် ထိတ်လန့် တုန်လှုပ်သွားပါတယ်။ မှားနေပြီ။ သူတို့ မှားနေပြီ။

ကျွန်မကို ကလေးကို ခေါ်သွားတဲ့သူလို့ သူတို့ ထင်သွားပြီ၊ ဆံပင်တွေ ထောင်သွားအောင် ကြောက်လန့်ပြီး ရင်တွေ တဒိန်းဒိန်း ခုန်သွားတဲ့ခံစားမှု။ ပြီးတော့ တဆတ်ဆတ်တုန်လာတဲ့ ကိုယ်ခန္ဓာ။



'မဟုတ်ဘူး ခင်ဗျားတို့ မှားနေပြီ'

'သမီးလေး သမီးနားကပ် ဘယ်ရောက်သွားလဲ။ သမီးနားကပ် မရှိတော့ဘူး'

'ရှာကြစမ်း သူ့ဆီမှာ ရှာကြစမ်း'

သွားပြီ။ ကျွန်မတော့ တွင်းနက်ကြီးတစ်ခုထဲကို ပြုတ်ကျသွားပြီလို့ တုန်လှုပ်သွားတယ်။ အခုချက်ချင်း သူတို့ကို တုန့်ပြန်ရင် တုန့်ပြန်။ အဲလိုမဟုတ်လို့ကတော့ ကျွန်မရဲ့ အခြေအနေကို မတွေးဝံ့တော့ပါဘူး။

ရှိသမျှ သတ္တိကိုစုစည်းပြီး သူတို့အော်ပြောနေတဲ့အသံတွေအားလုံးကို ကျော်သွားအောင် ကျွန်မ အော်ဟစ်ပစ်လိုက်တယ်။

'နေကြစမ်းပါဦးဗျာ'

ကျွန်မ ပက်လက်ကနေ လုံးဝနေရာမရွှေ့ရဲပေမဲ့ ကျွန်မအသံကို ခြစ်ခြုတ်ပြီး အော်ဟစ်ပစ်လိုက်နိုင်ပါတယ်။ ကျွန်မ အသံကြောင့် တစ်ခဏတော့ ဒေါသစကားတွေရပ်သွားတယ်။ အဲဒီအချိန်မှာ ကျွန်မ ကမန်းကတန်း စကားပြောရပါတယ်။

'စဉ်းစဉ်းစားစား ဆုံးဖြတ်ကြပါ။ ခင်ဗျားတို့ကလေး ဟောဒီနေရာမှာငိုနေတာတွေ့လို့ ကျွန်တော် ကူညီဖို့ ရောက်လာတာ။ သူ့ကို ဒီနေရာခေါ်လာတာ ကျွန်တော် မဟုတ်ဘူး။ ကလေးကို သေသေချာချာမေးပြီးမှ ဆုံးဖြတ်ကြပါ။ ကျွန်တော် ဘယ်မှ ထွက်မပြေးဘူး။ ကျွန်တော် ဖောင်းလင်းရွာသူ'

ရန်လိုတဲ့ ကြမ်းတမ်းတဲ့မျက်လုံး အကြည့်တွေတော့ လျော့မသွားသေးဘူး။ ဒါပေမဲ့ ချိန်ရွယ်ထားတဲ့ ငန်းမြားတွေ၊ ကောက်ဆွတွေကိုတော့ ဘေးကို ပြန်ချ ကိုင်လိုက်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သူ့ကိုယ်မှာ ရှာကြဦး'

'မပြေးစေနဲ့'

တစ်ခုခုကို ကြိုတင်ဒေါသထွက်နေတဲ့ အုပ်စုစိတ်ဓာတ်ကြီးကို ကျွန်မ ကြောက်ပါတယ်။ လူတွေဟာ အုပ်စုကြီး ကြီးလာပြီဆိုရင် ဘာကိုမှ စဉ်းစားတွေးခေါ်မနေတော့ဘူး။ အများနဲ့ အော်သံညာသံနဲ့ မဖြစ်သင့်တာတွေဖြစ်ဖြစ်သွားတဲ့ သာဓကတွေ အများကြီးကြားဖူးပါတယ်။ အဲဒီလူအုပ် ဒေါသ ထွက်နေမယ်။ ကိုယ့်ကိုလဲ အထင်လွဲ စွပ်စွဲနေမယ်ဆိုရင် အဲဒီရလဒ်က ဘယ်လိုနည်းနဲ့မှ ကောင်းစရာမရှိဘူး။ သူတို့မှာ တုတ်တွေဓားတွေပါနေပြီဆိုရင်တော့ အဆိုးဆုံးပါပဲ။

ဒီလိုအချိန်မှာ ကျွန်မ သတ္တိကြောင်ပြီး ကြောက်အားလန့်အားဖြစ်နေမယ်၊ ထွက်ပြေးဖို့ကြိုးစားမယ် ဆိုရင် သူတို့က ကျွန်မကို ဝိုင်းရိုက်ကြဖို့ ဝန်လေးမှာမဟုတ်ဘူး။ ဖြေရှင်းတာက နောက်မှ၊ ကျွန်မက အရင်သေမှာ။ လက်လွန်သွားတဲ့အဖြစ်တွေ ကျွန်မ ခဏခဏကြားဖူးပါတယ်။ အခု သူတို့ ကျွန်မကိုယ်မှာ နားကပ်ကိုရှာကြတော့မှာလား။ မိန်းမတစ်ယောက်မှမပါတဲ့ ယောကျာ်းအုပ်စုက ကျွန်မကို ဘယ်လိုရှာဖွေကြမှာလဲ။ ကျွန်မ ရင်ထဲမှာ ပူလောင်သွားတော့တယ်။

ဒါပေမဲ့ ကျွန်မစာအုပ်တစ်အုပ်ထဲမှာဖတ်ဖူးတယ်။ အမှန်ပြောတဲ့သူကို တရားက စောင့်ရှောက်တယ် တဲ့။

'ကျွန်တော်က ခင်ဗျားတို့လက်ထဲမှာပဲ။ ဘယ်မှ ထွက်ပြေးနိုင်တာမဟုတ်ဘူး။ ဒီတော့ နားကပ်ကိစ္စ မစဉ်းစားခင် ကလေးကို အရင် မေးကြည့်ပါဦးလား။ သူ့ကို ဘယ်သူက ခေါ်သွားသလဲလို့။ ကလေးက စကားပြောတတ်နေပြီပဲ၊ အေးအေးဆေးဆေးလုပ်ပါ။ စဉ်းစဉ်းစားစား တွေးကြပါဦး။ ကလေးကို ကျွန်တော်မေးကြည့်ပြီးသားပါ၊ သူ ပြောတာကတော့ သူ့ကို ခေါ်လာတဲ့သူက ဆရာမတဲ့၊ ဆေးထိုးတဲ့ ဆရာမ မဟုတ်ဘူး၊ စာသင်တဲ့ ဆရာမ တဲ့'



သူတို့အုပ်စု နောက်ကို ခြေတစ်လှမ်းနှစ်လှမ်း ပြန်ဆုတ်လိုက်ကြတယ်၊ ကျွန်မ ပက်လက်လဲနေရာကနေ ဖြည်းဖြည်းချင်း ထထိုင်လိုက်ပါတယ်၊ အမြန်ထရင် ထွက်ပြေးမယ် ထင်မှာစိုးလို့ပါ၊

မကြာသေးခင်က ဂျာနယ်တစ်ခုထဲမှာ ဖတ်လိုက်ရတဲ့ အဖြစ်အပျက်တစ်ခုကို မမေ့နိုင်ဘူး၊ ပါကစ္စတန်နိုင်ငံမှာလားမသိ၊ မျက်စိလည် လမ်းမှားပြီး ပျောက်သွားတဲ့ကလေးကို တွေ့လို့ ကူညီပြီး အိမ်ပြန်ပို့ပေးဖို့လုပ်တဲ့ လူငယ်တစ်ယောက်ကို လိုက်ရှာတဲ့ ရွာသားတွေက ဖြေရှင်းခွင့်မပေးဘဲ ဝိုင်းရိုက်ပစ်လိုက်ကြတာ အသက်သေသွားတဲ့အထိပဲ၊ တကယ်လို့များ ကျွန်မ ယောကျာ်းလေး ဖြစ်နေခဲ့မယ်ဆိုရင် ဘာမှမမေးခင်မှာ သေတဲ့အထိ ရိုက်သတ်ပစ်ကြမှာလား၊

ဥပဒေအရအရေးယူဖို့ ဖမ်းဆီးတာမျိုးပဲ သူတို့ လုပ်ခွင့်ရှိတယ်ဆိုတာကို လူတော်တော်များများက သတိမထားမိကြဘူး၊ ကိုယ့်ဟာကိုယ်ပဲ အပြစ်ပေးချင်ကြတယ်၊ ဒေါသကြီးနေတဲ့ လူအုပ်ကို မသက်သာခံရတဲ့သူက ဖြေရှင်းခွင့်ရဖို့ဆိုတာ ဖြစ်တောင်ဖြစ်ခဲကိစ္စပါ၊

ကလေးကို မေးမြန်းကြည့်တဲ့အခါမှာ ကလေးက ကျွန်မကို ပြောခဲ့သလိုပဲ ကျောင်းဆရာမလို့ ပြောတယ်၊

'ဟာ ဆရာမတဲ့ ဘယ်ဆရာမလဲ၊ ဒေါ်ယဉ်နွယ်တော့ မဟုတ်နိုင်ဘူး၊ အသစ်ရောက်လာတဲ့ ဒေါ်ခင်ညိုလား'

သူတို့ တစ်ယောက်တစ်ပေါက်ပြောနေတယ်၊ ဒီနေ့ဟာ ဥပုသ်နေ့ဆိုတာ သူတို့ မေ့နေခဲ့လို့ဖြစ်မှာပါ၊ တစ်ယောက်က ဝင်ပြောတယ်။

'ဆူးပုပ်ရွာက ကျောင်းဆရာမတော့ မဖြစ်နိုင်ပါဘူး' တဲ့၊

ဒါနဲ့ ကျွန်မလည်း အကွက်ရသွားပြီး သူတို့ကို မေးရှင်းဖြေရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်က ကျောင်းဆရာမမှ ဟုတ်မှာမဟုတ်ပါဘူး။ ဒီနေ့ ဥပုသ်နေ့၊ နောက်ပြီး ကျောင်းဆရာမဆိုတာ အကျင့်သိက္ခာနဲ့ နေတာ။ ကရုလေးတွေကို အမှားကနေ အမှန်ကိုရောက်အောင် သွန်သင်ဆုံးမနေတာ၊ ဘယ်လောက်ပဲ အခက်အခဲတွေ့တွေ့ ကလေး တစ်ယောက်ဆီက နားကပ်ကို ချွတ်ယူရလောက်အောင် ဘယ် ကျောင်းဆရာ ဆရာမမှ အကျင့်မပျက်ဘူး'

ကျွန်မ အသံကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် သတိထားပြီး ပြောပြလိုက်ပါတယ်၊

'နောက်ပြီး အဲဒီမိန်းမဟာ သူစိမ်းပဲဖြစ်မယ်၊ သူစိမ်းမဟုတ်ရင် ကလေးမလေးက တစ်ချိန်ချိန် သူ့ကို မှတ်မိသွားမှာကြောက်လို့ ကလေးကို သတ်ပစ်ခဲ့မှာပေါ့' ကျွန်မ ပြောပြလိုက်တယ်။

သူတို့ တော်တော်လန့်သွားပါတယ်။

'အဲဒါမှန်တယ်' လို့ လူနှစ်ယောက်သုံးယောက်က ထောက်ခံတော့ ကျွန်မ နည်းနည်း အသက်ရှူချောင်သွားတယ်၊ ကလေးအမေကတော့ ကလေးကိုပွေ့ချီပြီး မျက်ရည်တွေ ဝိုင်းလည်နေတော့တယ်။

'ကလေးကို ရွှေမဆင်ပါနဲ့လို့ ကျုပ်ပြောသားပဲဗျာ'

'သူ့အမေ သူ့အမေ'

'နေပါဦး အဲဒီဆရာမဆိုသာ ဒီဟာမလေး မဖြစ်နိုင်ဘူးလား'

'ကိုကံထူးကလည်း ဆရာမဆိုတာ ထမိစိမ်းနဲ့အင်္ကျီဖြူဝတ်ထားလို့ပေါ့ဗျ'

'ဟုတ်ပါပြီလေ။ ဒီကောင်မလေး နဂိုကထမိစိမ်းနဲ့အင်္ကျီဖြူဝတ်ထားပြီး အခုမှ လဲပစ်လိုက်ရင်ကော'

မေးတဲ့သူက ကြဲကြဲဖန်ဖန်မေးတော့ ကျွန်မ ထိတ်ခနဲ ရင်



တုန်သွားပြန်တယ်၊

'ကလေးက မျက်နှာကိုမှတ်မိမှာပါ။ သူ့နားကပ်ကို အတင်းချွတ်သွားတဲ့သူ ကျွန်တော်ဟုတ်လားမဟုတ်လား၊ သေချာမေးပါ'

သူတို့ကို မျက်နှာထားခပ်တင်းတင်းနဲ့ ပြောပစ်လိုက်မိပြီးမှ ကျွန်မ ကိုယ့်ကိုယ်ကို ပြန်ထိန်းပြီး လေသံကို လျှော့ချပစ်ရပါတယ်။

'ဟောဟိုမှာ ကျွန်တော့်ခြင်းတောင်း၊ ဦးတို့ ရှာကြည့်ပါ။ ဘာ မသင်္ကာစရာတွေ့မလဲလို့၊ ဒါနဲ့မှ ကျွန်တော့်ကို မသင်္ကာသေးရင် ရဲစခန်းဖြစ်ဖြစ် ရယကဆီဖြစ်ဖြစ် ခေါ်သွားပါ။ ကျွန်တော် လိုက်ဖို့ အဆင်သင့်ပဲ'

ကျွန်မပြောပြလိုက်တော့ သူတို့ သဘောတူကြတယ်၊

ရွာရဲ့ဥက္ကဋ္ဌကို သူတို့ ချက်ချင်းတိုင်ကြတယ်၊ ကျွန်မ လိုက် သွားပါတယ်၊

'ရွာမှာ ဘယ်သူ့အိမ် သူစိမ်းမိန်းမ လာသေးလဲ'

ဥက္ကဋ္ဌက အားလုံးကို မေးတယ်။ အဲဒီနေ့က ဆူးပုပ်ကိုလာလည်မိတဲ့ မိန်းမညွှန့်သည်တွေတော့ ကံဆိုးပြီပဲ၊ သူတို့ပြောနေတဲ့ အထဲကနေ ရွာမှာ စပါးကြွေးချထားပြီး လာတောင်းတဲ့ မြို့က ငွေရှင်တွေကို ဖယ်လိုက်ကြတယ်၊ သာမန်ဈေးလာရောင်းတဲ့ လာနေကျ ဖောက်သည်တွေကိုလည်း ဖယ်လိုက်ကြတယ်။ ကံအဆိုးဆုံး မိန်းမ တစ်ယောက်ကတော့ အနှိပ်သည်ပဲ၊ လေဖြတ်ထားတဲ့အဘွားကြီး တစ်ယောက်ကို လာနှိပ်တဲ့မိန်းမကို သူတို့ မယုံသင်္ကာဖြစ်သွားကြတယ်၊ အဲဒီမိန်းမကို အနှိပ်ခံမိတဲ့အိမ်ကလည်း မျက်နှာကို ငယ်လို့၊ ဟိုအက်ရွာကို လူလွှတ်ပြီးခေါ်ခိုင်းကြတယ်၊ အော် အနှိပ်သည်ဆိုတော့လည်း မျက်နှာငယ်ရတာပေါ့နော်၊ ကျွန်မ စိတ်မကောင်းပါဘူး၊ အဲဒီအနှိပ်သည်မိန်းမကို ကျွန်မ မမြင်ဖူးပါဘူး၊ ဒါပေမဲ့ နာမည်ရဲ မယ်လို့ သိတယ်၊ ဆင်းရဲတဲ့မိန်းမတစ်ယောက် အမှုကျ ခံရတော့မယ်ဆိုတော့ စွမ်းတယ်

www.burmeseclassic.com



ဆိုတာကို မဖြစ်စေချင်ဘူး။

ရွှေချင်ပဲ လို့ သူ့ကိုယ်သူပြောတဲ့ ကလေးနာမည်က ရွှေစင်ပုလဲ တဲ့။

'ကလေးကိုဆင်ထားတာ ဘယ်လို နားကပ်မျိုးလဲ'

အဲဒီမေးခွန်းကို မေးလိုက်တာက ရယက ဉက္ကဋ္ဌပါ။

'ကျောက်နီနားကပ်လေးပါ။ ရွှေက နှစ်ဖက်လုံးပေါင်းရင် တစ်မတ်သားလောက်ရှိတယ်။ ကျောက်နီက ကြည်ပြီးရဲတွတ်နေတာ စွန်ကုတ်ငါးခုနဲ့ကုတ်ထားတာပါ'

'ကျောက်အလုံးကရော ဘယ်လောက်ကြီးလဲ'

'ကလေးလက်သန်း လက်သည်းခွံလောက်ရှိမယ်'

အဲဒီနောက် ရွှေစင်ပုလဲရဲ့ ပြုံးနေတဲ့ အနီးကပ်ဓာတ်ပုံကို ယူလာပြပါတယ်။ ကျွန်မနဲ့မဆိုင်ဘူးလို့ နာနာကျည်းကျည်း ခံစားနေရပေမဲ့ အဲဒီဓာတ်ပုံကိုတော့ ခဏဆိုပြီး ယူကြည့်မိတယ်။ နားကပ်လေးက တော်တော်လှပါတယ်။ ကျွန်မငယ်ငယ်တုန်းက အမေဆင်ခဲ့တဲ့ ကျောက်စိမ်းနားပွင့်လေးထက် သုံးဆလောက် ကြီးပါလိမ့်မယ်။

အဲဒီနောက် ရွှေစင့်ကို အဖြစ်အပျက် ဖြည်းဖြည်းချင်း ချော့မေးကြတော့တယ်။

ရွှေစင်က သူမှတ်မိတာတွေကို တဖြည်းဖြည်း ပြန်ပြောပြတယ်။ သူ့ကို အမေခေါ်လို့ဆိုပြီး ခေါ်သွားတုန်းက အမေ့နာမည် မပြောသွားဘူးတဲ့။ ဒါဖြင့် သူ့ကို မမာမာဝင်းသမီးအဖြစ် သိနေတဲ့သူတော့ မဟုတ်နိုင်တော့ဘူးပေါ့။ အမေကခေါ်လို့လို့ ပြောတဲ့အခါ ကလေး အလွယ်တကူလိုက်သွားတာကို ကြည့်ရင် အိမ်နဲ့ ဝေးတဲ့နေရာများဖြစ်နေမလား၊ စဉ်းစားပါဦး။ အိမ်နဲ့နီးရင် ကလေးက သူ့အိမ်နဲ့ ဝေးရာဘက် လိုက်ပါ့မလား။ အဲဒီအချိန်တုန်းက ကလေး ဘယ်ရောက်နေလဲ။



ကလေးက မုန့်သွားဝယ်တာတဲ့။ မုန့်ဆိုင်ရှိတဲ့အိမ်က သိပ်မဝေးဘူး။ လေးငါးအိမ်ကျော်မှာပဲတဲ့။ ဒါနဲ့ အဲဒီမုန့်ဆိုင်ပိုင်ရှင်အဒေါ်ကြီးကို မေးကြပြန်တယ်။ အဒေါ်ကြီးက ကလေးကို မုန့်ရောင်းလိုက်ပြီးတဲ့နောက်မှာ ကလေးက အိမ်ဘက်ကို ပြန်သွားတာလို့ ဖြေပါတယ်။ မုန့်ဆိုင်နဲ့ အိမ်နဲ့ ဒီလေးငါးအိမ် အကြားမှာ ကလေးကို ဖမ်းခံလိုက်ရတာ။

ဆူးပုပ်ရွာက ကျွန်မတို့ဖောင်းလင်းကျေးရွာအုပ်စု မဟုတ်ဘူး။ မန်ကျည်းပင်ပုကျေးရွာအုပ်စုပါ။ ဒါကြောင့် မန်ကျည်းပင်ပုသက်ဆိုင်ရာကို တိုင်ကြတယ်။ မန်ကျည်းပင်ပုကနေ စလင်း ရဲစခန်းကို ထပ်အကြောင်းကြားဖို့ အဆင့်ဆင့် လွှလွှတ်ရတယ်။

မန်ကျည်းပင်ပု ဆိုတဲ့စကားလုံးကို ကြားလိုက်တော့ ကျွန်မဘာရုံထဲမှာ လက်ခနဲခံစားလိုက်ရတယ်။ မန်ကျည်းပင်ပုရွာကို ကျွန်မဖြတ်လာခဲ့ရတာပဲ။ ရွာအထွက်မှာ ကျွန်မ တွေ့ခဲ့တဲ့လူတွေကို ပြန်စဉ်းစားကြည့်တယ်။ ကလေးသုံးယောက်၊ အကြီးမလေးက သူ့အငယ်ကလေးလေးတစ်ယောက်ကို ခါးထစ်ခွင် ချီထားတယ်။ နောက်တစ်ယောက်ကို သူ့လက်က ဆွဲထားတယ်။ သူတို့ ရွာထဲဘက်ကို သွားနေကြတယ်။ လမ်းလျှောက်နေတဲ့အငယ်တစ်ယောက် လက်မှာ တောပန်းလေးတွေ ကိုင်ထားတယ်၊ နေဦး ဆိုက်ကယ်တစ်စီး ကျွန်မကို ဖြတ်ကျော်ပြီး စလင်းဘက်မောင်းသွားတယ်။ ဒါပေမဲ့ အဲဒီ ဆိုက်ကယ်ပေါ်မှာ မောင်းတဲ့လူကော နောက်ကထိုင်လိုက်တဲ့လူကော ယောကျ်ားတွေချည်းပဲလားလို့။

အို မေ့နေလိုက်တာ။ ကျွန်မ မိန်းမတစ်ယောက်ကို တွေ့ခဲ့တယ်လေ။ အဲဒီမိန်းမက မန်ကျည်းပင်ပုအတွက် မြောင်းကြီးဘေးမှာ မြောင်းဘောင်လမ်းအတိုင်း ချိုးကွေ့ပြီးလျှောက်သွားတာ၊ ယမတော့ ပေါင်းပေါ်မှာ ကျွန်မနဲ့ဆုံတာ၊ သူက မန်ကျည်းပင်ပုဘက်

www.burmeseclassic.com

www.burmeseclassic.com


အလာ ကျွန်မက ဆူးပုပ်ဘက်အသွား။ ပေါင်းပေါ်ကနေ ကျွန်မက ဒီဘက်အဆင်း သူက ဟိုဘက်အဆင်း။ ဒါပေမဲ့ သူက စလင်းကို သွားတဲ့ ရွာလမ်းအတိုင်းမသွားဘဲနဲ့ မြောင်းဘေးက ဘောင် တစ်လျှောက်သွားဖို့ ချိုးကွေ့လိုက်တာကို ကျွန်မ မှတ်မိတယ်။ ဟင့်အင်း အဲဒီမိန်းမဟာ ကျောင်းစိမ်းထမီကို ဝတ်မထားပါဘူး။ သူ ဝတ်ထားတာဘာပါလိမ့်၊ ချည်ထည်ပွင့်ရိုက်တစ်ခုခုပဲ။

အဲဒီမိန်းမ လက်ထဲမှာ ဘာပါသလဲ၊ သူ့အကျီကြ အဖြူလား။ အို ကျွန်မမှတ်ဉာဏ်တွေ ကောင်းတယ်လို့ထင်နေခဲ့တာ၊ အခုတော့ တော်တော်တုံးတဲ့ဉာဏ်ပါလား၊ ဘာကိုမှ အတိအကျ သတိမရလာဘူး။ နေဦး ကျွန်မ သိလိုက်တာတစ်ခုက သူ ရွာလမ်းကို ရှောင်ပြီး မြောင်းဘောင်လမ်းက သွားခဲ့တာ၊ အဲဒီမြောင်းဘောင်အတိုင်း ဆက်သွားရင် မြေပဲခင်းတွေဘက်ပဲ ရောက်မှာ၊

သူ့မျက်နှာ။

သူ့မျက်နှာကို ကျွန်မ အသေအချာမမြင်လိုက်ပါဘူး၊ အဲဒီအချိန်မှာ ကျွန်မက ကောင်းကင်တစ်ခုလုံး နီဝါရောင်သန်းနေတာမို့ လေတိုက်တော့မယ်ဆိုတာသိလို့ ခြေလှမ်းကို အပြေးအလွှားလှမ်းနေတဲ့အချိန်၊ သူကလည်း အပြေးအလွှားလှမ်းနေတဲ့အချိန်မို့ တစ်ယောက်နဲ့တစ်ယောက် ပေါင်းပေါ်မှာဆုံတဲ့အချိန်ဟာ စက္ကန့်ပိုင်းလောက်ပဲ ရှိမှာပေါ့၊ သူ့မျက်နှာကို ကျွန်မ မမှတ်မိပေမဲ့ သူနဲ့ တစ်ချက်တော့ အကြည့်ချင်းဆုံလိုက်တာ မှတ်မိတယ်၊ မျက်နှာသွင်ပြင်ကိုမမှတ်မိပါဘူး၊ မျက်လုံးကိုတော့ မှတ်မိတယ်၊ အဲဒီမျက်လုံးက ကောက်ကျစ်ရက်စက်တဲ့မျက်လုံးမျိုးမဟုတ်ပါဘူး၊ ဒါပေမဲ့ အေးအေးဆေးဆေး ဖော်ရွေတဲ့ ရွာသူရွာသားမျက်လုံးမျိုးလည်း မဟုတ်ဘူး၊ ဘယ်လို မျက်လုံးမျိုးပါလိမ့်၊ ကျွန်မ စဉ်းစားပုံဖော်ကြည့်တော့ နီးနီးစပ်စပ် ပြောနိုင်တာတစ်ခုက ဘာကိုမှ ဂရုမစိုက်မိတဲ့ ဗလာ သက် သက် မျက်လုံးမျိုး။

ကျွန်မ အဲဒီမိန်းမနဲ့လမ်းမှာ ဆုံမိတဲ့အကြောင်း ပြောလိုက်ရမလား၊ ဒါပေမဲ့ သူတို့ကလည်း ကျွန်မကို တစ်ခွန်းမှ မမေး၊ ကျွန်မကလည်း ဒီမိန်းမပါလို့ တပ်အပ်သေချာမစွပ်စွဲနိုင်ဘူးလေ၊ ဒါပေမဲ့ အနိုပ်သည်ကိုတောင် သူတို့ ခေါ်ခိုင်းနေပြီဆိုတော့ အဲဒီမိန်းမနောက်ကို သူတို့လိုက်မေးလို့ ဖြစ်တာပဲ၊ မဟုတ်ရင် မဟုတ်တဲ့အတိုင်း ဖြေရှင်းလိမ့်မယ်ပေါ့။ ဟင့်အင်း ကျွန်မ ကိုယ်ချင်းစာပါတယ်၊ ကျွန်မက မှားယောင်းသွေးဆောင်ပြီး နားကပ်လုတယ်လို့ ထင်ခံရတော့ ကျွန်မ ဘယ်လောက်ထိ နာကျင်တုန်လှုပ်ခဲ့ရသလဲ၊ ကျွန်မကြောင့် အပြစ်မဲ့တဲ့လူတစ်ယောက် ထိခိုက်နစ်နာမှာကို ကျွန်မ လုပ်မှာလား၊ အခုလိုကိုယ်တိုင်ခံရပြီးတဲ့နောက်မှာ လုပ်ရက်ဦးမှာလား။

ယောက်ျားနှစ်ယောက်ဘေးက ခြံရံလို့ အနှိပ်သည် မိန်းမ ပါလာတော့ အသက်ကြီးကြီး အဒေါ်ကြီး ဖြစ်နေတယ်။ အဒေါ်ကြီး မျက်နှာက ငိုတော့မလိုပဲ။ အသားအရေ ခပ်မွဲမွဲ၊ ပိန်ပိန် ကိုင်းကိုင်း။ လမ်းလျှောက်တဲ့အခါ ခြေတစ်ဖက် နဲ့နဲ့ဆာပြီး တုန့်နှေး တုန့်နှေး လျှောက်ရတယ်။ အဒေါ်ကြီးပါးစပ်က အသံထွက်ပြီး တတွတ်တွတ် ရွတ်ဆိုလာတာ နမောတေ ဂါထာပါ။

ကျွန်မထိုင်နေတဲ့ ထန်းလက်ပက်လက်ကုလားထိုင်ကို အဒေါ်ကြီးကို ပေးထိုင်လိုက်ပြီး ကျွန်မက ဘေးနားက ကွပ်ပျစ်ပေါ်မှာ ထိုင်လိုက်ပါတယ်။

'အသက်တစ်ရာမနေရ အမှုတစ်ရာပွေ့ရသတဲ့။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့တကွ နတ်ဒေဝတာများ ကူညီမှိုင်းမတော်မူပါ။ ဘုရားကျွန်မ တစ်သက်တာမှာ သူတစ်ပါးပစ္စည်းဆိုလို့ အပ်ချည်တစ်ချောင်းတောင် မယူခဲ့ရပါဘူး၊ ဤမှန်သောသစ္စာစကားကြောင့် အခုရင်ဆိုင်ရတဲ့ အကြပ်အတည်း အနှောင်အဖွဲ့မှ လွတ်မြောက်ရ

www.burmeseclassic.com

www.burmeseclassic.com



ပါလိုင်၏ အရှင်ဘုရား'

'ဒေါ်ကြီးကို ဘယ်သူမှ ချုပ်နှောင်ထားတာမဟုတ်ပါဘူး။ မေးမြန်းစစ်ဆေးရုံလေးပါ'

'ကျုပ်အိမ်မှာလည်း မောင်ရင်တို့ ရှာခဲ့ပြီးပြီ။ အခုလည်း ဘာတွေလုပ်ကြဦးမှာလဲ'

ကျွန်မအသက်ငယ်သေးတာမို့ လူကဲခတ် မှားချင် မှားနိုင်ပါ လိမ့်မယ်။ ဒါပေမဲ့ အခုအဒေါ်ကြီးရဲ့ မျက်ရည်လျှံနေတဲ့ မျက်လုံးတွေမှာ အပြစ်ကင်းစင်မှုနဲ့ မသိနားမလည်မှုတွေ စိုးရိမ်သောက ဗျာပါဒတွေကို မြင်လိုက်တယ်။ သူ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူးလို့ ကျွန်မ ယူဆလိုက်တယ်။

ကလေးကို 'သူလား'လို့ မေးတော့ ကလေးက ခေါင်းခါတယ်။ အဒေါ်ကြီးကို မေးမြန်းနေတဲ့မေးခွန်းတွေကို နားထောင်ရင်း ကျွန်မ မန်ကျည်းပင်ပုပေါင်းထက်မှာ ရင်ဆိုင်တွေ့ခဲ့ရတဲ့မိန်းမကိုပဲ အာရုံထဲမှာ ပြန်ဖော်ကြည့်နေမိတယ်။

အရေးကြီးတဲ့မေးခွန်းတစ်ခုကို သူတို့မေးဖို့ မေ့နေကြတယ်။ ကျွန်မ စလင်းကနေအလာလမ်းပေါ်မှာ မိန်းမတစ်ယောက်ယောက်နဲ့ ဆုံမိသလား ဆိုတဲ့မေးခွန်းပဲ။ သူတို့က အဲလိုမေးလာရင်တော့ ကျွန်မက မြင်ခဲ့သမျှကို ဖြေလိုက်တော့မယ်။ ဒါပေမဲ့ သူတို့မမေးဘဲနဲ့ တကယ်ဟုတ်လားမဟုတ်လား မသိတဲ့ မိန်းမကို ကျွန်မကစပြီး ဆွဲမထည့်ချင်ပါဘူး။

စလင်းမှာရှိသမျှ ရွှေဆိုင်တွေကို ရဲတွေက လိုက်ပြီးမေးမြန်းစုံစမ်းကြလိမ့်မယ်လို့ ပြောတယ်။ တချို့ရွှေဆိုင်တွေက ဥပုသ်နေ့ပိတ်တယ်။ အပေါင်ဆိုင်က ဥပုသ်နေ့ပိတ်တယ်။ ဒီနေ့တော့ နားကပ်ကို ချက်ချင်းရောင်းမှာမဟုတ်ဘူးလို့ လူတချို့က ထင်မြင်ချက် ပေးတယ်။ လူတချို့ကတော့ 'မဟုတ်ဘူး။ ဒီနေ့ ချက်ချင်းရောင်းမှ ဒါမှ



မဟုတ် ပေါင်မှ လူမမိမှာ။ သူ တတ်နိုင်သမျှ မြန်မြန်ပေါင်ချင် ရောင်းချင်လိမ့်မယ်' တဲ့။

ဟုတ်တယ်။ ကျွန်မသာဆိုရင်လည်း လူ မမိခင် ချက်ချင်း လက်ထဲကနေ လွှဲပြောင်း ထုတ်ပစ်လိုက်ချင်မှာပဲ။

အဲဒီမှာ ကျွန်မ အဘွားအုန်းကို သတိရသွားတယ်။

ကျွန်မတို့ရွာက ကျောင်းသူ သက်မွန်ကို အဆောင်ငှားပြီး လက်ခံပေးထားတဲ့ အိမ်ရှင်ရဲ့အမေ အဘွားအုန်းက ရွှေပေါင်ခံတာတို့ ဘာတို့ လုပ်တယ်။ မြို့ပေါ်က တချို့အပေါင်ခံသူတွေက ရွှေစစ်မစစ် အဘွားကို လာလာပြလေ့ရှိတယ်။ အဘွားကကြည့်ပြီး အဆုံးအဖြတ်ပေးတယ်။ တစ်ခါတစ်ခါ အပေါင်ငွေပေးရမဲ့ ပမာဏကိုပါ ဆုံးဖြတ်နိုင်းချင်နိုင်းသေးတာ။ အဲဒီအဘွားကို မေးကြည့်ရင် ကောင်းမယ်နော်။ ဒီနေ့နေ့လည်ပိုင်းမှာ ဘယ်သူတွေများ အဘွားဆီ ပစ္စည်းလာပြသေးလဲ။ အဘွားဘာတွေ ဆုံးဖြတ်ပေးလိုက်ရသေးလဲ။

ကျွန်မလေ ထိုင်နေရင်းကနေ စိတ်မသက်မသာဖြစ်လာတယ်။ အဘွားနာမည်ကိုလည်း သူတို့ကို ပြောမပြနိုင်ဘူး။ တစ်ဖက်မှာကလည်း ကျွန်မကို လွှတ်လွှတ်ကင်းကင်းကြီး သူတို့ စိတ်ချ ယုံကြည်သေးတာမဟုတ်ဘူး။ ကလေးရဲ့ ထွက်ဆိုချက်က သံသယမရှိ လက်ခံရလောက်အောင် မခိုင်လုံနိုင်ဘူးတဲ့။ ကဲ မခက်ဘူးလား။

ကျွန်မကို ကိုယ်ခန္ဓာထိခိုက်နာကျင်အောင် အရိုက်အနှက် မခံရတာကိုပဲ ကံကောင်းလှပြီလို့ ကျွန်မ တွက်ပါတယ်။ ကျွန်မရဲ့ အဝတ်အစားက ခပ်နွမ်းနွမ်း။ ခြင်းတောင်းထဲမှာပါတဲ့အရာတွေကလည်း ကရေကရာတို့ ပဲကြော်ထုပ်တို့ ရောက်ယိုတို့ဆိုတော့ အဖိုးတန်အရာတွေမဟုတ်ဘူး။ ကျွန်မ ကိုယ်တိုင်မဟုတ်ရင်တောင် ကြုံပါတော့ ဖြစ်နိုင်ချေရှိတယ်လို့ တွက်သလားမသိပါဘူး။ ကျွန်မကို သူတို့ အိမ်ပြန်မလွှတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဒီမှာ တရားခံမမိမချင်းထိုင်နေရမှာလား။ ကျွန်မ ဆယ်တန်းကျောင်းသူပါ။ မနက်ဖြန်လည်း ကျောင်းတက်ရပါဦးမယ်။ ဒီတော့ တစ်ယောက်ယောက်က ကျွန်မအတွက် အာမခံပေးရင် အိမ်ပြန်ခွင့်ရနိုင်မလား'

အခွင့်အာဏာရှိသူတွေနဲ့ ရွာလူကြီးတွေက တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၊ ပေးသင့်မပေးသင့် တိုင်ပင်ကြတယ်။

'အာမခံပေးမဲ့သူရဲ့ဂုဏ်သိက္ခာကို ကြည့်ပြီး လက်ခံသင့်ရင် လက်ခံကြတာပေါ့' လို့ သူတို့ ဆုံးဖြတ်ကြတယ်။

'ဖောင်းလင်း တွဲဘက်အလယ်တန်းကျောင်းက ကျောင်းအုပ်ဆရာကြီး ဦးသန့်စင်ပါ။ သူ့တပည့်ဖြစ်ခဲ့တဲ့ အေးငြိမ်းမေ အကြောင်းကို ဆရာ ကောင်းကောင်းသိပါတယ်'

ဆရာ့နာမည်ကို ကြားလိုက်တော့ သူတို့ နည်းနည်း ငြိမ်သွားတယ်။ ဆရာ့ဆီ လူငယ်တစ်ယောက်ကို လွှတ်ပါတယ်။ ကျွန်မတို့ ရွာတွေမှာ တယ်လီဖုန်းမရှိလို့ တစ်နေရာနဲ့တစ်နေရာ ခေါ်ချင် ဆက်သွယ်ချင်ရင် အခုထိ လူတွေပဲလွှတ်နေရတုန်းပါ။ သူတို့ရွာနဲ့ ကျွန်မတို့ရွာက ဆိုင်ကယ်နဲ့သွားရင် ဆယ့်ငါးမိနစ်လောက်ပဲ ကြာတယ်။

ကောင်လေးမောင်းလာတဲ့ဆိုင်ကယ်နောက်မှာ နောက်ထပ် ဆိုင်ကယ်နှစ်စီးပါလာပါတယ်။ အနက်ရောင်ဆိုင်ကယ်က ဆရာဦးသန့်စင်ရဲ့ဆိုင်ကယ်။ ဆရာ့ကို မြင်လိုက်ရတော့ ကျွန်မ ဝမ်းသာလိုက်တာ၊ မြန်းခနဲ မတ်တတ်ထရပ်မိတယ်။ နောက်ထပ် ဆိုင်ကယ်တစ်စီး၊ အို အဲဒါက ကျွန်မတို့ ရွာလူကြီး ရယကဥက္ကဋ္ဌဦးမြဟန်ပါလား။ ဦးမြဟန် ဆိုင်ကယ် နောက်ထိုင်ခုံမှာတော့ ဘယ်လိုမှထင်မထားခဲ့တဲ့ အသွေးအရောင်တစ်ခု၊ လေနဲ့လွှပ်ရှားနေတဲ့ သင်္ကန်းခြုံထည်။ ကျွန်မလေ သင်္ကန်းဝတ်ရုံလွှာကို မြင်လိုက်တာနဲ့ အံ့ဩ



တုန်ရီမှုနဲ့အတူ ရင်ထဲမှာ လှပ်ခနဲနွေးထွေးပြီး ဝမ်းနည်းသွားတယ်။ တခြားဘယ်သူဖြစ်နိုင်မလဲ။ ကျွန်မရဲ့ကျေးဇူးရှင် တောင်ပေါ်ကျောင်း ဆရာတော်မှတစ်ပါး ဘယ်သူများ ဖြစ်နိုင်မှာလဲ။ ဆရာတော်လည်း ကျွန်မရှေ့ ရောက်လာရော ဆရာတော့်ခြေအစုံကို နဖူးနဲ့တိုက် ကန်တော့ပြီး ဝမ်းပမ်းတနည်း ငိုချမိတော့တာပါပဲ။

'ဆရာတော်ဘုရား တပည့်တော်အတွက် အခုလို ပင်ပန်းရတာကို ခွင့်လွှတ်ပါဘုရား'

ကျွန်မနဖူးနဲ့ သူ့ခြေထောက် လွတ်သွားအောင် ဆရာတော်က နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပါတယ်။ နောက်ပြီးတော့ တည်ငြိမ်တဲ့လေသံနဲ့ ကျွန်မကို နှစ်သိမ့်တယ်။

'ဒကာမလေး အေးငြိမ်း။ စိတ်မပူပါနဲ့။ အစစအရာရာ အမှန်အတိုင်း ဖြစ်သွားပါလိမ့်မယ်'

ဥက္ကဋ္ဌအချင်းချင်း နှုတ်ဆက်စကား ပြောပြီးတဲ့နောက် ဆရာတော်က တစ်ခွန်းမိန့်ပါတယ်။

'ဒီဒကာမလေး အေးငြိမ်းမေကို ကျုပ်စောင့်ရှောက်လာတာ သူ့အသက်နဲ့အမျှပါပဲ။ အေးငြိမ်းမေရဲ့ စိတ်ဓာတ်ကို အသိဆုံးလူက ကျုပ်ပဲ။ သူ့ရဲ့ အပြစ်ကင်းစင်မှုကို ကျုပ်အသက်နဲ့ တောင် ထပ်ပြီး အာမခံရဲပါတယ်'

ဆရာတော့်စကားကို ကြားလိုက်ရတော့ ကျွန်မ ကြက်သီးမွေးညင်းတောင်ထသွားပါတယ်။ မြေပြင်ပေါ်မှာ ပြားပြားဝပ်ရင်း ဆရာတော့်ကို နဖူးနဲ့မြေကြီးနဲ့တိုက်မိတဲ့အထိ ရှိခိုးကန်တော့လိုက်မိပါတော့တယ်။

နောက်တစ်နေ့ စလင်းအထက်တန်းကျောင်းကို ကျောင်းတက်သွားတဲ့အခါ ဖောင်းလင်းကနေ ခြေလျင်လာခဲ့ရတာ ကျောင်းတက် ခေါင်းလောင်းထိုးမှ ကျွန်မ အတန်းထဲ ရောက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းချိုင့်ကို ဆွဲကိုင်ပြီးဝင်သွားတဲ့အခါ ကျောင်းသား ကျောင်းသူတွေရဲ့စကားသံတွေ တိတ်သွားတယ်။ ပြီးတော့ ကျွန်မကို ထူးဆန်းတဲ့မျက်လုံးတွေနဲ့ လှမ်းကြည့်တယ်။ ပြီးတော့ တချို့က မျက်လွှာချပစ်လိုက်တယ်။ ဒါပေမဲ့ တချို့ကတော့ စူးစူးစိုက်စိုက် ကြည့်နေကြတုန်းပဲ။ အခန်းဝကနေ ကျွန်မထိုင်နေကျ ရှေ့ဆုံးခုံနောက်က ဒုတိယခုံတန်းဆီကိုရောက်အောင် ခါတိုင်းနဲ့မတူ အဝေးကြီးလှမ်းနေရတယ်လို့ ခံစားရတယ်။

သူတို့ ကျွန်မအကြောင်းကို တစ်နည်းနည်းနဲ့ ကြားသွားခဲ့ပြီ။ ကျွန်မ တရားခံမဟုတ်ဘူးဆိုတာ သူတို့ မယုံကြဘူးလား။ အနည်းဆုံး ကျွန်မနဲ့ကပ်လျက်ထိုင်တဲ့ သက်မွန်ကတော့ ယုံကြည်သင့်တာပေါ့။ ကျွန်မ သက်မွန်ကို အားတင်းပြီး ပြုံးပြလိုက်တယ်။ ခါတိုင်းလို အပြုံးမျိုးဖြစ်လိမ့်မယ်လို့ မျှော်လင့်ချက်နဲ့ပေါ့။ သက်မွန်ကလည်း ကျွန်မကို ပြန်ပြုံးပြတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းလိုက်တာ။ သက်မွန်ရဲ့အပြုံးက ကြောင်တောင်တောင် အသက်မပါတဲ့ အပြုံးဖြစ်နေတယ်။ မသိမသာ အတန်းထဲကို မျက်လုံးဝေ့ကြည့်လိုက်မိတော့ သူ့အုပ်စုနဲ့သူ ခေါင်းချင်းဆိုင်ပြီး တစ်ခုခု တိုးတိုးတိတ်တိတ် ပြောနေကြတယ်။ တချို့မျက်လုံးတွေက ကျွန်မဆီ လှစ်ခနဲ လှစ်ခနဲ လှမ်းကြည့်ကြတယ်။ ကျွန်မ သိလိုက်ပါပြီ။

ကျွန်မနှလုံးသားက နာကျင်မှုတွေနဲ့ တဆတ်ဆတ် ခုန်လာပါတော့တယ်။ သင်္ချာမှတ်စုစာအုပ်ကို နောက်ဆုံးရောက်နေတဲ့ စာမျက်နှာဖွင့်လိုက်ပေမဲ့ ကျွန်မလက်ရေးတွေ ဂဏန်းသင်္ချာတွေကို မမြင်ရတော့ပါဘူး။ မျက်ရည်တွေပြည့်လျှံနေလို့ပေါ့။ စာလုံးတွေက ဝါးဝါးလာတယ်။ မျက်ရည်မကျစေရဘူး။ လုံးဝမကျစေရဘူး လို့ တင်းခံထားပေမဲ့ နောက်ဆုံးမှာတော့ ကျွန်မရဲ့ အင်္ဂလိပ်လက်ရေး သင်္ချာစာလုံးတွေပေါ်ကို မျက်ရည်နှစ်စက် ပြိုင်တူကျသွားပါတယ်။



ကျွန်မ မျက်တောင်တဖျတ်ဖျတ်ခပ်ပြီး အားပြန်တင်းလိုက်တယ်။ မျက်ရည်ကို ကျွန်မ မသုတ်ပါဘူး။ မျက်ရည်သုတ်တာကို ဘယ်သူမှ မမြင်စေရဘူး။ ကျွန်မ အံကြိတ်ပြီး ရှေ့တည့်တည့်က ပြတင်းပေါက်ကို အကြည့်လွှဲထားလိုက်တယ်။ ပြတင်းပေါက်အလွန်မှာ မယ်ဇလီပင်တန်းရှိတယ်။ သစ်ရွက်စိမ်းတွေဆီ ကျွန်မ အကြည့်ကို စိုက်ငေးထားလိုက်တယ်။

ဆရာမရောက်လာတာကို ကျွန်မ ချက်ချင်းမသိလိုက်ဘူး။ တတန်းလုံး ဖြုန်းခနဲ မတ်တတ်ထရပ်လိုက်တော့မှ ကျွန်မ နောက်အကျဆုံး ကမန်းကတန်းရပ်လိုက်ရပါတယ်။

'မင်္ဂလာပါဆရာမ'

တစ်ပြိုင်တည်း ညီညီညာညာနှုတ်ခွန်းဆက်လိုက်တဲ့အချိန်မှာ ကျွန်မနှုတ်ခမ်းကို လှုပ်ရုံပဲလှုပ်နိုင်ခဲ့ပါတယ်။ ကျွန်မ အသံတုန်နေတာကို ကပ်လျက်ထိုင်နေတဲ့ သက်မွန် မကြားစေချင်လို့ပါ။

အဲဒီနေ့တစ်နေ့လုံး သင်သမျှစာတွေကို ကျွန်မ စိတ်မဝင်စားဘူး။ ကျွန်မမှာ အတွေးက တစ်ခုပဲရှိတယ်။ တရားခံမိန်းမကို သူတို့ ဖမ်းမိပြီလား။ မဖမ်းမိသေးရင် ဖမ်းမိအောင် ကျွန်မ ဖွင့်ပြောကူညီမှ ဖြစ်တော့မယ်။ ကျွန်မ မဟုတ်ပါဘူးဆိုတာ တစ်လောကလုံးသိဖို့က နံပါတ်တစ်အရေးအကြီးဆုံးဖြစ်သွားပြီလို့ ကျွန်မ ဆုံးဖြတ်ချက်ချ လိုက်ပါတယ်။

ထမင်းစားကျောင်းဆင်းချိန်မှာ အတန်းထဲမှာ ကျွန်မ တစ်ယောက်တည်းပဲ ကျန်တော့တယ်။ ကျွန်မတို့အားလုံးကျောင်းကနေ အိမ်ပြန်စားကြတဲ့လူတွေချည်းပဲ။ ကျွန်မလည်း ခါတိုင်းတော့ သက်မွန်ရဲ့အဆောင်ကို ထမင်းချိုင့်ထားပြီး နေ့လည်အတူပြန်စားတာပါ။ ဒီနေ့တော့ ရွာကအလာနောက်ကျတာမို့ ထမင်းချိုင့်ကို ကျောင်းထိယူလာခဲ့တာ။ အဲဒါ အတော်ပဲဖြစ်သွားပါတယ်။ ကျွန်မတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းလေ။

ကျွန်မတစ်ယောက်တည်းနေဖို့ အခွင့်အရေးကို ကျွန်မ ဒီနေ့ တကယ်ပဲ လိုအပ်နေတာပါ။ ဘယ်သူမှ ဘေးမှာ မရှိတော့ တစ်ချိန်လုံး ကျဉ်းကြပ်နေရတဲ့စိတ်က နည်းနည်း သက်သာရာ ရသွားတယ်။ စာရေးခုံတန်းပေါ်မှာ ထမင်းချိုင့်တင်ပြီး ကျွန်မ ထမင်းစားနေချိန်မှာပဲ ကျွန်မရှေ့ကို တစ်ယောက်ယောက် ရောက်လာတယ်။

'အေးငြိမ်း'

ကျွန်မ မော့ကြည့်လိုက်တဲ့အခါ အတန်းဖော် ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ ဒီနေ့အဖို့ သူစိမ်းဆံဆံမျက်လုံးတွေထဲမှာမပါတဲ့ ပထမဆုံး မျက်လုံးတစ်စုံပါပဲ။

'နင့်ရဲ့အပြစ်ကင်းစင်မှုကို ငါယုံတယ် သိလား'

အိုး၊ ဒီစကားလေးတစ်ခွန်းကို တစ်ယောက်ယောက်ဆီက ကြားရဖို့ တစ်မနက်လုံး မျှော်လင့်နေခဲ့မိပါလားဆိုတာ ဒီစကားကို ကြားလိုက်ရချိန်ကျမှ သိသွားတော့တယ်။ ကျွန်မ ပြုံးနိုင်သမျှ ပြုံးပြဖို့ ကြိုးစားရတယ်။

'ကျေးဇူးတင်ပါတယ် သုတရယ်'

ကျွန်မရဲ့ခြောက်သွေ့နေတဲ့ မျက်လုံးက ပြန်စိုလာတယ်။ ဒီတစ်ခါတော့ နာကျင်မှု၊ ခါးသည်းမှုနဲ့ ရှက်ရွံ့မှုတွေကြောင့် မဟုတ်ပါဘူး။ ဝမ်းနည်းဝမ်းသာ လှိုက်လှဲနွေးထွေးမှုကြောင့်ပါ။

'နင့်ကို ငါ ဘာကူညီပေးရမလဲ။ နင်အပြစ်ကင်းတယ် ဆိုတာ ပြဖို့အတွက် ငါ ဘာလုပ်ပေးရမလဲ'

ကျွန်မ သူ့ကို နောက်တစ်ကြိမ် မော့ကြည့်လိုက်မိတယ်။

စိတ်အားထက်သန်မှုနဲ့အတူ ကျွန်မအတွက် ကိုယ်ချင်းစာနာမှုနဲ့ ကရုဏာတို့ မြင်လိုက်ရတယ်။ ကျွန်မ သူ့အကူအညီကို ယူရင် ကောင်းမယ်လို့ ချက်ချင်းပဲ ဆုံးဖြတ်လိုက်မိတယ်။



ဒါကြောင့် ကျွန်မ ဘယ်သူ့ကိုမှ မပြောခဲ့တဲ့ မန်ကျည်းပင်ပုမှာ တွေ့ခဲ့ရတဲ့ မိန်းမအကြောင်းကို ဖွင့်ပြောပြလိုက်ပါတယ်။ သူ အားတက်သရောဖြစ်သွားတယ်။

'ဟာ အေးငြိမ်းရာ၊ မနေ့ကညနေက အဲဒီအကြောင်း သူတို့ကိုပြောလိုက်ရင် ချက်ချင်းမိမှာဟ။ ဒါပေမဲ့ အခုလည်း မီနိုင်ပါသေးတယ်။ ရဲကို သွားပြောမလား'

'ဟင့်အင်း မဖြစ်ဘူး။ မနေ့ညနေက ချက်ချင်းမပြောဘဲ အခုမှသွားပြောရင် ထိမ်ချန်ထားတာ ဘာကြောင့်လဲ ဘာလဲ သူတို့ လျှောက်မေးကြလိမ့်မယ်'

'အို ဘာဆိုင်လဲ။ နင်က သူများကို မခိုင်လုံဘဲ မစွပ်စွဲချင်တဲ့သူလေ၊ သူတို့ နားလည်မှာပါ'

'မဖြစ်ပါဘူး သုတရယ်'

'ဒါဖြင့် အဲဒီမိန်းမကို တို့ဟာတို့ ရှာကြမလား'

ကျွန်မ လိုချင်နေတဲ့စကားက အဲဒါပဲ။

'ရှာချင်တယ်'

ကျွန်မတို့နှစ်ယောက် ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောဖို့ ကတိပြုလိုက်ကြတယ်။ သုတက ကျွန်မလိုပဲ ရွှေဥဒေါင်းဝတ္ထုတွေ စုံထောက် ဦးစံရှားတွေကို ဖတ်နေကျမို့ အတော်ပဲဖြစ်သွားတယ်။ ကျွန်မတို့ဟာ ဆယ်တန်းကျောင်းသူ ကျောင်းသားတွေပါ။ ကျွန်မတို့မှာ ဗဟုသုတနည်းနည်းစီတော့ ရှိကြတယ်။ အမှားနဲ့အမှန်ကိုလည်း အတော်အသင့် ခွဲခြားနိုင်တယ်လို့ ယူဆပါတယ်။

'သူတို့ ကျယ်ကျယ်ပြန့်ပြန့်ကြီး ရှာထားပြီးသားမြို့တွေဆီ တို့ ရှာစရာမလိုတော့ဘူး။ ဒီတော့...'

ကျွန်မတို့ အချိန်မဖြုန်းကြပါဘူး။ အဲဒီညနေ့ သက်မှန်

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပိုင်ရှင် အဘွားအုန်းဆီ သွားတယ်။ ကျောင်းသူတွေကို ထားတဲ့အိမ်က အဘွားအိမ်နဲ့ ခြံဝန်းတစ်ခုတည်းပါ။ အဘွားကလည်း နားကပ်သတင်းကို ကြားပြီးနေပြီ။ ဒါပေမဲ့ အဘွားအုန်းက ကျွန်မကို တရားခံလို့တော့ ထင်ပုံမပြပါဘူး။

'အဘွား မန်ကျည်းပင်ပုရွာထဲမဖြတ်ဘဲနဲ့ မြောင်းဘောင် အတိုင်း အနောက်ဘက်ကို ဆက်သွားရင် ဘယ်ရွာကို ရောက်မှာလဲ'

မျှော်လင့်တကြီးမေးမိတယ်။

အဘွားက မြန်မာဖြစ်ရှုဆေးဘူးကို အားရပါးရရှုနေရင်းက မျက်လုံးကို မှေးပြီး စဉ်းစားတယ်။

'အနောက်ဘက်ကို မြောင်းဘောင်အတိုင်း တည့်တည့် သွားရင် မြေပဲခင်းတွေပဲ ရှိမှာပေါ့။ ရွာမရှိဘူး။ အနီးဆုံးရွာက သုံးတိုင် လောက်ဝေးတယ်၊ ဒါတောင် မြောင်းဘောင်ကနေ နောက်ထပ် လမ်း ချိုးတစ်ခုကို ချိုးဝင်မှ ရောက်မှာ၊ ဒါပေမဲ့ ဘယ်သူမှ အဲဒီလမ်းကို မသွားကြပါဘူး။ ခေါင်တယ်၊ ရွာစဉ်ပြတ်တယ်၊ မန်ကျည်းပင်ပုကို ဖြတ်ပြီး ဒီဘက်ကိုလာမှ ရွာစဉ်နီးတယ်။ လမ်းပြေတယ်'

'ဒါပေမဲ့ အဲဒီမြောင်းဘောင်အတိုင်း ဆက်သွားမယ်ဆိုပါ တော့ ဘယ်ရွာကို ရောက်မှာလဲဟင်'

'ထန်းတပင်ရွာကို ရောက်မှာပေါ့။ ဘာလို့မေးတာလဲ'

'ကျွန်တော် သူခိုးဖမ်းချင်လို့ အဘွားရဲ့'

'ဘုရား ကယ်တော်မူပါ။ ကိုယ့်ဟာကိုယ် အေးအေးနေစမ်း ပါအေ။ သူများကိစ္စထဲ မဝင်ချင်စမ်းနဲ့'

'မဝင်လို့ မဖြစ်ဘူးအဘွားရဲ့ ကျွန်တော့်ကို တရားခံထင်နေ တာ ဘယ့်နှယ်လုပ်မလဲ'

'အို တရားကို နတ်စောင့်ပါတယ်အေ၊ သူ့ရဲကောင်းမလုပ် ချင်စမ်းပါနဲ့'

ဒါပေမဲ့ ဘာဆက်လုပ်ရမယ်ဆိုတာ ကျွန်မ သိသွားပါပြီ။



ရေဆုံးရေခန်း လိုက်မယ်လို့ ကျွန်မဆုံးဖြတ်လိုက်ပါပြီ၊ သုတနဲ့ တိုင် ပင်တော့ ဒီကိစ္စကို သူ့အမိက တာဝန်ယူမယ်တဲ့၊ ဘာလုပ်သင့်တယ် ဆိုတာသာ သူ့ကို ပြောတဲ့၊ ကျွန်မတို့ ငွေတော့ နည်းနည်းလိုမယ်။ ငွေပြဖို့လိုမယ်လေ၊ ထန်းတပင်ရွာကို သွားရမယ်။ ထန်းတပင်ရွာမှာ အပေါင်ခံတဲ့အိမ်ရှာမယ်။

ပြဿနာက တစ်ခုပဲရှိတယ်။ သုတနဲ့ကျွန်မ နှစ်ယောက် တည်းသွားဖို့ မသင့်တော်ဘူး။ ကျောင်းဆင်းချိန်က ညနေ သုံးနာရီခွဲမို့ အဘွားဆီကနေ ပြန်ထွက်တဲ့အချိန်မှာ လေးနာရီထိုးနေပြီ။ ကျွန်မနဲ့ သူ တွဲသွားတဲ့ အဖြစ်ကို သူများမြင်ရင် ကျွန်မအတွက် အပြစ်တစ်ခု ကနေ နောက်ထပ်တစ်ခု ထပ်ပွားတော့မယ်။

'အေးငြိမ်း မလိုက်နဲ့ ငါ့ဟာငါ သွားမယ်'

'အို နင်က နားကပ်လိုက်ဝယ်တယ်ဆိုရင် ဘယ်သူက ယုံ မှာလဲ'

သူ တွေဝေသွားပါတယ်။

'အေးဟ'

'နင့်မှာ ညီမလေးတစ်ယောက်ရှိတယ်ဆို'

'အာ ငါ့ညီမနဲ့ငါနဲ့က မတည့်ဘူး'

'တို့ ဖြစ်နိုင်ရင် ကလေးမလေးတစ်ယောက် အသက် လေး ငါးနှစ်အရွယ်'

'ဟား သိပြီ။ ငါ့တူမလေးတစ်ယောက်ကို ခေါ်သွားမယ်'

'အဲဒီကလေးမလေးက မြို့သူပုံ မပေါက်မှကောင်းမယ်'

'ဟင် ဘာဖြစ်လို့လဲ'

သူ့အံ့ဩတကြီးဖြစ်သွားတာကိုပဲ ကျွန်မက အံ့ဩမိပါ တယ်၊ သူဟာ ကျောင်းစာတော်သလောက် အတွေးအခေါ်ကျတော့ တုံးနေသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



'အော် သုတကလဲ ရွာကိုလာပြီး ကျောက်နီနားကပ်တစ်ရံ မေးတဲ့သူဆိုတာ ဘောသားတောသူတွေပဲ ဖြစ်သင့်တာပေါ့။ မြို့က လူတွေက ပန်းတိမ်လက်ရာကောင်းကောင်းပဲ မြို့မှာ ရှာပယ်ကြမှာ မဟုတ်ဘူးလား'

'အေး နော်'

နောက်ဆုံးတော့ ကျွန်မရယ် သုတရယ်၊ သုတတူမလေး ရယ် ထန်းတပင်ရွာနဲ့အနီးက ရွာစဉ်တစ်လျှောက် စက်ဘီးတစ်စီးနဲ့ ပတ်ကြပါတော့တယ်။ သူ့တူမလေးက အသက်လေးနှစ်လောက်ရှိပြီ။ တအားစကားတတ်တာပဲ။ လျှောက်လည်ရမယ်ဆိုတော့ တူမလေး က ပျော်နေတယ်။ တူမလေးကို တောသူနဲ့တူအောင် ထမီလေး ဆင် ပေးလိုက်တော့ ထမီတစ်ခါမှမဝတ်ဖူးတဲ့ ကလေးက ပျော်လို့။ ကလေး ကို ကြက်တောင်စည်းလေး စည်းပေးပြီးတဲ့အခါမှာတော့ ကျွန်မတို့ရဲ့ နားကပ်ရှာတဲ့ စွန့်စားခန်းကြီး စပါတော့တယ်။

ထန်းတပင်မှာမတွေ့ဘူး။ ထန်းတပင်ရဲ့ အနောက်ဘက် က ဇီးဖြူကုန်းမှာလည်း အပေါင်ခံတဲ့သူ မတွေ့ဘူး။ ဇီးဖြူကုန်းကပဲ လမ်းညွှန်လိုက်လို့ ရှားပင်ဆိုတဲ့ရွာကြီးကို ရောက်သွားတယ်။ ရွာ ထန်းရည်ဆိုင်က အပေါင်ဆိုင်ပဲ။ ယောကျ်ားက ထန်းရည်နဲ့ အမြည်း ရောင်းတယ်။ မိန်းမက အပေါင်ခံ ရွှေရောင်းရွှေဝယ် လုပ်တယ်။

ကျွန်မတို့ဝင်သွားတော့ မိန်းမက ထမီရင်လျားနဲ့ မျက်နှာ သုတ်ပဝါကို ပခုံးမှာ ခြုံပြီးထွက်လာတယ်။

ကျွန်မလေ သုတနဲ့ကျွန်မကို အဲဒီမိန်းမကြည့်တဲ့အကြည့် ကြောင့် ရုက်လိုက်တာမပြောပါနဲ့တော့။ တူမလေးကို ကျွန်မတို့ နှစ် ယောက်ရဲ့သမီးလို့ သတ်မှတ်ကြမှာပေါ့။

'ကျွန်တော်တို့ကလေးအတွက် ယတြာချေချင်လို့ ကျောက် နီ နားကပ်လေးတစ်ရံ လိုချင်လို့ပါ'



သုတက မင်သေသေနဲ့ပြောလိုက်တဲ့အခါ ကျွန်မလေ ရယ် ချင်လိုက်တာ မပြောပါနဲ့တော့။ ဒါပေမဲ့ အဒေါ်ကြီးပြန်ပြောလိုက် တဲ့ စကားကြားရတော့ ရယ်ချင်စိတ်တွေ ပျောက်သွားပါတယ်။

'ကလေးက နားပေါက် မဖောက်ရသေးဘူးနော်' တဲ့။

သေလိုက်ပါတော့။

ကျွန်မတို့ ကလေးငှားတဲ့အခါ နားပေါက်ပါတဲ့ကလေးကို ငှား သင့်တယ်လို့ မတွေးမိခဲ့ဘူးလေ။ ကျွန်မမှာ နားပေါက်ပါပါတယ်။ ကျွန်မ ငယ်ငယ်တုန်းက ကျွန်မပန်ခဲ့ရတဲ့ ကျောက်စိမ်းနားပွင့်လေး ကို အခုထိ မှတ်မိနေတုန်းပါ။ အမေသေပြီးတဲ့နောက်မှာ အဲဒီနားပွင့် လေးကို အဖေက ချွတ်ပြီးရောင်းစားပစ်လိုက်တာ။ အခုနားပေါက်ရာ လေးက ထင်နေတုန်းပဲ။ ဒါပေမဲ့ ပိတ်တော့ ပိတ်သွားပြီ။ အရာလေး ပဲ ကျန်တော့တာ။ အော် ငါ့နှယ်၊ ကလေးဖို့လို့မပြောဘဲ ငါ့ဖို့လို့ ပြောရအကောင်းသားလို့ တွေးမိတယ်။

ဒါပေမဲ့ ကျွန်မတို့ ဖြတ်ထိုးဉာဏ်သုံးကြရမှာပေါ့။

'ဟုတ်ပါတယ်။ နားမဖောက်ရသေးပါဘူး။ ဒါပေမဲ့ ဆေး ခန်းက သေနတ်နဲ့ဖောက်ပေးမယ်။ နားကပ်ဝယ်လာခဲ့လို့ ပြောတယ်'

'ငါ့ဆီမှာ ရှိတဲ့နားကပ်တွေက ရွှေအပ်နဲ့ကျောက်နီနားကပ် တွေမဟုတ်ဘူး။ ဝက်အူနဲ့လှည့်စုပ်ပြီး ပန်ရတဲ့နားကပ်တွေချည်းပဲ'

'ဟုတ်ပါတယ်။ ကျွန်မလည်း အဲဒါမျိုးပဲလိုချင်တာပါပဲ'

ချက်ချင်းလွှတ်ခနဲ ပြောချပစ်လိုက်မိလို့ သုတက ကျွန်မကို မျက်လုံးပြူးကြည့်တယ်။

နောက်ဆုံးတော့ မိန်းမကြီးက ဘယ်လောက်တန်လောက် လိုချင်တာလဲလို့ မေးပါတော့တယ်။ ကြည့်စမ်း သူ့ဆီမှာ နားကပ်တွေ ဘယ်နှရံတောင် အပေါင်ခံထားလဲမသိဘူး။

'ရွှေတစ်မတ်သားလောက်နဲ့ နားကပ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကို ကျွန်မ ခပ်အင်အင် စဉ်းစဉ်းစားစားပုံစံမျိုးနဲ့ ပြောလိုက်တာပါ။ အမယ် သုတာက ဒီတစ်ခါတော့ လည်သားပဲ။

'တစ်မတ်သားက နည်းနည်း မများဘူးလား' တဲ့။ တကယ့် ကပ်စေးနှဲ ကလေးအဖေလိုပဲ။

'အို မများပါဘူး။ ယတြာကျေဖို့ အရေးကြီးတယ် မဟုတ်လား။ နားကပ်ကောင်းလေ ယတြာမြန်မြန်ကျေလေပေါ့'

အဲဒီနောက်တော့ ကျွန်မ ကိုယ့်မျက်စိကိုယ် မယုံနိုင်တဲ့ အဖြစ်နဲ့ တအံ့တဩ ရင်ခုန်သွားရပါတော့တယ်။

ကျွန်မမျက်စိအောက်ရောက်လာတဲ့ နားကပ်လေးတစ်ရံ။ စွန်ကုတ်ငါးခုနဲ့ တွဲထားတဲ့ ကျောက်နီလေးက ရဲတွတ်လို့။ ရွှေထည်ရောကျောက်ရော သနပ်ခါးတစ်မှုန်တစ်စမှတောင် စွန်းပေ မနေဘူး၊ ဝင်းလက်တောက်ပလို့၊ ကျွန်မ အဲဒီနားကပ်လေးဆီကနေ မျက်စိကို တော်တော်နဲ့ ပြန်မခွာနိုင်ပါဘူး။

သေချာပါတယ်။ မာတ်ပုံထဲမှာ ကျွန်မမြင်ခဲ့ရတဲ့ နားကပ်လေးပါ။ ရွှေစင်ပုလဲရဲ့နားကပ်လေးဖြစ်မှာပါ။

အဲဒီနောက် ဈေးစကားပြောကြတယ်။ မိန်းမကြီးက ရွှေ တစ်မတ်သားရှိတာမို့ တစ်သိန်းတဲ့။ အောင်မယ်လေး၊ ကျွန်မဘဝမှာ ငွေတစ်သိန်းဆိုတာကို ကိုင်ကြည့်ဖူးဖို့မဆိုထားနဲ့ သူများရေတွက် နေတာတောင် မမြင်ဖူးပါဘူး။ အဘွားအုန်းက တစ်ခါတစ်ခါ သက်မွန်ဆီ ကျွန်မသွားလည်တုန်း သက်မွန်နဲ့ကျွန်မကို ငွေ ရေတွက်ခိုင်းဖူးတယ်၊ ဒါပေမဲ့ ခုနစ်သောင်း ရှစ်သောင်းလောက်ကိုပဲ ရေဖူးပါတယ်၊ သိပ်များတဲ့ငွေကျတော့ သူ့သမီးသူပဲ ရေခိုင်းမှာပေါ့နော်။

သုတဆီမှာ ဟန်ပြ ပိုက်ဆံထုတ်လေးတစ်ခု ပါပါတယ်။ သူ့အမေအလစ်မှာ ခဏနိူက်လာခဲ့တဲ့ငွေ။ ငါးရာတန်အရွက် တစ်ရာ အုပ်လေး၊ ငါးသောင်းပေါ့။



ဒီတော့ သုတာက ငါးသောင်းထားပါလို့ ဆစ်တယ်၊

အဲဒီအချိန်မှာဖြစ်သွားတဲ့ အဒေါ်ကြီးမျက်နှာက ကြောက်စရာကြီး၊ ဒေါသတကြီးနဲ့ ပုဝါဖြူလေးထဲထုပ်ထားတဲ့ နားကပ်ကို ဖတ်ခနဲ ဆောင့်သိမ်းပြီး မြူးမြူးပြပြနဲ့ပြောတယ်၊

'ရွှေ ဟဲ့ ရွှေ'

ကျွန်မကလည်း ကြောက်တာက တစ်ပိုင်း ဝမ်းသာသွားတာက တစ်ပိုင်းပါ။ မတော်တဆများ၊ ငါးသောင်းနဲ့ ယူသွားလို့ ပေးလိုက်ရင် ကျွန်မတို့ ဝယ်ရတော့မှာ၊ သူ့လက်ထဲကနေ လွတ်သွားတဲ့အခါ တရားခံကို ဖမ်းဖို့ ဘယ်လွယ်တော့မလဲ၊ ကျွန်မဆီတောင် အမှုပြန်ပတ်လာနိုင်သေးတယ်၊ ဘုရားသိကြားမလို့ သူ စိတ်ပြောင်းမသွားပါစေနဲ့၊

ကျွန်မ မြန်မြန်လေး ချော့လိုက်ရတယ်။

'ဒေါ်ကြီးရယ် စိတ်မဆိုးပါနဲ့ ဘယ်လောက်အထိ လျှော့ပေးနိုင်မလဲဟင်'

မျက်နှာခပ်ပင့်ပင့်နဲ့ 'ကိုးသောင်းအောက် တစ်ပြားမှ မလျှော့နိုင်ဘူး' လို့ပြောပါတယ်၊

'ကျွန်တော်တို့ စဉ်းစားဦးမယ်နော်'

သုတာကို ကျွန်မ လက်ဆွဲခေါ်ပြီး ခပ်လှမ်းလှမ်းမှာ တိုင်ပင်သလိုနဲ့ အသံမတိုးမကျယ် ပူဆာလိုက်ပါတယ်၊

'ဒါလေး ကြိုက်တယ်ဟယ်။ နင် ပိုက်ဆံ ထပ်ရှာနိုင်မလား'

ပြောရင်းနဲ့ ကျွန်မ မျက်စိမှိတ်ပြလိုက်တယ်။ သုတာက အင် အဲ နဲ့ ဘာပြန်ပြောရမှန်းမသိဘူးဖြစ်သွားတယ်။ သိပ်အတာပဲ၊ သုတာဟာ သိပ်အတာပဲ။ အရိပ်ပြလို့လည်း အကောင်မထင်ပါလား လို့ ကျွန်မ မချင့်မရဲဖြစ်မိတယ်၊

'နင် သိပ်ကပ်စေးကုပ်မနေနဲ့ အိမ်က ကက်ဆက်ကိုရောင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် ရတာပဲ'

အသံမှန်နဲ့ပြောပြီးတော့မှ ဘယ်သူမှမကြားအောင် သုတကို တိုးတိုးလေး ပြောမိတယ်။

'သုတ ရဲတွေခေါ်ပြီး အခုချက်ချင်းပြန်လာခဲ့ နင့်တူမကို ငါ ထိန်းထားမယ်။ သွားတော့'

သူက ကျွန်မစကားအတိုင်း နာခံပြီး ချက်ချင်းလှည့်ထွက်မယ် လုပ်ပြန်လို့ ပြန်ဆွဲထားရသေးတယ်။

'ဟဲ့ တစ်ခုခုတော့ ဟန်ဆောင်ပြီး ပြောခဲ့ဦးလေဟယ်'

'ငါ ဘာပြောရမလဲ'

သေလိုက်ပါတော့။

'အိမ်ပြန်ပြီး စဉ်းစားကြဦးစို့ လို့ပြောလေ'

'ဟာ နင်ကျန်ခဲ့မှာဆို'

အို ဒုက္ခပါပဲ။

'ငါပြောတဲ့အတိုင်းသာ ပြောစမ်းပါသုတရယ်'

သုတက ချောင်းတစ်ချက်ဟန့်ပြီး အရှိန်ယူလိုက်တယ်။ အဲဒီအချိန်မှာပဲ အိမ်ထဲမှာ တစ်ယောက်တည်းကျန်ရစ်ခဲ့တဲ့ တူမလေးက အပြေးထွက်လာတယ်။

'ဦး မီးချစ်လည်း လိုက်မှာလေ'

အလိမ်တွေတော့ ပေါ်ကုန်တော့မှာပဲ လို့ ကျွန်မ လန့်ဖျပ်သွားပါတယ်။

'မီးချစ်မပါဘဲနဲ့ ဘယ်မှမသွားဘူးနော် အခုဟာက ခဏလေး'

ဟိုဘက် ထန်းရည်ဝိုင်းက အုပ်စုက ကျွန်မတို့ဆီကို ကွက်ကြည့်ကွက်ကြည့်လုပ်နေကြပြီ။ ကျွန်မတို့ရဲ့ လျှို့ဝှက်ချက်မပေါက်ကြားသွားခင် တစ်ခုခုကို မြန်မြန်ဆုံးဖြတ်မှဖြစ်မယ်။ ဟိုအဒေါ်ကြီး



ကြည့်ရတာ ကျွန်မတို့ကို မသင်္ကာနေသလိုပဲ ကျွန်မ ခံစားရတယ်။

'ကဲပါ သုတရယ် သိပ်စဉ်းစားမနေပါနဲ့တော့ ကိုးသောင်းဆိုတာ သမီးကျန်းမာရေးနဲ့ အသက်ဘေးအန္တရာယ်နဲ့စာတော့ ပြန်ရှာလို့ရပါတယ်။ အခု ဟိုပိုက်ဆံကို ·ါဆီထားခဲ့။ နင်သမီးကို ခေါ်ပြီးသွားရှာခဲ့တော့။ ငါ ဒီကနေပဲ စောင့်မယ်'

တကယ်တော့ ပြောသာပြောနေရတယ်။ ဒီခြံဝိုင်းကြီးတစ်ခုလုံးမှာ မိန်းမဆိုလို့ ကျွန်မ မြင်ရသမျှတော့ အဒေါ်ကြီးတစ်ယောက်ပဲတွေ့တာပါ။ အဲဒီအဒေါ်ကြီးကို ကျွန်မ ယုံရမလား မယုံရဘူးလား ကျွန်မ မသိဘူး။ တော်ကြာ ကျွန်မဆီမှာ ကျန်ခဲ့တဲ့ ငွေငါးသောင်းကို လိုချင်လို့ ကျွန်မကို တစ်ခုခု ကြံစည်ခဲ့ရင် ဘုရား ဘုရား၊ တကယ်တော့ ကျွန်မ အိမ်ပြန်ပြီး ယူမယ်လို့ ပြောရမှာ။ ဟင့်အင်း အဲဒီလိုလည်း မဖြစ်ဘူး။ အခု တော်တော်မှောင်နေပြီ။ ကျွန်မတစ်ယောက်တည်း ညမိုးချုပ်ကြီး၊ ကိုယ် မကျွမ်းကျင်တဲ့လမ်းတွေ။ အို စိတ်ညစ်လိုက်ရတာပါလား။ နားကပ် မတွေ့ခင်ကလည်း တစ်မျိုးစိတ်ညစ်၊ တွေ့ပြီးတော့လည်း တစ်မျိုး စိတ်ညစ်။

'မဖြစ်ပါဘူးအေးငြိမ်းရယ် နင်လည်း မနေခဲ့နဲ့ ငါနဲ့ပြန်လိုက်ခဲ့၊ မနက်ဖြန်ကျမှ ဒီပြန်လာရအောင်။ ငါ ကတိပေးပါတယ်။ မနက်ဖြန်ကျရင် ငါ မဖြစ်ဖြစ်အောင် ပယ်ပေးပါ့မယ်ဟာ နော်၊ ဒီတစ်ခု အဆင်မပြေရင်လည်း နောက်တစ်ခုပေါ့'

သုတ ဟန်ဆောင်ပြောနေတာလား။ တကယ် ကျွန်မကို စိတ်မချလို့ အပါခေါ်ချင်နေတာလား။ ကျွန်မ မသိပါဘူး။ ကျွန်မ လက်ကို ဆွဲမတတ် ခေါ်နေတာမို့ တကယ်ခေါ်နေတာပဲ ဖြစ်မယ်။

ကျွန်မ ပြန်လိုက်သွားချင်တာ အမှန်ပဲ။ ဒီခြံဝန်းကြီးထဲမှာ တစ်မိနစ်လေးတောင် သုတမပါဘဲနဲ့ မနေခဲ့ချင်ဘူး။

အဲဒီအချိန်မှာ မမျှော်လင့်ဘဲ အဒေါ်ကြီးလိုက်ထွက်လာပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မတို့နှစ်ယောက် အငြင်းပွားနေတုန်းမှာ သူ အင်္ကျီဝတ်လိုက်ပြီးပြီ။

'ကဲ ကလေးမတို့ ဒီခဏ ပြန်ဝင်ထိုင်ကြပါဦး'

ဟာ သွားပြီ။ ငါးသောင်းနဲ့ပေးတော့မယ်ထင်တယ်။ ကျွန်မနဲ့ သုတ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ ဘာလုပ်ရမလဲ။

'ဟေ့ ကလေးမ လာပါဦး တည့်အောင်ညှိကြည့်ရအောင်ပါ'

သူ တကယ်ကို ငါးသောင်းနဲ့ပေးတော့မယ်။ သေချာသွားပြီ။ အဲဒီအချိန်မှာပဲ ကျွန်မ ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ ကျွန်မ အသက်အန္တရာယ်နဲ့ထပ်ပြီး လောင်းလိုက်ရတဲ့ ဆုံးဖြတ်ချက်ပါ။

'ကဲ သွားတော့ ရဲကိုသာ ချက်ချင်းခေါ်ခဲ့ ငါ ကြည့်ထိန်းထားလိုက်မယ်'

ကျွန်မ သုတဆီက စကားအပြန်ကို မစောင့်တော့ဘဲ အိမ်ဘက်ဆီပြန်လှည့်လာခဲ့တယ်။

'အေးငြိမ်း'

သုတက ကျွန်မနာမည်ကို ခပ်အုပ်အုပ်ခေါ်တယ်။ ကျွန်မ လှည့်မကြည့်တော့ပါဘူး။ ဆုံးဖြတ်ချက်ကို ပြင်မိမှာစိုးတယ်လေ။

အဒေါ်ကြီးက ကျွန်မ ပြန်လှည့်လာတာကို ဝမ်းသာအားရဖြစ်သွားပုံနဲ့ ကျွန်မကို ဆီးကြိုတယ်။

'ညည်းတို့ကလေးတွေဟာလေ စိတ်သိပ်မြန်တယ်။ နည်းနည်းပါးပါး ညှိတာနှိုင်းတာလုပ်ဦးမှပေါ့အေ။ ဒီလို ပစ္စည်းသန့်သန့်က ဘယ်လောက်ရှားတယ်မှတ်လဲ။ ထိုင်'

ကျွန်မလက်ထဲမှာ ကိုင်ထားတဲ့ ငါးသောင်းတန်အုပ်ကို သူ ခွေစောင်းကြည့်တယ်။

'အခု ညည်းယောကျ်ားက ပိုက်ဆံသွားပြန်ယူတာလား'



ပိုက်ဆံသွားပြန်ယူတယ်ဆိုရင် သူ ငါးသောင်းထိလျှော့မှာမဟုတ်ဘူး။ ဟုတ်တယ်လို့ ဖြေလိုက်ရင်ကောင်းမလား။ အဲဒါဆိုရင် သူပြန်လိုက်ခေါ်ရဲ့သားနဲ့ ကျွန်မတို့က ငွေသွားယူတယ်ဆိုပြီး သက်ာမကင်းဖြစ်သွားနိုင်တယ်။ ကျွန်မ သူ ယုံကြည်အောင် ဘယ်လိုပြောရမလဲ။ ကျွန်မ စိတ်ညစ်လိုက်တာ။

'မသိဘူးဒေါ်ကြီး။ သူက စိတ်မြန်တယ်။ ပြန်လာချင်မှလာမှာ။ ကျွန်မကို သူစိမ်းအလယ်မှာ ထားခဲ့တာသာကြည့်'

'အမလေးတော် သူစိမ်းအလယ်တဲ့။ ကျုပ်တို့က ဒီရွာမှာ ဆွေစဉ်မျိုးဆက် နာမည်နဲ့နေလာတာ ကျုပ်တို့အိမ်ဝိုင်းထဲမှာ ညည်းဘာမှ မဖြစ်စေရပါဘူး။ ငါက ညည်းတို့ကို အလုပ်ဖြစ်စေချင်လို့ပါ'

'အင်းလေ ကျွန်မလည်း ဒေါ်ကြီးက ငါးသောင်းနဲ့ပေးမယ်ဆိုတာသိလို့ ပြန်လှည့်လာတာပေါ့'

'ငါးသောင်းနဲ့ပေးမယ်လို့ ကျုပ်မပြောရပါကလား။ ဈေးညှိကြရအောင်လို့ ပြောတာပါတော်။ ငါးသောင်းနဲ့တော့ ဘယ်ရပ့်မလဲ'

အမလေး တော်ပါသေးရဲ့။ ငါးသောင်းနဲ့များ ပက်ခနဲပေးလိုက်ရင် အေးငြိမ်းမေတစ်ယောက် နားကပ်သူခိုး စွပ်စွဲခံရတဲ့ဘဝကနေ ဘယ်တော့မှ လွတ်မှာမဟုတ်တော့ဘူး။

ကျွန်မ စိတ်သက်သာရာရသွားတဲ့အမူအရာ မပေါ်အောင်မနည်းကြီးကို ထိန်းချုပ်လိုက်ရပါတယ်။ စိတ်ထဲကတော့ ငါကွ လို့ အော်ဟစ်ပစ်လိုက်ချင်နေတာပါ။ အခုတော့ တွေဝေသွားတဲ့ ယောင်လည်လည်မျက်လုံးအကြည့်နဲ့ အဒေါ်ကြီးကို မော့ကြည့်လိုက်တယ်။

'ဟင် ငါးသောင်းနဲ့ပေးမှာမဟုတ်ဘူးလား'

'မရဘူးလေ။ ဒီ့ထက်တော့ တိုးပေးဦးမှပေါ့'

ဟုတ်ပြီ။ ဒီအတိုင်းဆိုရင် နည်းနည်းချင်းတိုးပေးကြည့်သွားမှ သုတ ပြန်အလာကို စောင့်လို့ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မဟာ ပါလာတာ အဲဒါ အကုန်ပဲဒေါ်ကြီးရဲ့၊ သူပြန်လိုက်မလာရင် ဘယ့်နှယ်လုပ်မလဲ'

'မနေပါဘူးအေ ညည်းမပါဘဲနဲ့ သူပြန်ပါ့မလား။ ရွာမြင်ရောက်တာနဲ့ စိတ်ပြောင်းသွားပါလိမ့်မယ်'

'ဒါဖြင့် ဒေါ်ကြီးက ဘယ်လောက်နဲ့ပေးမှာလဲ'

'တစ်သောင်းလျှော့ပေးမယ်'

ကျွန်မက ရင်တထိတ်ထိတ်နဲ့ ငါးသောင်းခွဲလို့ ပေးကြည့်တယ်။ တော်ပါသေးရဲ့ ဘုရားသိကြားမလို့ မရဘူး။ ကျွန်မချက်ချင်း ငါးထောင်ထပ်တိုးမပေးရဲပါဘူး။ မတော် သဘောတူပစ်လိုက်ရင် ကျွန်မ ပိုက်ဆံထပ်သွားယူဖို့အနေနဲ့ ချက်ချင်းထပြန်နေရမှာ။ ဒါဆိုရင် သုတနဲ့ရဲတွေနဲ့ဝင်လာတဲ့အခါ အဒေါ်ကြီးက ပစ္စည်းဝှက်ပြီး မျက်စိမှိတ်ငြင်းလို့ရသွားမယ်လေ။ အဲဒီလိုနဲ့ ကျွန်မတို့ ညှိလိုက်ကြရင်း စကားပြောလိုက်ကြရင်းနဲ့ သုတတို့အလာကို စောင့်ရပါတယ်၊

ရင်ထဲမှာလည်း စကားသာပြောနေပေမဲ့ စိုးရိမ်နေမိတယ်၊ သုတတစ်ယောက် အချိုးပြေပြေနဲ့မှ လုပ်နိုင်ပါ့မလား၊

'ညည်းတို့က ဘယ်ရွာကလဲ'

အဲဒါ ကျွန်မ အကြောက်ဆုံးမေးခွန်းပါပဲ။ ဖောင်းလင်းလို့ မဖြေသင့်ဘူးဆိုတာတော့ သိနေပါတယ်။ တခြား ဘယ်ရွာဖြေရင် ကောင်းမလဲ။ ခက်တာက ဒီရွာနဲ့နီးနီး ငှးဖြူကုန်းတို့ ရှားတောတို့ကို ကျွန်မ မသိဘူး။ ဟော်ကြာ ဘယ်သူ့ သမီးတုန်း ဘယ်သူ့သိလားဘာလားမေးနေရင် အလိမ်တွေပေါ်ကုန်မယ်။ ဒါကြောင့် ခပ်ဝေးဝေး ဖောင်းလင်းနဲ့ မဆိုင်တဲ့ ရွာတစ်ရွာနာမည်ကို ပြောပြလိုက်ရတယ်၊

'ကြို့ဝန်း'

'ဟင် ကြို့ဝန်းကတောင်လာရတာလား။ အဲဒါဆို ညည်းယောကျ်ား ဘယ်အချိန်မီ ပြန်လာနိုင်ပါ့မတုန်း'

အဲ ဟုတ်ပါ့။ ကြို့ဝန်းနဲ့ ထန်းတပင်က စလင်း တောင်စွန်းနဲ့



မြောက်စွန်း။ ဘုရားဘုရား။

'မဟုတ်ဘူးလေ။ ကြို့ဝန်းက ကျွန်မဇာတိ၊ သူက တောစိမ့်သား ကျွန်မတို့ သူ့မိသားစုနဲ့လိုက်နေတာ'

တကယ်လို့များ တောစိမ့်က ဘယ်သူ့ဘယ်ဝါသိလား မေးရင် ဘယ့်နှယ်လုပ်ရပ့်။ တော်သေးတယ်။ မမေးဘူး။

အဲဒီလိုနဲ့ စကားပြောလိုက် ဈေးလေး ထပ်ဆစ်လိုက်နဲ့၊ ညကလည်း တဖြည်းဖြည်းနက်လာ၊ သုတကလည်း ပြန်မလာသေး၊ ကျွန်မ စိုးရိမ်ပူပန်လာတယ်။ ဟိုဘက်နားက ထန်းရည်သောက်တဲ့ လူတွေကလည်း မူးမူးနဲ့သီချင်းတွေအော်ဟစ်နေပြီ၊ တစ်နာရီလောက် ရှိပြီလို့ ခန့်မှန်းပြီး ဘာလုပ်ရမှန်းမသိ။ ထိုင်ရာက ထရပ်လိုက်တဲ့ အချိန်မှာ ခပ်လှမ်းလှမ်းက စကားသံတချို့ စက်ဘီးနင်းသံတချို့ကို သဲ့သဲ့ကြားလိုက်ရသလိုပဲ၊ ဟုတ်တယ်။ သေချာတယ်၊ သုတအသံပါ၊ စက်ဘီးနင်းသံတွေ တာယာနဲ့မြေကြီးနဲ့ပွတ်မိသံတွေ၊ စကားသံကြောင့် အနည်းဆုံး ရဲသားတစ်ယောက်တော့ပါမှာပဲ၊

ညမှောင်နေတာပဲ အဆင်ပြေနေသေးတယ်၊

ကဲ၊ ဒီအချိန်ဟာ အရေးကြီးဆုံးအချိန်ပဲ၊ သူနားကပ်ကို သူကိုင်ထားမှဖြစ်မယ်၊ နေဦး၊ စောစောကပြောတာ ဘယ်လောက် ပါလိမ့်၊ အော် ခုနစ်သောင်းတဲ့၊

'ကဲ ဒေါ်ကြီးရယ် ခုနစ်သောင်းကနေ များများမလျှော့နဲ့ ငါးထောင်ပဲလျှော့နော်။ ကျွန်မ ယူမယ်၊ ပစ္စည်းလေးသာပြန်ပြပါဦး'

သံဗုဒ္ဓေကို စိတ်ထဲကရွတ်ရင်း ခပ်လောလောပြောရတယ်၊

'ငါးထောင်လေးနဲ့တော့ မဆစ်ပါနဲ့တော့အေ'

သူက နားကပ်လေးထုပ်ထားတဲ့ ပဝါကို ပြန်အဖြည်၊ ခြံထဲကို ဝင်လာတဲ့ လူသံတွေကြောင့် ခွေးနှစ်ကောင်က ဟောင်၊ သုတနဲ့ အဖော်နှစ်ယောက်ကအိမ်ထဲကို ဝင်အလာ၊

www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့၊ ကွက်တိပါပဲ။

ကျွန်မ သုတကို သိပ် ကျေးဇူးတင်တာပဲ။ သူသာ မပါရင် ကျွန်မအကြံအစည် အောင်မြင်မှာမဟုတ်ပါဘူး။

အပေါင်ခံတဲ့အဒေါ်ကြီးရဲ့ ဆဲသံဆိုသံတွေကို ကျွန်မ မကြားချင်ယောင် ဆောင်လိုက်နိုင်ပါတယ်။ မျက်နှာမပူအောင် တင်းထားလို့ရပါတယ်။ လာပေါင်တဲ့အမျိုးသမီးဆီကို သွားတော့မှ ကျွန်မ ဒုက္ခရောက်ရတော့တာပါ။

အမိုးက မလုံတလုံ၊ တဲသာသာအိမ်ကလေးထဲကို ကျွန်မ တို့ဝင်သွားတဲ့အခါ ရေနံဆီမီးခွက်အလင်း၊ရောင်အောက်မှာ ပထမ ဆုံး တွေ့ရတာက အိပ်ရာပေါ်မှာလဲနေတဲ့ အရိုးပေါ်အရေတင် လူမမာ အဘွားကြီးတစ်ယောက်ပါ။ လူအုပ်စုခြေသံကိုကြားလို့ မီးဖိုလို တဲသေးလေးဆီကနေ အပြေးထွက်လာတဲ့ မိန်းမ၊

ကျွန်မမှတ်မိတယ်။ သူမှ သူပါပဲ။ ကျွန်မကို မနေ့တုန်းက ကြည့်လိုက်တဲ့ ဗလာမျက်လုံးတွေဟာ အခုတော့ ကျွန်မကို မြင်ရုံနဲ့ စိုးရိမ်တုန်လှုပ်တဲ့ သောကမျက်လုံးတွေ ဖြစ်သွားပါပြီ။ ရေစားနေတဲ့ ချည်ကြမ်းလုံချည်ကိုဝတ်ထားတဲ့ အမျိုးသမီးဟာ သူကိုင်ထားတဲ့ သံဇလုံကိုတောင် လွတ်မကျအောင် ထိန်းမထားနိုင်တော့ဘူး။ သံဇလုံ လွတ်ကျသွားတဲ့အခါ အရည်ကျဲကျဲ ဆန်ပြုတ်တွေက မြေပြင်ပေါ်မှာ ပြန့်လို့ ပေကျံသွားပါတော့တယ်။ ရဲတွေဝင်လာတာ တွေ့သွားတော့ သူ့ မျက်ရည်တွေတွေကျပြီး ကွပ်ပျစ်ပေါ်က လူမမာကို ဇေးစိုက်ကြည့်နေတယ်။ လူမမာကတော့ ဘာကိုမှ မမြင်ရတဲ့ မျက်လုံးဟောက်ပက်နဲ့ မျက်နှာကျက်ဆီကိုပဲ ကြည့်နေတယ်။ ရဲတွေကလည်း မြင်ကွင်းကို ကြောင်ကြည့်ပြီး စကားသံဆိုလို့ တစ်ခွန်းမှတောင် မထွက်တော့ပါဘူး။ အမျိုးသမီးက တစ်ချက်အိခနဲ ငိုရှိုက်လိုက်တဲ့ အခါမှာတော့



လူမမာ နည်းနည်းလှုပ်ရှားလာတယ်။ အသံလာရာကို မှန်းကြည့်ဖို့ သူ ခေါင်းမထောင်နိုင်ပါဘူး။ မျက်လုံးကသာ ဟိုရွေ့ဒီရွေ့ လိုက်ရှာနေသလိုပဲ။ အမျိုးသမီးက ရဲတွေကို တောင်းပန်တဲ့ အကြည့်မျိုးနဲ့ တစ်ချက်လှမ်းကြည့်ပြီး လူမမာရဲ့ ကွပ်ပျစ်ပေါ်မှာ လေးလေးပင်ပင်ကြီး ထိုင်ချပစ်လိုက်ပါတယ်။ လူမမာရဲ့လက်ကို ဆုပ်ကိုင်ရင်း သူ စကား တစ်ခွန်း ပြောလိုက်တယ်၊

'အမေ ကျုပ်ခဏ ခရီးထွက်ဦးမယ်။ ပိုက်ဆံသွားရှာဖို့နော် အမေ့မြေးမကြီး ပြုစုလိမ့်မယ်နော် အမေ'

ငိုသံကို ထိန်းချုပ်ထားတဲ့ အဲဒီစကားသံကိုကြား၊တဲ့အခါ အဲဒီ မြင်ကွင်းကို မကြည့်ရက်တော့တာနဲ့ ကျွန်မ ချက်ချင်းပဲ မျက်နှာလွှဲလိုက်မိတယ်။

ကျွန်မ ဂုဏ်သိက္ခာကို သက်သေပြဖို့ မနားမနေ ကြိုးစားခဲ့လို့ တရားခံကို မိသွားခဲ့ပြီလေ။ ကျွန်မ သူခိုးမဟုတ်ဘူးဆိုတာ ရဲတွေကိုရော စလင်းမြို့နယ်တစ်ခုလုံးကိုရော သက်သေပြနိုင်လိုက်ပြီလေ။ ဒါပေမဲ့ ကျွန်မ အောင်နိုင်လိုက်ပြီလို့ မခံစားရဘူး။

အဲဒီအိမ်စုတ်လေးထဲကနေ ပြန်လှည့်အထွက်မှာ ကျွန်မရဲ့ မျက်ရည်တစ်စက် လွင့်စင်ကျသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

'မင်းအတွက် သက်သောင့်သက်သာ စိတ်ချမ်းမြေ့စရာ အဝန်းအဝိုင်းက ဘာလဲ၊ အဲဒီနယ်မြေအကြောင်း ငါ့ကို ပြောပြစမ်းပါ'

မစ်စ်တာဝုလ်ဖ်ဂန်းက ရုတ်တရက်ကောက်မေးလိုက်တော့ ကျွန်မ အတိတ်က ရင်နင့်စရာအဖြစ်ကို ပြန်လည် သတိရနေမိဆဲမို့ ခဏ ကြောင်သွားသည်။ ကျွန်မနှင့် ပဋိပက္ခကာလ အဆက်အသွယ် ပြတ်တောက်နေခဲ့တာ အကြာကြီးမို့ ဖြစ်သည်။

'ကျေးဇူးပြုပြီး ပြန်ပြောပါဦးရှင်'

'မင်းအတွက် သက်သောင့်သက်သာ စိတ်ချမ်းသာရတဲ့ အဝန်းအဝိုင်းက ဘယ်ဟာလဲ'

ချောမွတ်နေသောပျဉ်ခင်းကြမ်းခင်းအကွက်များကို ပါကေးဟု ခေါ်ကြောင်း စာအုပ်တွေထဲမှတစ်ဆင့်သာ ကျွန်မ သိထားပြီး ယခုအကြိမ်မှာ ပထမဆုံး ခြေဖဝါးဖြင့် နင်းဖူးခြင်းဖြစ်ကြောင်း သူတို့ကို ပြောပြလိုက်ရမလားဟု ကျွန်မ နာနာကျင်ကျင်တွေးမိသည်။ ကျွန်မတို့ တောသူတောင်သားတွေ ဆင်းရဲနွမ်းပါးကြပါသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမကူညီသောစရိုက် ဟိုတုန်းကတော့ ရှိခဲ့



သည်ဟု ကျွန်မ ကြားဖူးပါသည်။ အခုခေတ်မှာတော့ ဆင်းရဲနွမ်းပါးမှုသည် ရောဂါသဖွယ် ကျွန်မတို့ဝန်းကျင်မှာ ပျံ့နှံ့နေပြီတဲ့၊ ကျွန်မကိုယ်တိုင် စုံစမ်းပြီး အဖမ်းခံရအောင် ရှာဖွေပေးခဲ့သော နားကပ်လုသည့် အမျိုးသမီး၏မျက်ရည်တို့ ကျွန်မထံသို့ ကူးစက်ပျံ့နှံ့ခဲ့ရသည်ကို မမေ့နိုင်သေးပါ။ သူ့အပြစ် ကြီးပါသည်။ ထိုပြစ်မှုကို ကျူးလွန်အောင် ဖိအားပေးသည့် မိခင်အတွက် ဆေးဖိုး ဓာတ်စာဖိုးငွေဆိုသည့် နောက်ခံ အကြောင်းခြင်းရာကို ကျွန်မတို့လူမှုဝန်းကျင်က မကူညီမကယ်ဆယ်ပေးနိုင်ဘူးလားဟု မေးချင်သည်။ ကျွန်မအတွက် စိတ်သက်သာစရာ အပန်းပြေစရာ ချမ်းမြေ့ဖွယ်အဝန်းအဝိုင်းနေရာ လုံးဝမရှိဘူးဟု ကျွန်မ ဖြေလျှင် သူတို့ သဘောတူနိုင်ပါ့မလား။

'ကျွန်မမှာ သက်သောင့်သက်သာရှိတဲ့နေရာရယ်လို့ မရှိသလောက်ရှားပါတယ်။ ဆရာဝန်ကြီးဒေါ်လတ်ရဲ့အိမ်ရှိမယ်။ တရားသူကြီးမမမြတ်ရဲ့အိမ်ရှိမယ်။ ဒါပေမဲ့ အဲဒီနေရာတွေဟာ ကျွန်မအမြဲ နေလို့ရတဲ့ ကျွန်မပိုင်ဆိုင်တဲ့ ကျွန်မကိုပိုင်ဆိုင်တဲ့ နေရာတွေမဟုတ်ဘူး။ တကယ်တန်း ကျွန်မကို စုတ်ချာတဲ့အိမ်လေးမှာပဲ ဖြစ်ဖြစ် ဘုရားတန်ဆောင်းတစ်ခုထဲမှာပဲဖြစ်ဖြစ် သီးသန့် အနားယူစရာ ကမ္ဘာလေးတစ်ခုဖန်တီးပေးနိုင်တာကတော့ စာအုပ်တွေပါပဲ။ စာအုပ်တွေက ကျွန်မ သက်သက်သာသာအနားယူဖို့ အလှမ်းဝေးတဲ့ တစ်နေရာဆီကို ခေါ်သွားနိုင်ပါတယ်'

'ကောင်းတယ်။ ဒါဖြင့် မင်း စာအုပ်တွေ တော်တော် ဖတ်ပုံရတယ်။ ဟုတ်လား'

မစ်စ်တာ ဝုလ်ဖ်ဂန်းက ကျွန်မကို ရင်းရင်းနှီးနှီးဟန်ဖြင့်မေးပါသည်။

'ဟုတ်ကဲ့ ကျွန်မ စာအုပ်ဖတ်ပါတယ်။ စာအုပ်တွေဟာ ကျွန်မ အတွက် ဖြေဖျော်မှုလည်းဖြစ်တယ်၊ အဖော်လည်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဗဟုသုတယူရမဲ့ ဘဏ်တိုက်တွေလည်း ဖြစ်တယ်'

'သိပ်ကောင်းတာပေါ့။ ဒါဖြင့် မင်းအပေါ်မှာ ဩဇာ လွှမ်းမိုး ဆုံး စာအုပ်တစ်အုပ်အကြောင်း ပြောပြစမ်းပါ'

ခုနစ်တန်းနှစ်ကတည်းက ကျွန်မဖတ်လာခဲ့သည့် စာအုပ်တွေမှာ စလင်းမြို့မှာရှိသမျှ စာအုပ်ဆိုင်ပေါင်းစုံ၊ မကွေးမှာရှိသမျှ စာအုပ်ဆိုင်ပေါင်းစုံသာမကပါ။ သို့သော် ထိုများပြားလှသော မြန်မာဘာသာ အင်္ဂလိပ်ဘာသာစာအုပ်တွေက ကျွန်မအား တစ်စုံတရာသော အဖြေကို မပေးနိုင်ခဲ့သေးပါ။ ကျွန်မ ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ကျွန်မကို ဩဇာအလွှမ်းမိုးဆုံး စာအုပ်တဲ့။

'ကျွန်မအဖြေသိချင်နေတဲ့ ပြဿနာတွေအများကြီးရှိတယ် စာအုပ်တွေထဲမှာ အဖြေလိုက်ရှာတယ်။ ကျွန်မ ဖတ်ဖြစ်တဲ့စာအုပ်တွေအများကြီးပါ။ ဒါပေမဲ့ ကျွန်မအသက်ပဲ ငယ်လွန်းသေးလို့လား မသိဘူး၊ ကျွန်မကို အဖြေတစ်ခုတည်း ပေးတဲ့စာအုပ်တစ်အုပ်ကို ကျွန်မ မတွေ့ဘူး။ ပြဿနာတစ်ခုစီအတွက် အဖြေတစ်ခုစီ ရှိမယ်လေ။ ဒီတော့ ကျွန်မအားအကိုးရဆုံး စာအုပ်ဆိုတာကို ကျွန်မ ရွေးချယ်ယူဖို့ တော်တော်ခက်ခဲပါလိမ့်မယ်၊ ဒါပေမဲ့ ရှင်က အဲဒီလို တစ်အုပ်တည်း ရွေးချယ်စေချင်တာလား'

'ဟုတ်တယ် တစ်အုပ်တည်းပဲ၊ မင်းရဲ့ဘဝကို ပြောင်းလဲပေးနိုင်တဲ့စာအုပ် ဩဇာလွှမ်းမိုးမှုအများဆုံး စာအုပ်ကို ပြောပေါ့'

ထိုအခါ ကျွန်မ ရွေးရပါတော့မည်၊ ငယ်ငယ်ကတည်းက ကျွန်မ ဖတ်ခဲ့သောစာအုပ်များကို တန်းစီပြီးမြင်ယောင်ကြည့်လိုက်သည်။ ပထမဆုံးမှတ်မိသည်က ကိုကြီးကိုထင်လင်းတို့ ထောက်ပံ့ပေးသော စာအုပ်ပုံကြီးထဲမှ စိတ်ဝင်စားစရာအကောင်းဆုံး သုတရတနာသိုက်။ ထို့နောက် ဓမ္မိကဦးဘသန်းဘာသာပြန်သော ယောနသံ



စင်ရော်၊ ထို့နောက် တဂိုး၏ကဗျာလင်္ကာများ ထို့နောက် မြသန်းတင့် မြန်မာပြန်သော မိန်းမတို့အကြောင်း၊ လူလေးသို့ပေးစာများ၊ ထိုစာအုပ်တွေထဲမှာ ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်သည့် အကြောင်းအရာ ဗဟုသုတ အတွေးအခေါ်တွေ ပါဝင်ပါသည်။ သို့သော် ဘယ်စာအုပ်က ကျွန်မအပေါ် သက်ရောက်မှုအများဆုံးလဲ ကျွန်မ မရွေးချယ်နိုင်။

ကျွန်မရှေ့မှ အကြီးလူသည် သူ့လက်ထဲက မှတ်စုစာအုပ်စာမျက်နှာပေါ် သို့ လက်ညှိုးလက်သဲဖြင့် တတောက်တောက် ခေါက်နေသည်။ အငယ်လူကတော့ လက်ထဲကဘောလ်ပွိုင့်ပင်ကို ထောက်ခနဲ နှိပ်လိုက် မင်ရေးစရာ ပွိုင့်အချွန်လေး အပြင်ထွက်လာလိုက် ချပ်ခနဲပြန်နှိပ်လိုက် ပွိုင့်အချွန်လေး ပြန်ဝင်သွားလိုက်နှင့် တစ်လှည့်စီ လှုပ်ရှားနေ၏။

ကျွန်မ တစ်ခုခုတော့ ဖြေရမည်။

'ကျွန်မ အပေါ်မှာ ထိနိုက်လှုပ်ခတ်စေတဲ့ စာအုပ်တစ်အုပ်ကို ကျွန်မရွေးနိုင်ပါတယ်'

'ကောင်းတယ်'

'ဒါပေမဲ့ သူ့ ထိနိုက်လှုပ်ခတ်စေပုံက ကျွန်မဘဝကို ပြောင်းလဲပစ်တဲ့အထိတော့ ဖြစ်ချင်မှဖြစ်မယ်။ စာအုပ်ရဲ့ ထိခတ်မှုက အတွင်းအနှစ် အကြောင်းအရာချည်းသက်သက် ဟုတ်ချင်မှဟုတ်မယ်။ စာအုပ်ကို ကျွန်မ လက်ခံရယူလိုက်တဲ့အခြေအနေ၊ အဲဒီနေ့ရက်ရဲ့ လွှမ်းမိုးမှုတွေပါ ရောနှောနေချင် ရောနေနိုင်ပါတယ်'

'ပြောပါဦး ပို စိတ်ဝင်စားစရာကောင်းတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းအမှတ် သုံး

မင်းအပေါ်မှာ ဩဇာအလွှမ်းမိုးဆုံး စာအုပ်တစ်အုပ် အကြောင်း

စလင်းမြို့ရဲ့ ဆင်ဖြူကျွန်းဘက်အထွက် မြို့အဖျားက ပုထိုးဖြူရပ်ကွက်မှာ နာမည်ကြီးတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပါတယ်။ ခရေပင်ကျောင်းတိုက်လို့ ခေါ်တယ်၊ ပုထိုးဖြူရပ်ကွက်လို့ ဘာကြောင့်ခေါ်သလဲဆိုတော့ ဘုရားပုထိုးတွေပေါများပြီး စေတီပုထိုးတွေကို ထုံးသင်္ကန်းအဖြစ် အဖြူရောင်ချယ်ထားတာများလို့ စေတီပုထိုးတွေအားလုံး ဖြူနေကြလို့ပါတဲ့။ ပုထိုးဖြူရပ်ကွက်ဟာ နာမည်ကျော် ကုသိနာရုံဘုရားရှိတဲ့ရပ်ကွက်ပေါ့။ အခုတော့ အဲဒီဘုရားကို ရွှေပြည်အေး ဘုရားလို့ လူသိများပါတယ်။

ပုထိုးဖြူရပ်ကွက်က အေးချမ်းတိတ်ဆိတ်တယ်။ လူနေအိမ်ကျဲပြီး ဘုရားပုထိုးတွေနဲ့ ဘုန်းကြီးကျောင်းတွေရှိတယ်။ အဲဒီ ရပ်ကွက်မှာရှိတဲ့ ခြံဝန်းတွေက ကျယ်တယ်၊ သစ်ရိပ်ဝါးရိပ် သိပ်ကောင်းတယ်။ မန်ကျည်းပင်တွေ ကုက္ကိုပင်တွေဆို အိုး အကြီးကြီးတွေပဲ။ ဆင်ဖြူကျွန်းနဲ့စလင်းအသွား လမ်းမပေါ်မှာ ဆိုရင်လည်း အဲဒီလို အပင်ကြီးတွေနဲ့ မြိုင်ဆိုင်နေတာပါပဲ။ ခရေပင်တွေကတော့ ခရေပင်ကျောင်းတိုက်မှာ အလှဆုံးလို့ ကျွန်မ ထင်တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းအဝင် မုခ်ဦးကနေ ဘိလပ်မြေသမံတလင်း ခင်းစကြံ်နအတိုင်း လျှောက်သွားရင် ကျောင်းဆောင်အဝင် လှေခါး အုတ်ခုံဆီရောက်တယ်။ အဲဒီကနေ သစ်သားကျောင်းဆောင်ကြီးပေါ် တက်တဲ့ ဖျဉ်လှေခါးအကြီးကြီးရှိတယ်။ ခရေပင်တွေက ကျောင်းပတ်ပတ်လည်မှာ ဝိုင်းရံနေတာမို့ ကျောင်းထဲဝင်လိုက်ရုံနဲ့ လူက ဘယ်လောက်ပူပြင်းတဲ့နေရာကပဲ လာခဲ့ရပါစေ အေးမြငြိမ်းချမ်းသွားပါတယ်။

ခရေပင်ကျောင်းဆရာတော် ဆရာတော်ဦးပဏ္ဍိစ္စက စာပေ ဖတ်ရှုစုဆောင်းတာ ဝါသနာပါတယ်။ စာအုပ်တွေအများကြီးကို ဘီဒိုတွေထဲ ထည့်စုထားတာ။ စလင်းမြို့ကနေ အခြေခံပညာအထက်တန်းအောင်မြင်သူတွေထဲမှာ မြန်မာစာဂုဏ်ထူးပါရင် ဆရာတော်က ဂုဏ်ပြုလက်ဆောင်တွေ ချီးမြှင့်လေ့ရှိတယ်။ မြန်မာစာဂုဏ်ထူးက ရှားပါးတာမို့ သုံးနှစ်တစ်ကြိမ်လောက်ပဲ ဆုပေးရတယ်လို့ ပြောပါတယ်။

စလင်းအထက်တန်းကျောင်းကနေ ကျွန်မဆယ်တန်းအောင်တော့ မြန်မာစာနဲ့ အင်္ဂလိပ်စာဂုဏ်ထူးတွေ ရပါတယ်။ သုတက မြန်မာစာရယ်၊ သင်္ချာရယ်၊ ဇီဝဗေဒရယ် ဂုဏ်ထူးသုံးခုတောင်ပါတယ်။ အဲဒီနှစ်က အင်္ဂလိပ်စာဂုဏ်ထူးရတဲ့လူ နှစ်ယောက်ပဲရှိတယ်။ တစ်ယောက်က သက်မွန်။ နောက်တစ်ယောက်က ကျွန်မ။

ဘုန်းကြီးက မြန်မာစာဂုဏ်ထူးရတဲ့သူတွေကိုပဲ သီးသန့်ဆုပေးတာမို့ အဲဒီနေ့ဆုပေးပွဲမှာ ကျွန်မနဲ့သုတာပဲ တက်ရပါတယ်။

ဆုပေးပွဲကို ဘုန်းကြီးကျောင်းပေါ်မှာပဲ ကျင်းပတယ်။ ဆုပေးပွဲနေ့က ကျွန်မအဖေ စလင်းကိုလာပြီး ဂုဏ်မယူနိုင်ဘူး။ အဲဒီအချိန်က မြန်မာတန်ခူးလကုန်ခါနီး သင်္ကြန်အပြီးရက်တွေပါ။ အဲဒီအချိန်မျိုးက နွေစပါးအတွက် အလုပ်ရှုပ်နေကြတဲ့အချိန်၊ အဖေ ဘယ်လာနိုင်မလဲ။



ဆယ်တန်းမှာ ကျွန်မ ရွာကနေ နေ့စဉ် စက်ဘီးနဲ့ ကျောင်းမတက်နိုင်သေးဘူး။ ဆယ်တန်းစာမေးပွဲဖြေပြီးမှပဲ စက်ဘီးတစ်စီးကို ကျွန်မကိုယ်တိုင် စုဆောင်းထားတဲ့ငွေနဲ့ ဝယ်ယူခဲ့တာ။ ရှစ်တန်းစာမေးပွဲဖြေအပြီး၊ ကိုးတန်းစာမေးပွဲဖြေအပြီးနဲ့ ဆယ်တန်းစာမေးပွဲအပြီးနွေကျောင်းပိတ်ရက်သုံးလတွေမှာ ကျွန်မ ပဲနုတ်လိုက်တယ်။ စပါးပုတ်လိုက်တယ်။ ဆင်ဖြူကျွန်းဘက်မှာ ကြက်သွန်တွေဖော်တော့လည်း ကျွန်မ ကြက်သွန်ဖော်တဲ့အဖွဲ့နဲ့ လိုက်သွားပြီး ငွေရှာတယ်။ နောက်ပြီး ညနေခင်းတွေမှာ ကျွန်မ ရွာထဲက ကလေးတွေကို နွေရာသီအင်္ဂလိပ်စာနဲ့သင်္ချာ သင်ပေးပါတယ်။ လခတော့ မယူပါဘူး။ အလကားသင်ပေးတာ။ ဒါပေမဲ့ ကလေးတွေရဲ့မိဘတွေက ကျွန်မကို ထိုက်သင့်သလောက် ပိုက်ဆံပေးတယ်။ အဲဒါကို ကျွန်မ စုဆောင်းလိုက်တာပေါ့။ ငွေတွေအများကြီးရတော့ ကျွန်မ အဖေ့ကိုမပြောဘဲ တောင်ပေါ်ကျောင်းဘုန်းကြီးကို အပ်လိုက်တယ်။ တပည့်တော် စက်ဘီးဟောင်းတစ်စီးလောက် ဝယ်ချင်လို့ပါဘုရားလို့ လျှောက်ရတယ်၊ စက်ဘီးအဟောင်းတစ်စီးကို ကျွန်မ မျှတတဲ့ဈေးနဲ့ ရလိုက်တယ်။ စလင်းကနေ ပြောင်းသွားတဲ့ တွံတေးဘက်ကျောင်းဆရာမ တစ်ယောက်က ဆရာကြီးဆီ ရောင်းဖို့အပ်ထားတဲ့ စက်ဘီးပေါ့။ စက်ဘီးလေးကိုရတဲ့နေ့က ကျွန်မလေ ရွှေစောလူးဘုရား အောက်ခြေက အမကကျောင်း ကွင်းပြင်မှာ ချက်ချင်း စက်ဘီးစီး သင်တော့တာပဲ။ ငွဲအထပ်ထပ်နဲ့ ကြိုးစားသင်လိုက်တာ နှစ်ရက်နဲ့ တတ်သွားပါတယ်။ ခြေသလုံးမှာ ဒဏ်ရာတစ်ခု၊ ဒူးမှာ ပွန်းပဲ့ရာတစ်ခု၊ တတောင်ဆစ်မှာ တစ်ခု။

စက်ဘီးလေးရလိုက်တာ ကျွန်မ သိပ်ပျော်ပါတယ်။ သွားချင်တဲ့နေရာကို လှုပ်ရှားအောင် စောင့်နေရတဲ့ဒုက္ခကနေ လွတ်ပြီပေါ့။ ဖောင်းလင်းနဲ့စလင်းဟာ ၈မိုင်ပဲ ဝေးပေမဲ့ မိုးတွင်း လမ်းဆိုးရင် ဆိုး

www.burmeseclassic.com

www.burmeseclassic.com



သလို အချိန်တွေ ပိုကြာတတ်ပါတယ်။ ကျွန်မ စက်ဘီးက အစိမ်းပုပ် ရောင်လေး။ မိန်းမစီး။ တရုတ်ဘီးပါပဲ။ ဒါပေမဲ့ စီးတဲ့သူက ဂရုတစိုက် ကိုင်တွယ်တော့ သန့်နေတာပေါ့။

ဆယ်တန်းစာမေးပွဲဖြေခါနီးမှာ ကျွန်မ နေ့စဉ် ဖောင်းလင်း နဲ့စလင်း သွားပြန် မနေသင့်တော့ဘူးတဲ့။ ကျွန်မ အိမ်သန့်ရှင်းရေး ကူညီလုပ်ပေးနေတဲ့ စလင်းမြို့နယ် ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါ်ခင် အေးလတ်က ပြောပြီး သူ့အိမ်မှာနေပြီး စာမေးပွဲဖြေနိုင်းတယ်။ သိပ် ကျေးဇူးတင်ဖို့ ကောင်းတာပဲ။ နေ့စဉ် ခြေလျင်လျှောက်ရမဲ့ အချိန် တွေနဲ့ ပင်ပန်းမဲ့ခွန်အားတွေကို စာကျက်တဲ့နေရာမှာ ထည့်သုံးနိုင် အောင်တဲ့။ စာမေးပွဲကာလမှာ ကျွန်မကို အုပ်ထိန်း စောင့်ရှောက် ပေးခဲ့တာ ဆရာဝန်ကြီး ဒေါ်ခင်အေးလတ်ပါ။ ဒါပေမဲ့ ကျွန်မ ဆုယူ တဲ့အချိန်မှာ ဆရာဝန်ကြီးက မကွေးသွားရမှာမို့ မလိုက်နိုင်ဘူး။

ကျွန်မကို မြန်မာစာသင်ပေးတဲ့ ဆရာမဒေါ်ဆွေဆွေဝင်း က ကျွန်မရဲ့အုပ်ထိန်းသူအဖြစ် လိုက်ပေးခဲ့ပါတယ်။

ဆရာမဒေါ်ဆွေဆွေဝင်းက မြင်တင်ရပ်ကွက် ခိုင်ရွှေဝါ လမ်းထဲမှာနေတာ။ ဖောင်းလင်းကနေလာရင် မြင်တင်ရပ်ကွက်ကို ကျော်ပြီးမှ ပုထိုးဖြူရပ်ကွက်ကို ရောက်မှာ။ ဒါကြောင့် ဆရာမဆီ အရင် ဝင်လိုက်ပါတယ်။ ဆရာမက ဆံထုံးထုံးတုန်းရှိသေးတယ်။ ဆရာမက ခါတိုင်းထက် ပိုလှနေတယ်။ ဆံထုံးမှာ သစ်ခွပွင့်သုံးပွင့် ပန်လိုက်ပါတယ်။

'ငါ့တပည့်တွေအတွက် ဂုဏ်ယူရမဲ့နေ့လေ' တဲ့။ ပြုံးပြီး ပြောတယ်။ မြန်မာစာဂုဏ်ထူးထွက်အောင် သင်ပေးနိုင်တဲ့ဆရာမ အဖြစ် သူ ပျော်မှာပဲ။ ကျွန်မတို့ထက်တောင် ပျော်လိမ့်ဦးမယ်နော်။

ဘုန်းကြီးကျောင်းလှေခါးထစ်တွေပေါ် တက်လာတဲ့အချိန် မှာ ကျွန်မ ရင်တဒိတ်ဒိတ်ခုန်နေတာ။ ကျောင်းပေါ်ခြေချလိုက်လို့ များပြားလှတဲ့ဧည့်ပရိသတ်လည်း မြင်လိုက်ရော ကျွန်မ ဒူးတွေ တုန်



လာပါတော့တယ်။ ကျွန်မနဲ့ဆရာမဒေါ်ဆွေဆွေဝင်း ဝင်လာတာကို အားလုံး လှည့်ကြည့်ကြတယ်။ မျက်လုံးအစုံပေါင်းများစွာအောက် မှာ ကျွန်မ ခြေလှမ်းတွေ မှားမတတ်ပါပဲ။ ကျွန်မ ဆုတွေ ခဏခဏ ယူဖူးပါတယ်။ ဖောင်းလင်းမှာ စလင်းအထက်တန်းကျောင်းမှာ။ ဒါပေမဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကိုယ်မသိတဲ့ လူကြီးတွေ အများကြီးရဲ့ရှေ့မှာ တစ်ခါမှ ဆုမယူဖူးပါဘူး။

'လာလာ ဒေါ်ဆွေဆွေဝင်း ဒီဘက်လား၊ ဒါ အေးငြိမ်းမေ လား။ ဒီဘက်ခေါ်ခဲ့ပါ'

ဘုန်းကြီး ဦးပဏ္ဍိစ္စက ဆရာမကို အရင်ကတည်းက သိ ထားပါတယ်။

ကျွန်မတို့နှစ်ယောက် ဘုန်းကြီးနဲ့မနီးမဝေးက စားပွဲဝိုင်း တစ်ခုဆီ ခေါ်သွားခံရပါတယ်။ ကျွန်မမျက်လုံးတွေ ပြာဝေနေတာမို့ ဧည့်ပရိသတ်တွေ ဖြူသလား မဲသလား မသိပါဘူး။ သူတကို လိုက် ရှာကြည့်သေးတယ်။ မျက်နှာတွေက အားလုံးဝါးနေတော့ သူတကို လည်း မမြင်မိပါဘူး။

'ကဲ ထိုင် သမီး'

ကျွန်မ အစိမ်းနုချည်ကွက်ကျဲ စားပွဲခင်း ခင်းထားတဲ့ စားပွဲ ဝိုင်းတစ်ခုမှာ ဆရာမနဲ့အတူ ကျို့ကျို့လေး ဝင်ထိုင်လိုက်ပါတယ်။ စားပွဲပေါ်မှာ မုန့်ဟင်းခါးမုန့်ဖတ်အဖြူ ထည့်ထားတဲ့ ပန်းကန်နဲ့ အကြော်၊ ငံပြာရည်၊ နံနံပင်၊ ရေတ်သီးမှုန့် ပန်းကန်လေးတွေ။ အဆင် သင့် ပြင်ပြီးသားမုန့်စားပန်းကန်တွေလည်း ရှိတယ်။ စားလက်စ လူတွေလည်း စားနေဆဲပါပဲ။

'တက္ကသိုလ်ကျောင်းသူကြီး ဖြစ်တော့မယ်ပေါ့'

ကြည့်စမ်း။ ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားတဲ့အသံ တစ်ခုက ကျွန်မနားထဲကို ခပ်တိုးတိုးဝင်ရောက်လာတယ်။ ကျွန်မ လှပ်ခနဲရင်ခုန်သွားပါတယ်။ အဲဒီအသံ ဝါဝါလွင်လွင်ကို ကျွန်မ သိင်

www.burmeseclassic.com

www.burmeseclassic.com



သိတာပေ့ါ. အဲဒီ အသံကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး။ ဘယ်လို မှ မမျှော်လင့်ခဲ့မိပေမဲ့ ဒီအသံကို ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်လို အချိန်မှာပဲဖြစ်ဖြစ် ကျွန်မ သိမှာပါပဲ။ ကျွန်မရဲ့ကျေးဇူးရှင်လေ၊

ကျွန်မ တအံ့တသြမော့ကြည့်လိုက်တဲ့အခါ ကျွန်မရဲ့ ညာ ဘက်မှာ ထိုင်နေတဲ့သူကို မြင်လိုက်ရတာပေ့ါ။ မျက်မှန်တစ်ခုပိုလာ ပေမဲ့ ကျွန်မ သူ့ကို မှတ်မိတယ်။ ညိုစင်ပေမဲ့ ဝင်းစိုနေတဲ့ မျက်နှာ၊ မဲနက်ကြည်လင်တဲ့မျက်လုံးတောက်တောက်နဲ့ ပိရိသေသပ်တဲ့အပြုံး၊ အစ်ကိုကြီးကိုထိန်လင်း။

'အစ်ကိုကြီး လာလည်တာလားဟင်'

'အေး အလုပ်ကိစ္စနဲ့လာတာ'

'ကျွန်တော် ဂုဏ်ထူးနှစ်ခုရတုန်းက ကိုကြီးဆီ စာထည့်ချင် လို့ တောင်ပေါ်ကျောင်းဘုန်းကြီးဆီကို လိပ်စာမေးသေးတယ်။ ဘုန်း ဘုန်းက သူမသိဘူးလို့ပြောတယ်။ လိပ်စာက ခဏခဏပြောင်းနေတာ လို့ပြောတယ်တဲ့ ဟုတ်လားဟင် ကိုကြီး'

သူ ပြုံးနေပါတယ်။

'ဟုတ်တယ်၊ လိပ်စာက အတည်တကျမရှိဘူး၊ ဦးတို့ ဖောင်ဒေးရှင်းရဲ့ မြန်မာနိုင်ငံရုံးခွဲက သေးသေးလေး။ ဟိုရောက်လိုက် ဒီရောက်လိုက်လေ၊ အသေချာဆုံးက အီးမေးလ်လိပ်စာပဲ'

အီးမေးလ်လိပ်စာဆိုတာကို ကျွန်မသိပါတယ်။ ကျွန်မဖတ် နေကျ စာအုပ်တွေ မဂ္ဂဇင်းတွေထဲကတစ်ဆင့် သိနေပါတယ်။ ဒါပေမဲ့ ကျွန်မတို့စလင်းမှာ အီးမေးလ်တို့ အင်တာနက်တို့ မရှိပါဘူး။ သုံးချင် ရင် မင်းဘူး မကွေးအထိ သွားသုံးရမှာပါ။ ကျွန်မနဲ့အလှမ်းဝေးတယ်။ ဒါပေမဲ့ ကျွန်မ အစ်ကိုကြီး ကိုထင်လင်းနဲ့ အဆက်အသွယ်ရချင်ပါ တယ်၊ ဒါကြောင့် အီးမေးလ်လိပ်စာတောင်းမယ်လို့ ကြံရွယ်နေတုန်း အနားကို ဘုန်းကြီးရောက်လာတယ်။



'ဆရာမဒေါ်ဆွေဆွေဝင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက ရန်ကုန်က ကိုထင်လင်းတဲ့။ ကလေးများအတွက်ဖောင်ဒေးရှင်းရဲ့ ဌာနေတာဝန်ခံပေ့ါ။ ကိုထင်လင်း ဆရာမက အေးငြိမ်းမေနဲ့သုတကို မြန်မာစာဂုဏ်ထူးရအောင် သင်ပေးနိုင်တဲ့ ဒေါ်ဆွေဆွေဝင်းတဲ့'

ဆရာမနဲ့ ကိုကြီးနဲ့ တစ်ယောက်ကိုတစ်ယောက် အပြုံးနဲ့ အသိအမှတ်ပြုရင်၊ အစ်ကိုကြီးက ခေါင်းညွှတ်ပါတယ်၊

'ကိုထင်လင်းက အေးငြိမ်းမေရဲ့ အုပ်ထိန်းသူအလှူရှင်ပေ့ါ ဆရာမရဲ့'

'အော် ဟုတ်လား။ ငယ်ငယ်လေးပဲရှိသေးတာနော်'

ဆရာမ အံ့သြသွားတယ်။ ကျွန်မမှာ ပညာသင် စရိတ် ထောက်ပံ့တဲ့သူရှိမှန်း ဆရာမသိထားပါတယ်။ ဒါပေမဲ့ အစ်ကိုကြီးလို လူငယ်တစ်ယောက်ဖြစ်နေတာကို အံ့သြသွားတာဖြစ်မယ်။ ငယ်ငယ် လေးပဲ လို့အပြောခံလိုက်ရတဲ့အစ်ကိုကြီးကို ကျွန်မ သတိထားပြီး ကြည့်လိုက်မိတယ်၊ ဟုတ်တယ်၊ အစ်ကိုကြီးက ဆရာမလောက် တောင် အသက်မကြီးသေးဘူး၊ အသက်သုံးဆယ်အောက်ပဲရှိသေး တယ်၊ ကိုကြီးကတော့ ဘုန်းကြီးပြောလိုက်တဲ့အတွက် အနေရ ခက် သွားသလိုပဲ၊

'အာ ဦးဇင်းကလည်း အလှူရှင်ဆိုတာကြီးကို မပြောပါနဲ့ ဘုရား၊ ဘာမှ ဖြစ်လောက်တဲ့အရာလည်း မဟုတ်ဘူး'

'ဘယ့်နှယ်မဖြစ်လောက်ရမလဲ။ လေးနှစ်ဆက်တိုက် လစဉ်ထောက်ပံ့ခဲ့တဲ့ငွေတွေလေ၊ ဖောင်ဒေးရှင်းကပိုက်ဆံလည်း မ ဟုတ်၊ ကိုယ့်လစာထဲက ပညာဒါနလုပ်တာ။ ဘယ်လောက်မွန်မြတ် လိုက်သလဲ၊ ဦးဇင်းတို့ကတော့ ထည့်ပြောရမှာပဲ၊ ကြုံတိုင်းကို ထည့် ပြောရမှာပဲ၊ သူများတွေလည်း အားကျအောင်ပေ့ါ ကိုထင်လင်းရဲ့'

အဲဒီနောက်တော့ ဆရာမနဲ့ အစ်ကိုကြီးကိုထင်လင်းနဲ့ စကားလက်ဆုံကျနေကြတယ်၊ အစ်ကိုကြီးရဲ့မိသားစုအကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကြောင်း၊ ပညာအရည်အချင်းအကြောင်း ဆရာမက စပ်စု မေးမြန်းနေလို့ အစ်ကိုကြီး ဖြေနေရတယ်။ အဲဒီအခါကျမှ ကျွန်မ အလွန်သိချင်ပြီး တစ်ခါမှ မမေးရဲဖူးတဲ့ အစ်ကိုကြီးအကြောင်းကို ကျွန်မ သိလိုက်ရပါတယ်။

အစ်ကိုကြီးက ဒဿနိကဗေဒနဲ့ ဘွဲ့ရတယ်။ ဘွဲ့လွန်ကို ပြည်သူ့ရေးရာမူဝါဒနဲ့ စကော့တလန်နိုင်ငံအမျိုးသားတက္ကသိုလ်က ယူထားတယ်တဲ့။ မိဘနှစ်ပါးလုံး မရှိကြတော့ဘူးတဲ့။ အစ်ကိုကြီးကို ငယ်ငယ်ကတည်းက မြုံစုစောင့်ရှောက်ထားတဲ့ အဒေါ်အပျိုကြီးနဲ့ နေတာတဲ့။ ကိုကြီးရဲ့အလုပ်ကတော့ နယ်တွေ၊ ကျေးရွာတွေမှာ ကလေးတွေ အတွက် လိုအပ်တဲ့အရာတွေကို ဖြည့်ဆည်းပေးဖို့ပါပဲ တဲ့။ အဓိက ကတော့ ကလေးတွေရဲ့ ဉာဏ်ရည်ဖွံ့ဖြိုးဖို့အတွက်၊ ဘဝ ရှင်သန်ရေး အတွက် အထောက်အကူပြုမဲ့ အခြေအနေတွေ ဖြည့်ဆည်းပေးဖို့ပဲ လို့ ပြောပါတယ်။

'ကဲ ပြောလည်း ပြောကြ။ စားလည်းစားကြဦးလေ'

ဘုန်းကြီးက တက်တက်ကြွကြွနဲ့ အကုန်လိုက်ဧည့်ခံ စီမံ နေတယ်။

ဆရာမက ကျွန်မအတွက် မုန့်ပန်းကန် ရှေ့တိုးပေးပြီး ဟင်းရည်ဆမ်းပေး၊ အကြော်အလှော် နံနံပင်ထည့်ပေးပါတယ်။ အဲဒီ အခါကျမှ 'လာမူကြီးဆီး ထံနီးလုပ်ကျွေး သင်တွေး အံ့ရှုတ်' ဆိုတဲ့ တပည့်ဝတ်တွေထဲက တစ်ခုတော့ ကျွန်မ ပျက်ကွက်လိုက်ပြန်ပြီလို့ သိသွားတယ်။ တကယ်ဆို ကျွန်မကသာ ဆရာမရဲ့ ပန်းကန်ထဲကို ဟင်းရည်ဆမ်းပေး အကြော်အလှော်ထည့်ပေးရမှာ မဟုတ်လား။

'သမီး အေးငြိမ်း စား'

ကျွန်မ မနက်၇နာရီကတည်းက စက်ဘီးနင်းလာခဲ့ရတာမို့ စားခဲ့ပြီးသား ထမင်းကြမ်းခဲဟာ ဘယ်ရောက်သွားမှန်းတောင် မသိပါ ဘူး၊ အခုကိုးနာရီကျော်ပြီဆိုတော့ ပြန်ဆာနေပြီပေါ့။ ဒါပေမဲ့ ကျွန်မ



စားချင်သလောက် အားပါးတရ မစားရဲဘူး။ ကျွန်မဘေးမှာ ကိုကြီး ကိုထင်လင်း ရှိနေတယ်ဆိုတဲ့အသိကြောင့် တစ်ကိုယ်လုံး တင်းတင်း ကြပ်ကြပ်ကြီးဖြစ်နေတယ်။ အရင်က ဘာမုန့်ပဲဖြစ်ဖြစ် မြန်မြန် သွက် သွက်စားတတ်တဲ့ ကျွန်မ အခုတော့ တို့ကနန်း ဆိတ်ကနန်း မွှေလို့ နယ်လို့ကို မပြီးနိုင်တော့ဘူး။ မုန့်ကိုလည်း ပလုပ်ပလောင်း ပါးစပ်ထဲ မသွင်းရဲဘူး။ ဇွန်းကို ကိုင်ပြီးမွှေတော့လည်း ပန်းကန် နှုတ်ခမ်းအထိ မုန့်တွေဟင်းရည်တွေ ပေကျံမသွားအောင် အသာလေးပဲ မွှေရတယ်။ ဟင်းရည်စက်တွေ နှုတ်ခမ်းမှာ မပေအောင်လည်း ဂရုစိုက်ရသေး တယ်။ မုန့်ဖတ်မျှင်တွေ ပါးစပ်ထဲ အကုန်မဝင်ခင်မှာ တန်းလန်း ထွက်ကျန်နေခဲ့မှာကိုလည်း စိုးရိမ်ရသေးတယ်။ အို ကျဉ်းကြပ်လိုက် တာမပြောပါနဲ့တော့။

'ထည့်စား အေးငြိမ်းမေ လိုတာထည့်စားနော် မရှက်နဲ့'

ဘုန်းဘုန်းက အလိုက်တသိ အားပေးတယ်။ ကျွန်မ ဘာ ထည့်ရမှန်းမသိလို့ ထည့်မိထည့်ရာထည့်ဖို့ ငရုတ်သီးမှုန့်ကို တစ်ဇွန်း မောက်မောက်ခပ်ယူလိုက်မိတယ်။

'အဲ ငရုတ်သီးတွေအများကြီးစားဦးမယ် ဒီကလေးမ၊ တည့် လို့လား'

အစ်ကိုကြီးရဲ့အသံ။ ခပ်တိုးတိုးပါ။ ဟိုဘက်ဝိုင်းကတောင် မကြားရလောက်ပါဘူး။ ဒါပေမဲ့ မအေးဆေးဘူး။ စိုးရိမ်ပူပန်မှုပါ တယ်။ တားမြစ်ပိတ်ပင်မှုပါတယ်။ ဘုရားရေ။ ကျွန်မကို ငရုတ်သီးနဲ့ မတည့်မှာ စိုးရိမ်ပူပန်ပေးတဲ့လူတစ်ယောက် လောကကြီးမှာ ရှိနေပါ လား။ အဲဒီအသိကြောင့် ကျွန်မတစ်ကိုယ်လုံး နွေးထွေးပြီး လုံခြုံသွား ပါတယ်။ ဒါကြောင့်ပဲ သူ့ကို မော့ကြည့်မိတယ်။

အော် သူ့မျက်နှာက အေးချမ်းလိုက်တာ။ တည်ငြိမ်ပြီးမှ တောက်ပရွှန်းလဲ့တဲ့မျက်လုံးကို လူတစ်ယောက်ဆီမှာ ကျွန်မ ပထမ ဆုံးအကြိမ် သတိထားမြင်တွေ့လိုက်ရတာပါပဲ။ လည်ကတုံးအဖြူ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ရှုတ်လက်ရှည်ကြောင့် သူ့အသွင်က ပိုပြီး တည်ငြိမ်အိန္ဒြေရနေသလိုပဲ။

ကျွန်မ ခပ်ရှက်ရှက်နဲ့ ပြုံးလိုက်မိပြီး လက်ထဲက ငရုတ်သီးမွှန်းကို သူ့ပန်းကန်ထဲသူ ပြန်ချပစ်လိုက်မိတယ်။ ကိုကြီးရဲ့ ဂရုတစိုက်ပူပန်တားမြစ်မှုအတွက် ကျေးဇူးစကားတော့ ပြောဦးမှပါလို့ တွေးမိတယ်။ ဒါပေမဲ့ ဘယ်လိုပြောရမှာလဲ။

'ကိုထင်လင်း ခဏ။ ဒီစင်လေးကို နေရာရွှေ့ရင်ကောင်းမလား'

ဘုန်းကြီးက အခမ်းအနားအတွက် ပြင်ဆင်ထားတဲ့ ကျွန်းသား စကားပြောစင်လေးနားကနေ ကိုကြီးကို လှမ်းခေါ်လိုက်တော့ 'တင်ပါ့ဘုရား' ဆိုပြီး ထသွားတယ်။ ကဲ မြီးရော။ စကားပြောဖို့ အခွင့်အရေးက ဆုံးရှုံးသွားပြီ၊ နောက်တစ်ကြိမ် အစ်ကိုကြီးနဲ့ အခုလို နီးနီးကပ်ကပ် စကားပြောခွင့် ရနိုင်ပါဦးမလား။

ကျွန်မ မုန့်ဟင်းခါး စားအပြီး လက်သုတ်ပဝါနဲ့ နှုတ်ခမ်းကို သုတ်နေတုန်းမှာ နောက်ကျောဆီက တစ်ယောက်ယောက်လှမ်းကြည့်နေသလိုလို ကျောမလုံသလိုလို ခံစားလိုက်ရတယ်။ ကျွန်မ မသိမသာ နောက်လှည့်ကြည့်လိုက်တော့ ဟိုးလူအုပ်ကြား ခပ်လှမ်းလှမ်းမှာ တောက်ပတဲ့မျက်လုံးအစုံနဲ့ လှမ်းကြည့်နေတဲ့ သုတကို မြင်လိုက်ရပါတယ်။

သုတရဲ့မျက်လုံးတွေ ဒီလောက် တစ်ခါမှ မစူးရှဖူးပါဘူး၊ တစ်မျိုးပဲ၊ စိမ်းပြီးတောက်နေတာပဲ။ ကျွန်မ လှစ်ခနဲ ပြုံးပြလိုက်မိတယ်၊ ဒါပေမဲ့ သုတက ပြန်မပြုံးပါဘူး။ သူ့အမေလို့ ယူဆရတဲ့ အဒေါ်ကြီးတစ်ယောက်က သုတကို တစ်လှည့် ကျွန်မကို တစ်လှည့် အကဲခတ်နေတယ်၊ ကျွန်မအပြုံးကို မြင်တဲ့အခါ သုတကို အဒေါ်ကြီးက မျက်မှောင်ကြုတ်ကြည့်လိုက်ပါတယ်။ သေချာတာပေါ့။ အဲဒါ



သူ့အမေပါ။ သူ့အမေက သူ့ကို သိပ်စိုးမိုးတယ်လို့ ကျွန်မကို သုခဏခဏပြောဖူးတယ်။

'ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်များ၊ ဆရာဆရာမများနဲ့ ကျောင်းသူကျောင်းသားများခင်ဗျား။ ခရေပင်ကျောင်းတိုက်ရဲ့ ဆဋ္ဌမအကြိမ်မြောက် မြန်မာစာထူးချွန်ဆုပေးပွဲအခမ်းအနားကို စတင်တော့မှာ ဖြစ်ပါတယ်'

အခမ်းအနားမှူးက စဖွင့်လိုက်တာမို့ သုတဆီကနေ ကျွန်မမျက်နှာပြန်လွှဲလိုက်တယ်။ ပထမဆုံး အခမ်းအနားအစီအစဉ်ကို ကြေညာတယ်၊ ခရေပင်ကျောင်းတိုက်ဆရာတော်ဦးပဏ္ဍိစက အခမ်းအနားကျင်းပရခြင်းနဲ့ ကျေးဇူးတင်စကား ခိန့်ကြားခြင်း။ ဆုရသူများအား ဆုပေးခြင်း၊ ဆုရသူမောင်သုတက ကျေးဇူးတင်စကား ပြောကြားခြင်း၊ မအေးငြိမ်းမေက ကျေးဇူးတင်စကားပြောကြားခြင်း။

ဘုရားရေ၊ ကျွန်မ ကြိုသိခဲ့ဖို့ကောင်းပါရဲ့လို့ မချင့်မရဲဖြစ်မိတယ်။ ကျေးဇူးတင်စကားကို နှစ်ယောက်လုံးက ပြောရမှာတဲ့၊ ကျွန်မ ဘာမှကြိုတင် မပြင်ဆင်ခဲ့မိပါဘူး။ သုတကို တစ်ချက်လှမ်းကြည့်လိုက်တော့ သုတကတော့ အိန္ဒြေရရပဲ။ ပြင်ဆင်ထားပြီးသားဖြစ်မှာပေါ့။ ကျွန်မ ဘာတွေပြောရမလဲ၊ အင်းလေ ဘဝမှာ ကြိုတင် ပြင်ဆင်လို့မရတဲ့အဖြစ်တွေ အများကြီးတွေ့ရဦးမှာပါပဲ၊ ဒါက နမူနာလေ့ကျင့်ခန်းတစ်ခုပေါ့။

ဘုန်းကြီးက ဆုပေးပွဲလုပ်ရခြင်းရဲ့ရည်ရွယ်ချက်တွေကို ရှင်းပြပါတယ်။ စလင်းမြို့က မြန်မာစာပေမှာ ထင်ရှားပြောင်မြောက်တဲ့ ပုဂ္ဂိုလ်တွေ ထွန်းကားရာဒေသတစ်ခုဖြစ်တဲ့အကြောင်း ပြောရင်း ကျပင်းဆရာဖိုးရဲ့ တချိုးတွေကို အလွတ်ရွတ်ဆိုပြသွားလိုက်တာ သိပ်နားထောင်လို့ကောင်းတာပဲ။ စလင်းရဲ့မြန်မာစာထူးချွန်မှု ဂုဏ်ရည်ကို မြန်မာစာဂုဏ်ထူးရ ကျောင်းသားကျောင်းသူတွေက

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်းဖို့ မျှော်လင့်တယ်တဲ့။ အဲဒီစကားကြားရတော့ ယုံကြည်စိတ်ချမျှော်လင့်ခံရလို့ ကျေနပ်မိပေမဲ့ တာဝန်ဆိုတဲ့ လေးပင်တဲ့ဝန်ထုပ်တစ်ခုကြောင့် ပေါ့သေးသေး မဟုတ်ပါလားလို့ သတိပြုလိုက်မိပါတယ်။

ဒီပွဲဖြစ်မြောက်ဖို့အတွက် ထည့်ဝင်တဲ့ အလှူရှင်တွေနဲ့ အလှူငွေပမာဏကို ဘုန်းကြီးက ရွတ်ပြပြီး ကျေးဇူးတင်စကား ထပ်ပြောပါတယ်။ အလှူရှင်တွေထဲမှာ ရန်ကုန်မြို့က ကိုထင်လင်းလို့ နာမည်ပါဝင်တဲ့အတွက် ကျွန်မ မအံ့ဩပါဘူး။ ဘုန်းဘုန်းရဲ့ စကားတွေက လိုရင်း တိုရှင်း အချက်အလက်ခိုင်ခိုင်မာမာတွေပါပဲ။

အဲဒီနောက်တော့ ဆုပေးတဲ့ အစီအစဉ်ပါ။

ကျွန်မတို့ကို ဆုပေးပေးဖို့ ဆရာမဒေါ်ခွေခွေဝင်းကို ဖိတ်ခေါ်တယ်။ ဆရာမက ကျွန်မတို့နှစ်ယောက်လုံးကို ဆုပေးပါတယ်။

ငွေထည့်ထားတဲ့ စာအိတ် လေးခု။ အလှူရှင် တစ်ယောက်ချင်းရဲ့ အလှူငွေတစ်အိတ်ချင်း ဖြစ်မယ်။ ပက်ကင်စက္ကူနဲ့ ထုပ်ပိုးထားတဲ့ ခပ်ပျော့ပျော့အိအိ အထုပ်လေးလည်း ပါတယ်။ မျက်နှာသုပ်ပဝါဖြစ်မယ်။ နောက်ပြီး စာအုပ်သုံးအုပ်ပါတယ်။ မြန်မာစာနဲ့ ပတ်သက်တဲ့ ရှေးဟောင်းစာအုပ်တွေ၊ ဇော်ဂျီရဲ့ရသစာပေ အဖွင့်နှင့်နိဒါန်း၊ ပါရဂူမြန်မာပြန်တဲ့ဝေသာလီ၊ မင်းသုဝဏ်ရဲ့ ပန်းနှင့်ပင်စည်။ စာအုပ်တွေက အကောင်းစားတွေပါ။

အစီအစဉ်အရ သုတကို အရင် ကျေးဇူးတင်စကားပြောခိုင်းတယ်။ ဂုဏ်ထူးများသူကို အရင် ဦးစားပေးတာဖြစ်မှာပါ။

သုတက ကျေးဇူးတင်စကားကို အားလုံးပြင်ဆင်ထားခဲ့ပြီးပုံရတယ်။ ချောနေတာပဲ။ သူက စလင်းရဲ့ဂုဏ်ဆောင် ရုပ်သေးမင်းသမီးကြီး အောင်ဗလကနေ စတယ်။ ဟိုးရှေးရှေးတုန်းက စင်မြင့်ပေါ် မိန်းမတွေတက်ပြီး ကခွင့်မရှိလို့ ယောကျ်ားတွေက မိန်းမလို



သရုပ်ဆောင်ပြီးကရတဲ့ခေတ် ရှိခဲ့ဖူးတာကို။ အောင်ဗလအကြောင်းပြောပြီးတော့မှ မြန်မာစာထူးချွန်မှု အမွေအနှစ် စဉ်ဆက်မပြတ်တည်ရှိနေတာကို ပြောပြတယ်။ နောက်ဆုံး ဦးဒွေးကြည်(စလင်း)ဆိုတဲ့ ကဗျာဆရာကို ထည့်ကိုးကားတယ်။ သူတို့စာတွေ လင်္ကာတွေကို သူ မြတ်နိုးတဲ့အကြောင်း၊ ဂုဏ်ထူး သုံးဘာသာရဖို့ သူ စာကိုဘယ်လိုလေ့လာကျက်မှတ်ခဲ့ရတဲ့အကြောင်း၊ သူ့ကို သင်ကြားပေးတဲ့ဆရာ ဆရာမတွေနဲ့ သူလေ့လာဖတ်ရှုခဲ့ရတဲ့ စာပေပညာရှင်တွေကိုပါ ကျေးဇူးတင်တဲ့အကြောင်း ထည့်ပြောတယ်။

အို တော်လိုက်တာနော်၊ ကျွန်မ ငေးမောပြီး နားထောင်နေမိတယ်။ သုတကို ဒီလောက် အပြောကောင်းလိမ့်မယ်လို့ တစ်ခါမှ ထင်မထားခဲ့ပါဘူး။ သုတက မိနစ်နှစ်ဆယ်လောက်ကြာအောင် ပြောနိုင်တယ်။

သုတပြီးတော့ ကျွန်မအလှည့်။

ကျွန်မ လူသူရှေ့မှာထွက်ပြီး စကားပြောရတဲ့အလုပ်နဲ့ သိပ်မစိမ်းပါဘူး။ အတန်းထဲမှာ ကျွန်မ ခဏခဏ ရှေ့ထွက်ပြီး စာရေးရ စာဖတ်ရတတ်တယ်။ ဒါပေမဲ့ အဲဒါနဲ့အခုဟာနဲ့လုံးဝမတူပါဘူး။ ပရိသတ်က ကိုယ့်အတန်းဖော်တွေမှ မဟုတ်ဘဲ၊ ကိုယ့်ထက်ကြီးတဲ့လူကြီးတွေချည်းပဲ။ ပိုဆိုးတာက ကိုယ့်ဆရာမ ဒေါ်ခွေခွေဝင်းအပြင် အစ်ကိုကြီးကိုထင်လင်းက ပါလိုက်သေးတယ်။

ကျွန်မ စကားကို တိုတိုပဲ ပြောမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ အချက် သုံးချက်ကို အကြမ်းရေးခြစ်ထားခဲ့တယ်။

'ကျွန်မကို ခုလို စကားပြောခွင့်ပေးတဲ့အတွက် ဘုန်းဘုန်းနဲ့တကွ စီစဉ်ပေးသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မ မြန်မာစာဂုဏ်ထူး၊ အင်္ဂလိပ်စာဂုဏ်ထူးနဲ့ ဆယ်တန်းအောင်မြင်ခဲ့တာကို အလွန်ပဲ ဝမ်းသာမိပါတယ်၊ ပထမဆုံး ကျေးဇူးတင်ချင်တာကတော့

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းလင်းတောင်ပေါ်ကျောင်းက ဆရာတော် ဦးသံဝရဖြစ်ပါတယ်။ ဆရာတော်ဟာ ကျွန်မကို ဆင်းရဲနွမ်းပါးမှန်းသိလို့ ကျောင်းလခ မယူဘဲ ခုနစ်တန်းအထိ ပညာအခမဲ့သင်ယူခွင့်ပေးခဲ့ပါတယ်။ ကျွန်မကို ပညာပေးရုံသာမက လိမ်မာရေးခြားရှိအောင် သွန်သင်ဆုံးမခဲ့ပါတယ်။ ဒါကြောင့် ပထမဆုံး ကျေးဇူးရှင် ဆရာတော် ဦးသံဝရကို ဒီနေရာကနေ စိတ်နဲ့မှန်းဆပြီး ကန်တော့လိုက်ပါတယ်။

'ဒုတိယကျေးဇူးတင်မိတာကတော့ ရန်ကုန်မြို့ကလာတဲ့ ဧည့်သည် အစ်ကိုကြီးကိုထင်လင်းပါပဲ။ လွန်ခဲ့တဲ့ လေးနှစ်က ကိုကြီးသာ ကျွန်မတို့ဖောင်းလင်း ဘုန်းတော်ကြီးသင်ပညာကျောင်းကို မရောက်လာခဲ့ဘူးဆိုရင် အခုလောက်ဆို ကျွန်မ ရန်ကုန်က အိမ်တစ်အိမ်မှာ အိမ်ဖော်မလေး ဖြစ်နေပါပြီ'

ကျွန်မ အဲဒီစကားပြောပြီး ကိုကြီးကိုထင်လင်းရဲ့မျက်နှာကို လှမ်းကြည့်လိုက်တယ်။ ကိုကြီးက ခေါင်းကြီးငုံ့ထားတယ်။ သူ့ရှေ့က သင်ဖြူးဖျာကိုပဲ စိုက်ကြည့်နေတယ်။ ရုတ်တရက်ကျွန်မ ထုတ်ဖော်ပြောလိုက်လို့ သူ ရှက်သွားပုံရတယ်။ ကျွန်မကတော့ မရှက်ပါဘူး။ အခုလို ကိုကြီးရဲ့ကျေးဇူးကို လူသူကြားမှာပြောခွင့်ရတဲ့အတွက် ကျွန်မ သိပ်ဝမ်းသာတယ်။ ဒီအခွင့်အရေးကို စောင့်နေခဲ့ရတာ ကြာလှပါပြီ။

'အခုလို စိတ်ရော လူရော ကျန်းမာချင်မှလည်း ကျန်းမာမယ်။ အလုပ်တွေ ဝန်နဲ့အားနဲ့မမျှလုပ်ရလို့ ပင်ပန်းဆင်းရဲချင် ဆင်းရဲနေပါလိမ့်မယ်။ အရိုက်အနှက်ခံရချင်လည်းခံနေရလိမ့်မယ်။ နှိမ်ချခွဲခြားတဲ့ မျက်လုံးတွေအောက်မှာ ကျွန်မရဲ့ ကိုယ်နဲ့စိတ် နှစ်ခုလုံး ကျုံ့ဝင်နေရပါလိမ့်မယ်။ သေချာတာကတော့ ကျွန်မ စာဆက်သင်ခွင့်မရ၊ စာအုပ်တွေနဲ့ဝေး၊ ပညာနဲ့ဝေး၊ အောင်မြင်မှုနဲ့ ဝေးမှာပါ။

'ကျွန်မကို ပညာလမ်းကြောင်းပေါ်ရောက်အောင် ဆွဲတင်ပေးဖို့ ငွေကြေး၊ အချိန်၊ စိတ်စေတနာတွေနဲ့ ရင်းနှီးမတည်ပေးခဲ့တဲ့



ကိုထင်လင်းဟာ ကျွန်မရဲ့ မှောင်မဲတဲ့ဘဝလမ်းမှာ အလင်းရောင်နဲ့ လမ်းညွှန်ကူညီခဲ့တဲ့ကြယ်တစ်စင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကိုထင်လင်းကို ကျွန်မဘဝရဲ့ ဒုတိယကျေးဇူးရှင်အဖြစ် ရိုသေလေးစားစွာ ဂါရဝပြုပါရစေ'

ကျွန်မ စင်ပေါ်ကနေပဲ လက်အုပ်ချီပြီး ကိုကြီးကို ဂါရဝပြုလိုက်ပါတယ်။ အဲဒီအချိန်မှာ ကိုကြီးက မော့ကြည့်ပြီး ပြုံးနေတယ်။ သူ့အပြုံးက ရှက်ပြုံးဖြစ်ပေမဲ့ ကျွန်မရဲ့နှလုံးသားထဲ စိုက်ဝင်သွားတဲ့ မြားတစ်စင်းလို စူးစူးရှရှ ထိုးဖောက်နိုင်လိုက်တာ။ အားလုံးရဲ့ လက်ခုပ်သံတွေဟာ ကျွန်မနဲ့ဝေးသွားသလို ဖျော့မှိန်ရာကနေ ပျောက်သွားတယ်။ ကျွန်မကြားနေရတဲ့အသံက တစ်ခုတည်းပါ။ ကျွန်မရဲ့ နှလုံးခုန်သံ၊ တိုးတိတ် သွက်လက် ပေါ့ပါးတဲ့ နှလုံးခုန်သံ၊ ကြည်နူးစိတ်ကြောင့် မျက်ရည်ဝဲ့လည်တတ်ပါလားလို့ သိလိုက်ရတဲ့ အချိန်၊ အောင်မြင်ဂုဏ်ယူမှုနဲ့ သိမ်ငယ်မှုကို ယှဉ်တွဲ ခံစားရတတ် ပါလားလို့ သိလိုက်ရတဲ့အချိန်ပါ။

'ကျွန်မရဲ့ တတိယမြောက်ကျေးဇူးရှင်တွေကတော့ စလင်းအထကရဲ့ ဆရာဆရာမတွေပါ။ အထူးသဖြင့် ကျေးဇူးစကားဆိုရမှာက ဆရာမဒေါ်ဆွေဆွေဝင်းဖြစ်ပါတယ်။ ဆရာမရဲ့သင်ပြညွှန်ကြားမှုကြောင့် ကျွန်မနဲ့သုတ မြန်မာစာဂုဏ်ထူးရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဆရာမဒေါ်ဆွေဆွေဝင်းကို ရိုသေလေးစားစွာ ကန်တော့ပါတယ်။

'ဒီအခမ်းအနားဖြစ်မြောက်အောင် အစစအရာရာ စိုက်ထုတ် ကူညီပေးခဲ့တဲ့ ခရေပင်ကျောင်းတိုက်ဆရာတော်နဲ့ အလှူငွေပေးအပ်ချီးမြှင့်ခဲ့ကြတဲ့ လူကြီးမိဘတွေကို ကျွန်မ ကျေးဇူးအထူး တင်ရှိပါတယ်။ ဘုန်းဘုန်းနဲ့တကွ ဦးတို့ဒေါ်ဒေါ်တို့ရဲ့ ဆုငွေကို ကျွန်မအမြှတ်တနိုး တန်ဖိုးထားပါမယ်။ ကျွန်မရဲ့ရှေ့ဆက်ရမဲ့ ပညာသင်စရိတ်အတွက် အထောက်အပံ့ဖြစ်တာမို့ လှိုက်လှိုက်လှဲလှဲ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်ကြောင်း ပြောရင်း နိဂုံးချုပ်ပါရစေရှင့်'

အဲဒီနောက်မှာတော့ အခမ်းအနား ပြီးဆုံးသွားပါတယ်။ သူတနားကို ကျွန်မ စကားသွားပြောပြီး ချီးကျူးချင်ပေမဲ့ သူတရဲ့ အမေနဲ့အဖေက ရွေးထွေးတဲ့မျက်နှာတွေ မဟုတ်ဘူး။ သူက ကိုယ်တိုင်တောင် ဒီနေ့ မရွေးထွေးသလိုပဲ။ ဒါနဲ့ ကျွန်မလည်း ဆရာမနဲ့ ဘုန်းဘုန်းနဲ့စကားပြောနေစဉ်မှာ ကျွန်မ ဆုရတဲ့စာအုပ်လေးတွေကို စိတ်ဝင်တစား လှန်လှောကြည့်နေမိတယ်။

'အေးငြိမ်း'

ကိုကြီးအသံ။ ကျွန်မနားကို ဘယ်တုန်းက ရောက်လာမှန်း မသိလိုက်ပါဘူး။ မော့ကြည့်လိုက်တော့ ကိုကြီးက ကျွန်မဘေးမှာ ဝင်ထိုင်လိုက်ပြီ။

'အင်္ဂလိပ်စာဂုဏ်ထူးရတဲ့အတွက် ဦးက အေးငြိမ်းကို သီးသန့် ဆုတစ်ဆုပေးမလို့'

ကိုကြီးက အမြဲတမ်း သူ့ကိုယ်သူ ဦးလို့ပဲ ပြောတယ်။ ရှိရင်းစွဲအသက်ထက်ပိုကြီးအောင် ကိုကြီးက အကျီလက်ရှည်လည်ကတုံးကို ဝတ်လေ့ရှိတယ်။ အခုဆို မျက်မှန်တစ်လက်တောင် ပိုခဲ့ပြီမို့ အသက်ပိုကြီးသလို အထက်ဆီးက ပြောလို့ရပြီပေါ့။ ဒါပေမဲ့ ကျွန်မကတော့ ဦးလို့မခေါ်ချင်ပါဘူး။ ကိုကြီးက အစ်ကိုကြီးအရွယ်ပဲ။

'ကျွန်တော့်ကို ဘာဆုမှ ပေးစရာမလိုဘဲနဲ့ ကိုကြီးရယ်။ ကျွန်တော့်အတွက် ကိုကြီးပေးခဲ့တာတွေအများကြီး။ ကျွန်တော် ဘယ်လိုပြန်ဆပ်ရမလဲလို့တောင် မသိသေးပါဘူး။ နောက်ထပ် မပေးပါနဲ့'

'ညည်းကို ငါပေးမှာက အသုံးအဆောင်တို့ အဝတ်အစားတို့ မဟုတ်ပါဘူး။ စာအုပ်တစ်အုပ်'



ကျွန်မကို သူ့လက်ထဲက စာအုပ်တစ်အုပ်ကို ကမ်းပေးပါတယ်။ ကတ်ထူဖုံးနဲ့ အင်္ဂလိပ်ဘာသာစာအုပ်ပါ။ မျက်နှာဖုံးက မီးခိုးရောင်ပေါ်မှာ အနက်ရောင်နဲ့စာလုံးတွေ။ The Bottom Billion 'အောက်ခြေ သန်းတစ်ထောင်'တဲ့။ စာရေးသူက Paul Collier ပါ။

'ဒီစာအုပ်က အေးငြိမ်းအတွက် သင့်တော်လိမ့်မယ်လို့ ဦးထင်တယ်။ အေးငြိမ်း ဘယ်တက္ကသိုလ်ကို လျှောက်ဖို့ စိတ်ကူးထားလဲ။ ဘွဲ့ရရင် ဘာလုပ်မယ် စိတ်ကူးထားလဲ။ ဒါတွေကို ဦးမသိပါဘူး။ ဒါပေမဲ့ ကိုယ့်ဒေသ ကိုယ့်ပတ်ဝန်းကျင် ဆင်းရဲနွမ်းပါးခြင်းကနေ ကင်းကွာဖို့၊ ကျန်းမာရေးအသိရှိဖို့၊ ဗဟုသုတနဲ့နိုးစပ်ဖို့ အေးငြိမ်း ဆက်ဆောင်ရွက်မဲ့ လုပ်ငန်းတွေ၊ စိတ်စေတနာတွေအတွက် ဒီစာအုပ်က အထောက်အကူဖြစ်ပါလိမ့်မယ်'

ဘုရား ဘုရား။

ဆယ်တန်းကို အင်္ဂလိပ်စာဂုဏ်ထူးရရုံနဲ့ ကျောင်းသူတစ်ယောက်က အဲဒီလောက်စာအုပ်ထူကြီးကို အင်္ဂလိပ်လို ဖတ်နိုင်မှာလား။ ကျွန်မလက်ထဲမှာ ကိုင်ထားတဲ့စာအုပ်ကြီးရဲ့လေးပင်မှုကို ကျွန်မ ခံစားလိုက်ရတယ်။

'ကိုကြီး ကျွန်တော် ဘယ်လိုလုပ်ပြီး ဒီစာအုပ်ကြီးကို'

'ဒါက အလေ့အကျင့်ပါပဲ အေးငြိမ်း။ တို့ လက်ရှိ ဘဝသက်တမ်းမှာ တို့မျက်စိရှေ့မှောက်မှာပဲ ကမ္ဘာကြီးမှာ ဆင်းရဲနွမ်းပါးခြင်း နိဂုံးချုပ်အောင် တို့ ဘယ်လိုလုပ်ရမလဲ။ စိတ်ဝင်စားလား'

'ဟုတ်ကဲ့'

ဟန်ဆောင်ပြီးပြောတာမဟုတ်ပါဘူး။ ကိုကြီးကိုကြောက်လို့ အလိုက်သင့်ပြောတာလည်း မဟုတ်ပါဘူး။ ကျွန်မ ဆင်းရဲခြင်းကို တကယ်မုန်းပါတယ်။ ကိုယ်လည်း မဆင်းရဲချင်ဘူး။ သူများလည်း မဆင်းရဲစေချင်ဘူး။ လူတန်းစားမညီမျှမှုပမာဏကိုလည်း နည်းစေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဝင်စားလို့ ဘယ်လိုလဲလို့ သိချင်ရင် ဖတ်ကြည့်ရမှာပဲ။ စူးစမ်းရှာဖွေချင်တဲ့စိတ်က လူငယ်တွေကို သူတို့သိချင်တာတွေ သိဖို့ သူတို့လိုချင်တာတွေ ရဖို့ တွန်းပို့ပေးလိမ့်မယ်'

ပြောပြီးတော့ အစ်ကိုကြီးက ပြုံးပြတယ်။

'ကြိုးစားဖတ်။ အင်္ဂလိပ်စာဂုဏ်ထူးရတဲ့ မိန်းကလေးဟာ ဒီစာအုပ်ကို ဖတ်ကို ဖတ်နိုင်ရမယ်။ ဒီလဖတ်လို့ မတတ်သေးရင် နောက်လ၊ ဒီနှစ်မပြီးရင် နောက်နှစ်၊ ဇွဲနဲ့ဖတ်။ ညည်းမှာ အဘိဓာန် စာအုပ် ဘယ်နှအုပ်ရှိလဲ'

'ကိုကြီးဝယ်ပေးထားတဲ့ ရှေ့ဆောင်အဘိဓာန်ရယ် အက်ဒ်ဗင့်စ် လန်းနားစ်ရယ် ရှိပါတယ်'

'အေး နောက်တစ်ခေါက် စလင်းကို လာဖြစ်ရင် အဘိဓာန် ကောင်းကောင်းတစ်အုပ် ထပ်ယူလာခဲ့ပေးမယ်'

'ဟင့်အင်း မပေးပါနဲ့ ကျွန်တော် ကိုယ့်ဟာကိုယ်ရှာဝယ်ပါ့မယ်။ အခုကျွန်တော် ဝင်ငွေရတဲ့အလုပ်တစ်ခု ရှိနေပါပြီ။ ကိုကြီး မဝယ်ပေးနဲ့တော့။ နာမည်ပဲ ပြောပြပါ။ မကွေးရောက်ရင် ကျွန်တော် ကိုယ့်ဟာကိုယ် ဝယ်လိုက်ပါမယ်'

'မကွေးမှာရှိချင်မှရှိမှာ။ စာအုပ်အတွက် အေးငြိမ်း အသာနေ။ ဦးဝယ်ပေးမယ်။ အေးငြိမ်းက စာပဲဖတ်၊ စာပဲ ကြိုးစား ဟုတ်ပြီလား၊ အေးငြိမ်း ဘာသိချင်သေးလဲ။ ဘာမေးချင်လဲ'

'ကိုကြီး ဘယ်တော့ပြန်မှာလဲဟင်'

'မနက်ဖြန်'

'ကျွန်တော် ကိုကြီးရဲ့လိပ်စာကို သိချင်တယ်'

အဲဒီစကားကို လွှတ်ခနဲပြောလိုက်မိပြီးတဲ့နောက်တော့ ကိုကြီးမျက်နှာနည်းနည်းတည်သွားတာကို သတိထားလိုက်မိတယ်။

'လိပ်စာ'



'ဟုတ်ကဲ့ စာရေးဖို့လေ၊ ကျွန်တော် ဘာတွေဖတ်ပြီးပြီလဲ ဘယ်ကျောင်းလျှောက်ရမလဲ။ ကိုကြီးကို တိုင်ပင်ဖို့လေ။ အီးမေးလ် လိပ်စာပဲပေးပါ'

'အင်း ကောင်းတယ်။ အင်တာနက်နဲ့ အီးမေးလ် သုံးတတ်သွားမယ်။ အင်္ဂလိပ်စာလည်းပိုကြွယ်ဝမယ်'

အစ်ကိုကြီးက သူ့ အီးမေးလ်လိပ်စာစာကြောင်းတစ်ခုကို စာရွက်ပိုင်းလေးတစ်ခုထဲ ချရေးပြီး ကျွန်မကို ပေးပါတယ်။ ကျွန်မ ငုံ့ဖတ်ကြည့်လိုက်တယ်။ htinfin@gmail.comတဲ့။ အင်တာနက်တို့ အီးမေးလ်တို့ဟာ ဖောင်းလင်းရွာသူတစ်ယောက်အတွက် အဲဒီအချိန်က အိပ်မက်လိုပါပဲ၊ မကွေးကိုတောင် တစ်ခါမှ မရောက်ဖူးသေးဘဲကိုး။ မင်းဘူးကိုတော့ ထူးချွန်စာမေးပွဲဖြေဖို့ သွားလို့ရောက်ခဲ့ဖူးတယ်။

'ဟုတ်ကဲ့။ ကျွန်တော် ကြိုးစားပြီး ဆက်သွယ်ပါမယ်'

ကျွန်မ အီးမေးလ်နဲ့အင်တာနက်ကို လုပ်တတ်မှ ဖြစ်မယ်။ ကိုကြီးနဲ့အဆက်အသွယ်ရဖို့ ဒီနည်းပဲ ရှိတာကိုး။

အဲဒီနေ့က ပြန်ခါနီးမှာ ဘုန်းကြီးကို ကန်တော့တော့ ကိုကြီးကိုပါ ရောပြီး ကန်တော့လိုက်တယ်။ အရင်ကလို ကိုကြီး ထထွက်ပြေးမလားလို့ စိုးရိမ်မိပေမဲ့ ကိုကြီးက မပြေးပါဘူး၊ ကျွန်မကို အားပေးသလို ပြုံးပြတယ်။ ပြီးတော့ ဆုပေးပါတယ်။ သူ့ဆုပေးပုံက သူ့ကိုယ်သူ အသက်ကြီးကြီးလူကြီးတစ်ယောက်လိုပဲ။

'အခုလို လူကြီးသူမကို ကန်တော့တဲ့အတွက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ အမျိုးမြတ်ခြင်း၊ စည်းစိမ်ဥစ္စာရတနာတို့တိုးပွားခြင်း စသည့် ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပြီး မိမိပတ်ဝန်းကျင်အား ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တဲ့ သမီးကောင်း ရတနာ ဖြစ်ပါစေ'

www.burmeseclassic.com

www.burmeseclassic.com



ရုပ်တည်ကြီးနဲ့ ကိုကြီးဆုပေးပုံက ရယ်စရာကောင်းပေမဲ့ ကျွန်မ မရယ်နိုင်ပါဘူး။

'ကိုကြီးပေးတဲ့ဆုနဲ့ ပြည့်စုံပါရစေ'

ဒီတစ်ခွန်းပဲ ကျွန်မ ပြောပြီး ဦးချကန်တော့လိုက်ပါတယ်။ စောစောက ကိုကြီး ဆရာမကို ပြောနေတဲ့စကားတွေကို တစ်ပိုင်းတစ ကျွန်မကြားလိုက်တာမို့ ဒီဘုန်းကြီးကျောင်းမှာပဲ ကိုကြီးတည်းခိုတယ် ဆိုတာ သိလိုက်ရပါတယ်။ ကိုကြီးကို လက်ဆောင်တစ်ခုခုပေးရရင် ကောင်းမလားဆိုတဲ့အတွေးနဲ့ ကျွန်မ ကျောင်းက ပြန်လာခဲ့တယ်။

ကျွန်မ ဖောင်းလင်းကို ပြန်ဖို့ ဆရာမဒေါ်ဆွေဆွေဝင်းအိမ်ကနေ ပြန်ထွက်လာတော့ ဝိုလ်ချုပ်လမ်းမြောင်းဘောင်ပေါ်မှာ စက်ဘီးကို ဒေါက်ထောက်ပြီး မြောင်းဘောင်အုတ်နံရံကို မှီရပ်နေတဲ့ သုတနဲ့ ဆုံမိတယ်။ ခပ်လှမ်းလှမ်းမှာကတည်းက သူ့ကို လှမ်းမြင်ပေမဲ့ ကျွန်မကိုစောင့်နေတာလို့ မထင်မိဘူးလေ။ ဒါကြောင့် ကျွန်မ မြောင်းဘောင်လမ်းမအတက်ကို အင်အားသုံးပြီးနင်းတက်လာခဲ့တာ။

'အေးငြိမ်း'

သူ ကျွန်မကို စောင့်နေတာပါလားဆိုတာ အဲဒီတော့မှ သိလိုက်ရတယ်။ ကျွန်မ သူ့ကို ပြုံးပြရင်း စက်ဘီးကို ရပ်ရမလို ဆက်နင်းရမလို ခပ်နှေးနှေးဖြစ်သွားတုန်း သူက သူ့စက်ဘီးကို တွန်းယူပြီး နင်းလိုက်တယ်။ ပြီးတော့ ကျွန်မရှေ့ကနေ ထွက်သွားတယ်။

သုတက စောစောက အဝတ်အစားကို မလဲရသေးဘူး။ ကြည့်ရတာက သူ ကျွန်မ ဒီလမ်းကနေပြန်မှာဆိုတာသိလို့ ကြိုတင်ထွက်ပြီး စောင့်နေတာဖြစ်မယ်။ ကျွန်မစက်ဘီးနဲ့ကပ်အောင် သူ နင်းလိုက်လာပေမဲ့ စလင်းက မထွက်မချင်း သူ စကားတစ်ခွန်းမှ မပြောပါဘူး။ မြွန်သုံးလုံးကျော်တော့မှ သုတက ကျွန်မကို စကားပြောတယ်။

'နင် ကျေးဇူးတင်စကားပြောကုန်းက နင့်ကို ငါ တအားစိတ်ဆိုးတယ်'



'ဟင် ဘာဖြစ်လို့လဲ'

ကျွန်မ နားမလည်မိဘူး။

'နင် တော်တော်တုံးလို့ပေါ့။ လူတိုင်းမှာ လူရှေ့သူရှေ့ ဖွင့်ပြောပြစရာမလိုတဲ့စကားတွေရှိပါတယ်။ အဲဒီစကားတွေကို သိမ်းထားသင့်တယ်။ နင် ပြောလိုက်တာတွေက နင်မပြောသင့်တဲ့ စကားတွေပဲ။ နင် အဲဒီလူနဲ့ နှစ်ယောက်ချင်းပြောလည်း ရတယ်။ နင်ဘာဖြစ်လို့ လူအုပ်ထဲမှာ အခုလောက်ဆိုရင် အိမ်ဖော်ဖြစ်နေမှာပါလို့ ဖွင့်ပြောရတာလဲ။ ငါ လုံးဝ လက်မခံနိုင်ဘူး၊ နင့်ကို ဘယ်သူက ရိုက်စစ်နေလို့လဲ'

သုတ ဘယ်အချိန်ကတည်းက ကျွန်မကို မကျေနပ်နေတာလဲမသိဘူး။ လေသံမာမာတင်းတင်းနဲ့၊ သူဘယ်တုန်းကမှ ကျွန်မကို မပြောဖူးတဲ့မျက်နှာထားမျိုးနဲ့။

'ဟယ် သုတကလည်း ငါက အမှန်အတိုင်း ရင်ထဲရှိသမျှ ပြောပြတာကို'

'အေး ရင်ထဲရှိသမျှ နင်ပြောစရာမလိုဘူးလေ၊ ကူညီထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်တယ်ဆို တော်ရောပေါ့။ လူတွေ နင့်ကို ဝိုင်းကြည့်တဲ့မျက်လုံးတွေကို နင် အဓိပ္ပါယ်ဖော်တတ်လား။ သနားတဲ့မျက်လုံးတွေ နားလည်လား။ နင်က တော်တော်သနားခံချင်သလား'

'မဟုတ်ပါဘူး၊ ငါ အသနားမခံချင်ပါဘူး။ ဒါပေမဲ့ စိတ်ရင်းအမှန်ကို ထုတ်ပြောတာ'

'မပြောရဘူး လုံးဝမပြောရဘူး။ ကိုယ့်ဟာကိုယ် ပုံမှန်လေးနေလိုက်ရမှာ။ ဂုဏ်ထူးနှစ်ခုပိုင်ရှင်၊ ဟန်နဲ့ပန်နဲ့နေလို့ရတယ်'

'နင် ငါ့ကို မဆင်းရဲပါဘူးလို့ ဟန်ဆောင်ခိုင်းနေတာလား'

ကျွန်မ သူ့ကို မချင့်မရဲမေးရင်းက မျက်ရည်တွေရစ်ဝဲလာတာကို ခံစားသိနဲ့သိလိုက်တယ်။ ပြီးတော့ ကျွန်မလက်ဖျားတွေ ထုံ

www.burmeseclassic.com

www.burmeseclassic.com



လာတာကို ခံစားလိုက်ရတယ်။

'ဟန်ဆောင်စရာမလိုပါဘူး။ မလိုအပ်ဘဲနဲ့ ကိုယ့်အဖြစ်ကို သူများကို ဖွင့်မပြဖို့ပါ'

'အို အဲဒါ ဟန်ဆောင်ခိုင်းတာပဲပေါ့။ ငါဟန်မဆောင်နိုင်ဘူး။ ငါဆင်းရဲတယ်။ တအားဆင်းရဲတယ်။ ငါ့အိမ်မှာ မီးပူတိုက်စရာ မီးပူတောင်မရှိလို့ ဖျာအောက်မှာ ခေါက်ပြီးဖိထားရတဲ့ ထမိအကြေနဲ့လာတယ်။ ဆရာမက ငါ့ကို သူ့ထမိ ပေးဝတ်တယ်။ နင်သိရဲ့လား'

ကျွန်မ ဝမ်းနည်းနာကျည်းလွန်းလို့ သူ့ကို အော်ပြောပစ်လိုက်တယ်။ အဲဒီအခါကျတော့လည်း သူ ကျွန်မကို စကားချိုချိုသာသာနဲ့ ပြန်ချော့မော့ပါတယ်။

'မဟုတ်ဘူး အေးငြိမ်းရဲ့။ ငါ ဟန်ဆောင်ခိုင်းတာမဟုတ်ဘူး။ ဟာ နင် မငိုနဲ့လေ ။ အေးငြိမ်း ဟာ ခက်တော့တာပဲ'

သူ ကျွန်မစက်ဘီးနားကို တိုးကပ်ပြီး ကျွန်မရဲ့စက်ဘီးလက်ကိုင်ကို သူ့လက်နဲ့လှမ်းထိန်းပါတယ်။

'ငါ ဆင်းရဲတာကို ဘယ်သူမသိအောင် ညာစေချင်လို့လဲ သုတရဲ့ ပြောစမ်းပါဦး။ ငါဆင်းရဲတာ တစ်လောကလုံး သိတယ်'

'ဟော့ ဟော့ မငိုနဲ့။ တော်ပြီ တော်ပြီ ဆင်းရဲတဲ့အကြောင်းတွေ မပြောကြစို့နဲ့တော့နော် ငါလည်း မပြောတော့ဘူး'

သူက ညီမလေးတစ်ယောက်ကို ချော့သလို ချော့မော့ပြီး ကျွန်မကို နှစ်သိမ့်တော့လည်း ကျွန်မ ပြန်ပြီးစိတ်ပြေသွားပါတယ်။

'သုတ ပြန်တော့ နင် ဆက်မလိုက်နဲ့တော့နော်'

'ဘာလဲ ငါ့ကို စိတ်ဆိုးနေတာလား'

'အို မဆိုးပါဘူး။ ဘေးလူတွေမြင်ရင် ငါတို့ကို တစ်မျိုးထင်သွားနိုင်တယ်လေ'

'ဘယ်သူ ဘာထင်ထင်။ ငါဂရုမစိုက်ဘူး။ ငါ့စိတ်နဲ့ငါပဲ'



'ဟင့်အင်း မလုပ်ပါနဲ့သုတရယ်။ တို့ရွာကလူတွေ မြင်သွားရင် အဖေ့ကိုဖြစ်ဖြစ် ဘုန်းကြီးကို ဖြစ်ဖြစ် ပြောကြလိမ့်မယ်'

'အေးငြိမ်း။ နင် ဘာဖြစ်လို့ တအား စိုးရိမ်တတ်နေတာလဲ'

သုတက နားမလည်နိုင်တဲ့အမူအရာနဲ့ မေးတော့ ကျွန်မ စိတ်ညစ်သွားတယ်။

'သုတကလည်းဟယ် အရိပ်အကဲမသိလိုက်တာ။ ရွာတွေက ဆက်နေတာ။ ရွာတွေက ကျဉ်းကျဉ်းလေး။ တစ်ယောက်သိရင် တစ်ရွာသိတယ်။ တစ်ရွာသိရင် နောက်တစ်ရွာသိတယ်။ ငါတို့ကို အမိပွါယ်တစ်မျိုးနဲ့မြင်ကြမှာပေါ့'

'ဘာအမိပ္ပါယ်နဲ့မြင်မှာလဲ လုပ်စမ်းပါဦး'

သုတက နှုတ်ခမ်းက မပြုံးဘဲ မျက်လုံးတွေချည်း ပြုံးလို့ မေးပါတယ်။

သိရက်သားနဲ့တမင်မေးလိုက်တာလို့ ခံစားရတာမို့ ကျွန်မ မဖြေဘဲ မျက်စောင်းပဲ ထိုးလိုက်မိပါတယ်။

ကျွန်မတို့နှစ်ယောက် မန်ကျည်းပင်ပုရွာထဲကနေ ဖြတ်ပြီး စက်ဘီးနင်းလာကြတယ်။ ပေါင်းပေါ်တက်တော့ ကျွန်မစက်ဘီးပေါ်က ဆင်းပြီး တွန်းလိုက်တယ်။ တကယ်တော့ အဲဒီပေါင်းကို ကျွန်မ စက်ဘီးနင်းပြီး တက်နေကျပါ။ ဒါပေမဲ့ အဲဒီနေ့ကတော့ ကျွန်မခဏခဏအိပ်မက်မက်လေ့ရှိတဲ့ မြင်ကွင်းတစ်ခုကို မြင်လိုက်ရလို့ ကြောင်သွားပြီး စက်ဘီးပေါ်က ဆင်းလိုက်ရတာ။

ပေါင်းပေါ်မှာ ကျွန်မနဲ့မျက်နှာချင်းဆိုင်ကနေ လျှောက်လာနေတဲ့ မိန်းမတစ်ယောက်။ ဘယ်တော့မှ မမေ့နိုင်တော့မဲ့ မျက်လုံးတစ်စုံ။ လောကကြီးကို အရှုံးပေးထားတဲ့ ခိုကိုးရာမဲ့ မျက်လုံးတွေ။

အဲဒီမိန်းမရဲ့မျက်လုံးကို ကျွန်မ ခဏခဏအိပ်မက်မက်ပြီး မက်တိုင်းလည်း လန့်လန့်နိုးလာခဲ့တာ။ အခုတော့ အိပ်မက်ထဲက အတိုင်းပဲ။ အဲဒီမျက်လုံးတွေကို ကျွန်မမြင်လိုက်ရပြီ။ ကျွန်မကို သူ

www.burmeseclassic.com



လှမ်းကြည့်တဲ့မျက်လုံးတွေမှာ ဘာအရိပ်အယောင်တွေ ပါလဲ။ ကျွန်မ မသိဘူး။

'အေးငြိမ်း'

စက်ဘီးကို အရှိန်နဲ့နင်းသွားလို့ ပေါင်းကိုလွန်သွားတဲ့ သုတက စက်ဘီးရပ်ပြီး ကျွန်မဘက် လှည့်ကြည့်တယ်။ ကျွန်မ အိပ်မက်ထဲမှာ ခဏပဲ တွေ့ရတဲ့မျက်လုံးတွေကို အခုတော့ အချိန်ကြာကြာ စိုက်ငေးကြည့်နေမိတာမို့ သုတဆီကို သေချာ လှမ်းမကြည့်နိုင်ပါဘူး။

သူ ထောင်မကျဘူးလား။ ဒါမှမဟုတ် သူ ထောင်က လွတ်လာတာလား။ ကျွန်မကိုကြည့်တဲ့မျက်လုံးတွေကို ဘာအဓိပ္ပါယ်မှန်း မဖော်နိုင်ပေမဲ့ သူ ကျွန်မကိုမှတ်မိတယ်ဆိုတာ သေချာပါတယ်။

ကျွန်မလိုပဲ သူကလည်း လှမ်းနေတဲ့ခြေလှမ်းကို ရပ်ပြီး မျက်လုံးချင်းဆိုင်ကြည့်လိုက်တာကိုး။

'အော်' တဲ့။ သူ ခပ်တိုးတိုး ရေရွတ်ပါတယ်။ အော် ဆိုတာ ဘာကို ပြောချင်တာလဲ။ မှတ်မိတာကို ပြောရုံပဲလား။ ဒါမှမဟုတ် 'ညည်းကိုး' လို့ နာကျည်းသံပါသေးလား။ ကျွန်မ မသိပါဘူး။

ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် နာမည်တောင် မသိကြပါဘူး။ နာမည်တောင်မသိတဲ့ တစ်ခဏပဲ ဆုံလိုက်ရဖူးတဲ့ လူနှစ်ယောက်ဟာ ဘယ်လို နှုတ်ဆက်ကြမှာလဲ။ သူကသာ 'အော်' ဆိုတဲ့ အာမေဋိတ်သံကို မပြုခဲ့ဘူးဆိုရင် ကျွန်မ မသိလိုက် မသိဘာသာ ရှောင်သွားလို့ရတယ်။ ဒါပေမဲ့ သူက အသိအမှတ်ပြုလိုက်တဲ့အခါ ကျွန်မကလည်း အသိအမှတ်ပြုဖို့လိုမှာပေါ့။ ထောင်မကျဘူးလားလို့ မေးရမှာလား။ နေကောင်းလား လို့ မေးရမှာလား။ ကျွန်မ စိတ်မကောင်းပါဘူး လို့ပြောရမှာလား။ ခိုးသူနဲ့ ဖမ်းဖို့သတင်းပေးသူ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ဘယ်လို ပြောကြသလဲ။ ကျွန်မ ဖတ်တဲ့စာအုပ်တွေ ဝတ္ထုတွေထဲမှာ တစ်ခါမှ ပါတယ်လို့ သတိမထားမိပါဘူး။ ဒါနဲ့ပဲ တစ်ခဏကြောင်ရပ်နေကြတုန်းမှာ မေးမိမေးရာ



မေးလိုက်ပါတယ်။

'အမေကြီး နေကောင်းလား'

'သေပြီ'

သူ ချက်ချင်းဖြေပုံက ကျွန်မ ဒီမေးခွန်းမေးမယ်လို့ ကြိုတင်မှန်းဆထားပြီးသားလိုပဲ။

ကျွန်မ လှိုက်ခနဲ ဟာသွားတယ်။

'အော်'

အော် ဆိုတဲ့ အာမေဋိတ်သံကလွဲလို့ ကျွန်မပါးစပ်က ဘာမှ ထွက်မလာခဲ့ပါဘူး။ ဒါပေမဲ့ သူကတော့ ရှေ့ဆက်လှမ်းဖို့ ခြေလှမ်းပြင်ရင်းက ထပ်ပြောတယ်။

'ငါ ထောင်ကျပြီး ဘယ်လောက်မှမကြာဘူး။ အမေ သေသွားတာ'

သေသွားပြီတဲ့။ ကျွန်မ ဘာအဖြေကိုမှား မျှော်လင့်ထားမိလို့လဲ။ ကျွန်မဆီကနေ မျက်နှာလွှဲပြီး တစ်ဘက်ကို လှည့်ထွက်လိုက်တဲ့သူ့မျက်လုံးတွေစိုစွတ်နေတာကို ကျွန်မ ကပ်ကပ်သပ်သပ် မြင်လိုက်ပါတယ်။ သူ ထွက်သွားရာကို ကျွန်မ လှမ်းငေးနေတုန်းမှာ ကျွန်မဘေးကို သုတရောက်လာတယ်။

'အေးငြိမ်း။ ဘယ်သူလဲ နင့်အသိလား'

'သုတ အဲဒီမိန်းမကို နင်မမှတ်မိဘူးလား'

သုတက မမှတ်မိဘူး။ ကျွန်မ ပြောပြတော့ သူအံ့သြနေတယ်။ နောက်ပြီး စိုးရိမ်သွားသလိုပါပဲ။

'ဟာ ဟုတ်လား။ သူနင့်ကို အငြိုးထားနေရင် ဒုက္ခပဲ'

သူ့စိတ်ထဲရောက်နေတဲ့အတွေးနဲ့ ကျွန်မစိတ်ထဲရောက်နေတဲ့အတွေးနဲ့ မတူဘူး။ ကျွန်မတွေးနေတာက သေသွားတဲ့အဘွားကြီး။

'သုတ သူ့အမေ သေသွားပြီတဲ့'

'သူ့အမေက ဘယ်ကပါလာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ရဲဘော်တွေနဲ့ သူ့အိမ်လိုက်သွားတော့ အိပ်ရာပေါ်မှာ လဲနေတဲ့အဘွားကြီးလေ။ အဲဒါ သူ့အမေပေါ့။ သူထောင်ကျတုန်း သူ့အမေ သေသွားတာ။ ငါ ငါသာ ရဲကို ခေါ်ပြီး သွားမဖမ်းရင် သူ့အမေ သေမှာမဟုတ်ဘူး'

'ဟာ အေးငြိမ်း'

ကျွန်မ မျက်ရည်တွေ ဘယ်လိုကဘယ်လို ရစ်ဝဲလျှံတက်လာသလဲမသိပါဘူး။ ရှာလမ်းဘေးတစ်ဘက်တစ်ချက်က စိုက်ခင်းတွေဟာ သဲသဲကွဲကွဲ မဟုတ်တော့ဘဲ ခပ်ဝါးဝါး စိမ်းနေတယ်။

'သူ့အမေသေတာ နင်နဲ့မှ မဆိုင်ဘဲ သူ့ရောဂါနဲ့သူ သေတာလေ။ နင်အဲလောက် အတွေးမခေါင်စမ်းပါနဲ့'

'ဒါပေမဲ့ ငါ့ကြောင့် သူ့သမီးထောင်ကျတာ။ သူ့သမီးထောင်ကျလို့ အမေသေတာ'

'ဟာ အေးငြိမ်းကလည်း နင့်ကြောင့် သူထောင်ကျတာမဟုတ်ဘူးလေ။ သူမှားပစ္စည်း ခိုးလို့ ထောင်ကျတာ။ နင်က တာဝန်သိလုပ်သားပြည်သူအနေနဲ့ သတင်းပေးတာပဲ'

ကျွန်မ တာဝန်သိလုပ်သားပြည်သူအနေနဲ့ သတင်းပေးခဲ့တာမဟုတ်မှန်း ကျွန်မကိုယ်တိုင်သိတာပေါ့။ ကျွန်မကို မသင်္ကာဖြစ်ခံရတာ မခံနိုင်လွန်းလို့ သူ့ခိုးရာပုံတော်ဖွင့်ခဲ့တာပါ။

'သူ့အမေသေတာ နင်နဲ့မဆိုင်ဘူးလေ။ နင် သတ်တာမှ မဟုတ်ဘဲ'

'ဟုတ်ပါတယ်။ အဲဒါတော့ ငါသိပါတယ်။ အဘွားကြီးကို ငါသတ်တာမဟုတ်ပါဘူး။ ဒါပေမဲ့ အဘွားကြီးကို ဘာက သတ်တာလဲ နင်သိလားသုတ။ ဆင်းရဲခြင်း ဆိုတာကြီးက သတ်တာ။ ဝတ်မှတ်ခေါင်းပါးခြင်း ဆိုတာကြီးက သတ်တာ'

ကျွန်မ လွန်ခဲ့တဲ့နှစ်က မြင်တွေ့ခဲ့ရတဲ့ ယိုင်နဲ့နဲ့ ကွပ်ပျစ်ပေါ်က အရိုးပေါ်အရေတင် လူနာအဘွားကြီးကို မြင်ယောင်ရင်း



ပြောလိုက်မိတယ်။ ကျွန်မ တကယ်ပဲ အသံတွေတောင် တုန်နေခဲ့တယ်။ စိတ်မကောင်းဘူး။ နောင်တရသလိုလို နာကျင်သလိုလို စိတ်မသိုးမသန့်ဖြစ်နေမိတာ။

အဲဒီအချိန်မှာ သုတက ကျွန်မကို သေချာ စူးစိုက် ကြည့်ရာက ကျွန်မစက်ဘီးရှေ့က ခြင်းထဲကို ငုံ့ကြည့်တယ်။ ပြီးတော့ ပလတ်စတစ်အိတ်အကြည်ထဲမှာ သေသေသပ်သပ်ထုပ်ပိုးထားတဲ့ 'ဖောက်ခြေ သန်းတစ်ထောင်' စာအုပ်ကို ကောက်ကိုင်လိုက်တယ်။

'ဒါ ဘယ်ကရတာလဲ'

'အဲဒါ ငါ အင်္ဂလိပ်စာဂုဏ်ထူးရလို့ အစ်ကိုကြီးက ပေးတဲ့ လက်ဆောင်'

ကျွန်မက စကားလွှဲသွားတာကို သတိမထားမိဘဲ ဂုဏ်ယူဝင့်ကြွားတဲ့လေသံနဲ့ပြောလိုက်မိတယ်။ သုတက ကျွန်မလို ဂုဏ်ယူပုံမရပါဘူး။ စာအုပ်ကို လှန်လှော ကြည့်နေရာက မေးတယ်။

'အစ်ကိုကြီး ဟုတ်လား။ နင့်ကျေးဇူးရှင်ဆိုတဲ့လူလား'

အလို သုတလေသံက ခါးခါးသက်သက်ဖြစ်နေပါလား။

'ဟုတ်တယ်လေ။ ကိုကြီးကိုထင်လင်းပေါ့'

သုတက မျက်မှောင်ကြုတ်တယ်။

'သူက နင့်ကို ဘာဖြစ်လို့ ဒီစာအုပ်ကြီးကို လက်ဆောင်ပေးတာလဲ'

'ဖတ်စေချင်လို့ပေါ့ သုတရဲ့။ ဒီစာအုပ်မျိုးကို ဖတ်မှ ငါတို့တတွေ အနာဂတ်ကို ပြုပြင်ဖန်တီးဖို့ ဗဟုသုတတွေရမှာပေါ့။ ဘာစာအုပ်လဲလို့ နင်သိလား'

သုတရဲ့ဖြူဝင်းတဲ့မျက်နှာက ချက်ချင်းနီရဲသွားပါတယ်။

'အေးငြိမ်း အဲဒီလူက နင့်ကို ဘာဖြစ်လို့ ဒီစာအုပ်ဖတ်စေချင်တာလဲ နင်သိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို စိတ်ကောက်ချင်နေတာနဲ့ ဘာမှ မပြောဘူး။

'နင့်ကို သူကြိုက်တဲ့ပုံစံဝင်အောင် အခုကတည်းက ပုံသွင်းနေတာ နင်နားလည်လား'

မမျှော်လင့်တဲ့စကားကို သုတက ပြောလိုက်တာမို့ ကျွန်မ တအား အံ့ဩသွားမိတယ်။

'ပုံသွင်းတယ်။ ဒီစကားက ဘာအဓိပ္ပါယ်လဲ'

'သူနင့်ကို ထောက်ပံ့ကြေးပေးတဲ့အခါ နင့်ဆီက ဘာမှ မမျှော်လင့်ဘူးလို့ နင်ထင်လား။ ဘာရည်ရွယ်ချက်မှမရှိဘဲ ထောက်ပံ့ခဲ့တာလို့ထင်လား။ သိပ်ရှိတာပေါ့ အေးငြိမ်း။ သူ့ရည်ရွယ်ချက်က နင့်ကို အသုံးချဖို့ပဲ'

ဟင်။ ဘာစကားတွေပါလိမ့်။ ဒီစာအုပ်ကို ကျွန်မရလို့ သိပ်ကျေနပ်ပြီး ကြိုးစားဖတ်တော့မယ်လို့ မျှော်လင့်ချက်တွေနဲ့ တက်ကြွနေခဲ့တာ အခုတော့ သုတက ကျွန်မမျှော်လင့်ချက်တွေ ကြည်နူးမှုတွေကို ရိုက်ချပစ်လိုက်သလိုပါပဲ။

'နင့်ကို သူထောက်ပံ့ခဲ့တာ လေးနှစ်။ အဲဒါ သူ့ငွေတွေ ဟုတ်ချင်မှဟုတ်မှာ သူ့အလုပ်လုပ်တဲ့အဖွဲ့ရဲ့ပိုက်ဆံပဲဖြစ်မှာ။ အလှူလဖက်နဲ့ မျက်နှာလုပ်တာ။ နင် ကျေးဇူးတွေစွတ်တင်မနေနဲ့။ နောက်ပြီး နင့်ကို ဒီစာအုပ်တွေ အလကားပေးဖတ်တာမဟုတ်ဘူး။ လိုသလို ပုံသွင်းဖို့ ပေးဖတ်တာ။ နင့်ကို ဒီလူက အဝေးထိန်းချုပ်စနစ်နဲ့ ထိန်းချုပ်ဖို့ စနေပြီ။ နင် သူ့ထိန်းချုပ်မှုကို လုံးဝလက်မခံနဲ့။ နင်ဖတ်ချင်တဲ့စာအုပ်ကိုဖတ်။ သူပေးတဲ့စာအုပ်ကို ဖတ်စရာမလိုဘူး။ နင် လွတ်လွတ်လပ်လပ် ပျော်ရွှင်နေတာကို ငါမြင်ချင်တယ်။ သံပတ်ပေးခံထားရတဲ့ စက်ရုပ်တစ်ရုပ် မဖြစ်စေချင်ဘူး။ ငါ့ကို ပြောစမ်းပါ။ နင် မလွတ်လပ်ချင်ဘူးလား'

ကျွန်မ သုတပြောနေတာတွေကို နားမလည်နိုင်ဘူး။



'သုတ နင် ဘာတွေပြောနေတာလဲဟင်'

'ငါတို့အသက်က အငယ်လေးရှိသေးတယ်။ အခုမှ ဆယ်တန်းအောင်တာ။ ငါတို့မှာ အနာဂတ်တွေရှိတယ်။ ကိုယ်သွားချင်တဲ့နေရာကို သွားဖို့ ကိုယ့်ခြေလှမ်းကို ကိုယ်ပိုင်တယ်။ လွတ်လပ်ခွင့်အပြည့်ပဲ။ ငါတို့ခြေလှမ်းကို ဘယ်သူကမှ ထိန်းချုပ်လို့မရဘူး။ အဖေနဲ့အမေတောင် ငါ့ကို မထိန်းချုပ်နိုင်ဘူး။ ငါ ဆေးတက္ကသိုလ်ကို မလျှောက်ဘူး။ ရေကြောင်းတက္ကသိုလ်ကိုလျှောက်မှာ။ အဲဒါ ဘာဖြစ်လို့လဲ သိလား။ ရန်ကုန်မှာ ကျောင်းတက်ချင်လို့။ ရန်ကုန်မှာ နေချင်လို့။ ရန်ကုန်မှာ ငါဘာလုပ်ချင်တာလဲ နင်သိလား။ ကမ္ဘာကြီးနဲ့နီးချင်လို့။ ငါ၀ါသနာပါတဲ့အရာတွေကို လုပ်ခွင့်ရချင်လို့။ ပြော နင် ဘာ၀ါသနာပါလဲ ပြောစမ်းပါ'

'ဝါသနာ ဟုတ်လား'

ကျွန်မဘဝမှာ ဝါသနာဆိုတဲ့စကားလုံးကို တစ်ခါမှ စိတ်လိုလက်ရ ထည့်မစဉ်းစားမိခဲ့ပါဘူး။

ကျွန်မ ဘာဝါသနာပါလဲ။ ဟင့်အင်း ကျွန်မ မသိပါဘူး။ ကျွန်မအဖေအတွက် ကျွန်မ ငွေရှာပေးချင်တယ်။ ကျွန်မ မဆင်းရဲချင်ဘူး။ ဆင်းရဲတဲ့ကလေးတွေ မိန်းမတွေကို ကျွန်မ ကူညီချင်တယ်။

'ဟုတ်တယ် ဝါသနာ။ နင် သီချင်းဆိုချင်တာလား။ အလှပြင်ဆင်ချင်တာလား။ သူများတွေကို လှအောင် ပြင်ပေးတဲ့သူ ဖြစ်ချင်တာလား။ ကချင်တာလား။ ပန်းချီဆွဲချင်တာလား။ ကဗျာရေးချင်တာလား။ စာရေးချင်တာလား။ ဘာလုပ်ချင်တာလဲ။ ဘာလုပ်ရရင် နင် ပျော်မယ်လို့ ထင်လဲ'

ကျွန်မ ခေါင်းခါယမ်းပစ်လိုက်မိတယ်။ ကျွန်မ မသိဘူး။ လောကကြီးမှာ ကျွန်မပျော်နိုင်တဲ့အလုပ်မျိုးရော ရှိနေရဲ့လား။ ကျွန်မ မသိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



'နင် မသိဘူး။ နင်ဘာဝါသနာပါလဲဆိုတာ နင့်ဟာနင်မသိဘူး။ အေး ဘယ်သိမလဲ နင့်စိတ်က လွတ်လပ်နေတာမှ မဟုတ်ဘဲ။ နင့်မှာ ကျေးဇူးတရားတို့ တာဝန်သိမှုတို့ဆိုတဲ့ ဝန်ထုပ်ကြီးတွေနဲ့ ပိနေအောင် ဟိုလူက လုပ်ထားတာကိုး'

သုတက ဘာဖြစ်လို့ ဒီလောက်တောင် ရဲရဲတင်းတင်း စွပ်စွဲနေရတာလဲ။ ကိုကြီးကို သူ ဘယ်လောက်သိလို့လဲ။

အဲဒီနောက်တော့ သုတက ကျွန်မနဲ့မျက်နှာချင်းဆိုင် တည့်တည့်ရပ်လိုက်ပါတယ်။ ကျွန်မတို့ရဲ့အပေါ်ဘက်မှာ အုပ်ဆိုင်းနေတဲ့ မန်ကျည်းပင်ကြီးဆီက အပွင့်ကြွေတွေ လေနဲ့အတူ တဖွဲဖွဲလွင့်ကျလာတယ်။

'အေးငြိမ်း အဲဒီလေးနှစ်စာ ထောက်ပံ့ကြေးကို ငါပြန်လျှော်ပေးမယ်။ နင် လွတ်လွတ်လပ်လပ်နေချင်တယ်မဟုတ်လား'

ကျွန်မကြားသာရုံ ခပ်တိုးတိုး လေသံနဲ့ သုတက မေးတယ်။

ကျွန်မ ဘာဖြေရမှန်းမသိပါဘူး။

'လွတ်လပ်ချင်ရင် ဟောဒီစာအုပ်ကို အခုပဲ လွှင့်ပစ်လိုက်'

ပြောပြောဆိုဆို သုတက သူကိုင်ထားတဲ့ စာအုပ်ကို လွှင့်ပစ်ဖို့ လက်မြှောက်လိုက်တယ်။ ကျွန်မရင်ထဲမှာ ဟာသွားတယ်။

'ဟင့်အင်း မလုပ်ပါနဲ့'

ကျွန်မ အတင်းဆွဲယူဖို့ ကြိုးစားပေမဲ့ သူက လွှတ်မပေးဘဲ တအား ဆုပ်ကိုင်ထားတယ်။

'သုတ မလုပ်နဲ့'

'ဒီစာအုပ်ကို နင်မဖတ်နဲ့'

'ပေး ပေး ငါ့ကို ပေးစမ်းပါ'

ကျွန်မနဲ့သုတနဲ့ စာအုပ်ကို အပြိုင်ဆွဲယူနေကြရာက သူက ခွန်အားကြီးတော့ သူ့လက်ထဲကို စာအုပ်ပါသွားတယ်။

'အေး လွှင့်မပစ်ရင် ငါယူထားမယ်၊ နင်မဖတ်ရဘူး'



ကျွန်မ ယောင်းခနဲ ဒေါသထွက်သွားမိတယ်။ ဒါကြောင့် သုတကို အော်ပစ်လိုက်တယ်။

'နင့်ကို ပေးတဲ့စာအုပ်မဟုတ်ဘူး။ ငါ့ကို ပေးတဲ့စာအုပ်။ ငါပဲ ပိုင်တယ် နင်မပိုင်ဘူး။ သူများပစ္စည်းကို မပေးဘဲယူတာ မားပြပဲ။ နင် မရှက်ဘူးလား'

ကျွန်မအော်လိုက်တဲ့အသံက နည်းနည်းကျယ်သွားတယ်။ အနားက ဖြတ်သွားတဲ့ မိန်းမနှစ်ယောက်က ကျွန်မတို့ကို လှည့်ကြည့်လှည့်ကြည့်နဲ့ အဝေးကြီးရောက်သွားတဲ့အထိ လှည့်ကြည့်နေတုန်းပဲ။

ကျွန်မရှေ့ ဖုံထူတဲ့ မြေလမ်းပေါ်ကို စာအုပ်က ဘုတ်ခနဲ ကျလာတယ်။ သုတ ပစ်ချလိုက်တာပါ။ စကားတစ်ခွန်းမှ မပြောဘဲ စာအုပ်ကိုပဲ မြေကြီးပေါ် ပစ်ချလိုက်တာ။ ပြီးတော့ စက်ဘီးကို ကြမ်းကြမ်းတမ်းတမ်း ဆွဲယူပြီး ကျွန်မ အနားကနေ ချာခနဲ လှည့်ထွက်သွားတာ။

ကျွန်မ ဖုံတောထဲက စာအုပ်ကိုပဲ ကောက်ယူလိုက်ရမလား။ ထွက်သွားတဲ့ သုတကိုပဲ လှမ်းခေါ်လိုက်ရမလား။ စိတ် ထွေပြားလိုက်ရတာ။ သုတကတော့ စက်ဘီးကို တအားနင်းပြီး ထွက်သွားလိုက်တာ ပေါင်းရဲ့ဟိုဘက်တောင် ကျော်သွားပါပြီ။ ကျွန်မ လှမ်းငေးနေမိခိုက်မှာ သူ တစ်ချက်မှ ကျွန်မ ဘက်ကို ပြန်လှည့်မကြည့်ခဲ့ပါဘူး။ ကျွန်မ သူ့ကို မျက်စိတဆုံးငေးပြီးကျန်ရစ်ခဲ့တယ်၊ သူ မန်ကျည်းပင်တန်းတွေရဲ့ဟိုး တစ်ဖက်ကို ရောက်သွားပြီး မျက်စိအောက်က လုံးလုံးပျောက်သွားတော့မှ ကျွန်မ စာအုပ်ကို ငုံ့ကြည့်လိုက်တယ်။ သေသေသပ်သပ်ထည့်ထားတဲ့ပလတ်စတစ်က တစ်ပိုင်းတစ်စ ပြေလျော့ပြီး စာအုပ်က တစ်ပိုင်းထွက်ကျနေတယ်။ ဖုံထဲမှာတစ်ပိုင်း ပလတ်စတစ်အိတ်ထဲမှာတစ်ပိုင်း။

ကျွန်မ စာအုပ်ကို ချက်ချင်း မကောက်သေးဘဲငေးကြည့်နေမိတယ်။ သုတပြောတာကို ကျွန်မ နားထောင်ရမှာလား။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်ကို လွှင့်ပစ်လိုက်ရမှာလား။ ကျွန်မလွတ်လပ်ပေါ့ပါးချင်နေသလား။ သက်မွန်လို တီရှတ်အကျီလှလှလေးတွေ ရောင်စုံဝတ်ပြီး တခြားသူငယ်ချင်းတွေနဲ့ တစ်မြို့လုံးအနှံ့ စက်ဘီးအတူစီးသွားချင်နေသလား။ ဆရာဝန်ကြီးကိုရီးယားကား ကြည့်တဲ့အချိန်မှာ ကျွန်မဒန်အိုးတွေတိုက် မီးဖိုကြမ်းပြင်ကို ဆေးကြော၊ အဝတ်နဲ့သုပ် တမင်ရုပ်ရှင်ဇာတ်လမ်းတွဲတွေထဲ စိတ်မရောက်အောင် ရှောင်ဖယ်နေရတာ ကျွန်မ ပျော်ပါရဲ့လား။ တစ်ချက်တစ်ချက် လှစ်ခနဲကြည့်မိတဲ့ ကိုရီးယားကားတွေထဲမှာ ဆင်းရဲတဲ့ကောင်မလေးနဲ့ ချမ်းသာတဲ့ ကောင်လေး အသက်တမျှချစ်ကြတာ၊ ပျော်ရွှင်ကြတာတွေကို တွေ့မိရင် ကျွန်မ ရင်မခုန်မိဘူးလား။ ဆရာဝန်ကြီးရဲ့ရေချိုးခန်းထဲမှာ အဝတ်တွေ ထိုင်လျှော်ရင်း သီချင်းအော်ဆိုရတာ ကျွန်မ မပျော်ဘူးလား။ သုတနဲ့အခုလို စက်ဘီးယှဉ်ပြီး စီးလာရတဲ့အခါ နေပူလို့ပူမှန်းမသိ၊ သွေးနှီးကပ်မှုကြောင့် တသိမ့်သိမ့်ကြည်နူးမိတာကို ကျွန်မ သတိမထားမိဘူးလား။ နောက်ထပ်ရော ဒီသာယာကြည်နူးမှုလေးတွေကို မလိုချင်ဘူးလား။

ဆယ်ကျော်သက်အရွယ်နဲ့လိုက်ဖက်တဲ့ တက်ကြွ မြူးတူးမှုကို ကျွန်မ မလိုချင်ဘူးလား။

ဖုံတောထဲမှာကျနေတဲ့ အောက်ခြေ သန်းတစ်ထောင် စာအုပ်ကို ကျွန်မ ကောက်ယူရင်းမျက်ရည်ရစ်ဝဲမိတယ်။

ကျွန်မ ရှာပြန်ရောက်တဲ့အချိန်ထိကျွန်မရင်ထဲမှာ သုတရဲ့မေးခွန်းတွေက ပဲ့တင်ထပ်နေတုန်းပါ။

ကျွန်မကို ကိုကြီးက တကယ်ပဲထိန်းချုပ်ပြီး သူ့လိုသလိုပုံစံသွင်းမှာလား။ ကိုကြီး ကျွန်မကို ဘယ်လို မိန်းကလေးမျိုး ဖြစ်စေချင်တာလဲ။

သေချာတာတစ်ခုကတော့ ကိုကြီးကို ကျွန်မ လေးစားတယ်။ ကိုကြီးကို အားကျတယ်။ ကိုကြီးကို ဘယ်လိုနည်းနဲ့ ကျေးဇူး



ဆပ်ရဆပ်ရ ဆပ်ချင်တယ်။

အော် ကိုကြီး မနက်ဖြန်ပြန်မှာတဲ့။ ကိုကြီးကို လက်ဆောင်တစ်ခုခုတော့ ပေးသင့်တာပေါ့နော်။ ဘာလက်ဆောင်ပေးရင် ကောင်းမလဲလို့ စဉ်းစားရင်း လိုက်ရှာတယ်။ အိမ်မှာရှိတာက မောင်မခေါ်ပဲ၊ ပဲစင်းငုံ၊ စားတော်ပဲ ပဲအခြောက်တွေ။ တောစာဆိုတာ မြို့သား အတွက် ဘယ်လောက်များ ဖွယ်ဖွယ်ရာရာရှိမှာမို့လဲ။ အားတက်သရောလှန်လှော‌ရှာဖွေထားတဲ့ တောင်းတွေပလုံးတွေကို စိတ်အားငယ်ငယ်နဲ့ လွှတ်ချလိုက်မိတယ်။

ကျွန်မမှာ ကိုကြီးနှစ်သက်မဲ့လက်ဆောင် ဘာမှမရှိပါဘူး။ အဲဒါအမှန်တရားပါ။ ကျွန်မ လက်မခံချင်ပေမဲ့ နောက်ဆုံးမှာ လက်ခံလိုက်ရတဲ့အမှန်တရားပါ။

ကျွန်မ ကွပ်ပျစ်လေးပေါ်မှာ ညှတ်ခနဲထိုင်ကျသွားတဲ့အခါမျက်စိရှေ့တည့်တည့်မှာရှိနေတဲ့ ယိုင်နေတဲ့ထရံကို မြင်လိုက်ရတယ်။ တောထုံးစံအတိုင်း အဲဒီထရံကြားမှာ ယပ်တောင်လေးနှစ်ခုကို ထိုးစိုက်ထားတယ်။ မီးဖိုက နှစ်ပေါင်းများစွာထွက်လာတဲ့ မီးခိုးတွေဟာအိမ်ရဲ့ထရံကို မဲညစ်တဲ့ကြပ်ခိုးတွေအဖြစ် ကပ်နေကြတယ်။ ထရံက အပေါက်အပြဲလေးတွေနဲ့။ ဆောင်းတွင်းညတွေမှာ အဲဒီ အပေါက်တွေက လေတွေဝင်ပြီး ချမ်းအေးလွန်းလို့ အပေါက်တွေကို ပလတ်စတစ်အစအနတွေနဲ့ တစ်ခုချင်းလိုက်ကပ် ပိတ်နေခဲ့ရတယ်။ အိမ်အမိုးကို့မော့ကြည့်လိုက်တော့ ကျိုးတိုးကျဲတဲဖြစ်နေတဲ့ သက်ကယ်မိုး။ မိုးရွာရင် ရေတွေ ယိုကျလာနိုင်တဲ့အမိုး။ အင်း အမိုးပြင်ရဦးမယ်။ ကျွန်မ ဒီနွေကျောင်းပိတ်မှာ အလုပ်ထပ်ရှာဦးမှပါ။ အင်္ဂလိပ်စာဂုဏ်ထူးပါတာမို့ အင်္ဂလိပ်စာတော့ သင်လို့ရမှာပဲ။ ကြိုးစားမှ ဖြစ်မယ်။ ကျွန်မ ဆင်းရဲတွင်းကနေ လွတ်ချင်တယ်။

ဂရုတစိုက် ဖုံသုပ်ထားခဲ့ရတဲ့ အောက်ခြေသန်းတစ်ထောင်စာအုပ်ကို ကျွန်မ ကောက်ကိုင်လိုက်တယ်။ ဖြစ်နိုင်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသူကို ဘယ်လို ကူညီပေးနိုင်မှာလဲ။ ဆင်းရဲတွင်းကနေ လွတ်အောင် ဘယ်သူတွေက ဘာတွေ လုပ်ရမှာလဲ။

အဲဒီထက်ပို စိတ်ဝင်စားမိတာက ကိုကြီး ကျွန်မကို ဘာဖြစ်လို့ ဒီစာအုပ်ကို ပေးခဲ့တာလဲ။ သုတပြောတာ တကယ်ပဲလား။

အင်္ဂလိပ်စာဂုဏ်ထူးရတဲ့ ကောလိပ်အကြိုကျောင်းသူတစ်ယောက်ကိုပေးဖို့ အင်္ဂလိပ်စာစာအုပ်တွေ အများကြီးရှိမှာပါ။ ဘာဖြစ်လို့ ဒီစာအုပ်ကိုမှ ရွေးပြီးပေးတာလဲ။ သူ ဖတ်လက်စ လက်ထဲပါလာတာကို ပေးလိုက်တာလား။ စာအုပ်ကို အသေအချာကြည့်တော့ ဖတ်ထားတဲ့အနေအထားမရှိဘူး။ အသစ်စက်စက်ပါ။ စာရွက်နံ့လေးက မွှားနေတုန်းပါ။ အနှောင့်လဲ တင်းတင်းရင်းရင်း အချိုးကျကျ၊ အစွန်းတွေမှာလည်း ဘာချေးမှမရှိဘူး။ ဖြူဖွေးလို့ အသစ်စက်စက်၊ စာအုပ်မှာ အမှတ်အသားနှစ်ခု ကပ်ထားတယ်။ တစ်ခုက သေးသေးလေး အာရှစာအုပ် Asia Book တဲ့။ နောက်တစ်ခုကတော့ မျဉ်း အချောင်းအချောင်း သင်္ကေတလေးတွေနဲ့ စာအုပ်နာမည်၊ တန်ဖိုးပါတဲ့ ကပ်ပြားလေး။ အဲဒီမှာတန်ဖိုးက Bht 850 တဲ့။

ဘာပဲဖြစ်ဖြစ် ကိုကြီးက ကျွန်မကို ဖတ်စေချင်လို့ ပေးထားခဲ့တဲ့စာအုပ်မို့ ကျွန်မ ဖတ်ချင်ပါတယ်။ မာတိကာကို လှန်ကြည့်လိုက်တော့ ကျွန်မ မသိတဲ့ စာလုံးသုံးလေးခု ပါနေတယ်၊ ဖတ်ပါမယ်။ ကိုကြီးကို ပြန်ပေးတဲ့လက်ဆောင်အဖြစ် ကျွန်မ ဒီစာအုပ်ကို မဖြစ်ဖြစ်အောင် ဖတ်ပါမယ်။

ကျွန်မကို ကိုကြီးလိုသလို ပုံသွင်းဖို့ အစပျိုးလိုက်တာပဲဖြစ်စေဦးတော့ ဒီစာအုပ်ကို ကျွန်မ ဖတ်မယ်လို့ သန္နိဋ္ဌာန်ချလိုက်တယ်။

ဏ ၈

'ဒီစာအုပ်ကို မင်း အသေအချာဖတ်ပြီးပြီလား'

အငယ်လူ ပီတာက ကျွန်မကို မေး၏။

'ဟုတ်ကဲ့ ဖတ်ပြီးပါပြီ'

'အချိန်ဘယ်လောက်ယူခဲ့ရလဲ'

'သုံးနှစ်ပါ'

'ဒီစာအုပ်က မင်းကို ဩဇာလွှမ်းမိုးတယ်လို့ ဘာကြောင့်ပြောနိုင်တာလဲ'

'ဒီစာအုပ်ကကျွန်မအတွက် စာအုပ်တစ်ခုထက် ပိုပါတယ်၊ အင်္ဂလိပ်စာဂုဏ်ထူးအတွက်ရခဲ့တဲ့ လက်ဆောင်တစ်ခုထက်လည်း ပိုပါတယ်။ ဒီစာအုပ်ဟာ ကိုထင်လင်းက ကျွန်မကိုဝေမျှချင်တဲ့ ဘဝအမြင်ပွါယ် တစ်ခုပါ။ ဒီစာအုပ်ဟာ ကျွန်မရယ်လို့ ဖြစ်လာအောင် အသက်သွင်း ပေးလိုက်တဲ့စာအုပ်မို့ပါ'

သူတို့နှစ်ယောက် အကြည့်ချင်းဆုံ သွားကြသည်။

'ဒီစာအုပ်မှာ မင်း အနှစ်သက်ဆုံးကဗျာက ဘာလဲ'

'ယောင်ချောက်များ ဆိုတဲ့ကဗျာပါ'

'နည်းနည်းလောက် ပြောပြစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'အလွန်အမင်း ဆင်းရဲခြင်းဆိုတဲ့ သတ်မှတ်ချက်ကို သေသေချာချာ မသိရသေးခင်မှာကိုပဲ ကျွန်မတို့အိမ်ဟာ အဲဒီအတန်းအစားထဲမှာ ပါနေပြီဆိုတာ ရိပ်မိပါတယ်၊ အလွန်အမင်းဆင်းရဲခြင်း၏ပမာဏအတိုင်းအတာ စစ်တမ်းအောက်မှာ ကျောင်းနေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရေသန့်ရှင်းမှု၊ လျှပ်စစ်မီး၊ လမ်းပမ်းဆက်သွယ်ရေး၊ အဟာရ စတဲ့ အခြေခံလိုအပ်ချက်တွေမရတဲ့ အိမ်ခြေတွေက ဘယ်လောက်အချိုးအဆ ရှိသလဲ။ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ နိုင်ငံတွင်းနဲ့ နိုင်ငံပြင်ပ ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ခြင်း စတဲ့ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်တွေအရ အလွန်အမင်း ဆင်းရဲခြင်းဆီ တွန်းပို့ပေးခံနေရတဲ့ အိမ်ခြေတွေ ဘယ်လောက် ရှိသလဲ။ အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒီစာအုပ်ကို နားလည်ချင်လွန်းလို့ ကျွန်မ ထပ်ရှာ ဖတ်ခဲ့ရတဲ့ စာအုပ်တွေက အများကြီးပဲ'

'ဘာစာအုပ်တွေလဲ'

'အို အများကြီး။ ကျွန်မ မကွေးမှာ အနီးကပ်သင်တန်း သွားတက်တိုင်း စာသင်ပေးတဲ့ ဆရာဆရာမတွေဆီကနေ အင်္ဂလိပ်မဂ္ဂဇင်းစာအုပ်ပါးပါးလေးတွေ ရီးဒါးစ်ဒိုင်ဂျက်စ်တို့ တိုင်းမ်တို့ နျူစ်ဝိခ်တို့တွေ့ရင် ငှားဖတ်တယ်၊ နောက်ပြီး စလင်းကနေ ရန်ကုန်ကို တစ်ယောက်ယောက် သွားတဲ့အခါ ကျွန်မ အဲလိုစာအုပ်မျိုးတွေ မှာယူရပါတယ်'

'ကဲ ဟုတ်ပြီ။ ဒါဖြင့်အခု မင်းအာရုံထဲမှာ ဖျတ်ခနဲ ပေါ်လာတဲ့ စာအုပ်တစ်အုပ်ထဲက အကြောင်းအရာတစ်ခုခုကို ပြောပြစမ်းပါ'

'ဘာစာအုပ်ထဲကလဲ'

'ဘာစာအုပ်ပဲဖြစ်ဖြစ်'

သိပ်ခက်ပါသည်။



ကျွန်မ ဖတ်ထားခဲ့သော စာအုပ်တွေထဲတွင် သိပ်ခက်သော စာအုပ်တွေမပါ။ သူတို့အတွက် ဆိုလျှင်တော့ ကလေးဖတ်စာလို စာအုပ်မျိုးတွေပဲ ဖြစ်မှာပါ။ ဘယ်စာအုပ်ထဲကဟာကို ပြောပြရပါ့မလဲ။

'ကျွန်မဖတ်နိုင်တာက လွယ်လွယ်လေးတွေပဲ'

'ဟုတ်ပြီလေ အလွယ်ထဲကပဲ ပြောပေါ့။ ဘယ်မဂ္ဂဇင်းက အလွယ်ဆုံးလဲ'

'ရီးဒါးစ်ဒိုင်ဂျက်စ်ပေါ့'

'အိုကေ ရီးဒါးစ်ဒိုင်ဂျက်စ်ထဲကပဲ ပြော'

ကဲ ကျွန်မ မြန်မြန်မဖြေနိုင်သည့်အတွက် သူက မေးခွန်းကို ကန့်သတ်ပစ်လိုက်ပြီ။

စဉ်းစားစမ်းပါ။

ဖတ်ခဲ့သမျှ ရီးဒါးစ်ဒိုင် ဂျက်စ်တွေကို စဉ်းစားလိုက်စမ်းပါ။

ကျွန်မ စာအုပ်မျက်နှာဖုံးတွေကို ပြန်စဉ်းစားတော့မှ ပေါ်လာသည်။

'ကျွန်မ စဉ်းစားမိပြီ'

'ကောင်းတယ် ပြော'

'အာရှနိုင်ငံတွေမှာ ကားမတော်တဆတိမ်းမှောက်မှုတွေ အများဆုံးပဲ ဆိုတဲ့ ဆောင်းပါးတစ်ခုကို မှတ်မိတယ်။ သူက တရုတ်နိုင်ငံကို နမူနာပြပြီး ပြောထားတယ်။ ကားမှောက်ရခြင်းအကြောင်းရင်းတွေကိုလည်း ခွဲခြားစိတ်ဖြာ ဆွဲထုတ်ကြည့်ထားတယ်'

'ဘာကြောင့် မှောက်သတဲ့လဲ'

'လမ်းတွေမကောင်းလို့၊ စည်းကမ်းမဲ့ မောင်းနှင်လို့၊ ကား မကောင်းလို့ အဲဒီအချက်တွေပေါ့'

'ဘယ်အချက်က နံပတ်တစ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'စည်းကမ်းမဲ့ မောင်းနှင်မှု အရက်သေစာသောက်စားပြီး မောင်းနှင်မှု တဲ့'

'မင်း လက်ခံသလား'

'ရှင်'

ကျွန်မ ဖတ်ရသောစာထဲမှ ဗဟုသုတအကုန်လုံးကို ကျွန်မ မှတ်သားလိုက်သည်ချည်းပင် ဖြစ်သည်။ ကျွန်မ လက်ခံသလား ဆိုသည့် အမေးမျိုးကို ကိုယ့်ကိုယ်ကို တစ်ခါမှ မမေးဖူးပါ။

'အော် ကားအက်ဆီးဒင့်တွေထဲမှာ အဖြစ်အများဆုံး အကြောင်းရင်းက လူတွေ စည်းကမ်းမဲ့လို့ ဆိုတဲ့အချက်ကို မင်း လက်ခံသလား လို့'

'ဟုတ်ကဲ့ လက်ခံပါတယ်'

'လမ်းတွေဆိုးဝါးလို့ မတော်တဆဖြစ်တာမဟုတ်ဘူးလား'

'လမ်းတွေ ဆိုးဝါးပေမဲ့ စည်းစနစ်နဲ့ အေးအေးဆေးဆေး မောင်းမယ်ဆိုရင် ဘာမှ ထိခိုက်မှာမဟုတ်ပါဘူး။ လူတွေက ကားတို့ ဘာတို့ကို အပြိုင်မောင်းချင်တယ်။ ခရီးသည်တွေကို အလုအယက် တင်ချင်တယ်။ အရက်သောက်ပြီးမောင်းချင်တယ်။ ဒါတွေကြောင့် ဖြစ်တာများပါတယ်'

'ဒါဖြင့် မင်းက လူရဲ့ အပြစ်လို့ချည်း ပုံချမလား'

ကျွန်မ လန့်သွားသည်။ ကျွန်မ သူနှင့်ပြိုင်ငြင်းနေမိတော့မှာလား။

'အဲဒီလိုတော့ မဟုတ်ပါဘူး'

ကျွန်မ လျှောချလိုက်ရသည်။ သို့သော် သူက အလွတ်မပေးပါ။

'ဒါဖြင့် မင်း ဘာကို ပြောချင်တာလဲ'

ကျွန်မ ယိမ်းယိုင်လို့ မဖြစ်ပါ။ တစ်ခုခုကို ဆုပ်ကိုင်မိလျှင် ပြန်လွှတ်မချမိစေရ။



'ဘာကြောင့်လဲလို့ ဆက်တွေးလိုက်ရင် တကယ့်တရားခံကို ထင်ထင်ရှားရှားသွားတွေ့မှာပါ'

သူ မျက်ခုံးပင့်ကြည့်တော့မှ သတိထားမိသွားသည်။ ကျွန်မ စကားကြီးစကားကျယ်တွေ ပြောမိသွားပြီ။ ဒီနံးခနဲ ရင်ခုန်သွား၏။ အခုမှတော့ မထူးတော့ပါ။ ကျွန်မ စမိသည့်အစကို ကိုယ့်ဟာကိုယ် ပြန်သိမ်းရတော့မည်။

'တရားခံက ဘယ်သူလဲ'

'ဆင်းရဲခြင်းတဲ့'

သူ အသံထွက်ရယ်မောပါသည်။

'မယုံဘူးလား။ ဘယ်လိုဆိုးကျိုးမျိုးအကြောင်းပဲ ပြောပြော အရင်းခံကို ရှာရင် နောက်ဆုံးမှာ ဆင်းရဲခြင်းဆိုတာကို သွားတွေ့မှာ'

ကျွန်မ ဇွတ်ပဲ လိုရာကို ဆွဲပြောပစ်လိုက်ရသည်။

'ကောင်းပြီ ဒါဖြင့် ဆင်းရဲခြင်းကြောင့် ဖြစ်ရတဲ့ ဆိုးကျိုးတစ်ခုခုအကြောင်း ငါ့ကို လက်ခံလာနိုင်အောင် ပြောပြစမ်းပါ'

အပြုံးမပျက်ပြောလိုက်သော သူ့စကားက စိန်ခေါ်သလိုပဲ။ သို့သော် ကျွန်မကလည်း တော်ရုံတန်ရုံနှင့်တော့ ဖွဲမလျှော့နိုင်။

နိုင်ငံခြားက သူတို့စကားလုံးတွေထဲမှာ သုံးနှုန်းနေကျဖြစ်သည့် တွဲဆက်ချိတ်သွားသည့်တုန့်ပြန်မှု(chain reaction)ဆိုသော စကားမှာ ကျွန်မတို့ မြန်မာဗုဒ္ဓဘာသာ ပါဠိစကား ရှိပြီးသား။ ဟေတုပစ္စယော။ အကြောင်းကြောင့် အကျိုးဖြစ်၏တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## မေခွန်းအမှတ် လေး

### ဆင်းရဲခြင်းကြောင့် ဖြစ်ရတဲ့ဆိုးကျိုးတစ်ခုခုအကြောင်း

ဆင်ဖြူကျွန်းနဲ့ချောက်မြို့အကြားက အဝေးပြေးကားလမ်းက ချောချောမွေ့မွေ့မရှိဘူး။ ချိုင့်ခွက်တွေနဲ့။ အဲဒီလမ်းကိုသွားတဲ့ကား တွေကလည်း ညမိုးချုပ်ဆိုရင် ကျဲသွားပြီ။ ညခုနစ်နာရီဆိုရင်ပဲ အမှောင်က ချက်ချင်းရောက်လာတာမို့ လမ်းသွားလမ်းလာတွေ နည်းနည်းပါးပါးပဲ ရှိတော့တာပါ။

ကားလမ်းဘေး ကုက္ကိုပင်အောက်မှာ အကြော်တဲလေး တစ်ခု ရှိတယ်။ အဲဒီညက ခုနစ်နာရီထိုးတဲ့အထိ အကြော်သည် လင်မယား ဆိုင်မသိမ်းဘဲ စောင့်ရောင်းခဲ့ပေမဲ့ လက်ကျန်အကြော်လေးတွေကို ဘယ်သူမှ လာမဝယ်တော့တာ သေချာသွားပြီ။ ဒါနဲ့ပဲ အိမ်က ကလေးတွေ ထမင်းနဲ့စားဖို့ သိမ်းဆည်းလိုက်ပြီး အကြော်ဖိုကမီးတွေ ငြိမ်းသတ်လိုက်တယ်။ တဲဝါးလုံးတန်းမှာ ချိတ်ထားတဲ့မီးအိမ်လေးကိုလည်း မှုတ်ငြိမ်းပြီးပြီ။ ဇနီးသည်က တစ်ညနေလုံး အပူပြင်းတဲ့ မီးဖိုရှေ့မှာ ကပ်ထိုင်ပြီး အကြော်ကြော်ရောင်းခဲ့ရပြီးပြီမို့ ဒယ်အိုး၊ ဇလုံ စကော ပစ္စည်းပစ္စယ အစုံထည့်ထားတဲ့ ခံတောင်းနှစ်တောင်းကို ထမ်းပိုးနဲ့ တစ်ဖက်တစ်ချက်ထမ်းပြီး အိမ်လိုက်ပို့ပေးဖို့က ဘကြီးငွေရဲ့ အလုပ်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုငွေ မီးတစ်စမှ မကျန်ဘူးနော်'

'အေးပါဟာ ရေနဲ့ကို လောင်းပြီး ငြိမ်းသတ်ထားတာ။ ညည်း ပိုက်ဆံထုပ်ကလေးကော'

'ဒီမှာ ဒီမှာ'

ခေါင်းခုပဝါထဲမှာ လိပ်ထည့်ထားတဲ့ပိုက်ဆံထုပ်ကို ဇနီးက ပြတယ်။ သူတို့နှစ်ယောက် ရွာထဲဝင်မဲ့ လမ်းကြောင်းလေးဆီ ခပ်သွက်သွက် လျှောက်လာခဲ့ကြတယ်။ ရွာလမ်းလေးက နှစ်ပေလောက်ပဲ ကျယ်ပြီး တစ်ဘက်တစ်ချက်မှာ ဆူးချုံပုတ်ပင်တွေနဲ့ ကာဆီးလို့၊ ဆူးချုံများအလွန်မှာတော့ မြေပဲခင်းတွေ။ ရွာလမ်းလေးပေါ် လျှောက်မိတဲ့အခါ ဘေးပတ်ဝန်းကျင်တစ်ခုလုံး ဘာမီးရောင်မှမရှိဘဲ မှောင်ပိန်းနေတယ်။ သူ့မိန်းမက ပေါ့ပေါ့ပါးပါးခြေလှမ်းတွေနဲ့ ရှေ့ကနေ သုတ်သုတ်သွား၊ သူက အထမ်းနဲ့ နောက်ကလိုက်ရတဲ့အတွက် ခြေလှမ်းနှေးတယ်။ လရောင်မရှိ ကြယ်ရောင်မှိန်မှိန်ပိုးတဝါး အမှောင်ထဲမှာ သူက မြေပါးကင်းပါးလည်းကြောက်တော့ အောက်ကိုပဲ ငုံ့ကြည့် လျှောက်နေရတယ်။

အဲဒီအချိန်မှာ သူတို့နောက်ဘက်ကားလမ်းပေါ်မှာ အရှိန်နဲ့ ဖြတ်သွားတဲ့ ကားတစ်စီးအသံကို ကြားရတယ်။ ကားမီးရောင်ကြောင့် သူ့ဘေးက ချုံပုတ် လင်းခနဲဖြစ်သွားတယ်။ ကား နောက်မီးနီနီကို လက်ခနဲမြင်လိုက်ရတဲ့အချိန်မှာပါပဲ။ ထူးဆန်းတဲ့အဖြစ်ကို မြင်လိုက်ရတာ။

ကားပေါ်ကနေ အထုပ်ကြီးကြီးတစ်ထုပ် ပြုတ်ကျလာတာပါ။ မြေပြင်နဲ့ ဘုတ်ခနဲထိပြီးတဲ့နောက် တယဉ့်တိုက် လိမ့်သွားတဲ့ အထုပ်က ဖြူဖြူရှည်ရှည်ကြီးပါ။ သူငေးမောနေတုန်း အဖြစ်အပျက်ကို သူ့လိုပဲ မြင်လိုက်ရတဲ့ ဇနီးက လွှတ်ခနဲအော်လိုက်တယ်။

'ကိုငွေ ဘာထုပ်ကြီးလဲမသိဘူး'



သူ့ကို တွန်းတိုက်ပြီး လမ်းမပေါ် ပြေးတက်သွားတဲ့ သူ့ဇနီးကို အထိတ်တလန့်လိုက်ဆွဲပေမဲ့ မမီလိုက်ဘူး။ ပခုံးပေါ်က ထမ်းပိုးဝန်ကြောင့် သူ လဲကျမလိုတောင် ဖြစ်သွားတယ်။

အဲဒီအထုပ်ကို မိန်းမ မသယ်မိအောင် တားမှ ဖြစ်မယ်။ ဥပဒေနဲ့လွတ်လားမသိ မလွတ်လားမသိ။ သူ တောင်းနှစ်ခုကို ပစ်ချထားခဲ့ပြီး နောက်ကနေ အပြေးလိုက်ရတယ်။

သူတို့ရွာလမ်းလေးနဲ့ တော်တော်ဝေးတဲ့နေရာမှာ ပိတ်ဆီးနေတဲ့ အမှောင်ထဲမှာ အထုပ်ရှည်ရှည်ဖြူဖြူကြီးကို မြင်နေရတယ်။

'မမြင့် ဟဲ့ မမြင့် သွားမယူနဲ့နော် ကျန်ခဲ့မှန်းသိရင်'

သူ့စကား မဆုံးသေးမီ ရှေ့က အပြေးသွားနေတဲ့ မိန်းမရဲ့ ခြေလှမ်းတွေ တုန့်ရပ်သွားတယ်။ သူလည်း ကြောင်အပြီး ရပ်ပစ်လိုက်မိတယ်။ အထုပ်က စောစောကလို မာတောင့်တောင့်ကြီး မဟုတ်တော့ဘဲ ခွေခေါက်ပျော့ကွေးနေလို့ပါ။

'ဘုရားကယ်တော်မူပါ။ ဘာကြီးပါလိမ့်'

ဒေါ်မြင့်က အလန့်တကြားရေရွတ်လိုက်တဲ့ အချိန်မှာပဲ ပျော့တိပျော့ဖတ်အထုပ်ကြီးက လှုပ်လှုပ်ရွရွဖြစ်လာတာကို မြင်လိုက်ရတော့တယ်။

ကားပေါ်က ပြုတ်ကျခဲ့တဲ့အထုပ်က တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ ခွေခေါက်လဲကျနေတဲ့ မိန်းကလေးတစ်ယောက်ပါ။

ရိုးရိုးစင်းစင်း နေသားကျအဖြစ်အပျက်တွေနဲ့ချည်း နေ့စဉ်လည်ပတ်နေတဲ့ ကျွန်မတို့တစ်နယ်လုံး ပွက်လောရိုက်သွားတဲ့အဖြစ်အပျက်တစ်ခုကို အဲဒီကနေ စခဲ့တာပါ။

အကြော်သည်လင်မယားက ကားကို မမှတ်မိပါဘူး။ ကားနံပါတ်ကိုလည်း ညမှောင်မှောင်မှာ ဘယ်မြင်နိုင်မလဲ။ ကားပုံစံလည်း မပြောနိုင်ပါဘူး။ ဒါပေမဲ့ သူတို့ရွာမရောက်ခင် ကျော်လာခဲ့တဲ့လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘေးရွာက လူတွေကတော့ မိန်းကလေးတစ်ယောက်ရဲ့ ကယ်ပါယူပါ အသံကို ကြားခဲ့ရတယ်လို့ ပြောတယ်။ အဲဒီရွာကတော့ ကားလမ်းပေါ်မှာပဲမို့ မိန်းမအော်သံကို ကြားတဲ့ အကြားသက်သေ လေး ငါး ယောက်တောင်ရှိတယ်တဲ့။

ဦးငွေနဲ့ ဒေါ်မြင့်အေး အကြော်သည် ဇနီးမောင်နှံက ကရုဏာအပြည့် စိုးရိမ်စိတ်တွေနဲ့ မိန်းကလေးကို ပွေ့ချီခေါ်ပြီး ကျေးရွာလူကြီးတွေကို အကြောင်းကြားခဲ့တယ်။ ပြီးတော့ သွေးထွက်သံယို ဒဏ်ရာတွေနဲ့ သတိလစ်နေတဲ့ မိန်းကလေးကို စလင်းဆေးရုံ တင်လိုက်ကြရတယ်။ ကျွန်မက စလင်းဆေးရုံရဲ့ ဆေးရုံအုပ် မြို့နယ် ဆရာဝန်ကြီးအိမ်မှာ အိမ်အကူ တောက်တိုမည်ရ လုပ်ပေးနေခဲ့တာ ဆယ်တန်းကတည်းက ပါပဲ။

ဆရာဝန်ကြီးက အမျိုးသမီး၊ အပျိုကြီး။ သူ့အဖေက တစ်ခါတစ်ခါ လာလည်တယ်။ အများအားဖြင့် သူတစ်ယောက်တည်းနဲ့ ဆေးရုံက သူနာပြုတွေက ဝိုင်းကူလုပ်ပေးကြတာပါ။ ကျွန်မကတော့ ထမင်းဟင်းလည်း ချက်ပေး၊ အဝတ် ဘာညာလျှော်စရာရှိရင်လည်း လျှော်ပေးပေါ့။ ဖောင်းလင်းကို ညမိုးချုပ်မှ ပြန်ရင် လူပြတ်တဲ့ ရွာ လမ်းကို ပြောင်းခင်းတွေ ပဲခင်းတွေချည်းရှိတဲ့ နေရာတွေ အများကြီး ဖြတ်သွားရမှာ။ မိုးချုပ်ရင် အဖော်မရှိဘဲ မိန်းကလေး တစ်ယောက်တည်း ဖောင်းလင်းကို ပြန်ဖို့ ဘယ်လိုမှ မဖြစ်တာမို့ ဆရာဝန်ကြီးရဲ့ အိမ်မှာ ညအိပ်ရတဲ့ကာလတွေ အများကြီးပါ။

ဒါပေမဲ့ ကျွန်မက အိမ်က အလုပ်သမားသာဖြစ်လို့ ဆေးရုံမှာဖြစ်ပျက်သွားတဲ့အမှုအခင်းကိုတော့ ဘာမှ ကြိုမသိခဲ့ဘူး။ ရုတ်ရုတ်သဲသဲ ဖြစ်တော့မှ ဆရာဝန်ကြီးဆီကနေ ကျွန်မ သိရပါတယ်။

မြို့နယ်ဆေးရုံမှာ ဆေးကုသခံယူရင်းကနေ ညတွင်းချင်း သတိပြန်ရလာခဲ့တဲ့မိန်းကလေးက သူဘာဖြစ်ခဲ့သလဲဆိုတာ ပြန်ပြော



ပြနိုင်ခဲ့တယ်။ မိန်းကလေးရဲ့မိသားစုနဲ့ ရွာသူရွာသားတွေဟာ ယူကြုံးမရ ဒေါသတွေနဲ့ တုန်လှုပ်သွားကြတော့တယ်။

ကျွန်မတို့နားက မြို့လေးတစ်မြို့ဟာ ပွဲရုံတွေနဲ့ အလွန် စည်ကားပါတယ်။ အများအားဖြင့်တော့ ဒီနယ်က မြေပဲ၊ ပဲစင်းငုံ၊ ကုလားပဲ စိုက်ပျိုးကြတဲ့အတွက် အဲဒီ ပဲပွဲရုံတွေများတယ်။ အဲဒီထဲက ပဲပွဲရုံတစ်ခုမှာ တင်တင်ဝင်းက ပဲရွေးတဲ့အလုပ်သမတစ်ယောက်ပါ။ သူ့ရွာက အဲဒီမြို့နဲ့ချောက်ကို သွားတဲ့ ကားလမ်းပေါ်မှာ ရှိတယ်။ မြို့နဲ့သိပ်မဝေးပါဘူး။ ဒါကြောင့် မိန်းကလေးက ရွာကနေ မနက်တိုင်း ဘတ်စ်ကားကြုံနဲ့စီးပြီး အလုပ်ရှိရာလာ၊ ပဲရွေးတဲ့အလုပ်လုပ်။ ညနေကျတော့ ဘတ်စ်ကားကြုံနဲ့ပြန်ပေါ့။

အဲဒီညနေကတော့ ရွေးရတဲ့ပဲတွေများတော့ အလုပ်သမလေးတွေ နည်းနည်း မိုးချုပ်မှ ပြီးတယ်။ မိန်းကလေးသွားနေကျ ဘတ်စ်ကားက မမီတော့ဘူး။ ထွက်သွားခဲ့ပြီ။ ဒါပေမဲ့ ကျွန်မတို့မြို့နဲ့ ချောက်နဲ့ပြေးတဲ့ကားတွေတော့ လာဖို့ရှိနေသေးတယ်၊ ဒါပေမဲ့ ဘယ်အချိန် လာမယ်လို့ မသေချာဘူး။ အဲဒီညက သူတို့ရွာဘုရားပွဲမှာ ပွဲပါတယ်။ သူ ပွဲကြည့်ချင်လို့ ပွဲအမီ ရွာကို ပြန်ချင်တယ်။ ဒါကြောင့် ဘတ်စ်ကားတွေကို မစောင့်ချင်ဘူး။ အဲဒီဘက်ကြုံတဲ့ ကားကြုံရှိရင် လိုက် ချင်တယ်။ ဘတ်စ်ကားဂိတ်မှာ သူ ကားကြုံရှာတယ်။ အဲဒီမှာ ကားဂိတ်အနီးက လူတစ်ယောက်က သူ့ကို 'ဟောဟိုကားကတော့ ချောက်ဘက်ကို သွားမှာပဲ။ အဲဒီကားနဲ့ ကားကြုံလိုက်မလား။ ပြောပေးမယ်' လို့ သတင်းပေးတယ်။ ခက်တာက အဲဒီကားမှာ ခရီးသည် မပါဘူး။ အမျိုးသမီးလည်း တစ်ယောက်မှမပါဘူး။ ကားတစ်စီးလုံးမှာ ယောကျ်ားချည်းပဲ သုံးယောက်။ ကားမောင်းတဲ့သူကလည်း လိုက်ခဲ့လေ။ ရတယ်လို့ ပြောတယ်။ အဲဒီအချိန်မှာ ကားဂိတ်ရဲ့ ဂိတ်မှူးက တော့ မိန်းကလေးကို မလိုက်စေချင်ဘူး။ အဖော်မိန်းမတစ်ယောက်မှ

www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ လိုက်မသွားနဲ့၊ ကိုယ်နဲ့သိတဲ့သူလည်းမပါဘူး။ ဘတ်စ်ကားကိုပဲ စောင့်စီးပါလို့ အကြံဉာဏ်ပေးတယ်။ ဒါပေမဲ့ မိန်းကလေးက ရွာကို ပွဲအမီပြန်ချင်လှပြီ။ နောက်ထပ်အကြာကြီး ထပ် မစောင့်ချင်တော့ဘူးလေ။ ဒါနဲ့ပဲ 'ဖြစ်ပါတယ်' ဆိုပြီး လိုက်သွားခဲ့တယ်။

တကယ်တော့ သူစီမံးယောကျ်ားတွေချည်းပါတဲ့ ကားကို ကားကြုံလိုက်စီးသွားဖို့ ဘယ်မိန်းကလေးမှ ဆန္ဒရှိမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ပွဲကို ရွာသူရွာသားတိုင်း ကြိုက်နှစ်သက်ကြတယ်။ ရွာမှာက ပွဲလမ်းသဘင်ဖြေဖျော်မှုက တော်တော်နည်းပါတယ်။ ဘုရားပွဲတို့ ဘုန်းကြီးပျံတို့ကျမှ ပွဲထည့်တာမို့ ပွဲငတ်ကြတယ်။ ဒါကြောင့် ပွဲဈေးရော ပွဲရောဟာ ဆွဲဆောင်မှုအပြည့်ရှိနေကြတယ်။ ပတ်မကြီး တီးလိုက်ပြီဆို ကလေးလူကြီးအားလုံး ခြေလှမ်းတပြင်ပြင်ဖြစ်ကြတော့တာပဲ။

ကျွန်မငယ်ငယ် အမေ မသေခင်တုန်းကဆို ပတ်မသံကြားရင် မနေနိုင်ဘူး။ အမေ့ကို ပူဆာတာ၊ ပွဲကြည့်ချင်လွန်းလို့၊ အမေက 'အဲဒါ အကမပါဘူး။ ဆိုင်းချည်းပဲ တီးတာ' ဆိုလည်း မရဘူး။ အဲဒီ ဆိုင်းကိုပဲ ကြည့်ချင်တာပဲ။ တစ်ခါတစ်ခါမှာ ဆိုင်းဝိုင်းမှာလည်း အက ပါတတ်တာကိုး။ မင်းသမီးလေးတစ်ယောက်ယောက် ပဝါလေး တခါခါနဲ့ ဇလာထမိနားကို ခြေခတ်လိုက်တဲ့အခါ ကျွန်မက ရင်သပ်ရှုမော တအံ့တသြကို ငေးကြည့်နေချင်တော့တာပဲ။ စတုတ္ထတန်းအရွယ်မှာ ကျွန်မ ပွဲသိပ်ကြိုက်ခဲ့တယ်။

အခု မိန်းကလေးကတော့ အသက် ဆယ့်ခုနစ်နှစ်လောက်ပဲရှိသေးတယ်။ ကျွန်မငယ်ငယ်ကလောက် ပွဲအလွန်ကြိုက်သလားကျွန်မ မသိဘူး။ ဒါပေမဲ့ ဒီလိုမျိုးအန္တရာယ်ဖြစ်တတ်တယ်လို့ ကြိုမတွေးခဲ့မှာတော့ သေချာပါတယ်။

အဲဒီညနေ မိန်းကလေးဟာ ပွဲအမီရွာပြန်ရောက်ရမဲ့အစား ဒဏ်ရာတွေနဲ့ သတိလစ်ပြီး ဆေးရုံကို ရောက်ခဲ့ရတော့တာပါပဲ။



ညနေတွေ ကျွန်မစလင်းကနေ ဖောင်းလင်းကို စက်ဘီးနဲ့ မပြန်ရဲဘူး။ ဆရာဝန်ကြီးကလည်း သူ့အိမ်မှာပဲ အိပ်ဖို့ ပြောတယ်။ ကျွန်မကို သူစိတ်မချဘူးတဲ့။ သူ့ဆေးရုံမှာတာက်နေတဲ့ အဲဒီ တင်တင်ဝင်းရဲ့ကျန်းမာရေးအခြေအနေ ကောင်းလာအောင် သူ အတတ်နိုင်ဆုံးကြိုးစားပြီး ဖြစ်လာတဲ့ မေးခွန်းတွေ ပြဿနာတွေကို ဒိုင်ခံဖြေရှင်းပေးနေရတာမို့ အဲဒီရက်တွေမှာ ဆရာဝန်ကြီးလည်း အိမ်မှာ နားရတယ်လို့ မရှိပါဘူး။ ဆရာဝန်ကြီးရဲ့အိမ်က မြို့နယ်ဆေးရုံဝင်းထဲမှာပါပဲ။ ဆေးရုံလူနာအဆောင်တွေနဲ့ သိပ်မဝေးပါဘူး။ ဒါပေမဲ့ ညည ကျွန်မ တစ်ယောက်တည်း ဆရာ့ကို စောင့်ရတဲ့အခါ မီးကလည်း ပျက်နေရင် ကြောက်လွန်းလို့ တံခါးတွေ အကုန်ပိတ်ထားရပါတယ်။ (ဆရာဝန်ကြီးက အမျိုးသမီးပေမဲ့ ဆရာမလို့ မခေါ်ရဘူး။ ဆရာလို့ ခေါ်ရမယ်လို့ သူနာပြုဆရာမကြီးတွေက ကျွန်မကို သင်ပေး ထားတယ်။ ဆရာမဆိုတာ ဆေးရုံအသိုင်းအဝိုင်းမှာတော့ သူနာပြုတွေကိုပဲ ခေါ်တာတဲ့။ ဆရာဝန်အမျိုးသမီးဆိုရင် ဒေါက်တာလို့ ခေါ်ချင်ခေါ် မခေါ်ရင် ဆရာလို့ပဲ ခေါ်ရမယ်တဲ့။)

ဆရာဝန်ကြီး ညည လူနာဆောင်တွေကနေ အိမ်အပြန်မှာ အစောင့် ဦးကြီးတစ်ယောက်က အမြဲလိုက်လိုက်ပို့ပေးတယ်။ အခုလို အချိန်ဆိုတော့ ပိုသတိထားစောင့်ရှောက်ပေးကြပါတယ်။ လက်နှိပ်ဓာတ်မီးအလင်းရောင် အနီး ရောက်လာပေမဲ့ ကျွန်မ တံခါး မဖွင့်သေးဘူး။ သံဇကာကွက်တွေကြားထဲကနေ အသာချောင်းကြည့်နေသေးတာ။ ဆရာဝန်ကြီးရဲ့စကားပြောသံကိုကြားရမှ ကျွန်မ တံခါးဖွင့်ပါတယ်။

ဆရာဝန်ကြီးက သူရောက်လာရင် အိမ်တံခါးအမြန် ဖွင့်နိုင်းတာ။ ကျွန်မက ပြတင်းပေါက်တောင်မဖွင့်ရဲဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



လူနာအမျိုးသမီးလေးကို သက်သေအဖြစ် စစ်မေးဖို့ မကွေးကို ခေါ်သွားတဲ့အချိန်မှာ ဆရာဝန်ကြီး လိုက်သွားရတယ်။ ကျွန်မ အံ့ဩတာပေါ့နော်။ ဆေးရုံအရေးပေါ်ကားနဲ့ တော်တီးတော်လို့ အော်မြည်ပြီး ထွက်သွားရတာ။ ကျွန်မ ဆရာဝန်ကြီးအိမ်မှာ အိမ်စောင့်အဖြစ် ကျန်ရစ်ခဲ့တယ်။ အဲဒီမိန်းကလေးကို ကျွန်မ အဲဒီကျမှ မြင်ဖူးတာ။ မိန်းကလေးချင်း ကိုယ်ချင်းစာစိတ်နဲ့ ကျွန်မ ကရုဏာသက်မိပါတယ်။ သူ့ကိုယ်ခန္ဓာမှာ ဒဏ်ရာဒဏ်ချက် နည်းနည်းတော့ စွဲထင်နေတုန်းပါ။ ဒါပေမဲ့ သူ ကျန်းမာလာပြီ။ အစားအသောက်လည်း စားလို့ကောင်းနေပြီ။ သူနာတင်ယာဉ်နဲ့ တော်တီးတော်မြည်ပြီး သွားရတာကို ကျွန်မ နားမလည်ဘူး။ အေးလေ အစစအရာရာ သတိထားနေရတဲ့ သဘောပဲနဲ့တူပါရဲ့။

မကွေးမြို့နယ်ရဲစခန်းမှာပဲ အမှုကို စစ်ဆေးကြားနာတယ်လို့ ကျွန်မ သိရပါတယ်။ တရားရုံးမှာ မစစ်ဆေးဘူး။ အခန်းတံခါးပိတ်ပြီးစစ်ရတယ်။ သာမန်လူတွေ သိပ်မသိလိုက်သေးခင်မှာ အမြန်ဆုံးစစ်ဆေးတာပါ။ တရားခံလို့ ယူဆရတဲ့လူနှစ်ယောက်ကို ရုံးထုတ်လာတဲ့အခါမှာ သံခြေချင်းတွေ၊ လက်ထိပ်တွေနဲ့။

အဲဒီနေ့က ဆရာဝန်ကြီး၊ တော်တော်နဲ့ ပြန်မရောက်လာဘူး၊ ကျွန်မ သိလိုက်တယ်၊ ကျွန်မ ဒီညလည်း ဖောင်းလင်းကို မပြန်နိုင်ဘူးဆိုတာ။ သူနာပြုဆရာမ မမစိုးက ကျွန်မ ပြန်ချင်ပြန် သူ စောင့်လိုက်မယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်မ မပြန်ပါဘူး။ ကျွန်မမှာ အမေမရှိတော့ဘူး၊ ဆရာဝန်ကြီးကို ကျွန်မ အမေလိုလည်း ချစ်တယ်။ ဆရာဝန်ကြီးက မိန်းမသားပေမဲ့ နွဲ့နွဲ့ကျော့ကျော့မနေဘဲ ယောကျ်ားတစ်ယောက်လို ထက်ထက်မြက်မြက် သွက်သွက်လက်လက် နေတတ်တာမို့ အဖေလိုလည်းချစ်ပါတယ်။ ဆရာဝန်ကြီးပြန်အလာကို ကျွန်မ စောင့်ကို စောင့်ချင်တာပါ။



ဆေးခန်းလာစောင့်တဲ့ လူနာတွေကို ဆရာဝန်ကြီး မကွေးသွားတဲ့အကြောင်း နောက်ကျမဲ့အကြောင်း ပြောပြလိုက်တယ်။ လူနာတွေလည်း စိတ်ပျက်ပြီး ပြန်သွားကြတာပေါ့။

အဲဒီညနေ တော်တော် မိုးချုပ်မှ ဆရာဝန်ကြီး ပြန်လာတယ်။ ဆရာက ရောက်ရောက်ချင်းပဲ တစ်ခါတည်း ခုတင်ပေါ် လှဲချပစ်လိုက်တယ်၊ မျက်နှာက မှိုမှိုင် နီနီဖြစ်နေလို့ ဆရာ သွေးပေါင်ချိန်တက်ပြီထင်တယ် လို့ မမစိုးက တိုးတိုးမှတ်ချက်ချတယ်၊ ပြီးတော့ ဆရာ့ကို သွေးပေါင်ချိန်တိုင်း ကိရိယာနဲ့ တိုင်းပေးတယ်။

'ဘီပီတက်နေတယ်ဆရာ အပေါ်သွေးက တစ်ရာ့ရှစ်ဆယ် အောက်သွေးက တစ်ရာတောင်ရှိတယ်'

ဆရာဝန်ကြီးအိမ်မှာ အကူအညီအဖြစ် အလုပ်လုပ်နေတာ ကြာပေမဲ့ သွေးပေါင်ချိန်ကို ကျွန်မ မတိုင်းတတ်သေးဘူး၊ ဒါပေမဲ့ လူတစ်ယောက်ရဲ့ ယေဘုယျ သွေးဖိအားဟာ တစ်ရာ့နှစ်ဆယ် ရှစ်ဆယ်လောက် ဆိုတာတော့ ဗဟုသုတအရ သိနေပါတယ်။ အဲဒီညက မမစိုးက ဆရာညွှန်တဲ့အတိုင်း ဆရာ့ကို ဆေးထိုးပေးတယ်။ ပြီးတော့ စားဆေးတွေ တိုက်ပေးတယ်၊ ကျွန်မကိုလည်း ဆရာ့နားမှာ အိပ်ဖို့၊ ဟိုဘက်အခန်းထဲ သွားမအိပ်ဖို့ အကြံပေးပါတယ်။

ဆရာ အိပ်ရာပေါ် လှဲနေတုန်း အပြင်မှာ လူနာတွေရောက်လာပြန်တယ်။ ကျွန်မ ဆရာ မကြားခင် ကမန်းကတန်းထွက်သွားပြီး ဆရာ နေမကောင်းတဲ့အကြောင်း ပြောပြလိုက်တယ်၊ စလင်းမှာ ဆရာဝန်တွေ လေးငါးယောက် ရှိပါတယ်၊ ဒါပေမဲ့ တချို့ကတော့ ဆေးရုံကြီးက ဆရာဝန်မှ ပြချင်တယ်။ ခွဲစိတ်ကုသဖို့လူနာတို့ ဘာတို့ဆိုရင်တော့ ဆရာဝန်ကြီးနဲ့ တိုက်ရိုက်ပြချင်ကြတာပေါ့။ အခုလူနာတွေကတော့ သာမန်အဖျားအနာလောက်လို့ ထင်တာပါပဲ။ မနက်ကျမှ လာမယ်လို့ ပြောပြီး ပြန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာအိပ်ပျော်သွားတုန်းမှာ ကျွန်မ စပျစ်သီးတွေ ရေကြာကြာစိမ်ပြီး ဆေးနေလိုက်တယ်။ တစ်နာရီလောက်ကြာတော့မှ ဆရာ မျက်လုံးဖွင့်ကြည့်တယ်။

'အေးငြိမ်း သွားအိပ်တော့လေ'တဲ့။

'ဟင့်အင်းဆရာ ရတယ်၊ မအိပ်ချင်သေးပါဘူး။ ဆရာ ဆာရင် ကျွန်တော် ပေါင်မုန့်မီးကင်ပေးမယ်လေ၊ မီးလာနေတယ်'

'မဆာဘူး'

'ဒါဖြင့် စပျစ်သီးတွေ အခွံသင်ထားတယ်၊ ဆရာစားနော်'

ကျွန်မ ဆရာ့ခုတင်ဘေးမှာ ထိုင်ပြီး စပျစ်သီးလေးတွေကို အခွံနွှာပြီး ခွံ့ကျွေးတော့ ဆရာက ပြုံးပါတယ်။

'ညည်းကလည်း ကလေးကလား ငါ့ကို ခွံ့ကျွေးနေပြန်ပြီ'

'ဆရာသိပ်ပင်ပန်းနေမှာ ကျွန်တော်သိတယ်လေ၊ သွေးပေါင်ချိန်တောင် တက်ယူရတဲ့အထိပဲ'

'အေးငြိမ်းရေ တစ်ခါတစ်ခါကျတော့ ပညာရှင်ဆိုပေမဲ့ ကိုယ်တတ်သမျှပညာအတိုင်း လုပ်လို့မရတဲ့ အခြေအနေတွေ ကြုံရတတ်တယ်'

ဆရာက သက်ပြင်းချပြီး စိတ်ပျက်သလို ပြောပါတယ်။ သူ ဘာအဓိပ္ပါယ်နဲ့ ပြောသလဲ ကျွန်မ မသိပေမဲ့ နေ့လည်က စစ်ဆေးခံရတဲ့အမှုနဲ့ ပတ်သက်နိုင်တယ်လို့ ထင်တယ်။ ကျွန်မသိချင်တာတွေ ရှိပေမဲ့ မမေးရဲပါဘူး၊ ဆရာစိတ်အနှောက်အယှက်ဖြစ်နေတာ အသိသာကြီးဥစ္စာ၊ ကိုယ့်ကြောင့် သူ စိတ်ပိုညစ်မှာ သွေးပိုတက်မှာ မလိုလားပါဘူး၊

'အေးငြိမ်း ညည်း ဘွဲ့ရရင် ဘာလုပ်ချင်လဲ ပြောပါဦး'

စိတ်လိုလက်ရ ဆရာက မေးတယ်၊

'ရွာမှာ ကျောင်းဆရာမလုပ်ရင် ကောင်းမလား လို့'



'ရွာမှာ ဘာဖြစ်လို့ ဖောင်းလင်းမှာ လုပ်ချင်တာလဲ၊ စလင်းမှာလုပ်ရင် ပိုမကောင်းဘူးလား'

'အခုလောလောဆယ်တော့ စလင်းမှာ ကျောင်းသားနှစ်ယောက်ကို အင်္ဂလိပ်စာ ကူကျက်ပေးနေပါတယ်ဆရာ၊ ဒါပေမဲ့ ကျွန်တော် ဖောင်းလင်းရွာကို ပြန်ပြီး ကူညီထောက်ပံ့ရမယ်လို့ ကတိရှိထားတယ်'

'ဖာင် ဘာကတိလဲ'

ကိုကြီးရဲ့ ကျောင်းလခတွေ အိမ်စရိတ်တွေ ထောက်ပံ့မှုအကြောင်းကို ကျွန်မ ရှင်းပြပေးလိုက်ပါတယ်။

'အို သူပြောတာက ဖောင်းလင်းရွာရဲ့တိုးတက်မှုအတွက် ညည်း ဆောင်ရွက်ရမယ်လို့ ပြောတာပါ။ ဖောင်းလင်းမှာပဲ ဆရာမလေးအဖြစ်နဲ့ တစ်သက်လုံးနေသွားရမယ်လို့ သူ ပြောတာမှ မဟုတ်ဘဲ၊ ဘာအလုပ်ပဲလုပ်လုပ် ရတယ်၊ ဖောင်းလင်းကို အထောက်အပံ့ဖြစ်မဲ့ ဖွံ့ဖြိုးတိုးတက်စေတဲ့အလုပ်ဖြစ်ဖို့ပဲလိုတယ်။ ရွာကို ကောင်းကျိုးပြန်ပြုဖို့က ဘောင်အကျယ်ကြီးပါအေးငြိမ်းရယ်။ ညည်း လုပ်တာနဲ့ပဲ ဆိုလိုချက်တွေတောင် ရှုပ်ထွေးကုန်ပြီ'

ကျွန်မ အဲဒီအချိန်တုန်းက ကိုယ့်ကိုယ်ကို ဘာလုပ်ရမလဲလို့ တကယ်ကို မသိတာပါ၊

'ကျွန်တော်လေ ရွာက မိန်းကလေးတွေကို ပညာတတ်စေချင်တယ်၊ အမှန်နဲ့အမှားကို ခွဲခြားတတ်စေချင်တယ်။ အခု တင်တင်ဝင်း ကြုံရတဲ့ အန္တရာယ်မျိုး ကျွန်တော်တို့မိန်းကလေးတွေ ဘယ်သူမဆို ကြုံတွေ့နိုင်တယ်လေ၊ အန္တရာယ်ကို ကြိုတင်ကာကွယ်ဖို့က အမှားအမှန်ကို ချင့်ချိန်ပိုင်းခြားတတ်ရမယ်မဟုတ်လား၊ ပညာတတ်ရင် အမှန်တရားကို သိမယ်မဟုတ်လား'

ဆရာ့ရယ်သံကို ကြားမှ အဲ၊ စကားကြီးစကားကျယ်တွေ ပြောမိသွားပြီလို့ သတိရပြီး ကျွန်မ ပါးစပ်ပိတ်ပစ်လိုက်မိတော့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



'အေးငြိမ်းရေ ပညာတတ်တာတော့ ကောင်းပါတယ်ကွာ။ ဒါပေမဲ့ ညည်းမသိတာရှိသေးတယ်၊ တစ်ခါတလေကျတော့ ပညာကို လွှမ်းမိုးချုပ်ကိုင်လာတဲ့အခါ အဲဒီပညာရှင်ဟာ သတ္တိရှိဖို့ သိပ်လိုအပ်တယ်။ ရဲရင့်ဖို့ သိပ်လိုအပ်တာပဲ။ ငါကတော့ ညည်းကို ပညာလည်း တတ်စေချင်တယ်။ အမှန်ကို ဆုပ်ကိုင်ထားရဲတဲ့သတ္တိရှိစေချင်တယ်'

ဆရာ့စကားကို ကြားလိုက်ရတော့ ကျွန်မ ကြက်သီးတောင်ထသွားပါတယ်၊ စပျစ်သီးလေးတစ်လုံးကိုအခွံနွာပြီး ဆရာ့ကို ပေးဖို့ လက်က တုန့်သွားတယ်၊ ဒီနေ့ည ဆရာ စကားအထူးအဆန်းတွေကို ပြောနေတာပါလား။ စပျစ်သီးလေးက ကျွန်မ လက်ထဲမှာ၊ ဆရာ့မျက်လုံးအကြည့်က ကျွန်မဆီမှာ။ ကျွန်မလည်း ဆရာ့ကို ငေးကြည့်နေမိတယ်။

'ကဗျာတစ်ပုဒ်ရှိတယ်၊ အစအဆုံးတော့ အလွတ်မရဘူး၊ ဒါပေမဲ့ အလွတ်ရတဲ့အထိကြိုက်ပြီး စွဲလန်းနေတဲ့စာကြောင်းတွေက အမှန်တရားဆိုတာ ဓားနဲ့ထိုး ဓားကျိုး၊ လှံနဲ့ထိုး လှံကျိုး၊ မသေတဲ့အမျိုးတဲ့'

ကျွန်မ မျက်တောင် တစ်ချက်ခပ်လိုက်မိတယ်။ ဘာဖြစ်လို့ ဒီစကားကို ပြောတာလဲ။ ကဗျာကို ဆရာဝန်ကြီးနဲ့ဆက်စပ်ပြီး မတွေးတတ်ပေမဲ့ ကဗျာရဲ့ဆိုလိုရင်းကို ကျွန်မ သဘောပေါက်ပါတယ်။

'သိပ်ကောင်းတဲ့စာသားတွေပဲနော် ဆရာ။ ကျွန်တော်လည်း သတ္တိကောင်းချင်လိုက်တာ'

'အေး ငါလည်း သတ္တိကောင်းချင်လိုက်တာ'

ညအိပ်ခါနီးတော့ ဆရာသွေးပေါင်ချိန်ကျသွားပြီလား သိချင်တာနဲ့ ဆရာ့ကို လက်မောင်းမှာ ဖိအားတိုင်းကိရိယာအဝတ်ကို ပတ်ပေးလိုက်တယ်၊ တစ်ခါတစ်ခါ ဆရာ့ကို အဲဒီလိုပဲ ကျွန်မကူညီပေးပြီး ဆရာ့နားမှာ နားကြပ်ကို တပ်ပေးဖူးပါတယ်။ ဆရာက အိပ်ရင်းကနေ ခေါင်းနည်းနည်းထောင်ပြီး ဖိအား အတက်အကျကို နားကြပ်နဲ့နားထောင်ရင်း မှတ်တတ်တယ်။



'အေး မဆိုးပါဘူး ကျသွားပါပြီ။ တစ်ရာလေးဆယ် ရှစ်ဆယ့်ငါးလောက်တော့ ကျန်သေးတယ်။ ဒါပေမဲ့ ဒါလောက်ဆိုရပြီ'

ညအိပ်ရာဝင်တော့ ဆရာ့အတွက် ခြင်ထောင်ထောင်ပေးပြီး မွေ့ရာအနားစအောက်မှာ ဖိပေးလိုက်တယ်။ ဆရာ့ခြင်ထောင်က လွန်ခဲ့တဲ့တစ်ပတ်ကမှ ကျွန်မ လျှော်ပေးထားတာမို့ မွှေးနေတယ်။

ကျွန်မအခန်းဆီပြန်ဖို့ လှည့်ထွက်ခါနီး ဆရာ့ကို မီးပိတ်ပေးရင်း ဘယ်လိုမှမအောင့်နိုင်တဲ့သိချင်စိတ်ကြောင့် မေးလိုက်မိတယ်။

'ဆရာ တရားခံတွေကို ဘယ်လိုအမိန့်ချလိုက်လဲဟင်'

'တစ်ယောက်ကို ထောင်ဒဏ် ငါးဆယ့်ရှစ်နှစ်စီ'

ကျွန်မ လက်က မီးခလုပ်ကို တော်တော်နဲ့ မနှိပ်ဖြစ်ဘဲ ကြောင်အနေမိတာအကြာကြီးပဲ။ ကျောထဲက စိမ့်ခနဲ ဖြစ်သွားတယ်၊ ညဉ့်ခန်းက နာရီစက်သံ တစ်ချက်ချက်က ကျယ်လိုက်တာ။

'မီးပိတ်လိုက်၊ သွားအိပ်တော့'

'ဟုတ်'

မီးခလုပ်ပိတ်ပြီးတဲ့နောက် ကျွန်မ အိပ်ခန်းထဲကို ဝင်ခဲ့ပါတယ်။ ခုတင်လေးပေါ်မှာ ထိုင်လိုက်ရုံနဲ့ ဒူးတွေက ညွတ်ပြီး ခုတင်ပေါ်လှဲချလိုက်ပြီးသား လဲသွားတယ်။

ကျွန်မ ဘာလုပ်ချင်လဲဆိုတာ ကျွန်မကိုယ်ကျွန်မ ရေရေရာရာ မသိသေးပေမဲ့ ကျွန်မ မလုပ်ချင်တာတစ်ခုကိုတော့ ချက်ချင်းပဲ သိလိုက်ပါတယ်။

ကျွန်မ တရားသူကြီးမလုပ်ချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

‘ဒီအဖြစ်အပျက်ဟာ ဆင်းရဲခြင်းကြောင့် ဖြစ်ရတာလား၊ စည်းမစောင့်တဲ့ လူတွေကြောင့် ဖြစ်ရတာလား’

ကျွန်မ ထင်ထားသည့်အတိုင်းပါပဲ။ သူတို့တွေသည် ဘာကိုမှ ချက်ချင်းအလွယ်တကူ လက်ခံတာမဟုတ်။

‘စည်းမစောင့်တဲ့လူတွေ ရှိတာက ဆင်းရဲခြင်းနဲ့ တိုက်ရိုက်မသက်ဆိုင်ဘူးဆိုရင်တောင် မိန်းကလေးရဲ့အခြေအနေနဲ့ ရွာတွေရဲ့ အခြေအနေတွေသာ ဖွံ့ဖြိုးတိုးတက်ရင် နောက်ပြီး မိန်းကလေးသာ ပညာသင်နိုင်လောက်တဲ့အထိ စီးပွားရေးတိုးတက်ခဲ့မယ်ဆိုရင် ဒီကိစ္စ မဖြစ်အောင် သူ ရှောင်တတ်တိမ်းတတ်မှာပေါ့’

ကျွန်မ ကြိုးစားပြီး ရှင်းပြမိသည်။

အဓိကကတော့ ရွာ တွေမှာရှိတဲ့ မိန်းကလေးတွေအားလုံး အခြေခံပညာ အပေါင်းအနုတ် အမြှောက်အစား တတ်ဖို့လိုမယ်။ အကျိုးသင့်အကြောင်းသင့်စဉ်းစား တွေးခေါ်တတ်ဖို့လိုမယ်’

‘မင်းက ရွာ ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသမီးတွေကို ပညာတတ်အောင်လုပ်မယ်လို့ ဆိုချင်တာလား’



အကြီးလူက ကျွန်မအား ခပ်ပြုံးပြုံးကြည့်လျက် မေးပါသည်။ အငယ်လူကတော့ စာအုပ်ထဲမှာ မနားတမ်း လိုက်မှတ်နေရာက ကျွန်မတို့နှစ်ယောက်အား မျက်ခုံးပင့်ကြည့်ရုံပဲ။ စကားတစ်ခွန်းမှ မပြော။ မြန်မာအစ်မကြီးကို ကြည့်ရတာတော့ ကျွန်မ၏အဖြေတွေ အပေါ် ကျေနပ်ပုံပါပဲ ဟု ကိုယ့်ဟာကိုယ် ဆွဲတွေးလိုက်သည်။

‘ဟုတ်ကဲ့ မိန်းကလေးတွေကို စာရေးစာဖတ် ဗဟုသုတ နည်းနည်းတော့ ရှိစေချင်တယ်။ စောစောက မိန်းကလေးရဲ့ အဖြစ်က ကျွန်မတို့ဆီကမိန်းမတွေ ကြုံတွေ့ရတဲ့အန္တရာယ်တွေထဲက တစ်ခုပဲ ရှိပါသေးတယ်။ မိန်းမတွေ ပညာမတတ်လို့ ဆင်းရဲနွမ်းပါးလို့ တွေးခေါ်ချင့်ချိန်မှုမတတ်လို့ ခံနေရတာတွေက အများကြီးပါ။ ကျွန်မ သူတို့ကို သိပ်ထက်မြက်စေချင်တယ်။ မခံရစေချင်ဘူး’

‘မင်းတို့ရွာက မိန်းကလေးတွေကိုလား’

‘ရွာတစ်ရွာတည်းမှ မဟုတ်ပါဘူး။ ရွာတွေအကုန်လုံးက နိုးနိုးစင်းစင်း ထမင်းစားဖို့နဲ့ အလုပ်လုပ်ဖို့လောက်ပဲ တွေးတတ်တဲ့ မိန်းကလေးတွေအားလုံးကို သူတို့ဘေးမှာ ရှိနေတဲ့ တခြားအမှုအခင်းတွေ အန္တရာယ်တွေကို ရှောင်တတ်တိမ်းတတ်စေချင်တာ’

အငယ်လူနှင့်အကြီးလူ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ အငယ်လူက ခေါင်းတစ်ချက်ညိတ်သည်။

‘အိုကေ မင်းပြောတာ သိပ်စိတ်ဝင်စားဖို့ကောင်းတယ်။ ပြောပြစမ်းပါဦး သူတို့မှာ ဘာအန္တရာယ်တွေရှိတာလဲ။ မင်းက ဘယ်လို ကူညီချင်တာလဲ’

ကျွန်မ ဘယ်ကစပြီး ပြောရပါ့မလဲဟု စဉ်းစားလိုက်မိ၏။ သူတို့ စိတ်မဝင်စားရင်လည်း ကျွန်မအတွက် အမှတ်တွေ လျော့ဦးမည်။

အို မတတ်နိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်တွင် ကျွန်မမှာ စကောလားရှစ်ရဖို့ဆိုသည့် မျှော်လင့်ချက်က အနည်းငယ် နောက်သို့ ရောက်နေခဲ့ပြီ။

ကျွန်မ တကယ် စိတ်ထက်သန်နေသည်က ကျွန်မရင်ထဲမှ အတွေးတွေကို ဖွင့်အံထုတ်ဖို့ အခွင့်အရေးပဲ ဖြစ်သည်။ ကျွန်မ ပြောချင်သည်။ ကျွန်မမှာ ပြောစရာတွေ အများကြီးရှိသည်။

'တရားမျှတတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်ဖို့ ကျွန်မ မျှော်လင့်တယ်။ အသိတရားတွေ အကြင်နာတရားတွေနဲ့ ပြည့်နေတဲ့ လူ့အဖွဲ့အစည်းကို ကျွန်မ မျှော်လင့်တယ်။ ဒီကြားထဲမှာ ကျွန်မ အမြဲ မေးမိတဲ့မေးခွန်းက မိန်းမတွေ ဘာကြောင့် ယုံလွယ်ကြတာလဲ၊ နောက်ပြီး မိန်းမတွေ ဘာကို လိုချင်တာလဲ'

ကျွန်မစကားကြောင့် သူတို့သုံးယောက် အသံထွက် ရယ်မောပါသည်။

'ငါလည်း အဲဒီမေးခွန်းကို သိချင်တယ်။ မိန်းမတွေ ဘာလိုချင်တာလဲ'

အငယ်လူက ရယ်ရင်း ကျွန်မအား ပြော၏။

မစ္စတာဝုလ်ဖ်ဂန်းကတော့ မြန်မာအစ်မကြီးကို လှမ်းကြည့်ရင်း 'ဆရာမ ခင်ဗျားလိုချင်တာ ဘာလဲ' ဟု မေးသည်။

အစ်မကြီးက ရယ်မောလျက်

'ကျွန်မအတွက်လိုချင်တာက ထက်မြက်တဲ့ဉာဏ်ရည်၊ ပတ်ဝန်းကျင်အတွက် လိုချင်တာက တရားမျှတမှုတဲ့ ပတ်ဝန်းကျင်' ဟု ဖြေသည်။

အို ကျွန်မလည်း အဲသည်လို ခွဲခြားပြီး ဖြေတတ်လျှင် သိပ်ကောင်းမှာပဲနော်။ ကျွန်မ အားကျစွာ ငေးလျက် ပြုံးကြည့်မိသည်။

မင်းကောလို့ မေးလိုက်ရင်တော့ ခွပဲ။

သို့သော် သူတို့က ကျွန်မကို ကျွန်မ ဘာလိုချင်လဲဟု မမေးပါ။



'ကဲ ဒါဖြင့် ပြော' ဟုသာ မစ္စတာဝုလ်ဖ်ဂန်းက မေးသည်။

'ဘာကို ပြောရမလဲ'

'မင်းစောစောက ပြောတဲ့ မိန်းမတွေ ပညာတတ်စေချင်တဲ့အကြောင်း မိန်းမတွေ ဆင်ခြင်ဉာဏ်ရှိစေချင်တဲ့အကြောင်းပေါ့'

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်း အမှတ် ငါး

မိန်းမတွေ ပညာတတ်စေချင်တဲ့အကြောင်း၊ မိန်းမတွေ ဆင်ခြင်ဉာဏ် ရှိစေချင်တဲ့အကြောင်း

ညနေခင်းတစ်ခုမှာ ကျွန်မ စလင်းကနေ စက်ဘီးလေးနဲ့ ဖောင်းလင်း ပြန်အလာ ရွာထိပ်က ညောင်ပင်ကြီးနားက ကွမ်းယာဆိုင်လေးမှာ ကျွန်မငယ်သူငယ်ချင်း မန္တေးခင်ကို ယောကျ်ားသူစိမ်းတစ်ယောက်နဲ့ စကားပြောနေတာ တွေ့လိုက်တယ်။ ကျွန်မက စက်ဘီးမရပ်ဘဲ ဆက်နင်းရင်း မန္တေးခင်ကို လက်ပြလိုက်ပေမဲ့ မန္တေးခင်က ကျွန်မကို မမြင်ချင်ယောင်ဆောင်နေတယ်။ မမြင်ချင်ယောင်ဆောင်တယ်လို့ သေချာပါတယ်။ ဘာကြောင့်လဲဆိုတော့ မန္တေးခင်က ရွာလမ်းဘက်ကို မျက်နှာမူနေပြီး ယောကျ်ားသူစိမ်းက ကျွန်မကို ကျောပေးထားရာကနေ ကျွန်မဘက်ကို လှည့်ကြည့်လိုက်တာမို့ပါ။ အဲဒီယောကျ်ားကို ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး။ ကျွန်မတို့ ဖောင်းလင်း ရွာစုက မဟုတ်နိုင်ဘူး။

ကျွန်မ လက်ပြလိုက်တဲ့အခါ မန္တေးခင်ရော ဟိုလူကရော မမြင်သလိုပဲ၊ ပထမတော့ သူတို့နားမှာ စက်ဘီးရပ်ပြီး နှုတ်ဆက်စကားပြောမလို့ပါ။ ဒါပေမဲ့ ကျွန်မက နည်းနည်းမိုးချုပ်နေပြီ၊ အိမ်အမြန်ပြန်ချင်နေတဲ့အချိန်၊ နောက်ပြီး သူတို့နှစ်ယောက်ကို မနှောက်ယှက်ချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တစ်ခါမှ ရည်းစားမထားဖူးပေမဲ့ မိန်းမနဲ့ယောကျ်ားတွေရဲ့ အမှုအရာတွေမှာ ဘာ အဓိပ္ပါယ်တွေ ပါသလဲဆိုတာတော့ အကဲခတ်တတ်တယ်လို့ ထင်တာပါပဲ။ မနွေးခင်နဲ့ အဲဒီယောကျ်ားဟာ သာမန်မိတ်ဆွေသူငယ်ချင်းထက် ပိုနေတယ်။ ပိုသေချာတာကဟိုလူက မနွေးခင်ရဲ့လက်ကို ဆုပ်ကိုင်ထားတာမို့ပါ။ ကျွန်မ သိပ်မအံ့ဩပါဘူး။ ကျွန်မတို့ရွာတွေမှာ မိန်းကလေးတွေဟာ အသက် ဆယ့်ခုနစ် ဆယ့်ရှစ်နှစ်ဆိုရင် အိမ်ထောင်ပြုကြပြီ။ နှစ်ဆယ်ဆိုရင်ကလေးအမေတွေ ဖြစ်နေပြီ။ ဒီတော့ မနွေးခင်က ကျွန်မထက်လည်းကိုယ်ခန္ဓာဖွံ့ဖြိုးတယ်၊ အပျိုကြီးဟားဖားဖြစ်နေပြီ၊ အော် သူတို့ကဒီလိုပါလား လို့ ဝှက်ပြီး ပြုံးလိုက်ရတဲ့ညနေပါ။

ကျွန်မ အဲဒီညနေခင်းကို ဘယ်တော့မှ မေ့နိုင်တော့မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါမနွေးခင်ရဲ့ဘဝကို ပြောင်းလဲပေးလိုက်တဲ့ ညနေခင်း ဖြစ်နေခဲ့လို့ပါပဲ။

ကျွန်မက ခုနစ်တန်း အထိ ကျောင်းတက်ခွင့်ရနေချိန်မှာသူက လယ်ထဲဆင်းနေရပြီ။ သူက အဖေမရှိတော့ဘူး။ အမေနဲ့ပဲနေရတယ်။ မောင်နှမမွေးချင်း သုံးယောက်မှာ သူက အကြီးဆုံး။ စီးပွားရေးမပြေလည်ဘူး။ သူ့အမေ ကိုယ်တိုင်က ကောက်စိုက် ပျိုးနုတ် ပေါင်းရှင်း သက်ကယ်ပျစ် အမျိုးစုံလုပ်ပြီး ငွေရှာရတာမို့ သူကအမေ့အလုပ်တွေကို လိုက်ကူလုပ်ပေးရတယ်။ သူနဲ့ တစ်ခါတစ်ခါညနေရေခပ်ဆင်းချိန်မှာတွေ့ရင် ကျွန်မတို့ ငယ်ငယ်က ဘဝပုံရိပ်လေးတွေကို ပြန်ပုံဖော်ပြီး ကြည်နူးနေကြမိတယ်။ ငယ်ငယ်တုန်းကတော့ ကျွန်မနဲ့သူက မျက်နှာချင်းဆင်ဆင်ရှိတာမို့ ညီအစ်မလားလို့ခဏခဏ မေးခံခဲ့ရတာပေါ့။ အသက်ကြီးလာတဲ့အခါ သူက အသားပိုညိုသွားပြီး ပိုဝလာတယ်၊ ကျွန်မက အသားဖြူလာပြီး ပိန်သွားတယ်လို့ လူတွေက ပြောကြတယ်။



မကွေးမှာ ကျွန်မ အဝေးသင်အင်္ဂလိပ်ဘာသာတွဲ စာမေးပွဲနောက်ဆုံးရက် ဖြေပြီး မကွေးဆင်ဖြူကျွန်း ဘတ်စ်ကားနဲ့ စလင်းဘက်ကို ပြန်အလာ လမ်းဘေးရွာတစ်ခုကနေ တက်လာတဲ့ မနွေးခင်ကို ပြန်တွေ့လိုက်ရတယ်။ ကျွန်မက ထိုင်ခုံ မှာထိုင်နေသူမို့ ကားပေါ်တက်လာတဲ့သူက မမြင်ဘူး။ ကျွန်မကသာ သူ့ကို မြင်တာ၊ ကျွန်မသူ့ကို ဝမ်းသာအားရလှမ်းနှုတ်ဆက်ပြီး ကျွန်မထိုင်ခုံမှာ ဘေးနားမှာကြပ်ကြပ်တည်းတည်း ထိုင်လို့ရအောင် နေရာရွှေ့ပေးလိုက်ပါတယ်။

သူ့ဆံပင်က ဖိုသီဖတ်သီနဲ့ နားထင်မှာ ချွေးစတွေနဲ့၊ အင်္ကျီကတော့ ချည်ထည်ကောင်းကောင်းလေးပါ။ အဝါပေါ်မှာ အစိမ်းပွင့်လေးတွေနဲ့၊ အင်္ကျီက ခပ်သစ်သစ်ပေမဲ့ လူက နွမ်းနေတယ်၊

'မနွေးခင် ဘယ်ကပြန်လာတာတုန်း'

'အေး ဟိုဘက်နားရွာကပဲ'

'အလုပ်သွားလုပ်တာလား။ မိုးချုပ်တယ်နော်'

'မဟုတ်ဘူး၊ လူသွားရှာတာ'

သူပြောတဲ့ လူသွားရှာတာဆိုတာကို ကျွန်မ အဓိပ္ပါယ်ပေါက်လိုက်တာက စပါးရိတ်ဖို့ သက်ကယ်ပျစ်ဖို့ လူလိုနေလို့ သွားရှာတာဖြစ်မယ်ပေါ့။ စလင်းမဝင်ခင် ပြွန်သုံးလုံးမှာ သူ ဆင်းခါနီးတော့ကျွန်မကို တိုးတိုးလေး ကပ်မေးတယ်။

'အေးငြိမ်း နင် ရွာကို ဘယ်တော့ပြန်လာဦးမလဲ' တဲ့။

'အို လာမှာပေါ့၊ အခု ငါ ဆရာဝန်ကြီးအိမ်မှာ ငါ့သေတ္တာနဲ့ ပစ္စည်းတွေထားပြီး တစ်ညအိပ်မှာ ရွာကို မသယ်သွားနိုင်ဘူးလေ၊ မနက်ကျရင် ငါ ရွာကို လာမှာပေါ့'

'ဒါဆို မနက်မှာ နင့်ဆီ ငါလာခဲ့မယ်'

'အေး လာခဲ့၊ စာမေးပွဲဖြေနိုင်တဲ့အထိမ်းအမှတ်နဲ့ နင့်ကို ငါ မကွေးက ပါလာတဲ့ ကိတ်မုန့်ကျွေးမယ်၊ အခုတော့ ခဲခြင်း ဟိုးအောက်ထဲရောက်နေလို့'

www.burmeseclassic.com

www.burmeseclassic.com



မနွေးခင်က နွမ်းနွမ်းလေး ပြုံးပါတယ်။

'မုန့်မစားချင်ပါဘူး အေးငြိမ်းရယ် ငါ နင်နဲ့ပဲ စကားပြောချင်တာပါ' တဲ့။ ရွာကို ခြေလျင်လျှောက်ပြန်ဖို့ ပြွန်သုံးလုံးမှာ သူဆင်းတော့မှာကို ကျွန်မ စိတ်မချနိုင်ဘဲ ဖြစ်သွားတယ်။ မိုးချုပ်လှပြီလေ။ ရွာအထိရောက်အောင် ရှစ်မိုင်ခရီးကို သူ ခြေလျင်လျှောက်ရမှာ၊ နေဦး။ ကျွန်မ စက်ဘီးက ဆရာဝန်ကြီးအိမ်မှာ၊ ပစ္စည်းတွေထားရုံပဲ ထားပြီး စက်ဘီးကိုယူ၊ မနွေးခင်နဲ့အတူ ညတွင်းချင်း ရွာကို ပြန်ရရင်ကောင်းမလားလို့ ကျွန်မ ချက်ချင်း တွေးလိုက်တယ်။ ကျွန်မ သူ့ကို တင်နင်းရမှာ၊ တစ်နေ့လုံး ပင်ပန်း နွမ်းနယ်နေတဲ့ စာမေးပွဲခန်း အတွေ့အကြုံ၊ စိတ်ဖိစီးမှု၊ နေပူထဲမှာ ကားဂိတ်ကိုသွားရတဲ့ခရီးဒဏ် အို ကိစ္စမရှိပါဘူး။ ကျွန်မက ဆရာဝန်ကြီးအိမ်မှာ နားခိုဖို့ အခွင့်ရှိနေတဲ့အချိန်မှာ သူ မိန်းကလေးတန်မဲ့ ညမိုးချုပ်ကြီး ရှစ်မိုင်ခရီးကို လမ်းလျှောက်ပြန်နေမှာကို ကျွန်မ တွေးတောင် မတွေးရက်ပါဘူး။

'နေအုံး မနွေးခင် နင် ငါနဲ့ ခဏလိုက်ခဲ့၊ ငါ ဆရာဝန်ကြီးအိမ်မှာ အလေးအပင်အထုပ်အပိုးတွေ ချပြီးရင် စက်ဘီးနဲ့ နင့်ကို ရွာပြန်လိုက်ပို့မယ်'

သူ မျက်လုံးတွေ လက်ခနဲတောက်ပသွားပြီး ချက်ချင်းပဲ ပြန်ညှိုးနွမ်းသွားတယ်။

'အို နင်ကလည်း နင်ပင်ပန်းမှာပေါ့။ ငါက စက်ဘီးမစီးတတ်တော့ တစ်လှည့်မနင်းပေးနိုင်ဘူး'

'မဟုတ်ပါဘူး။ နင်းပေးစရာလည်း မလိုပါဘူး။ ငါ နင်းနိုင်ပါတယ်၊ နင်တစ်ယောက်တည်းကို ငါစိတ်မချလို့ပါ'

အဲဒီစကားကို ပြောအပြီးမှာတော့ မနွေးခင် မျက်ရည်တွေ ကျလာတော့တာပဲ။ ကျွန်မ ထူပူသွားပါတယ်။ ကားပေါ်မှာ ခရီးသည်တွေ အများကြီး၊ သူတို့အားလုံးက ကားအတွင်း အလင်းမှိန်မှိန်



မှာ မနွေးခင်ရဲ့မျက်ရည်တွေကို မြင်မှာပေါ့။ အနည်းဆုံး ကျွန်မတို့နားက ထိုင်ခုံတွေနဲ့ ကြားခုံတွေက လူတွေတော့ မြင်တာပေါ့။

'အို မနွေးခင် မငိုနဲ့လေ'

'ဟင့်အင်း နင် ငါ့အတွက်နဲ့ ပင်ပန်းနေပါ့မယ်။ ငါက တစ်ယောက်တည်း ပြန်ရဲပါတယ်၊ ငါဘာမှ မကြောက်ဘူး'

သူပြောရင်း ငိုပြန်တော့ ကျွန်မ သူ့ကို ပိုပြီး စိတ်မချနိုင်တော့ဘူး။ သူ စိတ်ဓာတ်ကျနေပုံရတယ်။ သောကတစ်ခုခု ရှိနေသလိုပဲ။

'ဟော့အေး နင့်ကို ငါ ပြန်မလွှတ်ပါဘူး။ ငါနဲ့ ဆရာဝန်ကြီးအိမ်အထိ လိုက်ခဲ့၊ စက်ဘီးနဲ့ငါတို့ ပြန်ကြမယ် နော်'

သူ့ကို မလွှတ်တမ်း ဆွဲထားလိုက်ရတယ်။

'ဦးကြီး ပြွန်သုံးလုံးမှာ မဆင်းတော့ဘူးနော်။ ဆေးရုံကြီးရှေ့မှာ ဆင်းမယ်'

ကားမောင်းတဲ့သူကို ကျွန်မ အော်ပြောလိုက်ရတယ်။

ဆရာဝန်ကြီးအိမ်မှာ အိပ်တွေသေတ္တာတွေ ထားခဲ့ပြီး စက်ဘီးလေးနဲ့ ပြန်ထွက်လာတဲ့အချိန်မှာ ကျွန်မက ဗိုက် တော်တော်ဆာနေပြီ။ ဒါကြောင့် မနွေးခင်နဲ့ ကျွန်မ တစ်ခုခုစားလို့ရအောင် ကုတိုအဝင်က ထမင်းဆိုင်လေးမှာ ထမင်းသုပ် ဝင်စားကြတယ်။ ထမင်းသုပ်က တောထမင်းသုပ်မို့ အမျိုးအမည်တော့မစုံဘူး။ ဗိုက်တော့ ဝသွားတာပေါ့။ ကျွန်မတို့ ပြန်ထွက်လာတော့ တော်တော်မှောင်နေပါပြီ။ လူကလည်း ဖြတ်သွားဖြတ်လာ မရှိသလောက်ပဲ၊ ရွာတွေမှာက လျှပ်စစ်မီးမရှိဘူး၊ ကိုယ့်ဘက်ထရီ ဖန်သီးလေးတွေနဲ့ကိုယ် မီးထွန်းပြီးနေရတာမို့ ညမိုးချုပ်ရင်ပဲ မီးမှိတ်ပြီး အိပ်ကုန်ကြပြီ။ ရွာရိုး တစ်လျှောက်မှာ မှောင်မဲနေပြီဆိုရင် အဲဒါ ညခုနှစ်နာရီခွဲ ရှစ်နာရီမှ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက သူက ကျွန်မကို ကျွန်မ မသိလိုက်တဲ့ သူ့အဖြစ်တွေပြန်ပြောပြလာလိုက်တာ။ ကျွန်မ စက်ဘီးနင်းရတာမမောဘဲ နားထောင်ရတာ မောလာပါတယ်။

သူ့ရည်းစားက ကျွန်မတို့ရွာအုပ်စုကမဟုတ်ဘူး။ တခြားရွာကလာတာ၊ လယ်သူရင်းငှားလာလုပ်တာတဲ့။ မနွေးခင်က သူ လယ်သူရင်းငှားလုပ်တဲ့ လယ်မှာ ကောက်စိုက်ရင်း တွေ့ကြတာ၊ မနွေးခင်က ဆင်းရဲတယ်။ သူကတော့ မနွေးခင်ထက်စာရင် နည်းနည်းပါးပါးသုံးနိုင်ဖြုန်းနိုင်တယ်၊ မနွေးခင်အတွက် ဖန်စီဆွဲကြိုးလေးတွေ ပုတီးစေ့လက်ကောက်လေးတွေ ဝယ်ဝယ်ပေးတယ်။ မနွေးခင်ကို ကြင်နာတယ်၊ ယုယတယ်၊ မနွေးခင်တို့ ကောက်စိုက်သမတွေကို အမောပြေသီချင်းဆိုဆိုပြတယ်။ သီချင်းအဆိုလည်း ကောင်းတယ်၊ ဗညားဟန်ရဲ့သီချင်းဆို အပိုင်ပဲ။ သမုဒယဝါဆိုမိုး သီချင်းများ သူဆိုရင် သိပ်လွမ်းစရာကောင်းတာပဲတဲ့၊ အဲဒီသီချင်းကို ကျွန်မသိပါတယ်။ ကျွန်မတို့ရွာတွေမှာ ပွဲလမ်းရှိရင် ဖွင့်ကြတဲ့ ဓာတ်စက်သီချင်းတွေမှာ မပါမဖြစ် ပါရတဲ့ သီချင်းပေါ့။

သီချင်းဆိုကောင်းတာနဲ့ အမောပြေ ရေတိုက်တာတို့ ဖီးထုပ်လေးတွေဝယ်ပေးတာတို့ ရင်းရင်းနှီးနှီးနေရင်းနဲ့ပဲ ကစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် တွယ်လာခဲ့တယ်၊ သူတို့နှစ်ယောက်သံယောဇဉ်ကို တခြားကောက်စိုက်သမတွေ ရိပ်မိကြတယ်၊ စကြနောက်ကြ ပြောင်ကြတယ်။

အဲဒီလိုနဲ့ တစ်ညနေမှာတော့ ကိုဝင်းထိန်က မနွေးခင်ကို ချိန်းပါတယ်၊ ရွာအဝင်ရေ့ဖျားက ညောင်ပင်ကြီးအောက်ကို လာခဲ့ပါ၊ နှစ်ယောက်တည်း စကားပြောချင်တယ် တဲ့။

အဲဒီညက ကျွန်မ စလင်းကနေ စက်ဘီးစီးပြီး ပြန်လာခိုက် သူတို့နှစ်ယောက်နဲ့ ဆုံမိတဲ့ညပါ။ တကယ်တော့ အဲဒီညက ကျွန်မကို မနွေးခင်က မြင်တယ်၊ ဘယ်သူမှ မသိစေချင်တဲ့ ကိစ္စမို့ ကျွန်မကို



လည်း မသိစေချင်တာနဲ့ မမြင်ချင်ယောင်ဆောင်လိုက်တာ။ သူ့ရင်ထဲမှာတော့ ကျွန်မ လာနှုတ်ဆက်မလား။ ကျွန်မ လာခေါ်မလားလို့ တထိတ်ထိတ်နဲ့ နေနေခဲ့ရတာ၊ အော် မှားပါတယ်။ ကျွန်မသာ အဲဒီညက သူ့ကို နှုတ်ဆက်မိ ခေါ်မိရင် သူ ဒီအခြေအနေထိ ရောက်မှာမဟုတ်ဘူး။ အဲဒီညက သူတို့နှစ်ယောက် နယ်ကျွံတဲ့ ပထမဆုံးည။

'ဟင့်အင်း အဲဒီလိုလည်း မဟုတ်ပါဘူး အေးငြိမ်းရယ်၊ အဲဒီ တစ်ညတည်းမှ မဟုတ်တာ၊ နောက်ထပ် လေးခါတောင်ပဲ'

ဘုရားရေ၊

'ဟယ် မနွေးခင်ရယ်'

'သူ့ကို ငါ ယုံခဲ့တာကိုး အေးငြိမ်းရဲ့၊ သူက ငါ့ကို မိသားဖသားပိပိ တောင်းရမ်းယူပါမယ်လို့ ကတိပေးတာကိုး'

မနွေးခင်ကို ရိုက်ချင်လိုက်တာနော်။ သူက စာတွတ္တတန်းနဲ့ ကျောင်းထွက်ထားတာ၊ ဘာဖြစ်လို့ တွေးခေါ် ဆင်ခြင်မှုမရှိတာလဲ၊ ဘာဖြစ်လို့ တစ်ရွာသားကို ယုံလွယ်ရတာလဲ။ အခုတော့ အဲဒီ သူရင်းငှားက ရွာစဉ်လည်ပြီး အလုပ်တွေ လုပ်နေမှာပေါ့။ မနွေးခင်ကို သူ ပစ်ထားခဲ့မှာပေါ့။

'သူ့မိဘတွေနဲ့ တွေ့ခဲ့လား'

'တွေ့ခဲ့တယ်'

'သူ့မိဘတွေကို နင့်အဖြစ် ပြောမပြဘူးလား'

အဲဒီမေးခွန်းလည်း မေးရော မနွေးခင် အိခနဲ ငိုရှိုက်ပြန်ပါတယ်။ ဒီတစ်ခါတော့ ရှိုက်ကြီးတငင်ငိုရင်းနဲ့ ဒေါသတကြီးပြောပြတာပါ။

'သူ့မိဘတွေက လက်မခံဘူးလေ။ ဝင်းထိန်က ရွာနီးချင်း လယ်ရှင်သမီးတစ်ယောက်နဲ့ အရင်လကမှ မင်္ဂလာဆောင်ပြီးတာတဲ့'

ကျွန်မ အဲဒီစကားကြားရတော့ မိုက်ခနဲ မူးဝေသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကြားဝင်ညှိနှိုင်းလို့မရတဲ့ အခြေအနေတစ်ခုကို ရောက်သွားပြီပေါ့။

'လက်ထပ်လိုက်ပြီ၊ နင်နဲ့သူနဲ့ လွန်လွန်ကျူးကျူးဖြစ်ပြီးခါမှ အဲဒီလို ပစ်စလက်ခတ်ထားခဲ့လို့ ရမလား'

'အော် အေးငြိမ်းကလည်း ရခဲ့လို့ ထားခဲ့ပြီးပြီဥစ္စာ'

'ဟင့်အင်း မရရဘူးလေ၊ ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်ဘဲ ဥပဒေမဲ့တိုင်းပြည်မှ မဟုတ်ဘဲ။ ယောကျ်ားတွေ ကတိမတည် သစ္စာမရှိတိုင်း မိန်းမတွေက ငြိမ်ခံနေရမလားဟဲ့၊ တစ်ခုခုတော့ လုပ်မှပေါ့'

'ဘာလုပ်ရမှာလဲ'

'ဘာလုပ်ရမလဲ ငါလည်း မသိသေးဘူး။ ငါ ဝိုင်းကူစဉ်းစား ပေးမယ်ဟာ။ အခု နင့်အဖြစ်ကို နင့်အမေသိလား'

'သိတယ်၊ ဒါပေမဲ့ ငါသူ့ကို သွားရှာပြီး ခေါ်ခဲ့ပါမယ်လို့ ပြောထားတယ်'

သူ့အမေနဲ့သူနဲ့ ဘယ်လို ပြဿနာတွေတက်မလဲ ကျွန်မ မသိပါဘူး။ သူ့ကို သူ့အိမ်ရှေ့ထိ ပို့ပေးပြီး သူ့အမေကို နှုတ်ဆက်ခဲ့ပြီးမှ ကျွန်မ ပြန်ခဲ့တာ။ သူ စိတ်ညစ်ညစ်နဲ့ တစ်ခုခုလုပ်သွားမှာကို ကျွန်မ သိပ် စိုးရိမ်မိတယ်၊ သူ့အမေကလည်း နည်းနည်းတော့ စွာတယ်၊ မဟုတ်မခံဆိုတဲ့အမျိုးအစားထဲကလေ။

အဲဒီညကစပြီး ကျွန်မမှာ သူငယ်ချင်းအတွက် တအုံနွေးနွေး ဖြစ်နေရတယ်၊ ဟိုတစ်ယောက်က မင်္ဂလာဆောင် ဆောင်လိုက်ပြီ၊ ဒီမှာက ကိုယ်ဝန်နဲ့ကျန်ရစ်ခဲ့တာ၊ ကျွန်မတို့မြန်မာနိုင်ငံမှာ အထူးသဖြင့် ရွာတွေမှာ မိန်းကလေးတစ်ယောက် အဖေမပေါ်ဘဲ ကလေးမွေးရဲဖို့ဆိုတာ စဉ်းတောင်မစဉ်းစားရဲတဲ့အဖြစ်တွေပါ။ ပတ်ဝန်းကျင်က ကဲ့ရဲ့ကြမယ်။ အဖေတွေမောင်တွေက သတ်ပစ်ချင်ရအောင် ရှက်ကြရလိမ့်မယ်။ ဒီမိန်းကလေး အိမ်ထဲက အိမ်ပြင်ကို မထွက်ရဲလောက်အောင် ဖြစ်ရလိမ့်မယ်။



မနွေးခင် တစ်ခုခုတော့ လုပ်မှဖြစ်မယ်။ အဲဒါကလည်း ကာယကံရှင်နဲ့တိုက်ရိုက်ဆွေးနွေးဖို့ပဲ။ အဲဒီ ဝင်းထိန်ဆိုတဲ့ လူကို သွားတွေ့ပြီး အဖေဖော်ခိုင်းရမလား။ အင် အဲဒါဆိုရင် ဒီဝင်းထိန်က လက်ထပ်ပါ့မယ် ပြောရင်ကော။ မြန်မာနိုင်ငံမှာ ယောကျ်ားတစ်ယောက်က မိန်းမတွေ အများကြီး စိတ်ကြိုက်ယူခွင့်ရှိတာဥစ္စာ၊ ဟိုကတော့ လက်ထပ်ချင် လက်ထပ်ပစ်မှာပဲ။ ပြီးတော့ နှစ်ယောက်လုံးနဲ့ပေါင်းနေရင် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်မလေ ဦးနှောက်တွေခြောက်လိုက်တာ၊

ကျွန်မက စလင်းမှာ အင်္ဂလိပ်စာဝိုင်းကျူရှင်ပြနေတာမို့ နံနက်ခင်းနဲ့ ညနေခင်းတွေမှာ မအားဘူး၊ နေ့ခင်းပိုင်းပဲ ကလေးတွေကျောင်းတက်နေတဲ့အချိန်မို့ အားတယ်၊ နေ့ခင်းနေပူပူမှာပဲ မနွေးခင်နဲ့ ချိန်းပြီး ဟိုလူ နေနေတဲ့ရွာကို လိုက်သွားကြရပါတယ်၊

ရွာက စလင်းနဲ့ပွင့်ဖြူ ကားလမ်းပေါ်မှာ ရှိတာမဟုတ်ဘူး၊ ကားလမ်းကနေ ဟိုးအတွင်းထဲထိ တမျှော်တခေါ် ဝင်ရတာ၊ စက်ဘီးနဲ့လည်း ဝင်လို့မရဘူး၊ ခလုပ်တွေ ကန်သင်းတွေနဲ့ မြေစိုင်ခဲအကျိုးအပဲ့တွေနဲ့ လူသွားလမ်းကလည်း ပျောက်လိုက် ပေါ်လိုက်မို့ စက်ဘီးကို လူက မစီးရဘဲ တွန်းနေရတာပဲ၊

ရွာကိုရောက်တဲ့အခါကျတော့ သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းမို့ နည်းနည်းတော့ လူသက်သာသွားပါတယ်။ ထန်းပင်တွေချုံပုပ်ဖြစ်ပြီး လမ်းဘေးဝဲယာမှာ ထန်းကိုင်းတွေနဲ့ ခြံကာထားတာတွေ့ရတယ်၊ စီးပွားရေးတော့ ပြေလည်ကြပုံပေါ်တယ်၊ ရုပ်မြင်သံကြား အင်တာနာတွေ တပ်ထားတာ လေးငါးအိမ်ပဲ၊ ဝက်မွေးတဲ့အိမ်တစ်အိမ်မှာ ဝက်စာပြင်ဆင်နေတဲ့ ကောင်လေးတစ်ယောက်ကိုတွေ့လို့

'ကိုဝင်းထိန်အိမ် ဘယ်မှာလဲ' လို့ မေးရတယ်၊ ကောင်လေးကမသိလို့ သူ့အမေကို လှမ်းမေးတယ်၊ သူ့အမေက အိမ်ထဲကနေ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်တယ်။

'ရွာပြောက်ဖျားလမ်းမှာဟော့။ သက်ကယ်အသစ်မိုးထားတဲ့ အိမ်ပဲ ရှာရလွယ်ပါတယ်' တဲ့။ ပြောသာပြောနေတာ၊ လူကို ကျွန်မတို့ မမြင်ရဘူး။ ဒါနဲ့ ကျွန်မတို့လည်း ကျေးဇူးတင်စကားပြောပြီး ပြန်ထွက်လာခဲ့တယ်။ ကျွန်မတို့ ရွာသူရွာသားတွေက ကျေးဇူးတင်တယ်ဆိုတဲ့စကားကို ပြောလေ့ပြောထမရှိပါဘူး။ ကျွန်မတို့ ကျေးဇူးတင်ပုံက လေးလေးစားစား ပြုံးပြလိုက်တယ်၊ ဒါပဲ၊ တချို့ဆို စိတ်ထဲက ကျေးဇူးတင်ပေမဲ့ ပြုံးလည်းမပြတတ်။ စကားနဲ့လည်း မဖော်ပြတတ်ဘူး။ ကျွန်မကတော့ မကွေးမှာ အင်္ဂလိပ်စာအဓိကနဲ့ အဝေးသင်တက္ကသိုလ်သွားမတက်ခင်ကတည်းက စာတွေဖတ်နေရင်းနဲ့ စာတွေထဲကနေ အတုခိုးထားရပါတယ်။ ဆရာဝန်ကြီးအိမ်မှာ ခဏ ခဏ သွားနေပြီး အလုပ်လုပ်ဖြစ်တဲ့ အကျိုးကျေးဇူးလည်းပါတာပေါ့။ စကားကို ပြေပြေပြစ်ပြစ်ပြောတတ်လာတယ်လေ။

ပြေပြေပြစ်ပြစ်ပြောတတ်လွန်းလို့ ထင်ပါရဲ့။ ဟိုလူ့အိမ်ကိုလည်း လှမ်းမြင်နေရရော မနွေးခင်က ကျွန်မကို ရှေ့တွန်းပို့တော့တာပါပဲ။

'အေးငြိမ်း နင်ကြည့်ပြောဟာ နော်' တဲ့။

'ဘုရားရေ၊ ဒါ နင့်ရည်းစားမဟုတ်ဘူးလား။ ငါက တစ်ခါပဲ အဝေးကနေ လှမ်းမြင်ဖူးတာ။ ဒါ နင်ပြောရမဲ့လူလေ'

'ဟင့်အင်း ငါ ဒီကောင်ကို ပါးချည်းပဲ ပိတ်ပိတ်ရိုက်ချင်တာ ငါရိုက်ရင် သူ့မိန်းမနဲ့ပါ နဘမ်းသတ်ရလိမ့်မယ်'

ကဲ သေလိုက်ပါတော့။

ဘာတတ်နိုင်မှာလဲ။ ကူညီလက်စနဲ့ ကူညီရတော့မှာပေါ့။

အိမ်က နှစ်ထပ်လေးပင်အိမ်ပါ။ အိမ်က အကောင်းစား။ လှေခါးကလည်း အခိုင်အခန့်၊ အဲဒီလှေခါးအောက်မြေပြင်မှာ မိန်းမတစ်ယောက် သစ်သားခုံပုလေးတစ်ခုပေါ် ထိုင်ပြီး သနပ်ခါးတုံး တစ်

www.burmeseclassic.com



တုံးကို လွှနဲ့ဖြတ်နေတယ်။ အဲဒီမိန်းမက ကျွန်မထက် နည်းနည်း အသက်ကြီးတယ်။

ကျွန်မနဲ့မနွေးခင် အိမ်ခြံဝင်းထဲကို ဝင်လာတာကို သူမမြင်ဘူး။ သနပ်ခါးတုံးကိုပဲ အာရုံစိုက်နေတယ်။ ပြီးတော့ သူ့ဟာသူ ပါးစပ်က တဖျစ်တောက်တောက်ပြောနေတယ်၊

'ဒီသနပ်ခါးတုံးကို ဖြတ်ခိုင်းနေတာ နေ့ရွှေ့ညရွှေ့နဲ့၊ မပြီးနိုင်ဘူး။ ဘာတွေ အလုပ်ရှုပ်နေမှန်းလည်း မသိဘူး'

အင်း ရာသီဥတုတော့ အကြည်လင်ကြီးမဟုတ်ဘူး၊ ဒါပေမဲ့ မတတ်နိုင်ဘူး။ ကျွန်မတို့ အချိန်မရဘူးလေ၊

'အစ်မ ဒါ ကိုဝင်းထိန်အိမ်လား'

ကျွန်မ မေးလိုက်တော့ သူ လှည့်ကြည့်တယ်၊ သနပ်ခါးပါးကွက်ကြားနဲ့၊ ဆံပင် ပခုံးမရောက်တရောက်ကို ကော်ကလစ်အကောင်းစားနဲ့ စည်းထားပါတယ်။

'ဟုတ်တယ်၊ ဘာကိစ္စလဲ' လေသံက မာမာတင်းတင်း၊

'ကိုဝင်းထိန်နဲ့ တွေ့ဖို့ပါ၊ ရှိလား'

'အစ်ကိုရေ ဧည့်သည်'

အစ်ကိုတဲ့၊ ဒါဆိုရင်တော့ ဒါ ဟိုလူ့ရဲ့မိန်းမပဲဖြစ်မယ်၊ ခဏကြာတော့ လှေခါးကနေ လူတစ်ယောက် ဆင်းလာပါတယ်၊ အဲဒီလူဟာ တစ်ညဆီက ကျွန်မ ခပ်လှမ်းလှမ်းကနေ မနွေးခင်နဲ့အတူ လှမ်းမြင်လိုက်ရတဲ့လူ အစစ်ပါပဲ၊ လှေခါးထစ်တွေကို နင်းရင်းကနေ ဒီဘက်ကို လှမ်းကြည့်ပြီး ဆင်းလာတာမို့ အောက် မရောက်ခင်ပဲ သူ ကျွန်မတို့နှစ်ယောက်ကို မြင်သွားပါတယ်၊ သူ့မျက်လုံးကို ကျွန်မ အသေအချာ အကဲခပ်နေခဲ့တာပါ။ မနွေးခင်ကို မြင်လိုက်တဲ့အချိန်မှာ မျက်ခုံးတစ်ချက်ပဲ ပင့်လိုက်တာ။ မျက်နှာထား ပျက်မသွားဘူး။

www.burmeseclassic.com

www.burmeseclassic.com



'အော်'

အော် လို့ ရေရွတ်လိုက်တဲ့အသံအရ မနွေးခင်ကိုတော့ သူသိတယ်ပေါ့။ ဒါပေမဲ့ ချစ်သူချင်းတွေ့တဲ့အခါ ဖြစ်သွားသလိုမျိုး မျက်လုံးတွေလည်း မတောက်ပ။ မိန်းမယူထားမိလို့ အရင်ရည်းစားကို မျက်နှာပူသွားတဲ့ပုံလည်း မပေါ်။

'ဘာကိစ္စလဲ'

သူ့အသံကလည်း ခပ်တိုတိုတုတ်တုတ်၊ နွေးထွေးမှု တစ်စက်မှ မရှိပါလား။ ကျွန်မတောင် အံ့ဩသွားတယ်။ လူများ မှားသလား။ မနွေးခင်ကို ကျွန်မ လှည့်ကြည့်တဲ့အခါ မနွေးခင်မျက်နှာကတော့ နီရဲနေပြီ။ အံ့ကို တင်းတင်းကြိတ်ထားတဲ့ သူ့မျက်နှာမှာ ခါးသီးမုန်းတီးမှုတွေနဲ့ မျက်လုံးကတော့ မီးတောက်မတတ် ဒေါသတွေနဲ့ပါ။

'ဝင်းထိန် နှင် ဘာအချိုးချိုးတာလဲ'

'နွေးခင် နှင် ဘာဖြစ်လာလဲ'

ဟိုလူက အမူအယာမပျက် ကျွန်မတို့ကို တစ်လှည့်စီကြည့်ပြီးမေးတယ်။ အဲဒီအချိန်မှာ မနွေးခင်က အဲဒီလူဆီ တရှိန်ထိုးပြေးသွားတော့မလို့။ သူဒီလိုလုပ်မိနိုင်တယ်ဆိုတာ ကြိုသိထားလို့ ကျွန်မအားကုန် ဆွဲထိန်းထားလိုက်တယ်လေ။

'မနွေးခင် ခဏနေဦးလေ၊ တို့ စကား အေးအေးဆေးဆေး ပြောရအောင်' မနွေးခင်ကြားသာရုံ ခပ်တိုးတိုးလေးပြောလိုက်တယ်။

အဲဒီအချိန်မှာ သူ့မိန်းမက သနပ်ခါးတုံးဖြတ်တဲ့လွှသေးသေးကို လက်နက်တစ်ခုကိုင်သလိုကိုင်ထားပြီး သူ့ယောက်ျားအနားမှာ လာရပ်တယ်၊ အမှားအမှန်ကို အသာထား။ ယောက်ျားဘက်ကနေ လိုက်မယ် ဆိုတဲ့ ရပ်တည်မှုနဲ့ပေါ့။



သူ့မိန်းမရှေ့မှာ ပြောခံရရင် သူရှက်သွားနိုင်တယ်။ ပူထူသွားနိုင်တယ်။ မိန်းမသိသွားရင်လည်း ပြဿနာတွေ ပိုရှုပ်သွားနိုင်တယ်လေ၊ သူ့ကို ခေါ်ထုတ်မှဖြစ်မယ်လို့ ကျွန်မ တွက်တယ်။ ဒါပေမဲ့ ဘယ်လို အကြောင်းပြချက်နဲ့ခေါ်ရမလဲ။ တဲ့တိုးပြောလိုက်တာပဲ ကောင်းမလား။

'မနွေးခင်နဲ့ကိုဝင်းထိန်ကြားမှာ ဖြေရှင်းစရာကိစ္စတစ်ခု ရှိနေတယ်။ အဲဒီအတွက် ကျွန်မတို့ လာခဲ့ကြတာပါ။ အေးအေး ဆေးဆေး စကားပြောလို့ရမဲ့နေရာကို သွားကြမလား'

ကျွန်မ တတ်သလောက်မှတ်သလောက်ပဲ ပြောလိုက်တယ်။ ဟိုလူက သူ့မိန်းမကို တစ်ချက်လှည့်ကြည့်တယ်။ မိန်းမကို ကြောက်ရတဲ့ပုံ ပေါ်တယ်။ မိန်းမရဲ့ဆုံးဖြတ်ချက်ကို စောင့်နေသလိုပဲ။ မိန်းမကလည်း ချက်ချင်းပဲ ဆုံးဖြတ်ပေးလိုက်တယ်၊

'ဒီမှာပဲ ပြောပေါ့ ဘယ်မှ လိုက်သွားစရာမလိုပါဘူး'

အဲဒီစကားကို ပြောလိုက်တဲ့အခါ ကျွန်မတို့ ရွေးချယ်စရာလမ်းမရှိတော့ပါဘူး၊ အိမ်ထဲကိုလည်း မဖိတ်ခေါ်ဘူး။ ဘယ်လိုလုပ်ရမလဲ။ ကျွန်မ မနွေးခင်ရဲ့လက်ဖဝါးတစ်ဖက်ကို ဆွဲဆုပ်ထားမိတာ အေးစက်တဲ့အတွေ့ကို ခံစားရတယ်။ ကျွန်မ စိတ်တင်းလိုက်တယ်၊

'ဒါဖြင့်လည်း ပြောမယ်လေ၊ ဟိုမှာသွားထိုင်ကြမလား'

အိမ်အောက်က ကွပ်ပျစ်ဆီကို မေးငေါ့ပြီး ပြလိုက်တယ်။ မတတ်နိုင်ဘူးလေ၊ အိမ်ရှင်က မဖိတ်ခေါ်ပေမဲ့ နေပူထဲမှာ ဒီလိုကြီး မတ်တတ်ရပ်ပြီး ကျွန်မ မပြောနိုင်ဘူး၊ ဟိုလူက အဲဒီအခါကျမှ လာလေ လို့ မခေါ်ချင့်ခေါ်ချင် ခေါ်တယ်။

ကျွန်မက မနွေးခင်လက်ကိုဆွဲပြီး ကွပ်ပျစ်မှာ အရင် ဝင်ထိုင်ပစ်လိုက်တယ်။ ဟိုလူ မထိုင်ခင်မှာ သူ့မိန်းမက ဝင်ထိုင်တယ်၊ ကောင်းပြီလေ၊ ဇာတ်လမ်းက အလွမ်းကနေ အကြမ်းဖြစ်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ကျွန်မ သိလိုက်ပါပြီ။

'ကဲ ပြော မနွေးခင်'

မနွေးခင်ရဲ့လက်ဖျားကို ဖျစ်ညှစ်ဆုပ်ပြီး ကျွန်မ အားပေးလိုက်တယ်။ အဲဒီနောက်မှာတော့ မနွေးခင်က ဒေါသတကြီး စွပ်စွဲတဲ့စကားတွေ မနားတမ်း ပြောနိုင်သွားပါတယ်။ ဒီဇာတ်လမ်းမှာ ဒေါသကြီးတဲ့သူက နှစ်ယောက်။ မနွေးခင်နဲ့ ဟိုလူမိန်းမ။ မထုံတက်တေးခေါင်းငိုက်စိုက်ချထားသူက ဟိုလူ ကိုဝင်းထိန်။ ကျွန်မကတော့ ဘယ်အချိန်များ မိန်းမချင်း တွဲသတ်ကြလေမလဲလို့ ရင်တထိတ်ထိတ်နဲ့ ဖျန်ဖြေဖို့ အဆင်သင့်စောင့်နေတဲ့သူပေါ့။

ကျွန်မတို့ရွာတွေမှာ အများအားဖြင့် ရန်ဖြစ်ရင် အော်ဟစ်ပြီး ဆဲဆိုပြောကြတာများပါတယ်။ တစ်ခါတစ်ခါ ဆွေမျိုးတစ်သိုက်အကုန်ပိုင်းပါပြီး ဟိုဘက်သည်ဘက် ပွဲကြမ်းကြတာတွေတောင် ရှိတယ်။ အခုဟာကတော့ ကြားမကောင်းတဲ့ကိစ္စမို့ တိုးတိုးတိတ်တိတ်ပဲ ဒေါသကြီးနေကြတာပါ။

ဒါပေမဲ့ မနွေးခင် ရှုံးတော့မယ်ဆိုတာ ကျွန်မ ချက်ချင်းပဲ ရိပ်မိသွားတယ်။ သူ့လူက သူ့ဘက်ကို လုံးဝမှမပါဘဲ။

'နွေးခင် နင်ငါ့ကို မဟုတ်က ဟုတ်ကတွေ မစွပ်စွဲနဲ့'

အဲဒီစကားတစ်ခွန်းပဲ သူပြောတယ်။ အဲဒီအချိန်မှာ မနွေးခင်က ဝုန်းခနဲ မတ်တတ်ရပ်လိုက်တော့တာပါ။

'ဟောဒီ ငါ့ဗိုက်ထဲမှာ ကလေးလေးတစ်ယောက် ရှိနေတယ်။ အဲဒီကလေးလေးက နင့်ကလေးပဲ။ နင်တာဝန်ယူမလား မယူဘူးလား တစ်ခွန်းပဲပြော'

'ကောင်မ အရှက်နည်းလှချည်လား ဖယားကြီးငုတ်တုတ်ရှိရက်နဲ့…'

ဟိုမိန်းမပြောထွက်တဲ့စကားတွေကို ကျွန်မ ပါးစပ်ကနေပြောမထွက်ပါဘူး။ မနွေးခင်က ငိုနေပြီ။ ဟိုလူကလည်း သူနဲ့မဆိုင်



သလို ဘာလိုလို ခံတန်တန်မျက်နှာပေးနဲ့ ထထွက်သွားပြီ။ ကျွန်မတို့ မိန်းမသုံးယောက်ပဲ ကျန်တော့တယ်။ ပတ်ဝန်းကျင်က လူတွေလည်း ကျွန်မတို့ဘက်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေကြပြီ။ တချို့ဆိုရင် ကလေးကို ခါးထစ်ခွင်ချီပြီး အိမ်ဝိုင်းရှေ့မှာ လာရပ် ကြည့်နေကြပြီ။ ကျွန်မတို့ ပြန်မှ ဖြစ်မယ်။ ဒီအတိုင်းက အဖြေထွက်မှာမဟုတ်ဘူး။ ကျွန်မ မနွေးခင်ကို လွတ်အတင်း ဆွဲခေါ်ပြီး စက်ဘီးကို ဒေါက်ဖြုတ်တွန်းလိုက်တော့တယ်။

'လာ မနွေးခင် ပြန်ကြစို့။ ဒီလောက်ဆို တို့ဘာဆက်လုပ်ရမယ်ဆိုတာ သဘောပေါက်ပြီ'

မနွေးခင်က ဒေါသတကြီးဖြစ်နေတာ။ ဒေါသကြီးရင်စကားများတတ်တယ်။ ဒါကြောင့် သူများအိမ်ထဲကနေ ပြန် မထွက်မချင်း သူ ဒေါသမကြီးအောင်ပဲ ကျွန်မ အတတ်နိုင်ဆုံး ဖျောင်းဖျရပါတယ်။

'ငါတို့ ဘာလုပ်ရမှာလဲ အေးငြိမ်းရဲ့'

'ဘာလုပ်ရမလဲဆိုတော့ ဒီအတိုင်း ငြိမ်ခံမနေဘဲ ရွာလူကြီးတွေဆီ သွားတိုင်မှာပေါ့ဟာ'

ကျွန်မတို့နှစ်ယောက် ပြန်လာတဲ့ခရီးလမ်းမှာ မနွေးခင်က မျက်ရည်တွေတွေကျနေတယ်။ ကျွန်မက သူ့ကို တတွတ်တွတ် အားပေးလာရတယ်။ သူ့ ဖောင်းလင်းကို ခြေလျင်ပြန်ရမှာပါ။ ကျွန်မသူ့ကို ဖောင်းလင်းအထိ လိုက်ပို့မပေးနိုင်ဘူး။ ကျွန်မက ကလေးတွေကို အင်္ဂလိပ်စာသင်ပေးရဦးမှာ။ ဒါကြောင့် မိုးချုပ်လို့မဖြစ်ဘူးလေ။ မြွှန်သုံးလုံးရောက်တော့ ကျွန်မစက်ဘီးကို ရပ်လိုက်ရတယ်။ လမ်းခွဲခါနီးကျမှ ကျွန်မ သူ့ကို ပြတ်ပြတ်သားသား မေးရပါတယ်။

'မနွေးခင် အခု နင့်ကို ငါတစ်ခုမေးမယ်။ နင် [illegible]ကို အမှန်အတိုင်းတော့ ပြောပြဖို့ လိုတယ်နော်' သူ ခေါင်းညိတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'နင်နဲ့ အဲဒီလူနဲ့ တကယ်ပဲ ဖြစ်ခဲ့ကြတာလား။ တခြားလု မဟုတ်ဘူးဆိုတာ အမှန်ပဲလား'

မနွေးခင် မျက်နှာရဲခနဲနီသွားတာကို မြင်လိုက်တော့ ကျွန်မ ဒါအမှန်ပဲ လို့ သူ မဖြေခင်ကတည်းက သိသွားပါတယ်။ သူ ကျွန်မကို ခပ်မဲ့မဲ့ပြုံးကြည့်လိုက်တဲ့ အကြည့်ကို ကျွန်မ ဘယ်တော့မှ မေ့နိုင်မယ်မထင်ပါဘူး။

'အေးငြိမ်း နင်ကတောင် ငါ့ကို မယုံတော့ဘူးလားဟာ'

မချိတင်ကဲ ပြောတဲ့စကားကြောင့် ကျွန်မ စိတ်မကောင်းဖြစ်သွားမိတယ်။

'မဟုတ်ပါဘူး မနွေးခင်ရယ်။ အမှန်ကို သေချာချင်လို့ပါ။ နင့်ကိုယ်နင်လည်း သေချာဖို့လိုတယ်။ ကူညီပေးရမဲ့ ငါလည်း အမှန်ကို တကယ်သိဖို့လိုတယ်လေ။ ဒါကြောင့် မေးရတဲ့မေးခွန်းပါ။ နင် တကယ်ပဲ အဲဒီလူနဲ့ ကိုယ်ဝန်ရတဲ့အထိ ဖြစ်ခဲ့တာ အသေအချာနော်'

သူ ခေါင်းညိတ်တယ်။

'မိုးကြိုးပစ်ရပါစေရဲ့ တကယ်ကို သူနဲ့ပါ။ သူကလွဲရင် ဘယ်သူနဲ့မှ ဘာမှ မဖြစ်ခဲ့ပါဘူး။ သူတစ်ယောက်တည်းပဲ။ ငါးခါ တိတိ'

'တော်ပြီ'

ကျွန်မ သူ ဆက်ပြောမဲ့စကားကို မကြားချင်ဘူးလေ။

'ဒီတော့ ငါတို့ ရွာလူကြီးတွေကို တိုင်ကြမယ်။ နင်နဲ့အတူ ငါပါ လိုက်ခဲ့မယ်။ နင့်ဘေးမှာ ငါမတ်မတ်ရပ်မယ်။ နင့်အရှက်ကိုလည်း နင်နဲ့အတူ ငါပါ ရင်ဆိုင်မယ်။ နင်စိတ်ဓာတ်မကျနဲ့ ဒီည ငါမိုးချုပ်မှာမို့ ရွာကို ပြန်လာမှာမဟုတ်ဘူး။ မနက်ဖြန်ညနေ မိုးမချုပ်ခင် ပြန်လာမယ်။ ရွာလူကြီးတွေဆီ အတူတူသွားမယ် ဟုတ်ပလား'

ရွာလူကြီးတွေက ဒီအမှုမျိုးဟာ နှစ်ဦးနှစ်ဘက် ကျေအေးဖို့ကောင်းတဲ့အမှုမျိုးလို့ ပြောတယ်။ ဟိုလူဆီကနေ နစ်နာကြေး



သဘောမျိုး ငွေတောင်းယူ ပြေလည်အောင်ရှင်းဖို့ အကြံပေးတယ်။ ဟိုလူကို ဆင့်ခေါ်ပေးပါတယ်။ ဒါပေမဲ့ မပြေလည်ဘူး။ ဟိုလူက သူ လုံးဝမဟုတ်တဲ့အကြောင်းပြောပြီး ငြင်းဆိုပါတယ်။ ပြီးတော့ မနွေးခင်ကို နင့်ဘက်က ဘာသက်သေပြမှာလဲ တဲ့ မေးလိုက်သေးတယ်။ အဲဒီမှာ ရွာလူကြီးတွေရှေ့မှာပဲ မနွေးခင်က သူ့ဗိုက်ကို ပုတ်ပြတယ်။ ဒါ သက်သေပေါ့ တဲ့။

'မဟုတ်ဘူး။ အဲဒီဗိုက်က ငါနဲ့ရတာလို့ နင် ဘာနဲ့ သက်သေပြမှာလဲ။ နင် တခြားလူနဲ့ဖြစ်ချင်တိုင်းဖြစ်ပြီး ငါ့ကို စွပ်စွဲတာ ငါက ဒီအတိုင်းခံနေရမှာလား'

နောက်ဆုံးမှာတော့ မနွေးခင်က ဝင်းထိန်ကို တရားစွဲဖို့အထိ အမှုက ကြီးမားလာပါတယ်။

အမှန်အတိုင်းပြောရရင် မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက်က လွန်လွန်ကျူးကျူးကျင့်ကြံပြီးထားခဲ့ရင် ကျန်ခဲ့တဲ့မိန်းကလေးက တရားစွဲလို့ရတယ်လို့ ကျွန်မ မသိခဲ့ဘူး။ ဒါမျိုးကို တရားဥပဒေက မိန်းကလေးတွေအတွက် အကာအကွယ်ပေးထားပါလားဆိုတာလည်း ကျွန်မ မသိခဲ့ပါဘူး။ ဒါပေမဲ့ ရွာလူကြီးတွေကတော့ ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ တွက်ပြီး လူကြီးတိုင်လိုက်တာပါ။ တရားရုံးမှာ ဦးတိုက်လျှောက်ထားပြီး တရားစွဲလို့ရတယ်လို့ သိလိုက်ရတော့ ကျွန်မ တော်[illegible]က် အားတက်သွားတယ်။

စလင်းမြို့နယ်တရားရုံးကို မနွေးခင် သွားပြီးတိုင်ချက် ဖွင့်တော့ ကျွန်မ လိုက်သွားတယ်။

စလင်းတရားရုံးက ဆင်ဖြူကျွန်းအထွက်ဘက် ပုထိုးဖြူ ရပ်ကွက်မှာရှိပါတယ်။ အဝေးပြေးကားလမ်းဘေးမှာပါပဲ။ ကားလမ်း[illegible] အမြင့် ရုံးဝင်းက အနိမ့်ထဲမှာမို့ စက်ဘီးကို ဘရိတ်မေးပြီးသ[illegible]ထားဆင်းရတယ်။ ဥပဒေရုံးက ရှေ့မျက်နှာစာမှာရှိတယ်။ ကျွန်မက အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကို သွားရမယ်မှတ်လို့ သွားတာ။ မဟုတ်ဘူး။ တရားရုံးက ဟိုနောက်ဘက်မှာ တဲ့။

အပေါ် ဝတ်အင်္ကျီအမဲနဲ့ဆိုရင် တရားသူကြီးပဲဆိုလို့ အင်္ကျီအမဲနဲ့လူတွေကိုလိုက်ရှာတာ တစ်ယောက်မှ မတွေ့ဘူး။ ဒါနဲ့ပဲ အင်္ကျီဖြူလက်တို ဝတ်ထားတဲ့ လူခပ်ကြီးကြီးတစ်ယောက်ဆီ ကပ်သွားပြီး 'တရားစွဲချင်လို့' လို့ ကျွန်မ ပြောတော့ တစ်နေရာကို လက်ညှိုးညွှန်ပြပါတယ်။ အဲဒါ လျှောက်လွှာစာရေးပေါ့။

လျှောက်လွှာစာရေးက မနွေးခင်ပြောသမျှကို နားထောင်ပြီး စာရွက်အညိုတစ်ခုပေါ်မှာ လိုက်ရေးပေးပါတယ်။

အဲဒီအချိန်မှာပဲ မနွေးခင်ရဲ့အမှုဟာ ပုဒ်မ ၄၁၇ လို့ သိလိုက်ရတာပါ။ မိန်းကလေးတစ်ယောက်ကို လက်ထပ်မယ်လို့ယုံကြည်အောင် လိမ်လည်လှည့်ဖြားပြီး ကာမ ရယူမှု တဲ့။ စကားလုံးတွေကတော့ ကြမ်းတယ်နော်။ ကာယကံရှင် မနွေးခင်တော့မသိဘူး။ ကျွန်မတော့ ဘုရားတမိသွားတယ်။

မနွေးခင်ရဲ့အမှုက အမျိုးသမီးတရားသူကြီးတစ်ယောက်ဆီကို ရောက်ခဲ့တာ။ ကျွန်မလည်း ဒီအမှုကို အမျိုးသမီးပဲ စစ်ရင်ကောင်းမယ်လို့ တွက်မိတယ်။ အမျိုးသမီးဆိုတော့ ပိုများ ကိုယ်ချင်းစာနိုင်မလားလို့လေ။ မနွေးခင် ရှေ့နေမငှားနိုင်ပါဘူး။ အဲဒီအတွက် ပိုက်ဆံလည်း မရှိပါဘူး။ ကျွန်မလည်း စိုက်မပေးနိုင်ဘူးလေ။ ကျွန်မမှာလည်း မိသားစုဝင်ငွေအတွက်ရော ကျွန်မ ကျောင်းစရိတ်အတွက်ရော ငွေရှာရတာ တော်တော်ခက်ခဲပါတယ်။ ကိုကြီး ကိုထင်လင်း ထောက်ပံ့တဲ့ငွေကို ဆယ်တန်းအောင်ပြီးကတည်းက ကျွန်မ မယူခဲ့တာလေ။

တရားရုံးချိန်းကို နှစ်ပတ်အကြာမှာ လာဖို့ ချိန်းဆိုလိုက်ပါတယ်။ အဲဒီအချိန်မှာ မနွေးခင်ရဲ့ဗိုက်က တော်တော်ကြီးပေါ်နေပါ



ပြီ။ သူ ပြောတာတော့ ခုနစ်လ လို့ပြောတယ်။ ငါးလအထိ မသိသာသေးဘူးတဲ့။ ခြောက်လကျမှ ဗိုက်က ပူလာတာဆိုပဲ။ အခုတော့ ခုနစ်လရှိပြီတဲ့။ ကလေးကို ဖျက်မချနိုင်ဘူး မွေးကို မွေးမှာတဲ့၊ အဲဒီသတ္တိကိုတော့ ကျွန်မ တကယ်ချီးကျူးပါတယ်။ အဲဒီသတ္တိကို ကူညီပေးတာက မနွေးခင်ရဲ့အမေပါ။ တရားသဖြင့်ဖြစ်စေရမယ်၊ အပြစ်ရှိတဲ့သူ သူ့အပြစ်နဲ့သူ သွားလိမ့်မယ်၊ ဒီကလေးကို ညည်း မွေးကို မွေးရမယ် လို့ ဒွေးလှက ဆုံးဖြတ်ချက်ချပေးလိုက်တယ်။

တရားသူကြီးကို အမှုမစစ်ခင် မျက်နှာအရင် ပြထားပြီး အကျိုးအကြောင်းပြောပြထားဖို့ လိုလိမ့်မယ်ဆိုလို့ ကျွန်မကို မနွေးခင်က အဖော်လာခေါ်ပါတယ်။ ကျွန်မ ဝင်းထိန်ဆီလိုက်သွားဖို့ ဖြေရှင်းဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ပေမဲ့ တရားသူကြီးဆီကိုကျတော့ မသွားချင်ဘူး။ ဘယ်လို မျက်နှာနဲ့ သွားရမှာလဲ ကျွန်မ မတွေးတတ်ဘူး။ ကျွန်မ ငြင်းလိုက်တော့ မနွေးခင်မျက်နှာငယ်သွားတယ်။ အင်္ကျီက နွမ်းနွမ်း။ လူက နွမ်းနွမ်း ဗိုက်ကလည်း တော်တော်လေးစူနေတော့ ကျွန်မ သူ့ကို ကြည့်ပြီး နောက်တစ်ခါ မငြင်းရက်တော့ဘူး။

'နေဦး နင်က တရားသူကြီးကိုတွေ့ရင် ဘာပြောမှာလဲ'

'မသိဘူးလေ။ ငါ့အကြောင်းကို အဖြစ်မှန်အတိုင်းပြောပြချင်တာ။ ဟိုကောင်စုတ်ရဲ့မိန်းမက ပိုက်ဆံရှိတယ်လေဟာ။ ငါတို့က ပိုက်ဆံမှမရှိတာ။ ငွေများတဲ့ဘက်က နိုင်သွားရင် ငါ့မှာ တစ်ရှက်ကနေ နှစ်ရှက် ဖြစ်ရမှာ'

ကျွန်မ အဲဒီတရားသူကြီးကို ဆရာဝန်ကြီးအိမ်လာလာနေတာ တွေ့ဖူးမြင်ဖူးပါတယ်။ ဒါပေမဲ့ တစ်ခါမှ စကားမပြောဖူးဘူး။ ဆရာဝန်ကြီးက ကော်ဖီတို့ မုန့်တို့ ချခိုင်းရင် ခါးလေးညွတ်ပြီးသွားချပေးဖူးတယ်။ ကျွန်မကို တစ်ခါမှတောင် လှမ်း မကြည့်ဖူးဘူး။ မ[illegible] မာနကြီးချင် ကြီးနိုင်တယ်။ တရားသူကြီးရဲ့ နားမှာ ပန်ထားတာက စိန်နားကပ်။ တအားကြီးပြောင်လက်နေတာမဟုတ်ဘဲ ယဉ်ယဉ်လေး

www.burmeseclassic.com

www.burmeseclassic.com



လက်နေတဲ့ နားကပ်ပါ။ ရွှေဆိုလို့ ရွှေစင်ပုလဲရဲ့ နားကပ်ကိုပဲ ကိုင်ကြည့်ဖူးပေမဲ့ ဒါအဖိုးတန်စိန်ဖြစ်ရမယ်ဆိုတာလောက်တော့ ကျွန်မ ရိပ်မိပါတယ်။

'နင်သွားချင်ရင်လည်း ငါလိုက်ပို့ပေးပါမယ်။ ဒါပေမဲ့ ပြောတာကျတော့ နင်ပဲပြောနော် နင်က ကာယကံရှင်လေ။ ငါဝင်ပြောရင် ငါ့ကို ဝေါက်မှာဟဲ့'

ကျွန်မတို့နှစ်ယောက် တရားသူကြီးအိမ်ကို စုံစမ်းပြီး လိုက်သွားတဲ့နေ့က မိုးတွေ သဲကြီးမဲကြီးရွာနေပါတယ်။ တရားသူကြီးအိမ်က နိုင်ရွှေဝါရပ်မှာ။ ခြံဝန်းရှေ့မျက်နှာစာတစ်ခုလုံး ကွန်ကရစ်ခင်းထားတဲ့ တစ်ထပ်တိုက်ပုလေးပါ။ သံတံခါးကို အတွင်းကနေ သော့ခတ်ပိတ်ထားတယ်။ တိုက်ဆီကို လှမ်းကြည့်တော့လည်း တိုက်အဝင်တံခါးဖွင့်ထားတယ်။ လူအရိပ်အယောင်လည်း မတွေ့ရဘူး။ ကျွန်မနဲ့ မနွေးခင် မိုးသဲသဲထဲမှာ ထီးတစ်ချောင်းတည်း နှစ်ယောက်ဆောင်းပြီး သံတံခါးကို လက်နဲ့ဆုပ်ကိုင်ရင်း မတ်တတ်ရပ်နေကြတာ အကြာကြီးပါပဲ။ သူက ကိုယ်ဝန်ဆောင်မို့ သူ့ကို ဖျားနာမှာစိုးတာနဲ့ သူ့ကိုပဲ ကျွန်မ ထီးဆောင်းပေးထားတယ်။ ကျွန်မက မိုးစိုချင် စိုပါစေပေါ့။ တရားသူကြီးကြားအောင် ကျွန်မတို့ ဘယ်လို အသံပြုရမလဲဆိုတာ စဉ်းစားယူရတယ်။ သူ့နာမည် ဒေါ်မြတ်ကောင်းမွန်တဲ့။ ဒါပေမဲ့ နာမည်ကို ဘယ်ခေါ်လို့ ကောင်းမလဲ။ ဆရာဝန်ကြီးကို ဆရာလို့ ခေါ်ရတာ။ တရားသူကြီးကျတော့ ဆရာမလို့ ခေါ်လို့ရမလား။ အိုဘာပဲဖြစ်ဖြစ် မိုးရေထဲမှာ မနွေးခင် အကြာကြီးရပ်နေလို့ မဖြစ်ဘူး။

'ဆရာမ'

ကျွန်မ မိုးသံကို ကျော်သွားအောင် အသံကျယ်ကျယ်နဲ့ အော်ခေါ်လိုက်ပါတယ်။ ဘာအရိပ်အယောင်မှ မမြင်ရဘူး။ ခွေးမရှိဘူးထင်တယ်။ ခွေးဟောင်လိုက်ရင်လည်း အကောင်းသားနော်။

'ဆရာမ ဒေါ်မြတ်ကောင်းမွန်'



ဒီတစ်ခါတော့ နာမည်ပါ ထည့်ခေါ်လိုက်တယ်။ ကျွန်မ အသံလည်း တော်တော်ကျယ်သွားပါတယ်။ အဲဒီအချိန်မှာ တိုက်တံခါးဝဆီမှာ လူရိပ် မြင်လိုက်ရတယ်။ အသက်ဆယ့်ငါးနှစ်အရွယ် ကလေးမလေးတစ်ယောက်။

'ဘယ်သူလဲ ဘာကိစ္စရှိလို့လဲ'

'ဆရာမကြီးရှိလား'

'ရှိတယ် ဘာကိစ္စလဲလို့ မေးခိုင်းလိုက်တယ်'

ကောင်မလေးက ထီးဆောင်းပြီး ကျွန်မတို့ဆီကို ပြေးလာပြီးမေးတယ်။ ဘာကိစ္စလို့ပြောရမလဲ။ အမှုသည်ပါလို့ ပြောလို့မဖြစ်ဘူးထင်တယ်။

'ဆရာမကြီးနဲ့ ခဏတွေ့ပါရစေ၊ နာမည်က မနွေးခင်လို့ ခေါ်ပါတယ်'

ကျွန်မကပဲ ပြောပေးလိုက်တယ်။ ကောင်မလေး ပြန်ဝင်သွားတယ်။ ကျွန်မတို့ မိုးရေထဲမှာ ခပ်ကြာကြာရပ်နေတုန်းမှာ တရားသူကြီးအိမ်ဝင်းထဲက အုန်းပင်တွေက လေပြင်းကြောင့် လှုပ်ခါယိမ်းနေတယ်။ ကျွန်မတို့ခေါင်းပေါ် တည့်တည့်ပဲ၊ တစ်ချက်တစ်ချက် တိုက်ခတ်လိုက်တဲ့ လေကြောင့် ကျွန်မကိုယ်ခန္ဓာ ဆတ်ခနဲတောင် တုန်တုန်သွားတယ်။ ကျွန်မ မနွေးခင် ဖျားမှာကို စိုးရိမ်နေမိပါတယ်။ ဆရာဝန်ကြီး သူ့လူနာတွေကို ခဏခဏ ပြောတာ ကြားဖူးနေလို့ပါ။

'ကိုယ်ဝန်ဆောင်မိခင်တွေ ဗိုင်းရပ်စ်ပိုးကြောင့် ဖျားနာတာ ဝက်သက်ပေါက်တာ ပဲသီတာပေါက်တာမျိုးကြောင့် သန္ဓေသား ဒုက္ခရောက်ရတတ်တယ်နော်' တဲ့။

တော်တော်ကြာကြာ ရပ်စောင့်နေရပြီးမှ စောစောက ကောင်မလေး ပြန်ထွက်လာတယ်။ သူ တံခါးဆီကိုလျှောက်လာတဲ့ အချိန်မှာပဲ တိုက်အတွင်းက မီးရောင်လင်းသွားတာကို ကျွန်မ သတိထားလိုက်မိတယ်။ အဲဒီအလင်းရောင်အောက်မှာ တရားသူကြီး

www.burmeseclassic.com

www.burmeseclassic.com



'အစ်မကြီး အစ်မကြီး'

မိန်းကလေးငယ်ငယ်တစ်ယောက်ရဲ့အသံ။ ကျွန်မ လှည့်ကြည့်လိုက်တော့ စောစောကမိန်းကလေး ကြက်ဥဆွဲခြင်းကို ကိုင်လို့ ပြေးလာနေတယ်။ သူမှာ ထီးမပါဘူး။

'အန်တီမြတ်က ပြန်ပေးခိုင်းလိုက်လို့ပါ။ ကိုယ်ဝန်ဆောင်ဆိုတာ ကလေးအဟာရဖြစ်အောင် ကြက်ဥစားရတယ်တဲ့။ ဒီကြက်ဥကို သူမပေးပါနဲ့ အစ်မ စားလိုက်ပါတဲ့'

မနွေးခင်က ဆွဲခြင်းကို လုံးဝမယူဘဲ အံခဲပြီး ရပ်နေတာမို့ ကျွန်မပဲ တုန်နေ့တဲ့လက်နဲ့ လှမ်းယူလိုက်ရပါတယ်။ မိုးတွေကြောင့် ဆွဲခြင်းကလည်းစို၊ ကလေးမတစ်ကိုယ်လုံးလည်းစို၊ ကျွန်မတို့နှစ်ယောက်လည်း စိုရွှဲ။

'အေးအေး ကျေးဇူးတင်ပါတယ် ညီမရယ်။ သွားသွား မိုးရေတွေနဲ့ ဖျားမယ် ပြေးတော့' လို့ပြောပြီး ကျွန်မတို့လည်း ထွက်လာခဲ့ရတယ်။

ရေစိုကပ်နေတဲ့ ထမီကြောင့်ရော မြေကြီးအထိ ကျဆင်းနေတဲ့ စိတ်ဓာတ်ကြောင့်ရော ခြေလှမ်းတွေက တယည့်တိုက်ဆွဲနေခဲ့တယ်။ မနွေးခင်ကို စိတ်ဓာတ်မကျဖို့ ပြောပြနှစ်သိမ့်နေတဲ့ ကျွန်မကိုယ်တိုင်တောင် တအားကို ငိုချင်နေခဲ့တာ။ အဲဒီနေ့က ကံကောင်းထောက်မစွာ မနွေးခင် မဖျားပါဘူး။ ကျွန်မ ဖျားတာပါ။ ကျွန်မ သုံးရက်ဖျားတယ်။ ဆရာဝန်ကြီးအိမ်ကို မသွားနိုင်တာ သုံးရက်။ ရွာထိပ်က ကျန်းမာရေးဆေးခန်းမှာပဲ ပြရတယ်။ အနီဝတ်သူနာပြုဆရာမကြီးဒေါ်စောတင်က ကျွန်မတို့ရွာကို သိနေတာမို့ မနွေးခင်အကြောင်း ကျွန်မကို မေးတယ်။ ဘူးခံပြီးငြင်းနေလို့ တရားစွဲထားတဲ့ အကြောင်းပြောတော့ ဆရာမတောင် ဒေါသတကြီး ဖြစ်သွားတယ်။

'အဖြစ်အပျက်တွေ သက်သေမရှိပေမဲ့ သက်သေ တင်ပြလို့ရတဲ့ တခြားအချက်တွေ ရှိမှာပေါ့။ ချိန်းတဲ့စာတို့ အောင်သွယ်တို့'



သူပြောမှပဲ ကျွန်မ မနွေးခင်ကို မေးဖို့ သတိရတယ်။ မနွေးခင်က 'ရှိတယ် ရှိတယ်။ သူ့လက်ရေးနဲ့စာ' ဆိုပြီး ကျွန်မကို ထုတ်ပြပါတယ်။ နေ့စွဲမပါ။ လက်မှတ်မပါ၊ လက်မှတ်နေရာမှာတော့ အစ်ကိုလို့ပဲ ရေးထားတယ်။ ကျောင်းနေခဲ့ဖူးတဲ့လူရဲ့ လက်ရေးပါ။ ဒါပေမဲ့ မူလတန်းအဆင့်လောက်ပဲ နေခဲ့ဖူးတဲ့သူနဲ့တူတယ်။ သဝေထိုးကို အောက်ကနေမရစ်ဘဲ အပေါ်ကနေ ဘယ်ရစ်ရစ်ပြီး ရေးတဲ့ လက်ရေးမျိုး၊ စာလုံးတွေက မလှပေမဲ့ တွန့်တွန့်ကွေးကွေး ကပေါက်တိ ကပေါက်ချာတော့မဟုတ်ဘူး။

မနွေးခင်ရဲ့အမှုချိန်းနေ့မှာ မနွေးခင်နဲ့အတူ ကျွန်မ တရားရုံးကို လိုက်သွားရပါတယ်။ ကျွန်မက သူ့အတွက် သက်သေလိုက်ပေးရဦးမှာတဲ့။

မနွေးခင်ကို စစ်မေးဖို့ခေါ်တော့ ကျွန်မက ပြတင်းဝမှာ မတ်တတ်ရပ်ပြီး ရုံးထဲကို လှမ်းကြည့်ရင်း ကျန်ရစ်ခဲ့တယ်။ တရားသူကြီးက အပေါ်ဝတ်အနက်ရောင် လည်ပင်းအထောင်အင်္ကျီကို ဝတ်ထားတယ်။ အတွင်းဘက်က အင်္ကျီက ချည်ဖာအဖြူပါ၊ ထမီက ဝါညိုရောင်မှိန်ဖျော့ဖျော့နဲ့ ပါတိတ်ပါ။ မနွေးခင် ရုံးတားပွဲရှေ့ ရောက်သွားတော့ တရားသူကြီးက ခုံမြင့်ပေါ်မှာ ကုလားထိုင်နဲ့ ထိုင်နေတာမို့ အထက်စီး အနေအထားပေါ့။

'ဘာဘာသာကိုးကွယ်လဲ'

'ဗုဒ္ဓဘာသာပါ'

ညည်း ကိုယ်ဝန်ဘယ်နှလရှိပြီလဲ'

'ရှစ်လ'

'အေး ကိုယ်ဝန်နဲ့ဆိုတော့ ညည်းကို ကျမ်းကျိန်မခိုင်းတော့ဘူးနော်။ ကလေးကိုပါထိမှာစိုးလို့။ ဒီတော့ ညည်း ကြမ်းပြင်မှာထိုင်ပြီး ဒီကျမ်းကို လက်အုပ်ချီကန်တော့ရမယ် သိလား။ ကန်တော့လိုက်'

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးကြမ်းပြင်က သမံတလင်းအကြမ်းစားပါ။ အဲဒီကြမ်းပြင်မှာ မနွေးခင် ထိုင်ချလိုက်တဲ့အချိန်မှာ ကျွန်မ သူ့ကို သနားပြီး မျက်ရည်တွေ ဝေ့လည်သွားတယ်၊ အော် လူတစ်ယောက်ကို ယုံစားမိလို့ ရုံးရောက်လာရတာ။

'နာမည်'

'မနွေးခင်'

'အသက်'

'၁၉နှစ်'

'အလုပ်အကိုင်'

'ဘောက်လုပ်တယ်'

'ကျပန်းအလုပ်ပေါ့ဟုတ်လား'

'ဟုတ်ပါတယ်'

မနွေးခင်က သူ့ရဲ့အဖြစ်အပျက်တွေကို အစအဆုံး မရှက်မကြောက်ပြောပြသွားပါတယ်။ သူက ဟိုလူနဲ့ဖြစ်ခဲ့ကြတဲ့နေ့ရက်တွေကို အတိအကျ မှတ်မိနေခဲ့တယ်။ အင်္ဂလိပ်ပြက္ခဒိန်ရက်တော့ ဘယ်ဟုတ်မလဲ။ မြန်မာလိုပေါ့။

'ဝါဆိုလဆန်း ၁၃ရက်နေ့ ည ၇နာရီမှာ သူ အတင်းချိန်းလို့ ရွာပြင်က ဦးဆိုင်ရဲ့ စပါးကျီကောက်ရိုးပုံပေါ်မှာ တွေ့ခဲ့ကြပါတယ်၊ အဲဒီအချိန်မှာ သူက ကျွန်မကို မိသားဖသားပီပီတောင်းရမ်းယူပါမယ်လို့ ပြောပြီး သားမယားပြုကျင့်ပါတယ်'

ပြောသူတော့မသိ။ နားထောင်နေရသူ ကျွန်မတော့ ပါးတွေ နားတွေ ပူရှိန်းသွားပါတယ်။ တရားသူကြီးမျက်နှာမှာတော့ ရှက်တာ လည်းမရှိ၊ ကရုဏာသက်တာလည်း မရှိ။ အော် အဲဒါမျိုး ခဏခဏ ကြားနေရတော့လည်း ရိုးနေမှာပေါ့လေ။ မမြင်ဝံ့ ဆေးဆရာ၊ မကြားဝံ့ တရားသူကြီးဆိုတဲ့ စကားပုံကို ကျွန်မ ကြားဖူးပါတယ်။

BURMESE CLASSIC .com



'ဘယ်နှခုနှစ် ဝါဆိုလဲ'

'ခြောက်ဆယ့်ခုနစ်ခု ဝါဆိုလဆန်းပါ'

သူက ထွက်ချက်လိုက်ရေးတဲ့ စာရေးမလေးကို ရေးရမဲ့စာ ခေါ်ပေးပါတယ်။

'တစ်ထောင့်သုံးရာခြောက်ဆယ့်ခုနစ်ခု ဝါဆိုလဆန်း ၁၃ ရက် ည၇နာရီတွင် တရားခံဖြစ်သူကချိန်းဆိုသဖြင့် ရွာပြင်ရှိ ဦးဆိုင်၏စပါးကျီတွင်တွေ့ခဲ့ပြီး လက်ထပ်ပါမည်ဟုပြောကာ တောင်းဆိုသဖြင့် ကာမကို ပေးခဲ့ရပါသည်။

'ဟုတ်ပြီ ဆက်ပြော အဲဒီတစ်ကြိမ်တည်းလား'

'မဟုတ်ပါဘူး။ နောက်ထပ် လေးကြိမ်ပါ။ ဒုတိယအကြိမ်က'

ကျွန်မ မနွေးခင်ကို ငေးနေမိတယ်၊ သူ လူကြားထဲမှာ အံခဲပြီး အစစ်ခံနေရတဲ့ဘဝကို စာနာစိတ်နဲ့ ရင်ထဲမှာ နာကျင်မိလို့ပါ။ ဟိုလူက ဝန်ခံရင် ကိစ္စမရှိဘူး။ ဟိုလူက သူနဲ့ဘာမှ မဆိုင်ပါဘူးလို့ စွတ်ငြင်းနေပြီကိုး။ သက်သေပြလို့မရတဲ့ အဖြစ်အပျက်တွေကို တရားသူကြီးယုံကြည်အောင် သူ ဘယ်လို ပြောမှာလဲ။

သူ သိုင်းသိုင်းဝိုင်းဝိုင်းဖွဲ့ဆိုပြီး ပြောပြနေပြန်တော့ တရားသူကြီးက မလိုတာတွေမပြောနဲ့ လိုတာပဲပြော လို့ ငေါက်တယ်၊

'ညည်းနဲ့သူနဲ့ ဖြစ်ခဲ့တဲ့အကြိမ်အရေအတွက် ၅ကြိမ်ဟာ ညည်းပြောတဲ့အတိုင်းဆို နှစ်ပတ်အတွင်း ဖြစ်သွားခဲ့တာ။ ဒီနောက်တော့ ညည်းဆီကို သူမလာတော့ဘူးလား'

'ရွာဘက်ကိုမလာတော့ဘူး။ ကျွန်မနဲ့ မတွေ့ရတော့ဘူး'

'ညည်းက အခုမှ ဘာဖြစ်လို့ တရားစွဲတာလဲ၊ ညည်း တရားစွဲတဲ့အချိန်က ကိုယ်ဝန်ခုနစ်လကျော်နေပြီ။ ဒီကြားထဲမှာ ဘာဖြစ်လို့ ငြိမ်နေတာလဲ ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'သူက ဟိုရွာဒီရွာ သူရင်းငှားလိုက်လုပ်နေတာမို့ မအားလို့ မလာဘူးပဲ ထင်တာပါ။ သူ တစ်ချိန်ချိန်မှာ ကျွန်မဆီပြန်လာမလား လို့ စောင့်နေတာပါ'

'အော် အေးအေး ဟုတ်ပါပြီ စောင့်နေတော့ သူလာလား'

တရားသူကြီးလေသံမှာ ခပ်ငေါ့ငေါ့ဟန်ပန်တစ်ခုပါနေ တယ် လို့ ထင်တယ်။

BURMESE CLASSIC .com

'မလာပါဘူး'

'မလာတော့ ညည်း ဘာလုပ်လဲ'

'ပထမတော့ သူပြောထားတဲ့ ရွာနာမည်နဲ့ လိုက်သွားပါ တယ်၊ ဒါပေမဲ့ အဲဒီရွာမှာ သူ တကယ်နေတာမဟုတ်ဘူး။ သူဦးလေး တော်သူဆိုတဲ့လူတစ်ယောက်နဲ့တော့ တွေ့တယ်။ သူက ဝင်းထိန် ဒီမှာနေတာမဟုတ်ဘူးတဲ့။ သူ့မိဘရှိတဲ့ရွာကို သွားစုံစမ်းချည်လို့ ပြောပါတယ်။ သူ့မိဘဆီလိုက်သွားတော့ သူ မိန်းမယူသွားပြီဆိုတာ သိလိုက်ရပါတယ်။ ကျွန်မ သူတို့အခုနေတဲ့အိမ်ထိ လိုက်သွားပြီး ဒီကိုယ်ဝန်ကိစ္စဖြေရှင်းဖို့ သွားပြောပါတယ်။ သူက ကျွန်မကို ငြင်း လွှတ်ပါတယ်။ ယောကျ်ားဖြစ်ပြီး ကိုယ့်တာဝန်ကိုယ် မယူချင် တဲ့သူ၊ မိန်းကလေးတစ်ယောက်ကို လိမ်ညာပြီး ကာမယူတုန်းက ယူပြီး ဟင်း ရွက်ကန်စွန်းလို ပစ်စလက်ခတ်ထားခဲ့လို့ လိုက်သွားတော့လည်း အမှန်ကို ဝန်မခံတဲ့လူ၊ အဲဒီလူကို ထိုက်ထိုက်တန်တန် အပြစ် ပေးပါ'

မနွေးခင်ကို တရားခံရှေ့နေက ပြန်လှန်မေးခွန်းတွေ မေး တဲ့အခါ တော်တော်အခံရခက်တဲ့ ဒေါသထွက်စရာကောင်းတဲ့ မေး ခွန်းတွေ ပါတယ်။

'ညည်းက ယောကျ်ားလေးတွေနဲ့ ထွေးရောယှက်တင် နေ တတ်တယ်။ မောင်ဝင်းထိန်ဆီကနေ ငွေလိုချင်လို့ သူ့ကိုယ်ဝန်လို့ သမုတ်တာဆိုရင် ညည်းဘာပြောမလဲ'



'အို၊ ကျွန်မနဲ့သူ ချိန်းတဲ့ကိစ္စတွေကို သူငယ်ချင်းတွေ အကုန် သိတယ်၊ မကြွေဆိုကို သူ လာလာပြီး ချိန်းခိုင်းတာ။ ကျွန်မ ညာမပြောဘူး၊ သူသာ အရှက်မရှိ လိမ်ညာပြောတာ'

မနွေးခင်က ဒေါသထွက်သွားတော့ ကက်ကက်လန် အောင် ရန်တွေ့ပါတယ်။ အဲဒီအချိန်မှာ တရားသူကြီးက မနွေး ခင်ကို ဝင်မေးတယ်။

'ချိန်းတော့ ဘယ်လိုချိန်းလဲ စကားနဲ့လား စာနဲ့လား'

'စကားနဲ့လည်း ချိန်းတယ်။ စာနဲ့လည်း ချိန်းပါတယ်'

'အဲဒီစာကို အခု သက်သေခံအဖြစ် တင်ပြနိုင်သလား'

'ပြနိုင်ပါတယ်'

'ဒါဖြင့် ပြစမ်းပါ'

စာကို သက်သေခံအဖြစ် ယူလိုက်တော့ ကျွန်မ အသက် ဝဝ ရှုနိုင်သွားတယ်၊ ဒီမေးခွန်းကို မနွေးခင်ကို မမေးခဲ့ရင် ကျွန်မကို မေးတဲ့အခါ ပြောဖြစ်အောင် ပြောမယ်လို့ အားခဲထားတာပါ။

မနွေးခင်ဘက်က သက်သေတွေထဲမှာ ကောက်စိုက်သမ ခေါင်းပါတယ်၊ မနွေးခင်ရဲ့လုပ်ဖော်ကိုင်ဖက် မကြွေ ပါတယ်၊ သူတို့ ကတော့ သူတို့ရှေ့မှောက်မှာ မနွေးခင်နဲ့ကိုဝင်းထိန် သမီးရည်းစား လို နေကြတာကို သက်သေခံသွားခဲ့ပါတယ်။

ကျွန်မ တရားလိုပြသက်သေအဖြစ် ထွက်ဆိုဖို့ကတော့ နောက်နှစ်ပတ်အကြာ နောက်ရက်ချိန်းကျမှပါ။

ဘယ်လောက်ပဲကြိုတင်အားတင်းထားထား၊ ကျွန်မနာမည် ကို စာရေးမက လှမ်းခေါ်တဲ့အချိန်မှာ ထူပူသွားတာပဲ။

'လာ ဒီကုလားထိုင်မှာ ထိုင်'

တရားသူကြီးရဲ့အသံက ခပ်ပြတ်ပြတ်ပဲ၊ မျက်နှာထားက လည်း ဆရာဝန်ကြီးနဲ့စကားပြောနေတုန်းကလို ပြုံးပြုံးချိုချို မဖြစ်နေ ဘူး။ ဟိုတစ်ခါလိုပဲ လည်ကတုံးကော်လာအထောင်နဲ့အနက်ရောင်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဝတ်ကို ဝတ်ထားတယ်၊ အတွင်းက အင်္ကျီကတော့ အရိပ်ပန်း အဖြူရောင်ပါ၊ တရားသူကြီးရဲ့နောက်ဘက်မှာ နိုင်ငံတော်အလံ အနီရောင်ကြီးက ထင်းနေတာပဲ။ သူ့စားပွဲခုံကိုလည်း အနီရောင် အဝတ်စခင်းထားတယ်။

'ဘာဘာသာကိုးကွယ်လဲ'

'ဗုဒ္ဓဘာသာပါ'

'အဲဒီမှာ ကျမ်းထုပ်။ ကျမ်းကျိန်ရမယ်နော် ကျမ်းထုပ်ကို လက်ကကိုင်ပြီး လိုက်ဆို'

ကျွန်မရှေ့ စားပွဲပေါ်မှာ ကလပ်လေးနဲ့ တင်ထားတဲ့ ပေစာ ထုပ်ပုံသဏ္ဍာန် အနီရောင်အထုပ်ရှည်လေးကို ကောက်ကိုင်လိုက် တယ်။

'ယခုအမှုတွင်'

'ယခုအမှုတွင်'

'မှန်မှန်ကန်ကန် အစစ်ခံပါမည်'

'မှန်မှန်ကန်ကန် အစစ်ခံပါမည်'

'မမှန်မကန် အစစ်ခံပါက'

'မမှန်မကန် အစစ်ခံပါက'

'ဤကျမ်းစာတွင်ဖော်ပြထားသော ကျိန်စာများ သင့်ပါစေ သား'

ကျွန်မ ချက်ချင်းလိုက်မဆိုနိုင်ဘဲ နည်းနည်း တွေသွား တယ်။ ကျွန်မ လန့်သွားလို့ပါ၊ ကျမ်းစာမှာပါတဲ့ကျိန်စာဆိုတာ ဘာ တွေပါလိမ့်၊ ကျွန်မ သိချင်လိုက်တာ၊

'ဆိုလေ'

တရားသူကြီးက ခပ်လောလော သတိပေးတယ်၊

'မမှန်မကန်ထွက်ဆိုပါက ဤကျမ်းစာတွင် ဖော်ပြထား သော ကျိန်စာများ သင့်ပါစေသား'



'မှန်မှန်ကန်ကန် အစစ်ခံပါက ဤကျမ်းစာတွင် ပါသည့် အတိုင်း ကောင်းကျိုးချမ်းသာကို ခံစားရပါစေသား'

ကျိန်စာက ဘာတွေပဲဖြစ်ဖြစ် ကျွန်မ ကျမ်းကျိန်လိုက်ရပါ တယ်၊ ကျွန်မ နဂိုကတည်းက ကိုယ်သိသလောက်ပဲ ပြောဖို့ စိတ်ပိုင်း ဖြတ်ထားပြီးသားပါ၊

တရားသူကြီးက ကျွန်မကို အသေအချာစိုက်ကြည့်ပြီး သတိပေးတယ်။

'ကဲ ကျမ်းကျိန်ပြီးပြီနော် မှန်တဲ့အတိုင်း ထွက်ဆို၊ သူများ အတွက် ကိုယ်က လိမ်ညာမပေးနဲ့၊ ကျမ်းစူးတော့ ကိုယ်ပဲ စူးရမှာ ဟုတ်ပြီလား၊ ဘာအလုပ်လုပ်လဲ'

'ဆရာဝန်ကြီးအိမ်မှာ အိမ်အကူလုပ်ပါတယ်'

တကယ်တော့ ကျွန်မကိုယ်ကျွန်မ ကျောင်းသူလို့ ဖြေလို့ရ မှန်း သိပါတယ်၊ ဒါပေမဲ့ တမင်ပဲ အဲဒီလို ဖြေလိုက်တာပါ၊

ကျွန်မအဖြေကို ကြားတော့ တရားသူကြီးက ကျွန်မကို သတိထားကြည့်တယ်၊ သူ့မျက်နှာမှာ မှတ်မိတဲ့အရိပ်အယောင်ပေါ် လာမလားလို့ အကဲခတ်ပေမဲ့ ဘာအရိပ်မှ မပေါ်ဘူး၊ ကျွန်မအထင် တော့ တရားသူကြီးတွေဟာ မျက်နှာဖုံးတစ်ခုအောက်မှာ အမြဲနေနေ ပြီး မိမိရဲ့ ခံစားချက် တွေးတောမှု ထင်မြင်မှု အားလုံးကို မျက်နှာမှာ မပေါ်အောင် ထိန်းသိမ်းတတ်ဖို့ သင်ယူထားပြီးသားဖြစ်လိမ့်မယ်။

အဲဒီနောက်တော့ ကျွန်မကို တရားသူကြီးက ကိုယ်တိုင်မေး ပါတယ်၊ မနွေးခင်နဲ့ ကိုဝင်းထိန်အကြောင်း ကျွန်မသိသမျှ ထွက်ဆို ပါဆိုလို့ ကျွန်မ သိတဲ့ အဲဒီညချမ်းကစပြီး အိမ်လိုက်သွားတဲ့အထိ ကျွန်မ ပြောပြလိုက်ပါတယ်၊ အဲဒီတုန်းက ကိုဝင်းထိန်က ဓွတ်ငြင်း လွှတ်တဲ့အကြောင်းကို ပြောပြလိုက်ပါတယ်။

ကျွန်မဟာ တကယ်တော့ ဒီအမှုမှာ သိပ်အရေးပါတဲ့ သက်သေဆိုတာ တရားခံရှေ့နေက ကျွန်မကို မေးခွန်းမေးတဲ့ အခါ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျမှ ကိုယ့်ဟာကိုယ် သတိထားမိလာပါတယ်။ မနွေးခင်ရဲ့လက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ထားတာကို မျက်စိနဲ့မြင်ရတာတောင် သူတို့နှစ်ယောက်ရဲ့ တကယ့်အခြေအနေကို ကောက်ချက်ချဖို့ မနိုင်လုံဘူးတဲ့။

'ဒါပေမဲ့ သူတို့နှစ်ယောက် သာမန်ခင်မင်မှုမဟုတ်ဘူး ဆိုတာတော့ ကျွန်မ မျက်စိနဲ့တပ်အပ်မြင်ခဲ့တာပါ'

ကျွန်မရှေ့နေကို မကြည့်ဘဲ တရားသူကြီးကိုပဲ ကြည့်ပြီး ဖြေလိုက်တယ်။ ကျွန်မမှာ ဒေါသသံနည်းနည်းပါသွားနိုင်တယ်၊ ဟုတ်တယ်လေ။ ဒီကိစ္စမျိုးဆိုတာ မျက်မြင်သက်သေရှိတဲ့အမှုမျိုးမှ မဟုတ်တာနော်၊ မိန်းမနဲ့ယောကျ်ားနဲ့ ဟိုလိုဖြစ်တဲ့အဖြစ်ကို ဘယ်သူကများ မျက်မြင်သက်သေ ဖြစ်နိုင်မှာလဲ။

ကျွန်မ ဖြေတဲ့အဖြေကို တရားသူကြီးက ကြိုက်လား မကြိုက်လားမသိဘူး၊ ကျွန်မကို တစ်ချက် ခပ်စိုက်စိုက်ကြည့်တယ်၊ ဘာမှ ဝင်မမေးဘူး၊ ရှေ့နေရဲ့လက်ထဲကို ပုံအပ်ထားလိုက်သလိုပဲ၊

ရှေ့နေကလည်း ကျွန်မ ရုပ်ရှင်ဇာတ်ကားတွေထဲမှာ ကြည့်ဖူးတဲ့ မျက်နှာထားတင်းတင်း ခန့်ခန့်ငြားငြား ရှေ့နေမျိုးမဟုတ်ဘူး၊ အသက်ကြီးကြီး အသားညိုညို ရှည်ရှည်ကိုင်းကိုင်း ကွမ်းစားထားလို့ နီနေတဲ့သွားတွေရှိတယ်၊ သူ့မျက်လုံးတွေက ညိုလဲ့လဲ့အရောင်ဖျော့ဖျော့နဲ့၊ တစ်ခါတစ်ခါမေးရင်းကနေ သူ့လက်ထဲကစာရွက်ထပ်ကို ဟိုလှန်ဒီလှန်လုပ်နေပြီးမှ ဇတ်ခနဲ မေးခွန်းထုတ်ချင်ထုတ်တာ၊ သူ မေးခွန်းမမေးသေးခင်မှာ ကျွန်မ ရုံးခန်းပြတင်းကနေ အပြင်ကို လှမ်းကြည့်ငေးဖို့ အချိန် လုံလုံလောက်လောက် ရတယ်။ ရုံးရှေ့မှာ ထိုင်သူ ထိုင်၊ ထသူထ ပြတင်းဝမှာ လာရပ်ပြီး အခန်းထဲ ငေးသူငေးလုပ်နေတဲ့ အမှုသည်တွေ သက်သေတွေအများစုက တောကလူတွေပါပဲ။ ခေါင်းပေါင်းတော့ ပေါင်းမထားကြဘူး။ ဒါပေမဲ့ ကြည့်လိုက်ရင် စလင်းမြို့ပေါ်ကလူနဲ့ တောရွာကလာတဲ့လူ ခွဲခြား လို့ရတယ်။ သူတို့အားလုံး မျက်နှာတွေက ဝလာပဲ။ ပြုံးမနေကြတာကို ကျွန်မနားလည်နိုင်



ပါတယ်၊ ဒါပေမဲ့ ဘာကိုမှ စိတ်ဝင်စားတဲ့ဟန်လည်း မရှိဘူး၊ ကျွန်မတို့ အမေးအဖြေလုပ်နေတာကို နားသာထောင်နေပေမဲ့ နားလည်ပုံရောရရဲ့လား ကျွန်မ မသိပါဘူး။

'ဒါဖြင့် မောင်ဝင်းထိန်က မနွေးခင်ကို လိမ်လည်လှည့်ဖြားပြီး ကာမကိုယူတယ်လို့ မင်းအထင်အရှားသက်သေထွက်ချက် မပေးနိုင်ဘူးဆိုရင် မင်း ဘာပြောမလဲ'

'ဒီကိစ္စမျိုးက ဗွီဒီယိုနဲ့ တစ်ယောက်ယောက်က ချောင်းရိုက်မထားရင် ဘယ်သူမှ မမြင်နိုင်တဲ့ကိစ္စမျိုးပါ၊ ကျွန်မတို့အဖြေတွေကို နားထောင်ပြီး တရားမျှတအောင် လုပ်ပေးဖို့က တရားရုံးရဲ့ တာဝန်ပါရှင့်'

ကျွန်မ ယဉ်ယဉ်ကျေးကျေးလေး ဖြေလိုက်တာကို ရှေ့နေက ဒေါပွသွားပါတယ်၊ ကျွန်မထိုင်နေတဲ့ရှေ့က စားပွဲကို လက်နဲ့ ဘုန်းခနဲ ပုတ်ချပစ်လိုက်တယ်။

'မေးတာကိုပဲ ဖြေပါ'

ကျွန်မကလည်း ဒေါပွသွားတယ်။

'ဟုတ်ကဲ့ ဦး၊ မေးလို့ ကျွန်မကလည်း ဖြေတာပါ'

အဲဒီအချိန်မှာ ငြိမ်နေတဲ့တရားသူကြီးက ဝင်ဖြတ်ပေးပါတယ်။

'တခြားမေးစရာမရှိတော့ဘူးဆိုရင် နောက်တစ်ယောက်ကို ခေါ်ရအောင်၊ ကဲ ကဲ သွားတော့ ညည်းပြန်လို့ရပြီ'

ကျွန်မက ဆက်ပြောချင်နေသေးတယ်၊ ကျွန်မမှာ မခံချင်စိတ်တွေ နာကျည်းမှုတွေက မိန်းကလေးအားလုံးရဲ့ကိုယ်စား ရှိနေသေးတယ်၊ အဲဒါတွေကို တစ်ယောက်ယောက်သိအောင် ပြောပြချင်နေတယ်။ ဒါပေမဲ့ ဘာမှ ပြောခွင့်မရတော့ဘူး၊ အဲဒါကြောင့် ကျေမနပ်နဲ့ ပြန်ထွက်လာခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှုကို နောက်ထပ် နှစ်ပတ်ကြာမှ ထပ်ချိန်းတယ်။ ကျွန်မကတော့ လိုက်စရာမလိုတော့ပါဘူး။ ဒါပေမဲ့ မနွေးခင်အတွက် ကျွန်မ လိုက်ကို လိုက်ချင်နေတာ။ ကျွန်မ စာသင်တဲ့အချိန် မပျက်ပေမဲ့ ဆရာဝန်ကြီးအတွက် အဝတ်လျှော် မီးပူတိုက် အိမ်သန့်ရှင်းရေး လုပ်တဲ့အချိန်တော့ ပျက်ကွက်မယ်လေ။ ဒါကြောင့် ဆရာဝန်ကြီးကို အဲဒီနေ့မတိုင်မီကတည်းက ကြိုပြီး ခွင့်တောင်းလိုက်တယ်။

ဆရာဝန်ကြီးက သိပ်သဘောကောင်းတယ်။

'အေးငြိမ်း ညည်း အားတဲ့အချိန် အလုပ်ပြီးအောင် လုပ်ပေးရင် တော်ပြီ။ ငါ့ဆီမှာ ရုံးတက်သလို တစ်ချိန်လုံးရှိစရာမလိုဘူး။ ညည်း စာသင်တဲ့အလုပ်လည်း အဆင်ပြေတယ်မဟုတ်လား'

အဲဒီအချိန်မှာ ဆရာဝန်ကြီးရဲ့စေတနာကို တကယ် နားလည်လိုက်ရပါတယ်။ ကျွန်မ စလင်းမှာ ညအိပ်ဖို့ နေရာတစ်နေရာရှိအောင်လို့ အိမ်အကူအဖြစ် ခန့်ထားပေးတာပါ။ ဖောင်းလင်းကို ညနေ မိုးချုပ်ချိန် စက်ဘီးနဲ့ ပြန်ပြန်နေရတာကို သူသိလို့ သူ့အိမ်မှာပဲ နေခိုင်းတဲ့သဘောပါ။

နောက်တစ်ချိန်းမှာ တရားလိုပြသက်သေတွေကို အကုန်စစ် ပါတယ်။ ဒါပေမဲ့ တရားခံကိုတော့ မစစ်သေးဘူး။ ကျွန်မတို့ရွာက ရွာလူကြီးကို စစ်ပြီး ပြီးသွားတယ်။ နောက်ထပ်အမှုချိန်းကျမှ တရားခံကို စစ်တာ။ နောက်ထပ် နှစ်ပတ်ကြာမှ။ တရားသူကြီးဟာ ဘာလို့များ ရက်ရွှေ့ဆိုင်းနေရတာလဲလို့ ကျွန်မ မခံချိ မခံသာ ဖြစ်မိတယ်။

ဒီ့ထက်ပိုပြီး မခံချိမခံသာဖြစ်ရတာက တရားခံကို စစ်မေးတဲ့ နောက်အမှုချိန်းနေ့မှာပါ။

အဲဒီလူဟာ မနွေးခင်နဲ့သူနဲ့ သမီးရည်းစားလိုလို ဘာလိုလို အဆင့်ပဲ ရှိခဲ့တာတဲ့။ ဟိုအထိ မဖြစ်ခဲ့ပါဘူးတဲ့။ စွတ်ကန်ပြီး ငြင်းနေခဲ့တယ်၊ ကျွန်မလေ ဒေါသထွက်လိုက်တာ မပြောပါနဲ့တော့။ တရားရုံးမှာ ကိုယ်ပြောချင်တိုင်း ပြောလို့မရဘူးဆိုတာ သိလို့ ထိန်း



ထားနိုင်ပါတယ်၊ ကျွန်မ သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး လူလိမ်လူညာ အကျင့်ယုတ်လို့ စွပ်စွဲပစ်လိုက်ချင်တယ်၊ ဒါပေမဲ့ ကျွန်မကသာ ဒေါသထွက်နေတာ မနွေးခင်ကတော့ အဲဒီလူ အစစ်ခံတာကို ငေးကြည့်နေတာ။ မနွေးခင်က ရှေ့နေမရှိတော့ ပြန်လှန်မေးခွန်းကို မနွေးခင်ကိုယ်တိုင်ပဲ မေးရတာ။

'တရားလို မနွေးခင်အကြောင်း မင်း ဘာတွေသိသလဲ'

သူ့ရှေ့နေက မေးတော့ ဇာတ်တိုက်ထားသလိုပဲ သူက မနွေးခင် အနေအထိုင်မတတ်တာတွေ ပြောပြတော့တာပါပဲ။

'ကျွန်တော့်ကို ရေလာမြှောင်းပေးစကားတွေ ပြောသလို တခြားယောက်ျားတွေကိုလည်း အရောတဝင်နေတာပါ။ သူက အနေအထိုင်မတတ်ဘူး။ ကျွန်တော် သူနဲ့ ချိန်းတွေ့ခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမဲ့ လွန်ကျူးတဲ့အထိတော့ မဖြစ်ပါဘူး'

'ကဲ မနွေးခင် ညည်းက သူနဲ့ဖြစ်လို့ ကိုယ်ဝန်ရတာလို့ ပြောပေမဲ့ သူကတော့ ညည်းနဲ့ ဘာမှမဖြစ်ခဲ့ဘူးလို့ ပြောနေပြီ၊ သူ့ကို ဘာတွေ မေးစရာရှိလဲ မေးစရာရှိတာတွေ အကုန်မေး'

တရားသူကြီးက မနွေးခင်ဆီ လှမ်းကြည့်ပြီး မေးခွန်း မေးခိုင်းလိုက်တဲ့အချိန်မှာပဲ မနွေးခင်ဟာ မေးခွန်းတွေ မမေးတော့ဘဲနဲ့ မျက်နှာအပျက်ပျက်နဲ့ ခေါင်းယမ်းရင်းက တဖြည်းဖြည်း တစ်ကိုယ်လုံးတုန်ယင်လာပြီး မျက်နှာကိုလက်ဝါးနဲ့အုပ်လို့ ငိုချပစ်လိုက်တယ်၊

အဲဒီအချိန်မှာ ကျွန်မ မနွေးခင်ကို တအံ့တဩ ကြည့်နေမိတယ်။ မနွေးခင်ကို ကျွန်မ သနားတယ်၊ ဖြစ်မှဖြစ်ရလေလို့ ကြေကွဲမိတယ်၊ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သံသယစိတ်လည်း ဝင်လာပြန်တယ်၊

ဟုတ်မှဟုတ်ရဲ့လား၊ မနွေးခင်က လီဆယ်ပြီးတော့ ဟိုလူများ အမှန်ဖြစ်နေလေသလား ဆိုတဲ့ သံသယပါ၊ မနွေးခင်ရဲ့အမေ

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်မအနားမှာ မတ်တတ်ရပ်ပြီး ပြတင်းကနေ တရားရုံးခန်းထဲ လှမ်းကြည့်နေရာကနေ အသံခပ်တိုးတိုးနဲ့ ကျွန်မ ကြားသာရုံ ဆဲတယ်။ ကောင်မ ငါ့အရှက်ကို နှစ်ခါခွဲတယ်၊ ဘာ..မ၊ ညာ..မ နဲ့။ မနွေးခင်ကဖြင့် ဘာမှကို မမေးတော့ဘူး၊ သူ အရှုံးပေးလိုက်တဲ့သဘောပါ။ ကျွန်မလေ စိတ်မကောင်းလိုက်တာ။ ရင်ထဲမှာဆို့သွားတဲ့အထိပါပဲ။

တော်ပါသေးရဲ့၊ မမေးချင်တဲ့ မနွေးခင်ကို တရားသူကြီးက ၄တ်မေးခိုင်းပါတယ်။

'မနွေးခင် သူပြောတာတွေ အမှန်ပဲလား'

မနွေးခင်က အံတင်းတင်းကြိတ်ပြီး ခေါင်းယမ်းတယ်။

'အေး သူပြောတာတွေမမှန်ရင် မမှန်တဲ့အကြောင်း ညည်းက တစ်ခုချင်း ထောက်ပြ စွပ်စွဲလေ၊ ပြော ပထမအချက် ညည်းနဲ့ လွှန်လွှန်ကျူးကျူး မဖြစ်ခဲ့ပါဘူးဆိုရင် ညည်း ဘာပြောမလဲ'

'ဖြစ်ခဲ့ပါတယ်။ သူ လိမ်တာ'

'အေး မေးလေ'

ဒီတော့မှ မနွေးခင်က ဟိုလူကို မမေးတတ်မေးတတ်နဲ့ မေးတယ်၊ မေးပြန်တော့လည်း တရားသူကြီးက မေးခွန်းမေးဖို့ ထောက်ပေးနေရတယ်။

ကျွန်မတို့ ရုံးထဲကထွက်လာတော့ ကျွန်မ အားမလိုအားမရနဲ့ မနွေးခင်ကို မေးခွန်းတစ်ခု မေးလိုက်တယ်၊ ဒါဟာ သူ့ကို ဒုတိယ အကြိမ်မေးတဲ့ မေးခွန်းပါ။ ပထမအကြိမ်က တရားသူကြီးရဲ့ အိမ် တံခါးဝမှာတုန်းက၊

'မနွေးခင် နင် ငါ့ကို အမှန်အတိုင်းပြောပြစမ်းပါ။ အဲဒီလူက ကလေးအဖေအစစ် ဟုတ်ရဲ့လား'

မနွေးခင် ချက်ချင်းမဖြေနိုင်ဘူး၊ ခြေလှမ်းတွေကို ရေတွက်နေသလိုပဲ မြေပြင်ကို ငုံ့ကြည့်ပြီး တစ်လှမ်းချင်းလှမ်းနေရာက ခေါင်း



မဖော်ဘဲ ပြန်ပြောပါတယ်။

'အော် သူငယ်ချင်းရယ် နင်ကတောင် ငါ့အပေါ် မယုံတော့ ဘူးလား' တဲ့။

သေချာတာကတော့ သူတို့နှစ်ယောက်မှာ တစ်ယောက်ယောက်က လိမ်ညာနေပြီ။

ဒီအမှုဟာ ဘယ်လိုများ ဆက်ဖြစ်မှာလဲ၊ တရားသူကြီးက ဘယ်လို ဆုံးဖြတ်မှာလဲ၊ ကျွန်မသာ သူ့နေရာမှာဆိုရင် ဘယ်လိုများ ဆုံးဖြတ်စီရင်မလဲ၊ တွေးကြည့်တဲ့အခါ ကျွန်မ အသက်ရှုတောင် ကြပ်လာပါကယ်၊ ဟင့်အင်း သေချာပါတယ်။ ကျွန်မ တရားသူကြီး မဖြစ်ချင်ဘူး၊

'ဒေါ်မြတ်က ပြတ်သားတယ်။ သမာဓိလည်းရှိတယ်၊ အမှုသည်ကို ဘယ်တော့မှ အိမ်မှာ လက်မခံဘူး၊ ငွေနောက်ကိုလိုက်ပြီး မမှန်တာကို အမှန်အဖြစ်လည်း ဆုံးဖြတ်စီရင်ပေးတာမျိုးမလုပ်ဘူး'

ဆရာက ကျွန်မကို ပြောပါတယ်။

'ဆရာ ကျွန်တော်နဲ့မနွေးခင်နဲ့ ဒေါ်မြတ်ကောင်းမွန်ရဲ့အိမ်ကိုသွားဖို့ကြိုးစားတာက လာဘ်ထိုးဖို့မဟုတ်ပါဘူးဆရာ၊ လာဘ်လည်း မပေးနိုင်ပါဘူး။ အဖြစ်မှန်ကို တရားသူကြီးဆီကြိုတင်ပြောပြပေးချင်လို့ပါ'

'ဒါက ညည်းတို့အမြင်ကိုး၊ တကယ်တော့ အမှုမစစ်ခင်မှာ တရားသူကြီးက ဟိုဘက်ဒီဘက်အမှုသည်ကို မတွေ့ဘူး၊ ကရုဏာသက်မိရင်လည်း ဒါက ဆန္ဒာဂတိပဲလေ၊ ဒါ အဂတိတရားလေးပါးထဲမှာပါတယ်'

ကျွန်မ ဒီအဖြစ်ကို မတွေးခဲ့မိတာတော့ အမှန်ပါပဲ။

ဒီအမှုက စလင်းတရားရုံးမှာရော ဖောင်းလင်းရွာအုပ်စုမှာရော စိတ်ဝင်စားစရာဖြစ်နေတာမို့ မနွေးခင်မွေးကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို မျှော်လင့်နေကြတယ်။ တချို့ရွာလူကြီးတွေက ဆိုရင် မနွေးခင်ရဲ့ ကလေးမွေးစရိတ်ကို မျှဝေထည့်ဝင်ကြတယ်။ ကျွန်မလည်း ချွေးနည်းစာနဲ့စုထားတဲ့ ပိုက်ဆံလေးကို မနွေးခင်အတွက် ပိတ်စအနှီးတွေဝယ်ပြီး သွားပို့လိုက်ပါတယ်။

မနွေးခင်ရဲ့အိမ်ဟာ ကျွန်မတို့အဖေအိမ်ထက် ပိုစုပ်ချာပါတယ်၊ ကျွန်မအဖေရဲ့အိမ်က ကျွန်မအလုပ်ရတဲ့ငွေနဲ့ အိမ်မိုး မိုးပေးထားတာမို့ သက်ကယ်အသစ်နဲ့ ထရံအသစ်နဲ့။ မနွေးခင်တို့အိမ်ကတော့ သက်ကယ်အမိုးအသစ်မလဲရသေးဘူး။ ကျွန်မရောက်သွားတာက ညပိုင်းဆိုတော့ ချွေးမြေပြီး တချို့နေရာမှာပေါက်နေတဲ့ သက်ကယ်အစုပ်ကြားကနေ လရောင်ရောင် ကြယ်ရောင်ရောင် မြင်နေရပါတယ်။ မနွေးခင်က ကွပ်ပျစ်လေးပေါ်မှာ တစောင်းလှဲအိပ်နေတယ်။ သူ့ဗိုက်က တော်တော်ကို ကြီးနေပြီ၊ မွေးဖို့ သိပ်မလိုတော့ဘူးလို့ ကျွန်မ မတတ်တတတ်နဲ့ ခန့်မှန်းလိုက်ပါတယ်။ ကျွန်မကိုလည်း မြင်ရော မနွေးခင်က ငိုပါလေရော။ ဘာကြောင့်ငိုတာလဲလို့ အသေအချာမသိပေမဲ့ သူ့ဝမ်းနည်းပက်လက် ငိုနေပုံက နာကျင်စရာကောင်းလှပါတယ်။ ကျွန်မ သူ့ကွပ်ပျစ်ဆီသွားပြီး သူ့ဘေးနားမှာဝင်ထိုင်လိုက်ပါတယ်။ သူ့ပခုံးလေးကို အသာဖျစ်ညှစ်ပြီး နှစ်သိမ့်လိုက်ရတယ်။

'ဟဲ့မနွေးခင် မငိုရဘူးလေ၊ ကိုယ်ဝန်ဆောင်ငိုရင် ကလေးမျက်လုံးပြူးတတ်သတဲ့။ တော်ကြာ ဟိုဝင်းထိန်လို မျက်တောင်စင်းစင်း ခပ်မှေးမှေးမဟုတ်ဘဲ မျက်လုံးပြူးပြူးလေးနဲ့မွေးလာရင် ဒုက္ခ၊ ငါတို့က ကလေးနဲ့သက်သေပြရမှာဟ'

အဲဒီအခါမှာ မနွေးခင်က မျက်ရည်တွေကို သုပ်လိုက်ပြီး ကျွန်မလက်ဖျားကို တအားဆုပ်ညှစ်လိုက်တယ်။ ကျွန်မကို မော့ကြည့်လိုက်တဲ့မျက်လုံးတွေက မျှော်လင့်ချက်တွေနဲ့၊ ကျွန်မ သိပါတယ်။



'အေးငြိမ်း နင် တကယ်ယုံရဲ့လားဟင် ငါ ဝင်းထိန်ကလွဲလို့ ဘယ်သူနဲ့မှ ဘာမှ မဖြစ်ခဲ့ဘူးဆိုတာ နင်ယုံလား'

'ငါယုံတာပေါ့ဟာ'

တကယ်အမှန်အတိုင်းပြောရရင်တော့ ကျွန်မယုံတယ်လို့လည်းမပြောချင်။ မယုံဘူးလို့လည်း မပြောရက်။ ဘယ်သူ့အမှန်ဘယ်သူအမှားလဲဆိုတာ ကျွန်မ မသိပါဘူး၊

မနွေးခင်က ခန့်မှန်းရက်ထက် တစ်ပတ်စောပြီး ကလေးမွေးသွားတယ်၊ ယောကျ်ားလေးပါ။ မနွေးခင်မွေးတဲ့နေ့က မီးနေလာမေးတဲ့သူတွေမှ အိမ်တောင်မဆံ့ဘူး။ စပ်စုကြတာလည်းပါမယ်၊ ကရုဏာသက်ကြတာလည်းပါမယ်။ ဘာပဲဖြစ်ဖြစ် ရွာထုံးစံက မီးနေမေးပြီဆိုရင် မီးဖွားပြီးစ ကလေးအမေ ရှုဖို့ စမုံစပါးထုပ်ကလေးတို့ ဆန္ဒင်းတက်တို့ကအစ ပိတ်စအနှီးတွေ ကလေးအင်္ကျီပေါက်စနလေးတွေ၊ စောင်သေးသေးလေးတွေ သူတို့တတ်နိုင်သလောက် လက်ဆောင်ယူလာကြတော့ မနွေးခင်အတွက် အများကြီးရလိုက်တယ်၊

ဝင်းထိန်ဆိုတာကို တရားရုံးကျမှ အသေအချာမြင်ဖူးတဲ့သူတွေက ကလေးက ဘယ်သူနဲ့တူလဲလို့ မပြောနိုင်ကြဘူး၊ ဒါပေမဲ့ ဝင်းထိန်နဲ့အတူ တရင်းတနှီးအလုပ်တွဲလုပ်ဖူးတဲ့ ယောကျ်ားတွေ မိန်းမတွေက ကလေးအဖေက ဝင်းထိန်ပဲလို့ တညီတညွတ်တည်း ဆုံးဖြတ်ကြတယ်။

မနွေးခင် ကလေးမွေးပြီးလို့ နှစ်ရက်သုံးရက်လောက်ကြာရင်ပဲ တရားသူကြီးဒေါ်မြတ်ကောင်းမွန်ဆီကို တရားခံဘက်က လာပြီး ကမ်းလှမ်းတော့တယ်တဲ့၊ ကျွန်မ မီးပူတိုက်နေတဲ့အချိန် ဆရာဝန်ကြီးက ကိုရိုးယားဇာတ်လမ်းတွဲဖွင့်ထားပြီး မကြည့်ဘဲ ကျွန်မဘက်လှည့်ပြောလိုက်ပါတယ်။

ကျွန်မ ကြို့မတွေးမိတဲ့အဖြစ်မို့ အံ့သြပြီး တုန်လှုပ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင် တရားသူကြီးက အဲဒါကျတော့ လက်ခံသလား' လို့ မကျေမနပ်မေးမိတယ်။

'ကြားလူနဲ့ လာကမ်းလှမ်းတာလေ။ ဒေါ်မြတ်အကြောင်း မသိကြလို့ပေါ့။ ငွေနဲ့လာဘ်ထိုးဖို့ ကြိုးစားတာ အေးငြိမ်းရေ။ အဲဒါ အေးငြိမ်းသိအောင် ငါက ပြန်ပြောတာ။ ငါ နင်တို့ကြားထဲ ဝင်ပါတယ်လို့ ဒေါ်မြတ်သိရင် ငါ့ကို စိတ်ဆိုးလိမ့်မယ်။ ငါက မနေနိုင်ဘူး။ အမှုဟာ နောက်ဆုံးတော့ အမှန်ပေါ်လာပြီလို့ နင်ဝမ်းသာအောင် ပြောပြတာ'

'ဘာအမှန်လဲဟင်'

'ဟဲ့ ကလေးမွေးပြီးပြီလေ။ ဝင်းထိန်ရဲ့ရုပ်နဲ့ချွတ်စွတ်သလို တူတယ်ဆို ငါသတင်းတွေကြားတာပဲ။ ဆရာမကြီး ဒေါ်စောတင် ကိုယ်တိုင် ဟိုနေ့က အစည်းအဝေးမှာ ငါ့ကို ပြောသွားတာ'

အင်း စလင်းတစ်မြို့လုံးတောင် ဒီသတင်း ပျံ့နှံ့သွားပြီနဲ့ တူပါရဲ့။ အဲဒီကျမှ ကျွန်မ လှပ်ခနဲ ရင်ဖိုတဲ့အထိ ဝမ်းသာသွားပါတယ်။ ဘာပဲဖြစ်ဖြစ် တရားသူကြီး ဘာပဲဆုံးဖြတ်ဆုံးဖြတ် အမှန်တရားကို လူတွေ သိကုန်ပြီလို့၊ ကျွန်မလေ မနွေးခင်ကို ပြေးဖက်ပြီး သူ့ရဲ့ ဆနွင်းတွေပါထိန်နေမဲ့ ဆနွင်းစော်နံနေမဲ့ မျက်နှာလေးကို နမ်းပစ်လိုက်ချင်တော့တာပဲ။

'အေးငြိမ်း ညည်းမှန်းဆကြည့်စမ်းပါ တရားသူကြီးကို သူတို့ပေးမဲ့ ငွေပမာဏ ဘယ်လောက်ရှိမလဲလို့'

'ဟင့်အင်း ကျွန်တော် မသိဘူးလေ'

'သုံးသိန်းတော်ရေ့ သုံးသိန်း။ ဒေါ်မြတ် ဘာပြန်ပြောလိုက်တယ်ဆိုတာရော ခန့်မှန်းမိလား'

'ဟင့်အင်း'

ကျွန်မ ရင်တထိတ်ထိတ်နဲ့ဆရာ့စကားကို နားထောင်နေမိတယ်။



'ဒီငွေကို မိန်းကလေးအတွက် နစ်နာကြေးအဖြစ် သွားပေးပြီး အချင်းချင်းပြေလည်အောင် ညှိနှိုင်းကြပါ။ အချင်းချင်း ကြေအေးကြပါ။ အမိန့်မချရသေးလို့ ကျေအေးလို့ ရပါတယ်လို့ ပြောလိုက်တယ်'

အော်။ သုံးသိန်းတဲ့၊ သုံးသိန်းဆိုတဲ့ငွေဟာ ကျွန်မတို့ မနွေးခင်တို့အတွက် အများကြီးပါ။ အိမ်ပြင်လို့ရတယ်။ လုပ်ငန်းသေးသေး တစ်ခုခု ရင်းနှီး မတည်လို့ရတယ်။ အများကြီးပါလား။ ဟုတ်တယ်။ မနွေးခင်နဲ့ ကျေအေးလိုက်ကြရင် ပြီးရောနော်။

ဒါပေမဲ့ ပြဿနာတွေက ကျွန်မတို့ ကလေးတွေ တွေးသလို ဘယ်တော့မှ ရိုးရိုးစင်းစင်းမလာပါဘူး။ အမြဲတမ်းရှုပ်ထွေးနေခဲ့တာ။

မနွေးခင်ဆီ ကျွန်မ အဲဒီသတင်းကို ပြောချင်လို့ နောက်နေ့ မိုးလင်းတော့ စက်ဘီးနဲ့အမြန်နင်းပြီး ဖောင်းလင်းကို ပြန်သွားလိုက်တယ်။ ဒီသတင်းကို ကြားတော့ မနွေးခင်ဟာ ငွေသုံးသိန်းရနိုင်ခြေရှိတာကို ဝမ်းသာရမဲ့အစား ဒေါသတကြီး ငိုပါတယ်၊ သွားပြောမိတဲ့ ကျွန်မမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ရတာပေါ့။ တော်ကြာ လူကြီးတွေပြောသလိုသွေးနုသားနုနဲ့တက်သွားရင် ဘယ်လိုလုပ်မလဲ၊

'မကျေအေးနိုင်ဘူး။ သူတို့ ငွေလာပေးလည်း ငါ မကျေအေးဘူး ငါ့သားလေးကို ငါ ကျွေးမွေးနိုင်တယ်။ စောင့်ရှောက်နိုင်တယ်။ ဘယ်သူ့ပိုက်ဆံမှ ငါမလိုချင်ဘူး။ အေးငြိမ်း နင် လက်ခံမလာနဲ့နော်'

'အေးပါဟာ ငါလည်း လက်ခံလို့မရပါဘူး ငါ့လာပေးတာမှ မဟုတ်တာ၊ တရားသူကြီးကို သွားပေးတာဟ။ တရားသူကြီးက ငြင်းလွှတ်လိုက်တာ'

သူ့ကို အငိုတိတ်အောင် ကျွန်မ တော်တော်ချော့ယူရပါတယ်၊ နောက်ဆုံး ကျွန်မက သူ့ရဲ့ ဆနွင်းတွေပါထိန်နေတဲ့ပါးပြင်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်နမ်းပစ်လိုက်တယ်။

ကျွန်မတို့မှာ အဲဒီလို သူငယ်ချင်းအချင်းချင်း ယုယတာတွေ နမ်းတာတွေ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ဘယ်လိုဖြစ်သွားလဲမသိဘူး။ ကျွန်မ သူ့ကို တအားကို ချစ်သွားတယ်။ သူမှားခဲ့တာက မှားခဲ့တာပဲ။ အယုံလွယ်လို့ ဘဝနှစ်မွန်းခဲ့တာမှန်ပေမဲ့ အခုသူ ဘယ်လောက်သတ္တိကောင်းလိုက်သလဲ။ လူတွေရဲ့ ကဲ့ရဲ့စကားတွေကို သူ ဘယ်လောက် ခံနိုင်ရည်ရှိလိုက်သလဲ။

အပြီးသတ်လျှောက်လှဲချက်ပေးရမဲ့နေ့မှာ ဆရာကြီးဦးသန့်စင်က မနွေးခင်ကို ဆိုင်ကယ်နောက်မှာ တင်ခေါ်လာပေးတယ်။ ကလေးကို ရှမ်းမလေးတွေ အဝတ်နဲ့ထုပ်ချီသလိုမျိုး ရင်ခွင်မှာ အပ်ပြီး အဝတ်နဲ့သိုင်းချည်ထားပေးလိုက်တယ်။ ကလေးကို အနီး၊ ဦးထုပ်အပြည့် အစုံနဲ့ပေါ့။ အမှုကို ဘယ်အချိန် ရုံးခေါ်မယ်ဆိုတာ မသိတော့ မနက်စောစောကတည်းက ခပ်ဖြည်းဖြည်းမောင်းပြီး မနွေးခင်ကို ခေါ်လာပေးပါတယ်။ ဖုံထတာလည်း သက်သာအောင် ကလေးနဲ့ကလေးအမေလည်း နေမပူအောင်။

မနွေးခင်နဲ့သူ့သားကို ဒေါ်မြတ်ကောင်းမွန်မြင်သွားရင် သိပ်ကောင်းတယ်လို့ ကျွန်မ တွက်တယ်။ ကျွန်မတို့ ရုံးရောက်တော့ ကိုး နာရီပဲရှိသေးတယ်။

'မနွေးခင် ဟောဟိုမှာ တရားသူကြီးနားနေခန်း။ အဲဒီမှာ ဒေါ်မြတ်ကောင်းမွန်မရှိသေးဘူး။ သူလာရင် ဆိုက်ကယ်နဲ့လာတာ။ သူ့ဆိုက်ကယ်ကို ဟောဟို ရုံးနှစ်ခုကြားထဲက လမ်းကျဉ်းလေးမှာ ရပ်ထားတတ်တယ်။ အဲဒီနေရာကနေ သူ လမ်းလျှောက်လာမှာ။ နင် အဲဒီနားက အုတ်သမံတလင်းခုံလေးမှာ အခုကတည်းက ကလေးချီပြီး ထိုင်နေပါနော်။ ကလေးကို ထောင်ပြီး ချီထား၊ မျက်နှာပေါ်အောင်။ ဦးထုပ်ကို လောလောဆယ် ခဏ ချွတ်ပေးထားလိုက်နော်'



ကျွန်မမှန်းဆချက်က တစ်ဝက်ပဲမှန်ပြီး တစ်ဝက်မှားပါတယ်။ ဒေါ်မြတ်က အဲဒီနေ့က ဆိုက်ကယ်နဲ့မလာဘဲ စက်ဘီးနဲ့လာပါတယ်။ ဆိုက်ကယ်ရပ်တဲ့နေရာနဲ့ စက်ဘီးရပ်တဲ့နေရာ မတူဘူး။ ဒါပေမဲ့ မနွေးခင်ကို ကျွန်မက နှစ်နေရာလုံးရဲ့အဆုံ အခန်းဒေါင့်က အုတ်ခုံပေါ်မှာ ထိုင်ခိုင်းထားတာမို့ စက်ဘီးသော့ခတ်ပြီး တက်လာတဲ့ ဒေါ်မြတ်က မနွေးခင်ရှေ့က ဖြတ်ကို ဖြတ်လျှောက်ရပါတယ်။ ဒါပေမဲ့ ကျွန်မ မျှော်လင့်တဲ့အတိုင်းမဖြစ်ဘူး။ မနွေးခင်က ကလေးရဲ့မျက်နှာမြင်သာအောင် မြှောက်ချီပွေ့ထားပေမဲ့ ကလေးက ငယ်လွန်းသေးတော့ ခေါင်းမထောင်နိုင်ဘူး။ ဇက်လေးက ပျော့ပျော့ကျနေတာ။ ဒါ့အပြင် ဒေါ်မြတ်က မျက်စိကို ဘယ်ဘက်ဘေးကိုမှ မကြည့်ဘဲ သူ့ရုံးခန်းဆီ တည့်တည့်ကြည့်ပြီး လမ်းလျှောက်သွားတာ။ လမ်းလျှောက်တာကလည်း ယောကျ်ားလေးတစ်ယောက်လိုပဲ။ မြန်သလားမမေးနဲ့။ မနွေးခင်ကိုရော ကလေးကိုရော လုံးဝသတိမထားမိပုံပါပဲ။

အပြီးသတ်လျှောက်လှဲချက်ပေးတဲ့အချိန်ထိ တရားခံဘက်က လုံးဝ ဝန်မခံပါဘူး။ ရှေ့နေကဆို မနွေးခင်ကို ရစရာမရှိအောင်ပြောလိုက်တာ၊ သွေးနုသားနုမိန်းမတစ်ယောက် သွေးတက်ပြီး သေနိုင်တဲ့ စကားမျိုးတွေ။ မနွေးခင်ရဲ့အကျင့်စရိုက်က ယောကျ်ားတွေနဲ့ ပလူးပလဲ နေတတ်တယ်ဆိုတာမျိုး။ တခြားလူတွေနဲ့ ဖောက်ပြန်ပြီး သူ့အမှုသည်က မိန်းမဘက်က ငွေအင်အားရှိလို့ အခုမှ လာပြီး စွပ်စွဲတာ၊ လျော်ကြေးငွေအဖြစ် ငွေမက်လို့ ဒီလိုတရားစွဲတာမို့ သက်သေမခိုင်လုံဘဲနဲ့ အပြစ်မပေးထိုက်ပါဘူး ဘာညာပေါ့။

သူက တရားစီရင်ထုံးတစ်ခုကို ဥပမာပြပြီး ပြောပါတယ်။

'ဦးညွန့်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှုတွင် အတည်တကျ လက်ထပ်ပေါင်းသင်းမည်ဟု ပြောဆိုသည်ကို ယုံကြည်သဖြင့် ကာမပေးခဲ့သည်ဆိုသော စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ကာယကံရှင် အမျိုးသမီးတစ်ဦးတည်း၏ထွက်ဆိုချက်သာရှိပြီး

www.burmeseclassic.com

www.burmeseclassic.com



အခြားလွတ်လပ်သည့် သက်သေခံအထောက်အထား လုံးဝမရှိလျှင် လိမ်လည်မှုဖြင့် အပြစ်မပေးသင့်ကြောင်း စီရင်ထုံးဖွဲ့ထားပါသည်' တဲ့။

ဟိုဘက်ရှေ့နေက အားရပါးရ ငြင်းဆိုပြီး သူ့ကို အပြစ်တင်နေတဲ့အချိန်မှာ ကျွန်မ မနွေးခင်ကို လက်မောင်းတွေ ထွေးဆုပ်ထားချင်ပေမဲ့ ကျွန်မ ရုံးခန်းထဲ လိုက်ဝင်လို့မရဘူးလေ။ အပြုံးနဲ့ပဲ အားပေးရပါတယ်။ ကလေးကို တရားသူကြီးမြင်အောင် လှည့်ချီဖို့ လက်ဟန်ခြေဟန်နဲ့ လှမ်းပြရတယ်။

မနွေးခင်ဟာ လျှောက်လဲချက်ကို ရှေ့နေလို ချက်ကျလက်ကျ မပြောတတ်ပါဘူး။ ပြောတတ်စရာလည်း မလိုဘူး။ ကလေးလေးကိုချီပြီး သက်သေခုံတန်းရှေ့မှာ မတ်တတ်ရပ်ပြီး အရင်ပြောခဲ့တဲ့စကားတွေကို ခရေစေ့တွင်းကျ ပြန်ပြောနေရုံပဲ။ ကလေးမျက်နှာလေးကို တရားသူကြီး မြင်အောင်တော့ ရှေ့လှည့်ချီထားရတာပေါ့။ တရားသူကြီးမြင်သွားပါတယ်။

ပြတင်းပေါက်ကနေ လှမ်းကြည့်နေတဲ့ ပရိသတ်လည်း မြင်တယ်။

'အို ကလေးတောင် မွေးပြီးသွားပြီပဲ' လို့ တအံ့တဩမှတ်ချက်ချသူချ။

'တွေ့လား ကလေးက သူ့အဖေနဲ့မတူဘူးလား။ မျက်လုံးပေါက်ပုံကိုကြည့်' လို့ မှတ်ချက်ချသူကချတယ်။ အဲဒီစကားတွေကို ကြားတော့ ကျွန်မ ရင်တောင် ခုန်နေတယ်။

နောက်တစ်ပတ်အကြာမှာ အမိန့်ချဖို့ ချိန်းလိုက်ပါတယ်။

မနွေးခင်နဲ့ မောင်ဝင်းထိန် ဆိုတဲ့အမှုကို စိတ်ဝင်စားတဲ့သူတွေ တော်တော်များတာမို့ အမိန့်ချမဲ့နေ့က တရားရုံးခန်းအပြင်မှာ လူအုပ်က မနဲပါဘူး။



ဆန္ဒင်းတွေလိမ်းခဲ့လို့ အခုထိ ဝါဝင်းနေတဲ့ မနွေးခင်ရဲ့ မျက်နှာလေးဟာ မိခင်တစ်ယောက်ရဲ့မေတ္တာနဲ့ လန်းဆန်းလို့ပါ။ သူက ကျွန်မကို ပြောတယ်လေ။

'ဟိုကောင် အပြစ်ကျရင်တော့ ငါဝမ်းသာမှာ အမှန်ပါပဲ၊ ဒါပေမဲ့ သူလွတ်သွားရင်လည်း ကိစ္စမရှိပါဘူး။ ငါ့သားလေးရှိနေရင် ငါ့ဘဝမှာ အားလုံးပြည့်စုံသွားပါပြီ' တဲ့။

တရားသူကြီးနားနေခန်းရဲ့စားပွဲပေါ်မှာ အမှုတွဲအထပ်ကြီးကို မြင်ရပေမဲ့ ချက်ချင်းခေါ်လိုက်တာက မနွေးခင်တို့အမှုပါ။

ဒေါ်မြတ်ရဲ့မျက်နှာက သိပ်တော့ မကြည်လင်ဘူး။ စိတ်ရှုပ်ထွေးနေတာလား။ စိတ်မကောင်းဖြစ်နေတာလား။ တစ်ခုတော့ စိတ်သက်သာရာရမိတယ်။ ဒေါ်မြတ်က အမှုသွားအမှုလာနဲ့ သုံးသပ်ချက်တွေကို ဖတ်ပြနေတဲ့အခါ မျက်စိက မနွေးခင်နဲ့ကလေးဆီ သုံးကြိမ်တောင် လှမ်းကြည့်တယ်။ တရားခံဆီကိုလည်း သုံးကြိမ် လှမ်းကြည့်တယ်။ မနွေးခင်တော့ ဘယ်လိုနေမလဲမသိဘူး။ ကျွန်မတော့ ရင်တွေခုန်နေတယ်။

'ဤပုဒ်မ၏ ဒုတိယပိုင်းအရ လှည့်ဖြားခြင်းခံရသဖြင့် လူတစ်ဦး၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကို ဖြစ်စေ ထိခိုက်နစ်နာစေလျှင် လိမ်လည်မှုမြောက်သည်။'

အဲဒီစာကြောင်းကို ကြားလိုက်ရတော့ ကျွန်မ လှပ်ခနဲ ဖြစ်သွားတယ်။ ဒါဟာ ပြစ်မှုကျူးလွန်တယ်လို့ ပြောတာပဲဖြစ်မယ်။

'မိန်းကလေးက မိမိနှင့်လက်ထပ်မှုမပြုရသေးသော အမျိုးသားတစ်ဦး၏လက်ထပ်ပါမည်ဆိုခြင်းကို ယုံကြည်ရသည့်အကြောင်းများနှင့် ၎င်းတို့ချင်း ကာမစပ်ယှက်မှုပြုခဲ့ကြကြောင်းတို့မှာ လူမြင်ကွယ်ရာ၌ ကျူးလွန်လေ့ရှိသည့်ယခုအမှုမျိုးတွင် မျက်မြင်သက်သေရှိရန် အခြေအနေနည်းပါးသကဲ့သို့ နှစ်ဘက်သက်သေတို့၏ဆိုချက်များအရ ပေါ်ပေါက်ရန်မှာ ခက်ခဲလှ၍ အမှုကိုလိုက်ပြီး ယိုအမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



၏ပြုမူချက် ပတ်ဝန်းကျင်အထောက်အထား အခြေအနေအရပ်ရပ်တို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။'

ဒေါ်မြတ်က အဲဒီလို ဖတ်နေရင်းက ရုံးအပြင် ကျွန်မဆီကို လှမ်းကြည့်လိုက်ပြီး ခေါင်းတစ်ချက် မသိမသာ ဆတ်လိုက်တယ်။ ကျွန်မ ရင်တုန်သွားတယ်။ ကျွန်မကိုများ လှမ်းခေါ်တာလား။ ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့အချိန်မှာ ကျွန်မနောက်က လူနှစ်ယောက်က ကျွန်မအနားကနေ ရှေ့တိုးသွားပြီး အခန်းထဲကို ဝင်သွားပါတယ်။ အဲဒီတော့မှ ဒေါ်မြတ်ရဲ့အကြည့်ဟာ ကျွန်မဆီမဟုတ်ဘဲ ကျွန်မနောက်မှာ ရပ်နေတဲ့လူနှစ်ယောက်ဆီလို့ သိသွားပါတယ်။

အဲဒီလူနှစ်ယောက်က ရဲသားဝတ်စုံတွေနဲ့ပါ။

'မနွေးခင်၏ကိုယ်ဝန်နှင့်ပတ်သက်၍ ဝင်းထိန်က မိမိနှင့် လွန်ကျူးခဲ့ခြင်းမဟုတ်ကြောင်း ငြင်းဆိုခဲ့သော်လည်း ချိန်းဆိုသောစာမှာ သမီးရည်းစားချိန်းသောစာဖြစ်ပြီး ထိုစာကို ဝင်းထိန်က ပေးခြင်းမဟုတ်ကြောင်း ငြင်းဆိုမထားခြင်း၊ ချိန်းဆိုချိန်မှာ ည၇နာရီဖြစ်နေခြင်း၊ ချိန်းဆိုသောနေရာမှာ လူပြတ်လပ်သော ယာတဲစပါးကျီအောက်တွင် ဖြစ်နေခြင်း၊ မနွေးခင်ကိုယ်တိုင်မှာ ဝင်းထိန်ကလွဲ၍ ပတ်သက်ဆက်နွယ်နေသူယောက်ျားတစ်စုံတစ်ဦးမျှ သက်သေ ထင်ရှားမရှိခြင်း၊ ထိုအခြေအနေအရပ်ရပ်ဖြင့် သုံးသပ်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။'

ကျွန်မ သိလိုက်ပါပြီ။ မနွေးခင် အနိုင်ရတော့မယ်။ ကျွန်မ မနွေးခင်ကို လှမ်းကြည့်လိုက်တယ်။ မနွေးခင်က မျက်နှာငယ်လေးနဲ့ပဲ တရားသူကြီးကို ငေးကြည့်နေတယ်။ သူ့ရင်ခွင်မှာ ပွေ့ထားတဲ့ သားလေးကလည်း အခုမှပဲ ကြည်ကြည်စင်စင်နိုးလာသလားမသိ။ ပါးစပ်က တပွတ်ပွတ်နဲ့ ပြုံးနေပါတယ်။ ကျွန်မ တရားခံကို လှမ်းကြည့်ခိုက်မှာ တရားခံက မနွေးခင်ဘက်ကို တစ်ချက်လှမ်းကြည့်



လိုက်တာနဲ့ ဆုံသွားတယ်။ တရားခံရဲ့မျက်နှာက မျက်နှာသေကြီးနဲ့။ သူ့မှာ ဖခင်ဆိုတဲ့ မေတ္တာစိတ်လည်း မမြင်ရ။ မတရားစွပ်စွဲခံရတဲ့ လူတစ်ယောက်ရဲ့ ဒေါသကိုလည်း မမြင်ရ။ လောကကြီးတစ်ခုလုံးနဲ့ ကင်းကွာနေသလိုပါပဲ။

'မနွေးခင်မှာ ကိုယ်ဝန်နှင့် ကျန်ခဲ့ရပြီး ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲမှုနှင့် ကြုံတွေ့နေခဲ့ရသည့်အပြင် ၎င်း၏အသိုင်းအဝိုင်း၌ ဂုဏ်သိက္ခာ ညှိုးနွမ်းရပေသည်။ သို့အတွက် ပြစ်မှုကြောင်းအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်ရန် အကြောင်းလည်း မရှိချေ။ ဝင်းထိန်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ကို ကျူးလွန်ရာရောက်သည်။'

အဲဒီအချိန်မှာ အပြင်ပရိသတ်ဆီက ဘာစကားသံမှ မကြားရဘဲ တရားရုံးတစ်ခုလုံး တိတ်ဆိတ်သွားသလိုပဲ။ ဟိုဘက်က မြို့နယ်တရားသူကြီးကို စောင့်နေတဲ့ အမှုသည်တွေလည်း ဒေါ်မြတ်အခန်းဘက်ကိုပဲ လှမ်းကြည့်အကဲခတ်နေတယ်။ သူတို့လည်း ငြိမ်လို့ပါပဲ။

'အမိန့်။ အဘ ဦးဘိုးချစ်၏သား ဝင်းထိန်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇အရ အပြစ်ရှိကြောင်းပေါ်ပေါက်သဖြင့် အလုပ်နှင့်ထောင်ဒဏ် သုံးလတိတိ ကျခံစေ။'

အဲဒီအချိန်မှာ ရဲသားနှစ်ယောက်က တရားခံကို ဘေးတစ်ဖက်တစ်ချက်ကနေ ဝိုင်းရံထားလိုက်ကြပါတယ်။ တရားခံက တရားသူကြီးကို ခံတန်တန်မျက်နှာပေးနဲ့လှမ်းကြည့်တယ်။ မနွေးခင်ကတော့ မျက်ရည်တပေါက်ချင်းလိမ့်ဆင်းကျနေတဲ့ မျက်နှာနဲ့ သူ့သားကို နမ်းရှိုက်လိုက်တာ မြင်ရတယ်။

'ကျွန်မရုံးကချတဲ့အမိန့်ကို နှစ်ဘက်၊ မကျေနပ်တဲ့ဘက်က အထက်တရားရုံးအဆင့်ဆင့်မှာ အယူခံမှု၊ ပြင်ဆင်မှု တက်ရောက်နိုင်ပါတယ်။ ကျွန်မရုံးက အခုချလိုက်တဲ့အမိန့်ကို မိတ္တူကူးပြီး

www.burmeseclassic.com

www.burmeseclassic.com



ရက်ပေါင်း (၆၀)အတွင်း တက်ရမှာနော်'

တရားသူကြီး ဆက်ပြောပြီးတဲ့နောက် တရားခွင်စင်မြင့်ကနေ ဆင်းပြီး သူနားနေခန်းထဲကို ပြန်ဝင်သွားတယ်။ တရားခံနဲ့ ရဲတွေက ကျွန်မရပ်နေတဲ့ စင်္ကြံကနေ ဖြတ်လျှောက်အသွား တရားခံရဲ့မိန်းမက ရုံးပြင်ကနေ တရားခံဆီကို လိုက်သွားပြီး ငိုသံပါကြီးနဲ့ ပြောလိုက်တာကို ကြားတယ်။

'မကျေနပ်ဘူး အထက်ရုံးကို တိုင်မယ်' တဲ့။

ကျွန်မကတော့ အခုထိ ထွက်မလာသေးတဲ့ မနွေးခင်ဆီ အပြေးဝင်သွားပြီး ပခုံးကို ဖက်လိုက်တယ်။

'မနွေးခင် လာလေ။ အမှုပြီးသွားပြီ နင်နိုင်လိုက်ပြီလေ'

မနွေးခင်က ကျွန်မကို ဖက်ပြီးငိုလိုက်ပါတယ်။ မနွေးခင် ဘာကြောင့်ငိုသလဲ ကျွန်မ မသိပါဘူး။ တကယ်က သူပျော်ရမှာလေ။ သူ အလွန် အပြစ်ဒဏ်ကျစေချင်သူတစ်ယောက် ထောင်သုံးလကျသွားပြီလေ။ သူ ပျော်ရမှာပဲ။ ဒါပေမဲ့ သူ ဝမ်းနည်းပမ်းနည်း ငိုနေလိုက်တာ။ ကျွန်မ မနွေးခင်ကို နားလည်ရ ခက်လိုက်တာနော်။

'မနွေးခင်၊ တို့မှာ တရားသူကြီးကို ကန်တော့ဖို့ ဘာလက်ဆောင်ပစ္စည်းမှ မပါပါဘူး။ ဒီတော့ စိတ်သန့်သန့်နဲ့ နင် တရားသူကြီးကို ထိုင်ကန်တော့လိုက်ဟာ။ လာ'

ကျွန်မ မနွေးခင်ကို တရားသူကြီးနားနေခန်းထဲ ခွတ်ခေါ်သွားလိုက်တယ်။ မနွေးခင်နဲ့ ကျွန်မကို မြင်လိုက်တဲ့အခါ တရားသူကြီးက ပြုံးပါတယ်။ ကျွန်မဖြင့် တရားသူကြီး ကျွန်မကို ပြုံးပြလိုက်တာကို တအံ့တသြကြီးဖြစ်နေမိတယ်။ တစ်ခါမှ သူပြုံးတာကို မခံစားရဖူးလို့လေ။

'ကဲ မနွေးခင် ဘာလို့ငိုနေတာလဲ ဟိုတစ်ယောက် အပြစ်ကျသွားပြီလေ'



မနွေးခင်က မျက်ရည်တွေသုပ်ရင်း ပြုံးတယ်။ ပြီးတော့ ကလေးကို ကျွန်မ လက်ထဲထည့်၊ ကြမ်းပြင်ပေါ်မှာ ဒူးတုပ်ထိုင်ချပြီး တရားသူကြီးကို ကန်တော့ဖို့ပြင်လိုက်တယ်။ အဲဒီအချိန်မှာ ဒေါ်မြတ်က ပျာပျာသလဲ ဆွဲထူလိုက်တယ်။

'ဟဲ့ အဲဒီလို မလုပ်နဲ့။ ညည်းအဲလို လုပ်ရင် ငါ့ကို လူတွေက ဘယ်လိုထင်မလဲ။ ညည်းအပေါ်မှာ ဆန္ဒာဂတိနဲ့ ဆုံးဖြတ်ချက်ချတယ်လို့ ထင်သွားကြမယ်။ ထ အခုထစမ်း'

သူ့လေသံက တော်တော်မာပါတယ်။ မနွေးခင်မပြောနဲ့။ ကျွန်မတောင် လန့်သွားတယ်။ ဘာစကားမှ မပြောနိုင်တော့ဘူး။

'ခွင့်လွှတ်ပါဆရာမကြီးရယ်။ ကျေးဇူးတင်လွန်းလို့ပါ' လို့ မနွေးခင်က အသံတုန်တုန်နဲ့ ပြောလိုက်လို့ တော်ပါသေးရဲ့။

'ညည်းက မီးနေသည်၊ ဒီလို ကြမ်းခင်းပေါ်မှာ မထိုင်ချရဘူး။ သန့်သန့်ရှင်းရှင်းနေ။ ဖုံတွေ၊ ရောဂါပိုးတွေ ဝင်သွားမယ်။ ငါ့ကို ကျေးဇူးမတင်နဲ့။ ငါက အမှုမှန်အတိုင်း ဆုံးဖြတ်တာ။ ကြားလား။ ကဲ သွားတော့ သွားတော့'

ခွတ်အတင်းကို နှင်လွှတ်လို့ ကျွန်မနဲ့မနွေးခင် နားနေခန်းထဲကနေ ပြေးထွက်ခဲ့ရပါတယ်။

တရားခံအပြစ်ကျသွားတာကြောင့် အမှန်တရားကို ကျွန်မတို့ ပြလိုက်နိုင်ပြီလို့ စိတ်ချမ်းသာပါတယ်။ တရားရုံးထဲကနေ ထွက်လာတဲ့အချိန်မှာ မနွေးခင်ထက် ကျွန်မ မျက်နှာက ပိုမော့နေမှာ သေချာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားသားနှစ်ယောက်ကို ပုဒ်မ ၄၁၇နှင့် ပတ်သက်သည့် ထိုခံစားချက်များထဲမှ တချို့ကို အကျဉ်းချုံး ပြောပြပြီးသည့်အခါ သူတို့ကိုယ်တိုင် ပုဒ်မ ၄၁၇ကို စိတ်ဝင်စားလာပါသည်။

'မြန်မာပြည်မှာ ဒါမျိုးတွေ များသလား'

'မြန်မာပြည်အနှံ့တော့ ကျွန်မ မသိပါဘူး။ ဒါပေမဲ့ စလင်းမြို့မှာတော့ ပုဒ်မ၄၁၇က တစ်လမှာအနည်းဆုံး ဆယ်မှုလောက်ရှိတယ်'

မမမြတ်ဆီကသိထားသည့် အချက်အလက်တွေကို ကျွန်မထည့် ပြောလိုက်ပါသည်။

'အိုး မိုင်ဂေါ့ဒ်'

'ဘာကြောင့် အဲဒီလို ဖြစ်ကြတာလဲ'

'အဓိကကတော့ မိန်းကလေးတွေက ယုံလွယ်တတ်ကြလို့ထင်ပါတယ်။ အဲဒီပုဒ်မနဲ့တရားစွဲတဲ့အထိ ဖြစ်ရတဲ့မိန်းကလေးတွေ အများစုက အပျိုတွေ၊ အသက်ငယ်ငယ် ပညာမတတ်၊ ဆင်းဆင်းရဲရဲ များတယ်။ သူတို့နဲ့ဖြစ်တဲ့ယောကျ်ားတွေက အိမ်ထောင်သည်တွေ



ဖြစ်ပြီး သူတို့ထက် နည်းနည်း ငွေပိုသုံးနိုင်တဲ့သူတွေ ဖြစ်လေ့ရှိပါတယ်'

'တောနဲ့မြို့မှာ ဘယ်မှာပိုများသလဲ'

'တောဘက်မှာ ပိုများမယ်လို့ထင်ပါတယ်'

'ဘာကြောင့်လဲ'

'ကျွန်မသိသလောက်တော့ စာမဖတ်တတ်တဲ့ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတွေအတွက် မနက်ဖြန်မျှော်လင့်ချက်ဆိုတာ ဘာများရှိနိုင် ဦးမှာလဲ၊ ပျိုးနုတ်မယ်၊ ကောက်စိုက်မယ်၊ ကောက်ရိတ်မယ်။ ဒါမှမဟုတ် ပေါင်းသင်မယ်၊ မြက်ရိတ်မယ်။ ကိုင်းရှင်းမယ်။ ရွာအိမ်ခြေတွေဆီကနေ ရွာအပြင်ကိုင်းထဲ ယာထဲ လယ်ထဲကို သွားကြရတာ။ ရွာတွေမှာက ဖျော်ဖြေရေးရယ်လို့ ဘာမှမရှိဘူးလေ။ စိတ်ဝင်စားစရာမရှိ။ အချိန်တန် အရွယ်ရောက်ရင် စိတ်ကစား လာတော့မှာပေါ့'

'သူတို့ မပျော်ရွှင်ဘူးလို့ မင်းထင်သလား'

ထိုမေးခွန်းကြောင့် ကျွန်မ တစ်ချက် တွေခနဲဖြစ်သွား၏။ မန္တလေးခင်၏စကားတစ်ခွန်းကို သတိရသွားသည်။ သူထောင်ကျသည်ဖြစ်စေ လွတ်သွားသည်ဖြစ်စေ၊ ငါ့အတွက် ဘာမှ မထူးခြားဘူး။ ငါ့ဘဝမှာ အရေးကြီးဆုံးက ငါ့သားလေးပဲ။ ငါ့သားလေးရှိနေတာနဲ့ပဲ ငါ့ဘဝက ပြည့်စုံသွားပြီတဲ့။

'သူတို့ ပျော်မှာပါ။ တချို့လည်း ဒီဘဝမှာပဲ ပျော်ကြတယ်။ ဒါပေမဲ့ မြင့်တဲ့နေရာကိုတက်ဖို့ မျှော်လင့်ချက်မရှိ၊ ဘဝအတွက် တွန်းအားမရှိဘူး။ ဒါဆိုရင် ဘဝရဲ့ပြည့်စုံတဲ့အဓိပ္ပါယ်ကို မရနိုင်ဘူး'

'ဒါပေမဲ့ ပျော်ရွှင်မှုက ဘဝရဲ့အဓိပ္ပါယ်ကို တိုင်းတာတဲ့ ညွှန်းကိန်းတစ်ခုမဟုတ်ဘူးလား။ မင်း ကြိုအန်အိပ်ချ်ဆိုတဲ့စကားလုံးကို ကြားဖူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဂျီအန်အိပ်ချ်၊ ဟင့်အင်း မကြားဖူးပါဘူး'

'ဂျီအန်ပီတော့ သိတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ တစ်နိုင်ငံလုံးရဲ့ ထုတ်ကုန်ပမာဏ'

'အေး အခုဂျီအန်အိပ်ချ်ဆိုတာက ဘူတန်နိုင်ငံကနေစပြီး သုတေသန လုပ်လိုက်တဲ့ညွှန်းကိန်းတစ်ခုပေါ့။ Gross National Happiness တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပျော်ရွှင်မှုတဲ့'

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယေဘုယျပျော်ရွှင်မှု တဲ့။

ကျွန်မ တစ်ခါမှ မစဉ်းစားဖူးသော စကားလုံးဖြစ်သည်။ ပျော်ရွှင်မှုကို ဘာနဲ့တိုင်းမှာလဲ။

'ပျော်ရွှင်တယ်ဆိုတာ ကောင်းပါတယ်။ ဒါပေမဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေဆိုးကို မသိနားမလည်တဲ့ ကလေးတွေရဲ့ ပျော်ရွှင်မှုမျိုးဆိုရင်တော့ ဒါဟာ ဘဝဒဿနမဖြစ်သင့်ပါဘူး'

ကျွန်မ၏ကိုယ်ပိုင်စကားမဟုတ်ဘဲ ကိုထင်လင်း၏ စကားဖြစ်သဖြင့် ကျွန်မအရွယ်နှင့်မလိုက်ဖက်ဟု သူတို့ ခံစားသွားရမှာ သေချာပါသည်။ သူတို့နှစ်ယောက်နှင့် အစ်မကြီးပါ တစ်ယောက်ကို တစ်ယောက် အကြည့်ချင်းဆုံသွားကြသည်။

'ဒါဖြင့် မင်းက ဘဝဒဿနဆိုတာကို ဘယ်လို နားလည်သလဲ။ မင်းရဲ့ ဘဝဒဿနက ဘာလဲ'

ကျွန်မ ဖတ်ခဲ့ရသော စာအုပ်ပေါင်းများစွာမှာ ဘဝဒဿနကို အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုကြ၏။ တစ်အုပ်ဖတ်တိုင်း တစ်မျိုးတွေ့ရသည်လည်းရှိသည်။ သုံးလေးအုပ်မှာ အဓိပ္ပါယ်တစ်ခုတည်း ခပ်ဆင်ဆင် ဖြစ်နေတာတွေလည်း ဖတ်ရဖူးသည်။ သုတကတော့ ဘဝအဓိပ္ပါယ်ကို အဆိုးမြင်ဝါဒဖြင့် လက်ခံယူသည်။

'ဘဝဆိုတာ အစအဆုံးရေးထားပြီးသား စာအုပ်တစ်အုပ်။ ဘာပြီးရင် ဘာဖြစ်မယ်ဆိုတာ ပါလာပြီးသား။ တစ်ခုပဲရှိတယ်။ ငါတို့လူသားတွေက တစ်ရက်မှာ တစ်မျက်နှာပဲ လှန်ခွင့်ရှိတယ်' တဲ့။



ကျွန်မ လုံးဝလက်မခံနိုင်ပါ။

ကျွန်မ မမမြတ်ကို မေးကြည့်ဖူးပါသည်။ မမမြတ်၏ဘဝဒဿနက အဆိုးနှင့်အကောင်း ရောနေသည်။

'အောင်မြင်နေတဲ့သူတွေက ဘာမဆို ကိုယ်လုပ်ရင်ဖြစ်တယ်၊ ကံဆိုတာ လူကလုပ်တာပါလို့ စိတ်ကြီးဝင်တယ်။ ကျရှုံးနေတဲ့သူတွေက ဘာပဲလုပ်လုပ်မအောင်မြင်လို့ ဘာမှမကောင်းဘူးလို့ စိတ်ဓာတ်ကျအားငယ်တယ်။ ကံကို ပုံချကြတယ်၊ တကယ်တော့ ဘဝဆိုတာ တစ်ခါတစ်ခါမှာ ကိုယ်ကြိုးစားတိုင်းဖြစ်ပြီးတော့ တစ်ခါတစ်ခါ ကိုယ်ဘာလုပ်လုပ် မအောင်မြင်တာမျိုးတွေလည်း ရှိတယ်။ အဲဒီအခါမျိုးမှာ ကိုယ်လုပ်တိုင်းမဖြစ်အောင်တားဆီးနေတဲ့အကြောင်း တစ်ခုခု မမြင်ရတဲ့အရာတစ်ခုခုရှိနေတာကို လက်ခံရမယ်' တဲ့။

ကိုကြီး၏ဘဝဒဿနကရော။

'မျိုးဆက်တိုင်းဟာ ပစ္စုပ္ပန်ထက် ပိုကောင်းတဲ့အနာဂတ်ကို ဖန်တီးဖို့ တာဝန်ရှိတယ်' တဲ့။

ကျွန်မမှာရော သီးသန့် ဘဝဒဿန ရှိပါရဲ့လား။

'ကျွန်မမှာ ဘဝဒဿနလို့ ပြောရလောက်အောင် ကြီးကျယ်တဲ့ အယူအဆ တစ်ခုမှ မရှိပါဘူး။ ဒါပေမဲ့ ကျွန်မရဲ့ အသက်အရွယ်နဲ့ အတွေ့အကြုံအရ အမြင်တစ်ခုကို ပြောပါ ဆိုရင်တော့ ပြောပြချင်တယ်၊ လူတွေမှာ ကောင်းတဲ့စိတ်နဲ့ မကောင်းတဲ့စိတ်နဲ့ ရောနေနိုင်တယ်။ အဖြူနဲ့အမဲ ကွဲပြားအောင် ခြားထားတဲ့ နယ်နိမိတ်သတ် မျဉ်းမျိုး လူတစ်ယောက်ရဲ့နှလုံးသားမှာ မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်း အမှတ် ခြောက်

မင်းရဲ့ ဘဝဒဿနက ဘာလဲ

စလင်းမြို့မှာ အစည်ကားဆုံးဘုရားပွဲက ရွှေပြည်အေး ဘုရားပွဲပါ။ အရင်က အဲဒီဘုရားကို ကုသိနာရုံဘုရားလို့လူသိတယ်။ ကဆုန်လပြည့်ပတ်ဝန်းကျင်ဟာ ဘုရားပွဲတော် အစည်ကားဆုံး ကာလပါပဲ။

ပွဲကြည့်ရတဲ့အချိန်က ညခင်းတွေမို့ အဖော်ကောင်းကောင်း လိုပါတယ်။ အမေအဖေပါရင်တော့ အကောင်းဆုံးပေါ့။ အမေအဖေ မပါခဲ့ရင် ကိုယ့်ကို အုပ်ထိန်းစောင့်ရှောက်မဲ့လူကြီး အဒေါ်အစ်မ တစ်ယောက်ယောက် ပါရမှာ။ အဲလိုမှ လူကြီးမပါဘူးဆိုရင် ကိုယ့် သူငယ်ချင်း ကိုယ့်အပေါ် တကယ်ခင်မင်ပြီး ကိုယ့်အကျိုးကို လိုလား တဲ့သူငယ်ချင်း လိုပါတယ်။ ဒါကြောင့် ကျွန်မ ရွှေစောလုံးဘုရားပွဲ လို ကိုယ့်ရွာဘုရားပွဲမျိုးကိုတောင် ပွဲဈေးတန်းပဲ လျှောက်လည်ဖြစ် တာ။ စလင်းလို မြို့ကြီးမှာ ကုသိနာရုံ ရွှေပြည်အေးဘုရားပွဲမှာ ပွဲ ကြည့်ဖြစ်ဖို့ကတော့ မဖြစ်နိုင်သလောက်ပါပဲ။

နောက်ပြီး ပွဲကြည့်ချင်လွန်းတဲ့စိတ်ဟာ မိန်းကလေးတွေကို ရေတိမ်နစ်သွားစေတဲ့အဖြစ်မျိုး၊ ဘဝပျက်သွားလောက်တဲ့အဖြစ်မျိုး လည်း ရှိတတ်တာကိုး။ တင်တင်ဝင်းရဲ့အဖြစ်ကို ကျွန်မ [illegible]ရပြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ ပွဲဆိုတာကို စိတ်နာချင်ချင်ဖြစ်သွားခဲ့တယ်။ ဒါပေမဲ့ တစ်ညမှာ ရွှေပြည်အေးဘုရားပွဲမှာ ပွဲကြည့်ဖြစ်ဖို့ ကျွန်မ အခွင့်အရေးရလာခဲ့တယ်။

အိမ်ဖော်မက အတွင်းရေးမှူးမကျ ရှိသမျှအလုပ်အားလုံး ဆရာဝန်ကြီးအိမ်မှာလုပ်ပေးခွင့်ရတာကို အခွင့်ထူးတစ်ရပ်လို့ ယူဆပြီး ကျွန်မ ကျေနပ်ခဲ့ရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်ကြီး သွားတဲ့နေရာတချို့ကို ကျွန်မ လိုက်ခွင့်ရတယ်။ ဆရာဝန်ကြီးအိမ်က စာအုပ်တွေကို ကျွန်မ ဖတ်ခွင့်ရတယ်။ ဆရာဝန်ကြီးနဲ့ပတ်သက်ပြီးမှ တရားသူကြီးတွေ စာရင်းစစ်တွေ ပညာရေးမှူးတွေ ပညာတတ် အမျိုးသမီးတွေနဲ့ သိကျွမ်းခင်မင်ခွင့်ရတယ်။ ဒီထက်ကောင်းတဲ့ အလုပ် ဘယ်မှာ ရနိုင်ပါ့မလဲ။ ဟော အခုတော့ နောက်ထပ်အခွင့်အရေး တစ်ခု ရလိုက်ပြန်ပြီ။ အဲဒါကတော့ ပွဲကြည့်ဖို့အခွင့်အရေးပေါ့။

ကျွန်မကို ဆရာဝန်ကြီးက အေးငြိမ်းပွဲကြည့်ချင်လားလို့ မေးတော့ မကြည့်ချင်ပါဘူးဆရာလို့ပဲ သာမန် ဖြေလိုက်တယ်။ ဆရာက ဒါဆို ဒီလက်မှတ်နဲ့ဖျာကို တစ်ယောက်ယောက် ပေးပစ်လိုက်မယ် လို့ ပြောတယ်။ အဲဒီတော့မှ ကျွန်မ ရင်ခုန်သွားတယ်။

'ဟင် ဆရာ့မှာ လက်မှတ်ရသလား'

'အေး'

'ဟင် ဒါဆို ကြည့်မှာပေါ့ဆရာရဲ့'

ရုံဝင်ခ လက်မှတ်နှစ်စောင်နဲ့ ဖျာတစ်ချပ်ရတယ်။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်တဲ့ဖျာဆိုရင် နေရာကောင်းချင်မှကောင်းမယ်။ အထူးဧည့်သည်အဖြစ် မေတ္တာလက်ဆောင်ပေးတဲ့ဖျာဆိုတော့ နေရာကတော့ ကောင်းသလားမမေးနဲ့။ ရှေ့ဆုံးကနေရရင် တတိယတန်း အလယ်ကျကျနေရာပါပဲ။ ရှေ့ဆုံးတန်းမဟုတ်တဲ့အတွက် ပွဲကတဲ့ စင်မြင့်ကို ဇက်ညောင်းနေအောင် မော့ကြည့်စရာမလိုဘူးပေါ့။



ကျွန်မနဲ့သက်မွန်နဲ့နှစ်ယောက်တည်း မဖြစ်ဘူးလို့တော့ တွေးမိသား။ ကိုယ်နဲ့အတူ တွဲကျမဲ့သူတွေက အဒေါ်ကြီးတွေ အစ်မကြီး တွေဆိုတော်သေးရဲ့။ တော်ကြာ ကောင်လေးတွေ ယောကျ်ားကြီး တွေဖြစ်နေရင် မခက်ဘူးလား။

ကျွန်မတို့နှစ်ယောက်လုံးနဲ့ အတူတူခင်မင်တဲ့ သုတကိုပဲ ခေါ်ချင်တယ်လို့ ကျွန်မ သက်မွန်ကို ပြောလိုက်တယ်။ သက်မွန်က ကျွန်မကို မျက်စောင်းထိုးတယ်လေ။ ပြီးတော့ ခစ်ခနဲရယ်ပြီး တီဗွီ ကြော်ငြာထဲကအတိုင်း ပြောတယ်။

'အကြံအစည်တစ်ခုခုတော့ ရှိရမယ်။ ကောင်းမှကောင်း' တဲ့။ ကျွန်မနဲ့သုတကို သက်မွန်က အီစီကလီလို့ သတ်မှတ်တယ်။ ကျွန်မ ဘယ်လိုငြင်းငြင်း မရဘူး။ ကျွန်မကိုယ်ကျွန်မလည်း မသေချာပါဘူး။ သုတနဲ့စကားပြောရင် ကျွန်မ ရင်တွေလှိုက်ဖိုနေတာတော့ သိတယ်။ ဒါပေမဲ့ ဒါက သူမှားမြင်ရင် တစ်မျိုးထင်မှာစိုးလို့ ရင်ဖိုတာ လို့ ထင်တာပဲ။

သုတနဲ့ ကျွန်မနဲ့ အများဆုံးတွေ့တတ်တဲ့နေရာက နှစ်ခုပဲ ရှိတယ်။ တစ်နေရာက ရောင်နီဦးစာအုပ်အငှားဆိုင်၊ နောက်တစ် နေရာက ခရေပင်ကျောင်းတိုက်အောက်ထပ်က စာကြည့်ခန်း။ သုတ နဲ့ကျွန်မနဲ့ စာဖတ်တာတော့ တူတယ်။ ဖတ်တဲ့စာအုပ်ချင်းတော့ နည်းနည်းကွဲပြားတယ်။ သုတက နာမည်ကသာ သုတ၊ ဖတ်တော့ ရသစာပေပဲဖတ်ချင်တာ။ သူ့ကို သုတလို့မခေါ်ဘဲ ရသလို့ ပြောင်း ခေါ်ဖို့ကောင်းတယ်။ သူက လုံးချင်းဝတ္ထုတွေတို့ ဝတ္ထုတိုတွေတို့ ဖတ် တာ။ ဟိုတုန်းကအဟောင်းတွေရော အခုခေတ်ရသဝတ္ထုတွေရော အကုန်ဖတ်တာ။ ကျွန်မကကျတော့ ဝတ္ထုဆိုရင် ကိုယ်ကြိုက်တဲ့ စာရေးဆရာရဲ့စာအုပ်တွေကို အစဉ်လိုက်ဖတ်တာ။ ဒါပေမဲ့ ဒီစာရေး ဆရာကို တစ်အုပ်မကြိုက်ဘူးဆိုရင် နောက်ထပ် လုံးဝကြိုက်တာမဖတ် တော့ဘူး။ ပြတ်ပြတ်သားသားပဲ။ ဝတ္ထုမဟုတ်တဲ့ ရသမဟုတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



စာတွေကျတော့ ကျွန်မ သိပ်ဝါသနာပါတယ်။ ကျွန်မ သိချင်တာတွေကလည်း သိပ်များတာကိုး။ စာအုပ်တွေဖတ်တိုင်းလည်း သုတနဲ့ ကျွန်မ တိုက်ဆိုင်တယ်လို့မရှိပါဘူး။ ကျွန်မကောက်ကိုင်တဲ့ စာအုပ်တစ်ခုခုကို အပြစ်ပြောဖို့ သုတမှာ စကားတစ်ခွန်းမက အဆင်သင့်ရှိရှိနေတတ်တယ်။

ရောင်နီဦးကနေ ကျွန်မငှားမယ်လို့ ကောက်ကိုင်လိုက်တာက မြသန်းတင့်ရဲ့မိန်းမတို့အကြောင်း ဖြစ်နေမယ်ဆိုပါစို့၊ သုတက ပြောမယ်။

'နင်က နင့်ကိုယ်နင် မိန်းမတွေရဲ့လွတ်မြောက်ရေးအတွက် ရှေ့ဆုံးကနေ ချီတက်နိုင်မယ်လို့ ထင်နေသလား။ သိပ်လုပ်မနေပါနဲ့ မိန်းမဆိုတာ သူ့ကို ရိုက်တဲ့လက်ကို နမ်းတဲ့သူတဲ့'

ကျွန်မ မခံချင်ဖြစ်မဲ့ စကားမျိုးကို သူရွေးပြီး ရွတ်ပြမယ်။

တကယ်လို့ ခရေပင်ကျောင်းတိုက်ကနေ ကျွန်မငှားမယ်လို့ ကောက်ကိုင်လိုက်တဲ့စာအုပ်က ဒေါက်တာသန်းထွန်းရဲ့ ကျော်စွာ ၁၀၀ဖြစ်ခဲ့မယ်ဆိုရင် သုတက ပြောမယ်။

'ကမ္ဘာမှာ ထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်တစ်ရာ ရွေးတာတောင် မိန်းမ ဘယ်နှယောက်ပါလို့လဲ။ စိတ်ကူးမလွဲပါနဲ့ အေးငြိမ်းရယ်။ ရတဲ့ဘဝလေးမှာ ပျော်ရွှင်ချမ်းမြေ့အောင်ပဲ နေပါ။ လွတ်လွတ်လပ်လပ်နေစမ်းပါ။ ကမ္ဘာကြီးကို ကယ်တင်ဖို့က ယောကျ်ားတွေရဲ့အလုပ်ပါ' လို့။

အဲဒီအခါမျိုးမှာ အကြီးအကျယ် စိတ်မဆိုးမိတဲ့အပြင် စပိန်ဘုရင်မအီဇာဘယ်လာနဲ့ အင်္ဂလန်ရဲ့ ပထမမြောက်ဘုရင်မ အယ်လီဇဘက်အကြောင်း သူ့ကို ကျွန်မ တခမ်းတနားတောင် ပြောပြနေမိမယ်။

ကဗျာတွေကို နှစ်သက်တတ်သူချင်းအတူတူ သူရွေးဖတ်တဲ့ကဗျာနဲ့ ကျွန်မ ရွေးဖတ်တဲ့ကဗျာချင်း မတူတတ်ပါဘူး။ ကျွန်မက



ဇော်ဂျီနဲ့ မင်းသုဝဏ်ရဲ့ကဗျာတွေကို ဖတ်ပြီးရင်း ဖတ်ချင်ရင်း ရှာဖွေဖတ်နေတတ်ပေမဲ့ သူကတော့ တင်ကိုးရဲ့ကဗျာတွေကို ဖတ်နေချင်သူ။ သူ့အိမ်မှာ ဝယ်သိမ်းထားတဲ့ ဆရာကြီးမြသန်းတင့်ဘာသာပြန်တဲ့ တင်ကိုးရဲ့ကဗျာစာအုပ်တွေကို ကျွန်မကလွဲလို့ ဘယ်သူ့ကိုမှ မငှားဘူးလို့ အမြဲကြွေးကြော်တဲ့သူပါ။ ကျွန်မကို ခေတ်ပေါ်ကဗျာတွေ ရွတ်ပြပြီး ဆွဲခေါ်တတ်တဲ့သူပါ။ ကျွန်မ သူ့ကို ရွတ်ပြမိတဲ့ကဗျာတွေက မင်းသုဝဏ်ရဲ့ သပြေညိုနဲ့ ဇော်ဂျီရဲ့ သင်သေသွားသော် ကဗျာပါ။

'နင်စဉ်းစားကြည့်လေ သုတ ငါတို့အားလုံးဟာ ငယ်ရွယ်ရာကနေ ကြီးပြီးမှပဲဖြစ်ဖြစ် ငယ်တုန်းမှာပဲ ဖြစ်ဖြစ် သေတော့သေကြမှာပဲ။ ကိုယ်သေသွားတဲ့အခါ ကိုယ်မွေးဖွားရာဇာတိမြေဟာ အရင်ထက်ပိုပြီး အခြေအနေတိုးတက်မြင့်မားကျန်ရစ်ခဲ့ဖို့ မကြိုးစားသင့်ဘူးလား'

ဘာပဲဖြစ်ဖြစ် ကျွန်မတို့နှစ်ယောက် စာဖတ်ရတဲ့အရသာကို နှစ်သက်မြတ်နိုးတာချင်းတော့ တူပါတယ်။

သုတကို ပွဲကြည့်ဖို့ မနည်းချော့ခေါ်ရလိမ့်မယ်လို့ ကျွန်မထင်ခဲ့တာ၊ ဘယ်ဟုတ်မလဲ။ ရောင်နီဦးမှာ နေ့ခင်းနှစ်နာရီလောက်ဆုံမိတော့

'ပွဲကြည့်ရအောင်' လို့ ပြောလိုက်တာနဲ့ ပြုံးချိုတဲ့ မျက်လုံးတွေနဲ့ 'ကြည့်လေ ဘယ်နေ့ကြည့်ချင်လဲ' လို့ အလိုလိုက်ပါတယ်။

'ဒီနေ့ည'

'ဟာ လုပ်ပြီ အေးငြိမ်းရာ။ လက်မှတ်ဆိုတာ ကြိုဝယ်မှနေရာကောင်းမှာဟ နင်လုပ်လိုက်ရင် အသဲအသန်ချည်းပဲ'

'မဟုတ်ပါဘူး ငါ လက်မှတ်ရပြီးသား'

ပွဲဈေးတန်းမှာ ကျွန်မတို့သုံးယောက် အတူတူ လျှောက်သွားကြတာ ပျော်စရာကောင်းပါတယ်။ မုန့်ဖုားသလက်ဆိုင်၊ မုန့်ရေနဲ့အကြော်ဆိုင်၊ မုန့်ဟင်းခါးလက်သုပ်ဆိုင်၊ စားစရာဆိုင်တွေလည်း အများကြီး၊ မုန့်သိုင်းချုံလို့ခေါ်တဲ့ အုန်းသီးမှျင်တွေကို ဥာပနာထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကြက်ဥရောင်စိုလက်နေတဲ့ မုန့်ထုပ်လေးတွေကလည်း စီရီပြီး လှတောင် လှတယ်။ ခဲလံချောင်းလို့ ခေါ်တဲ့ ကောက်ညှင်းကျည် တောက်ဆိုင်တွေလည်း အများကြီးတန်းစီလို့၊ ကရေကရာဆိုင်၊ မုန့်သြဇာဆိုင်၊ မုန့်လေပွေဆိုင်တွေကလည်း စည်ကားလို့ပါ။ မုန့် လေပွေမှာ ကျွန်မက ကောက်ညှင်းအဖြူအတိုင်းလုပ်ထားတဲ့ မုန့်ကြွပ်ရွရွပေါ်မှာ ထန်းလျက်ရည်ပျစ်ပျစ်ကို အစက်အစက် ဆမ်းပေးတဲ့ မုန့်ကို ပိုကြိုက်တယ်။

ကျွန်မနဲ့သက်မွန်တစ်နေရာမှာ အကြိုက်တူတာကတော့ ခေါင်းညှပ်ကလစ်မျိုးစုံ ဆွဲကြိုးလက်ကောက်မျိုးစုံရောင်းတဲ့ဆိုင်ပဲ။ မိန်းကလေးဆိုတော့ အလှအပတော့ ကြိုက်တတ်တာပေါ့လေ။ ဒါပေမဲ့ ကျွန်မက စာအုပ်ဝယ်ရမှာ မတွန့်တိုသလောက် အလှအပအတွက်ဆိုရင် ကိုယ့်ကိုယ်ကို မသထာဘူး။ တအားတွန့်တိုတယ်၊ သက်မွန်က သုံးမျိုးလောက်ရွေးပြီးတဲ့အချိန်မှာ ကျွန်မက စမ်းတဝါးဝါးနဲ့ ဟိုဟာလေး ကောက်ကိုင်လိုက် ဈေးနှုန်းဖတ်ကြည့်ပြီး ပြန်ချလိုက်နဲ့ တစ်ခုမှ မရွေးရသေးဘူး။ နောက်ဆုံးတော့ သက်မွန်ပဲ နှစ်မျိုးဝယ်ပြီးတော့ ကျွန်မ တစ်ခုမှ မဝယ်ဖြစ်ဘူး။ သုတက ကျွန်မနှစ်ခါကောက်ကိုင်ကြည့်တဲ့ ခေါင်းညှပ်ကလစ်အညိုနုရောင်လေးကို ကောက်ကိုင်ပြီး

'နင် မယူဘူးလား နင်မယူရင် ငါယူမလို့' လို့ပြောတယ်။

'ယူလေ ငါမယူပါဘူး၊ ငါ့မှာ ခေါင်းညှပ်တွေ ရှိသေးတယ်' လို့ ကျွန်မ ပြန်ပြောလိုက်တယ်၊ သူ အဲဒီခေါင်းညှပ်လေးကို ဝယ်လိုက်တယ်၊ အဲဒါက ဈေးကြီးတယ်။ ခုနစ်ရာတောင်ပဲ။

'သုတ နင်က မိန်းကလေးပစ္စည်းဝယ်ပြီး ဘာလုပ်မှာတုန်း' သက်မွန်က ရယ်ကျဲကျဲနဲ့မေးတော့ သုတက ခပ်တည်တည်ပဲ။

'ငါ့ကောင်မလေးကို ပေးဖို့ပေါ့ဟ'



အဲဒီစကားကို ကြားလိုက်ရတာ ကျွန်မနားမှာ မိုးကြိုးပစ်ချလိုက်သလိုပဲ။ ဒိုင်းခနဲကို တုန်လှုပ်သွားတာ။ အော် ဟုတ်တာပေါ့။ သုတတစ်ယောက် ရန်ကုန်မြို့မှာ ရည်းစားရလာခဲ့တာဖြစ်နိုင်တာပဲ။ အို ဘာဖြစ်သေးလဲ။ သုတက ငါ့သူငယ်ချင်းပဲ။ ဘာမှမပိုဘူး။

ဒါပေမဲ့ ကျွန်မဘာဖြစ်မှန်းမသိဘူး။ စကားမပြောဘဲ တိတ်တိတ်ဆိတ်ဆိတ်ပဲ နေချင်တယ်၊ စကား လုံးဝကို မပြောချင်ဘူး။

သုတ ရှေ့သုံးလေးလှမ်းလွန်သွားတော့ သက်မွန်က ကျွန်မလက်ကို ခပ်မြန်မြန်ဆုပ်ကိုင်ပြီး

'အေးငြိမ်း အဲဒီ ခေါင်းညှပ်ကို နင်ရမှာ' လို့ ပြောတယ်။

'အို ဘာမှမဆိုင်ဘူး နင်မကြားဘူးလား သူ့ကောင်မလေးကို ပေးဖို့ပါတဲ့ဆို'

အဲဒီအခါ သက်မွန်က ကျွန်မကို မျက်စောင်းချိတဲ့ အငြိမ့်မင်းသမီးအကြည့်မျိုးနဲ့ ပြုံးကြည့်ပါတယ်၊

'တကယ်လား အေးငြိမ်း နင်တကယ်ပဲ အဲဒီလောက် အသလား'

ကျွန်မ ဘာပြန်ပြောရမှန်းမသိဘူး၊ ကျွန်မ ပြုံးရမလို မဲ့ရမလိုဖြစ်သွားပါတယ်။

ဘုရားပွဲဈေးတွေမှာ မပါရင်မပြီးတဲ့ ရဟတ်ကြီးကို သုံးယောက် အတူတူ စီးကြရတာလည်း ပျော်စရာကောင်းပါတယ်၊ ရဟတ်စီးခါနီးတော့ သုတက သူ့လက်ထဲက ခေါင်းညှပ်ကို ကျွန်မဆီ လှမ်းပေးတယ်။

'အေးငြိမ်း နင့် အိတ်ထဲ ခဏထည့်ပေးထားနော်။ ငါ့မှာ အိတ်မပါလို့'

ဟင် ကြည့်စမ်း၊ အဲဒါတော့ ဒီကောင်လွန်လွန်းပြီ။ သူ့ကောင်မလေးကို ပေးမဲ့လက်ဆောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဒေါသလား နာကျင်မှုလားမသိ ပါးပြင်မှာရှိန်းခနဲပူသွားတယ်။ ဒါပေမဲ့အယောင်ယောင်အမှားမှားနဲ့ပဲ သူ့ခေါင်းညှပ်လေးကို အိတ်ထဲ ထည့်သိမ်းပေးလိုက်တယ်။ သက်မွန်က ကျွန်မကို သုတအလစ်မှာ မျက်ခုံးပင့်ကြည့်ပြတယ်။ ကျွန်မ မမြင်ချင်ယောင်ဆောင်လိုက်ပါတယ်။

သက်မွန်ကကြောက်တတ်တာမို့ သုတနဲ့ ကျွန်မက သက်မွန်ကို အလယ်မှာထားပြီး ဘေးတစ်ဖက်တစ်ချက်ကနေ ညှပ်ထားရတယ်။ ဒီတော့ သက်မွန်က သုတနဲ့ကပ်လျက်ပေါ့။ ကျွန်မ သက်မွန်ကို သုတနဲ့ကပ်နေလို့ မနာလိုမဖြစ်ပါဘူး။ သက်မွန်က ကျွန်မထက် အသားဖြူတယ်။ အသားဖြူတဲ့လူတွေဟာ အဝတ်အစားကြောင့် ပိုပြီး တောက်ပသွားတတ်တယ်။ သက်မွန်ရဲ့အလှက သူ ဝတ်ထားတဲ့ ပုံစံဆန်းဆန်း တီရှပ်အဝါရောင်လေးနဲ့ ပို ထင်ရှား တောက်ပနေတာပဲ။ သက်မွန်ကို ကျွန်မက ချစ်တယ်လေ။ သုတပြောတဲ့ သူ့ ကောင်မလေးဆိုတာ သက်မွန်ဖြစ်နေခဲ့ရင် ကျွန်မ စောစောကလို မနာလိုစိတ်နဲ့ နာနာကျင်ကျင် ခံစားရမှာမဟုတ်ဘူးလို့ ကျွန်မ ယုံတယ်။ သက်မွန်ကို တစ်ယောက်တစ်ဖက်တွဲပြီး ထိန်းထားတဲ့ ကျွန်မနဲ့သုတနဲ့ လက်ဖျံတွေဟာ သက်မွန်ရဲ့ပခုံးနောက်မှာ အမှတ်တမဲ့ ထိသွားကြတယ်။ ဒါကို သက်မွန်မသိပေမဲ့ ကျွန်မရော သုတရော သိတယ်။ ဒါပေမဲ့ နှစ်ယောက်လုံး မသိချင်ယောင် ဟန်ဆောင်ထားမိကြတယ်။ ရဟတ်ကြီးအပေါ်မြင့်တက်သွားတဲ့အခါ ကျွန်မတို့ ထိုင်နေတဲ့ ထိုင်ခုံက မြောက်တက်သွားတာမို့ သက်မွန်က မျက်စိစုံမှိတ်၊ အသံကိုခြစ်ပြီး အော်တယ်။ ကျွန်မတို့နှစ်ယောက်က သက်မွန် အော်သံကြောင့် ပျော်ပြီး ရယ်မိတာပေါ့။ ရဟတ်ကြီး အောက်နိမ့်ကျသွားတော့ တက်သွားတုန်းကထက်တောင် ပိုဆိုးသေးတယ်။ နှလုံးက ကိုယ့်ကိုယ်ထဲကနေ ပြုတ်ထွက်သွားတော့မလို ငြိမ့်ခနဲ အီခနဲ နိမ့်ဆင်း လျှပ်ခပ်သွားတာပဲ့ရော။ အို ပျော်စရာကောင်းလိုက်တာပါလား။ ကျွန်မ စောစောက



ငြိုငြင်စိတ်တွေ နာကျင်စိတ်တွေ ဘာမှ မရှိတော့ဘဲ စိတ်လွတ် လက်လွတ် ရယ်လိုက်မိပါတယ်။

ဖျာလေးက ထင်ထားတာထက်တောင် သေးနေတာမို့ ကျွန်မတို့သုံးယောက် တစ်ယောက်နဲ့တစ်ယောက် ကပ်နေအောင် ထိုင်ကြရတယ်။ သုတက ကျွန်မတို့နှစ်ယောက်ကို ပတ်ဝန်းကျင် ယောကျ်ားတွေရဲ့ ကာယကံ၊ ဝစီကံ ထိခိုက်ပုတ်ခပ်မှုတွေဒဏ်ကနေ ကာကွယ်ပေးဖို့လို့ ရည်ရွယ်ပေမဲ့ တကယ်တန်းတော့ ကျွန်မတို့ မိန်းကလေးနှစ်ယောက်က သုတကို အလယ်မှာထားပြီး ပွဲကြည့်ရတဲ့ အဖြစ်ကို ကြုံကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘေးပတ်လည်နဲ့ နောက်ဘက်မှာ မိန်းမတွေချည်းဖြစ်နေလို့။ သုတက နောက်မှာ မထိုင်ချင်ဘူးဆိုပြီး အလယ်မှာကျုံ့နေအောင် ထိုင်တယ်။ အို ဘာပဲဖြစ်ဖြစ် သုတကို အလယ်မှာထားပြီး ပွဲကြည့်ရတာလည်း ပျော်စရာကောင်းပါတယ်။

ကျွန်မက အရယ်သန်တယ်။ လူရွှင်တော်နဲ့ မင်းသားတွေ ရယ်စရာပြောရင် အသံထွက်အောင်ရယ်မိတာ မရပ်မနားပဲ။ ကျွန်မ အားရပါးရရယ်နေပြီဆိုရင် သုတဘက် လှည့်ကြည့်လိုက်။ သုတ ကျွန်မကို ပြုံးကြည့်နေတာ တွေ့ရမယ်။ သုတက ကျွန်မကို အမြဲ ပြောလေ့ရှိတဲ့စကားတစ်ခွန်းက

'အေးငြိမ်း နင် ပျော်ရွှင်နေတာကို မြင်ရတာ ငါအရမ်း ပျော်တာပဲ။ နင် အရွယ်နဲ့မလိုက် လေးလေးနက်နက်အတွေးတွေနဲ့ ငြိမ်နေတဲ့အခါမျိုးမှာ ငါ ဘယ်သူ့ကို ဒေါသဖြစ်မှန်းမသိဘူး'တဲ့။

ပွဲကြည့်တယ်ဆိုတာ တစ်ယောက်တည်းကြည့်ရင် ဘယ်ပျော်နိုင်ပါ့မလဲ။ ကိုယ့်ထက်ကြီးတဲ့ ကိုယ်လေးစားရမဲ့သူတွေနဲ့ ကြည့်ရင်လည်း ဒါလောက်ပျော်မှာမဟုတ်ဘူး။ ကိုယ်က သူတို့မျက်နှာရိပ်မျက်နှာကဲ ကြည့်နေရမှာ။ သူငယ်ချင်းတွေနဲ့အတူတူကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



တော့ သိပ်ပျော်စရာကောင်းပါတယ်။ ရယ်ချင်တာလည်း မထိန်းချုပ်ဘူး။ ပြဇာတ်မှာ သေနတ်ဖောက်တော့ ထိန်းခနဲ အသံကြီးမြည်သွားတာကို အမလေးလို့ အော်လိုက်မိတာလည်း ရယ်စရာကောင်းနေပြန်ရော။ ပြဇာတ်က အချစ်အလွမ်းရော အကြမ်းရော စုံနေတာမို့ ဇာတ်လိုက်မင်းသမီးလေးသေတော့မဲ့အခန်းမှာ သုတာက ကျွန်မကို လက်တို့တယ်။ သက်မွန်ဘက်ကို မေးငေါ့ပြတယ်။ ကြည့်လိုက်တော့ သက်မွန်က မျက်ရည်တွေ ပြည့်လျှံလို့ပါလား။ ကျွန်မကတော့ ဒါက တကယ်ဖြစ်တာမှမဟုတ်ဘဲ ငိုချင်စရာမကောင်းပါဘူးလို့ တွေးမိတယ်။ သက်မွန်ကတော့ ဘာမဆို ခံစားလို့ချည်းနေတာပဲ။ သူ့မျက်ရည်တွေက စင်မြင့်ဆီက မီးရောင်တွေရောင်ပြန်ဟပ်ပြီး စိုလက်နေတာပဲ။ သုတာက သက်မွန်ကိုလည်း မလှောင်ပါဘူး။ မျက်ရည်ကျတာကို မသိချင်ဟန်ဆောင်နေတယ်။ အားလပ်ချိန်ခဏပေးတဲ့အခါ သုတာက ကျွန်မတို့ကို ဘာမုန့်စားချင်လဲ ဝယ်ပေးမယ်လို့ပြောတယ်။ ကျွန်မလက်ပတ်နာရီလေးကို ငုံ့ကြည့်လိုက်တော့ အချိန်က နံနက် ၁နာရီတောင်ခွဲနေပြီ။ ဆာလည်းဆာနေတာမို့ လက်လည်းမပေအောင် ကောက်ညှင်းကျည်တောက်ပဲ စားမယ်လို့ပြောလိုက်တယ်။ ကျွန်မက ဒစ်စ်ကာဘာရီအသံလွှင့်ဌာနက လူနဲ့ရောဂါပိုးမွှားများအကြောင်းကို မြန်မာ့အသံမှာကြည့်ပြီးကတည်းက လက်မဆေးဘဲနဲ့ ဘာမှ မစားချင်တော့ဘူး။ ကောက်ညှင်းကျည်တောက်ဆိုတော့ ဝါးအတွင်းလွှာအတိုင်း လက်ကကိုင်ထားပြီး ကောက်ညှင်းလေးကို လက်နဲ့မကိုင်ဘဲ အတောင့်လိုက်စားလို့ရတာကိုး။

ကျွန်မ ကောက်ညှင်းကျည်တောက်ကို ကြိုက်ပါတယ်။ အခု သုတာဝယ်လာတဲ့ကောက်ညှင်းကျည်တောက်က ပိုမွှေးပြီး ပိုနုပ်သလိုပဲ။ စားလို့သိပ်ကောင်းတာပဲ လို့ ကျွန်မ ပြောတော့ သက်မွန်ရဲ့ မျက်စောင်းအကြည့်ကို ကျွန်မ ထပ်ရပြန်ပါတယ်။ ကျွန်မ သုတာရှေ့မှာမို့ သက်မွန်ကို ဘာမှမပြောလိုက်တော့ပါဘူး။ သုတာသာ မရှိရင်



အဲဒီကောင်မရဲ့ကျောကို ဖြန်းခနဲပုတ်ပစ်လိုက်ပြီးပြီပေါ့။

မင်းသားက မင်းသမီးတွေအများကြီးကို ပခုံးလေးတွေဖက်လိုက် လက်လေးတွေဆွဲလိုက်နဲ့ တစ်ယောက်ပြီးတစ်ယောက် တွဲကတဲ့နှစ်ပါးသွားအက ကျပြန်တော့လည်း သက်မွန်နဲ့ကျွန်မ ကဲ့ရဲ့ချင်စိတ်နဲ့ ပြိုင်တူပဲ နှာခေါင်းရှုံ့ပြီးအော်ပစ်မိတယ်။

'နှာဘူးကျတယ်တော့' လို့။

သုတာက လိုက်ရယ်နေတာပါပဲ။ ကျွန်မတို့ ရယ်သံအော်သံကျယ်လို့ ပိတ်ပင်တာ တားဆီးတာ ဘာမှ မရှိဘူး။ ကျွန်မအမေသာဆိုရင် လူကြားသူကြားထဲ ဒီလိုအော်ပြောလို့ကတော့ ဗိုက်ခေါက်လိမ်ဆွဲပြီပေါ့။

ပွဲကြည့်တဲ့ညက ကျွန်မ သုတာနဲ့အနီးကပ်အတူရှိနေရတာကို ယစ်မူးမိသွားတယ်။ ပွဲပြီးလို့ စက်ဘီးကိုယ်စီနဲ့ အိမ်ပြန်တဲ့အခါ နံနက်မိုးတောင်လင်းတော့မယ်။ အရုဏ်ဦးအလင်းရောင်ပျပျကို အရှေ့ဘက်ကောင်းကင်မှာ မြင်နေရပါပြီ။ နံနက်ခင်းရဲ့လေက အေးအေးစိမ့်စိမ့်နဲ့ သန့်စင်လန်းဆတ်နေတာပဲ။ သုံးယောက်သား ပွဲထဲကဟာသတွေကို ပြန်ပြောရင်း စက်ဘီးနင်းလာလိုက်တာ ချမ်းရမှန်းလည်းမသိ မောရမှန်းလည်းမသိ။

စလင်းမြို့သားစစ်စစ် သုတာက အခုလို နံနက်စောစောအရုဏ်တက်ချိန်မှာ သူ အိပ်ရာကမထဖူးတဲ့အတွက် ဒီလောက်လှတဲ့နံနက်ခင်းတွေရှိနေမှန်း သူမသိခဲ့ဘူးတဲ့။ ကဗျာဆန်ဆန်ပြောတယ်။ ကျွန်မအတွက်ကတော့ ဒီလိုအချိန်ဆိုရင် အမြဲနိုးရပြီး အိပ်ရာကနေထနေကျပါ။ ဒါပေမဲ့ အလုပ်လုပ်နေရတော့ အရုဏ်တက်အလှကိုသတိထားဖို့ အချိန်မရပါဘူး။ တကယ်ပါပဲ အခု နံနက်အရုဏ်တက်အချိန်ကာလလေးဟာ ကျွန်မတို့သုံးယောက်လုံးအတွက် တန်ဖိုးကြီးလှပါတယ်။ သုတာက ဒီအချိန်လေးကို ခဏလောက်ရပ်ထားနိုင်းလို့

www.burmeseclassic.com

www.burmeseclassic.com



ရရင် ကောင်းမယ်လို့ ကဗျာရွတ်သလို ပြောတယ်။ ဘာအဓိပ္ပါယ်နဲ့ ပြောတာလဲ။ လှပအေးချမ်းလွန်းလို့ နှစ်သက်တာတစ်ခုတည်းလား။ ဒါမှမဟုတ် ကျွန်မ မသိပါဘူးလေ။

သက်မွန်ကို သူ့အရင်နေခဲ့တဲ့ အဆောင်ကို လိုက်ပို့ပေးပြီးမှ ကျွန်မကို ဆရာဝန်ကြီးအိမ်ထိ လိုက်ပို့ပေးမှာ။ သက်မွန်က ခြံဝင်းတံခါးမဖွင့်လာခင်မှာ ကျွန်မကို တိုးတိုးလေးပြောသွားတယ်။

'နင့်အိတ်ထဲမှာရှိတဲ့ ခေါင်းညှပ်လေးကို နင်သတိတရ သူ့ပြန်ပေးကြည့်လိုက်နော်' တဲ့။

'အို ဟုတ်ပါရဲ့ ငါမေ့နေတယ်'

'မမေ့ရဘူးလေ အေးငြိမ်းရဲ့။ ဒါမျိုးက မမေ့သင့်ဘူး။ နင်သူ့ကို ပြန်ပေးဖို့ ထုတ်လိုက်တဲ့အချိန်မှာ သူနင့်ကို ပြောမဲ့စကားကို ငါက သိပြီးသား'

'ဘာတဲ့လဲ'

'အစကတည်းက နင့်အတွက် ငါရည်ရွယ်ထားတာပါ တဲ့'

အဲဒီစကားကို တိုးတိုးလေးပြောပြီး ဖွင့်လိုက်တဲ့တံခါးကနေ သက်မွန် ဝင်သွားပါတယ်။ ကျွန်မနဲ့သူတ နှစ်ယောက်တည်းကျန်ရစ်ခဲ့တယ်။ ကျွန်မနဲ့သက်မွန်နဲ့ပြောနေကြတာကို သူတမကြားပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတက ဟိုးလမ်းပေါ်မှာပဲ စက်ဘီးကိုဒေါက်ထောက်မထားဘဲ ခွရပ်ပြီး စောင့်နေတာကိုး။

ကျွန်မကို သူတက ဆေးရုံကြီးဝင်းထဲအထိ လိုက်ပို့ပေးပါတယ်။ ဆရာဝန်ကြီးမနိုးသေးဘူး။ ဒါပေမဲ့ ကျွန်မ နှိုးစရာမလိုပါဘူး။ အိမ်အဝင် လှေကားအတက် သံဇကာတံခါးသော့ခလောက်ကို အပြင်ကနေ ဖွင့်လို့ရပါတယ်။ ကျွန်မမှာ သော့တစ်စုံရှိတယ်လေ။ သော့ဖွင့်မဝင်ခင်မှာ ကျွန်မတို့နှစ်ယောက် စက်ဘီးတွေကို လက်ကကိုင်ရင်း မျက်နှာချင်းဆိုင် ရပ်မိသွားတယ်။ သူတ မျက်လုံးတွေက တောက်ပ စိုလက်နေတာပဲ။ ခါတိုင်းဆို သူတကို ကျွန်မ မျက်လုံး



ချင်းဆိုင် မကြည့်ရဲစရာ ဘာအကြောင်းမှမရှိဘူး။ ဒီနေ့ နံနက်ခင်းကျမှ ကျွန်မ သူ့ကို အသေအချာမကြည့်ဝံ့သလိုလို ရှက်သလိုလို အနေရကျဉ်းကြပ်သလိုလို ဘာကြီးမှန်းကို မသိပါဘူး။

ဆရာဝန်ကြီးအိမ်ရှေ့က ယုဇနချုံပင်ဆီက မွှေးပျံ့တဲ့ရနံ့တွေ ကျွန်မတို့နှစ်ယောက်ကို လွှမ်းခြုံရစ်သိုင်းထားလိုက်တာ အိပ်မွေ့ချ ထားသလိုပဲ။ နှစ်ယောက်လုံး ပန်းရနံ့သင်းသင်းကို အားရပါးရ ရှိုက်ရှူလိုက်မိကြတယ်။

'မွှေးလိုက်တာနော်'တဲ့။ သူတက စကားမရှိစကားရှာပြီး ပြောတယ်။ ကျွန်မ သက်မွန်သတိပေးတဲ့စကားကို တစ်ချိန်လုံး မမေ့တာမို့ စလင်းဘက်အိတ်ပွပွထဲကနေ သူတပေးထားတဲ့ ခေါင်းညှပ်လေးကို ထုတ်ယူလိုက်တယ်။

'မေ့မသွားနဲ့ဦးလေ သူတ ဒီဟာ'

ကျွန်မစကားသံတွေက အမြီးအမောက်မတည့်သလို အူကြောင်ကြောင်ဖြစ်နေခဲ့တယ်။ ကျွန်မလှမ်းပေးနေတဲ့က ခေါင်းညှပ်လေးကို သူတက လှမ်းယူလိုက်တော့ ကျွန်မ ဟာခနဲဖြစ်သွားတယ်။ ဟင် သက်မွန်ပြောတော့..။ အင်းလေ၊ နာနာကျင်ကျင်နဲ့ ကြောင်အသွားချိန်မှာပဲ သူတက ပြောလာတယ်။

'ဒီခေါင်းညှပ်လေးကို နင်ကြိုက်မှန်းသိလို့ နင့်အတွက် ငါဝယ်လိုက်တာပါ။ ငါ့ကို ပြန်ပေးစရာမလိုဘူးလေ'

အယ် ကြည့်စမ်း။

'ဟင် ဒါဖြင့်'

နင့်ကောင်မလေးဆိုတာရောလို့ မေးလိုက်ချင်တယ်။ မမေးသင့်ဘူးထင်တယ်နော်။ ဟော ဒါပေမဲ့ ကျွန်မနဲ့သူတ ဘယ်လောက်များ စိတ်ချင်းဆက်သွယ်လိုက်ပါသလဲ၊ ကျွန်မ မမေးဘဲနဲ့ သူ ဖြေခဲ့တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ နင်ပဲလေ' တဲ့။

တုံးတိတိပြောပြီး မြေပြင်ကို သူ ငုံ့စိုက်ကြည့်နေခဲ့တယ်။ ကြည့်စမ်း။ ကျွန်မ ခြေထောက်က မြေကြီးကနေ ကြွသွားသလို ခံစားလိုက်ရတယ်။ တိမ်တွေထဲမျှားရောက်သွားလား။ ပေါ့ပါးလွင့်မျောသွားလိုက်တာ။ ဒါပေမဲ့ ယုဇနပန်းပွင့်ရနံ့ကတော့ မွှေးကြိုင်နေတုန်း။ ကျွန်မ သူ့ကို ဘာပြန်ပြောရမှန်းမသိလို့ လက်ထဲ ပြန်ရောက်လာတဲ့ အညိုနုရောင်ခေါင်းညှပ်လေးကိုပဲ ငုံ့ကြည့်နေမိတာ အကြာကြီး။ ကျွန်မ ဘာပြောရမှာလဲ။ တစ်ခုခုတော့ ပြောဖို့ လိုမယ်။ ဟင့်အင်း ဘာမှပြောစရာမလိုပါဘူးနော်။ သူ့ကို မော့မကြည့်ရဲဘဲ ငြိမ်သက်နေပေမဲ့ ကျွန်မ ရင်ခုန်နေတယ်။ နံနက်ခင်းလေအဝှေ့မှာ လွင့်ပါလာတဲ့ ယုဇနပန်းကြွေလေးကို သုတက လက်မြှောက်ပြီး ဖမ်းဆုပ်လိုက်တယ်။ ပြီးတော့ သူ့လက်ထဲက ပွင့်ချပ်အကြွေလေးနှစ်ခုကို ကျွန်မကို ဖြန့်ပြပြီး တအား မွှေးရှိုက် နမ်းပြတယ်။

အဲတော့

ဘာမှ မဆိုင်ဘဲ ကျွန်မ ပါးပြင်မှာ နွေးခနဲဖြစ်သွားပါတော့တယ်။

သုတနဲ့ကျွန်မ တစ်နေ့ထက်တစ်နေ့ သံယောဇဉ် ပိုတွယ်ခဲ့ကြတယ်။ ရဲဘော်ရဲဘက်လို နားလည်မှုမျိုး၊ မောင်နှမလို ရင်းနှီးမှုမျိုး၊ ချစ်သူတွေလို တွယ်တာမက်မောမှုမျိုး ဒီအမျိုးစုံ ပေါင်းထားတဲ့ ဖျော်ရည်တစ်ခွက်လို ကျွန်မတို့နှစ်ယောက် ပေါင်းစပ်ခဲ့ကြတာပါ။ အဲဒီဖျော်ရည်က ချိုမြမြ ရှိတာ။ အင်း နည်းနည်းတော့ မူးတာပေါ့။ ဒါပေမဲ့ ဒီလောက် ရိဝေဝေ ယစ်မူးတာလေးကတော့ ကျွန်မတို့ကို ဘေးဥပါဒ် မဖြစ်စေလောက်ပါဘူး။

ကျွန်မနဲ့သုတရဲ့ တွယ်တာမှုကို ကိုကြီးကိုထင်လင်း မသိစေချင်ဘူး။ ကိုကြီးက ကျွန်မကို စာတွေ အများကြီးတော်စေချင် ဖတ်စေချင်တယ်။ အင်္ဂလိပ်စာအုပ်တော်တော်များများကို ကျွန်မအတွက် လက်မှတ်ထိုးပြီးပေးတယ်။ တောင်ပေါ်ကျောင်းဘုန်းကြီးက တစ်ဆင့်၊ ခရေပင်ကျောင်းဘုန်းကြီးကတစ်ဆင့် ကိုကြီးပေးတဲ့ အဘိဓာန်တို့ တိုင်းမ်မဂ္ဂဇင်းတို့ အီကော်နောမစ်မဂ္ဂဇင်းတို့အပြင် ရောင်နီဦးစာပေကတစ်ဆင့် တချို့စာအုပ်တွေကို ပို့ပေးတယ်။ ရောင်နီဦးပိုင်ရှင် ဆရာဦးမာန်အောင်က ကျွန်မတို့ရဲ့ မာတုဗေဒ ကျူရှင်ဆရာလည်းဖြစ်တယ်။ စာဖတ်သူအချင်းချင်းမို့ ကိုကြီးနဲ့လည်း ခင်မင်ရင်းနှီးသွားပုံရပါတယ်။ ရောင်နီဦးမှာ ကျွန်မနဲ့သုတ စာအုပ်အတူတူ ငှားနေကျဖြစ်ပေမဲ့ ယစ်မူးတွယ်တာမှုရဲ့နောက်ပိုင်းမှာတော့ ဆရာဦးမာန်အောင်ရှေ့မှာ ကျွန်မ ခပ်တည်တည်ပဲ နေဖို့ ကြိုးစားရတယ်။ ကိုကြီးဆီကို သတင်းအမှားတွေရောက်သွားရင် ကျွန်မအပေါ် ကိုကြီး စိတ်ပျက်သွားမှာ စိုးပါတယ်။



သုတကတော့ ကိုကြီးဟာ ကျွန်မကို ရည်ရွယ်ချက်နဲ့ စည်းရုံးနေတာလို့ စွပ်စွဲနေတုန်းပဲ။

'နင့်အရွယ်နဲ့နင် လွတ်လွတ်လပ်လပ်နေစမ်းပါ။ အဓိပ္ပါယ်မရှိတဲ့ စာအုပ်လေးလေးကြီးတွေကို အပင်ပန်းခံဖတ်မနေစမ်းပါနဲ့'

လွတ်လပ်မှုကို သိပ်နှစ်သက်တဲ့သုတဟာ ကျွန်မကိုလည်း ဘယ်သူ့မျက်နှာမှ မကြည့်ရဘဲ ဘယ်သူ့အကဲ့ရဲ့စကားကိုမှ အတွေးပိုစိုးရိမ်နေစရာမလိုဘဲ ကိုယ်ယုံကြည်ရာကို လွတ်လွတ်လပ်လပ် ယစ်မူးနိုင်ဖို့ အားပေးလေ့ ရှိတယ်။

လွတ်လပ်ချင်တဲ့ သုတကို အလိုလိုက်မိလို့ ကျွန်မတို့သုံးယောက် အဖြစ်ဆိုးတစ်ခု ကြုံခဲ့ရတယ်။

စလင်းမြို့မှာ အလွန်နာမည်ကြီးတဲ့ ကန်ကြီးတစ်ခုရှိတယ်။ ဝက်သည်းကန်လို့အမည်ရပေမဲ့ ဝက်သကန်လို့ ခေါ်ကြတယ်။ ကန်ကြီးက အကျယ်ကြီး။ ကန်စပ်မှာ ဘုရားတစ်ဆူနဲ့ ကန်ဆောင်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတယ်။ အဲဒီတန်ဆောင်းမှာ ညနေဆိုရင် ဘုရားဖူးတွေ ကန်ရေပြင်ရှုခင်းအလှကို ငေးကြည့်သူတွေ လာတတ်ပါတယ်။ ကန်ရေပြင်ကျယ် ရဲ့ ဟိုးခပ်ဝေးဝေးမှာတော့ တောအုပ်သေးသေးလေးလို ကျွန်းလေး တစ်ခုရှိတယ်။

ကျွန်မနဲ့သုတကို ချစ်သူတွေလို့ သက်မွန်က ကောက်ချက်ချပြီးသွားတဲ့နောက် လအနည်းငယ်အကြာ တစ်ညနေခင်းမှာ သုတရယ် သက်မွန်ရယ် ကျွန်မရယ် စက်ဘီးကိုယ်စီနဲ့ ဝက်သကန်ဘက်ကို သွားကြတယ်။ ညနေ နေဝင်ခါနီးအချိန်ဆို ကန်ရေပြင်က တော်တော်လှတယ်။ ကျွန်မတို့ သွားတဲ့အချိန်က ညနေလေးနာရီခွဲပြီးခါစမို့ နေက မဝင်သေးဘူး။ တော်တော်မြင့်နေပါသေးတယ်။ ကန်ထဲမှာ လှေငယ်နှစ်စင်းလောက် ဖြည်းဖြည်းချင်းလှော်သွားပြီး ကြာဖက်တွေ ခူးနေတာ သုတမြင်တော့ ကဲဖို့ အစဖော်ညိုတယ်လေ။

သုတက ကန်ထဲမှာ လှေစီးရင်း ကြာဖက်ခူးရအောင်လို့ ပြောတယ်။ သုတရဲ့အကြံအစည်ကို ထောက်ခံသူက သက်မွန်။ သက်မွန်က ဘာမဆိုစွန့်စားချင်တဲ့သူကိုး။ ကျွန်မတတော့ အန္တရာယ်ကို ကြောက်တယ်။ အထူးသဖြင့် သုတအတွက် ကြောက်တယ်။ ကျွန်မ ရေကူးတတ်ပါတယ်။ ဖောင်းလင်းရွာသူပဲ။ ကျွန်မတို့ ဖောင်းလင်းက ဝါဆိုဝါခေါင်ရေကြီးတဲ့အချိန်မှာ ဧရာဝတီမြစ်ကနေ ဖြစ်လာတဲ့ အင်းတွေထဲ ရေပြည့်လျှံလာတာမို့ အိမ်တွေလမ်းတွေ အကုန်ရေပြင်ဖြစ်သွားနေကျ။ အနိမ့်ပိုင်း ခြေတံရှည်အိမ်တွေဆီကနေ စွပ်ခနဲ စွပ်ခနဲ ရေထဲ ခုန်ဆင်းပြီး ရေကူးနေကျ။ ကျွန်မကိုယ်တိုင်အတွက် မကြောက်ပါဘူး။ ဒါပေမဲ့ ရေမကူးတတ်တဲ့ သုတအတွက် ကြောက်တာ။ ဒါပေမဲ့ သုတက မရပါဘူး။ သက်မွန်ရော ကျွန်မရော ရေကူးတတ်တာပဲ။ နစ်ရင် ကျွန်မတို့နှစ်ယောက်ကို အားကိုးမှာပေါ့တဲ့။ ဒါနဲ့ ကျွန်မတို့သုံးယောက် စက်ဘီးအပ်ထားခဲ့ပြီး ကန်စပ်ကို သွားကြတာပေါ့။ ကြာဖက်ခူးတဲ့လှေတစ်စင်း ကျွန်မတို့ ရှိရာကမ်းစပ်



ကို ရောက်လာတယ်။ လှေလှော်လာသူက ပုဆိုးကွက်ကို ခြုံထားတဲ့ မိန်းမတစ်ယောက်။ လှေထဲမှာ ခူးပြီးသား ကြာဖက်တွေက ပုံလို့။

'ဗျို့ အဒေါ်ကြီး ကျွန်တော်တို့ကို လှေငှားမလားဗျ'

သုတက လှမ်းမေးတယ်။ အဒေါ်ကြီးက ကျွန်မတို့ဆီကို မော့ကြည့်တယ်။ ကျွန်မ ဆတ်ခနဲ တုန်သွားတယ်။ ရီဝေမှုန်မှိုင်းနေတဲ့ အဲဒီမျက်လုံးတွေကို ကျွန်မ မှတ်မိတယ်။ သုတက ဘယ်တော့မှ မမှတ်မိဘူး။

'ရပါတယ် ဘယ်သွားချင်လို့လဲ'

သူ့အသံကိုလည်း ကျွန်မ မှတ်မိတယ်။ ခပ်အက်အက် တိုးတိုး။

'လှေစီးချင်လို့'

'ဟင့်အင်း မစီးဘူး' သုတကို လက်မောင်းရင်းဆီ ဆွဲဆိတ်ပြီး ကျွန်မ အတင်းငြင်းလိုက်တယ်။ သက်မွန်က ရှေ့တောင် ရောက်သွားပြီ။ လှေထဲက ကြာဖက်တွေကို ကမ်းစပ်ကနေ လှမ်းသယ်ယူနေတဲ့ ရှစ်နှစ်ကိုးနှစ်အရွယ် ကောင်မလေးက သက်မွန်ရဲ့လည်ပင်းမှာ ဆွဲထားတဲ့ ကျောက်ရောင်စုံဆွဲကြိုးလေးကို မျက်တောင်မခပ်ဘဲငေးကြည့်နေလိုက်တာ။

'ဟဲ့ တိုးတိုး ယူလေ။ သွားပေးချည် ဘာငေးနေတာလဲ'

မိန်းမက ကလေးမကို ငေါက်တဲ့အခါ ကလေးမက ဖျာနေတာပဲ၊ ကြာဖက်တွေကို မနိုင်မနင်းပွေ့ပြီး ကမ်းစပ်က ဖျာကြမ်းပေါ်သွားချတာ။

'ဘယ်လောက်ပေးရမှာလဲ'

သုတက မေးတယ်။ ဟိုမိန်းမက ကျွန်မကို တစ်ချက်လှမ်းကြည့်ပြီး ပိုက်ဆံပေးစရာမလိုပါဘူး လို့ ခပ်တိုးတိုး ပြောတယ်။

'ကျွန်တော်တို့က မလှော်တတ်ဘူး။ ဒေါ်ကြီးလှော်ပေး'

www.burmeseclassic.com

www.burmeseclassic.com



သက်မွန်က အလိုက်မသိ တောင်းဆိုတော့ ကျွန်မ သူ့ကို ပခုံးချင်းတိုက်ပစ်လိုက်တယ်။

'ဘာလှေမှ စီးမနေနဲ့ ပြန်ကြမယ်ဟာ'

'ရတယ် ပိုက်ဆံပေးစရာမလိုပါဘူး။ လိုက်ခဲ့လေ။ နောက်တစ်ခေါက် သွားဦးမှာ'

သုတရော သက်မွန်ရော ဝမ်းသာအားရ သူ့လှေပေါ် တက်မယ်လုပ်တယ်။ ဟင့်အင်း ကျွန်မ သူ့လှေကို မစီးရဲပါဘူး။ သူ ကျွန်မကို မှတ်မိတယ်။ သူ့ကို ထောင်ထဲရောက်အောင် ပို့ထားတဲ့ ကျွန်မကို သူ မှတ်မိနေတယ်။ တော်ကြာ ကျွန်မကို အငြိုးနဲ့ တစ်ခုခု ကြံစည်ရင် ဘယ့်နှယ်လုပ်မလဲ။ သုတတို့နှစ်ယောက်က လှေပေါ် တက်ချင်၊ ကျွန်မက လုံးဝငြင်း။ ကြာတော့ ဟိုမိန်းမက ကျွန်မကို စူးစူးစိုက်စိုက် ကြည့်လာတယ်။ ကျွန်မ ငြင်းနေပုံကို သူ မသက်သာသလိုပဲ။

'ဘာမှ မဖြစ်ပါဘူး လုံမရဲ့၊ လှေက ဘာအပေါက်မှမရှိဘူး'

ဒါပေမဲ့ ကျွန်မက အကြောင်းပြချက်မပေးဘဲ ငြင်းလိုက်ပါတယ်။ သုတနဲ့သက်မွန်က နားမလည်ဘူး။

ဟင့်အင်း ငါမစီးဘူး။

သူတို့ ကျွန်မကို အလျှော့ပေးလိုက်ပြီး လှေဆီကို လှမ်းနေတဲ့ ခြေလှမ်းတွေကို နောက်ဆုတ်ကြရတယ်။ အဒေါ်ကြီးက နောက်တစ်ခေါက် ကြာဦးဖို့ လှေကို ပြန်လှော်သွားတယ်။

အဲဒီအချိန်မှာပဲ လှေတစ်စင်းက ကျွန်မတို့ကမ်းဘက်ကို ကပ်လာတယ်။ လှေပေါ်က လူနှစ်ယောက်လုံးက လှေကို ခဏချည်ထားခဲ့ပြီး စလင်းမြို့ထဲကို သွားမှာ။ ကျွန်မ သုတရဲ့ဆန္ဒကို ဖြည့်ပေးချင်တာနဲ့ အဲဒီလှေကို ငှားလိုက်ပါတယ်။ သူတို့က သဘောကောင်းတယ်။ ပိုက်ဆံလည်း တစ်ပြားမှ မယူပါဘူး။ လှေလှော်တတ်လို့လားတဲ့။ သူတို့က စိတ်ပူပြီးမေးတယ်။ သက်မွန်က ကျွန်မ လှေလှော်တတ်မှန်းသိနေတော့ သူက ဖောင်းလင်းသူ ဦးကြီးရဲ့ လို့ အာမ ခံတယ်။



သုတကတော့ စောစောက မစီးဘူးငြင်းပြီး အခုမှ လှေလှော်မယ် လုပ်တဲ့ ကျွန်မကို ဘယ်နားလည်မလဲ။

အကျိုးအကြောင်းကို သက်မွန်ရှေ့မှာပြောရင် ပိုကောင်းမယ်လို့ ကျွန်မ တွေးမိတယ်။ ဒါနဲ့ လှေကို ခပ်ဝေးဝေးအထိ ရောက်အောင်လှော်ပြီးတဲ့အခါ ရှင်းပြလိုက်ရတယ်။

'နင့်မှတ်ဉာဏ်တွေ တော်တော်နဲ့ပါလားသုတ၊ အဲဒီမိန်းမကို နင်တကယ်ပဲ မမှတ်မိဘူးလား'

'ဘယ်မိန်းမလဲ'

'စောစောက လှေပေါ်က မိန်းမလေ'

'မသိဘူး သူက ဘယ်သူလဲ'

'နားကပ်ခိုးတဲ့ သူခိုးဟာ'

'ဟာ'

ကျွန်မနဲ့သုတရဲ့ နားကပ်သူခိုးဖမ်းပွဲအကြောင်း ဟိုတုန်းကတည်းက သက်မွန်ကိုပြောပြထားဖူးတာမို့ နားကပ်သူခိုးကို အခုလို သူ့မျက်စိနဲ့ မြင်သွားစေချင်တယ်။ အဲဒီအချိန်တွေတုန်းက ကျွန်မကို သူခိုးစွပ်စွဲတဲ့မျက်လုံးအကြည့်တွေထဲမှာ သက်မွန်တောင် ပါခဲ့သေးတာပဲ၊ ကျွန်မ သက်မွန်ကို မနာကျည်းပါဘူး။ မရွှေ ခိုးနိုး မလှ စုန်းနိုး ဆိုတဲ့စကားပုံကို အမေခဏခဏ ပြောပြဖူးတာ ကျွန်မ မမေ့ပါဘူး၊ ကျွန်မသာ ငွေကြေးကြွယ်ဝတဲ့သူရဲ့ သမီးဖြစ်မယ်ဆိုရင် အဲဒီနေ့က အတန်းထဲက လူတွေ ကျွန်မကို ကြည့်တဲ့အကြည့် ပြောင်းလဲသွားနိုင်တယ်၊ အခုတော့ အဲဒီနေ့က ကြည့်လိုက်တဲ့မျက်လုံးတွေကို ကျွန်မ တစ်သက်လုံး မေ့နိုင်မှာမဟုတ်တော့ဘူး။ ရင်ထဲမှာ နက်နက်စူးစူး စိုက်ဝင်နေခဲ့တဲ့ မြားတစ်စင်းလိုပဲ၊ ဘယ်တော့မှ ပြန်နုတ်ယူလို့ မရနိုင်ပါဘူး၊ ဒါကြောင့် အဲဒီမိန်းမရဲ့မျက်လုံးတွေကိုကျွန်မ ဘယ်တော့မှ မမေ့နိုင်တာ၊ ဘယ်နေရာမှာပြန်တွေ့တွေ့ အမြဲမှတ်မိမှာပဲ၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သူ ဘယ်လိုမှ မေ့မှာမဟုတ်ဘူး။ ကျွန်မကြောင့် သူ ထောင်ထဲ ရောက်ခဲ့ရတာ။ ကျွန်မဟာ သူ့အတွက် ဘယ်တော့မှ ပျောက်ကွယ်မသွားမဲ့ ဒဏ်ရာအနာရွတ်တစ်ခုပဲ။

ကျွန်မတို့ ကြာဖက်တွေခူးဖို့ ရေလယ်အထိလှော်သွားပေမဲ့ မခူးတတ်လို့ကို ကြာဖက်မရပါဘူး။ ကြာဖက်က ပက်လက်လေးတွေ နေတာ၊ ပက်လက်နေတဲ့ကြာဖက်ကို ဒီအတိုင်းဆွဲနုတ်ယူလို့မရဘူးနဲ့ တူတယ်။ ကျွန်မတို့သုံးယောက်မှာ ကျွန်မက လှေလှော်တဲ့သူ၊ သုတနဲ့သက်မွန်က ဒီအတိုင်းထိုင်လိုက်ပြီး ကြာဖက်ခူးဖို့ ကြိုးစားကြတာ၊ တစ်ရွက်မှ အကောင်းပကတိမရဘူး။ စုတ်ပြဲတာနဲ့ ခူးလို့မရတာနဲ့၊ ရေက တော်တော်နက်တယ်လို့ ကြားဖူးပေမဲ့ အောက်ခြေကို လှမ်းမြင်ရသလောက်တော့ ကြာရိုးကြာစွယ်အမြစ်တွေ မြက်ရွက်ရှည်လို အပင်ရှည်တွေ၊ ရေညှိရေမှော်ပင်တွေနဲ့ နောက်ပြီး နှစ်ပေါင်းများစွာ အနယ်ထိုင်နေတဲ့ သေပြီးသားအမြစ်တွေ အရွက်တွေက နုံးနှစ်တွေ ဖြစ်နေတော့ ရေကတိမ်နေသလိုလို။

ကျွန်မတို့နဲ့ ခပ်လှမ်းလှမ်းမှာက ကြာဖက်ခူးတဲ့လှေနှစ်စင်း ရှိတယ်၊ ဘယ်ဟာက ဟိုမိန်းမရဲ့လှေလဲ မသိဘူး၊ ဒါပေမဲ့ ကျွန်မကတော့ အဲဒီလှေတွေနဲ့ ဝေးရာကိုပဲ လှော်သွားလိုက်တယ်။ ကျွန်မတစ်ချက်မှားသွားတာက ကြာဖက်ခူးဖို့ကိုပဲ စိတ်ကရောက်နေတဲ့ သုတရဲ့ ကိုယ်အလေးချိန်ဟာ လှေကို ဟန်ချက်ပျက်အောင် တစ်ဘက်စောင်းနေတဲ့အထိပဲ ဆိုတာကို မတွေးလိုက်မိတာပဲ။ သုတက ကြာဖက်တွေကို ခူးလို့မရလေ၊ မခံချင်စိတ်နဲ့ ကိုယ်ကို ကြာဖက်ဆီအားပြုလေ၊ ကျွန်မ လှေကို တက်နဲ့ထိန်းရတာ မနိုင်တော့ဘူး။

'သုတ နင် သိပ်မကဲနဲ့ လှေလယ်ခေါင်မှာ ငြိမ်ငြိမ်ထိုင်နေ'

ပြောတုန်းပဲရှိသေးတယ်၊ လှေထဲကို ရေဝင်လာတဲ့အထိ လှေနှုတ်ခမ်းက စောင်းသွားတယ်။ ကျွန်မ လှော်တက်ကို ဘယ်က



နေ ညာဘက်ပြောင်းပြီး အမြန်ထိန်းလှော်လိုက်ပေမဲ့ လှေက ချာချာလည်သွားပြီ။ ကျွန်မ သိလိုက်တယ်။ လူသုံးယောက်လုံး ငြိမ်ငြိမ်မနေရင်တော့ သွားပြီလို့။

'ငြိမ်ငြိမ်နေ လှေထိန်းလို့မရဘူး'

အလန့်တကြား ကျွန်မအော်လိုက်တာ ပိုဆိုးသွားတယ်။ သုတက လန့်ပြီး လှေဒီဘက်ကနေ ဟိုဘက်ထိရောက်အောင် ရွှေ့ထိုင်လိုက်တယ်၊ လှော်တက်ကို အမြန် ဘက်ပြောင်းဖို့ ကြိုးစားပေမဲ့ လှော်တက်ကို ကျွန်မ ပြန်နုတ်ယူလို့မရဘူး၊ ရေထဲက တစ်ခုခုနဲ့ငြိသွားတယ်၊ အဲဒီအဖြစ်ကို သက်မွန်က သိလို့ နောက် လှော်တက်တစ်ခုကို လှေဝမ်းထဲကနေ ကောက်ကိုင်ပြီး လှော်ခတ်ဖို့ ကြိုးစားပါတယ်၊ ဒါပေမဲ့ ကျွန်မလှော်တက်ကို ဆွဲယူလို့ကို မရတာ၊ လှေက တစ်နေရာတည်းမှာပဲ ချာချာလည်နေတော့တယ်။

'သုတ ကူဆွဲပေးစမ်းပါ'

သူ့ယောကျ်ားလေးအားနဲ့ လှော်တက်ကို ကူပြီးဆွဲလိုက်တဲ့အခါ ငြိနေတဲ့လှော်တက်က ကျွတ်ထွက်ပါလာပါရဲ့၊ ဒါပေမဲ့ လှေကတော့ စောင်းရာကနေ ဗြုန်းခနဲ မှောက်သွားပါတယ်၊ ကျွန်မမျက်လုံးတွေ ပြာသွားတယ်၊ ပထမဆုံးသိလိုက်တာက တစ်ကိုယ်လုံးရေစိုရွှဲသွားတဲ့အဖြစ်၊ ကျွန်မ ရေထဲရောက်သွားတဲ့ အဖြစ်၊ ကျွန်မက ရေကူးတတ်တဲ့သူမို့ ကိုယ်ကိုဖော့ပြီး အလိုက်သင့်နေဖို့ သတိရတယ်၊ ဒါပေမဲ့ သုတက ဗူးဗူးဝါးဝါးပဲအော်ပြီး ယက်ကန်ယက်ကန် ဖြစ်နေပြီ၊ သုတ ရေမကူးတတ်ဘူးဆိုတာ ကျွန်မ ချက်ချင်းသတိရသွားတယ်၊ ဒါကြောင့် သုတဆီကို လက်လှမ်းလိုက်တယ်။ ဒါပေမဲ့ သုတနဲ့ ကျွန်မ လက်တစ်ကမ်းအကွာမှာ မဟုတ်ပါလား၊ သုတနဲ့ ကျွန်မနဲ့ ဝေးလှချည်လား။

'သက်မွန်'

www.burmeseclassic.com

www.burmeseclassic.com



သက်မွန်လည်း ရေကူးတတ်ပါတယ်။ ဒါပေမဲ့ သက်မွန်က ရေပေါ်မှာ ခြေထောက်တွေသာ ယက်နေတာ လက်ကတော့ လှေနံရံကို စမ်းတဝါးဝါးထိဖို့ ရှာနေတယ်။

'သက်မွန် သုတ သုတ'

သက်မွန်နဲ့ ကျွန်မ သုတဆီကို အပြိုင် ကူးသွားကြတယ်။ ကျွန်မက အရင်ရောက်တယ်။ ကျွန်မ သုတရဲ့ တဗွမ်းဗွမ်း လှုပ်နေတဲ့ တစ်ကိုယ်လုံးကိုဆွဲယူဖို့ လက်ကမ်းလိုက်တယ်။ ဒါပေမဲ့ ကျွန်မ မနိုင်ပါဘူး။ အဲဒီအချိန်မှာ သုတက ရေမွန်းနေပြီ။ သွေးရူးသွေးတမ်း ဖြစ်နေပြီ။ သွေးရူးသွေးတမ်းနဲ့ ကျွန်မလက်ကို ဆွဲဆုပ်နေတော့ ကျွန်မမှာ ခြေထောက်နှစ်ဖက်ကိုပဲ ခတ်နိုင်တော့တယ်။

သက်မွန်နဲ့ကျွန်မနဲ့ သုတကို ရေပေါ်ပေါ်အောင် ဆွဲတင်ဖို့ ကြိုးစားပေမဲ့ မရဘူး။ ကျွန်မတို့နှစ်ယောက်လုံးကိုပါ သူ့ဆီ ဆွဲနှစ်နေသလို ပဲ။ အဲဒီအချိန်ကျမှ ရေနစ်သူကို ကယ်ဆယ်ဖို့ ဘယ်လောက်ထိ ခက်ခဲသလဲဆိုတာ ကျွန်မ သိလိုက်ရပါတယ်။ ရေနစ်တဲ့သူက ငြိမ်ငြိမ်လေး သစ်တုံးတစ်တုံးလို ပါလာရင် လွယ်မယ်။ ဒါပေမဲ့ ခြေတွေ လက်တွေ သွေးရူးသွေးတမ်း လှုပ်ရမ်းဆွဲရုန်းနေတော့ ကျွန်မပါ သူ့အောက်ဘက်ထိ နစ်ဝင်သွားတာ။

ကျွန်မ တစ်ချက်ရေပေါ်မှာ မျက်နှာမော့ထားနိုင်တုန်းက နစ်နေပြီ၊ ကယ်ကြပါဦးလို့ အော်လိုက်မိတယ် ထင်တယ်။ မသေချာဘူး။ ရေထဲကို အရှိန်နဲ့ တိုးဝင်နစ်နေတဲ့အဖြစ်အပျက်ထဲမှာ ကျွန်မ ဘာကိုမှ အသေချာမသိတော့ပါဘူး။

နောက်ဆုံး ကျွန်မကိုယ်လုံးကို တစ်ခုခုက ပွတ်တိုက်သွားတဲ့ခံစားချက်ကို သတိထားလိုက်မိတော့မှ လှေတစ်စီးတော့ ရောက်လာပြီလို့ ထင်လိုက်တယ်။ ထင်ရုံပါပဲ။ ဘာမှ မသေချာဘူး။ အဲဒီအချိန်မှာကျွန်မ မျက်လုံးတွေက ရေတွေနဲ့ကျိန်းစပ်နေတာ။ အဆုတ်ထဲ



ကို ရေမဝင်အောင် အသက်အောင့်ထားရလို့ မွန်းလှပြီ။ တစ်ချက်အားစိုက်ပြီး ကျွန်မလက်ကို ပင့်တင်လိုက်တယ်။ ကျွန်မတို့ ဆွဲတင်နေတဲ့ ကိုယ်လုံးက ရေပေါ်ကို ဘွားခနဲပေါ်သွားတယ်။ ကျွန်မလည်း အဲဒီအချိန်ကျမှ ရေပေါ်ကို မျက်နှာပင့်ယူနိုင်ပြီး အသက်ကို တဝကြီးရှူပစ်လိုက်ပါတယ်။ သက်မွန်နဲ့ ကျွန်မနဲ့ သုတကို လှေတစ်စီးပေါ်ကို တင်ပေးဖို့ ဆွဲယူလိုက်တာကို ကျွန်မ မှတ်မိတယ်။ လှေပေါ်က တစ်ယောက်ယောက်က ကူဆွဲလိုက်တာကို မှတ်မိတယ်။ အဲဒီနောက်မှာတော့ ကျွန်မကို တစ်ယောက်ယောက်က ရေအောက်ကို ဆွဲချလိုက်သလို ခံစားရတယ်။ ကျွန်မကို ခြေကျင်းဝတ်ဆီကနေ ဆွဲရစ် ယူလိုက်တာ လက်ချောင်းတွေလား။ ကျွန်မ ဘယ်လိုမှ ခြေနဲ့ယက်လို့ မရဘူး။ လက်တွေကို လှုပ်နေပေမဲ့ ခြေထောက်က ဆွဲဆုပ်ခံနေရတော့ အချည်းနှီးပါပဲ။ ကျွန်မကို ရေထဲနှစ်နေပြီ။ ကျွန်မမျက်နှာ ရေထဲရောက်သွားတယ်။ ရေထဲမှာ ကျွန်မ အပြာရောင် အစိမ်းရောင် လှုပ်ယမ်းနေတဲ့ အရောင်တွေကို မြင်ရတယ်။

ကျွန်မ အော်လိုက်ပေမဲ့ အသံမထွက်နိုင်ဘူး။ ရေထဲမှာ လူတစ်ယောက် အော်လို့ ရလို့လား။ ရေတွေသာပါးစပ်ထဲဝင်လာတာပါ။ မဖြစ်ဘူး။ ကျွန်မ ရေပေါ်ပြန်ရောက်မှဖြစ်မယ်။ ကျွန်မ ရသမျှ ခြေကို ရုန်းကန်ကြည့်မိတယ်၊ မရဘူး။ ရုန်းလေ။ တင်းကျပ်လေ။ ဆွဲချလေ၊ ကျွန်မ အသက်ရှူမှဖြစ်မယ်။ မွန်းလှပြီ။ မနေနိုင်တော့ဘူး။ နောက်ဆုံးတော့ ကျွန်မ အသက်အောင့်ထားရာကနေ လွှတ်လိုက်တယ်။ အဲဒီအချိန်မှာပဲ ကျွန်မ ဟိုးအောက်ထဲအထိ နစ်ဝင်ပြီး အမှောင်ထုထဲ ကျသွားပါတော့တယ်။

ကျွန်မ ရေနစ်ခဲ့ပြီ။

ကျွန်မ သေတော့မယ်၊ ရေအောက်ထဲအထိ ရောက်သွားတာ။ နွံတွေနုံးတွေအထပ်ထပ်ကို ကျွန်မ ခြေထောက်မှာ ခံစားမိသွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမဲ့ အဲဒီနံ့တွေက ပွပွကြီးမို့ ခြေထောက်က အဆီးအတား မရှိ။ ဟိုးအောက်ခြေအထိ နစ်ဝင်သွားတယ်။ ရေအောက်ကြမ်း ပြင်ဆီ...တစ်ကိုယ်လုံး ပေါ့ပါး.. လွတ်မြောက်။ တိမ်တွေထဲ...

ကျွန်မ သတိပြန်ရလာတဲ့အချိန်မှာ ပထမဆုံးသိလိုက်ရ တာက အနံ့။ ကျွန်မ မကြိုက်တဲ့ စူးစူးဝါးဝါးအနံ့။ အဲဒါ ဘာနံ့လဲ။ ကျွန်မ မှတ်မိသွားတယ်။ ဒက်တောလ်အနံ့။ ဆရာနဲ့ ဆေးရုံကို ခဏ ခဏလိုက်ပါ ကူညီခဲ့ရလို့ ဒီအနံ့ဟာ ပိုးသတ်တဲ့ ဆေးရည်အနံ့မှန်း မှတ်မိသွားတယ်။

ကျွန်မ ဆေးရုံကို ရောက်နေခဲ့တယ်။ ရေနစ်လို့။

ကျွန်မ အဆုပ်ယောင်ရမ်းလို့ အဖျားဝင်တဲ့ရောဂါနဲ့ ဆေးရုံ မှာ သုံးရက်တက်လိုက်ရပါတယ်။ ရောဂါ မသက်သာသေးပေမဲ့ သုံးရက်မြောက်နေ့မှာ ကျွန်မ ဆေးရုံကဆင်းလိုက်ရတယ်။ ဘာ ကြောင့်လဲဆိုတော့ အဆုပ်ယောင်တာထက် ပို ကြောက်စရာကောင်း တဲ့ အန္တရာယ်ကို ရှောင်ဖို့ပါ။

ကျွန်မ အဖျားနည်းနည်းလျော့ပြီး ခုတင်ပေါ်မှာ ခေါင်းအုံး နဲ့ မှီထိုင်နိုင်တဲ့ တတိယမြောက်ညနေခင်းမှာ ကျွန်မဆီကို ဧည့်သည် အဒေါ်ကြီးတစ်ယောက် ဒေါနဲ့မောနဲ့ ရောက်လာတယ်။

'ညည်းလား အေးငြိမ်းဆိုတာ'

ကျွန်မ သူ့ကို ချက်ချင်း မမှတ်မိပေမဲ့ သူ့နားမှာ ပန်ထား တဲ့ ‌တောက်ပတဲ့နားကပ်ကို မှတ်မိလိုက်တာ။ အဲဒါ သုတရဲ့ အမေပဲ လို့။ ဆုပေးပွဲမှာတုန်းက သူက အဲဒီနားကပ်ပြောင်ပြောင်နဲ့ အရမ်းကို ထင်ပေါ်နေလို့လေ။

အဲဒီနောက် သုတအမေဆိုတဲ့အသိနဲ့ ကျွန်မက ဧည့်ခံဖို့ စကားရှာနေတုန်း ဘာမပြောညာမပြော ကျွန်မ မျက်နှာကို သူ့လက် နဲ့ ဖြတ်ရိုက်ပစ်လိုက်တယ်။



ဟာ။ ကျွန်မ ဘယ်လိုမှ ထင်မထားမိလို့ ကြောင်အပြီး ယိုင်လဲသွားခဲ့တာ။

'ဘာလဲ ဘာဖြစ်တာလဲ'

သုတအမေသောဘာသော ကျွန်မ ဂရုမစိုက်နိုင်ဘူး။ ဘာ မှန်း ညာမှန်းမသိဘဲ ကျွန်မ အသားကို နာအောင်လုပ်တဲ့သူလေ။ ကျွန်မ အော်ပစ်လိုက်တာပေါ့။ ကျွန်မဘေးနားမှာ တခြားလူနာတွေ ရှိတယ်။ ဧည့်သည်ချိန်ဖြစ်လို့ လူနာတွေနားမှာ ဧည့်သည်တွေလည်း အများကြီး။ လူအစည်ဆုံးအချိန်မှာ ကျွန်မကို သူရိုက်ပစ်လိုက်တာ။

'ညည်းကြောင့် ငါ့သားလေး ရေနစ်ရတာ။ ငါ့သားသေရင် ညည်းကို ငါသတ်မယ်'

အလို။ ဘာဆိုင်လို့တုန်း။ ကျွန်မ ဒေါသထောင်းခနဲ ထ သွားတယ်။ ပါးပြင်မှာ ပူစပ်သွားတဲ့ဒဏ်ရာကို လက်နဲ့အုပ်ရင်းက ခုတင်ပေါ် ထိုင်ရာကနေ ဝုန်းခနဲ ဆင်းပစ်လိုက်တယ်။ ဒါပေမဲ့ စိတ် ပဲရှိပြီး လူမလိုက်နိုင်တော့ အိပ်ရာပေါ် ခွေခေါက်ပြန်ကျသွားတယ်။

'ခင်ဗျားသားကြောင့် ကျုပ်က ရေနစ်ရတာ။ ခင်ဗျားသား ကိုသာ ကျုပ်မဆယ်ဘဲ ကူးသွားရင် အသာလေးပဲ။ ခင်ဗျားဟာက ပြောင်းပြန်ကြီး။ လူကို လာမစော်ကားနဲ့နော် လူကြီးတွေဘာတွေ ကျုပ်နားမလည်ဘူး'

လူက မလှုပ်နိုင်ပေမဲ့ ကျွန်မအသံကတော့ နည်းနည်းမှ မလျော့ပါဘူး။ သူက ကျွန်မရဲ့စကားကြောင့် ဆွေ့ဆွေ့ခုန်သွား တယ်။ ဝတ်ကောင်းစားလှနဲ့ နားကပ်တဝင်းဝင်းနဲ့ မိန်းမကြီးတစ် ယောက် ဆွေ့ဆွေ့ခုန်ဒေါသထွက်နေတာ ရယ်စရာကောင်းပေမဲ့ ကျွန်မ အသံထွက်ရယ်ဖို့ အင်အားမရှိဘူး။ စိတ်ထဲကတော့ တအား ကို ရယ်ပစ်လိုက်ပါတယ်။

အဲဒီအချိန်မှာ မမစိုးကို တစ်ယောက်ယောက်က သွားခေါ် ပုံရတယ်။ မမစိုး အပြေးအလွှားရောက်လာပြီး အဲဒီမိန်းမကြီးကို ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။

'ဒေါ်လေး ဒေါ်လေး ဒါ လူနာဆောင်လေ။ ဒေါ်လေးရဲ့ ခံစားချက်ကို ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ စိတ်ကို ထိန်းပါ။ ဒီမှာ ဒီလိုလုပ်လို့မရဘူးလေ'

အဲဒီလို မမစိုးကပြောပြီးဆွဲတာကို သူက ရုန်းနေသေးတာ။ ကျွန်မကို စိတ်ရှိလက်ရှိရိုက်ပစ်ချင်တဲ့ဟန်အမူအရာနဲ့လေ။ ဒါနဲ့ပဲ ကျွန်မ မမစိုးစကားကို သံယောင်လိုက်ပြီး အဒေါ်ကြီးကို ခြိမ်းခြောက်လိုက်ပါတယ်။

'ခင်ဗျား နောက်ထပ်ရိုက်ရဲ ရိုက်ကြည့်လေ။ နာကျင်စေမှုနဲ့ တရားစွဲပစ်မယ်။ ဆေးရုံတက်နေတဲ့ လူနာမိန်းကလေးတစ်ယောက်ကို ကိုယ်ထိလက်ရောက်ရိုက်နှက်တာ ဘယ်လောက်အပြစ်ကြီးလဲ သိလား။ သက်သေတွေ အများကြီးရှေ့မှာနော်။ တရားသူကြီး ဒေါ်မြတ်ကောင်းမွန်ဆီ ရောက်သွားမယ် ဘာမှတ်လဲ'

မမြတ်ကို ဘယ်သူမှ လာဘ်ထိုးလို့မရဘူးဆိုတာ စလင်းတစ်မြို့လုံး သိတယ်လေ။ လာထား၊ လာထား။

'အမယ် ကောင်မစုတ်က လူဝါးဝလို့'

မမစိုးကဆွဲလေ အဒေါ်ကြီးက ရုန်းလေပေါ့။ ကျွန်မ အားယူပြီးထလိုက်တာ ဒီတစ်ခါတော့ အောင်မြင်စွာပဲ ခုတင်ခြေရင်း ကြမ်းပြင်ပေါ်မှာ မတ်မတ်ရပ်နိုင်သွားတယ်။ ကျွန်မတို့နှစ်ယောက် အဖြစ်ကို စိတ်ဝင်တစားနဲ့ ကြည့်နေကြသူတွေအတွက်တော့ ဒါဟာ မျောက်ပွဲလိုပဲပေါ့။ လူကြီးနဲ့လူငယ် ဘယ်သူက မှားသလဲ ဘယ်သူက မှန်သလဲ။ ကျွန်မက သက်သေပြလိုက်ချင်တယ်။

နောက်တော့ ဆရာဝန်ကြီးရောက်လာတာနဲ့ ပွဲက တစ်ပိုင်းတစ်စနဲ့ ပြတ်သွားပါတယ်။

ဆရာဝန်ကြီးက အဒေါ်ကြီးကို မျက်နှာထားတည်တည်နဲ့ လူနာဆောင်ထဲကနေ ပြန်ထွက်ခိုင်းတယ်။ ကျွန်မကိုလည်း မျက်နှာ



ထားတင်းတင်းနဲ့ လူနာက လူနာလိုနေတာမဟုတ်ဘူးလို့ ငေါက်ပါတယ်။

အကျိုးဆက်ကတော့ နောက်တစ်နေ့မနက်မှာ ကျွန်မ ဆေးရုံကနေဆင်းပြီး ဆရာဝန်ကြီးအိမ်မှာပဲ နားနေရတဲ့အခွင့်အရေး ရလိုက်တာပဲ။

သုတက ဆေးရုံကို ငါးရက်တက်ရတယ်။ အဖျားက တော်တော်နဲ့မကျလို့။ ကျွန်မဆင်းမဲ့နေ့မှာ သုတရှိနေတဲ့ အမျိုးသား ဖျားနာဆောင် ယောကျ်ားဘက်ကို ကျွန်မ သွားခဲ့တယ်။ အဒေါ်ကြီး ရှိမနေဘူး။ သုတရဲ့အဖေပဲ ရှိတယ်။ သုတအဖေကတော့ တော်တော်သဘောကောင်း ပါတယ်။ ကျွန်မကို အေးငြိမ်းမှန်းသိပေမဲ့ ပြုံးပြနှုတ်ဆက်တယ်။ နေကောင်းပြီလား ဘာညာနှုတ်ဆက်မေးတယ်။ ပြီးတော့ အဲ့ဩစရာ၊ ကျေးဇူးတင်စကားကို ပြောတယ်။

'ကျေးဇူးတင်ပါတယ်မိန်းကလေးရယ် သမီးတို့သာ မဆယ်ရင် သားအဖြစ်ကို မတွေးရဲစရာပဲ'တဲ့။ ကဲ သူက အကြောင်းရင်းမှန်ကို လက်ခံပြီး သူ့မိန်းမက ဘာဖြစ်လို့ လက်မခံနိုင်တာလဲ။ အံ့ဩစရာမကောင်းဘူးလား။ ကျွန်မရင်ထဲမှာ ကျေနပ်မှုနဲ့ နွေးထွေး သွားတယ်။

သက်မွန်ပြောပြလို့ အဖြစ်မှန်ကို ကျွန်မ သိလိုက်ရပါတယ်။ သုတကို ဆယ်ပေးပြီးတဲ့နောက် ကျွန်မ ရေနစ်သွားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကြာပင်တွေနဲ့ ဒိုက်ပင်တွေရဲ့ အမျှင်တွေက ကျွန်မကို ရစ်ပတ်တုတ်နှောင်ထားတာတဲ့။ ဟိုး အောက်ခြေနှံ့ထဲထိ အောင် ကျွန်မ ကျနေပြီတဲ့။ အနားရောက်လာတဲ့ လှေပေါ်က မိန်းမက ရေထဲကို ငုပ်ပြီး အမျှင်တွေကို သွားနဲ့ကိုက် ဖြတ် ဆွဲယူပွေ့လာရတာတဲ့။

ကျွန်မအသက်ကို ကယ်ခဲ့သူက နားကပ်ခိုးလို့ ထောင်ကျသွားတဲ့မိန်းမပါ။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့မျက်စိရှေ့မှောက်မှာပဲ သူ့ကိုယ်တိုင် ရေငုပ်ပြီး နင့်ကို ဆင်းဆယ်ရတာ။ ငါက အဲဒီအချိန်မှာ လုံးဝကို မလှုပ်နိုင်တော့ဘူး၊ ခြေကုန်လက်ပမ်းကျနေပြီ။ သုတလည်း လှေပေါ်မှာ ပက်လက်ကြီး။ နင့်ကို သူပဲ ကယ်ယူခဲ့ရတာ။ နင်က သူ့လက်ထဲမှာ အသက်မရှိသလို ပျော့ခွေကြီး။ ငါ နင်နဲ့သုတကို ကြည့်ပြီး တအားကို ငိုချလိုက်မိတာ၊ နင်တို့နှစ်ယောက်လုံးသေပြီ လို့ ငါထင်လိုက်တာကိုး'

အဲဒီအကြောင်းကို သိလိုက်ရပြီး သုံးလေးရက် ကျွန်မ အိပ်မပျော်ဘူး။ ညအိပ်ရာဝင်တိုင်း ပေါင်းပေါ်မှာ ဆုံမိစဉ်က အဲဒီမိန်းမရဲ့မျက်လုံးတွေ၊ သူ့ကို သွားဖမ်းတဲ့ညက သူ့အမေကို ငုံ့ကြည့်ပြီး စကားပြောလိုက်တဲ့ မျက်ရည်လိမ့်ဆင်းကျနေတဲ့ မျက်လုံးတွေ။ အဲဒီမျက်လုံးတွေက ကျွန်မကို ခြောက်လှန့်နေသလိုပဲ။ တစ်ညဆို အသက်ရှုကျပ် ချွေးစေးတွေပြန်ပြီး လန့်နိုးလာခဲ့တာ။ အဖျား ပျောက်နေပါပြီ၊ ကျွန်မ ပြန်အိပ်လို့ မရဘူး။ မနက်မိုးလင်းတော့ ဆရာ့ကို နားကပ်အကြောင်း ပြောပြလိုက်တယ်။

ဆရာက ကျွန်မ ဘာလုပ်သင့်တယ်ဆိုတာကို အကြံပေးတယ်။ အဲဒီမိန်းမဟာ ကျွန်မရဲ့အသက်သခင်ဖြစ်လို့ ကျေးဇူးဆပ်တဲ့အနေနဲ့ သွားကန်တော့သင့်တယ်တဲ့။ အသက်သခင်။ ဒီစကားလုံးဟာ ကြီးမြတ်လွန်းလှတာကြောင့် ကြက်သီးတောင် ထသွားမိတယ်။

ကျွန်မရဲ့အသက်သခင်။ ကျွန်မ မယုံကြည်နိုင်ဘူး။ သူဟာ ကျွန်မရဲ့အမြင်မှာ သူခိုးပဲ၊ ကလေးတစ်ယောက်ရဲ့နားကပ်ကို ချွတ်ယူတာ။ သူခိုးထက်တောင်ဆိုးတဲ့သူပဲ၊ အဲဒီလို မိန်းမမျိုးက ရေနစ်တဲ့ လူတစ်ယောက်ကို ကယ်ခဲ့သတဲ့လား၊ အဲဒီလူကလည်း သူ့ကို ထောင်ကျအောင် သတင်းပေးထားတဲ့သူ။

သုတ နေကောင်းသွားပြီးလို့ တစ်ပတ်လောက်ကြာတဲ့အခါ ဒီကိစ္စကို ကျွန်မ သုတကို ဖွင့်ပြောတိုင်ပင်ရတယ်။



သုတက သူပါ လိုက်မယ်တဲ့။ လက်ဆောင်အတွက် သူလည်း ပါမယ်တဲ့။ ဘာကြောင့်လဲဆိုတော့ ကျွန်မနဲ့သက်မွန်ချည်း မနိုင်လို့ အဲဒီမိန်းမလာကူပြီး သူ့ကို ဆယ်ခဲ့ရတာတဲ့၊ ဒီမိန်းမဟာ ကျွန်မတို့ နှစ်ယောက်လုံးကို ကယ်တင်လိုက်တာပဲလို့ သူ ခံယူထားတယ်။ ကျွန်မတို့လို ဆင်းရဲနွမ်းပါးတဲ့အိမ်ထောင်စုတစ်စု လိုအပ်မယ်ထင်တဲ့အရာကို စဉ်းစားကြည့်ကြတယ်၊ တော်တော်ဆုံးဖြတ်ရ ခက်ပါတယ်၊ ငွေပေးရမလား။ သူလိုတာ ငွေပဲဖြစ်မလား၊ ဒါပေမဲ့ စေတနာကို စော်ကားခံရတယ်ထင်သွားမလား။ ပစ္စည်းမှဲ့ လူတန်းစားအချင်းချင်း ကျွန်မ ကိုယ်ချင်းစာမိပါတယ်။ နောက်ဆုံးတော့ မျက်နှာသုပ်ပဝါ၊ အမျိုးသမီးအနွေးထည်၊ ဂွမ်းစောင်တွေကို ဝယ်ယူလိုက်တယ်။ အထုပ်က တော်တော် လှလှပပဖြစ်သွားတယ်။

အဲဒီအထုပ်နဲ့ ကျွန်မတို့ ဝက်သကန်ဘက်ကို အရင် သွားရှာတယ်။ ခက်တာက သူ့နာမည်ကို မသိဘူး၊ ရေမနစ် သတိမလစ်ဘဲကျန်ရစ်ခဲ့တဲ့ သက်မွန်ကလည်း ဆေးရုံကို အပြေးအလွှားသယ်ဖို့ပဲ လုံးပန်းနေရတာမို့ နာမည်တောင် မမေးလိုက်မိဘူးတဲ့။ ဝက်သကန်ဘက်မှာ သုံးလေးရက်လောက်သွားရှာတာတောင် မတွေ့ပါဘူး။ အနီးအနားက လူတွေကို မေးတော့ အဲဒီမိန်းမက ဒီဘက်ကို တစ်ခါတစ်ခါမှ လာတာလို့ ပြောတယ်။

သုတနဲ့ကျွန်မ အရင်တစ်ခါ သူ့ကို သွားဖမ်းတဲ့ရွာဆီကို စက်ဘီးကိုယ်စီနဲ့ လိုက်ကြပါတယ်။ အိမ်ကို ကျွန်မတို့ ရောက်သွားတော့ အရင်အိမ်မဟုတ်တော့ဘူး။ ဒီအိမ်ကို သူ ရောင်းသွားခဲ့တာ။ အင်းလေ၊ ဒီအသိုင်းအဝိုင်းမှာ သူ ဘယ် နေရဲတော့မလဲ။ သူ့နာမည်ကိုတော့ သိလိုက်ရတယ်။ မခင်ဆင့် တဲ့၊

ဘယ်ပြောင်းသွားသလဲလို့မေးတော့ ဘယ်သူမှ အတိအကျ မပြောနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်းမှာတော့ ကျွန်မအတွက် တွေးတောစရာတွေ အများကြီးရလာခဲ့တယ်။

လူဆိုးနဲ့လူကောင်းကြား ခြားနားထားတဲ့ အရာက ထာဝရ တည်မြဲတဲ့တံတိုင်းတစ်ခု မဟုတ်ဘဲ ဟိုဘက်ဒီဘက် ထွင်းဖောက်နိုင်တဲ့ အလွှာပါးပါးလေးတစ်ခုလား။

ကျွန်မ စာတွေဖတ်တယ်။ စာတွေသင်တယ်။ ဒါပေမဲ့ ကျွန်မ လူတွေကိုလည်း မသိ၊ လောကကြီးကိုလည်း မသိ၊ ဘာမှ မသိသေး ပါဘူး။

လူတစ်ယောက်မှာ မကောင်းတဲ့စိတ်တွေချည်း ရှိနေတာ မဟုတ်ပါလား။ ကောင်းတဲ့စိတ်လည်း တစ်ခါတရံရှိတတ်ပါလား။ ဒါဖြင့် လူတစ်ယောက်ကို တစ်ဘဝစာ မှတ်ချက်ချဖို့ အသင့်တော်ဆုံးအချိန်ဟာ ဘယ်အချိန်လဲ။

'ငါတို့သိချင်တာ တစ်ခုရှိတယ်။ မင်းတို့မြန်မာလူမျိုးတွေရဲ့ အမိက နေ့စဉ် သုံးနှုန်းလေ့ရှိတဲ့စကားလုံးက ဘာလဲ'

မဖြေခင်တုန်းက မရတော့ ဘာဖြစ်သေးလဲ။ ဒါကမ္ဘာကြီးရဲ့အဆုံးသတ်မဟုတ်ပါဘူးဟု အားတင်းနိုင်ခဲ့သော်လည်း အခုလို တစ်ဝက်ကျိုးလောက်အောင် ဖြေပြီးသွားသည့်အခါမှာတော့ ကုန်ခန်းနေသည့်လောဘလေးက ပြန်ပေါ်လာသည်။ ကျွန်မ မရှုံးချင်ပါ။ မရှုံးချင်လေ၊ ပြာလေ။ ပြာလေ အခုမေးသည့် အင်္ဂလိပ် စကားလုံးကို စဉ်းစားမရလေ ဖြစ်သည်။ ဟင့်အင်း ကျွန်မ တစ်ခါမှ မကြားဖူးဘူး။ သေချာပါသည်။

ကျွန်မ သက်ပြင်းချလိုက်ပြီး မြန်မာအစ်မကြီးဆီ အားကိုးတကြီးလှမ်းကြည့်လိုက်မိသည်။ အစ်မကြီးက သဘောအလွန်ကောင်းပါသည်။ ကျွန်မကို ထောက်ပေး၏။

'ပြောဆိုတဲ့နေရာမှာပဲဖြစ်ဖြစ် စာနဲ့ရေးကြတဲ့အခါမှာပဲဖြစ်ဖြစ် သုံးနှုန်းလေ့ရှိတဲ့ အကြောင်းအရာကို ပြောတာ။ သူသိချင်တာက မြန်မာလူမျိုးတွေ နေ့စဉ်နဲ့အမျှ အသက်ရှင်နေထိုင်ရာမှာ စိုးမိုးထားတဲ့ စကားလုံးကို လိုချင်တာလို့ မမထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အထိလည်း ကျွန်မ မဖြေတတ်သေးပါ။ လူတွေကို နေ့တိုင်း ဘာအကြောင်းအရာက စိုးမိုးထားသလဲ၊ ဟင့်အင်း ကျွန်မ ဒီမေးခွန်းကိုတော့ မဖြေနိုင်ဘူးဟု ထင်ပါသည်။

ထိုအချိန်မှာ အငယ်လူက ဝင်ထောက်ပေးသည်။

'ဒီလိုကွာ မင်းတို့ရဲ့ဒေသ ပတ်ဝန်းကျင်မှာ စကားတစ်ခုခု ပြောတိုင်း မပါမဖြစ်ပါတဲ့ အသုံးအနှုန်းမျိုး၊ နေ့စဉ်ပြုမူနေကျ အပြုအမူအပြောအဆိုတွေကို လွှမ်းမိုးထားနိုင်တဲ့စကားလုံး'

'အိုး အဲဒါ ဘာစကားလုံးဖြစ်မလဲ'

'မင်း၊ စဉ်းစားလေ'

'မင်းစိတ်ထင်တဲ့ စကားလုံးတစ်ခုပေါ့'

ကျွန်မတို့ဒေသပတ်ဝန်းကျင်မှာ နေ့စဉ်ကြားနေကျ အသုံးဆိုတော့ ခက်တော့ခက်သားပဲ။ နေ့စဉ်ကြားနေကျ စကားတွေက အများကြီးပဲလေ။ စဉ်းစားစမ်းပါ၊ မြန်မြန်စဉ်းစားစမ်းပါ။

ဘယ်သူမဆို ဘယ်ကိစ္စမှာမဆို အောင်မြင်တာပဲဖြစ်ဖြစ် ဆုံးရှုံးတာပဲဖြစ်ဖြစ် လူတွေ ကောက်ချက်ချကြတာတော့ ရှိသည်။ ကံဆိုးလို့၊ ကံအကြောင်းမလှလို့၊ ကြမ္မာငင်ချင်တော့ ဒါမျိုးတွေပါပဲ။

ဟုတ်သလား။ ကိုယ့်ကိုယ်ကိုသေချာအောင် ကျွန်မ မျက်စိမှိတ်ပြီး စဉ်းစားလိုက်၏။ ခဏနေတော့ ကျွန်မ မျက်စိပြန်ဖွင့်နိုင်လိုက်ပါသည်၊ ဟုတ်မဟုတ်တော့ မသိ၊ သို့သော် ကျွန်မဖြေဖို့ စကားတစ်ခုတော့ ရပြီ။

'ကျွန်မတို့ဒေသမှာပါမက နိုင်ငံတစ်ခုလုံးမှာ အမြဲတမ်းသုံးနှုန်းနေကျစကားလုံးတစ်ခုရှိတယ်။ အဲဒါက "ကံ" ဆိုတဲ့စကားပဲ'

ကံကို ဗုဒ္ဓဘာသာ၏အနှစ် ကမ္မကို မပြောဘဲ ကံကြမ္မာကို ပြောလိုက်ခြင်းဖြစ်ပါသည်၊ သူတို့ ကျွန်မဆီမှ မျှော်လင့်ထားတာ ထိုစကားမဟုတ်ဘူးထင်သည်။ သူတို့မျက်နှာမှာ အဖြေကို ကျေနပ်



သွားသည့် အမူအရာမရှိ၊ သို့သော် စိတ်ပျက်သွားသည့်အမူအရာလည်း မရှိပါ။ သူတို့ စိတ်ဝင်တစား မျက်ခုံးပင့်သွားသည်ကိုတော့ ကျွန်မ သတိထားလိုက်မိသည်။

'ကံဟုတ်လား၊ ရှင်းပြစမ်းပါအုံး ကံက ဘယ်လိုပါတာလဲ'

'အခုကျွန်မ ဒီကို အင်တာဗျူးဖြေဖို့အလာမှာ ကျွန်မစီးတဲ့ ဘတ်စ်ကားကြီး ချာချာလည်ပြီး မှောက်သွားခဲ့တယ်'

'ဟုတ်တယ် ဒီသတင်းကို ကြားရတာ ငါစိတ်မကောင်းပါဘူး'

'မင်းအတွက် တော်တော်ပြင်းထန်တဲ့ ထိခိုက်မှုပဲ ဖြစ်မှာပေါ့'

သူတို့ ကျွန်မအပေါ် ကရုဏာသက်ဟန်ရှိ၏။

'တကယ်ပါ။ ကျွန်မဒီရောက်လာတော့ တစ်ကိုယ်လုံးမှာ ပွန်းရာပဲ့ရာတွေနဲ့ သူများဆီက စွန်းတဲ့သွေးတွေနဲ့ ပေကျံလို့၊ ညီကြီးအစ်မကြီးက အခန်းတစ်ခန်းထဲမှာ ကျွန်မကို နားခိုင်းပြီး ဆေးကုပေးလို့ သက်သာခဲ့တယ်'

'အို တော်တော်ကြင်နာတဲ့အမျိုးသမီးပါလား'

'ဟုတ်ကဲ့ သူ့ဝတ်စုံကို ကျွန်မကို ပေးဝတ်ထားတာ'

ပြောနေရင်း ကျွန်မစဉ်းစားမိသွား၏၊ ကျွန်မကို ဆရာဝန်ခေါ်ပြီး ဆေးကုစေ အနားယူစေသူတို့မှာ အခု ကျွန်မကို မေးမြန်းနေသောနိုင်ငံခြားသားများ ဖြစ်လိမ့်မည်ဟု ကျွန်မ ထင်ထားခဲ့သည်၊ သည်အတိုင်းဆိုလျှင် ကျွန်မအထင် မှားသွားခဲ့ပြီ။

ထားတော့ ဒါက အရေးမကြီးပါ။ အရေးကြီးသည်က ကျွန်မ ပြောသည့်ဘာသာရပ်ကို သူတို့လက်ခံနိုင်ဖို့ပင် ဖြစ်သည်။

'ကျွန်မတို့ကား ဘာဖြစ်လို့မှောက်ခဲ့တာလဲ၊ အများက ပြောတာတော့ ကံဆိုးလို့တဲ့၊ ကမ္ဘာအေးဘုရားလမ်းမပေါ်မှာ အခြားနဲ့

www.burmeseclassic.com

www.burmeseclassic.com



မောင်းနေတဲ့ကားကြီးတစ်စင်း ဘာဖြစ်လို့ ရုတ်တရက် မှောက်သွားတာလဲ၊ ချာချာလည်သွားတာ ဘာဖြစ်လို့လဲ။ ကားလက်ကိုင်ဘီးကို ဘယ်လို ကွေ့လိုက်လို့လဲ။ အရှိန်က ဘယ်လောက်မြင့်းလို့ ဖြစ်သွားတာလဲ၊ အဲဒီအကြောင်းရင်းတွေကို ဆွေးနွေးမေးမြန်းနေတဲ့ စကားမျိုး ဘယ်သူ့ဆီကမှ ကျွန်မ မကြားရဘူး။ ကံအကြောင်းမလှလို့ ဆိုတဲ့ စကားကိုပဲ ကြားကြားနေရတယ်။

'ကဲ ကားက မှောက်ပြီးပြီ၊ ကျွန်မ ချက်ချင်း ထွက်လို့မရဘူး။ ကျွန်မနောက်က ပေါင်ကျိုးသွားတဲ့အဒေါ်ကြီးကို ကူညီ ဆွဲထုတ်နေရလို့၊ ဓာတ်ငွေ့ကားမီး မီးလောင်မှာကို အားလုံးက စိုးရိမ်နေကြတယ်။ ကယ်ဆယ်တဲ့အမျိုးသားကြီးတွေ ကျေးဇူးနဲ့ ကျွန်မရောအဒေါ်ကြီးရော ကားအပြင်ကို ခက်ခက်ခဲခဲ ရောက်လာတယ်၊ အဲဒါကို ဘေးက စိုးရိမ်တကြီး ဝိုင်းကြည့်နေကြတဲ့ လူတွေက ကျွန်မတို့ ကံကောင်းလို့မသေတာတဲ့။ ကယ်ထုတ်တဲ့လူတွေကြောင့် ကျွန်မတို့အသက်ချမ်းသာရာရတယ်လို့ မပြောကြဘူး'

ကျွန်မ ဘာဆိုလိုချင်သည်ကို သူတို့ အစိပ္ပါယ်ပေါက်လိမ့်မည်၊ မစ်စ်တာဝုလ်ဖ်ဂန်းက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံ၏၊

'ကျွန်မနားမလည်ဘူး။ ဘာဖြစ်လို့ ကျွန်မတို့ရဲ့နေ့စဉ်ဘဝကို ကံဆိုတဲ့စကားလုံးက စိုးမိုးနေတာလဲ။ လမ်းဆိုးလို့၊ ကားစုတ်လို့၊ သတိလက်လွတ်မောင်းလို့ ကားမှောက်တာဟာ ခရီးသည်တွေ ကံဆိုးတာပဲလား။ ကူညီတဲ့သူနဲ့တွေ့လို့ ဆေးရုံရောက်တယ်၊ ဆရာဝန်ရော ဆေးပစ္စည်းရောရှိလို့ အသက်ရှင်တယ်။ အဲဒါကံကောင်းတာလား။ ဟင့်အင်း ကျွန်မ ဆက်လေ့လာရမှာတွေ အများကြီးရှိသေးတယ်။

'ကျွန်မ စလင်းကနေ ရန်ကုန်ကို အလာမှာ အဝေးပြေးဘတ်စ်ကားပေါ်မှာ ဗွီဒီယိုဓာတ်လမ်းတစ်ခုဖွင့်ပြတယ်၊ နာမည်တော်တော်ကြီးပြီး လူကြိုက်များတဲ့ ရုပ်ရှင်မင်းသားကြီးတစ်ယောက်



ပါဝင်တဲ့ ဓာတ်ကားပါ။ ဓာတ်လမ်းတွေ ဓာတ်ကွက်တွေကိုတော့ ကျွန်မ မမှတ်မိပါဘူး။ ကျွန်မ မှတ်မိတာက အဲဒီဓာတ်ကားတစ်ခုတည်းမှာ ကံအကြောင်းတရားပေါ့ ဆိုတာမျိုး၊ ကံ ဆိုတဲ့ စကားလုံးကို ထပ်ခါထပ်ခါသုံးထားတာ၊ ဘယ်နှစ်ခါလောက် သုံးမယ်ထင်လဲ'

ကျွန်မ ပြန်မေးလိုက်သည့်အခါ သူတို့နှစ်ယောက်က ပြုံး၍ ပခုံးတွန့်လိုက်ကြသည်၊

'ဆယ့်ခုနစ်ကြိမ်တောင် ပါတယ်'

သူတို့သုံးယောက်လုံး အသံထွက် ရယ်မောလိုက်ကြသည်၊

'အဲဒီလောက်ထိ ဒီစကားလုံးက အသုံးတွင်ကျယ်တာပါ'

www.burmeseclassic.com

www.burmeseclassic.com

<u>မေးခွန်း၊ ခုနစ်</u>

မြန်မာလူမျိုးတွေရဲ့ နေ့စဉ်အပြုအမူအပြောအဆိုတွေကို လွှမ်းမိုးထားတဲ့စကားလုံးက ဘာလဲ

ကျွန်မ ပထမနှစ်အဝေးသင်ပြီးစ တစ်ညနေတုန်းက စလင်းဆေးရုံကို လူနာလေးယောက် တစ်ချိန်တည်းမှာ ရောက်လာတယ်။ ကားအက်ဆီးဒင့်လို့ ပြောပြီး ဆရာဝန်ကြီးကို လာခေါ်တာ၊ ဆရာက မမစိုးခွင့်ယူတဲ့နေ့မို့ ကျွန်မကို ဆေးရုံကို ခေါ်သွားတယ်။ ယောကျ်ားကြီးတစ်ယောက်ကတော့ ကျွန်မတို့ရောက်သွားတဲ့ အချိန်မှာ သေနေပါပြီ။ ဆရာကစမ်းကြည့်ပြီး ဒီမရောက်ခင်ကတည်းက သေခဲ့တာလို့ မှတ်ချက်ချတယ်။

ကျန်တဲ့သုံးယောက်မှာ နှစ်ယောက်က ယောကျ်ားတွေ၊ တစ်ယောက်က မိန်းမကြီး။ သူက လက်ကျိုးသွားတာ။ ကျွန်မ သူနာပြုလည်း မဟုတ်လို့ မကူညီတတ်ပါဘူး။ ကျွမ်းကျင်သူနာပြု အနီဝတ်ဆရာမတစ်ယောက်နဲ့ဆရာနဲ့ ခွဲစိတ်ခန်းထဲကို ချက်ချင်း ဝင်ကြတော့ ကျွန်မက ဘီးတပ် လူနာတင် သံခုတင်ကို ကူတွန်းပေးတာတို့ ပုလင်းချိတ်တာကို လက်နဲ့ထိန်းပြီး နေရာရွှေ့ပေးတာတို့ အဲဒါတွေပဲ လုပ်နိုင်တာပါ။ ဒါပေမဲ့ အဲဒီလိုလုပ်ရတာကိုပဲ ရင်တွေခုန်ပြီး မောနေတယ်။ လူနာတွေ အသက်ချမ်းသာရာရစေချင်တာကိုး။ အဒေါ်ကြီးက သတိလစ်မနေဘူး။ စကားပြောနိုင်တယ်။ ဒဏ်ရာချုပ်တာတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာတို့လုပ်နေတဲ့ အချိန်မှာ ကျွန်မက လက်စင်စင်ဆေးပြီး အနာဆေးထည့်တဲ့ သံမဏိလင်ပန်းပြားပေါ်မှာ လိုအပ်တဲ့ပတ်တီးစတွေ၊ ဂွမ်းတွေ၊ အပ်ချည်ထုပ်တွေ တင်ပေးထားရတယ်။ သူက အဖြစ်အပျက်ကို လုံးစေ့ပတ်စေ့ကို ပြန်ပြောပြနေခဲ့တယ်။

အဲဒီကားက ကုန်တင်ကား မဟုတ်ဘူး။ လူတင်တဲ့ ကား။ ဒါပေမဲ့ သူတို့ကားပေါ်မှာ ကုန်တွေအများကြီးတင်ထားလို့ လူထိုင်စရာနေရာတောင် မရှိဘူး။ ထိုင်စရာခုံတွေဖြုတ်ထားပြီး ဆီပေပါတွေတင်လာတာ။ ထိုင်တဲ့ခရီးသည်တွေက အဲဒီဆီပေပါတွေ အကြားမှာ ဖြစ်သလို ထိုင်လိုက်ကြရတာ။

စကု ကျော်လာတဲ့အခါ ကားပေါ်ကလူတွေ အသံတိတ်သွားပြီ။ ညကလည်း မှောင်လာပြီမို့ ငိုက်တဲ့သူငိုက်ကုန်ကြပြီပေါ့။ အဲဒီအချိန်မှာ ဆီပေပါကြီး ပြုတ်ကျတာ။ ပေပါကြိတ်ခံရတဲ့ ဒဏ်ရာတွေနဲ့ လဲသူကလဲ၊ ကွဲသူကကွဲ ပေါ့။

ကားမောင်းသူက ဆီပေပါပြုတ်ကျတဲ့အသံကို ကြားကြားချင်း ရပ်လိုက်တာပဲ။ ဒါပေမဲ့ လွန်သွားခဲ့ပြီ။ ဆီပေပါက ပြုတ် ကျကျချင်း ထိုင်နေတဲ့ လူသုံးယောက်ကို ကြိတ်ပြီးမှ ရှေ့ကို လိမ့်ထွက်လာတာ။ ပေပါရဲ့အောက်မှာပိနေတဲ့ လူက ဂျမ်းတုံးခုသလို ဖြစ်သွားလို့ လက်ကျိုးရုံပဲ ကျိုးပြီး ပေပါရပ်သွားတာ။

ဆရာမက စာရွက်ပေါ်မှာ စာရေးယူရင်း 'ကံကောင်းလို့ပါလား အဒေါ်ရယ်' လို့ ရေရွတ်လိုက်တယ်။

အဲဒီမှာ ကျွန်မ ကံဆိုတဲ့စကားလုံးကို သတိထားလိုက်မိတယ်။

ကျွန်မတို့မြန်မာလူမျိုးတွေ နေ့စဉ်နဲ့အမျှ အသက်ရှင်နေထိုင်ရာမှာ သူတို့ကို စိုးမိုးထားတဲ့ စကားအသုံးအနှုန်းက ကံ ဆိုတာပါပဲ။ အရာရာဟာ ကံအကြောင်းတရားကြောင့် ဖြစ်တယ်လို့ ပြော



လေ့ရှိကြတယ်။

ကံကောင်းလို့ ဒေါ်ကြီးမသေတာ။ ကံဆိုးလို့ ဟိုလူကြီးတစ်ယောက်သေသွားတာ။

အလွှာပေါင်းစုံမှာ နေရာအနှံ့မှာ မိသားစုအဆင့် ဘုန်းကြီးကျောင်းအဆင့်၊ ရပ်ကွက်အဆင့်၊ ရုပ်မြင်သံကြား ဗွီဒီယို၊ ရုပ်ရှင်နဲ့ တနယ်ဇင်းအဆင့် အဆင့်ပေါင်းစုံမှာ ကံ ဆိုတဲ့စကားကို အများကြီးကြားရလိမ့်မယ်။ အလှူမဏ္ဍပ်မှာ ဖွင့်သမျှ ဇာတ်လမ်းတွေတော်တော်များများမှာ ကံ ဆိုတဲ့စကားပါတယ်။ ဘယ်နေရာမှာမှ မလွတ်တော့ဘူး။ ယေဘုယျသဘောပြောရရင်တော့ အားထုတ်ဖန်တီးမှု မပါတော့ဘူး။ ကံမကောင်းလို့ ကားမှောက်တဲ့နေရာမှာပါပြီး အသက်ဆုံးရှုံးရတယ်ပေါ့။ လမ်းစည်းကမ်း ယာဉ်စည်းကမ်းဖောက်လို့ လမ်းမကောင်းလို့ ကားမကောင်းလို့ ကားမှောက်တယ်လို့ မပြောဘူး။

ကံဆိုတာ အလုပ်လို့ တောင်ပေါ်ကျောင်းဘုန်းကြီးက ခဏခဏပြောပြဖူးတယ်။ ဘုန်းဘုန်းပြောတဲ့ အလုပ်ဆိုတဲ့ကံနဲ့ ဒီကံနဲ့ ဘာကွာတာလဲ။ အခုဘဝ နောက်ဘဝဆိုတာတွေကို ဒီကံက တကယ်ပဲ ဩဇာသက်ရောက်လေသလား။ ကျွန်မ နားမလည်နိုင်တဲ့အရာတွေ အများကြီးပါလားလို့ အချိန်ကြာတာနဲ့အမျှ ပိုပို သိလာခဲ့တယ်။

စလင်းမြို့နယ်ထဲက တချို့ရွာတွေ သွားရေးလာရေးအလွန်ခက်ခဲလို့ ကူးစက်ရောဂါတစ်ခုခုဖြစ်ရင်တောင် အချိန်မီကုဖို့ အကူအညီပေးဖို့ ဆေးတွေ ကျန်းမာရေးဝန်ထမ်းတွေ မရောက်နိုင်ဘူး။ မသေသင့်ဘဲ သေသွားကြတဲ့လူတွေအကြောင်း ဆရာ ခဏခဏ ညည်းလို့ ကျွန်မ သိနေခဲ့ပါတယ်။ အဲဒီလူတွေဟာ ကံဆိုးလို့ အဲဒီရွာတွေမှာ လူသွားဖြစ်တာလား။ ကံကံ၏အကျိုး ဆိုတာကို ဗုဒ္ဓဘာသာဝင်မို့ ကျွန်မ ယုံကြည်ပါတယ်။ ဒါပေမဲ့ ကံကိုလွှဲချနေရတဲ့ အဖြစ်တွေ ကျွန်မအမြင်မှာ များများလာတယ်။ ဒါ အစွမ်းကုန်ပဲလား။ ဒါကကိုပို

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်တော့လို့ ပစ်ချထားလိုက်ရတဲ့ ဘဝတွေလား။ တကယ်ပဲ ဒီထက်ပိုပြီး ဘယ်သူမှ မတတ်နိုင်တော့တာလား။ ကျွန်မတို့ လူမှုပတ်ဝန်းကျင်ရဲ့ ဆင်းရဲဒုက္ခတွေ ဝေဒနာတွေကို ကျွန်မတို့ ဒီထက်ပိုပြီး မြှင့်တင်မပေးနိုင်တော့တာ သေချာပြီလား။

လူ့ဘဝဟာ အပြည့်အစုံရေးထားပြီးသား စာအုပ်တစ်အုပ်လို့ ခဏခဏပြောတတ်တဲ့ သူတကို ကျွန်မ စိတ်ဆိုးတယ်။ တကယ်စိတ်ဆိုးတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ ခံယူချက်ကို ငြင်းချက်ထုတ်ဖို့ ကျွန်မမှာ ဘာအချက်အလက်မှ မပြည့်စုံလို့ပဲ။

သူက ကျွန်မကို ပြောတယ်။

'နင် လေးတန်းအရွယ်မှာ နင့်အမေသေရမယ်ဆိုတာ နင့်ဘဝထဲမှာ ပါပြီးသား။ နင်လည်း ပြင်ယူလို့မရဘူး။ နင့်အဖေရော ပြင်ယူလို့ရခဲ့လို့လား' တဲ့။

တစ်ညနေခင်းမှာ အင်္ဂလိပ်စာပြပေးတဲ့ ကိုးတန်းကျောင်းသူတွေအိမ်ကနေအပြန် ဆေးရုံဝင်းထဲရောက်တော့ ဆရာဝန်ကြီးအိမ်ရှေ့မှာ ထော်လာဂျီတစ်စီးနဲ့ လူတွေရှုတ်ရှုတ်သဲသဲဖြစ်နေတယ်။ မြင်လိုက်ရုံနဲ့ အရေးပေါ်လူနာဆိုတာ ကျွန်မ သဘောပေါက်ပါတယ်၊ ဆရာဝန်ကြီးက အိမ်တံခါးကို သော့ခပ်မလို့ လုပ်နေတယ်။ ဆေးရုံကို ခေါ်သွားဖို့ ဖြစ်မှာပါ။

'ဟော အတော်ပဲ အေးငြိမ်းပြန်လာရင် ဒီတိုင်းထားခဲ့တော့မယ်၊ ကဲ လူနာကို ဆေးရုံအဆောင်ဘက်ကို ခေါ်ခဲ့ကြ။ မြွေကို မမိလိုက်ဘူးဆိုရင် သွေးစစ်ကြည့်ရမယ် လာ'

မြွေ...

ဆရာဝန်ကြီးရဲ့ အိမ်ရှေ့အပြင်ခန်းလေးဆီက လူနာခုတင်ပေါ်မှာ ပက်လက်ဖြစ်နေတဲ့လူနာကို လူနှစ်ယောက်က ပွေ့ချီပြီး



အပြင်ခေါ်ထုတ်လာတယ်၊ ကျွန်မ လှေကားထစ်တွေပေါ်ကို ကမန်းကတန်းတက်ပြီး အသာဘေးဖယ်ပေးလိုက်ပါတယ်။

သူတို့လက်ထဲကလူနာကို ကျွန်မငုံ့ကြည့်လိုက်တော့ ကျွန်မ ဘယ်တော့မှ မမေ့နိုင်မဲ့ မျက်လုံးတွေကို ရင်ဆိုင်လိုက်ရတယ်။

ပေါင်းပေါ်မှာ နှစ်ခါတိတိ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ဖြတ်သွားရင်း သတိထားမိတဲ့မျက်လုံးတွေ၊ ညမှောင်မှောင် သူ့အိမ်မှာ ရဲတွေဝင်လာတော့ ကျွန်မတို့ကို လှမ်းကြည့်လိုက်တဲ့မျက်လုံးတွေ၊ နောက်ဆုံးမှာတော့ ကြာခူးလှေပေါ်ကနေ ကျွန်မကို လှမ်းကြည့်နေတဲ့ မျက်လုံးတွေ။

အော် ရှာနေခဲ့တုန်းက မတွေ့ဘဲ မရှာတော့မှ လာဆုံနေရပါလား။ ဆုံမဲ့ဆုံတော့ သူက လူနာအဖြစ်။

သူ ကျွန်မကို အခုကြည့်လိုက်တဲ့မျက်လုံးတွေ တော်တော်အင်အားဖျော့ပါတယ်။ အဲဒီ မျက်လုံးက မှုန်သီနေတယ်။ ကျွန်မကို တစ်ချက်ပဲ ကြည့်လိုက်ပြီး ဝေဒနာကို ခံစားရပုံနဲ့ မျက်လုံးတွေ မှိတ်ပစ်လိုက်တယ်။ လူနှစ်ယောက်သယ်ဆောင်ရာ ပါသွားတဲ့ အဲဒီ မိန်းမကို ကျွန်မ ငေးကြည့်နေမိပြီးမှ ဆရာ့ဆီကို အပြေးအလွှား လိုက်သွားမိပါတယ်။

'ဆရာ ဆရာ'

ဆရာက ခြေလှမ်းရပ်ပြီး လှည့်ကြည့်တယ်။ မျက်ခုံးပင့်ပြတယ်၊ အရေးတကြီးအခြေအနေမို့ ဘာမှ သိုင်းဝိုင်းမနေတော့ဘဲ ကျွန်မ လိုရင်းကို ပြောချပစ်လိုက်မိတယ်။

'ဆရာ ကျွန်တော်ရေနစ်တုန်းက ကယ်ခဲ့တာ အဲဒီလူနာပဲ'

'ဟေ ဟုတ်လား'

ဆရာ တော်တော်အံ့ဩသွားပါတယ်၊ အဲဒီနောက် ဘာမှ မပြောဘဲ ဆေးရုံကို လူစုနဲ့အတူ ခပ်သွက်သွက် လျှောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အဝတ်လဲ၊ လက်ဆေးပြီး ထမင်းအိုးတည်ဖို့ မီးဖိုချောင်ကို ဝင်လိုက်ရပေမဲ့ စိတ်က ဆေးရုံအဆောင်ဆီကို ရောက်နေတယ်။ ဟိုတစ်နေ့ကမှ မြွေကိုက်လူနာတစ်ယောက် ရောက်လာလို့ ဖြေဆေးတွေ ထိုးလိုက်ရတာ။ အခု ဆေးရုံမှာ မြွေဆိပ်ဖြေဆေး အစားပြန်ရလာပြီလား။

ကျွန်မ ဆရာ့ဆီမှာ အနေကြာတော့ ဆရာတို့နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရတဲ့ ပြဿနာတွေကို နည်းနည်းပါးပါးသိနေပါပြီ။

ရွာတစ်ရွာမှာ တစ်ယောက်ယောက် မြွေကိုက်ခံရရင် အနီးဆုံးကျေးရွာအုပ်စု ကျန်းမာရေးဆေးပေးခန်း ဒါမှမဟုတ် တိုက်နယ်ဆေးရုံက ဖြေဆေး ထိုးပေးလိုက်မယ်။ ပြီးတော့ နီးစပ်ရာ ဆေးရုံဒီမှာတော့ စလင်းမြို့ပေါ့။ အဲဒီကို လွှတ်လိုက်မယ်၊ အဲဒီမှာ ဆက်ပြုကုပေါ့။ ဆေးရုံမှာ မြွေဆိပ်ဖြေဆေးအရံ နှစ်လုံး အမြဲ ထားရတယ်။ အဲဒါ စည်းကမ်းချက်ပဲ။ အရေးတကြီးလိုအပ်တဲ့လူနာကို ဖြေဆေးထိုးပေးပါ။ ထိုးပေးပြီးရင် ဆေးပုလင်းအခွံကို သိမ်းထား၊ တိုင်းကျန်းမာရေးရုံးမှာ အခွံပြန်ပေးပြီး ဆေးပုလင်း အစားပြန်ထုတ်ယူ။

ကျွန်မတို့ မြို့နယ်ဟာ မြွေကိုက်ခံရတဲ့ဝေဒနာသည်တွေ ပေါများတဲ့ မကွေးတိုင်းထဲမှာပါတာမို့ မြွေကိုက်ခံရလို့ ဆိုတဲ့ စကားတွေ နားနဲ့မဆန့်အောင် ခဏခဏ ကြားရတယ်။ တစ်ခါတစ်ခါ စိတ်မသက်သာစရာနောက်ဆက်တွဲ ဆုံးရှုံးမှုတွေပါ ကြားရတတ်တယ်။

ကျွန်မတို့ရွာတွေမှာ မြွေပေါတယ်။ မြွေကိုက်ခံရတဲ့အဖြစ်လည်း ပေါတယ်။ အများအားဖြင့်တော့ လယ်ကွင်းတွေထဲမှာ မြွေကိုက်ခံရတတ်တယ်။

ကောက်စိုက်ချိန်ဟာ မြွေသိပ်မကြောက်ရပါဘူး။

နေပူထဲမှာ လယ်ကွင်း ရေစပ်စပ်ထဲမှာ ရပ်နေရတာမို့ အပေါ်ပူ အောက်ပိုင်းအေး။ ခါးက ကုန်းနေရသေးတယ်။ ပျိုးပင်တွေကို ဘယ်လက်က စုစည်းပြီးကိုင်၊ ညာလက်က လိုသလောက်ဖဲ့ယူပြီး ရွှံ့ဗွက်ထဲ နှစ်ထည့်ရတာ။ လက်အနေအထား မမှန်ရင် အချိန်ကြာမယ်။ အနေအထားမှန်ရင် မြန်မြန်ပြီးမယ်။ 'မနက်ကိုးနာရီ-နေ' ဆိုရင် ခြစ်ခြစ်တောက် ပူနေပြီ။ နေ့လည် ၁၁နာ ရီ ၁၂နာရီလောက် အထိ ရောက်သွားလို့ကတော့ ပြောမနေနဲ့တော့။



ကောက်စိုက်တာက ပင်ပန်းပေမဲ့ မြွေအန္တရာယ်တော့ သိပ်မရှိဘူးလို့ ပြောရမယ်ထင်တယ်။ နေပူနဲ့ရေစပ်စပ်နဲ့မို့ အပူရုပ်တာဖျားတာလောက်တော့ ရှိမှာပေါ့။ ကောက်ရိတ်တဲ့အခါကျတော့ မြွေအန္တရာယ်ရှိတာ။ ခြောက်သွေ့သွေ့ ကောက်ပင်တွေရဲ့ အခြေမှာ မြွေက ခွေဝိုက်နေတတ်တာ။ ကောက်ရိတ်တဲ့သူက ကောက်ပင်တွေကို တံဇဉ်နဲ့ရိတ်ဖို့ စုစည်း ဆွဲယူလိုက်တဲ့အချိန်မှာ မြွေက အောက်မှာ။ သတိရှိရှိနဲ့မကြည့်ရင်တော့ မြွေက ပေါက်လိုက်ပြီးသားပေါ့။

ကျွန်မတို့ဆီမှာ မြွေကိုက်ခံရပြီးနောက် အသက်ရှင်သွားတဲ့လူကို ကံကောင်းလိုက်တာလို့ ပြောကြပြီး အသက်သေသွားတဲ့လူကိုတော့ ကံဆိုးရှာတယ်လို့ ပြောကြပါတယ်။ နောက်ပြီး အရင်ဘဝက ဝဋ်ကြွေးပေါ့လို့လည်း သက်ပြင်းချကြပါတယ်၊ ဒါဆို ဖြေဆေးထုတ်နိုင်တဲ့ဆေးသိပ္ပံပညာနဲ့ ဆရာဝန်တွေရဲ့ကျွမ်းကျင်မှု အခန်းကဏ္ဍက ဘယ်မှာလဲ။ ကံကိုပုံချရမဲ့အဖြစ်တွေရှိမှာပါ။ ဒါပေမဲ့ လူရဲ့စွမ်းအားနဲ့ပြင်ဆင်ယူလို့ ရကောင်းရနိုင်တဲ့ အဖြစ်တွေလည်းရှိမယ်လို့ ကျွန်မ ထင်တယ်။

ဆယ်မိနစ်လောက်ကြာတော့ ဆရာ မျက်နှာခပ်ညှိုးညှိုးနဲ့ ပြန်လာတယ်။

'အေးငြိမ်းရေ ကြည့်ရတာတော့ မြွေပွေးပဲ။ ကိုက်ခံရတဲ့သူက မပြောနိုင်ဘူး ဘယ်သူမှလည်း မမြင်လိုက်ဘူး။ ဒါပေမဲ့ မင်းဘူးဖြစ်ဖြစ် မကွေးဖြစ်ဖြစ် လွှတ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ တော်တော်ထူတယ်။ အနည်းဆုံးသုံးရွက် လေးရွက်တော့ ရှိမှာပဲ။ အိမ်ပြန်ရောက်မှပဲ တစ်ဝကြီးဖတ်ပါတော့မယ်ဆိုပြီး စာလေးကို ကျွန်မရှုပ်အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်တယ်။

မမြွတ်ရဲ့ဆိုင်ကယ်ပေါ်မှာ ကျွန်မလိုက်ပြီးတော့ ဘုန်းကြီးကျောင်းကို သွားရတဲ့လမ်းမှာ မွေ့ကိုက်လူနာအကြောင်း ပြောဖြစ်တော့ 'အဲဒီ မခင်ဆင့်လား။ သိတာပေါ့။ မမြွတ်ရုံးကပဲ ထောင်ခြောက်လ ချလိုက်တာ' လို့ မမြွတ်က ပြောပါတယ်။

ဘုန်းကြီးရဲ့ကားနဲ့ လူနာကို ဆေးရုံပို့ပေးတဲ့အခါ ဆရာဝန်ကြီးကိုယ်တိုင် လိုက်ပို့ပေးတာပါ။ ကားမောင်းတဲ့သူရဲ့ ဘေးထိုင်ခုံမှာ ဆရာဝန်ကြီးထိုင်တယ်။ ကျွန်မက နောက်ခန်းမှာ လူနာနဲ့အတူ ထိုင်တယ်။ လူနာနဲ့အတူ ဘာမှပါမလာတာမို့ ကျွန်မ အိပ်ရာနဲ့ ခေါင်းအုံးကိုပဲ လူနာအတွက် သယ်လာခဲ့ပေးရတာပါ။

'မခင်ဆင့် စိတ်မပူနဲ့ မင်းဘူးဆေးရုံကို သွားမှာ ကြားလား'

ဆရာဝန်ကြီးက အားပေးတယ်။ ဒေါ်ခင်ဆင့် မျက်လုံးကို အားယူ ဖွင့်ကြည့်တယ်။

'ဟုတ်ကဲ့ပါဆရာမကြီး'လို့ အသံတိမ်တိမ်နဲ့ ပြောပြီး ကျွန်မဆီ မျက်လုံးရောက်လာတယ်။

သူ ကျွန်မကို မှတ်မိပါတယ်။ ကျွန်မ သူ့လက်ကို ဖျစ်ညှစ်ဆုပ်ရင်း ပြုံးပြလိုက်တယ်။

'ကျွန်တော့်ရဲ့အသက်သခင် ကျေးဇူးရှင်ကို ကျွန်တော် အစွမ်းကုန် ပြုစုစောင့်ရှောက်မှာပါ'

ကျွန်မစကားကြောင့် သူ့မျက်လုံးမှာ မျက်ရည်တွေ ချက်ချင်း စို့စွတ်လာတယ်။ သူ ငိုပါတယ်။

ဒေါ်ခင်ဆင့်နဲ့အတူ ပါလာတဲ့ အိမ်နီးချင်းဆိုတဲ့အဒေါ်ကြီးကတော့ ဆရာဝန်ကြီးကို သာဓုအထပ်ထပ် ခေါ်နေတော့တယ်။

'စိတ်ထားမွန်မြတ်လိုက်တာတော် ကျုပ်တို့ဖြင့် ဆရာမကြီး



မျက်နှာကို မြင်လိုက်တာနဲ့ ရောဂါက တစ်ဝက်ပျောက်ပြီးသား။ အခုလို စေတနာတွေကြောင့် ဆေးလည်းလိုက်တယ် အကျိုးလည်းပေးတယ်။ သာဓုပါတော်' တဲ့။

ဒေါ်ခင်ဆင့်ရဲ့လက်က ယောင်ကိုင်းနေပါတယ်။ လက်ခုံမှာ ညိုပုပ်ပုပ်အရောင်ဖြစ်နေပြီး လက်ကောက်ဝတ်အထက် လက်ဖျံထိ ယောင်ကိုင်းနေတာ မြင်လို့မကောင်းဘူး။ ကျွန်မ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဒေါ်ခင်ဆင့်အသက်ကို ကျွန်မ ရအောင်ကယ်မယ်။ ကျွန်မ စုထားတဲ့ငွေလေးတွေ ကုန်ချင်ကုန်သွားပါစေ။ သူ အသက်မသေစေရဘူး။ ကျွန်မမှာ အဖေနဲ့အမေပေးတဲ့အသက်က ကုန်သွားခဲ့ပြီ။ သူ ပေးခဲ့တဲ့အသက်ပဲ ကျန်တော့တယ်။ ဒီတော့ သူ့အတွက် ကျွန်မ ဘာကိုမှ နှမြောတွန့်တိုမနေသင့်ပါဘူး။

ဆရာ မင်းဘူးနဲ့စာရင် မကွေးဆေးရုံက ပိုမကောင်းဘူးလားလို့ ဆရာ့ကို ပြောကြည့်ချင်ပေမဲ့ ဆရာ့ကို ဆရာမလုပ်ရဲပါဘူး။ မင်းဘူးဆိုတာက ခရိုင်ဆေးရုံ မကွေးက တိုင်းဆေးရုံ။ စလင်းမြို့နယ်အတွက် မြွေဆိပ်ဖြေဆေး နှစ်လုံးအရံရရင် မင်းဘူးကို ခြောက်လုံးရှစ်လုံးလောက်ရမလား။ မကွေးကျတော့ အလုံးနှစ်ဆယ်လောက် ရမလား။ ကျွန်မ တတ်သလောက် မှတ်သလောက် စိတ်တွက် တွက်နေခဲ့တာ။

ဒေါ်ခင်ဆင့်ကို မင်းဘူးဆေးရုံကို တင်လိုက်ပါတယ်။ ဆေးရုံရောက်ရောက်ချင်း မြွေဆိပ်ဖြေဆေးထိုးပေးတယ်။ ကျွန်မမြင့် အဲဒီအချိန်ကျမှ အသက်ကို ဝဝရှူနိုင်တော့တယ်။ ဆေးရုံမှာ လူနာစောင့်ကျန်ရစ်မဲ့သူက ဒေါ်ခင်ဆင့်နဲ့ပါလာတဲ့ အိမ်နီးနားချင်း အဒေါ်ကြီး ရိုးရိုးအအကြီး။ ဒါကြောင့် ကျွန်မ နောက်နေ့မှာ ဒီကို ပြန်လာမှ ဖြစ်မယ်လို့ ချက်ချင်း သဘောပေါက်သွားပါတယ်။

'အဒေါ် ဘာမှာချင်သေးလဲ။ ကျွန်တော် မနက်ဖြန်မနက် ပြန်လာမှာ' လို့ ဒေါ်ခင်ဆင့်ကို မေးတော့ ခေါင်းယမ်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



'တိုးတိုးကို ခေါ်ခိုင်းလိုက်ရမလား မခင်ဆင့်'

တိုးတိုး။ ကျွန်မ ချက်ချင်းသိလိုက်ပါတယ်။ ရေကန်ကမ်းစပ်မှာ ကြာဖက်တွေကို ချပေးတဲ့ကောင်မလေး။ တိုးတိုး။

'မခေါ်နဲ့ သူ အလုပ်တွေ လုပ်ထားမှ ပိုက်ဆံရမှာ'တဲ့။

သူတို့ဆရာဝန်တွေ သူနာပြုဆရာမတွေ ဘာတွေတိုင်ပင်ကြပြောကြတယ်ဆိုတာ ကျွန်မ အကုန်နားမလည်ပါဘူး။ သူတို့ပြောတာက အင်္ဂလိပ်စကားလုံးတွေပါ ပါနေတာမို့ပါ။

သူတို့ တိုးတိုးတိုးတိုးပြောပြီး ဘယ်လောက်မှမကြာဘူး ဆရာဝန်ကြီးက ကျွန်မကို ဂျစ်ကားနဲ့လွှတ်ပြီး ဆေးအရှာခိုင်းပါတယ်၊ နောက်ထပ်လိုလာခဲ့ရင် အရံသင့်ရှိထားဖို့ တဲ့။ ဆရာဝန်ကြီးက လက်ထဲကပိုက်ဆံအိတ်ကို ထုတ်ပေးမယ်လုပ်တော့ ကျွန်မ ငြင်းပြီး ပြေးထွက်ဖို့ကြိုးစားခဲ့တယ်။ ကျွန်မမှာ ပိုက်ဆံနှစ်သောင်းလောက် ပါတာကိုး။

'ကျွန်တော့်မှာ ပါတယ်ဆရာ ကျွန်တော် စိုက်ပေါ့မယ်'

'အေးငြိမ်း ဘယ်လောက်ပါလို့လဲ'

'နှစ်သောင်း'

ဆရာဝန်ကြီးက ပြုံးပြီး ကျွန်မကို လက်ယပ်လှမ်းခေါ်တယ်၊ ပြီးတော့ သူ့ပိုက်ဆံအိတ်ထဲကနေ တစ်ထောင်တန် ငွေစက္ကူတွေ အထုပ်လိုက် ပေးပါတယ်။

'ရော့ ယူသွား' တဲ့။

ကျွန်မ ဆရာ့ဆီက ပိုက်ဆံထုပ်ကြီးကို ကိုင်ပြီးခဏကြောင်သွားတယ်။ ဟား အများကြီးပါလား။ ကျွန်မ ချက်ချင်းသဘောပေါက်သွားပြီး ရင်ထဲမှာလည်း ဟာခနဲ အားငယ်သွားပါတယ်။ ပြီးတော့ ဆေးရှာထွက်ရတယ်။ ပြီးတော့ သံသေတ္တာထဲမှာသိမ်းထားတဲ့ ကျွန်မ တစ်စချင်းစုပြီး လုပ်ထားတဲ့ ရွှေအလုံးလေးကို ဖျတ်ခနဲ မြင်ယောင်သွားတယ်၊ ကိစ္စမရှိပါဘူး။ နောက်မှ ထပ်စုမှာပေါ့။



ကျွန်မတို့ ဆရာဝန်ကြီးအိမ် ပြန်ရောက်တော့ ညဆယ်နာရီ ထိုးနေပါပြီ၊ မမမြတ်က အိမ်မပြန်သေးဘဲ စောင့်နေတယ်။ ကျွန်မတို့ ထမင်းမချက်ရသေးခင်မှာ ကမန်းကတန်း ထသွားတာကို သိလို့ မီးဖိုထဲမှာ အဆင်သင့် ထမင်းဟင်း ချက်ပေးထားတယ်။

'အို မမမြတ်ရယ် ကျွန်တော် အားနာလိုက်တာ။ ကျွန်တော်လုပ်ရမဲ့အလုပ်တွေ ကျွန်တော် ပူထူပြီး'

'ရပါတယ်အေ မီးလည်း လာနေတာပဲ။ ဘာမှ မပင်ပန်းဘူး၊ ကျက်ထားတော့ အဆင်သင့်စားရတာပေါ့။ ကဲ ဆရာ စားမယ်မဟုတ်လား။ ခူးလိုက်မယ်'

ကျွန်မ ပျာပျာသလဲ လက်တွေဘာတွေဆေးပြီး မမမြတ်လက်ထဲက ထမင်းပန်းကန် ဟင်းပန်းကန်တွေကို ဖွတ်ဆွဲယူရတယ်။ ဂုဏ်သရေရှိလူကြီးသူမတစ်ယောက်ချက်ကျွေးတဲ့ဟင်းကို အဆင်သင့်စားဖို့ ကျွန်မ ဘယ်လိုပ်ပြာသနိုင်ပါ့မလဲ။

'ဘယ့်နှယ်လုပ်မလဲ ဒေါ်မြတ်ရယ် တစ်နေ့ကမှ မြွေကိုက်လူနာတစ်ယောက်ရောက်လာလို့ ထိုးပေးလိုက်ပြီးပြီ၊ ပုလင်းခွဲ သွားပို့ပြီး အစားပြန်တောင်းနေတုန်းရှိသေးတယ်၊ အစားပြန်လှူပေးပါလို့ လူနာတွေကို တောင်းဆိုရပေမဲ့ ပြန်လာမလှူနိုင်ကြပါဘူးဗျာ'

'ဟောဗျာ ဒါဖြင့် အခုဆေးရုံမှာ အရံဆေး စောင့်တုန်းပေါ့'

'အမှန်ပါပဲ'

'ဟင် ဒါဖြင့် အပြန်မှာ သတိထားပြန်မှပါ တော်ကြာ'

သူတို့နှစ်ယောက် အသံထွက်ပြီးရယ်ကြတယ်။

'ဟိုးတုန်းကဆို စလင်းဆေးရုံမှာ မြွေဆိပ်ဖြေဆေး အလုံးနှစ်ဆယ်လောက်ရတာဗျ'

ဆရာက အရင်ကအကြောင်းတွေ ပြန်လှမ်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ထမင်းပြင်ကျွေးနေပေမဲ့ ကျွန်မက မဆာဘူး။ ဒီတစ်ညနေလုံး ထိတ်လန့်တုန်လှုပ်ရတာရော နာကျင်ရတာရော အံ့ဩရတာရော စုံနေလို့ ရင်ပြည့်နေခဲ့တယ်။ ဆရာတို့ဘာမှ မလိုဘူးလို့ ထင်တဲ့အချိန်မှာ ကျွန်မအခန်းလေးထဲက ခုတင်လေးပေါ် သွားလှဲရင်း ကိုကြီးရဲ့စာကို ဖောက်ဖတ်လိုက်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ကိုကြီးရယ်၊ ကိုကြီးရေးထားတဲ့စာက ကျွန်မအဖြစ်ကို သိနေသလိုပါပဲလား။

'လူမွဲမျဉ်းကြောင်းအောက်မှာ ရောက်နေတဲ့လူဦးရေထဲမှာ ကိုယ်မပါအောင်ကြိုးစားရုံနဲ့မပြီးဘူး။ ကိုယ့်အိမ်နီးချင်းကိုပါ မပါအောင် ဆွဲတင်ရမယ်။

'ဆင်းရဲခြင်းထောင်ချောက်ထဲကို ကျနေတဲ့လူတစ်ယောက်ကို ဘေးကတစ်ယောက်ယောက်က ဆွဲထူကယ်ထုတ်ပေးဖို့ အကူအညီပေးဖို့လိုတယ်။ အဲဒီအတွက် အေးငြိမ်းမှာ အရည်အချင်းတွေနဲ့ ပြည့်စုံရလိမ့်မယ်။ တလောက ဦးဖတ်ခိုင်းထားတဲ့ စာအုပ်တွေကို အေးငြိမ်းဖတ်ပြီးပြီလား။ The Road Less Travelled ထဲမှာ ပြောထားတာလေးကို သတိရလို့။ အခုခေတ်ကြီးကို မောင်းနှင်နေတဲ့ အဓိကအင်ဂျင်စက်ကြီး သုံးလုံးရှိသတဲ့။ Knowledge ဆိုတဲ့ ပညာ၊ Technology ဆိုတဲ့ နည်းပညာနဲ့ Migrationဆိုတဲ့ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်မှုတဲ့။ ညည်း ခြေလှမ်းတွေ လှမ်းရမယ်။ ခရီးတွေသွားရမယ်။ ညည်းအိမ်နီးချင်းတွေကို ကူညီဖို့ပေါ့'

ကိုကြီးက ကျွန်မကို အားပေးပြီး ကျွန်မပခုံးပေါ် တင်ပေးလိုက်တဲ့ တာဝန်ကြီးတွေက လေးလံလှပါတယ်။ ကျွန်မ လုပ်နိုင်ပါ့မလား။ တစ်ခါတစ်ခါမှာ လုပ်တိုင်းမဖြစ်အောင် တားဆီးနေတဲ့အရာ တစ်ခုခု ရှိသတဲ့ကိုကြီးရယ်။ အဲဒါကို ကိုကြီး ကြုံဖူးရဲ့လား။

အခု ကျွန်မ ငွေတွေကို ခြိုးခြံချွေတာပြီး စုထားတယ်။ ပညာဆက်သင်ဖို့။ ငွေအတိုင်းထားရင် တန်ဖိုးကျမှာစိုးလို့ ရွှေအဖြစ်



အလုံးလေးလုပ်ထားတယ်။ မနက်ဖြန်ကျရင် အဲဒါလေးကို ထုခွဲရမယ်။ ဈေးကြီးလှတဲ့ ဆေးနှစ်လုံးအတွက် ဆရာဝန်ကြီးကို အကြွေးပြန်ဆပ်ဖို့။ ကျွန်မ ဝမ်းမနည်းပါဘူး။ နှမြောတသမှုလည်း မရှိပါဘူး ကိုကြီးရယ်။ ကျွန်မကို ရေနစ်ရာကနေ ကယ်ဆယ်ပေးလိုက်တဲ့ ကျေးဇူးရှင်အတွက် ဇီဝိတဒါန ပြန်လှူခွင့်ရတာ ကျွန်မ ဝမ်းသာပါတယ်။

နောက်တစ်နေ့ မနက်မိုးလင်းပြီးတဲ့အခါ ဒေါ်ခင်ဆင့်ရဲ့ရွာကို ကျွန်မ လိုက်သွားပြီး သူ့သမီးတိုးတိုးကို ရှာရပါတယ်။ ညတုန်းက တိုးတိုးကို အိမ်နီးချင်းအစ်မကြီးတစ်ယောက်က သူ့အိမ်ခေါ်ပြီး ညအိပ်စေတာကို သိရတယ်။ တိုးတိုးဆိုတဲ့ ကောင်မလေးဟာ ဟို တစ်ခါ ကမ်းစပ်မှာ မြင်လိုက်ရတာထက်တောင် ပိန်သွားသလိုပဲ၊ သူ ဝတ်ထားတဲ့ထမီဟာ ရေစားပြီးပါးနေတဲ့ ချည်ကြမ်း လူကြီးထမီပါ။ ထမီဝတ်ထားပုံက ခါးမှာ စုလုံးပြီး မတို တိုအောင် လုံးထားတာမို့ ခါးနေရာမှာ အပွကြီး။ ဆံပင်တွေက နီစုပ်စုပ် ဖွာဖွာ၊ ဒါပေမဲ့ ကလစ်လှလှတစ်ချောင်းတော့ ညှပ်ထားတယ်။

သူ့အမေ မြွေကိုက်တဲ့အဖြစ်ကို သိပ်ပူပန်နေပုံမရဘူး။ သူ့မျက်နှာမှာ ဘာအရိပ်အယောင်မှ မတွေ့ရဘူး။ အင်းလေ ကောင်းပါတယ်။ ဒီအရွယ်နဲ့ပူပင်လို့လည်း အမေ အသက်ချမ်းသာရာ ရမှာမဟုတ်၊ သူ တတ်အားသရွေ့ တောင်းရက်တဲ့ပိုက်ဆံက သူ့အမေအတွက် ဆန်ပြုတ်ဖိုး ခေါက်ဆွဲဖိုးလို့ သူတွေးပြီး ကျေနပ်ရင်လည်း ကျေနပ်နေမှာပေါ့။ ရွာကလူတွေက သူ့ကို ဝိုင်းသနားပြီး မနက်စာခေါ်ကျွေးနေကြတာကို သူ ဝမ်းမနည်းတတ်ဘဲ ပျော်တောင် ပျော်နေသေးရဲ့။

'သူ့အမေ သက်သာရဲ့လား ကလေးမ'

အားလုံးက ကျွန်မကို လူနာသတင်း ဝိုင်းမေးတော့

'အမေ ဘယ်တော့ပြန်လာမှာလဲ'ကျွန်မကို မေးတယ်။

www.burmeseclassic.com



ကျွန်မ မဖြေတတ်ပါဘူး။ ကျွန်မကိုယ်တိုင်လည်း ဆေးရုံကို ဒီနေ့ရောက်မှသိမှာမို့ မသိသေးဘူးလို့ပဲ ဖြေလိုက်ပါတယ်။ ဆေးရုံကို လိုက်ချင်ရင်ခေါ်ဖို့လာတာဖြစ်ပေမဲ့ တိုးတိုးလိုက်လာတာက အမေအတွက် အထောက်အကူမပြုဘဲနေရင် တိုးတိုးလည်း ဝင်ငွေလျော့မယ်။ စိတ်လည်း ဆင်းရဲရမယ်။ ကျွန်မ မခေါ်တော့ပါဘူး။ ကျွန်မ ဆေးရုံကို ပြန်သွားမှာကို သိကြတဲ့ ဒေါ်ခင်ဆင့်တို့ အိမ်နီးချင်းတွေ ရွာသူရွာသားတွေက သူတို့တတ်နိုင်သလောက် ငွေလေးတွေစုပြီး ကျွန်မ လက်ထဲကို အပ်ကြတယ်။ ဒေါ်ခင်ဆင့်ဖို့ ဆေးဖိုးတဲ့။

ကျွန်မ ငွေအလှူခံဖို့ လာတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ရွာသူရွာသားတွေက သူတို့ တတ်နိုင်သလောက် ဖြည့်စွက်ကူညီချင်ကြတာကိုး။ ကျွန်မ ပေးပေးပါမယ် လို့ လက်ခံပေးလိုက်ရပါတယ်။

နှစ်ရာ တတ်နိုင်တဲ့သူ၊ ငါးရာ တတ်နိုင်တဲ့သူ၊ တစ်ထောင်တတ်နိုင်တဲ့သူ အစုံပါပဲ။ ကျွန်မ လက်ထဲ ရောက်လာတဲ့ငွေကို သူတို့ရှေ့မှာပဲ စာရင်းမှတ်ပြီး ရေတွက်ပြလိုက်တော့ ရှစ်ထောင်ခုနစ်ရာ ရှိတယ်။

'အမယ် ဘယ်နည်းလို့လဲ'လို့ အဘွားကြီးတစ်ယောက်က ဆေးပေါ့လိပ်ကြီး ပါးစပ်မှာ ခဲလို့ အားရပါးရ ပြောလိုက်တယ်။

မနေ့ကညနေတုန်းက ကျွန်မကိုယ်တိုင် ဆေးသွားရှာဝယ်ရတာသာမဟုတ်ခဲ့ရင် အခုအချိန်မှာ အဘွားပြောသလို ဘယ်နည်းလို့လဲ လို့ ကျွန်မလည်း ပြောမိမှာပါ။ အခုတော့ ကျွန်မ မချိပြုံးပဲ ပြုံးလိုက်နိုင်တယ်။ ဖွံ့ဖြိုးဆဲတိုင်းပြည်တွေမှာ လူတစ်ယောက်ရဲ့အသက်က ဈေးပေါတယ်ဆိုတဲ့ နာနာကျည်းကျည်း စကားတစ်ခုကို ကျွန်မ ဘယ်က ကြားဖူးမှန်းမသိဘဲ သတိရလိုက်တယ်။ ဟင့်အင်း ဈေးမပေါပါဘူး။ လူ့အသက်ဟာ အလွန်ဈေးကြီးလှပါတယ်။

မင်းဘူးဆေးရုံကိုမသွားခင် ကျွန်မ ရွှေစလေးကို အရင်



ရောင်းရပါတယ်။ သက်မွန်အဆောင်နေတဲ့ အဘွားအုန်းဆီမှာ လုပ်တာမို့ သူ့ကိုပဲ ပြန်ရောင်းလိုက်တယ်။ ကျွန်မ ဘာကြောင့် ရောင်းရတယ်ဆိုတာ သက်မွန်ကတစ်ဆင့် ဘွားအုန်းသိလို့ သာဓုခေါ်လိုက်ပါသေးတယ်။

ဆရာ့ကိုပေးဖို့ ပိုက်ဆံကို ခဏထားပါဦးမယ်။ နောက်ထပ်များ ဆေးထပ်လိုဦးမလား။ ကျွန်မ ငွေကို ဆောင်သွားမှဖြစ်မယ် မဟုတ်လား။

မင်းဘူးကို ကျွန်မရောက်သွားတဲ့အခါ လူနာနဲ့ လူနာစောင့်စားဖို့ ကိတ်မုန့်နဲ့ရေသန့်ဘူးရယ်၊ အချိုရည်ဘူးရယ်။ မျက်နှာသုပ်ပဝါနဲ့ သွားတိုက်တံ သွားတိုက်ဆေးတွေပါ ဝယ်လိုက်ပြီးမှ ဆေးရုံကို သွားပါတယ်။ ရွာကအဒေါ်ကြီးတွေ ဒီမနက်ဘာနဲ့ သွားတိုက်နေခဲ့ကြမလဲမသိလို့ ဟာသအတွေးနဲ့ လှမ်းပြီးခန့်မှန်းကြည့်လိုက်သေးတယ်။ ဆေးရုံကနေ ပြန်ထွက်ပြီးရင်တော့ မကွေးဘက် ခဏဆက်သွားအင်တာနက်လေး ဝင်ကြည့်ပြီး ကိုကြီးဆီကို အကျိုးအကြောင်း စာရေးမယ်လို့ တွေးထားတယ်။

ဒါပေမဲ့ ကျွန်မရဲ့ ကျေနပ်တက်ကြွမှုတွေကို တစ်ချီတည်းရိုက်ချခံလိုက်ရသလိုပဲ။ လူနာဆောင်ထဲ ဝင်ဝင်ချင်း ရင်ထဲမှာ ဆို့နင့်သွားပါတယ်။ လူနာက သတိလစ်နေတယ်။ သူ့လက်ကြီးဟာ ရောင်ကိုင်းနေလိုက်တာ လက်မောင်းရင်းမကဘူး လည်ပင်းတောင် ရောက်နေသလိုပဲ၊ ဘုရားဘုရား။ ကျွန်မ မျက်စိတွေပြာဝေပြီး မိုက်ခနဲတောင် ဖြစ်သွားတယ်။

ဘယ်လိုဖြစ်ရတာလဲ။ ဆေးတွေလည်း ထိုးနေရက်သားနဲ့။ ဆရာမတွေလည်း ခဏခဏ သွေးကိုဖောက်ပြီး စစ်နေကြတာပဲတဲ့။ ခဏနေ ဟိုဆေးလာထိုးလိုက် ဒီဆေးလာထိုးလိုက်တဲ့။

ရွာကလူတွေ စုပြီးပေးလိုက်တဲ့ ငွေလေး ရှစ်ထောင့်ခုနစ်ရာကို ကျွန်မ ကျစ်နေအောင်ဆုပ်ပြီး တစ်ခါမှ မခေါ်ဖူးတဲ့နာမည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခေါ်လိုက်မိတယ်။

'ဒေါ်ခင်ဆင့်'

လက်မောင်းမှာပိုက်တန်းလန်းနဲ့ နှာခေါင်းမှာ နှုတ်ခမ်းစွန်းမှာ သွေးစတွေ ပေကျံနေတဲ့ လူမမာဟာ ကျွန်မခေါ်သံတိုးတိုးကို မကြားနိုင်တော့ပါဘူး။ ခုတင်ဘေးနားမှာ တွဲချိတ်ချည်ထားတဲ့ ဆီးပုလင်းကို ကြည့်လိုက်တော့ ဆီးက အရောင်တွေညစ်ထပ်ထပ် အဖြူနှစ်တွေရောလို့။

ကျွန်မ ငုံ့ကြည့်နေတဲ့ ဒေါ်ခင်ဆင့်ရဲ့မျက်နှာဟာ အမေဖြစ်သွားလိုက် ဒေါ်ခင်ဆင့်ပြန်ဖြစ်သွားလိုက်။ မျက်လုံးတွေ ပြာဝေပြီး ဝါးနေခဲ့တယ်။

'အမေပြန်လာမှာပေ့ါသမီးရယ်' တဲ့။ အမေ နောက်ဆုံးပြောသွားတဲ့စကားလေ။ ဟင့်အင်း အမေ ပြန်မလာနိုင်ခဲ့ပါဘူး။ ကျွန်မရဲ့ ဆံပင်ကို နီကြောင်ကြောင်မဖြစ်အောင်လို့ ဆိုပြီး ဆွဲရှန်းခေါ်ပြီး အုန်းဆီလိမ်းပေးနေကျ အမေ။ ကျွန်မ အော်ရယ်ရင် ဗိုက်ခေါက်ကို လိမ်ဆွဲပြီး သတိပေးတတ်တဲ့အမေ။ ဒီကဆုန်မှာတော့ ကုသိနာရုံဘုရားကို ပွဲကြည့်ဖို့ လိုက်ပို့ပေးမယ်ဆိုတဲ့အမေ။ အမေ မပြန်လာနိုင်တော့ဘူး။

ကျွန်မငုံ့ထားတဲ့မျက်နှာပေါ်မှာ မျက်ရည်တွေ တလိမ့်ချင်းလိမ့်ကျနေတာကို သတိထားမိသွားတဲ့ သူနာပြုဆရာမကြီးက ကျွန်မပခုံးကို ဖက်လိုက်တယ်။

'သမီးလား ဟုတ်လား'

မဟုတ်ဘူးလို့ ကျွန်မ မပြောနိုင်ဘူး။

'စိတ်ကိုဖြေပါသမီးရယ် လိုအပ်သမျှဆေးတွေနဲ့ အစွမ်းကုန် ကုပေးတာပဲ။ ကံအကြောင်းမလှတော့'

ကံအကြောင်းမလှတော့...



အဲဒီစကားကို ကျွန်မ လက်မခံနိုင်ဘူး။ အခုအချိန်မှာ ပိုပြီးတော့ လက်မခံနိုင်ဘူး။

အဖြစ်ဆိုးလှချည်လား မခင်ဆင့်ရေလို့ တိုးတိုးဖွဖွ ရှိုက်ငင်ငိုနေတဲ့ အဒေါ်ကြီးရဲ့အသံက ငိုချင်နေတဲ့ ကျွန်မကို လက်တို့ လိုက်သလိုပဲ။

'ဆေးရုံရောက်တာ နောက်ကျသွားတယ်'

သူနာပြုဆရာမ တစ်ယောက်ယောက်က စုတ်သပ်ပြီး ကရုဏာသက်တဲ့အသံနဲ့ ခပ်တိုးတိုး ပြောပါတယ်။ ကျွန်မ ငေးကြောင် နေမိတာ အကြာကြီး။

လူတစ်ယောက် အသက်ထွက်ခါနီး ခံစားနေရတဲ့ ဝေဒနာကို ကျွန်မ ပထမဆုံး မြင်တွေ့နေရတယ်။ ကျွန်မ မမြင်ချင်ဘူး။ နှာခေါင်းပိုက် တန်းလန်း၊ ဆီးပိုက်တန်းလန်း၊ ခြေထောက် သွေးကြောကို ခွဲပြီး ဆေးသွင်းထားရတဲ့ ပိုက်တန်းလန်း။ ဒေါ်ခင်ဆင့်တစ်ကိုယ်လုံးမှာ သူ့ အသက်ရှင်မလားလို့ နောက်ဆုံးမျှော်လင့်ချက်နဲ့ ကြိုးစားထားတဲ့ သက်သေတွေအဖြစ် ပိုက်တန်းလန်းတွေ ရှုပ်ပွနေခဲ့တယ်။ မျက်နှာကျက်ကို မော့ကြည့်နေသလိုရှိတဲ့ မျက်လုံး ပြူးပြူးတွေဟာ တတွတ်တွတ် ခေါ်နေတဲ့ ကျွန်မကို မမြင်ဘူး။ ဘာကိုမှလည်း မြင်ပုံမရပါ ဘူး။ ကျွန်မ မကြည့်ရက်တော့လို့ ခုတင်ဘေးကနေ သွေးရူးသွေးတမ်း လှည့်ထွက်လိုက်မိတယ်။ အခု အသက်အရွယ်ထိ ခံစားဖူးတဲ့ ထိတ်လန့်တုန်လှုပ်မှု ဝေဒနာတွေထဲမှာ ဒါက အဆိုးဆုံးပဲလို့ ကျွန်မ ထင်လိုက်ပါတယ်။

'အေးငြိမ်း'

ကျွန်မ ကိုယ်ခန္ဓာက တစ်ယောက်ယောက်နဲ့ ဝင်တိုက်မိသွားတယ်။ ဝင်တိုက်မိသူက ခပ်နွေးနွေး နူးနူးညံ့ညံ့၊ အကျီ အဖြူရောင်ကို အရင် သတိထားမိပြီးမှ ကျွန်မ မော့ကြည့်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အေးငြိမ်း သူ သက်သာလား'

ကျွန်မကို ပခုံးနှစ်ဖက်ကနေ ထိန်းယူလိုက်တဲ့လူဟာ သုတပါလား။ နေပူထဲကလာခဲ့ရတဲ့ သူ့အင်္ကျီဟာ ပူနွေးနေပါတယ်။ သူ့မေးခွန်းကို ကျွန်မကြားနေပေမဲ့ အဲဒီစကားလုံးတွေရဲ့ အဓိပ္ပါယ်ကို ကျွန်မ မသိသလိုပဲ။ ဘာပြန်ဖြေရမှန်း မသိဘူး။ ဒါပေမဲ့ ကျွန်မ ဘာမှ ဖြေစရာမလိုခဲ့ပါဘူး။ ကျွန်မကိုကြည့်ပြီး အဖြေကို သူ သိသွားပါပြီ။ သူ မျက်နှာချက်ချင်း ပျက်သွားတယ်။ ကျွန်မ သူ့ကို ဖျောင်းဖျရမလား လို့ စဉ်းစားနေတုန်းမှာပဲ ကျွန်မကို သူ့ ရင်ခွင်ထဲ ဆွဲအပ်လိုက်တယ်။ သူ့ အင်္ကျီရင်ဘတ်က ချွေးစိုနေတဲ့ ခပ်ထိုင်းထိုင်းအတွေ့ဟာ ကျွန်မ မျက်ရည်နဲ့ရောပြီး ပိုစိုစွတ်သွားတယ်။

'မငိုနဲ့လေအေးငြိမ်း။ ငါတို့ မတတ်နိုင်တဲ့အရာတွေ အများကြီး ဥစ္စာ။ မငိုနဲ့ လာလာ အပြင်ထွက်ရအောင်'

ကံကြမ္မာဆိုတာကို ကျွန်မ ယုံလိုက်ရတော့မှာလား။ လူ့ဘဝ ဆိုတာ အပြီးထိရေးထားပြီးသား စာအုပ်တစ်အုပ်ပဲ၊ တစ်နေ့မှာ တစ်မျက်နှာပဲ လှန်ကြည့်ခွင့်ရှိတယ် ဆိုတာ တကယ်ပဲလား။

ကံအကြောင်းတရား ဆိုတဲ့ စကားလုံးကို ကျွန်မ လက်ခံလာအောင် တန်ခိုးရှင်တစ်ယောက်ယောက်က ပညာပြလိုက်တာလား။ ဟင့်အင်း ဒီလောက်နဲ့တော့ ကံရဲ့ဆုံးဖြတ်ချက်သက်သက်လို့ ကျွန်မ လက်မခံနိုင်သေးပါဘူး။

အဲဒီနေ့လည်ခင်းရဲ့နောက် လပေါင်းများစွာကြာတဲ့အထိ ကျွန်မ ခေါင်းထဲမှာ မေးခွန်းတွေ မေးခွန်းတွေ ပြည့်နှက်လာပါတယ်။

ဒေါ်ခင်ဆင့်ကို သတ်လိုက်တဲ့သေမင်းက မြွေတစ်ကောင်လို့ ပြောမလား။ ကံအကြောင်းတရားကြောင့် မြွေကိုက်ခံလိုက်ရတာလား။ အကောင်အထည်မြင်လိုက်ရတဲ့ မြွေဆိုတဲ့ သေမင်းနောက်မှာ



မမြင်ရတဲ့ နောက်ခံအခြေအနေတွေရှိသေးလား။ မသိနားမလည်မှုလား။ ဆင်းရဲနွမ်းပါးမှုလား။ အဲဒီထက်ထပ်ပြီး ပိုမမြင်သာတဲ့ လူသားရဲ့အကျင့်ပျက်မှုလား လောဘလား။

ကျွန်မ ရင်ထဲမှာ ခါးခါးသီးသီး နာကျင်လာမိတယ်။

ဒေါ်ခင်ဆင့်သေရတာ ကံဆိုးလို့လား။ ဒေါ်ခင်ဆင့် အမေကြီးသေသွားတာရော ကံဆိုးလို့ပဲလား။ ဆီပေပါ ပြုတ်ကျလို့ သေသွားရတဲ့ လူကြီးကရော ကံဆိုးလို့ပဲလား။

ဒါဖြင့် ငိုနေတဲ့ကလေးလေးကို အမေဆီပြန်ပို့ပေးဖို့ ကြိုးစားမိတဲ့ ကျွန်မကို ချိန်ရွယ်အုပ်မိုးလာတဲ့ ဟူရှင်းတွေ ငန်းမြားတွေ ဒေါသတွေ အကြောင်းရင်းက ဘာလဲ။ ကံတရားပဲလား။

သေချာတာကတော့ အဲဒါတွေ မဖြစ်အောင် ရှောင်လို့ရတယ်၊ ကြိုတင်ကာကွယ်လို့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏အသက် အစိတ်မပြည့်သေးခင်မှာ ကျွန်မ ကြုံတွေ့ရသော တုန်လှုပ်စရာအဖြစ်တွေက များလှပြီမို့ အသက် ပိုကြီးလာ သည့်အခါ ဘယ်လောက်ထိ ဆိုးရွားသော ဒုက္ခတွေနှင့် ထပ်ရင်ဆိုင်ရဦးမှာလဲ ရင်မောရပါသည်။ တစ်ခါတစ်ခါ မတွေးသင့်သော အရာပေမဲ့ တွေးမိသည်။ ဘာကြောင့် ငါ့ကျမှ ဒါတွေကို ခံစားရတာလဲ။ အခုလည်း ကျွန်မ တွေးမိလာပြန်သည်။ ကျွန်မကျမှ ဘာဖြစ်လို့ ဒါတွေကို သိဖို့ ကြုံရတာလဲ။ နာကျင်မှုတွေရှိမှ ရင့်ကျက်တယ် ဟူသည့် စကားကို ကျွန်မ ကြားဖူးပါရဲ့။ သို့သော် သုတပြောသလိုပဲ ရင့်ကျက်ရတဲ့ဘဝက ခါးသည်းလှပါသည်။ နုပျိုရွှင်ချိုမြိန်သောဘဝကို ကျွန်မ ဘာဖြစ်လို့များ မရနိုင်ခဲ့တာလဲ။

ကျွန်မ စိတ်မောလူမောဖြင့် သက်ပြင်းချလိုက်သည့်အချိန်တွင် မစ္စတာဝုလ်ဖ်ဂန်းက အစ်မကြီးနားနားသို့ ယိမ်းလျက် တစ်ခုခုကို တိုးတိုးလေး ပြောလိုက်သည်။ စကားလုံးတွေကို ကျွန်မ ကြားလိုက်ရပေမဲ့ ဘာတွေပြောမှန်း မသိလိုက်။ သို့သော် အစ်မကြီး ပြန်ဖြေသည့်အသံက တိုးပေမဲ့ ကျွန်မ နားလည်လိုက်သည်။



'ကိစ္စမရှိပါဘူး ဟန်းစ် မေးလို့ရပါတယ်။ သူ ထိန်းနိုင်နေသားပဲ။ အချိန်ကလည်း သိပ်မကျန်တော့ဘူးမဟုတ်လား'

မစ္စတာဝုလ်ဖ်ဂန်း ကျွန်မကို ပြုံးပြသည်။ သူ့အပြုံးက တစ်မျိုးပဲ။ နွေးထွေးမှု မပါသော ဝတ်ကျေတန်းကျေအပြုံးနှင့် တူနေသည်။ အင်း၊ သူလည်း ကျွန်မ၏ မိုးကြိုးမောင်းပျက် အင်္ဂလိပ်စကားလုံးတွေကို နားလည်အောင် အားစိုက်ထုတ်ရတာ ပင်ပန်းလှရောပေါ့။ မတော်သေးဘူးလား။

'မင်း အဆင်ပြေရဲ့လား အေးငြိမ်းမေ'

ကျွန်မနာမည်ကို သူ မှန်အောင် ခေါ်နိုင်တာ အံ့သြစရာကောင်းသည်။ စာရွက်ထဲက နာမည်ကို ကြည့်ခေါ်တာဖြစ်မှာပေါ့။

'ဟုတ်ကဲ့ ကျွန်မ ဘာမှ မဖြစ်ပါဘူး'

'ဒါဖြင့် ဆက်မေးမယ်'

ကျွန်မလည်း မြန်မြန်ပြီးချင်လှပါပြီ။

'မင်းပြောတဲ့ ဆင်းရဲခြင်းဆိုတဲ့ အကြောင်းရင်းခံတွေနဲ့ အခုပြောခဲ့တဲ့ ကံဆိုး ကံကောင်း မယုံကြည်တာတွေကို ပေါင်းလိုက်ရင် မင်းဘာလဲဆိုတာကို မှန်းဆလို့ ရသွားပြီ။ မင်း ယုံလား'

ကျွန်မဘာလဲ။ သူ့ကို မေးခွင့်ရှိလျှင် မေးလိုက်ချင်၏။ အခုလို တစ်ခဏ စကားပြော မေးခွန်းတွေ မေးရုံနှင့် လူတစ်ယောက်အကြောင်း ဘယ်လို သိနိုင်မှာလဲ။ ကျွန်မ မယုံပါ။ ကျွန်မ မယုံသည်ကိုလည်း သူက သိနေပြန်သည်။

'မယုံဘူးပေါ့'

ကျွန်မ ပြုံးနေလိုက်သော်လည်း အစ်မကြီးက အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ပြလျက် ဖြေလေ ဟု တိုက်တွန်းပါသည်။

'ဟုတ်ကဲ့ မယုံဘူး'

ပြောပြီးမှ ကျွန်မ အသုံးအနှုန်းမှားသွားကြောင်း သတိရလိုက်ပါသည်။ အင်္ဂလိပ်စကားတွင် မယုံဘူးမဟုတ်လား ဟူသောမေးခွန်း

www.burmeseclassic.com



ဖြင့် မေးသည့်အခါ မယုံပါဘူးဆိုလျှင် ဟုတ်ကဲ့ မယုံပါဘူးဟု ဖြေလို့မရ။ ဟင့်အင်း မယုံပါဘူးဟု ဖြေရသည်ဆိုတာ ဆရာတွေ ဆရာမတွေ သင်ထားပါသည်။ ကျွန်မ အကျင့်ပါနေသဖြင့် မြန်မာလို တွေးပြီး မြန်မာလို ဝါကျစီစဉ်ကာ အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်မိခြင်းဖြစ်သည်။

သို့သော် သဒ္ဒါအမှားလောက်ကိုဖြင့် အင်တာဗျူးမှာ အရေးတယူ အမှတ်လျှော့မှာမဟုတ်ပါ။ ကျွန်မ မသိဘဲ ရမ်းသမ်း ပြောသည့် သဒ္ဒါတွေကျတော့ မှားသလား မှန်သလား ဘယ်မှာသိလို့လဲ။

'မက်တာဖော် ဆိုတဲ့ စကားလုံးကို မင်းကြားဖူးလား'

ကျွန်မ မျက်လုံးမှ အကြောင်ကြောင်အရိပ်အယောင်ကို သူ အကဲခတ်မိသွားသည်။ ကျွန်မကို စာလုံးပေါင်းပြသည်။

'Metaphor'

သေချာသည်။ ကျွန်မ မကြားဖူးပါ။

'မကြားဖူးပါဘူး'

'မက်တာဖော်ဆိုတာ သင်္ကေတနဲ့ ဖွဲ့နွဲ့စီကုံး တင်စားတာကိုပြောတာ။ လူတိုင်းကို သူ့ သင်္ကေတနဲ့သူ တင်စား သတ်မှတ်လို့ရတယ်။ ဥပမာ ပီတာဆိုရင် ဖယောင်းတိုင်၊ ငါဆိုရင် ရှဉ့်'

'ကျွန်မက ဘာလဲ'

'မင်းက ရေတံခွန်'

'အို'

'ဘာကြောင့်လဲဆိုတော့ မင်းက ဖောက်ထွင်းမြင်ရတယ်၊ အားတက်သရော စီးဆင်းတယ်၊ ဒါပေမဲ့ ကိုယ့်အရှိန်ကိုယ်မထိန်းနိုင်ဘူး၊ အဲဒါကြောင့် ရေတံခွန်'

ကျွန်မ စိတ်လွတ်လပ်ပေါ့ပါးစွာ ရယ်မိ၏။

'ဟုတ်ကဲ့ ဒီတစ်ခါ ကျွန်မ အရှိန်ကို ထိန်းနိုင်အောင်



ကြိုးစားပါမယ်'

'အိုကေ ဒါဖြင့် နောက်မေးခွန်းတစ်ခု မေးမယ်၊ တိုတိုလေး ဖြေရမဲ့မေးခွန်း။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဆိုတာ ဘာလဲ။ အဓိပ္ပါယ် ရှင်းလင်းပါ'

သူပြောသည့် စကားက ရှင်းရှင်းလေးပါ။ ထိုစကားလုံးကို ကျွန်မသိသည်၊ ရင်းရင်းနှီးနှီးကို သိပါသည်၊ တစ်ကြိမ်မက နှစ်ကြိမ်မက တွေ့ဖူးသည့် စကားလုံးတွေပါ။ သို့သော် သူလိုချင်တာက မြန်မာစကားပြန် မဟုတ်ပါ။

'ခဏအတွင်း ဆုံးရှုံးပျက်ပြယ်မသွားဘဲ ရေရှည်တည်တံ့နေမဲ့ တိုးတက်ဖွံ့ဖြိုးမှု'

သူတို့နှစ်ယောက် ပြိုင်တူပင် မျက်လုံးချင်းဆုံကြည့်ကြပြီး ချက်ချင်းပင် ကျွန်မဆီသို့ ကြည့်လိုက်ကြသည်။ မျက်လုံးတွေက ဗလာ။ အဖြေမှာ အားရစရာမရှိမှန်း ကျွန်မ သိပါသည်။

'ကြိုးစားပါဦး ရှင်းပြတဲ့စကားလုံးတွေကို လိုချင်တာ၊ ဒီစကားလုံးတွေကို ပြန်ပြောဖို့မဟုတ်ဘူး'

အကြီးလူ၏မျက်လုံးတွေက စိမ်းမှောင်နေသည်၊ မညာမတာပင် ပခုံးတွန့်လိုက်သေးသည်။ အငယ်လူကတော့ သက်ညှာချင်သလို ရှိ၏။ ကျွန်မကို ပြုံးကြည့်ပါသည်။

'ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ကုလသမဂ္ဂက အဓိပ္ပါယ်ဖွင့်ဆို ရှင်းလင်းပြထားတယ်လေ၊ အဲဒီအဓိပ္ပါယ်ကို ဖြေစေချင်တာ' သူပြောမှ ကျွန်မ၏မျှော်လင့်ချက်က ပိုဝေးသွားတော့၏။

ကုလသမဂ္ဂကသတ်မှတ်ထားသော ရှင်းပြချက်တဲ့။ ကျွန်မ ခေါင်းတွေမူထူသွားသည်။ ကျွန်မ မသိခဲ့ပါ။ သိခဲ့လျှင်လည်း ကျွန်မ မှတ်မိမှာမဟုတ်ပါ။ ဆယ်တန်းတုန်းက နိယာမ၊ သီအိုရမ်များကဲ့သို့ အလွတ်ကျက်မှတ်ရမည့်စာသားများကို ကျွန်မ ဘယ်တော့မှ မရ

www.burmeseclassic.com

www.burmeseclassic.com



တတ်ပါ။

'ဝမ်းနည်းပါတယ်၊ အဲဒါကိုတော့ ကျွန်မ မသိပါဘူး'

သိပ်လည်း စဉ်းစားမနေချင်တော့ပါ။ ကျွန်မ၏လက်က ဒဏ်ရာမှာ ဆေးအာနိသင်ပြယ်သွားလို့လားမသိ။ တစစ်စစ်နာကျင်ကိုက်ခဲ့စ ပြုလာပြီ။ ကျွန်မ သည်ကနေ ထွက်ခွာချင်လှပြီ။

'မင်း ပြောခဲ့တဲ့စကားတွေထဲမှာ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ စကားတွေ ခဏခဏ ပါတယ်လေ။ ဒါဖြင့် မင်းက မင်းကိုယ်တိုင် ဘာမှန်းမသိတဲ့စကားကို ပြောနေတာလား'

အကြီးလူက ကျွန်မအား မပြုံးသလိုပြုံးသလို တစ်ချက်ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်ပါသည်၊ ကျွန်မ ထုံပေပေဖြစ်သွားသည်။ ကျွန်မဘဝမှာ ဘယ်ဟာက အရေးကြီးသည် ဘယ်ဟာက အရေးမကြီးဘူးဆိုတာ ကျွန်မသိသည်၊ တကယ်တော့ အခု ဒီအခန်းထဲမှာ ကျွန်မ ထိုင်ပြီး အူကြောင်ကြောင်မေးခွန်းတွေကို ဖြေနေရခြင်းက ကျွန်မဘဝအစစ် မဟုတ်။ ကျွန်မ ဘာကြောင့် ရန်ကုန်မြို့သို့ ရောက်လာသလဲဆိုတာ ကျွန်မ အသိဆုံးပေါ့။

အစ်မကြီးက ကျွန်မအား အားပေးသလို ပြုံးကြည့်သည်၊

'ဖြေလိုက်လေ အေးငြိမ်းမေ၊ အဲလို ငြိမ်ပြီး ထိုင်မနေနဲ့၊ ဒီမေးခွန်းမဖြေနိုင်ရင် နောက်မေးခွန်းမေးလိမ့်မယ်။ ခပ်သွက်သွက် စကားပြောလိုက်'

မြန်မာလို ပြောလိုက်ခြင်းဖြစ်သည်၊ ကျွန်မ သက်ပြင်းချ၍ ခေါင်းငြိမ့်လိုက်ပါသည်၊

'ဝမ်းနည်းပါတယ်။ အဲဒီအချက်ကို ကျွန်မ မသိခဲ့ပါဘူး'

'ကိစ္စမရှိပါဘူး။ ဒါက အရေးမကြီးလှပါဘူး၊ အခုကိုပဲ တချို့ ပညာရှင်တွေက ဒီအသုံးအနှုန်းကို အားမရနိုင်လို့ နောက်ထပ် ရှင်းလင်းဖို့ စာသားတွေ ရှာဖွေနေကြပါပြီ'



အငယ်လူက ကျွန်မအား နှစ်သိမ့်နေသည်။

'အိုကေ ဒါဖြင့် ဒီမေးခွန်းအစား နောက်ထပ် မေးခွန်းတစ်ခု မင်း ဖြေရတော့မယ်၊ သေသေချာချာနားထောင်နော်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်လို့ မင်း ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးတဲ့ လုပ်ငန်းတစ်ခုခုရှိလား။ အဲဒီအကြောင်း ပြောပြစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com

**မေးခွန်း၊ အမှတ် ရှစ်**

ရေရှည် ပွဲပြိုးတိုးတက်မှုဆိုတာ ဘာလဲ။
ပွဲပြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး မင်းကိုယ်တိုင်လုပ်ကိုင်
ဆောင်ရွက်ခဲ့ဖူးတဲ့ လုပ်ငန်းတစ်ခုအကြောင်း ပြောပြပါ။

ဘေးကပ်ရက်က ကွန်ပျူတာတစ်လုံးမှာ လူတစ်ယောက် ထိုင်နေခဲ့ရင် မျက်နှာကို အသေအချာသတိမထားမိဘဲ သူ့ လက်ကိုပဲ သတိထားမိတတ်တာ ကျွန်မရဲ့အကျင့်ပါ။ ကွန်ပျူတာ လက်ကွက် ခလုပ်တွေကို အဲဒီလူ ဘယ်လောက်လျှင်မြန် သွက်လက် တဖျောက် ဖျောက် နှိပ်သွားသလဲ၊ ကိုင်နေတဲ့မောက်စ်ကို ကလစ် ကလစ် ကလစ် စက္ကန့်ပိုင်းအတွင်း လေး-ငါး-ဆယ်ချက်မက နှိပ်ပြီး ကွန်ပျူ တာကို ဘယ်လို အမိန့်ပေး ခိုင်းစေနေသလဲ၊ အဲဒါကို ကျွန်မ စိတ် ဝင်စားတယ်။

အဲဒီနေ့လည်ခင်းမှာတော့ ကျွန်မဘေးက ကွန်ပျူတာမှာ လာထိုင်သုံးတဲ့ လက်ချောင်းတွေကို ကျွန်မ သတိထားမိသွားပါတယ်။ ရှည်သွယ်တဲ့လက်ချောင်းတွေရဲ့အရင်းပိုင်းမှာ မွေးညင်းနုနုရှည်ရှည် တွေနဲ့ စိမ်းမြမြလေး။ အဲဒီလက်က တော်တော်သွက်ပါတယ်။ ကိုင် နေကျ ကျွမ်းကျင်နေတဲ့လက်။ အဲဒီနေ့က ကျွန်မလိုချင်တဲ့ ကွန်ယက် နေရာကို သွားလို့မရောက်နိုင်တဲ့အချိန်၊ ကြည့်ချင်တဲ့ ဂျီမေးလ်ကို လည်း ဖွင့်လို့မပွင့်တဲ့အချိန် သူ့ကွန်ပျူတာ မော်နီတာပေါ်မှာ ပေါ် နေတာက ဂျီမေးလ်၊ သူ ဘယ်လို ဖွင့်လို့ရသွားသလဲ၊ သူ့ကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းဖို့ ကျွန်မ လှည့်ကြည့်လိုက်တော့ အံ့ဩဝမ်းသာစိတ်နဲ့ အမှတ်တမဲ့ ခေါ်မိသွားတယ်။

'ကိုကြီး'

သူ ဆတ်ခနဲတုန်သွားပြီး ကျွန်မဘက်ကို လှည့်ကြည့်တယ်။

'ဟာ အေးငြိမ်း'

'ကိုကြီး မကွေးမှာ နေတာလား'

'နိုး နိုး မဟုတ်ဘူး။ အခုညနေ ရန်ကုန်ပြန်မှာ။ အီးမေးလ်တွေ ဘယ်နှစောင်လောက် အသစ်ရောက်နေလဲလို့ ဝင်ကြည့်တာ။ ညည်းက ဒီကို ဘာလာလုပ်တာလဲ'

'စာမေးပွဲဖြေဖို့ လာတာ ကိုကြီး'

'အော် အေး လုပ်လုပ် ငါ ခဏနေရင် သွားမှာ'

'ကိုကြီး ဘယ်ကားနဲ့လဲ'

'အောင်ကမ္ဘာ'

'ကျွန်တော် ကားဂိတ်ထိ လိုက်ပို့မယ်လေ။ ကိုကြီး ဒီဘက်ရောက်နေမှန်း ကျွန်တော်တောင် မသိဘူး။ ကိုကြီးက သိပ်ဆိုးတာပဲ'

ဘာဖြစ်လို့မှန်းမသိ။ ကိုကြီး မျက်နှာ တည်တည်တင်းတင်းဖြစ်သွားပါတယ်။ ကျွန်မကို ဘာမှပြန်မပြောဘဲ သူ့ ကွန်ပျူတာကိုပဲ သဲကြီးမဲကြီးကြည့်ပြီး စာလုံးတွေကို ခပ်သွက်သွက် ရိုက်နေပါတယ်။ နေဦး ကျွန်မ အကြံရပြီ။ ကိုကြီး စကားပြောလာအောင် လုပ်ဖို့ကျွန်မမှာ နည်းရှိပါတယ်။

'ကိုကြီး ကျွန်တော် မြန်မာနိုင်ငံရဲ့ အချက်အလက်တွေကို သိချင်ရင် ဘယ်ဝက်ဘ်ဆိုက်ကို ဖွင့်ရမှာလဲဟင်'

တွေ့လား သူ မနေနိုင်တော့ဘူး။ လှည့်ကြည့်လာတယ်။ သူ့ အားနည်းချက်က လူတစ်ယောက်ကို အသိပညာပေးဖို့ အမြဲတမ်းအဆင်သင့်ဖြစ်နေတဲ့အချက်ပဲ။



'မြန်မာနိုင်ငံရဲ့ အချက်အလက်တွေက အများကြီး။ ညည်းက ဘယ်ဟာကို သိချင်တာလဲ'

အယ်။ ကျွန်မ တကယ်တော့ ဘာမှ ရေရေရာရာသိလို့မဟုတ်ပါဘူး။ ကိုကြီးနဲ့ အခုလို တိုက်တိုက်ဆိုင်ဆိုင်တွေ့ဖြစ်တုန်း ကိုကြီးဆီက တတ်နိုင်သမျှ သင်ယူထားချင်လို့ပါ။

'အဲ ဟို ရွာတွေမှာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအဆင့်မီဖို့ ဘယ်အဆင့်ရှိရမလဲ။ ဘယ်လို မြင့်အောင်လုပ်ရမလဲ။ မြန်မာပြည်မှာ လူအသေအပျောက်အများဆုံးက ငှက်ဖျားရောဂါလို့ ဆရာဝန်ကြီးပြောတာကြားဖူးလို့ သေတာဘယ်နှယောက်လဲ ဘာညာအဲဒါမျိုးတွေကို ကျွန်တော် သတင်းအတိအကျ သိချင်ရင် ဘယ်မှာရှာရမလဲ သိချင်တာ'

ကိုကြီးကိုင်ထားတဲ့ ကွန်ပျူတာမောက်စ်လေးရဲ့ခရမ်းရောင်အလင်းက ရောင်ပြန်ဟပ်နေတာမို့ သူ့မျက်လုံးကို ကျွန်မ သေသေချာချာမြင်ရတယ်။ တောက်ပသွားတာပဲ။

'အဲဒါမျိုးကျတော့ ကုလသမဂ္ဂလက်အောက်က ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိန်းဂဏန်းတွေ ညွှန်းကိန်းတွေကို ရှာကြည့်လို့လည်းရတယ်။ ဒါမှမဟုတ် တက္ကသိုလ်တွေကသုတေသီတွေတင်တဲ့ ဆိုင်ရာစာတမ်းတွေ လက်ချာတွေမှာ ရှာလို့ ရတယ်။ လာ ကြည့်ရအောင်'

မြန်လိုက်တာ။ ပြောပြောနှိပ်နှိပ် စာလုံးတွေကို ကျွန်မပခုံးပေါ်ကနေကျော်ပြီး နှိပ်သွားလိုက်တာ။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေ သတင်းပို့ချက်တွေ တသီတတန်းကြီး ပေါ်လာတော့ တာပါပဲ။

'ဟောဒီမှာ ညည်းသိချင်တဲ့ အချက်အလက်တွေ အကြီးဝင်သမျှ အကြောင်းအရာတွေပဲ။ ဒီဝက်ဘ်ဆိုက် လိပ်စာတွေကို မှတ်ထား။ အဲဒီထဲကနေ ညည်းစိတ်ဝင်စားတာကို ကြိုက်သလိုဟာကိုယ် ရွေး

www.burmeseclassic.com

www.burmeseclassic.com



ယူရမယ်။ မရွေးတတ်ရင်တော့ အစဉ်လိုက် ဖွင့်ဖတ် ကြည့်သွားပေတော့။ ဒီမယ် မျှားလေးကို ဒီလို စာကြောင်းပေါ် တင်ကြည့်လို့ လက်ပုံစံလေးဖြစ်သွားရင် အဲဒါ ဖွင့်ဖတ်လို့ရတဲ့ဖိုင်ပဲ။ လုပ်ကြည့်၊ တစ်ခုပြီးတစ်ခု ဖွင့်ဖတ်သွား၊ သတိထားရမှာက စာရင်းအရှည်ကြီးမှာ အရင်ဆုံးပေါ်လာတာက နောက်ဆုံးဖြစ်ပျက်တဲ့ နောက်ဆုံးပေါ်ပဲ။ အောက်ရောက်လေ ဒီသတင်းက ကာလကြာခဲ့ပြီးသား ဖြစ်လေ၊ ဟုတ်ပြီလား'

ကျွန်မမျက်လုံးက သူရှာပေးခဲ့တဲ့ စာမျက်နှာတွေကို ခဏပဲ စိတ်ဝင်စားလို့ရတယ်။ သူဖွင့်ကြည့်နေတဲ့ သူ့အီးမေးလ်စာတွေကို လှမ်းအကဲခတ်ပြီး ခိုးဖတ်ချင်နေပါတယ်။

ကျွန်မမြင်ရတဲ့ သူရေးနေတဲ့စာက တော်တော်ရှည်ပါတယ်။ အင်္ဂလိပ်စာလုံးတွေချည်း၊ ကျွန်မ သူရေးသွားသလောက် အမြန်လိုက်မဖတ်နိုင်လို့ မပြီးပါဘူး။

ငါပြန်တော့မယ်၊ မင်း ဘာလုပ်နေလဲ၊ မင်းလိုက်ပို့ဖူးတဲ့ ညနေခင်းအချိန်တွေကို သတိရတယ်၊ မွှေးတဲ့ပန်းလေးတွေ မင်းအနားမှာ ရှိနေသလား၊ တိမ်တွေလို ရွှေ့လျှားလို့ရမယ်ဆိုရင် မင်းဘေးကို ငါရောက်လာမိမှာပဲ၊ အခု ကိုယ့်စိတ်ထဲမှာ ပေါ်လာတဲ့ ကဗျာလေး တစ်ပုဒ်ကို မင်းဆီ ပို့လိုက်မယ်၊ အဲဒါ ငါ့လက်ဆောင်ပါ၊

အဲဒီစာကြောင်းတွေကို ဖတ်လိုက်မိတဲ့အခါ ကျွန်မ ကိုကြီးမျက်နှာကို အကဲခတ်လိုက်မိတယ်၊ ကိုကြီး ပြုံးနေသလား၊ ဟင့်အင်း မျက်လုံးတွေတော့ သေချာမမြင်ရလို့ မသိ၊ နှုတ်ခမ်းကတော့ ပုံမှန်အတိုင်း စေ့စေ့ပါပဲ၊

အဲဒါ ကိုကြီးရဲ့ရည်းစားလား၊ ဘုန်းဘုန်း ဦးပဏ္ဍိစ္စဆီကနေ မသိမသာ စပ်စုကြည့်တာတော့ ကိုကြီးမှာ မိန်းမ မရှိဘူးတဲ့၊ အခုဟာက ရည်းစားပဲ ဖြစ်မှာ၊ သူ့ရည်းစားက ဘယ်သူပါလိမ့်၊ ကျွန်မ သိချင်လိုက်တာနော်၊ ကျွန်မ တစောင်းမြင်ရတဲ့ ကိုကြီးရဲ့



နားရွက် အောက်ခြေ၊ လည်ပင်း၊ အင်္ကျီကော်လံ တစ်ခုချင်းကို ကြည့်မိတယ်။ လည်ပင်းက သွေးကြောခုန်နှုန်းကို သတိထားကြည့်ချင်လို့ပါ။ နှလုံးခုန်နှုန်းတွေ သိပ်မြန်နေရင် အဲဒါ ကိုကြီး သိပ်ချစ်ရတဲ့ ရည်းစားဖြစ်မှာပေါ့။ ဟားဟား။ နေဦး လည်ပင်းကော်လံကို ကျွန်မ သေသေ ချာချာမြင်ရတယ်။ အင်္ကျီအဖြူခံအကွက်မို့ ထင်းခနဲမြင်ရတာက ဖွာနေတဲ့လည်ကုတ်။ အဲဒီအင်္ကျီကို ကျွန်မ မြင်ဖူးသလားလို့ စဉ်းစားကြည့်လိုက်တော့ အရင်တစ်ခါ စလင်းကို လာတုန်းက ကိုကြီးဝတ်ထားတာကို မြင်ဖူးနေသလိုလို၊ အို ကိုကြီးခမျာ သူ့ပိုက်ဆံတော်တော်များများကို ကျွန်မကျောင်းစရိတ်အငြ်ှက် သုံးနေခဲ့ရတာမို့ အင်္ကျီကို များများမဝယ်ဝတ်နိုင်ဘူး ထင်ပါရဲ့၊ ကြည့်စမ်း၊ ကျွန်မ အဲဒါကို ဘာဖြစ်လို့ မတွေးမိတာလဲ၊ ကိုကြီးကို အင်္ကျီတစ်ထည်လောက် လက်ဆောင်ပေးချင်လိုက်တာလို့ အဲဒီအချိန်က တွေးနေမိတာ။

ကိုကြီးရဲ့ ကိုယ်လုံးက သုတကိုယ်လုံးလောက် မထွားကြိုင်းဘူး၊ သုတက ဆယ်တန်းတုန်းက ပိန်ပိန်လေး၊ အခုတော့ တော်တော်ကို လူကြီးနဲ့တူလာပြီ၊ ခန့်ခန့်ညားညားဖြစ်လာပြီ၊ ကိုကြီးက ကြည့်ရတာ တစ်ခေါက်ထက်တစ်ခေါက် ပိုပို ပိန်သွားသလိုပဲ၊ ကိုကြီး နေလို့မှ ကောင်းရဲ့လား၊ ကိုကြီးရဲ့အင်္ကျီအရွယ်က ဘာပါလိမ့်၊ သုတရဲ့အရွယ်က မီဒီယမ်ကို မရတော့လို့ အရင်တစ်ခေါက်က ဝယ်သွားတာ အကြီးအရွယ်ပဲ။ အခု ကိုကြီးကတော့ လာ့ဂ်ျဆိုက်ဇ် မဖြစ်နိုင်ဘူး၊ မီဒီယမ်အလယ်အလတ်ဆိုက်ဇ်ပဲ ဖြစ်မှာပါ။ နေဦး လည်ကုတ်မှာ အင်္ကျီအရွယ်ကိုပြတဲ့သင်္ကေတလေးများ ပေါ်နေမလား၊

ကျွန်မ ငေးကြည့်နေမိတာ ဘယ်လောက်ကြာပြီလဲ မသိဘူး၊ ကိုကြီးက ကျွန်မဘက်ကို လှည့်ကြည့်လိုက်တဲ့အချိန်မှာ ကျွန်မမျက်လုံးတွေ သူ့ဆီရောက်နေတာကို မြင်သွားပါတယ်။

'အေးငြိမ်း'

www.burmeseclassic.com

www.burmeseclassic.com



ခပ်ငေါက်ငေါက် ခေါ်တော့ ကျွန်မ လန့်သွားတယ်။

'ရှင်'

'အေးငြိမ်း အဲဒီစာမျက်နှာကို ကြည့်နေတာ ဆယ့်ငါးမိနစ် မကတော့ဘူး။ ညည်း စာဖတ်တာ သိပ်နှေးပါလား။ ညည်း အင်္ဂလိပ်စာတွေ မဖတ်ဘူးလား'

'ဟုတ်။ အဲ ဟုတ်ပါဘူး။ ကျွန်တော် စာဖတ်ပါတယ်'

'ဒီနှုန်းနဲ့သာ အင်တာနက်ပေါ်မှာ စာဖတ်လို့ကတော့ ညည်း မွဲလိမ့်မယ်။ စာ မြန်မြန် ဖတ်နိုင်အောင် လုပ်စမ်း'

'ဟုတ်'

ကိုယ့်အပြစ်နဲ့ကိုယ်မို့ မြန်ပါတယ်လို့လည်း မခံချင်စိတ်နဲ့ ငြင်းဆို ဖြေရှင်းလို့မရပါဘူး။

'တို့ သွားတော့မယ်၊ အီးမေးလ်လှမ်းပို့လိုက်ပေါ့'

သူ ဖျတ်ခနဲပဲ ဂျီမေးလ်ကို သော့ခပ်ပိတ်လိုက်ပြီး ထိုင်ရာကနေ ထပါတယ်။ ကျွန်မက စာမျက်နှာတွေ ဖွင့်ရက်တန်းလန်းကြီး၊

'ကိုကြီး'

အသံတိမ်တိမ်နဲ့ ခေါ်လိုက်မိပေမဲ့ ကိုကြီး ကြားမှာပါ၊ လှချင်းက တော်တော်နီးတာ၊ ဒါပေမဲ့ ကိုကြီး မကြားချင်ယောင်ဆောင်တယ်၊ သူ့လည်ပင်းမှာ ဆွဲထားတဲ့ ခဲဖျက်လောက်ပဲရှိတဲ့ အတောင့်လေးကို အဖုံးပြန်ဖုံးရင်း အလုပ်ရှုပ်ချင်ယောင် ဆောင်နေပါတယ်။ အဲဒါမျိုးအတောင့်လေးတွေ ကွန်ပျူတာစက်ထဲကိုထည့်ပြီး သုံးကြတာတွေ့တွေ့နေပေမဲ့ ပထမတော့ အဲဒါလေးကို ဘာမှန်းမသိဘူး။ တစ်ခါတုန်းက မမမြတ်နဲ့အတူ ကျွန်မ မကွေးလာရင်း အင်တာနက်ဆိုင် အတူထိုင်ဖြစ်ကြတော့မှ သူ့အကျႌအိတ်ထဲက အတောင့်လေးထုတ်ယူပြီး ကွန်ပျူတာဘေးမှာထုတ်ထားတဲ့ ကြိုးစလေးမှာ တပ်လိုက်တာကို တွေ့တော့ မေးကြည့်မိတယ်။ အဲဒါ ဘာလုပ်တာလဲလို့။ မမမြတ်က ဒါကို မှတ်ဉာဏ်အတောင့် မင်မိုရီစတစ်ခ်လို့ ခေါ်



သတဲ့။ ယူအက်စ်ဗီလို့လည်း ခေါ်တယ်တဲ့၊ ဖလက်ရှ်ဒရိုက်ဗ် လို့လည်း ခေါ်သတဲ့။ တချို့အတောင့်လေးတွေက မှတ်ဉာဏ်တွေ အများကြီးဆံ့တာဆိုပဲ။ သိမ်းချင်တာကို အဲဒီထဲ ထည့်သိမ်း၊ အိမ်ပြန်ရောက်တော့ ကိုယ့်ကွန်ပျူတာမှာ ကိုယ် ပြန်ထည့်ဖွင့်ဖတ်၊ သွားလေရာကို ပေါ့ပေါ့ပါးပါး သယ်ချင်သလို သယ်လို့ ရတယ်တဲ့။ ကောင်းလိုက်တာ။ မမမြတ်က ရန်ကုန်အိမ်မှာ ကွန်ပျူတာရှိတယ်၊ စလင်းကိုတော့ ဘာမှ သယ်မလာဘူးလို့ ပြောပါတယ်၊

'ကွန်ပျူတာမရှိရင်တော့ အဲဒါက ဘယ်သုံးလို့ရမလဲနော်'

ကျွန်မ အားငယ်သွားတယ်၊

မမမြတ်က ကျွန်မကို ပြုံးပြတယ်၊

'ကိုယ့်မှာ မရှိပေမယ့် သူငယ်ချင်းဆီမှာ ဖြစ်ဖြစ် ကိုယ်အလုပ်လုပ်တဲ့ရုံးမှာဖြစ်ဖြစ် နောက်ဆုံး ကွန်ပျူတာသင်တန်းတွေမှာ အခုလို အင်တာနက်ကဖေးတွေမှာ နာရီနဲ့ငှားသုံးနေလို့ ရတာပဲ။ ဒီဆိုင်က တစ်နာရီကို ခြောက်ရာပေးရတယ်၊ ဒါပေမဲ့ တချို့ဆိုင်တွေက တစ်နာရီကို လေးရာပဲ ပေးရတာလေ။ အဲဒီလို ကိုယ့်အိမ်နားနီးနီးမှာ ကွန်ပျူတာသုံးလို့ရနေရင် ပြီးရောပေါ့၊ ကိုယ့်အိမ်ကမှ မီးမလာရင် ဒုက္ခရောက်ရဦးမယ်၊ ဆိုင်တွေက မီးမလာရင် မီးစက်နှိုးပေးထားတယ်မဟုတ်လား'

မမမြတ်ပြောတာ ကျွန်မ လက်ခံပါတယ်။ ဒါပေမဲ့ ကိုယ့်မှာ ကွန်ပျူတာ ရှိသလောက်တော့ အဆင်မပြေလှဘူးလေ၊ နေ့နေ့ညည ကြိုက်တဲ့အချိန်မှာ ကြိုက်သလိုအချိန်ပေးပြီးသုံးနိုင်ရင် ဘယ်လောက်ကောင်းမလဲ၊ ကျွန်မ ကွန်ပျူတာတစ်လုံးလောက် ပိုင်ချင်တယ်၊ ဟော တွေ့လား၊ ကျွန်မ အဆင့်ကျော်ပြီး စိတ်ကူးတွေယဉ် နေမိ

ကျွန်မကို တစ်ချက်မှ ပြန်လှည့်မကြည့်ဘဲ ထွက်သွားတဲ့ ကိုကြီးရဲ့နောက်ကျောကို လှမ်းငေးရင်း မျက်ရည်တောင်ဝဲလာမိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုကြီး ကျွန်မကို လူရာမသွင်းဘူး၊ ဟုတ်တာပေါ့လေ။ ကျွန်မက ကိုကြီး သနားလို့ ကယ်တင်ထားတဲ့ သူဆင်းရဲမလေးတစ်ယောက်ပဲ။ ကိုကြီးရင်ထဲမှာ ကျွန်မ မရှိပါဘူး။ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး၊ ကျွန်မက ကိုကြီးအတွက် ကိုကြီးတို့အဖွဲ့ လာလာလှူတိုင်း တောမှာ လက်ပြကျန်ရစ်တဲ့ ကလေးတွေထဲက တစ်ယောက်ပါပဲ။

ကျွန်မ အောင်ကမ္ဘာကားဂိတ်ကို လိုက်သွားရင် ကိုကြီး စိတ်ဆိုးမှာလား။ ကျွန်မရဲ့ခင်မင်မှုကို တလွဲတွေးပြီး အထင်သေးနှိမ်ချမှာလား။ ဒါပေမဲ့ ကိုကြီးကို ကျွန်မ စကားတောင် ဝအောင် မပြောလိုက်ရဘူး၊ အခုလို မကွေးမြို့မှာ အမှတ်မထင် ဆုံခွင့်ရတဲ့ အခွင့်အရေးကို ကျွန်မ ဆုံးရှုံးမခံနိုင်ဘူး။ ကျွန်မဖွင့်ထားတဲ့ စာမျက်နှာတွေကို အကုန်လုံး လိုက်ပိတ်လိုက်တယ်။ ပြီးတော့ ကျသင့်သလောက်ငွေကို ရှင်းပြီး ဆိုင်ထဲက ထွက်လာလိုက်တယ်။

ကိုကြီး စလင်းကနေပြန်တိုင်း ကျွန်မ ဘာလက်ဆောင်မှ ပေးလို့မရဘူး၊ ကျွန်မ တပင်တပန်း ဖောင်းလင်းကနေ သယ်လာတဲ့ ပဲဆီဘူးကြီးကိုတောင် ကျွန်မရှေ့တွင် ဘုန်းဘုန်းဦးပဏ္ဍိစ္စကို လှူပစ်ခဲ့တဲ့ကိုကြီးပဲ။ ကိုကြီးကို ကျွန်မ တစ်ခါမှ ကျေးဇူးဆပ်ခွင့်မရဘူးလို့ ကျွန်မ ညည်းညူရင် ကိုကြီးအမြဲပြောတဲ့စကားတစ်ခွန်း ရှိပါတယ်၊

'ကျေးဇူးဆပ်စရာ မလိုပါဘူး။ ငါ့ကို ညည်းဘာမှ ပြန်ပေးဖို့ မလိုဘူး။ ညည်းပညာတွေတတ် အလုပ်အကိုင်တွေရပြီးတဲ့နောက်မှာ ညည်းတို့ဒေသအတွက် ထောက်ပံ့ကူညီပေးနိုင်ဖို့ပဲ လိုချင်တယ်၊ အဲဒါ အထိရောက်ဆုံး ကျေးဇူးဆပ်တဲ့နည်းပဲ။ ဦးက ဒါပဲ မျှော်လင့်တယ်'

ကိုကြီးက သူ့ကိုယ်သူ အသက်ကြီးကြီး လူကြီးတစ်ယောက်လို ဦးလို့ ထည့်ပြောရင် ကျွန်မသိပ်ရယ်ချင်တာပဲ၊ သူက မမမြတ်လောက်တောင် မကြီးသေးဘဲနဲ့။ မမမြတ်ကမှ သူ့ကိုယ်သူ မမမြတ်



လို့ ကျွန်မခေါ်တဲ့အတိုင်း လိုက်သုံးနှုန်းသေးတယ်။

အောင်ကမ္ဘာကားဂိတ်ကို ကျွန်မ လိုက်ကြည့်သေးပေမဲ့ ကိုကြီးကို မတွေ့ဘူး။ အောင်ကမ္ဘာကားဂိတ်မှာ ကားထွက်တဲ့အထိ ကျွန်မဝယ်ထားတဲ့ ရှပ်အင်္ကျီအဖြူလက်ရှည် အထုပ်လေး ကိုင်ထားရင်း၊ ကျွန်မ ရပ်စောင့်နေခဲ့တာ။ ကိုကြီးမလာဘူး။ ကားပေါ်က လူတွေကို စပယ်ယာက တစ်ယောက်ချင်း နာမည် ခေါ်တယ်။ အဲဒီမှာ ကိုထင်လင်း ခုံနံပါတ်တစ်ဆယ်ဆိုပြီး ခဏခဏ အော်သံ ကြားတယ်။ အဲဒါ ကိုကြီးနာမည်ပေါ့။ ကိုကြီး ဘာဖြစ်လို့ ကားဂိတ်ကို အချိန်မီ ရောက်မလာတာလဲ။ ကျွန်မ စိတ်ပူလိုက်တာ။ ကားသာ ထွက်သွားတယ်။ ကိုကြီး အဲဒီကားဂိတ်ကို မရောက်လာခဲ့ဘူး။ ကိုကြီး ကျွန်မလာမှာကို သိလို့ တမင်ရှောင်တာလား။ ဟင့်အင်း အဲဒါ မဖြစ်နိုင်ဘူး။ ကျွန်မကို မတွေ့ချင်တာနဲ့တော့ ကားအလွတ်ခံမှာ မဟုတ်ဘူး။ ကိုကြီးက ရန်ကုန်မှာ အလုပ်တွေက တန်းစီနေတာဆို။ ဒီလိုများ ဖြစ်မလား။ ကျွန်မနဲ့ဆုံမှာကြောက်လို့ ကားဂိတ်ကို မလာဘဲ မကွေးအထွက်ကျမှ တားစီးမလား။

တွေးလိုက်မိတော့ ရင်ထဲမှာ ဟာခနဲ ဖြစ်သွားတယ်။

ကိုကြီးရယ် အဲဒီလောက်တောင် ကျွန်တော့်ကို ရှောင်ချင်တာလား။ ဘာဖြစ်လို့ ရှောင်တာလဲ။ ကျွန်တော်က ကိုကြီးအတွက် အတားအဆီး အန္တရာယ်တစ်ခုဖြစ်နေသလား။

ကျွန်မ အဲဒီလိုတွေးပြီး တကယ်အဲလို ဖြစ်နေလား သိချင်လာတယ်။ သိအောင် ဘယ်လို စုံစမ်းရမလဲ။ ကားကလည်း ထွက်သွားပြီ။ ကျွန်မ အောင်ကမ္ဘာကားဂိတ် ဂိတ်မှူးဆီကို ကိုထင်လင်း နာမည်နဲ့ သွားမေးတယ်။ မရောက်လာလို့ ဘယ်ကနေများ စီးမလဲ ပြောလဲ ဆိုတော့ ဒီကပဲ စီးမှာတဲ့။ လမ်းတင်လူကြုံ တစ်ယောက်ပဲ ရှိတယ်၊ အဲဒါက ကျောင်းဆရာမ တစ်ယောက်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ဘာဖြစ်လို့ ကားဂိတ်ကို မရောက်လာလဲ။ ကိုကြီး မတော်တဆ ယာဉ်တိုက်မှုတစ်ခုခု အုံ့ဖွ လွဲပါစေ ဖယ်ပါစေ။ မကွေးမှာ ဆိုက်ကယ်တွေက အများကြီး။ စက်ဘီးတွေ ဆိုက်ကားတွေ ဆိုက်ကယ်သုံးဘီးတွေ။ အရှိန်နဲ့မောင်းလို့များ

အို ဘာဖြစ်လို့များ ကျွန်မစိတ်ပူနေရတာလဲ၊ သူက လူကြီးပဲ၊ သူ ဘာမှ ဖြစ်မှာမဟုတ်ဘူး၊

ကျွန်မ အချိန်ရှိတုန်း စလင်းကို ပြန်ဖို့ ကားဂိတ်ကို လာခဲ့ရတယ်၊ မကွေး ဆင်ဖြူကျွန်း ကားဂိတ်ကိုရောက်လို့ ကားပေါ်လည်း တက်လိုက်ရော ကျွန်မဖြင့် အံ့ဩလွန်းလို့ လွှတ်ခနဲ အော်မိပြန်တယ်၊

'ဟင် ကိုကြီး'

ကြည့်စမ်း ကိုကြီးက ကားပေါ်မှာ ဟိုးထိပ်ဆုံးနေရာမှာ ထိုင်လို့၊ စာအုပ်တစ်အုပ်ကို ဖတ်လို့။

ကျွန်မကို လှည့်ကြည့်တဲ့ ကိုကြီးမျက်နှာက စိတ်နည်းနည်း ရှုပ်သွားပုံပါ။ ဟုတ်တယ်၊ တစ်စက်လေးမှတောင် မပြုံးဘူး။

'ညည်း မပြန်ရသေးဘူးလား'

'ဟုတ်ကဲ့ ကျွန်တော် အောင်ကမ္ဘာကားဂိတ်ကို သွားပြီး ကိုကြီးကို စောင့်နေတာ။ ကိုကြီး ကျွန်တော့်ကို ညာတယ်'

ဘာရယ်လို့မဟုတ်ပါဘူး၊ ကိုကြီးကို ကျွန်မ စိတ်ထဲမှာ တအားရင်းနှီးနေတာမို့ နွဲ့ပြီး ရန်တွေ့လိုက်တာ။ ဒါပေမဲ့ ကိုကြီးက မျက်နှာတည်တည်ကြီး၊

'ညည်းကို ငါ ဘာညာရမှာလဲ'

'ဒါဖြင့် ဘာဖြစ်လို့ ကားဂိတ်ကို မလာတာလဲ'

ကျွန်မ ကိုကြီးနဲ့ မိန်းမကြီးတစ်ယောက်ရဲ့ ကြားထဲမှာလွတ်နေတဲ့ ခုံနေရာကို မျက်စောင်းထိုးနေမိတယ်၊ အဲဒီနေရာမှာ လူတစ်



ယောက်စာ ကောင်းကောင်းရတယ်။ ကျွန်မ သွားထိုင်ချင်တယ်၊ ဒါပေမဲ့ ကိုကြီးက ဟောက်ထုတ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ။

'စလင်းဘက်ကို ပြန်ဖို့ အရေးပေါ်ကိစ္စဖြစ်လာလို့'

'အော်။ ဘာကိစ္စလဲဟင်'

ကိုကြီးက ကျွန်မကို အရေးတယူ မဖြေပါဘူး။ စာအုပ်ပဲ ငုံ့ဖတ်နေတယ်။ ပတ်ဝန်းကျင်က မှောင်စပြုနေပြီ။ ကားက မီးလည်း ထွန်းမထားဘူး။ အလင်းရောင်က နည်းနည်းလေးပဲရှိတာ၊ အဲဒီ နည်းနည်းလေးနဲ့ ကိုကြီးက စာဖတ်ဦးမယ်။

အင်းလေ၊ စာဖတ်တယ်ဆိုတာ တကယ်စာဖတ်ချင်လို့ ဟုတ်ချင်မှ ဟုတ်မယ်။ တစ်ယောက်ယောက်စကားပြောမှာကို ရှောင်ဖို့လည်း ဖြစ်နိုင်တာပဲ၊ ကျွန်မ အလိုက်သိမှ ဖြစ်မှာမို့ ပါးစပ်ပိတ်ပြီး နေလိုက်ပါတယ်။ လူမရလို့ ကားက တော်တော်နဲ့မထွက်ဘူး၊ ကျွန်မ တစ်ချက် ဝါးခနဲ သန်းလိုက်မိတယ်။ အဲဒီအချိန်မှာ ကိုကြီးက မမျှော်လင့်ဘဲ ကျွန်မကို စကားပြောတယ်၊

'ညည်း ပြန်တဲ့အချိန်က နောက်ကျလှချည်လား။ ဘာဖြစ်လို့ အချိန်နဲ့အခါနဲ့ မပြန်တာလဲ၊ ကားမရရင် ဘယ့်နှယ်လုပ်မလဲ'

'အို ကိုကြီးကလည်း ကားမရရင် မကွေးမှာ ကျွန်တော် နေဖူးတဲ့ အဆောင်ရှိတာပဲ။ အဲဒီမှာ တစ်ညလောက် တည်းခိုလို့ ရတယ်'

'ဒါပေမဲ့ ညည်းအဖေက ညည်းရောက်မလာရင် စိတ်ပူမှာပေါ့'

'အို ကျွန်တော်က အဖေ့ဆီမှာ မနေဘူးလေ။ ဆရာဝန်ကြီး အိမ်မှာနေတာဉစ္စာ၊ ဆရာဝန်ကြီးကို မကွေးကနေ ဖုန်းဆက်လို့ ရတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် အဲဒီလို ကြုံရာအိပ် ကြုံရာနေ ဖြစ်သလို လုပ်တာက စနစ်ကျတဲ့လူရဲ့ လုပ်ထုံးလုပ်နည်းမဟုတ်ဘူး။ အချိန်နဲ့ အခါနဲ့ လုပ်ရမယ်။ ပြန်ရမယ်'

အဲ ကြည့်။ ကိုကြီးက တဖျစ်တောက်တောက်နဲ့ လူကြီးလိုပဲ ဆူပူနေတော့တာပါလား။ ကျွန်မ ကိုကြီးဆူတာကို ကြောက်လည်း ကြောက်တယ်။ ကြည်လည်း ကြည်နူးတယ်။ ကျွန်မကို အဲဒီလို စိတ်ပူမဲ့ ဆူမဲ့သူ မရှိတာ ကြာလှပြီရော။ ဒါနဲ့ပဲ ကိုကြီးအနားက လွတ်နေတဲ့နေရာဆီ ပြုန်းခနဲ ဝင်ထိုင်လိုက်တယ်။ ကိုကြီး နည်းနည်း တွန့်ဆုတ် သွားတယ်။ ဒါပေမဲ့ ဘေးမှာ လူတွေ များလာပြီမို့ ဘာမှ မပြောပါဘူး။ ကိုကြီးနားမှာ ထိုင်မိတော့မှ ကားခေါင်းခန်းထဲမှာ ထိုင်နေတဲ့ လူတွေကို မြင်မိတယ်။ အဲတော့ မမစိုးပါလား လို့ ရေရွတ်မိတယ်။ မမစိုးက ကျွန်မကို ပထမ မမြင်ဘူး။ ကားနောက်ဘက်ကို လှည့်ပြီး ကိုကြီးကို စကားပြောမှ ကျွန်မကို မြင်တယ်။

'ကိုထင်လင်း ကျွန်မဆေးအိတ်လေး ပါပါတယ်နော်' ပြောရင်း ကျွန်မကို မြင်သွားတယ်။

'ဟဲ့ အေးငြိမ်း မိုးချုပ်လှချည်လား' တဲ့။ ကျွန်မ အသာပဲ ပြုံးပြလိုက်ပါတယ်။ မမစိုးနဲ့ ကိုကြီးနဲ့ အတူတူလာတဲ့သဘောလား။ ကိုကြီးကို မော့ကြည့်လိုက်တော့ ကိုကြီးက ဆေးအိတ်အကြောင်း ဆေးပစ္စည်းတွေ အကြောင်း မမစိုးနဲ့ လှမ်းအော်ပြောနေတယ်။

လူပြည့်လို့ ကားထွက်လာတဲ့အခါ အမှောင်လွှမ်းနေပြီ။

မကွေးကနေ ဧရာဝတီတံတားကို ဖြတ်ကျော်ပြီးတာနဲ့ မင်းဘူးကို ရောက်တယ်။ ခရီးကလည်း ရှည်သေးတယ်။ လမ်းကလည်း သိပ်မကောင်းတော့ ကားက ဖြည်းဖြည်းပဲ မောင်းလာတယ်။

ကိုကြီးက ခဏနေတော့ သူဘာဖြစ်လို့ စလင်းကို ပြန်လိုက်လာသလဲဆိုတာ ရှင်းပြပါတယ်။ အောင်ကမ္ဘာကားဂိတ်ဆီ အသွားမှာ



ဆေးတွေ ဘူးတွေ ပုလင်းတွေ မနိုင်မနင်းနဲ့ မမစိုးကိုတွေ့ပြီး မမစိုးက ကိုကြီးကို သတင်းပေးတာ။ ကိုကြီး အမြဲလှူနေတဲ့ ဘူးခါးရွာမှာ ဝမ်းရောဂါတွေ ကူးစက်ပြန့်ပွားနေလို့ ဒီညသွားရမဲ့အကြောင်း ပြောတာ။ ဒီတော့ ကိုကြီးက သူ့ဘုန်းကြီးတွေနဲ့ သူ့ကျောင်းသားတွေအတွက် စိုးရိမ်သွားတယ်။ သူပါ လိုက်ကူမယ် လို့ပြောပြီး တိုင်းရုံးက ထုတ်ယူလာတဲ့ ဆေးတွေ ဘူးတွေ သေတ္တာတွေကို ဝိုင်းသယ်ကူရင်း ပါလာတာတဲ့။

ကျွန်မ စိတ်ကျေနပ်သွားတာနဲ့ပဲ လူက ငိုက်ချင်လာတယ်။ အချိန်က မိုးရာသီဖြစ်နေလို့ ညပိုင်းမှာ တအားအေးတယ်။ ကားက ဒိုင်နာကား။ အမိုးပဲ ပါပြီး ဘေးက တန်းတွေပဲ ပါတာမို့ မိုး မရွာပေမဲ့ အေးတယ်။ ကျွန်မမှာ အနွေးထည် ဘယ်ပါမလဲ။ မကွေးကို ခဏဆိုပြီးလာခဲ့တာလေ။ ဒီလောက်ထိ မိုးချုပ်မယ် မထင်ထားဘူး။

ကိုကြီးက ကားခေါင်းနဲ့ကပ်ရက် ထိပ်ဆုံးမှာထိုင်တာမို့ ကျွန်မအတွက် လေကာပေးထားသလိုပဲ။ ကိုကြီးနားကို ကပ်ရင် လူက နွေးသွားတယ်။ လေက ကိုကြီးကိုပဲ တိုက်တယ်။ ကျွန်မက ကိုကြီးနဲ့ ကွယ်နေတာကိုး။ ဒါနဲ့ ကျွန်မလည်း ဒီ့ထက်ပိုကွယ်အောင် ပို တိုးကပ်လိုက်တယ်။ ကိုကြီးက ရိပ်မိတယ်။ သူ့ဘေးမှာ ချထားတဲ့ ခရီးဆောင်အိတ်ထဲကနေ အနွေးထည် တစ်ထည် ထုတ်ပေးတယ်။

'ရော့ အေးရင် ဒါကို ဝတ်ထား'တဲ့။

ကျွန်မ အားနာပါတယ်။ ဒါပေမဲ့ ကိုကြီးက ဝတ်စေချင်တာနဲ့ ကျွန်မဝတ်လိုက်တယ်။ အိုး နွေးသွားတာပဲ။ ကျေးဇူးတင်တဲ့အကြောင်းပြောချင်ပါတယ်။ ဒါပေမဲ့ ဘယ်လိုပြောရ မှန်းမသိဘူး။ ဒါနဲ့ပဲ ပြုံးပြလိုက်တယ်။ အမှောင်ထဲမှာ ကိုကြီး ကျွန်မ အပြုံးကို မြင်ရပါ့မလားမသိဘူး။

ဆေးရုံကြီးဝင်းနဲ့ မျက်နှာချင်းဆိုင်မှာ လဘက်ရည်ဆိုင်ရှိတာကို ကျွန်မ သိတယ်။ အဲဒီ လဘက်ရည်ဆိုင်မှာ သုတက

www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေးလံလံ လာထိုင်တတ်တာကိုလည်း ကျွန်မ ချက်ချင်းသတိရလိုက်တယ်။ ဒါကြောင့် ဆိုင်ထဲကို တစ်ချက် မျက်လုံးဝေ့ကြည့်တော့ သူတကို မြင်ပါတယ်။ ဆိုင်ထိုင်နေတာတော့မဟုတ်ဘူး။ ဆိုက်ကယ်ပေါ်မှာ ခွရင်း ကျွန်မတို့ဘက်ကို လှမ်းကြည့်နေတာ၊ စပို့ရှတ် လက်တိုနဲ့ ဂျင်းဘောင်းဘီနဲ့ မျက်နှာထားက တင်းတင်း၊

ကျွန်မ မမစိုးတို့ ကိုကြီးတို့ ရှေ့မှာမို့ သူတကို မမြင်ယောင်ဆောင်ပြီး တာလမ်းပေါ်ကနေ ဆေးရုံဝင်းထဲ အပြေးဆင်းသွားလိုက်တယ်။ ဆေးရုံဝင်းထဲရောက်တော့မှ သူတကို လှည့်ကြည့်လိုက်တော့ သူ ကျွန်မနောက် လိုက်လာမဲ့ပုံနဲ့ ဆူဆူစိုက်စိုက်ကြည့်နေတုန်း။ ကျွန်မကိုယ်ပေါ်မှာ ကိုကြီးရဲ့အနွေးထည် ဝတ်ထားဆဲဆိုတာကို ကျွန်မသတိရသွားတော့ ရင်ထဲမှာတုန်တောင်တုန်သွားတယ်။ သူတ အထင်လွဲမှာကို မခံချင်ဘူး။ သူတက တအားရစ်တယ်။ တစ်ခုခုကို ကောက်ရင် မပြီးနိုင် မစီးနိုင် စိတ်ရှည်လက်ရှည် ကောက်တာ၊

ကျွန်မ အနွေးထည်ကို ကမန်းကတန်း ချွတ်လိုက်ပြီး ကိုကြီးကို ပြန်ပေးမိတယ်၊ အရေးထဲ ကိုကြီးက စေတနာပိုပြီး ပြန်မယူဘူး။

'ငါ့မှာ နောက်တစ်ထည်ရှိပါတယ်။ ညည်းဝတ်ထား'တဲ့။ အို သေလိုက်ပါတော့။ ကျွန်မ သူတ မမြင်ကွယ်ရာဖြစ်မဲ့ ဆရာဝန်ကြီးအိမ်ထဲကို အမြန်ဝင်လိုက်ရပါတယ်၊

ဘူးခါးရွာကို ညတွင်းချင်း သွားကြတယ်။

ကျွန်မအတွက်ကတော့ တစ်ခါမှ ဆေးကုတဲ့အဖွဲ့နဲ့ မလိုက်ဖူးတာမို့ အထူးအဆန်းအတွေ့အကြုံပါ၊

ကားက ယော်လာဂျီသာသာ၊ ဂျစ်ကားကြီးကြီး။ သွားရတဲ့နေရာက ဝေးတယ်။ ဝေးပြီးတော့ ကားလမ်းမပေါက်ဘူး။ လှည်းလမ်းကြောင်းမှာ ကားမောင်းရတာ၊ သဲချောင်းတွေနဲ့ ချောက် ကမ်းပါးတွေနဲ့ ရွာသားတစ်ယောက်က လမ်းပြအဖြစ်ပါလာပြီး အဲဒီရွာ



သားနဲ့ ကိုကြီးက ခင်မင်နေတယ်၊ သူတို့နှစ်ယောက် ရွာအကြောင်းနဲ့ ရောဂါအကြောင်းကို ပြောလာကြတယ်၊

ဝမ်းရောဂါနဲ့သေသွားတဲ့ အသုဘအိမ်မှာကိုပဲ နောက်ထပ်လူနာနှစ်ယောက် အိပ်ရာထဲမှာ ပက်လက်မျောလို့ တဲ့။ အနီးအနားရွာက သူနာပြုဆရာမလေးက လာကုပေးရတာ၊ ဒါပေမဲ့ လူနာကများပြီး ဆေးက မလောက်ဘူးတဲ့။ ဖြစ်ပုံက တော်တော်မြန်တာ။

မိုးတွေရွာပြီး မြစ်ရေလျှံနေတဲ့အချိန်မို့ ရှိုးမဲ့စု ရေတွင်းလေးက ရေမြုပ်သွားရော၊ တစ်ရွာလုံးမှာ ရေသန့်ရဖို့မလွယ်တော့ဘူး။ ကျန်းမာရေးဆေးပေးခန်းမှာကို ရေဆေးစရာ ရေသန့်မရှိဘူး။ မြစ်ရေတွေကို အနယ်ထိုင်အောင်လုပ်ပြီး ရေသန့်အဖြစ် ကျိုချက်ဆေးရတာ။

ကျွန်မတို့ရောက်သွားတဲ့အချိန်က နံနက်လင်းအားကြီး သုံးနာရီလောက်ဖြစ်နေပြီ။ ကျွန်မတို့ကားနှစ်စီးနဲ့ ဆေးဝါးအကူ လူအကူတွေ လာနေတဲ့အချိန်မှာ တစ်ရွာတည်းမှာ နောက်ထပ်လူနာသုံးယောက် ဆုံးသွားတယ်။ အိုး ရောက်တဲ့အချိန်ကစပြီး ဆရာဝန်ကြီးရယ် အနားကတိုက်နယ်ဆရာဝန်ရယ် မမစိုးတို့ရယ် လက်မလည်ဘူး။ ဆေးတွေသွင်း၊ ဆေးတွေထိုး၊ လူနာတွေကို ဘုန်းကြီးကျောင်းရဲ့အောက်ထပ် ရေလွှတ်တဲ့ ကွပ်ပျစ်တွေပေါ်မှာ ခြေရင်း ခေါင်းရင်းဆိုင်ပြီး ထားရတယ်၊ ဆရာဝန်ကြီးနဲ့အဖွဲ့က ရေသန့်ဘူး အကြီးကြီးတွေကို သယ်လာပေလို့ပေါ့၊ သူတို့က ဆေးကုနေကျဆိုတော့ ရွာတွေမှာ ဘာတွေလိုအပ်မယ် ဘာတွေကြောင့် ဖြစ်တယ်ဆိုတာ သိနေပြီပေါ့။ ကျွန်မကတော့ ဘုန်းကြီးကျောင်းအပေါ်နဲ့ အောက်ထပ်နဲ့ပြေးလွှားပြီး သယ်ယူပို့ဆောင်ပေးတဲ့အလုပ်ကို မနားမနေ လုပ်ရပါတယ်၊ ကျွန်မတို့အတွက် ရွာသားတွေက ထမင်းချက်ကျွေးမယ်ဆိုတော့ ဆရာက ငြင်းတယ်၊ ကျွန်မကို အဲဒီအတွက် ခေါ်တာ။ ကျွန်မက ကျွန်မတို့အဖွဲ့အတွက် ချက်ပေးမှာ။ ဆရာဝန်ကြီးက ရွာ

www.burmeseclassic.com

www.burmeseclassic.com



သားတွေအားလုံးကို ထမင်းဟင်းချက်တဲ့နေရာမှာ ရေသန့်ဖို့ လက်ဆေးဖို့ ဘယ်လောက်ထိလိုတယ်ဆိုတာ တတွတ်တွတ် ဟောပြောပါတယ်။ ကျွန်မ ထမင်းဟင်းချက်ပုံကိုလည်း အတုယူဖို့ ကြည့်နိုင်းတယ်။ ကျွန်မကတော့ ဆရာဝန်ကြီးအိမ်မှာ နေတာမို့ သန့်ရှင်းဖို့ကို အထူးသင်ပေးစရာမလိုအောင် တတ်သွားပါပြီ။ ဆရာဝန်ကြီးက လက်ဆေးတဲ့အကျင့်ကိုတော့ ခိုင်ခိုင်မြဲမြဲ ကျင့်သုံးတယ် သင်ပြတယ်။ ငွေစက္ကူအနွမ်းတွေကို ကိုင်ပြီး ရေတွက်ပြီးရင်တောင် အမြဲ လက်ဆေးခိုင်းတယ်။

ဝမ်းရောဂါကို ဆရာတို့က ကော်လာရာလို့ ခေါ်တယ်။

ရောဂါပိုးကြောင့် ဖြစ်တာတဲ့။ ရေမသန့်လို့ ဖြစ်တာလို့ ပြောပါတယ်။ တချို့ကြောက်လန့်တဲ့ ရွာသားတွေကတော့ တစ်အိမ်မှာ တစ်ယောက်သေပြီးပြီဆိုတာနဲ့ အသုဘချပြီးပြီးချင်း ရွာကနေထွက်ပြေးကြတယ်။ မြို့ပေါ်မှာ ဆိုရင်တော့ လမ်းဘေးအစားအစာကို မိုးရာသီမှာ ဝယ်မစားပါနဲ့လို့ မှာရတယ်။ ကျန်းမာရေးအသိ ပေးရတယ်။ ရွာမှာကျတော့ လမ်းဘေး အစားအစာရယ်လို့ သိပ်မရှိဘူး။ မသန့်တဲ့ရေကို မသောက်ပါနဲ့၊ ရေကို ကျိုချက်ပါ။ ရေတွင်းတွေကို ကလိုရင်းနဲ့ သန့်အောင်လုပ်ပါ။ ဟင်းသီးဟင်းရွက်တွေကို ရေသန့်သန့်နဲ့ စင်စင်ဆေးပါ။ စားကြွင်းစားကျန်တွေကို ပစ်ပါ။ မနေ့က ကျန်တဲ့အစားအစာတွေကို မစားပါနဲ့။

ပြောသာပြောရတယ်။ ရွာတွေမှာ ရေသန့်သန့် မရှိ။ ရေကို ကျိုချက်ဖို့ ထင်းအခြောက် လုံလောက်အောင်မရှိ။ အစားအစာကို လာနားတဲ့ ယင်ကောင်တွေကို ဖယ်ပစ်ဖို့ ယင်မနားအောင် ထားဖို့ အသုံးအဆောင်တွေ မရှိဘူး။ ကျွန်မတို့ရွာရော ဘာထူးသေးလဲ။ ဖောင်းလင်းမှာလည်း တကယ်ရေကြီးပြီဆိုတော့ သောက်ရေက ရှားလိုက်တာ။ ဘုန်းကြီးကျောင်းတွေနဲ့ ချမ်းသာတဲ့အိမ်တွေက အဝိစိ



ရေကိုပဲ သွားယူရတာ။ ရေတွင်းတွေမှာက မြစ်ရေတွေ ရွာထဲလမ်းတွေက ရေတွေနဲ့ ပြည့်လျှံကုန်တာ။ အဲဒီအချိန်မှာ ဝမ်းလျှောဝမ်းပျက်ရောဂါတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ကော်လာရာဆိုတဲ့ ဝမ်းရောဂါကျတော့ ဝမ်းက ရေလိုပဲ ခပ်ဖြူဖြူတဲ့၊ ဆရာဝန်ကြီး ပြောတာတော့ ဆန်ဆေးရေလို ကျဲကျဲ တဲ့ ဒရဟော သွားတာ။ အန်လဲအန် ဝမ်းလဲသွား။ ဆားဓာတ်နဲ့ရေဓာတ်က အလျှင်အမြန် ဆုံးရှုံးတာမို့ နာရီပိုင်းအတွင်း ပြန်မထည့်နိုင်ရင် အသက်သေရော။

ကျွန်မနဲ့ကိုကြီးနဲ့ စေတနာ့ဝန်ထမ်းအလုပ်တွေကို ဆရာဝန်တွေ သူနာပြုတွေ ခိုင်းသမျှ လုပ်ပေးပါတယ်။ လုပ်ရတာ မောပန်းမှန်းမသိပါဘူး။ ကိုကြီးက ဘုန်းကြီးတွေနဲ့ သူ့ကျောင်းသားတွေ အတွက် သန့်ရှင်းတဲ့ရေတွေရအောင် ရေကို ကုသပေးတဲ့နေရာမှာ ကူတယ်။ ပြီးတော့ တစ်ရွာလုံးက အိမ်သာတွေ ရေဆိုးထွက်တဲ့နေရာတွေ ကလိုရင်းတွေ ထုံးမှုန့်တွေ ဖြူးကြရတယ်။ ပင်ပန်းပေမဲ့ စိတ်ကစောနေလို့လားမသိဘူး။ ဘာမှ မဖြစ်ဘူး။

သုံးရက်အတွင်း ဝမ်းရောဂါဖြစ်ပွားတဲ့လူပေါင်း လေးဆယ်ကျော်လောက်ရှိတယ်။ အသစ်ထပ်ဖြစ်တဲ့သူတွေ ရှိနေသေးပေမဲ့ သေဆုံးတဲ့သူတော့ အသစ်မတိုးတော့ပါဘူး။ ဆရာဝန်ကြီးတို့အဖွဲ့ ရောက်ပြီးတဲ့နေ့က စလို့ လူတစ်ယောက်မှ မသေတော့ဘူး။ ဘုန်းကြီးကျောင်းနဲ့ စာသင်ကျောင်းလည်း အရေးပေါ်ဆေးရုံ ဖြစ်သွားရတော့တယ်။ စောင်တွေ မလုံလောက်၊ အခင်းတွေ မလုံလောက်။ ပလတ်စတစ်အပြာစကြီးတွေကို အခင်းလုပ်။ လူနာတွေက ဝမ်းတွေ သွား။ အဝတ်တွေကို လူနာရှင်တွေက လျှော်ရတဲ့အခါ မြစ်ရေထဲမှာပဲ လျှော်။ ကျွန်မဖြင့် ဘာစားစား မသိုးမသန့် ခံစားရတယ်။

ဒီခရီးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအနေနဲ့ ဘာကို လိုအပ်တယ်ဆိုတာ လက်တွေ့မျက်မြင် သိလိုက်ရတဲ့ခရီးပါပဲ။ အခြေခံကျန်းမာရေးလိုအပ်ချက်အကြောင်းကို ဆရာဝန်ကြီးတို့ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆီကနေ သိတယ်။ အခြေခံကျန်းမာရေးနဲ့တခြားဝဟုသုတအတွက် ပညာရေးလိုအပ်ချက်အကြောင်းကို ကိုကြီးဆီကနေ သိရတယ်၊ တစ်ခါတည်းနဲ့ ဘာသာရပ်တစ်ခုလုံးကို လေ့လာလိုက်ရသလိုပါပဲ၊

ကျွန်မ ပျော်တယ်၊ ကျွန်မ အဲလို ပျော်တာကို သုတက မယုံဘူး၊ ဆရာဝန်ကြီးတို့က ကျွန်မကို သိပ်နိုင်းတာပဲ လို့ မြင်တယ်၊ ဘယ်လိုရှင်းရှင်း မရဘူး။

'နင်က ငါနဲ့တွေ့ဖို့သာ မအားတာ ဟိုရွာဒီရွာကျ သွားတယ်၊ ပြီးတော့ ငါ့မိုးကာအကျီကို ခြုံဖို့သာ ဝန်လေးတာ သူစိမ်းယောကျ်ားရဲ့ ဂျာကင်အကျီကျတော့ ဝတ်တောင် ဝတ်ထားတယ်'

'ဟယ် သုတကလဲ'

သုတ အဲဒီလို ဂျိုဂျောင်ကျတာကို ကျွန်မ သိပ်စိတ်ညစ်တာပဲ၊ ကျွန်မ ကိုကြီးကို ခင်တာဟာ ရိုးရိုးတန်းတန်းပါ လို့ ဘယ်လောက်ပဲပြောပြော သူ စိတ်မပြေဘူး၊ ကျွန်မလည်း ဘယ်လို ဖြေရှင်းရမှန်းကို မသိဘူး။ ကိုကြီး စလင်းလာရင် ကျွန်မ တွေ့ချင်တာလည်း အမှန်ပဲ ဒါပေမဲ့ ဒါက ကိုယ်လေးစားကြည်ညိုတဲ့သူမို့ တွေ့ချင်တာလေ၊ သူ့ကိုလည်း ကျွန်မ တွေ့ချင်တာပါပဲ၊ ဒါပေမဲ့ သုတက ရပ်ရွာကိစ္စတို့ဘာတို့မှာ အနားကပ်တာမဟုတ်ဘူး၊ အချိန်ရှိသမျှလည်း ရန်ကုန်မှာ ရေကြောင်းတက္ကသိုလ်မှာချည်း ရောက်နေတာမို့ သုတနဲ့ တွေ့ရချိန်က ကိုကြီးနဲ့တွေ့ချိန်လောက်တောင် မရှိတော့သလိုပဲ၊

တစ်ညနေမှာတော့ သုတကို' ကျွန်မ ဖြေရှင်းပြစရာ အကွက်ရသွားပြီလို့ တအံ့တဩ သိလိုက်ရတော့တယ်။

နေကာမျက်မှန်လေးရယ် ငှက်ပန်းကုံးလေးတစ်ကုံးရယ် ကျွန်မ ဘယ်တော့မှ မမေ့နိုင်မဲ့ ညနေခင်းလေးတစ်ခု။

အဲဒီတုန်းက မိုးကုပ်စက်ဝိုင်းနဲ့ကပ်ရက်ကောင်းကင်ဟာ ပန်းသွေးရောင် လွှမ်းလို့၊ သူ့အထက်က ကောင်းကင်ကတော့ မိုးပြာ



ရောင်၊ ကောင်းကင်ဟာ အပြာနဲ့ပန်းရောင် နှစ်ရောင်ရောစပ်ထားလို့ လှလိုက်တာ၊ အပြာနဲ့ပန်းရောင်ဟာ ချစ်သူတွေရဲ့အရောင်ပေါ့။ ကျွန်မ စိတ်ကူးယဉ်ကြည့်တယ်၊ အခုလို ညနေခင်းမှာ မမမြတ်ကို ပန်းကုံးလေး သွားပေးလိုက်မယ်လို့။ မမမြတ် ပန်းမပန်တတ်ပေမဲ့ ဘုရားတင်ဖို့ပေါ့။ စလင်းမြို့က ငှက်ပန်းတွေထဲမှာ ဆရာဝန်ကြီးအိမ်ထောင့်က ငှက်ပန်းမျိုးက အလှဆုံးပဲ၊ ဒါကြောင့် ကျွန်မ ပန်းကုံးနှစ်ကုံးကုံးတယ်၊ ဆရာဝန်ကြီးဘုရားစင်မှာ တစ်ကုံး တင်လိုက်ပြီးတော့ နောက်တစ်ကုံးကို မမမြတ်ကို သွားပေးမယ် ဆိုပြီး အိမ်ကနေ စက်ဘီးလေးနင်းပြီး ထွက်လာတယ်၊ စက်ဘီးရှေ့ခြင်းထဲမှာ ငုက်ပျောရွက်နဲ့ထုပ်ထားတဲ့ ပန်းကုံးလေးထည့်လို့၊

မမမြတ်ရဲ့ခြံတံခါးက စေ့ရုံစေ့ထားတယ်၊ ကျွန်မ တွန်းဖွင့်ပြီး ဝင်နေကျပါ၊ အိမ်တံခါးကလည်းပွင့် လို့။ အိမ်ရှေ့မှာ စက်ဘီးတစ်စီးတော့ ရပ်ထားတာတွေ့တယ်။ ဧည့်သည်ရှိပုံရတယ်လို့ ကျွန်မ အားနာသွားပြီး နောက်ဖေးဘက်ကနေ လှည့်ဝင်လိုက်ပါတယ်။ မီးဖိုထမင်းစားခန်း ဘေးတံခါးကနေ အိမ်ထဲကို ဝင်လို့ရတယ်လေ၊ ကျွန်မ တံခါးကနေ အိမ်ထဲကို လှမ်းကြည့်တော့ ပထမတော့ ထမင်းစားခန်းက ခပ်မှောင်မှောင်မို့ စားပွဲမှာ လူနှစ်ယောက်ထိုင်နေတာ မြင်တယ်။ ဘယ်သူတွေလဲ ချက်ချင်းမသဲကွဲဘူး၊ ခြေတစ်လှမ်း လှမ်းဝင်လိုက်ပြီးတော့မှ ကျွန်မဘက်ကို လှည့်ထိုင်နေသူကို မြင်ရတယ်၊ မြန်းခနဲ ကျွန်မ ရင်ခုန်သွားတယ်။ ဟင် ကိုကြီးပါလား။ ကိုကြီးကို မမမြတ်အိမ်မှာ တွေ့ရလိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့ဘူး၊

'ဟယ် ကိုကြီး ဘယ်တုန်းက ရောက်နေတာလဲ'

ဝမ်းသာအားရလှမ်းမေးရင်း ကျွန်မ စားပွဲဆီ ရောက်သွားတော့ ကိုကြီးနဲ့အတူထိုင်နေတဲ့ မမမြတ်က ဒီဘက် လှည့်ကြည့်တယ်။ မမမြတ်ရဲ့လက်ထဲမှာ နေကာမျက်မှန်လေးတစ်လက်။

www.burmeseclassic.com

www.burmeseclassic.com



'အေးငြိမ်း'

ကိုကြီးအသံတွေက လှုပ်ခတ်နေသလိုပဲ။ ကိုကြီးက ရယ်မလိုတည်မလို ဘယ်လိုမျက်နှာမှန်း မသိဘူး။ အူကြောင်ကြောင် ဖြစ်နေတယ်။ ကျွန်မ အနားသွားရပ်တော့မှ ကိုကြီးလက်ထဲမှာ ကိုကြီးနဲ့ လုံးဝမအပ်စပ်တဲ့ အရာတစ်ခု ကိုင်ထားတာကို သတိထားမိတယ်။

နှင်းပန်းတစ်ကုံး။

'အေးငြိမ်းပါလား လာ ထိုင်'

မမြွတ်က လက်ထဲက နေကာမျက်မှန်ကို ကိုကြီးကို ပေးပြီး ကျွန်မကို ကုလားထိုင်မှာ ထိုင်ခိုင်းတယ်။

'မဟုတ်ဘူး မမြွတ်ယူထားလေ'

ကိုကြီးပြောလိုက်တဲ့စကားသံက ကျွန်မနားထဲမှာ ထူးဆန်းတဲ့အသံတစ်ခုလို သိသိသာသာကြီး ထွင်းဖောက်ဝင်ရောက်သွားတယ်။ မမြွတ် တဲ့။ မမြွတ်ကို မမြွတ် လို့ခေါ်တဲ့သူ ကျွန်မပဲ ရှိတယ် အောက်မေ့နေတာ။

'တို့က တောမှာနေတာ ဒီမျက်မှန်မလိုဘူးလေ'

ကျွန်မ ဒီမှာ မထိုင်သင့်ဘူးလို့ ချက်ချင်းပဲ သိသွားတယ်။

'အယ် မထိုင်တော့ဘူး မမြွတ်။ ကျွန်တော် မမြွတ်အတွက် ပန်းကုံးလာပေးတာ'

ကျွန်မ တန်းလန်းဆွဲထားတဲ့ ပန်းကုံးလေးကို မမြွတ် ပခုံးနားမှာ အသာလေး ပြလိုက်တယ်။

'ဟဲ့ ဒီနေ့ တရားသူကြီးလာဘ်ကောင်းနေပါလား။ ပန်းကုံးနှစ်ကုံးတောင် ရတယ်'

မမြွတ်က ရယ်မောပြီး ပြောလိုက်တာ။ မမြွတ်ရဲ့ရယ်သံက ခါတိုင်းလိုပဲ လန်းလန်းဆန်းဆန်း။ မထူးခြားဘူး။

'ဒီပန်းကုံးက ကိုကြီးယူလာတာလား'



'အေး'

ကိုကြီးရဲ့အသံကတော့ နည်းနည်း တိုးတိမ်တယ်။

'ဘယ်ကဝယ်တာလဲ'

ကိုကြီး မဖြေပါဘူး။ ကိုကြီးမျက်လုံးက ပန်းကုံးကိုပဲ ငုံ့ကြည့်နေတယ်။

'ကိုကြီး သီလာတာလား'

ကိုကြီးက ရယ်လိုက်တယ်။ အို ကိုကြီးမျက်လုံးတွေ တစ်ခါမှ ဒီလောက်တောက်ပရွှန်းလဲ့တာကို မမြင်ဖူးဘူး။ ကိုကြီးမျက်နှာက ဒီနေ့ ထူးထူးခြားခြား ရွှင်လန်းနေတယ်။ ကိုကြီးဖြေစရာ မလိုပါဘူး။ ကိုကြီးသီလာတယ်ပြောလည်း အံ့သြစရာမဟုတ်ဘူး။ ဆရာတော့်ကျောင်းက ကျောင်းသားတစ်ယောက် သီပေးလိုက်တာ ဆိုလည်း အံ့သြစရာမဟုတ်ဘူး။ ကိုကြီး မမြွတ်အိမ်မှာ ရောက်နေတာထက် ပိုပြီး ဘယ်အရာကများ အံ့သြစရာကောင်းဦးမှာလဲ။

ကျွန်မ ပြုံးဆို ပြန်ပြေးထွက်လာခဲ့တယ်။

'ဟဲ့ကောင်မလေး အေးငြိမ်း နေဦးလေ'

ကျွန်မကို မီးဖိုခန်းတံခါးပေါက်ကနေ ထွက်ပြီး မမြွတ်က လိုက်ခေါ်တယ်။ ကျွန်မ ရယ်မောပြီး လက်ပဲ ပြလိုက်တယ်။ စက်ဘီးကို နင်းမှန်းမသိ နင်းလာခဲ့တဲ့ လမ်းတစ်လျှောက်မှာတော့ လက်ကိုင်ကို ကိုင်ထားတဲ့ ကျွန်မလက်တွေ ထုံကျင်နေခဲ့တယ်။

ကိုကြီးလက်ထဲက ပန်းကုံးကြီးနဲ့။

ကိုကြီးလက်ထဲမှာ စာအုပ်ကိုပဲ အမြဲ မြင်နေရာက အခုလို မအပ်မစပ် ပန်းကုံးကြီးနဲ့ဆိုတော့ ကျွန်မလေ ရယ်ချင်လိုက်တာ။ လမ်းတစ်လျှောက်မှာ တွေ့သမျှ လူတွေကို ကျွန်မ အားရပါးရပြုံးပြ နှုတ်ဆက်ခဲ့တယ်။ သိပ်မခင်တဲ့ ကွမ်းယာဆိုင်က ကောင်မလေးကို အားရပါးရ ပြုံးပြခဲ့တယ်။ ဆရာဝန်ကြီးအတွက် ရေသန့်ဘူးလာချနေကျ ကုန်စုံဆိုင်က အပေါက်ဆိုးဆိုးအဘွားကြီးကိုလည်း ပြုံးပြခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီညနေခင်းလေးက လှနေတယ်။

ဆရာဝန်ကြီးအိမ်ကို ပြန်ရောက်တော့ ကျွန်မ မျက်နှာက အပြုံးက ဆရာ့ဆီကို ကူးစက်သွားတယ်၊

'အေးငြိမ်း မြန်လှချည်လား'

'ဟုတ်ကဲ့ ခစ်ခစ်'

ကျွန်မ မထိန်းနိုင်ဘဲ ရယ်မိတယ်။ ဆရာက နားမလည်ဘဲ လိုက်ရယ်တယ်၊

'ဘာဖြစ်လာလဲ'

'ဘာမှ မဖြစ်ပါဘူး'

အဲဒီတုန်းကများ ကျွန်မလေ ဆရာ့ကို သတင်းထူးသတင်း ဦးကို ပြောပြချင်လိုက်တာ။ ဒါပေမဲ့ ကြံကြီးစည်ရာ၊ ဘယ်ပြောရဲမလဲ၊ ကျွန်မအဆင့်က မမမြတ်အကြောင်း ဆရာ့ကို ပြောပြရမဲ့ အဆင့်မှ မဟုတ်ဘဲ။ အော် ပြောချင်တဲ့စကားတစ်ခွန်းကို မပြောဘဲ ထားရတာလောက် အူယားစရာကောင်းတာ မရှိဘူးနော်။

မမမြတ်က သိပ်လျှို့ဝှက်တာပဲ။ ဆရာ့ကို ကိုကြီး အကြောင်း ကိုကြီးနာမည် တစ်ခုမှတောင် စကားစပ်ပြီးမပြောဘူး။ အဲဒီ အခါ ကျွန်မ အထင်မှားနေခဲ့တာလားလို့လည်း တွေးမိပြန်ပါတယ်၊ အင်းလေ။ တကယ်သာ မမမြတ်နဲ့ကိုကြီးနဲ့ ဟိုလိုဒီလိုဆိုရင် ဒီလိုမြို့ သေးသေးလေးမှာ ဖုံးထားလို့ကို မရနိုင်ပါဘူး။ နာမည်ကျော်မှာပဲ။ အခုဟာက ရိုးရိုး တန်းတန်းနဲ့တူပါရဲ့၊ ဟင့်အင်း မဟုတ်ဘူး။ ကိုကြီး က မိန်းမတစ်ယောက်ကို ပန်းကုံးပေးတယ်ဆိုတာ ထူးကို ထူးတယ်။

နောက်ထပ်လတွေ တော်တော်ကြီးကြာမှ ဒေါ်ချို့တို့ ဒေါ်အေးအေးသန့်တို့က ဆရာ့အိမ်မှာ ထမင်းစားရင်း ဒီအကြောင်းကို ပြောလာတာ ကျွန်မကြားရတယ်။ ဒါပေမဲ့ မမမြတ်ကတော့ ပြုံးပဲ ပြုံးနေတာပဲ။



'ကောင်လေးက ငယ်သေးတယ်နော်'

ဒေါ်ချိုက ကိုကြီးအကြောင်း ရိုးရိုးပြောနေရင်းက စနောက်သလို မမမြတ်ကိုပြောတော့ မမမြတ်က အကြောင်းမိုက်တယ်၊

'ဘယ်ကောင်လေးလဲ ဒီနေ့ ကျွန်တော် ထောင်ချလိုက်တဲ့ ကောင်လေးလား။ ဟုတ်တယ် အသက် ၁၉နှစ်ပဲ ရှိသေးတယ်'

အဲဒီတော့ ဆရာတို့သုံးယောက်က ဝိုင်းအော်ရယ်ကြတယ်။ အဲဒီအချိန်မှာတော့ မမမြတ်မျက်နှာမှာ ရှက်ပြုံးကို မြင်ရပါတယ်။

'ကဲ ကဲ တော်ပါတော့ ဆရာတို့ရယ် ကျွန်တော် ထွက်ပြေးမိလိမ့်မယ်နော်'

'ဒေါ်မြတ် အပျိုကြီးလုပ်မယ်ဆိုတဲ့ စိတ်ပြောင်းသွားပြီလား'

'နိုး ပါ'

မမမြတ်က ခေါင်းမာမာနဲ့ ငြင်းပါတယ်။ မမမြတ် တစ်ခုခု ကို ငြင်းရင် ဟင့်အင်းလို့ မငြင်းတတ်ဘူး၊ အင်္ဂလိပ်လို နိုး လို့ ပြောတာနဲ့ နောက်က မြန်မာစကားလုံးကို တွဲထည့်ပြီး နိုး ပါ လို့ ငြင်း တတ်တယ်၊

'ကျွန်တော့်ခေါင်းထဲမှာ ဘာတွေရှိလဲ ဆရာတို့သိလား'

'သိသလိုလိုတော့ ရှိသားဗျ'

ဆရာတို့က နောက်ပေမဲ့ မမမြတ်က အတည်ပဲပြောတယ်။

'မိန်းမတွေအကြောင်း'

မမမြတ်က တရားသူကြီးမျက်နှာထားနဲ့ ပြောပါတယ်၊

'မိန်းမတွေနဲ့ဆိုင်တဲ့အမှုအခင်းတွေမှာ အများဆုံးက ပုဒ်မ ၄၁၇ပဲ။ ဆင်တူရိုးမှားအဖြစ်အပျက်တွေနဲ့ မိန်းကလေးတွေ ကာမရ ယူခြင်း တွင်းနက်နက်တွေထဲကို ပြုတ်ပြုတ်ကျနေကြတယ်၊ ဒါမှ ဟုတ် ခုန်ခုန်ချနေကြတယ်။ တစ်နေ့တစ်နေ့ စစ်ရတဲ့အမှုတွေထဲမှာ ပုဒ်မ ၄၁၇က အနည်းဆုံးနှစ်မှုလောက် ပါတယ်၊ လက်ထပ်ပါမယ် လို့ကတိပေးပြီးတော့ မိန်းကလေးတွေကို သားမယားပြုကျင့်ကြတာ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေက ယုံမှတ်ပြီး ပုံအပ်ကြ တာ။ နာမည်တွေ၊ ရွာတွေ၊ နေ့ရက်အချိန်တွေသာ ကွဲလွဲမယ်။ ဖြစ်စဉ်တွေကတော့ အတူတူပဲ၊

'အဲဒီမှာ အံ့ဩစရာတူညီမှုတစ်ခုက တရားခံယောကျ်ားတွေက အိမ်ထောင်ရှိပြီးသားတွေ၊ သားကြီးမယားကြီးတွေရှိပြီးသားတွေ ဖြစ်နေတာပဲ။ နောက်ပြီး တရားလိုမိန်းကလေးနဲ့တရားခံယောကျ်ားနဲ့ နှစ်လရှည်ကြာ သမီးရည်းစားဘဝရောက်ပြီးမှ လွန်ကျူးမိကြတာမျိုး မဟုတ်ဘဲ တစ်ခါတွေ့တစ်ခါဖြစ် လျှင်မြန်လွန်းတာပဲ။ ကျွန်တော်က မိန်းကလေးတွေကို မေးချင်တယ်။ ဘာဖြစ်လို့ ဒီလောက်ထိ ယုံလွယ်ကြတာလဲလို့'

မမမြတ်ပြောတာတွေကို ကျွန်မ ငေးပြီး နားထောင်နေမိတယ်။

'ကာယကံရှင်မိန်းကလေးတွေဟာ ပညာတော့မတတ်ကြဘူး။ သေစာရှင်စာလောက်ပဲ တတ်ကြတဲ့သူများတယ်။ ကိုယ့်နာမည်ကိုယ် အဖြစ်လောက်ပဲ ရေးတတ်ရုံပဲ သင်ထားတဲ့ မိန်းကလေးတွေရှိတယ်။ လက်မှတ်ထိုးဆိုရင် အဲဒီ အသေမှတ်ထားတဲ့ ကိုယ့်နာမည်စာလုံးတွေကို ရေးလိုက်တာပဲ၊ ခပ်တွန့်တွန့် ဌာန်ကရိုဏ်းမကျမသေမသပ်ပေါ့။ တစ်ခါတစ်ခါ လက်မှတ်ထိုးတဲ့နေရာက သူရေးရမဲ့နေရာမဟုတ်ဘူး၊ သူတို့ကို ဆူရင် မသိဘူး အဲဒီနေရာမှာရေးရမယ်မှတ်လို့ ရေးလိုက်တာ လို့ ပြောတယ်၊ ဟဲ့ ကိုယ့်နေရာ ကိုယ် မသိဘူးလား အဲဒီမှာ စာရေးထားတာပဲ လို့ပြောရင် ကျွန်မ စာမဖတ်တတ်ဘူးတဲ့။

'နည်းနည်းမှ စိတ်မသက်သာဘူး၊ တစ်ခါတစ်ခါမှာ အမှန်တရားကို မြင်သာအောင် ပြပြီး ဆုံးဖြတ်ပေးလိုက်ရတဲ့အမှုမျိုးမှာတော့ ကျေနပ်မိတယ်။ ဒါပေမဲ့ အမှုမှန်ပေါ် ပေါက်ဖို့ စစ်ဆေးမေးမြန်း ရှာဖွေပြီး ချိန်ဆနေရတဲ့အခါမျိုးမှာ စိတ်ဖိအားသိပ်များတယ်။ တရားသူကြီးအဆင့်မြင့်လေ၊ စီရင်ပိုင်ခွင့်အာဏာများလေ စိတ်ဖိအားများ



လေပေါ့။ လူတစ်ယောက်ကို ကိုယ့် အမိန့်နဲ့ နှစ်နှစ် ထောင်ချဖို့က တွေးကြည့်ရင် စိတ်ညစ်စရာကြီးပါ'

တရားသူကြီးရဲ့ တာဝန်ဝတ္တရားက အမှုတွေ တရားစီရင်ပေးရုံသာမက၊ ပြည်သူလူထုကို ပညာပေးဖို့ပါ ပါတယ် တဲ့။

'အမှုစစ်ဆေးနေတုန်း သက်သေတွေ စစ်နေတုန်းမှာ အကျိုးသင့်အကြောင်းသင့် အမြဲရှင်းပြတယ်။ လိုက်နာရမဲ့ အချက်တွေ ရှောင်ကြဉ်ရမဲ့အချက်တွေကို သူတို့နားလည်အောင် ပြောပြရတာ အာတွေကိုခြောက်လို့။ နားလည်ပုံမရ ကြောင်တောင်တောင်ဝလာ မျက်လုံးတွေနဲ့ ပြန်အကြည့်ခံရရင် ကျွန်တော် သိပ်စိတ်ညစ်တာပဲ။ သူတို့အတွက် ဘာလုပ်ပေးနိုင်မလဲလို့ အမြဲ အဖြေရှာ ကြည့်မိတယ်'

'ဘာလုပ်ပေးရင်ကောင်းမလဲဟင် မမမြတ်'

ကျွန်မ လူကြီးစကားဝိုင်းထဲ ဝင်ပြီး မေးမိပါတယ်။

'မိန်းမတွေကို အခြေခံပညာတတ်အောင် လုပ်ပေးနိုင်တယ်' လို့ မမမြတ်က အရေးတယူ ဖြေတယ်။

ကျွန်မ ညံ့ဖျင်းနုံအတဲ့ မိန်းမ မဖြစ်ချင်ဘူး၊ အသိဉာဏ်ရှိတဲ့ မိန်းမဖြစ်ချင်တယ်။ ဒါကြောင့် ကိုကြီးကို ကျေးဇူးတင်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

'နောက်မေးခွန်းတစ်မျိုးမေးမယ်။

'မင်းကို အဖွဲ့အစည်းတစ်ခုခုက တစ်ယောက်ယောက်က ဒေါ်လာနှစ်သိန်းပေးလိုက်မယ် ဆိုပါစို့။ မင့် နိုင်ငံအတွက် မင်း ဒီငွေကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးတော့ ဆိုရင် မင်း ဘယ်နေရာမှာ အသုံးချမယ်ပဲ။ ဘယ်လို အသုံးချမလဲ'

ဘုရားရေ ဒေါ်လာနှစ်သိန်း။

ကျွန်မ စိတ်ဖြင့် မျှော်ကြည့်လိုက်ပြီး ချွေးပြန်သွားသည်။ ကျွန်မ တစ်ခါမှ မစဉ်းစားကြည့်ခဲ့ဖူးသည့် ငွေပမာဏပါ။

'ငွေက အများကြီးပဲ'

သည်လောက်ငွေ အများကြီးကို ဘယ်လို သုံးတတ်မလဲ။

'အများကြီးပဲဆိုပါတော့ မင်းလုပ်ချင်တာတွေကို လုပ်နိုင်ဖို့တော့ နီးစပ်တဲ့ငွေပမာဏပဲ။ မင်း ဘာလုပ်မလဲ။ ဘယ်ဟာကို ဦးစားပေးမလဲ'

ကျွန်မတို့ ရွာတွေမှာ မြို့သေးသေးတွေမှာ လိုအပ်နေသည့် အရာတွေက အများကြီး။



ကျောင်းတွေ၊ စာသင်ကြားရေးကို ဘဝနှင့် နှစ်ပြီး စိုက်ထုတ်ပေးနိုင်သည့် ဆရာဆရာမတွေ၊ ဆေးရုံတွေ၊ ဆေးဝါးအတတ်ပညာသည်တွေ၊ စာအုပ်တွေ၊ ပညာရှင်တွေ၊ ရေတွင်းတွေ၊ လျှပ်စစ်ဓာတ်အားတွေ၊ ထင်းမီးဖိုနှင့်မီးသွေးမီးဖိုအစား အသုံးပြုဖို့ သင့်တော်မည့် တခြားသောလောင်စာဖြင့် မီးဖိုအမျိုးအစားတွေ၊ ဘယ်ဟာကို ပြောရပါ့မလဲ။

စာဖတ်စရာမရှိသော ကျွန်မတို့လို ဘုန်းတော်ကြီးသင် အတန်းကျောင်းလေးတွေအတွက် ကိုကြီးတို့အဖွဲ့မှ လှူဒါန်းသည့် စာကြည့်တိုက် သေတ္တာပုံးသေးသေးလေးတွေဆိုရင် ကျောင်းဘယ်နှကျောင်းလောက် လှူနိုင်မလဲ။

ပညာရေးနဲ့ ဗဟုသုတ အတွေးအမြင်။

မဟုတ်သေးဘူး။ အဲဒါထက် ပိုအရေးကြီးတာ ရှိသေးတယ်။

ကျွန်မအာရုံထဲတွင် ညှိုးငယ်နေသော မျက်နှာလေးတစ်ခုကို မြင်ယောင်လာသည်။ ထိုအခါ အသိစိတ်တစ်နေရာတွင် အရောင်စဉ်တစ်ခုကို လက်ခနဲ မြင်တွေ့လိုက်ရသလို ရှိလေသည်။

'လမ်းပေါ်မှာလမ်းပျောက်နေတဲ့ ကလေးတွေကို ကူညီမယ်'

'ဘယ်လို ကူညီမှာလဲ'

'သူတို့အတွက် ခိုလှုံစရာနေရာ၊ စားစရာအစားအစာနဲ့ လုံခြုံမှု ပေးနိုင်တဲ့နေရာ အခြေခံပညာမူလတန်းအဆင့် သင်ပေးနိုင်မဲ့နေရာ အဲဒါမျိုးနေရာတွေ အများကြီးဆောက်မယ်'

'သေချာလား၊ မင်း အဲဒီကလေးတွေက မင်း ထားတဲ့နေရာမှာ ဒေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် နေသွားလိမ့်မယ်လို့ မင်းထင်သလား'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အဖြေမပေးနိုင်။

သူတို့ ကျွန်မထားတဲ့နေရာမှာ မနေကြဘူးတဲ့လား။

ဘာဖြစ်လို့ မပျော်နိုင်မှာလဲ။

ဟင့်အင်း အကုန်လုံးတော့ မဟုတ်လောက်ပါဘူး။ တချို့တစ်ဝက်တော့ ပျော်ကြမှာပါ။

သေချာလား။

သေချာပါတယ်။

'သေချာပါတယ်။ သူတို့တွေထဲက အကုန်လုံးကို မရရင်တောင် တချို့တော့ ကျွန်မ ရမှာပဲ။ အဲဒီလိုအခွင့်အရေးကို ကောင်းကောင်း အသုံးချမဲ့ကလေးတွေကို ကျွန်မ သိပါတယ်'

'ငွေနှစ်သိန်းနော် မနည်းလှတဲ့ငွေ။ မင်းရဲ့ စီမံချက်မှာ တစ်ခုခု မှားယွင်းသွားလို့ ဆုံးရှုံးသွားရင် ပြန်အစားမရနိုင်တဲ့ငွေ'

ထိုစကားကြောင့် ကျွန်မ စိတ်ထဲက အောင့်သက်သက် မှက်သွား၏။

ငွေ ငွေ။

ငွေ၏အရေးပါပုံအကြောင်းကို သူကိုယ်တိုင် ကျွန်မလောက် သိမှာမဟုတ်ပါဘူး။

'ငွေမလောက်လို့ ဆုံးရှုံးသွားရတဲ့ ဘဝတွေ ဘယ်နှခုများခင်ဗျား သိထားခဲ့ဖူးလို့လဲ'

ကျွန်မ မပြောသင့်ဘူးဟု စိတ်ကို ထိန်းချုပ်ထားရာကနေ ဘယ်လိုမှ မထိန်းနိုင်ဘဲ ပွင့်ထွက်သွားသည့် စကားလုံးတွေပါ။ သူ့ကို ခပ်စူးစူးတစ်ချက်ကြည့်ပြီး လွှတ်ခနဲ ဆင်ခြေကန်လိုက်မိသည့် စကားလုံးတွေပါ။

သုံးယောက်လုံးပင် မမျှော်လင့်သည့်စကား ကြားလိုက်ရသလို ကြောင်သွားသည်။



'ကျွန်မက တွေ့ဖူးတယ်။ ငွေလေး မဖြစ်စလောက်တောင် မတတ်နိုင်လို့ သေသွားတဲ့ကလေးတွေ ဘယ်နှယောက်ရှိလဲ သိလား'

ကျွန်မ ဘယ်သူ့ကိုမှ ပြောဖြစ်တော့မှာမဟုတ်ဟု ထင်ထားသည့် အဖြစ်အပျက်တွေပါ။

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းအမှတ် ကိုး

မင်းကို အဖွဲ့အစည်းတစ်ခုက တစ်ယောက်ယောက်က ဒေါ်လာနှစ်သိန်းပေးလိုက်မယ် ဆိုပါစို့။ မင်း နိုင်ငံအတွက် မင်း ဒီငွေကိုအသုံးချပြီး ဖွံ့ဖြိုးတိုးတက်မှုမှာသုံးတော့ ဆိုရင် မင်း ဘယ် နေရာမှာ အသုံးချမလဲ။ ဘယ်လို အသုံးချမလဲ'

ရန်ကုန် ရန်ကုန်နဲ့ မရောက်ဖူးခင်တုန်းကဆို ကျွန်မ စိတ်ထဲ တွေးကြည့်ရုံနဲ့ စိတ်လှုပ်ရှားရလွန်းလို့ ရင်တလှပ်လှပ်တောင် ခုန်ပါတယ်။ မိုးထိလုမြင့်မားတဲ့ မှန်အပြည့်ကာထားတဲ့ တိုက်အကြီးကြီးတွေ၊ နန်းတော်တွေလောက်ကြီးပြီး ခန့်ညားတဲ့ ဟိုတယ်ကြီးတွေ။ တီဗွီထဲမှာမြင်ရတဲ့ ကတ္တရာလမ်းတွေကလည်း နက်မှောင်ပြောင်လက်လို့။ ကားတွေကလည်း အများကြီး။ ကားကြီး ကားလတ် ကားသေး အမျိုးမျိုး။ လူတွေကလည်း ရှုပ်ယှက်ကို ခတ်နေတာပဲလေ။ ကိုယ်နဲ့ နည်းနည်းမှ အပ်စပ်မှုမရှိ ကြွယ်ဝချမ်းသာလှတဲ့ နေရာကြီးလို့ အောက်မေ့ပြီး သိမ်ငယ်စိတ်တွေကို မနည်း ထိန်းချုပ်ဟန်ဆောင်ပြီး ပြောလာခဲ့ရတာပါ။

ဒါပေမဲ့ တကယ် ကျွန်မ ရောက်တဲ့အခါကျတော့ မြို့တော်ကြီးမှာ တောက်ပမှုတွေချည်းမှ မဟုတ်ဘဲကိုး။ နွမ်းပါးမှုတွေလည်း အများကြီးပါ။ ရွာကအဖေ့အိမ်လောက်တောင် မသားနားတဲ့ တိုက်တွေလည်း မနည်းလှပါဘူး။ မြင်ရတယ်။ ကျွန်မနေရတဲ့အဆောင် ပတ်ဝန်းကျင်ကိုပဲ ကြည့်ပါဦး။ အိမ်လေးတွေဆို ပြွတ်သိပ်နေတာပဲ။ တစ်အိမ်နဲ့တစ်အိမ် ထိစပ်လို့။ ခြံဝန်းလည်းမရှိ။ တချို့အိမ်တွေဆို

www.burmeseclassic.com

www.burmeseclassic.com



ပျဉ်အကာတောင် လုံလုံခြုံခြုံ မဟုတ်ဘူး။ အဲဒါ အိမ်ငှား တင်ထားတာမှ နှစ်ဦးသုံးဦး။ အိမ်တစ်အိမ်တည်းကို ရှေ့ဘက်မှာ ခေါင်မိုးလေးဆက်ပြီး အဖီလေးချလိုက်၊ အိမ်ငှားတစ်အိမ်ထောင် တင်လိုက်။ ဘေးဘက်မှာ အဖီလေးချလိုက်၊ အိမ်ငှားနောက်တစ်အိမ် တင်လိုက်။ ဟိုဘက်နဲ့ဒီဘက်နဲ့ အခန်းချင်းက ထရံလေးပဲ ခြားတယ်။ ဒီ ရေဘုံဘိုင်တစ်ခုတည်းကိုပဲ အိမ်ထောင်စု သုံးလေးစုလောက်သုံးနေရတာ ရန်ဖြစ်ကြ အော်ကြ ဆဲကြတော့တာပေါ့။ ရွာကမိန်းမတွေထက် တောင်အဆဲတုံသေးတယ်။

အဲဒီမိသားစုရဲ့ ကလေးတွေတော့ ဆဲရေးတိုင်းထွာတာကို နေ့စဉ်ကြားနေရမှာ။ သူတို့မိသားစု ဘာအလုပ်လုပ်သလဲဆိုတော့ ပျံကျဈေးလေးတွေမှာ မျှစ်၊ အသီးအရွက်တို့ သံပုရာသီးတို့ ရောင်းဟာ။ ကလေးတွေလည်း ရောင်းနေတာတွေ့တာပဲ။ ကျွန်မက ညနေညနေမှ အဆောင်ပြန်ရောက်တော့ ညနေစာကို ပြန်ရောက်မှ စီစဉ်ရတယ်။ စီစဉ်တယ်ဆိုလို့ ခမ်းခမ်းနားနားတော့ မဟုတ်ဘူး။ တစ်ခါတစ်ခါ မီးသွေးမီးမွှေးရမှာ ပျင်းရင် ထမင်းလေး နို့ဆီဘူးတစ်ဝက်တောင် မချက်ချင်တော့ဘူး။ အနားမှာက ထမင်းဟင်းရောင်းတဲ့ဆိုင်လေးတွေရှိတော့ ထမင်းဖြူချည်းပဲ တစ်ရာငါးဆယ်ဖိုးဝယ်လိုက်တယ်။ ဈေးထဲမှာ ပြောင်းဖူးပြုတ် ဒါမှမဟုတ် ငါးဖယ်ဆုပ်ကြော်လေးဘာလေး ဝယ်လိုက်တယ်။ ရန်ကုန်မှာတစ်ခုကောင်းတာက ဘာမဆိုအဆင်သင့်လုပ်ပြီးသား ဝယ်လို့ရတယ်။ ပေါ်ဆီကြော်၊ ပုဇွန်ခြောက်ထောင်းကြော်၊ သရက်သီးသနပ်ပါမက ပဲကုလားဟင်းပါ ရတယ်။ ကျွန်မက တောသူမို့လားမသိဘူး။ နည်းနည်း ရွံတတ်တယ်။ စားစရာတွေထည့်ရောင်းတဲ့ဇလုံတို့ ခွက်တို့ ထည့်ပေးတဲ့ လက်တို့ကို စိတ်တိုင်းမကျတာ များပါတယ်။ ဒါကြောင့် ဟိုဆိုင် ဝယ်ရနိုး ဒီဆိုင်ဝယ်ရနိုးနဲ့ ဈေးလျှောက်မိတာ။ အဲဒီမှာ ကျွန်မရဲ့ အိမ်နီးချင်းလေး



တွေကို မှတ်မိတာပေါ့။ ဟင်းရွက်ဗန်းလေးတွေနဲ့ တစ်ယောက်ကတော့ သံပုရာသီး၊ တစ်ယောက်ကတော့ နံနံပင်အပုံလေးတွေ ငါးဆယ်ငါးဆယ်လို့ အော်ရောင်းတယ်။ အနီးအနားမှာ သူတို့မိဘတွေရှိမှာပေါ့။ ဒီဘဝတွေက မဆိုးပါဘူး။ ကျွန်မတို့ရွာမှာလည်း ကလေးတွေ ပဲနှုတ် ကြက်သွန်နုတ် လုပ်ရတာ။ ကြက်သွန်ဖြုတ်ရတာ၊ ကလေးလည်းကလေးအလျောက် လုပ်အားတန်ဖိုး ချစ်မြတ်နိုးမှ မိသားစုစားလောက်တာ။ ဒါပေမဲ့ ဒါက နေစရာအိမ်ရှိတဲ့မိသားစုတွေပေါ့။ ငှားနေရတာပဲဖြစ်ဖြစ် ကပ်နေရတာပဲ ဖြစ်ဖြစ် အမိုးအကာမခိုင်တခိုင် ပေါက်ပြဲနေစေဦးတော့ အိမ်နဲ့ဘာနဲ့ နေရသေးတယ်လေ။

အဲဒီထက်ဆိုးတဲ့ ဘဝတွေရှိသေးတယ်။

ဆိုင်ကနေ အပြန်မှာ အများအားဖြင့် ကမ်းနားလမ်းကကားတွေကို စီးပါတယ်။ ဒါပေမဲ့ တစ်နေ့တော့ တခြားကားတွေ ဘယ်လိုမှတိုးလို့မရတာမို့ ဘုရင့်နောင်ကိုရောက်တဲ့ ၅၄ ဘတ်စ်ကားပေါ်ပဲ တက်ရပါတယ်။ ၅၄ ဆိုတော့ ကားကြီးက ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ပြေးဆွဲနေခဲ့တဲ့ အစိမ်းရောင် ချက်ပလက်ကားကြီး။ အဲဒီကားကြီးက တအိအိနဲ့ အသံမျိုးစုံမြည်လို့ပေါ့။ အဲဒီကားက ဘုရင့်နောင်လမ်းဘက်ကို ချိုးကွေ့တာမို့ လမ်းဆုံ မှတ်တိုင်မှာ ကျွန်မဆင်းရပါတယ်။ အဲဒီကနေ ကျွန်မအဆောင်ရှိရာ လှည်းတန်းကိုဝေးသေးပေမဲ့ ကျွန်မ လမ်းပဲ လျှောက်လိုက်ချင်တယ်လေ။

တစ်နေ့တော့ ကျွန်မ လမ်းဆုံမှာ ဆင်းပြီး လှည်းတန်းဂုံးအတိုင်းတက်ဖို့ လမ်းလျှောက်အလာ ထိတ်လန့် တုန်လှုပ်စရာမြင်ကွင်းတစ်ခုကို မြင်လိုက်ရပါတော့တယ်။ အပြင်းမောင်းလာတဲ့ ဒိုင်နာဘတ်စ်ကားတစ်စီးရဲ့ရှေ့ကနေ ဖြတ်ပြေးတဲ့ ကလေးမလေးတစ်ယောက် လမ်းဘေးပလက်ဖောင်းပေါ်ကို ပစ်လဲကျသွားတယ်။ တိုက်မိသွားပြီလား။ ကျွန်မ လွှတ်ခနဲ အသံထွက် အော်လိုက်မိတဲ့

www.burmeseclassic.com



အထိ လန့်သွားပါတယ်။ ကားမောင်းသူက ရပ်မပေးဘူး။ ဆက်မောင်းသွားရင်း အကျယ်ကြီး အော်ဆဲသွားတယ်။ ဘုရားရေ ကျွန်မမှာတော့ ရင်တဒိတ်ဒိတ်နဲ့တုန်နေပြီ။ လမ်းဘေးမှာ လဲကျသွားတဲ့ ကလေးမလေးဆီ လူတချို့ ဝိုင်းသွားကြည့်ကြတယ်၊ ကျွန်မ လမ်းဖြတ်ကူးလိုက်တော့ အဲဒီနားကို ရောက်သွားတယ်၊ ကျွန်မ ရောက်သွားတော့ ကလေးမလေးက ထထိုင်တယ်။ တော်ပါသေးရဲ့။ ဒဏ်ရာပြင်းထန်ပုံမရဘူး။ သူ့အသက်က ဆယ့်နှစ်နှစ်လောက်ပဲ ရှိဦးမယ်၊ အဝတ်အစားကတော့ ဘာရောင်ရယ်လို့ မှန်းဆရခက်တဲ့ ညစ်နွမ်းနွမ်း ဂါဝန်အစုပ်လေး။ အို ဒါပေမဲ့ သူ့လက် တတောင်ဆစ်မှာ သွေးတွေ ရဲလို့ပါလား။

'ဟောဒီ ကလေးတွေဟာလေ ကားကို မထီလေးစားနဲ့၊ တိုက်မိရင် မောင်းတဲ့သူ သက်သက် ဒုက္ခရောက်ဦးမယ်'

အဒေါ်ကြီးတစ်ယောက်က ရပ်မပေးတဲ့ ကားသမားကို လှမ်း သနားနေသလိုပဲ။ ကောင်မလေးကို မတိုက်မိဘူးလား။

'မိဘတွေက မွေးတုန်းက မွေးထားပြီး ပေါက်လွှတ်ပဲစားထားတာ'

လူကြီးတစ်ယောက် တိုးတိုးရေရွတ်သံကို ကျွန်မ ကြားတယ်၊ ကောင်မလေးလည်း ကြားမှာပါပဲ၊ ဒါပေမဲ့ ကောင်မလေးက ပေါက်လွှတ်ပဲစား ဆိုတဲ့စကားလုံးအဓိပ္ပါယ်ကိုပဲ မသိတာလား၊ သိရက်နဲ့ မနာနိုင်တာလား။ ခပ်တည်တည်ပဲ၊ သူ့ တတောင်ဆစ်က သွေးကို သူ့ဂါဝန်အောက်အနားနဲ့ သုပ်တယ်။

'ဟေ့ဟေ့ အဲဒီလို မလုပ်နဲ့လေ'

ကျွန်မဘေးနားက ယောကျ်ားသံတစ်ခု၊ အဲဒီလူကပဲ ကလေးမလေးဆီသွားပြီး ဆွဲထူရပ်ပေးပါတယ်၊ သူ့အကျႌအိတ်ထဲက စက္ကူလက်ကိုင်ပဝါတစ်ခေါက် ထုတ်ယူပြီး ကောင်မလေးရဲ့ သွေးပေနေတဲ့ လက်ကို အုပ်ပေးတယ်။



'အကျႌက ချေးတွေ အကွဲအပြဲထဲဝင်သွားရင် အနာရင်းမယ်၊ ပိုး ဝင်မယ် ကြားလား'

ကလေးမလေးက အပျိုဖော်ဝင်ခါနီး အရွယ်ပဲ၊ သူ ဝတ်ထားတဲ့ဂါဝန်လေးက ဖွံ့ထွားစပြုလာတဲ့ ရင်ဘတ်နေရာမှာ နည်းနည်းကြပ်နေပြီ၊ အဲဒီနေရာမှာ နည်းနည်းပြောင်းလဲနေတာကို သူ့ဟာသူတော့ ဂရုစိုက်မိပုံမရဘူး၊

'ကားနဲ့ တိုက်မိသွားတာလား'

အနားကလူတွေကို ကျွန်မ မေးတော့ မတိုက်မိပါဘူးတဲ့၊

ဒီအရှိန်နဲ့သာ တိုက်မိလို့ကတော့ အခုလောက်ဆို သေပြီပေါ့ တဲ့၊ ဘယ်သူလဲမသိဘူး။ မိန်းမသံတစ်ခု၊ မီးပွိုင့်ကို ဒီလောက်အရှိန်နဲ့ ဖြတ်မောင်းရသလား၊ ကျွန်မ နားမလည်နိုင်ပါဘူး။ ကျွန်မကြားဖူးနားဝရှိသလောက်တော့ မီးပွိုင့်ကိုရောက်ရင် အရှိန်လျှော့မောင်းရမယ်ဆိုတာပါပဲ၊

'ကွဲသွားတဲ့ဒဏ်ရာက မနည်းပါဘူး'

မိန်းမကြီးတစ်ယောက်က လမ်းလျှောက်မပျက် လှမ်းကြည့်ရင်း ပြောသွားတယ်၊ အဲဒီတော့မှ ကျွန်မ ကလေးမရဲ့လက်ဖျံက အကွဲဒဏ်ရာကို မြင်မိတယ်၊ အော် သနားပါတယ်၊ ဆေးခန်းဘယ်သွားနိုင်မလဲ၊ ကျွန်မက ဆရာဝန်ကြီးနဲ့နေလာတော့ ဆေးပညာနဲ့ ရောဂါပိုးအခြေအနေတချို့ကို သိနေတယ်၊ သိနေတော့ စိတ်မကောင်းဘူးလေ၊

'လာ အစ်ကိုနဲ့ လိုက်ခဲ့၊ ဆေးခန်းလိုက်ပြပေးမယ်'

စက္ကူလက်ကိုင်ပဝါလူပါပဲ၊ ကလေးမလေးကို လက်ကနေဆွဲခေါ်တယ်၊ ကလေးမလေးက ခပ်တွန့်တွန့် ရုန်းတယ်၊

'ဟဲ့ လိုက်သွားလေ၊ ဆေးခန်းပြမယ်ဆိုတဲ့ နင့်ကိုအကောင်း စေတနာနဲ့ ကူညီမှာ'

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးတစ်ယောက်က ကလေးမလေးကို ခေါ်တယ်။ ကောင်မလေးက ခေါင်းတယမ်းယမ်းနဲ့ ဟိုလူ့လက်ထဲ ရောက်နေတဲ့ သူ့ လက်ကောက်ဝတ်ကို မရဲတရဲ ဆွဲဖြုတ်နေတယ်။

'မင်းအနာရင်းရင် နောက်နေ့ကျ စပါးတွဲရောင်းလို့မရဘဲ ငိုနေရမယ် ဘာမှတ်လဲ။ လာ ဆေးခန်းမှာပြပြီး ဆေးထည့် ဆေးစားလုပ်ရမယ်'

ဟိုလူက ချော့မော့သလိုငေါက်သလို ဘယ်လိုမှန်းမသိ ဆွဲခေါ်တော့မှ ကောင်မလေးက ဆုတ်ကန်ကန် လိုက်သွားတယ်၊ ကျွန်မလည်း မှောင်စပြုနေပြီဆိုတော့ လှည်းတန်းရောက်အောင် မနည်း လမ်းလျှောက်ရဦးမှာမို့ ကိုယ့်လမ်းကိုယ် ဆက်ထွက်လာခဲ့တာပါ။ ခပ်လှမ်းလှမ်းရောက်တော့ ကျွန်မ ဘာရယ်လို့မဟုတ်ဘူး၊ နောက်ဘက်ကို ပြန်လှည့် ကြည့်လိုက်မိတယ်။ စောစောကလူနဲ့ ကောင်မလေး၊ ဆိုက်ကားတစ်စီးပေါ် တက်ခါနီး မြင်လိုက်ရတယ်၊ သူ ဘယ်ဆေးခန်း ခေါ်သွားမှာပါလိမ့်။ သူ့ရုပ်ရည်က သာမန် သူလိုကိုယ်လိုပဲ။ ဝတ်ပုံစားပုံကတော့ ဖိုသီဖတ်သီ။ ကျွန်မ သူ့ မျက်နှာကို အသေအချာ အကဲမခတ်လိုက်မိတာ နာတာပဲ၊ စေတနာရှင်လား။ ကိုယ့်အိမ်ကိုယ် အမြန်ပြန်ရောက်ဖို့ လူတိုင်းလူတိုင်း လောကြီးနေတဲ့ အချိန်မှာ ဘယ်သူမှအဖက်မလုပ်ချင်တဲ့ ကလေကလွင့် ကောင်မလေး တစ်ယောက်ကို ဆေးခန်းလိုက်ပြပေးမှာတဲ့။ ကျွန်မ ကလေးမလေးရဲ့ ဂါဝန် ကြပ်ကြပ်အောက်က ကိုယ်ခန္ဓာကိုပဲ ပြန်မြင်သွားပြီး စိတ်မသက်မသာဖြစ်သွားတယ်။

ဘယ်ဆေးခန်းကို ခေါ်သွားမှာပါလိမ့်။

ရန်ကုန်မြို့က အကျယ်ကြီး လူပေါင်းစုံ၊ စိတ်ဓါတ်ပေါင်းစုံ၊ ဘယ်သူ့ကိုမှ ယုံရတာမဟုတ်ဘူး။

ကျွန်မ ဘာမှ စဉ်းစားချိန်မရလိုက်သေးခင် ဆိုက်ကားကို လှမ်း တားလိုက်မိတယ်။



'ခဏနေဦး'

ဆိုက်ကားသမားက မကြားဘူး။ အင်းလေ နည်းနည်း ဝေးနေတာကိုး။ ကျွန်မ အပြေးလှမ်းသွားရင်း ထပ်အော်လိုက်ပါတယ်။

'ခဏလေး ခဏလေး'

ပြေးရင်းကနေ ကျွန်မကိုယ်ကျွန်မအံ့သြသွားမိတယ်၊ ကြည့်စမ်း၊ ငါ ဘာလုပ်နေတာလဲ။ ငါနဲ့ ဘာမှမဆိုင်တဲ့ကိစ္စမှာ ဘာဖြစ်လို့ အချိန်ကုန်ခံ လူမုန်းခံပြီး ဝင်ရှုပ်မှာလဲ၊ ကျွန်မလေ ကိုယ့်ကိုယ်ကို မကြိုက်ပါဘူး။

ဆိုက်ကားသမားက ကျွန်မကို လှည့်ကြည့်ပြီး မနင်းသေးဘဲ စောင့်တယ်၊ ဟိုလူက တစ်ခုခု ပြောလိုက်တယ်၊ ဘာပြောမှန်းတော့ မကြားရဘူး။ အဲဒီမှာ ဆိုက်ကားသမားက စနင်းတော့တယ်၊ အဲဒီတော့မှ ကျွန်မလည်း ပိုပြီး တားချင်သွားတယ်၊

'ဆိုက်ကားဆရာ'

ဖောင်းလင်းရွာသူပဲလေ၊ ဒီလောက်တော့ အသံကျယ်ပါတယ်၊ ရွာမှာ တစ်အိမ်နဲ့တစ်အိမ်ဆိုတာ အဝေးကြီး၊ အဲဒီအိမ်တွေ ကြားအောင် လှမ်းအော်နေကျအသံပဲ၊ ဆိုက်ကားဆရာ မရပ်ဘဲ နေလို့ မရလောက်တဲ့ အသံလေ၊ နောက်ပြီး ဖောင်းလင်းနဲ့စလင်း အပြေးလျှောက်ပြီး ကျောင်းတက်ခဲ့တဲ့ခြေထောက်တွေ လှည်းတန်းဂုံး အောက် လမ်းကို ခဏလေးနဲ့ ရောက်သွားပါတယ်။

'ဒီနေ့ ကျွန်မမွေးနေ့မို့ ဒီညီမလေးအတွက် ကုသိုလ် လုပ်ချင်လို့ပါ။ ကျွန်မနဲ့ပဲ ထည့်လိုက်ပါနော်'

ပြောရင်းနဲ့ အဲဒီလူကို အကဲခတ်ကြည့်မိတယ်၊ အဲဒီလူက စိတ်ရှုပ်သွားပုံတော့ပေါ်တယ်။ အော် အခုမှပဲ ကြည့်မိတယ်။ အသက်က သိပ်မကြီးသေးပါဘူး။ ငယ်ငယ်လေးပဲ၊ အလွန်ဆုံးရှိမှ အသက်နှစ်ဆယ် ကျော်ခါစ ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ဘာကုသိုလ်လဲ'

ခပ်တင်းတင်းတော့ မေးတယ်။

'ဟင် ခင်ဗျား သူ့ကို ဆေးခန်းလိုက်ပို့မလို့ဆို အဲဒီ ကုသိုလ်ပေါ့'

'အော'

သူ ကျွန်မကို ခပ်စိုက်စိုက်ကြည့်တော့ ကျွန်မ နည်းနည်းလန့်သွားတယ်။ သူ့မျက်လုံးတွေက အလင်းမှိန်မှိန်အောက်မှာကို လက်ခနဲတော့ စူးသွားတယ်။ အရက်ခိုးဝေနေတဲ့ မျက်လုံးတွေတော့ မဟုတ်ပါဘူး။

'မင်းလိုက်ပို့မှာလား'

'ဟုတ်တယ်'

သူ ဆိုက်ကားပေါ်က ဆင်းလိုက်တယ်။ ဆောင့်ဆောင့်အောင့်အောင့်လို့ထင်တာပဲ၊ မသေချာပါဘူး။

'ဒါဖြင့်လည်း ပြီးရော။ ကဲ နင် သူ့နဲ့ လိုက်သွားပေတော့။ နင့် ဆေးဖိုးကို သူပေးချင်လို့တဲ့'

ကျွန်မကို ဘယ်ဆေးခန်းသွားမှာလဲ ဘာလဲ ဘာမှ မမေးဘဲနဲ့ လမ်းဒေါင့်ချိုးအတိုင်း စိုက်စိုက်စိုက်စိုက်နဲ့ လျှောက်သွားတဲ့ အဲဒီလူကို ကျွန်မ ဘာမှ ပြန်မပြောလိုက်နိုင်ပါဘူး။ ဆိုက်ကားဆရာကလည်း ကြောင်တောင်တောင်နဲ့ ရပ်လို့၊ ကောင်မလေးကလည်း ကျွန်မကို မော့ကြည့်ရင်း ဆိုက်ကားပေါ်က ဆင်းလိုက်တယ်။

'ဒါဖြင့် ဆိုက်ကား မလိုတော့ဘူးလား'

ဆိုက်ကားသမားက ခပ်ဆတ်ဆတ်လေသံနဲ့ ကျွန်မကို မေးပါတယ်။ အဲ သူ စိတ်တိုသွားပြီ။ ကျွန်မ ဘာဖြေရမှန်းမသိဘူး။ တကယ်သွားရမယ်ဆိုတော့ ဆေးခန်းတွေ အများကြီးရှိမှန်း လမ်းသွားရင်း မြင်မြင်နေရပေမဲ့ ဘယ်ဆေးခန်းကိုမှ မရောက်ဖူးတော့



ဘာမှ မသိပါဘူး။

'အဲ နေဦးဗျ။ စောစောကလူက ဘယ်ဆေးခန်းသွားမယ် ပြောလဲ။ သူသွားမယ့်ဆေးခန်းပဲ လိုက်ပို့ပေးပေါ့'

'နွယ်သာကီလမ်းက မေတ္တာဆေးခန်းတဲ့'

အော်။

အဲဒီအချိန်မှာ ကျွန်မ ခပ်ဝေးဝေးရောက်သွားပြီဖြစ်တဲ့ စေတနာရှင်အစ်ကိုကို လှမ်းမျှော်ကြည့်လိုက်မိပါတယ်။ လမ်းကြားလေးတစ်ခုထဲကို ချိုးဝင်သွားပြီ။ ကျွန်မ ကောင်မလေးကို ခေါ်ပြီး ဆိုက်ကားပေါ် တက်လိုက်တယ်။

'ဒါဖြင့် အဲဒီမေတ္တာဆေးခန်းပဲ လိုက်ပို့ပေးဗျာ'

ဆေးခန်းက လူ တော်တော်စောင့်ရပါတယ်။ ကျွန်မတို့ ရောက်သွားတော့ အမှတ်စဉ် ၁၅ ဖြစ်နေပြီ။

နာမည်စာရင်းပေးရမယ်။

'ကဲ ညည်းနာမည် ဘယ်လိုခေါ်လဲ'

'တိုးတိုး'

အခုခေါ်ပြီး ကြည့်နေတာ အမှတ်စဉ်တစ်တဲ့။ သေရော။ စောင့်ပေဦးတော့။ ကိုယ့်ရှေ့က ဆယ့်လေးယောက်။ ဗိုက်ထဲက တဂွိဂွိမြည်အောင် ဆာလာပါတယ်။ မနက်ဆယ်နာရီလောက်မှာ မနက်စာနဲ့ နေ့လည်စာ ပေါင်းပြီး တူးအင်ဝမ်း လုပ်ထားတာ။ အခု ညနေခြောက်နာရီဆိုတော့ မခံနိုင်တော့ဘူးလေ။ ဆေးခန်းနားမှာ မုန့်အတိုအထွာ ရောင်းတဲ့ဆိုင်တော့ လှမ်းမြင်ရပါရဲ့။ ဒါပေမဲ့ ကျွန်မမှာ ပါလာတာက ငွေ နှစ်ထောင်ပဲဆိုတော့ ဒီအထဲကနေ ဖဲ့ပြီး မုန့်မဝယ်ရဲဘူး။ ငွေလျော့သွားလို့ ဆေးဖိုးမလောက်ခဲ့ရင် အရှက်ကွဲနေဦးမှာ။ ကြိတ်မှိတ်ပြီး သည်းခံနေလိုက်ရတယ်။

အော် ကိုယ်နဲ့မဆိုင်ဘဲနဲ့ သွားအပူရှာမိတာ။ သူ့ သားသမီးကို မယုံသင်္ကာဖြစ်မိတာ။ ခံလိုက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက စကားတော်တော်နည်းတယ်။ နာနေပုံလည်းရတယ်။ ငြိမ်လို့၊ ဒါနဲ့ အချိန်ကုန်မှန်းလည်း မသိသာအောင် ဆာနေတာကိုလည်း လွှန်မြောက်အောင် ကျွန်မ သူ့ကို စကားတွေပြော စပ်စုရတော့တယ်။

'အမေ အဖေရှိလား'

'အဖေမရှိဘူး။ အမေကလည်း မွေ့ကိုက်လို့ သေသွားပြီ'

မြွေ။ မြွေကိုက်လို့ဆိုတဲ့ စကားလုံးက ကျွန်မကို အေးစက်တဲ့ လက်ကြီးတစ်ဘက်နဲ့ ဆွဲဆုပ်ယူထားလိုက်သလိုပဲ။ တစ်ကိုယ်လုံး တုန်သွားတယ်။

ကျွန်မ သူ့ကို ခပ်ကြောင်ကြောင် ကြည့်မိတော့ သူကလည်း ကျွန်မကို စွေစောင်းကြည့်နေတယ်။

တိုးတိုးတဲ့၊ ဒီနာမည်ကို ကျွန်မ ကြားဖူးနေသလိုပဲ၊ ဟင်၊ ဟုတ်မှဟုတ်ပါ့မလား။ မဖြစ်နိုင်ဘူးထင်တယ်။

'တိုးတိုးတဲ့လား။ ညည်း စလင်းမှာ နေဖူးလား'

'ကျွန်မ အစ်မကို သိပါတယ်'

အမေဘယ်တော့ပြန်လာမှာလဲလို့ မေးလိုက်တဲ့မျက်လုံးတွေ၊ ဘုရားရေ၊ တိုးတိုး။

'အို ညည်း ဒေါ်ခင်ဆင့်သမီးလား'

'ဟုတ်တယ်'

'ဟောတော် ရန်ကုန်ကို ဘယ်လိုရောက်လာလဲ'

ပထမတော့ အိမ်ဖော်အလုပ်နဲ့လာတာတဲ့။ ဒါပေမဲ့ အိမ်ရှင် က တအားနှိပ်စက်တာမို့ မခံနိုင်လွန်းလို့ ငတ်ချင်ငတ်ပါစေဆိုပြီး ထွက်ပြေးတာတဲ့၊ အခုတော့ ပလပ်စတစ်တို့ ဘူးခွံတို့ကို အဟောင်းဝယ်သူတွေဆီ ပြန်သွင်းတဲ့ အုပ်စုနဲ့ အတူနေတယ်တဲ့။

'နေတော့ ဘယ်မှာနေလဲ'



ကောင်မလေးက အဲဒီမေးခွန်းကို မဖြေပါဘူး။ သူ့ဂါဝန်အောက်နားစကိုပဲ လက်နဲ့ ဆုပ်ပြီးချေမွနေတယ်၊ အင်းလေ၊ သူ မဖြေချင်တဲ့မေးခွန်းကို ကျွန်မ မမေးတော့ပါဘူး။

တိုးတိုးဟာ အရင်ကထက်တော့ ပို ဖွံ့ထွားလာတယ်၊ အသားတောင် နည်းနည်းဖြူလာသလိုပဲ၊ သနားကမားရုပ်လေး။

'ဝမ်းလေး ကျွန်ခဲ့ပြီ'

'ဘာဝမ်းလဲ'

'စပါးတွဲရောင်းတဲ့ဝမ်း'

'ခဏနေရင် ပြန်ရှာပေါ့၊ မတွေ့လည်း ဘယ်တတ်နိုင်မလဲ၊ ညီမ အသက်အန္တရာယ်မထိခိုက်တာပဲ ကံကောင်းလှပြီလေ'

ကျွန်မတို့ တော်တော်ကြီးကို စောင့်ပြီးတော့မှ ဆရာဝန်အခန်းကို ဝင်ဖို့အလှည့်ကျလာပါတယ်၊ ဆေးထိုးစမ်းသပ်တဲ့ အခန်းက ကျဉ်းကျဉ်း လေး၊ ဆရာဝန်မက အသက်ငါးဆယ်ကျော်လောက်ရှိပြီ၊ ခပ်ဝဝဖိုင့်ဖိုင့်၊ လူတွေကို သိပ်စိတ်မဝင်စားသလို မျက်နှာထားမျိုးနဲ့၊

'ဘာဖြစ်လာလဲ'

'လဲတာပါ။ ကားကိုလွတ်အောင်ပြေးရှောင်ရင်း လဲသွားတာ'

'မင်းတို့ကားနဲ့လား'

အို ကြံကြံဖန်ဖန်၊ ကျွန်မမှာ ဘယ်ကလာ ကားရှိရမလဲ၊ ဒီဆရာဝန်မ လူကဲခတ်တော်တော်ညံ့တာပါလား၊ ကျွန်မရုပ်က ကားရှိတဲ့ ရုပ်လား။

'အို မဟုတ်ပါဘူး၊ ဘတ်စ်ကားနဲ့ပဲ။ ဘတ်စ်ကားသမားက ရပ်တောင်မရပ်ဘူး'

'မင်းနဲ့ဘာတော်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမတော်ပါဘူး။ သွားရင်းလာရင်း သူ ဒဏ်ရာရတာ မြင်လို့ သနားလို့ပါ'

ကောင်မလေးကို လူနာခုတင်ပေါ်တက်ဖို့ မနည်းချော့ရတယ်။ ကြောက်နေလို့။ အနာကို ပိုးသန့်စင်အောင် ဝှမ်းစနဲ့ အရက်ပျံ သုတ်တော့ အကြောက်အကန် ရုန်းလိုက် အော်လိုက်တာ၊ ကျွန်မ သနားလည်းသနား စိတ်လည်း ညစ်သွားတယ်၊ မေးခိုင်ရောဂါ ကာကွယ်ဆေး ထိုးပေးတော့ ကောင်မလေး ရုန်းမှာစိုးလို့ ဖက်ထားခိုင်းတယ်။ ကျွန်မ ဖက်ထားတော့ ကောင်မလေးကိုယ်က အောက်သိုးသိုး အနံ့နံတယ်၊ ချေးနံ့လား၊ ချွေးနံ့လား၊ ငါးညှီနံ့လား၊ ဂါဝန်ကသာ နံတာမဟုတ်ဘူး၊ နီကြောင်ကြောင် ကြွပ်ဆတ်ဆတ်ဆံပင်ကလည်း နံသေးတယ်။ ချဉ်စုပ်စုပ်ချေးနံ့၊ ကောင်မလေးရင်ဘတ်က တဒိတ် ဒိတ် ခုန်နေတာကို ကျွန်မလက်ဖဝါးအောက်မှာ စမ်းမိလို့ သိနေတယ်။ အင်း။ ပြောသာပြောရတာ။ ကျွန်မလည်း ရင်တဒိတ်ဒိတ် ခုန်နေတယ်။ ပါလာတဲ့ ပိုက်ဆံမလောက်မှာစိုးလို့လေ၊ မတတ်နိုင်ဘူး၊ မလောက်ခဲ့ရင်လည်း အကြွေးထားရမှာပဲ။ နောက်နေ့ ညနေ ဝင်ပေးပါမယ်ပေါ့။

'သူ ဆေးပတ်လည်အောင် သောက်တတ်ပါ့မလား'

'အယ် ကျွန်မလည်း မသိဘူး'

ဆရာဝန်က ကောင်မလေးကို သောက်ဆေးပေးတယ်၊ ဆေးကို ဘယ်အချိန်တွေ သောက်ရမယ်ဆိုတာ ကတ်ထူစက္ကူလေးတွေပေါ်မှာ နံနက် နေ့လည် ညလို့ အမျိုးအစားတွေ ခွဲရေးပေးတယ်၊ ဒါပေမဲ့ ကလေးမ စာဖတ်တတ်ပါ့မလား။

တော်သေးတယ်၊ ဆေးဖိုးက ထောင့်ရှစ်ရာ တဲ့။ လျှော့ယူလိုက်တယ်လို့ ဆရာဝန်မက ပြောပါတယ်၊

'တိုးတိုး ဆေးတွေ စားတတ်လား'



ကောင်မလေးက အူတူတူအကြည့်နဲ့ ခေါင်းညိတ်ပြတာပဲ၊

ခက်တာပဲ၊ ကျွန်မအဆောင်ကလည်း ကျွန်မတစ်ယောက်တည်းကိုပဲ လက်ခံထားတာလေ၊

သူ့ကို အိမ်ပြန်လိုက်ပို့မယ်ဆိုတော့ တိုးတိုးက အတင်းငြင်းပါတယ်၊ သူ့ဟာသူပြန်မယ်တဲ့၊ ဝေးလား ဆိုတော့လည်း မဝေးဘူးလို့ ပြောပါတယ်၊

'လမ်းဖြတ်ကူးခါနီးရင် ကားတွေကို ဟိုဘက်ဒီဘက် ကြည့်၊ ကားဝေးမှ ဖြတ်ကူးနော်၊ ကြားလား'

မှာလိုက်ရသေးတယ်။ သူ ခေါင်းညိတ်တယ်၊

ပြီးတော့ ကျွန်မ ဆွဲထားတဲ့လက်ကို ရုတ်ပြီး လှစ်ခနဲ ထွက်ပြေးသွားပါတော့တယ်၊ အော် သူ့လိပ်စာလည်း မသိဘူး၊ ဒေါ်ခင်ဆင့်သမီးမို့ ကျွန်မ သူ့ကို ပြုစုစောင့်ရှောက်ဖို့ တာဝန်ရှိတယ်လို့ ခံစားလိုက်ရတော့ ရင်ထဲမှာ ဟာခနဲ လှင့်သွားပါတယ်၊ သူပြေးသွားတဲ့နေရာက လမ်းဓါတ်မီးတိုင်တွေ မလင်းတဲ့နေရာ။ အမှောင်လွှမ်းနေတဲ့နေရာ၊ လမ်းပေါ်မှာ ချိုင့်ခွက်တွေရှိတဲ့ နေရာ။ ကားမီးရောင်တွေနဲ့မို့ ပတ်ဝန်းကျင်ကိုတော့ မြင်သာပါတယ်၊ အဲဒီတစ်ပိုက်မှာ ဖြတ်သွားတဲ့ကားတွေက အကြီးကြီးတွေ၊ သစ်လုံးတင် ကားတွေ၊ ကုန်တင်ကားတွေ၊ တကျိန်းကျိန်းအသံစုံမြည်ပြီး မောင်းသွားကြတာပါ၊

အဆောင်ပြန်ရောက်တော့ ဘေးခုတင်က မမနိုင်ကို အဖြစ်အပျက်ပြောပြမိတယ်၊

'အေးငြိမ်းရယ် ဒုက္ခရှာလို့၊ တော်ကြာ ဟိုလူက မသမာသူ ဖြစ်နေရင် မခက်ပါလား။ သူ့အစာလုရပါ့မလားလို့ ရန်ငြိုးတောင် ဖွဲ့နိုင်တယ်'

သူပြောမှပဲ ကိုယ့်ဟာကိုယ်ပြန်လန့်သွားမိတယ်၊ ဟုတ်တယ်နော်၊ ကျွန်မကလည်း ရန်ကုန်မှာ ဒီလှည်းတန်းလမ်းကို ညနေ

www.burmeseclassic.com

www.burmeseclassic.com



မှောင်မှောင်မှာ လျှောက်နေရဦးမှာ။ မတော်တဆ ကျွန်မကို ရန်မူရင် ဘယ့်နှယ်လုပ်မလဲ။ မလွယ်ပါလားနော်။

နောက်သုံးလေးရက်လောက် အဲဒီနား လမ်းမလျှောက်ဘဲ လှည်းတန်းမီးပွိုင့်ရောက်တဲ့ တစ်ရာ့နှစ်တို့ လေးဆယ့်သုံးတို့ကိုပဲ စီးနေမိတယ်။ ကြောက်တာလေ။ ကားပေါ်မှာ လူကကြပ်တော့ အတွင်းမှာ လူကြားထဲပိတ်မိနေရင် အပြင်ကို မြင်ရဖို့ ခက်တယ်။ ဒါပေမဲ့ အဲဒီမီးပွိုင့် နားရောက်ရင် ကျွန်မ တတ်နိုင်သမျှ အပြင်ကို မျက်နှာတိုးထွက်ပြီး တိုးတိုးကို ရှာကြည့်မိတယ်။ ရှာတိုင်းလည်း တစ်နေရာမဟုတ် တစ်နေရာမှာ တွေ့ပါတယ်။ တစ်ခါတစ်ခါ ကားဆီကို လာပြီး ပန်းကုံးလေးတွေနဲ့ စပါးတွဲလေးတွေ ရောင်းတယ်။ အများအားဖြင့်တော့ ကိုယ်ပိုင်ကားတွေ မီးပွိုင့်မှာ ရပ်နေတုန်း ရောင်းတာတွေ့ ရတယ်။ သူ့ကို မြင်ရတိုင်းလည်း အဝတ်ကို နှစ်ထည်ပဲ လှည့်ပတ်ဝတ်တာမြင်ရတယ်။ ညစ်ထပ်ထပ်ဂါဝန်လေး ဖြစ်ရင်ဖြစ် မဖြစ်ရင် အညိုရောင်လား ပေါ်ရောင်လား မသဲကွဲတဲ့ အောက်နား ဖွာစုပ်နေတဲ့စကတ်ဖားဖားရှည်ရှည်ကြီးနဲ့ တွေ့ရတယ်။ သူ့လက်က ဒဏ်ရာကို လည်း မြင်နေရတယ်၊ သူ နောက်တစ်ကြိမ် ဆေးခန်းဘယ်ပြနိုင်မလဲလေ။ ကျွန်မ ကားပေါ်ကဆင်းပြီး သူ့ကို ဆေးခန်းခေါ်မှ ရမယ်။ ဒီလိုကျတော့လည်း ကျွန်မက ပင်ပန်းလှပြီလေ။ အိပ်ရာပေါ်ပစ်လှဲချလိုက်ချင်လောက်အောင်ပဲ ကိုယ့်ခြေထောက်ကိုယ် မသယ်နိုင်တော့ဘူး။

ဒီလိုနဲ့ တစ်နေ့တော့ ကျွန်မ ၁၀၂နဲ့ ၄၃ကို တက်လို့မရလို့ ၅၄ ဘတ်စ်ကားကို တက်ရပြန်ပါတယ်။ အဲဒီနေ့က ကျွန်မမှာ သယ်ပိုးစရာအထုပ်တွေက များတယ်။ ညဆာရင် ရေနွေးနဲ့ စိမ်စားဖို့ ခေါက်ဆွဲထုပ်၊ လမ်းဘေးအဟောင်းတန်းကနေ တစ်အုပ်နှစ်ရာနဲ့ ရလို့ဝယ်လာတဲ့ တိုင်းမ်မဂ္ဂဇင်းတွေနဲ့၊ အင်္ဂလိပ်စာအရေးအသား ဆိုတဲ့ စာအုပ်နှစ်အုပ်ကိုလည်း ဝယ်လာသေးတယ်ဆိုတော့ ကျွန်မမှာ ထီးရော ပေါင်းလိုက်တဲ့အခါ မနိုင်မနင်းပေါ့။ ဘတ်စ်ကားပေါ်ကနေ မနည်း တိုးထွက်ရတယ်။ မြေကြီးပေါ် ခြေချမိတော့မှ ရှုံ့စောင်းနေတဲ့ အိတ်တွေအကျိုးတွေကို ပြန်တည့်မတ်ရတယ်၊ အထုပ်တွေကို လက်နှစ်ဘက်မှာ နေသားကျအောင် ပြောင်းကိုင်ပြီး လမ်းလျှောက်တော့ ကျွန်မဘေးကို အပြေးလေးလျှောက်လာတဲ့ ခြေသံတစ်ခုကြားတယ်။



'အစ်မ'

'ဟော'

ပြုံးရွှင်တဲ့မျက်နှာနဲ့ ကျွန်မကို မော့ကြည့်နေတဲ့ တိုးတိုး။ သူ့ လက်ထဲမှာ စကောလည်း မတွေ့၊ ပန်းလည်းမတွေ့၊

'တိုးတိုးပါလား'

'အစ်မ အိတ်တွေ ကျွန်မ ကူဆွဲပေးမယ်လေ၊ ဘယ်ထိပြန်မှာလဲ'

'အော် နေပါစေဟယ်၊ ဝေးတယ်'

ဒါပေမဲ့ မရပါဘူး၊ ကောင်မလေးက ငွတ်အတင်းကို အိတ်တွေ ဆွဲယူတော့တာ၊ သူ လိုက်ပို့မယ်တဲ့၊

'စပါးတွဲတွေ ရောင်းလို့ကုန်ပြီလား'

'ဒီနေ့ကုန်တယ်'

ဒီနေ့ကုန်တယ်ဆိုတော့ အရင်နေ့တွေက မကုန်ဘူးလား၊

ကျွန်မဆီကနေ ငွတ်ဆွဲယူကိုင်ထားတဲ့ အထုပ်တွေနဲ့အတူ တိုးတိုးက တကောက်ကောက် လိုက်လာပါတယ်၊ လမ်းလျှောက်ရင်းကနေလည်း စကားတွေ တတွတ်တွတ်ပြောလာလိုက်တာ၊ သီချင်း မင်္ဂလာဈေးလည်း ပါတယ်၊ စက္ကူဟောင်း ရေသန့်ဘူးခွံဟောင်း အရောင်းအဝယ်လည်းပါတယ်၊ အလေးနိုးတာလည်းပါတယ်၊ အစ်မက ပိုလှလာတယ်ဆိုတာလည်း ပါတယ်၊ ကျွန်မ ရယ်ချင်လိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



အစ်မထမီလေးက လှတယ်နော် တဲ့။

တကယ်တော့ ကျွန်မ ဝတ်တဲ့ထမီတွေက ကျွန်မတို့ အညာ ဒေသထွက် ဈေးပေါပေါချည်ထည်တွေပါ။ အဆင်လေးတွေက လှနေလို့သာ။

'တိုးတိုး လိုချင်လို့လား'

'မလိုချင်ပါဘူး'

'လိုချင်ရင် အစ်မမှာ ဒါမျိုး ခပ်ဆင်ဆင် တစ်ထည်ရှိတယ်။ ဝတ်တော့ ဝတ်ပြီးသားပဲ ပေးမယ်လေ'

'ဟင့်အင်း မပေးပါနဲ့'

'မဟုတ်ဘူး။ ယူရမယ်။ အစ်မပေးရင် တိုးတိုးယူရမယ်'

ကျွန်မဆာလို့ ငှက်ပျောသီးဝယ်စားရင်း သူ့ကို တစ်လုံးကျွေးတော့ စားတယ်။ ငှက်ပျောသီးကို ကိုင်ထားတဲ့ သူ့လက်ချောင်းတွေကို ကျွန်မ မြင်ရသလောက်တော့ လက်သည်းမှာ ချေးတွေ မဲနေတာပဲ။ ကျွန်မ သက်ပြင်းချလိုက်ရုံကလွဲလို့ ဘာတတ်နိုင်မှာလဲ။ ကျွန်မမှာ တိုးတိုးအတွက် တာဝန်ရှိတယ်လို့ ခံစားနေရတယ်။ သူ့အမေကို ကျွန်မ အသက်ရှင်အောင် မကယ်လိုက်နိုင်ဘူး။ သူ့အမေက ကျွန်မကျေးဇူးရှင်၊ ကျွန်မ သူ့ကို တတ်နိုင်သလောက် ပြန်ကူညီရမယ်။

'နောက်နေ့ကျရင် အစ်မအတွက် ပန်းကုံး ချန်ထားမယ်'လို့ ပြောလိုက်တဲ့ တိုးတိုးကို ကျွန်မ ငေးကြည့်နေရင်းက အဆောင်ထဲကို ခေါ်လိုက်တယ်။ သူက မလိုက်ချင်ဘူး။

'လာ လိုက်ခဲ့ အစ်မ ညည်းကို မျက်နှာသစ်ပေးချင်လို့၊ လက်က အနာကိုလည်း ကြည့်ချင်လို့'

'ပျောက်သွားပြီ'

'တိုးတိုး စာဖတ်တတ်လား'

'ဟင့်အင်း'



'ဟောတော် ဒါဖြင့် ဟိုနေ့က ဆေးတွေကို ဘယ်လိုစားလဲ'

'ဆရာဝန်မကြီးက မနက်တစ်ခါ နေ့လည်တစ်ခါ ညတစ်ခါ လို့ ပြောတယ်လေ။ အဲဒီအတိုင်း တစ်ထုပ်စီ စားတာပေါ့'

ကောင်းပါလေရဲ့။ မနက်ဆေး နေ့လည်ဆေး ညဆေးတွေက တူတာမှ မဟုတ်ဘဲ။ အင်းလေ။ ထားလိုက်ပါတော့။

အဆောင်မှာ ရေနဲ့ ဆပ်ပြာနဲ့ သူ့ကို ဆေးကြောပေးလိုက်တယ်၊ တိုးတိုးကို ကျွန်မအခန်းထဲအထိ ခေါ်လာလိုက်တယ်၊ တိုးတိုးက ကျွန်မပစ္စည်းတွေကို သဘောကျနေတယ်။ ဟိုငေးကြည့် ဒီငေးကြည့်၊ ဟိုဟာ လက်နဲ့ တို့ကြည့်လည်း၊ ချစ်စရာလေးတဲ့၊ ဒီဟာ လက်နဲ့ တို့ကြည့်လည်း ဟယ် ချစ်စရာလေးတဲ့။ သူ ပျော်နေပါတယ်၊

သူ့ကို မျက်နှာသုပ်ပေး၊ ဆံပင်ဖြီးပေးပြီး ဖဲကြိုးလေးနဲ့ ချည်ပေးလိုက်တဲ့အခါကျတော့ ကလေးမရဲ့ ရုပ်ရည်က သနားကမားလေး ဖြစ်လာတယ်။

'ကြည့်စမ်း တိုးတိုးက ချစ်စရာလေးတော့'

ကျွန်မ ပြောတော့ သူပျော်သွားတယ်၊ သူ့ကိုယ်သူ ကျွန်မရဲ့မှန်ဝိုင်းအသေးလေးထဲ ကြည့်ပြီး တအား ရယ်လိုက်တာလေ၊ သူရယ်တာကို ကြည့်ရင်း ကျွန်မ ရင်ထဲမှာ လှိုက်ခနဲ နွေးသွားတယ်၊ အော် ကျွန်မ ပိုက်ဆံများများရတဲ့ အလုပ်လေးရရင် ဘယ်လောက်ကောင်းမလဲ၊ တိုးတိုးကို ကျွန်မနဲ့ အတူနေခိုင်းလို့ရတဲ့ နေရာကို ပြောင်းရွှေ့ချင်လှပါတယ်၊

'တိုးတိုး။ အစ်မစကားကို နားထောင်စမ်း'

သူ့ကို ခုတင်ပေါ်မှာ ထိုင်ခိုင်းလိုက်တော့ ကျွန်မရဲ့ ဖြူဖွေးတဲ့ ချည်အိပ်ရာခင်းကို ကြည့်ပြီး မဝံ့မရဲ အဖျားလေးမှာပဲ ထိုင်တယ်။

'တိုးတိုး အခုနေတာ ဘယ်သူတွေနဲ့လဲ ပြောစမ်းပါ။ ဆွေမျိုး ရှိသလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း'

'ဘယ်သူတွေလဲ'

'ဒေါ်ထွန်းရယ် ပေါက်စရယ် ဝတုတ်ရယ်'

မိသားစုတစ်စုဆီမှာ သူရောက်နေခဲ့တာ။ အဲဒီမိသားစုက မနက်ဆိုရင် လမ်းတကာလည်ပြီး ပလတ်စတစ်ကောက် ရေသန့်ဘူးခွံကောက် တိုက်ခန်းတွေအတွက် အမှိုက်ကောက်ပေး သဒ္ဓါကြေးရတဲ့ ပိုက်ဆံလေးတွေစု၊ အဆာပြေတစ်ခုခု စား၊

ကျွန်မ ပညာသင်ခွင့်ရခဲ့တာ ကြီးမြတ်လှတဲ့ အခွင့်အရေးပါ။

တိုးတိုးဟာ ရွာမှာ ကျန်ရစ်ခဲ့တဲ့ ကျွန်မ မောင်လေးနဲ့ ရွယ်တူပဲ ဖြစ်မယ်။ မောင်လေးလည်း အခုဆို အသက် ဆယ့်နှစ်နှစ်လေ၊ ဘယ်လောက်ပဲ ဆင်းရဲတယ်ဆိုဦးတော့ မောင်လေးမှာ အဖေရော သူ့အမေ မစမ်းရင်ရော ရှိတယ်။ နေစရာအိမ် စုတ်စုတ်ပဲ ဖြစ်ဖြစ် ရှိတယ်။ မောင်လေးဘဝက တိုးတိုးနဲ့စာရင် ငြိမ်းချမ်းတယ်လို့ ဆိုနိုင်ပါတယ်။ တိုးတိုးအတွက် ကျွန်မ ဘာတွေများ လုပ်ပေးနိုင်မလဲ၊

'တိုးတိုး ကျောင်းနေဖူးလား'

'ခဏပဲ နေဖူးတယ်'

'ကကြီးခခွေးတော့ ရလား'

'မေ့သွားပြီ ခစ်ခစ်'

ရယ်စရာမဟုတ်တာကို ရယ်နေတဲ့ ကလေးမကို ကြည့်ပြီး ကျွန်မ စိတ်ညစ်သွားတယ်။

'တိုးတိုးကို အစ်မက တစ်ပတ်နှစ်ခါလောက် စာသင်ပေးမယ် သင်မလား၊ ဘုရားမှာဖြစ်ဖြစ် တို့ချိန်းကြရအောင်လေ'

ရန်ကုန်မြို့မှာ အေးအေးဆေးဆေး အန္တရာယ်ကင်းကင်း နားနေလို့ရတဲ့ ဘုရားစောင်းတန်းတွေ ဘုရားရင်ပြင်တွေ ရှိနေတာ



သိပ် ကောင်းတာပဲ။ တိုးတိုးကို အဆောင်ကိုခေါ်ဖို့က တာဝန်ကြီးလှပါတယ်။ တိုးတိုးကို မယုံကြည်လို့တော့ မဟုတ်ပါဘူး။ အုမ မတောင့်လို့ သီလ မစောင့်နိုင်ခဲ့တဲ့ ဒေါ်ခင်ဆင့်ရဲ့သမီးဆိုတော့ အဆောင်မှာ ပစ္စည်းတစ်ခုခုကို သူမယူဘူးလို့ ကျွန်မ အာမခံပေးဖို့ မရဲသေးဘူးလေ၊ သူ့ကို အကဲခတ်ကြည့်ရဦးမယ်။ စောင့်ကြည့်ရဦးမယ်မဟုတ်လား၊ တိုးတိုးက စာသင်ချင်တဲ့စိတ် မရှိဘူး။ ဈေးရောင်းချင်သတဲ့။ ဘာရောင်းချင်တာလဲ ဆိုတော့ ဟင်းရွက်တို့ အရုပ်တို့ ဘန်းခင်းပြီး ထိုင်ရောင်းချင်တာတဲ့။ ကျွန်မ ရယ်မိတယ်။ အေးလေ၊ တဖြည်းဖြည်းချင်းတော့ စာသင်ပေးလို့ရမှာပါ။

ကျွန်မနဲ့တိုးတိုး သံယောဇဉ်က ပိုပိုတွယ်တာလာခဲ့တယ်။ မြို့ထဲကနေ အလုပ်ကအပြန် သူ့အတွက် ကျွန်မ စားစရာမုန့် တစ်ခုမဟုတ်တစ်ခု ဝယ်လာဖြစ်တယ်။ ကျွန်မ ပြန်လာနေကျ အချိန်ကို တိုးတိုး သိနေတယ်။ ကျွန်မစီးလာနေကျ ၃၂ဘတ်စ်ကားကိုလည်း သူသိနေတယ်။ ညနေခြောက်နာရီနဲ့ ၇နာရီကြားမှာ အဲဒီ ဆင်မလိုက် အဝေးပြေးမှတ်တိုင်မှာ ရပ်သမျှ ၃၂ဘတ်စ်ကားတွေနား သူ ပြေးလာတာပဲ။ ကျွန်မက အမြဲတမ်း ထိုင်ခုံမရတဲ့သူမို့ ပြတင်းတစ်ခုနားမှာ ကားနံရံကို ကျောမှီပြီး ရပ်စီးရလေ့ရှိတယ်။ အဲဒီပြတင်းကနေ ခေါင်းထုတ်ပြီး သူ့ကို လက်ပြရင် သူ ကျွန်မ ရှိရာကို ခုန်ပေါက်ပြေးလာတော့တာပဲ။

'အစ်မ'

'ရော့ တိုးတိုး ညနေစာမုန့်'

အများအားဖြင့်တော့ ဆီတွေဘာတွေမပါတဲ့ လက်အပေနဲ့ ကိုင်စရာမလိုတဲ့ ငှက်ပျောသီးလို မုန့်ဖက်ထုပ်လို ပလတ်စတစ်နဲ့ ထုပ်ထားတဲ့ ပေါင်မုန့်လုံးလေးလို မုန့်က များပါတယ်။ တိုးတိုးက ကျွန်မအတွက်သီးသန့် သူရှာထားတဲ့ စပယ်ပန်းကုံးလေးတွေကို ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်။ ကျွန်မနဲ့ခင်မင်ရင်းနှီးလာလို့ ကျွန်မ ပန်းမပန်တတ်မှန်းသိတော့ အစ်မဘုရားစင်မှာ တင်ဖို့ တဲ့။

ကျွန်မရဲ့ဘုရားစင်မှာ ဆင်းတုတော်မရှိပါဘူး။ ဘုရားပုံကားချပ်ပဲ ချိတ်ထားနိုင်တာပါ။ ဒါပေမဲ့ ဆွမ်းတော်တင်တဲ့ ပန်းကန်ပြားသေးသေး၊ ရေချမ်းကပ်တဲ့ ဖန်ခွက်သေးသေးနဲ့မို့ ကျွန်မ ဘုရားစင်လေးက ကြည်နူးစရာ ကိုးကွယ်စရာတစ်ခုပါ။ အဲဒါကတော့ မမမြတ်အိမ်နဲ့ဆရာဝန်ကြီးအိမ်မှာ ကျွန်မ ကူညီ လုပ်ပေးရာကနေ အတုယူဖြစ်သွားတဲ့ ကောင်းတဲ့အကျင့်တစ်ခုပေါ့။ တိုးတိုးနဲ့မတွေ့ခင်ကတော့ ကျွန်မရဲ့ဘုရားစင်မှာ အမြဲတင်လေ့ရှိတာက ဇော်စိမ်းပန်းပါပဲ။ တစ်ခါတစ်ခါ သပြေပန်းခက်ပေါ့။ ကြာကြာခံတဲ့ ပန်းဖြစ်ဖို့လည်း လိုသေးတာကိုး။ ဘုရားပန်းတွေက ဈေးကြီးလွန်းပြီး ကြာကြာလည်း မခံဘူး။ ကျွန်မအလုပ်လုပ်တဲ့ ဓာတ်ပုံကူးဆိုင်က တစ်လကို သုံးသောင်းပဲ ပေးတာ။ ကျွန်မအဆောင်လခက တစ်လ တစ်သောင်းကျတယ်၊ ကျန်တဲ့နှစ်သောင်းနဲ့ ခြိုးခြံချွေတာ စားရတာ ဘုရားပန်းဖိုး လေးငါးရာကို တစ်ရက်ခြားနှစ်ရက်ခြား တင်ရရင် ကျွန်မအတွက် မကိုက်ဘူးလေ။ ဒါကြောင့် တစ်ပတ် နှစ်ပတ်ထားလည်း လန်းဆန်းပြီး လှနေတဲ့ ပန်းအမျိုးအစားတွေကိုပဲ တင်ခဲ့ရတာ၊ အခုတော့ တိုးတိုးကျေးဇူးကြောင့် ဇော်စိမ်းပန်းခက်လေးတွေအပေါ်မှာ ဖြူဖွေးပြီး မွေးပျံ့တဲ့ စပယ်ကုံးလေးတွေကို တွဲလွဲချိတ်လို့ လှလို့ မွှေးလို့လေ။

'မနက်ဖြန် အစ်မ အလုပ်မဆင်းရဘူးနော် မျှော်မနေနဲ့'

ကျွန်မ နားတဲ့ရက်ဆိုရင် သူ့ကို ကြိုပြောထားရတယ်။ မျှော်နေမှာစိုးလို့လေ၊ တိုးတိုးမှာ အုပ်စုတစ်စု သပ်သပ်ရှိတယ်။ သူ့လိုပဲ ကားတွေဆီ စပါးတွဲတို့ ပန်းကုံးတို့ ကွမ်းယာတို့ လိုက်ရောင်းတဲ့ ဆယ်ကျော်သက်အုပ်စုလေးတွေပေါ့။ သူတို့မှာတော့ နားရက်ဆိုတာ မရှိဘူး။ စောစောသိမ်းတဲ့ရက်တွေတော့ ရှိတယ်၊ စောစောကုန်ရင်



စောစောသိမ်းတာပေါ့။

ရန်ကုန်မှာ ပြေးလွှားရှန်းကန်နေရတဲ့ဘဝဟာ ကျပ်တည်းပေမဲ့ စာအုပ်တွေနဲ့နီးတာမို့ ကျွန်မ ဖြေသာပါတယ်၊ အကျေနပ်ရဆုံးကတော့ ကျွန်မကို ဘယ်သူမှ သတိမထားမိတဲ့ အရပ်မို့ပါပဲ၊ ကျွန်မရဲ့အတိတ်ကိုလည်း ဘယ်သူမှမသိ။ စိတ်လည်း မဝင်စား။ အဲဒါကောင်းပါတယ်၊ ကျွန်မ ချွေတာသုံးစွဲရင်း ခြစ်ခြုတ် ပိုက်ဆံစုတာ၊ အဝတ်အစားဝယ်ဖို့ဆိုတာတော့ ခေါင်းထဲ တစ်ခါမှ ရောက်မလာဖူးပါဘူး၊ ဝယ်မိသမျှက စာအုပ်အဟောင်းလေးတွေ၊ မဂ္ဂဇင်းအဟောင်းလေးတွေ။ အဟောင်းဆိုပေမဲ့ ကိုယ်မဖတ်ရသေးရင် အသစ်ပါပဲ၊ တစ်ခါတစ်ခါမှာတော့ အရဲစွန့်ပြီး အင်တာနက်ဆိုင်ကို သွားမိတယ်။ တစ်နာရီ ၆၀၀ ဆိုတဲ့ဆိုင်ကို မသွားဘဲ နည်းနည်းဝေးတဲ့ တစ်နာရီ ၄၀၀ ဆိုတဲ့ ဆိုင်ကို သွားပါတယ်။ တစ်ခါသုံးရင် နာရီဝက်လောက်မှန်းပြီးသုံးတာ၊ တစ်နာရီသုံးဖို့ ကျွန်မငွေက မပိုလျှံဘူးလေ၊ စလင်းတုန်းကတော့ အင်တာနက်သုံးရင် ကျွန်မ သိချင်တဲ့ ပညာသင်ဆုတွေအကြောင်း အလုပ်ခေါ်စာတွေအကြောင်း လိုက်ရှာဖြစ်တယ်၊ အခုတော့ ကျွန်မ အီးမေးလ်ပဲ သုံးတာပါပဲ။ ကျွန်မ တစ်ပတ်ကိုတစ်ခါလောက် အီးမေးလ်ဖွင့်ပြီး ဖွင့်တိုင်းလည်း စာတစ်စောင်ပဲ အမြဲနေမိပါတယ်၊ ကိုကြီးဆီကိုပါ။

ကျွန်မပို့တဲ့စာတွေ ကိုကြီးဆီ မရောက်ဘူးလား၊ ရောက်ရဲ့သားနဲ့ တမင် အဆက်အသွယ်ဖြတ်ထားတာလား၊ ကိုကြီးပ သိမှာပေါ့။ ကျွန်မ ရန်ကုန်ကို ခိုးကြောင်ခိုးဝှက်ရောက်နေတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောတာမို့ ကိုကြီးလည်း မသိစေချင်ပါဘူး၊ ကိုကြီးကျွန်မကို စိတ်ဆိုးနေသလား၊ ခွင့်လွှတ်နိုင်ပြီလား၊ နေကောင်းလား။ အလုပ်တွေ ကိုယ်ရေးကိုယ်တာတွေ အဆင်ပြေပါရဲ့လား၊ ဒါတွေပဲမေးမိတယ်၊ ကျွန်မကို တစ်ခါမှ ကိုကြီး စာမပြန်ခဲ့ဘူး၊ ကျွန်မကတော့ ကိုကြီးပေးထားဖူးတဲ့ အရှင်လိပ်စာအတိုင်း ဌွဲကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စာထည့်လျက်ပါပဲ။

အခုတော့ ကျွန်မမှာ ဝတ္ထုရားတစ်ခုပိုလာပြီ။ အဲဒါကတော့ ညနေချိန်တိုင်း တိုးတိုးကို မုန့်ကျွေးတဲ့ ဝတ္တရားပါ။ စလင်းကနေထွက်လာပြီးတဲ့နောက်မှာ ဘယ်သူနဲ့မှ စကားမပြော ဘာအသိမိတ်ဆွေမှ မရခဲ့ဘဲ အထီးကျန်နေလာခဲ့တာ လတွေကြာခဲ့တော့ အခုလို တိုးတိုးကို ကောက်ရလိုက်တာဟာ အေးစက်စိမ်းကားမှုတွေနဲ့ တင်းမာနေတဲ့ကျွန်မအတွက် နွေးထွေးတဲ့နှလုံးသားတစ်ခု အသစ်ပြန်ရလာသလိုပါပဲ။

တချို့ညဦးပိုင်းတွေမှာ ကျွန်မတို့နှစ်ယောက် သကျမုနိဘုရားကြီးရဲ့ ပြောင်လက်နေတဲ့ရင်ပြင်တော်ပေါ်မှာ စာအုပ်နဲ့ ဘောလ်ပွိုင့်ပင်နဲ့ အပြတ် စာသင်စာရေးလုပ်ကြပါတယ်။ တိုးတိုးရဲ့ အချစ်ဆုံး အတူနေ မောင်လေး ဝတုတ်လည်း ပါပါလာတတ်တယ်။ ဝတုတ်က ငါးနှစ်၊ ခြောက်နှစ်သားလောက်ရှိပြီ။ တိုးတိုးကို တအားကပ်တာပဲ။ အစ်မအရင်းလိုပဲ။ အစ်မအရင်းမဟုတ်မှန်း ဒီအရွယ်မှာ သိရောပေါ့။ ဆင်းရဲနွမ်းပါးသူတွေမှာလည်း သံယောဇဉ်ဆိုတာ ရှိတတ်တာပါပဲ ဆိုတဲ့ စကားကို ကျွန်မ တစ်ယောက်ယောက်ကို တိုင်တည်ပြီး ပြောလိုက်ချင်ပါတယ်။

ရွာကို မပြန်နိုင်တဲ့အတွက် ကျွန်မ တာဝန်မကျေသလို လိပ်ပြာမသန့်သလို ခံစားရတာကြောင့် အဲဒီစိတ်တွေ သက်သာရာရအောင်များလားမသိဘူး၊ တိုးတိုးတို့လို ကလေးတွေကို စာသင်ပေးဖို့ ကျွန်မ ခက်ခက်ခဲခဲ ကြိုးစားမိတယ်။ တိုးတိုးအတွက် ဝတ်စုံလေးတွေ ဝယ်ပေးဖို့ တိုးတိုးအတွက် ကျောင်းစာအုပ်လေးတွေ ဝယ်ပေးဖို့ တိုးတိုးကို စာတွေဖတ်ချင်စိတ်ပေါ်အောင် လုပ်ပေးဖို့ ဒီး ကျွန်မမှာ အသစ်ပေါ်လာတဲ့ ရည်မှန်းချက်တွေနဲ့မို့ မောပန်းစိတ်ဟာ ခဏတော့ သက်သာနေရပါတယ်။ လူတစ်ယောက် နေ့စဉ် အဓိပ္ပါယ်ရှိရှိ အသက်ရှင်ဖို့ တွန်းအားတစ်ခု လိုတယ်၊ အဲဒီတွန်းအားဟာ အခုချိန်



မှာတော့ တိုးတိုးပါပဲ။ တိုးတိုး ပြည့်ပြည့်ဖြိုးဖြိုးလေး ဖြစ်လာတာကို ကျွန်မတွေ့နေရတော့ ပျော်တယ်။ တိုးတိုးနဲ့အတူ တစ်ဆောင်တည်း ငှားနေနိုင်ဖို့ ပိုက်ဆံလေးတွေ ပိုပိုစုနိုင်တဲ့အခါ ကျွန်မ ပျော်တယ်။

ဒါပေမဲ့ ကျွန်မရဲ့ ကြည်နူးပျော်ရွှင်မှုတွေက တာရှည်မခံဘူး။

မထင်မှတ်ဘဲနဲ့ ကျွန်မ အလုပ်ထွက်ရဖို့ကြုံလာတယ်၊

စာတွေသိပ်ဖတ်လွန်းရင် မကောင်းဘူးလို့ အဖေနဲ့မိထွေးပြောပြောနေတဲ့စကား မှန်နေပြီကော၊ ကျွန်မက စာတွေဖတ်မိတော့ အလုပ်သမတစ်ယောက် သိသင့်တာထက်ပိုသိနေတော့တယ်။ အဲဒီအခါမှာ ကျွန်မရဲ့ မဟုတ်မခံစိတ်က ကျွန်မကို ဒုက္ခပေးလာပါတယ်၊

ကျွန်မတို့ရဲ့အလုပ်ရှင်ယောကျ်ားကြီးက အာဏာပါဝါ အလွန်ပြတယ်၊ အလုပ်သမားလေးတွေ အလုပ်သမလေးတွေ သူ့ရှေ့ဆို ဟျာယာခတ်အောင် လုပ်ကြရတယ်၊ ပုံကူးတဲ့ကိစ္စက ယောကျ်ားလေးတွေလုပ်ရပြီး ဘောက်ချာဖြတ်တဲ့ကိစ္စက ကျွန်မတို့ မိန်းကလေးတွေ လုပ်ရပေမဲ့ တစ်ခါတစ်ခါ လူစားဝင်ရတာတွေရှိတယ်၊ ကိုယ့်အလုပ်မဟုတ်တဲ့အခါ မကျွမ်းကျင်လို့ ကြာတာတို့ မှားတာတို့ဖြစ်ခဲ့ရင် ပုံကူးလာတဲ့အလုပ်အပ်သူတွေ အများကြီးရှေ့မှာ ဆဲဆိုကြိမ်းမောင်းတာ ခံရပါတယ်၊ နောက်ဝင်လာတဲ့ ကောင်လေးတစ်ယောက်ဆို ဘောက်ချာမှားဖြတ်လို့ ခဏခဏ ဆဲခံရတာ၊ ကျွန်မမှာ ကြားထဲကနေ မျက်နှာကို ပူလို့၊ လခထဲကလည်း ဖြတ်သေးတယ်၊ ဆဲလည်း ဆဲသေးတယ်၊ လူရှေ့သူရှေ့မှာ နှိမ်သေးတယ်၊ ကျွန်မ သူ့ကို ဘယ်လိုမှ ကိုယ့်အလုပ်ရှင်ရယ်လို့ လေးစားလို့မရဘူး။ တစ်နေ့မှာတော့ ကျွန်မနဲ့ ထိပ်တိုက်တွေ့တော့တာပါပဲ။

ကျွန်မကို သူပဲ အပေါ်ထပ်အထပ်ခိုးမှာ စာတ်ပုံရိုက်ပေးဖို့ လွှတ်တယ်၊ ကျွန်မ ကိုင်လက်စ ဘောက်ချာစာအုပ်ကို အသစ်ကောင်လေးနဲ့ ထားခဲ့တဲ့။ အရေးကြီးတဲ့ ပတ်စ်ပို့ပုံကို အမှု သွားရိုက်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တဲ့။ ပတ်စ်ပို့လာရိုက်တဲ့မိန်းမက ရွှေလက်ကောက်တွေများ တစ်ဆယ်သားလောက်ရှိမလား မသိဘူး ဝတ်ထားတာ။ ကားသော့ကြီး တကိုင်ကိုင်နဲ့။ မိန်းကလေးပဲ ရိုက်ပေးပါလို့ တောင်းဆိုတယ်။ သူက အဲဒီဖောက်သည်မျိုးကျတော့ ပျာနေအောင် မျက်နှာလုပ်ပြတာ။

ကျွန်မ သွားရိုက်ပေးရတယ်။ ဒီဓာတ်ပုံဆိုင်မှာ အဆင်ပြေပြေ ဓာတ်ပုံရိုက်ပေးနိုင်တဲ့ မိန်းကလေးဆိုလို့ ကျွန်မတစ်ယောက်တည်းရှိတာပါ။ ကိုယ့်ကိုယ်ကို ဂုဏ်ဖော်ပြောတာမဟုတ်ပါဘူး။ ဒါဟာ စပ်စုစိတ်နဲ့ ဦးနှောက်ရဲ့ မှတ်သားနိုင်စွမ်းရည်နဲ့ပဲ ဆိုင်တာ။ ကျွန်မ ဓာတ်ပုံရိုက်ပေးပြီး ပြန်ဆင်းလာတော့ ငါးမိနစ်ပဲ ကြာတယ်။ အဲဒီငါးမိနစ်အတွင်းမှာ သူ ကျွန်မကို ခိုင်းထားတဲ့ ကိစ္စကို ချက်ချင်းမေ့သွားရသလား။

ကျွန်မ ကောင်တာကို ပြန်ရောက်လာတော့ ရှေ့မှာက ဓာတ်ပုံရွေးမဲ့လူတွေ ဝိုင်းပြုံတိုးနေတာ။ ကျွန်မလည်း ရှင်းတော့ ရှင်းပေးတာပဲ ဒါပေမဲ့ ဒီလောက် လူတွေအများကြီး မြန်မြန်တော့ ဘယ်ရှင်းပေးနိုင်ပါ့မလဲ။ အဲဒါ ကျွန်မကို တာဝန်ချိန်မှာ ဘယ်သွားနေလို့ ဒီလောက် လူတွေပုံနေတာတုန်း လို့ အသားလွတ်ဟောက်တယ်။ သူက အလုပ်ရှင်၊ ကျွန်မ သူ့လခနဲ့ ထမင်းစားနေရတာမို့ သည်းညည်းခံရမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ကျွန်မ မမှားဘူးဆိုတာတော့ ပြောရမယ်မဟုတ်လား။

'ကျွန်မကို ဓာတ်ပုံသွားရိုက်ပေးပါဆိုလို့ အထပ်ခိုးတက်ပြီး ဓာတ်ပုံရိုက်နေရတာလေ။ ဘယ်မှ သွားနေတာမဟုတ်ဘူး'

ကျွန်မ အဲဒီလို သူ့ပြန်ပြောလိုက်တာကို သူက ဒေါသတကြီး ဖြစ်သွားတယ်။

'တယ် ဒီကောင်မ ငါ့ကို ပြန်ပြောရဲသလား'



ကျွန်မကို ဆဲလိုက်တာ ယောကျ်ားတွေရှေ့မှာ။ ကျွန်မ ပါးတွေနားတွေ ပူထူသွားတယ်။ သူတို့ ဘယ်လို ထင်သွားမလဲ။

ကျွန်မတို့ တောသားတောသူတွေပါ၊ ဆင်းရဲပါတယ်။ ဒါပေမဲ့ ကျွန်မအဖေနဲ့ ကျွန်မအမေ တစ်ခါမှ မဆဲဖူးဘူး၊ ကျွန်မလည်း ဘယ်လိုမှ မဆဲဖူးပါဘူး၊ အခုလိုလည်း တစ်ခါမှ အဆဲမခံရဖူးပါ ဘူး၊ ကျွန်မ မခံနိုင်ဘူးလေ။

'ကျွန်မကို မဆဲနဲ့'

'ဆဲတော့ ဘာလုပ်ချင်လဲ သောက်ကောင်မ လူဝါးဝလို့ နင် အခု အလုပ်ပြုတ်သွားချင်လား ပါးစပ်ပိတ်ထား'

အဲဒီအချိန်မှာ ကျွန်မရဲ့ မာနကို သူပုတ်ခတ်လိုက်ပါပြီ။ ကျွန်မကိုင်ထားတဲ့ ဘောက်ချာစာအုပ်ကို သူ့ရှေ့ မှန်ကောင်တာပေါ် ခြမ်းခနဲနေအောင် ပစ်တင်လိုက်တယ်။ ကျွန်မ ဘာကောင်မလဲဆိုတာ သူမသိဘူး၊ ဒါပေမဲ့ သူဘာကောင်လဲဆိုတာတော့ ကျွန်မသိလိုက်ပြီလေ၊ သူလိုလူမျိုးရဲ့လက်အောက်မှာ ကျွန်မ အလုပ်ဆက်လုပ်ရင် ကိုယ့်ကိုယ်ကို စော်ကားနေတာနဲ့ အတူတူပဲ၊ ကျွန်မကို ပညာသင်ပေးထားတဲ့ ကိုကြီးကိုပါ စော်ကားခံနေရသလိုပဲ၊ ဒီအလုပ်ဟာ ကျွန်မအတွက် လှေခါးတစ်ဆင့်ကူးဖို့ ကြားခံတစ်ခုပါ၊ လွမ်းလောက်စရာမရှိပါဘူး။

တကယ်တော့ အဲဒီနေ့က လကုန်ခါနီး လေးငါးရက် အလိုပါ။ ကျွန်မ သည်းညည်းခံပြီးမျက်နှာအောက်ချနေလိုက်ရင် လေးငါးရက်ဆို လခထုတ်ရတော့မှာ။ သုံးသောင်း ဆိုတဲ့ ပိုက်ဆံဟာ မနည်းဘူး၊ ဒါပေမဲ့ ကျွန်မ နှလုံးသားထဲမှာ ခါးသက်ပူလောင်သွားစေတဲ့ မာနက သူ့မျက်နှာကိုစေ့စေ့ကြည့်ပြီး ပြောရဲတဲ့သတ္တိပေးလိုက်တယ်။

'အလုပ်သမားတစ်ယောက်ကို ဆဲရေးတိုင်းထွာတာဟာ အလုပ်သမားအခွင့်အရေးကို ထိခိုက်စော်ကားတာ၊ သက်ဆိုင်ရာသွားတိုင်ပစ်လိုက်ရင် ဒီဆိုင်တောင် အပိတ်ခံရသွားမယ် သိရဲ့လား၊

www.burmeseclassic.com

www.burmeseclassic.com



လူလူချင်း ဒါမျိုး လာမစော်ကားနဲ့'

သူ့ရဲ့ ဆဲရေးမှုကို အမြင့်ခံနေရတဲ့ အလုပ်သမားတွေ အလုပ်သမတွေက ကျွန်မကို ငေးကြည့်နေတယ်၊ ကျွန်မအတွက် စိုးရိမ် ပူပန်နေကြသလိုပဲ၊ သူကတော့ ဒေါသတွေချောင်းချောင်း ထွက်လို့ ကျွန်မကို ခုချက်ချင်း လက်ပြန်ရိုက်ထည့်တော့မဲ့ ဟန်မျိုးနဲ့၊ ဘာရမလဲ၊ ဘဝမှာ ပြန်ပြင်လို့မရအောင် မှားခဲ့ပြီးသားအေးငြိမ်းမေ၊ လက်သံပြောင်ပြောင်နဲ့တွယ်ထည့်လိုက်မယ်။ မယုံရင် ရှေ့တိုးလာခဲ့၊ ကျွန်မ မုန်ကောင်တာပေါ်က စာရွက်ဖိတဲ့ ဖန်တုံးကို ကျစ်ကျစ်ပါ အောင်ဆုပ်ကိုင်ပြီး သူ့ကို ရွယ်လိုက်တယ်။ တောမှာ ဒိုးလိုမှ် ဂေါ်လီ ရိုက်လာတာ၊ သူ့ နဖူးတည့်တည့်ကို ဟက်တက်ကွဲသွားအောင် ကျွန်မ ပစ်ပေါက်နိုင်တယ်။ စမ်းကြည့်လိုက်လေ၊

အဲဒီနေ့ရဲ့ ရလဒ်ကတော့ လခတစ်ပြားမှ မရဘဲ ဆိုင်ထဲက နေ နှင်ထုတ်တာခံရပြီး အလုပ်ထွက်လာခဲ့ရတာပါပဲ၊ ဒါပေမဲ့ ကျွန်မ ဆိုင်ရှေ့မှာရပ်ပြီး အော်ပြောခဲ့သေးတယ်။

'ကျွန်မ ရစရာရှိတဲ့ပိုက်ဆံက မများပါဘူး၊ ဒါပေမဲ့ သက် ဆိုင်ရာနဲ့တိုင်ပြီး လျော်ကြေးတောင်းယူမယ်၊ တရားဆိုင်ဖို့ ပြင်ထား ပေတော့'

ဟင်း မမမြတ်ရဲ့ တပည့်၊ ဆရာဝန်ကြီးရဲ့တပည့်ပဲလေ၊

ကျွန်မ ဘတ်စ်ကားဂိတ်ကို ခြေဆောင့်နင်းပြီး ထွက်လာ ရင်း တကယ်ကို ဒေါသနဲ့ ပူရှိန်းနေခဲ့တယ်။ ကျွန်မ ဘတ်စ်ကားပေါ် ရောက်တဲ့ထိ တန့်နန့်ဖြစ်နေတုန်း၊ ဒေါသကြောင့် ဆင်မလိုက်မှာ တိုးတိုးကို သတိမရမိဘူး၊ ဒါကြောင့် ပြတင်းမှာ ခေါင်းမပြူဖြစ် လက် မပြဖြစ်၊ တိုးတိုးကို မရှာဖြစ်ဘူး၊ သူ့အတွက် မုန့်လည်း မဝယ်ဖြစ်၊

အဆောင်ထဲဝင်လိုက်တော့မှ ဒေါသက ပြေသွားတယ်၊

ကျွန်မ ကိုယ့်အဖြစ်ကိုယ် သဘောကျပြီးပြုံးမိသွားပါတယ်၊



အခန်းပြန်ရောက်တော့ မောမောပန်းပန်းနဲ့ နောင်ရေး အ တွက် စိတ်ပူသွားလို့ ပိုက်ဆံထည့်တဲ့ ထင်းရှူးသေတ္တာလေးကို ကဗျာ ကယာဖွင့်လိုက်တယ်၊ နေဦး စုထားတဲ့ ပိုက်ဆံ၊ အခုဆိုရင် ခုနစ် သောင်းလောက်တော့ ရှိလောက်ပြီ၊ ခါတိုင်းဆို ကျွန်မ အခန်းဖော် မရှိတဲ့အချိန် တိတ်တိတ်လေးပိုက်ဆံရေတတ်တာ၊ အခုတော့ စိုးရိမ် စိတ်ပူမှုတွေနဲ့ သေတ္တာကိုဖွင့် အဖုံးနဲ့ပဲ ပြန်ကွယ်ပြီး ရေလိုက်တယ်၊ မမနုလည်း မောမောပန်းပန်းနဲ့ အိပ်ပျော်နေပြီကိုး၊ ရေကြည့် လိုက် တော့ ခုနစ်သောင်း ခြောက်ရာ လေးဆယ့်ရှစ်ကျပ်၊

ဒါဆို နောက်လမှာ ကျွန်မဆီကို တိုးတိုးကို ခေါ်နိုင် လောက် ပြီ၊ အဲဒီတော့မှ တိုးတိုးကို ကျွန်မ ဒီနေ့ မကြည့်ခဲ့မိဘူးလို့ သတိရသွားတယ်၊ အေးလေ၊ နောက်နေ့ပေါ့၊

ကျွန်မ အလုပ်တစ်ခုခု ထပ်ရှာမှ ရမယ်၊ အလုပ်ခေါ်စာ တွေကို ရှာကြည့်ဖို့ ဂျာနယ်တွေ ထွက်ရှာရပါတယ်၊

နောက်နှစ်ရက်တိတိ ကျွန်မ ဘယ်မှမထွက်ဘဲ ဂျာနယ်ထဲ က အလုပ်ခေါ်စာတွေကိုချည်း ဖတ်လိုက် မှတ်လိုက် ခဲတံနဲ့ဝိုင်းလိုက် စဉ်းစားလိုက် လုပ်နေမိတယ်၊ နောက်တော့ ကျွန်မ အလုပ်နှစ်ခုကို လျှောက်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒီတစ်ခါတော့ လက်ထဲမှာ ပိုက်ဆံ နည်းနည်းစုမိပြီမို့ ပညာနဲ့လုပ်ရမဲ့ တည်တည်တံ့တံ့အလုပ် လေး လျှောက်မယ်။

တစ်ခုက အလုပ်ရှာတဲ့ အေးဂျင့်ကုမ္ပဏီတစ်ခုမှာ သတင်း ပြန်ကြားရေးဌာန စာရေးတဲ့၊ အင်္ဂလိပ်ဘာသာအရေးအဖတ် အပြော ကျွမ်းကျင်သူကို ဦးစားပေးမည်တဲ့၊ ကျွန်မ အရေးနဲ့ အဖတ်တွဲ မကြောက်ပေမဲ့ အပြောကျတော့ တစ်ခါမှ ဟုတ်တိပတ်တိမပြောဖူး တာမို့ နိုင်ပ့ါမလားမသိဘူး။ ဒါပေမဲ့ လျှောက်ကြည့်မယ်လေ၊ နောက် တစ်ခုကတော့ ဂျာနယ်တစ်ခုမှာ အလုပ်သင်သတင်းထောက်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တစ်ခါမှ စိတ်ကူးတောင် ယဥ်မကြည့်ဖူးတဲ့အလုပ်၊ လစာ သုံးသောင်းဆိုလို့ လုပ်ကြည့်ချင်တာ။

အလုပ်နှစ်ခုအတွက် လျှောက်လွှာတွေကို တစ်ရက်တည်း တင်လိုက်ပြီးတဲ့နောက် ခါတိုင်း အလုပ်က ပြန်နေကျအချိန်မှာ အမှတ် ၃၂ ဘတ်စ်ကားကို စီးပြီး ပြန်ခဲ့ပါတယ်၊ တိုးတိုးအတွက် မှတ်မှတ်ရရ မုန့်ဝယ်မယ်လို့ ကြည့်လိုက်တော့ ဘားလမ်းထိပ်မှာ မုန့်လုံးတွေ တွေ့တာနဲ့ ဝယ်လိုက်တယ်၊ ကျွန်မတို့က စလင်းသူတွေမို့လား မသိဘူး။ မုန့်လုံးရေပေါ်တို့ မုန့်ပေါင်းတို့ မုန့်ပျားသလက်တို့ ကြိုက်တာမှာ တူတယ်။

မုန့်လုံးထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်လေးကို တန်းလန်းဆွဲပြီး ကားပြတင်းဘက်မှာ ရပ်လိုက်လာခဲ့တာ။ ဆင်မလိုက်ကို ရောက်တော့ ပြတင်းကနေ ခေါင်းပြူပြီး ငုံ့ကြည့်လိုက်တယ်။ စပါးတွဲဘန်းလေးကိုကိုင်ထားတဲ့ ကလေးမလေးနှစ်ယောက်ကို မြင်ရတယ်၊ ဒါပေမဲ့ တိုးတိုးကို မမြင်ရဘူး၊ တိုးတိုး ဘယ်နေရာရောက်နေပါလိမ့်၊ ကားကလည်း ဒီမှာ အကြာကြီးရပ်တာမို့ ကျွန်မ ဟိုဟိုသည်သည် လှည့်ပတ်ရှာဖွေ ကြည့်မိတယ်။ မတွေ့ဘူး၊ ဒါနဲ့ပဲ တိုးတိုးအဖော် ကောင်မလေးကို လှမ်းခေါ်လိုက်တယ်၊

ကောင်မလေး ပြေးလာတယ်၊ သူ့လက်ထဲကို မုန့်လုံးထုပ်လေး ထည့်ပေးလိုက်တယ်။

'တိုးတိုးရော တိုးတိုးကို ပေးလိုက်နော်၊ သူ'ဘယ်မှာလဲ'

ကောင်မလေးက အူကြောင်ကြောင်နဲ့ ခေါင်းညိတ်ပြီးတော့မှ ခေါင်းယမ်းတယ်၊

'တိုးတိုး နေမကောင်းဘူး'

'ဟင် ဘာဖြစ်လို့လဲ'

'မသိဘူး'



အဲဒီနောက် ကားက ရုတ်တရက်ဆောင့်ထွက်လိုက်တယ်၊ ကျွန်မနဲ့သူနဲ့ စကားမပြတ်သေးဘဲ ဝေးလာခဲ့ရတာပေါ့။ ကျွန်မ မုန့်လုံးပေးလိုက်မိတာတောင် နောင်တရတယ်။ မုန့်လုံးဆိုတာ ကောက်ညှင်းနဲ့လုပ်ထားတာ။ ဖျားနေတဲ့လူ စားလို့မဖြစ်ဘူး၊ တစ်ခါတုန်းက လူတစ်ယောက် တိုက်ဖွိုက်ဖြစ်တာကို မုန့်လုံးသွားစားမိလို့တဲ့ ဆရာဝန်ကြီးဆီ ရောက်လာတာ ချက်ချင်းဆေးရုံတင်လိုက်ရပါ့ရော၊

ကျွန်မ ညမှာ အိပ်လို့မပျော်ဘူး။ တိုးတိုးအတွက်စိတ်ပူတာချည်း မကပါဘူး၊ ကျွန်မ နောင်ရေးအတွက်လည်း စိတ်ပူတယ်၊ ကျွန်မ ဘာတွေ ဆက်ဖြစ်မှာလဲ၊ ဒီအတိုင်း ရန်ကုန်မှာ ဇာတ်မြုပ်နေလို့ ဖြစ်ပါ့မလား၊ ကျွန်မ ဘုရားသွားဖူးချင်တဲ့စိတ်ပေါ်လာတယ်၊ ညဆယ့်တစ်နာရီဆိုတော့ မိန်းကလေးတစ်ယောက် ဘုရားသွားဖူးဖို့ အချိန်မဟုတ်တော့ဘူးလေ။

မမမြတ်နဲ့ ညနေခင်းတချို့မှာ ရတနာမဥ္ဇူဘုရားကို သွားဖူးကြတာကို ပြန်မြင်ယောင်လာမိတယ်။ ဘုရားမှာ ထိုင်ဖို့ ဖျာသေးသေးလေးတွေရှိတယ်မဟုတ်လား၊ မမမြတ် ထိုင်ရှိခိုးဖို့ ဖျာအထပ်တွေထဲက ခပ်သန့်သန့် ဖျာလေးတစ်ချပ်ကို ကျွန်မ အမြဲရွေးယူပြီး ချခင်း ပေးနေကျပါ။

အေး အေး သာဓု သာဓု တဲ့။

မမမြတ်အကြောင်း တွေးမိတော့လည်း အတွေးကို ကြာကြာ မထိန်းထားရဲဘူး။ ချက်ချင်းပဲ ခေါင်းခါယမ်းပြီး ထ ထိုင်လိုက်မိတယ်၊ မနက်ကျမှပဲ ဘုရားသွားဖူးပါတော့မယ်။ လမ်းပျောက်နေတဲ့ မိန်းကလေးတစ်ယောက်ဟာ သူ့ဘဝသူ ရပ်တည်ဖို့အတွက် ခွန်အားတွေကို ဘုရားတရားအရိပ်ကနေပဲ ပြန်ဆောက်တည်လို့ ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ဘုရားကို သွားတဲ့အခါ တိုးတိုးတို့ အုပ်စုနဲ့ စာသင်နေကျနေရာကို မြင်မိတော့ တိုးတိုးအတွက် စိတ်မကောင်းဖြစ်မိတယ်။ ဘယ်လိုနေရာမှာ နေနေရတာလဲ၊ ဘယ်လို နေမကောင်းဖြစ်တာလဲ။ ရိုးရိုးဖျားတာလား။ တိုးတိုးတို့လို ကလေးမ တွေအတွက် ဖျားနာခြင်း ရောက်လာနိုင်တယ်လို့ ကျွန်မဘာဖြစ်လို့ အစက မတွေးခဲ့မိတာလဲ၊ တိုးတိုးနဲ့ နေမကောင်းဘူးဆိုတာနဲ့ အဆက်အစပ်မရှိ မဆိုင်သလိုပဲ။

ညနေရောက်တော့ ကျွန်မ မနေနိုင်တော့ဘူး၊ ဆင်မလိုက် မှတ်တိုင်ရှိရာကို လမ်းလျှောက်သွားမိပါတယ်။ ဟိုနေ့ကလိုပဲ။ တိုးတိုး မရှိဘူး။ သူ့အဖော်တွေတော့ ကားတွေရပ်လာတိုင်း ပြေးသွား ရောင်းနေတာကို မြင်ရတယ်။ ကျွန်မကို မြင်တော့ သူတို့အားလုံး ကျွန်မဆီ ပြေးလာကြတယ်။

တိုးတိုး နေမကောင်းဘူး၊ အိပ်ရာက မထနိုင်ဘူး၊ ခြေ ထောက်က ယောင်ကိုင်းနေတယ်၊ အဖျားတွေလည်း ကြီးနေတယ်၊ သုံးလေးရက်ရှိပြီ။ တစ်ယောက်တစ်ပေါက် ကျွန်မကို တိုင်တည်ကြ တယ်၊ သူတို့မှာ အားကိုးစရာဆိုလို့ ကျွန်မပဲ ရှိတာကျနေတာပဲ။ ကျွန်မ တိုးတိုးနေတဲ့အိမ်ကို တစ်ခါမှ မရောက်ဖူးဘူး။ ကျွန်မကို သူတို့က ခေါ်သွားပါတယ်၊

တော်တော်ဝေးဝေး ချောင်ကျတဲ့ လမ်းကျဉ်းလေးတစ်ခုထဲ ကို ဝင်ရတယ်။ ခွေးတွေက ဟိုက ပြေးထွက်လာ ဒီက ပြေးထွက်လာ နဲ့၊ ကလေးတွေကိုတွေ့တော့ ခွေးတွေ ဟောင်လိုက်တာ၊ ကလေးမ တွေက ခွေးတွေကို တွေ့ရာတစ်ခုခုနဲ့ကောက်ပေါက်ကြတယ်၊ ခွေး တွေက ပိုဟောင်တာပေါ့၊ ကျွန်မ သတိထားမိတယ်။ လမ်းပေါ်က ခွေးတွေရော အိမ်ဝိုင်းထဲကခွေးတွေရော လမ်းပေါ်မှာ ပလတ်စတစ် ကောက်တဲ့လူတို့ အမှိုက်သိမ်းပေးတဲ့လူတို့မြင်ရင် အလွန် ဟောင် ချင်တာပဲ။



'လာ လာ အစ်မ ဒီခွေးတွေက ဒီလိုပဲ'

ကျွန်မကို ပိန်ပိန်ပုပုကောင်မလေးက ရှေ့ဆောင်ခေါ်သွား တဲ့နေရာက ကျွန်မ တစ်ခါမှ စိတ်ကူးတောင် မကြည့်ဖူးတဲ့နေရာ တစ်ခု ဖြစ်နေတယ်၊ အို တိုးတိုးက ဒီမှာ နေရတာလား၊ တိုးတိုးရယ် ရွာမှာပဲ ဆွေမျိုးတွေနဲ့ ကောက်စိုက် ပျိုးနုတ်စားနေပါတော့လား၊ ကရုဏာသက်မိလို့ ရင်ထဲက တိုက်တွန်းလိုက်မိတယ်။ ရွာမှာ တဲတစ် လုံးဆောက်နိုင်ဖို့က သိပ်များများစားစားမလိုပါဘူး၊ ရွာက အပျိုဖော် ဝင်ခါနီး မိန်းကလေးတစ်ယောက်အတွက် အရှက် လုံခြုံရေးလည်း စိတ်ချရပါတယ်။ ဒါပေမဲ့ ခေါ်ခင်ဆင့်ရဲ့ ယောင်ကိုင်းနေတဲ့ လက် ကြီးနဲ့ မျက်နှာကျက်ကို လန်နေတဲ့ အသိစိတ်မရှိတော့တဲ့ မျက်လုံး တွေကို ချက်ချင်းသတိရသွားတော့ နှလုံးဆီမှာ နင့်ခနဲ လေးလံသွား ပြန်တယ်၊

ကျွန်မ ဆေးပညာကို မသိမတတ်ပေမဲ့ ဆရာဝန်ကြီးဆီမှာ နှစ်နဲ့ချီပြီး နေခဲ့ရတဲ့ကျေးဇူးကြောင့် တိုးတိုးကို မြင်လိုက်ရတဲ့ အချိန်မှာ ဆေးရုံတင်ဖို့လိုနေပြီလို့ သိလိုက်ပါတယ်၊ တိုးတိုးက ကယောင် ကတမ်းတွေတောင် ပြောနေပြီ၊ တစ်ကိုယ်လုံးလည်း ရေနွေးအိုးကြီး ကို ထိကိုင်ရသလို ပူခြစ်လို့၊ ဘာဖြစ်တာလဲ တိုးတိုး ဘာဖြစ်တာလဲ။

သူတို့လို ကလေးမမျိုးတွေအတွက် ထိမိနိုက်မိတာတို့ အနာရင်းတာတို့က မဆန်းပါဘူး။ အခုဟာက သာမန်အနာရင်း တာထက် ဆိုးလိမ့်မယ်၊ ကျွန်မ သူ့ကို ဆေးခန်းခေါ်ပြဖို့ အရင် လုပ်တယ်၊ ကဲ ဆိုက်ကားလေး ငှားပြီး တိုးတိုးကို ကျွန်မပွေ့ချီ၊ အရင်တုန်းက ပြခဲ့ဖူးတဲ့ဆေးခန်းကို သွားတယ်။ တိုးတိုးကိုယ်လုံး ကျွန်မ ထင်ထားတာထက် ပိုပေါ့ပါးနေခဲ့တယ်၊ သတိလစ်တစ်ချက် မလစ်တချက် ဖြစ်နေတဲ့ လူနာမို့ တခြားလူနာတွေကို ကျော်ပြီး ပြ ခွင့်ရပါတယ်၊ ဆရာဝန်က တစ်ချက်ပဲ ကြည့်ပြီး ဆေးရုံတင်ရမယ်ပဲ ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ဆရာ ဆေးရုံတင်ပါ့မယ်။ လောလောဆယ် သူ့ကို သက်သာစေတဲ့ ဆေးလေး ထိုးမပေးနိုင်ဘူးလား'

'ဆေးရုံအရေးပေါ်ဌာနကို ချက်ချင်းသွား။ နောက်ကျရင် အသက်မမီဘဲ ဖြစ်သွားနိုင်တယ်။ တို့ ဆေးစာရွက်ရေးပေးလိုက်မယ် ကလေးဆေးရုံနော် လူကြီးဆေးရုံမဟုတ်ဘူး'

ကျွန်မက ကလေးဆေးရုံဆိုတာ ဘယ်နေမှန်းမသိပါဘူး။ ကျွန်မနဲ့အတူ ပါလာတဲ့ မျက်ပြူးက သူသိတယ်တဲ့၊ အဲဒီနားမှာ သူတို့ ပန်းကုံးတွေ ရောင်းဖူးတယ်လို့ ပြောပါတယ်။

ကားငှားတဲ့အခါ ကားသမားက တိုးတိုးအခြေအနေကို ကြည့်ပြီး အင်တင်တင် ဖြစ်နေတယ်။ ကျွန်မတောင်းတောင်းပန်ပန် ပြောရတယ်။ လုပ်ပါ ဦးရယ်၊ လူနာအဖျားကြီးနေလို့ပါ။

တိုးတိုးကို ပွေ့ချီလာရတာ ဟင်းအိုးပူပူတစ်ခုကို ရင်ခွင်ထဲ ထည့်လာရသလိုပဲ ပူနေတာပဲ။

ဆေးရုံအသွား လမ်းတစ်လျှောက်လုံး သူ့အမေကို ကျွန်မ မျက်လုံးထဲမှာ ပြန်မြင်မိရင်း ရင်ထဲက ကျပ်ခဲ ဆို့နင့်နေခဲ့တယ်။ တိုးတိုး အသက်သေလို့ မဖြစ်ဘူး။ မဟုတ်ရင် ဒေါ်ခင်ဆင့်က ကျွန်မကို တာမလွှန်ကနေ ကျေနပ်မှာမဟုတ်ဘူး။

'အမေ အမေ'

တိုးတိုးက ကယောင်ကတမ်း ညည်းတယ်။ အို သနားစရာ။ ကျွန်မ သူ့ရဲ့နံ့စော်နေတဲ့ ကိုယ်ခန္ဓာကို မရွံနိုင်ဘဲ ထွေးပွေ့ထားလိုက်မိပါတယ်။ အရေးပေါ်ဌာနဆိုတာကို ရောက်သွားပြီးပေမဲ့ ကိစ္စက မပြီးသေးဘူး။ ကျွန်မအိတ်ထဲမှာပါတာက ငွေသုံးထောင်ပဲမို့ ဆေးတွေကို စားရိတ်မျှပေးကျန်းမာရေးဌာနကနေ ဝယ်ရတဲ့ငွေ မလောက်ဘူး။ မျက်ပြူးဆိုတဲ့ကလေးမလေးကို အစောင့်ထားခဲ့ပြီး ကျွန်မ အဆောင်ကို အပြေးပြန်ရပါတယ်။



အဆောင်ရောက်တော့ ကျွန်မအခန်းက ရှင်းလင်းနေတာပဲ။ ဘော် ဘေးချင်းကပ်လျက်ခုတင်က မမနု မနေ့ကပဲ ပြောင်းသွားတာကိုး။ အတော်ပဲ ဆေးရုံကနေ တိုးတိုးဆင်းလာရင် ကျွန်မဘေး ခုတင်မှာ တိုးတိုးအတွက် ငှားပေးဖို့ အဆောင်ပိုင်ရှင်ကို ကြိုပြောထားမှ။

ကျွန်မ ပိုက်ဆံယူဖို့ သေတ္တာဘေးမှာထိုင် လိုက်တဲ့အခါမှာတော့ တစ်ကိုယ်လုံး ပူထူပြီး လူက တောင့်တောင့်ကြီး ဖြစ်သွားတယ်။ ကျွန်မမျက်စိကို ကျွန်မ မယုံနိုင်ဘူး။ ထင်းရှူးသေတ္တာသော့ကို ကလန့်ပြီး ဖွင့်ထားလို့ ပြုတ်ထွက်နေတာကို မြင်လိုက်ရတာကိုး၊ ဘုရားရေ ပိုက်ဆံ၊ ပိုက်ဆံအထုပ်၊ ကျွန်မ မရှာခင်ကပဲ ကြိုသိလိုက်ပါပြီ။ သွားပြီ၊ အကုန် ပါသွားလောက်ပါပြီ၊ အသေအချာ အကျီထုပ်ရဲ့အောက်မှာ ထိုးထည့်သိမ်းထားတဲ့ပိုက်ဆံထုပ်။ ကျွန်မ သွေးရူးသွေးတမ်း မွှေနှောက်ရှာပေမဲ့ မတွေ့ပါဘူး။ ကျွန်မ ရင်ထဲက တလှပ်လှပ်နဲ့မူးနောက်လာပြီး သေတ္တာဘေးမှာ ဖင်ထိုင်ချ ငိုပစ်လိုက်မိပါတယ်။

ကျွန်မ ကာလကြာရှည် မစားရက်မသောက်ရက် ချွေတာစုဆောင်းလာခဲ့တဲ့ ပိုက်ဆံတွေ။ အခုတော့ သူခိုး ခိုးသွားပြီ၊ လူမရှိတော့တဲ့ တစ်ဘက် ခုတင်ကို လှမ်းကြည့်လိုက်မိတယ်။ ပြောင်ရှင်းနေတဲ့ သုံးထပ်သားခင်း တစ်ယောက်အိပ်ခုတင်အသေးလေးက ကျွန်မကို ပြောင်လှောင်နေသလို ခံစားလိုက်ရတယ်။

တိုးတိုး။ ဘယ့်နှယ်လုပ်မလဲ တိုးတိုးအတွက် ဆေးဖိုး။ ကျွန်မ ဒီည ပိုက်ဆံ အလုံအလောက် ရမှ ဖြစ်မယ်။

ဘာလုပ်ရမလဲလို့ အပြင်းအထန် စဉ်းစားလေ အကြံဉာဏ်က မထွက်လေပါပဲ။ စလင်းမှာသာဆိုရင် ကျွန်မ ဒီလောက်ဒုက္ခရောက်ရမှာမဟုတ်ဘူး။ ကျွန်မ အားကိုးရမဲ့သူ ဆရာဝန်ကြီးရှိတယ်။ မမမြတ်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ အခုတော့ ဒီမှာ ကျွန်မ ဘယ်သူ့ကို အားကိုးရမှာလဲ။

ကျွန်မခေါင်းကို လက်နှစ်ဖက်နဲ့ စုံကုပ်ပစ်လိုက်မိတယ်။ နေဦး၊ ကျွန်မမှာ လောလောဆယ် ရောင်းချစရာပေါင်နှံစရာတော့ ရှာလို့ တွေ့နိုင်လိမ့်မယ်။ အင် ဒါပေမဲ့ ညကြီးမင်းကြီး ဘယ်က အပေါင်ဆိုင်ဖွင့်မှာလဲ။ ကျွန်မ စိတ်ပျက်လက်ပျက်ဖြစ်သွားပါတော့တယ်။ လူနာခုတင်ပေါ်မှာ သတိလက်လွတ် ကယောင်ကတမ်း ဖျားနေမဲ့ တိုးတိုးရယ်၊ ခုတင်ဘေးမှာ မျက်စိသူငယ်နားသူငယ်နဲ့ ဟိုကြည့်ဒီကြည့် ကူကယ်ရာမဲ့ဖြစ်နေမဲ့ မျက်ပြူးရယ်၊ သူတို့နှစ်ယောက်အတွက် ကျွန်မ ဒီည ပိုက်ဆံရမှ ဖြစ်မယ်။

ကျွန်မ အဆောင်ပိုင်ရှင်ကို ခေါ်လာ၊ သေတ္တာပြပြီး အကျိုးအကြောင်း ပြောပြရတယ်။ ပြီးတော့ ပိုက်ဆံတစ်သောင်းလောက် ခဏ ချေးပါ၊ ကျွန်မဆီက အဖိုးတန်ပစ္စည်းတစ်ခုခုကို အပေါင်အနေနဲ့ယူထားပါလို့ တောင်းပန်တော့ သူက မကြားကောင်းစရာ စကားတစ်ခွန်းကိုကြားလိုက်ရသလိုပဲ။ ခေါင်းခါယမ်းလိုက်တာ လည်ပင်းပြုတ်ထွက်မတတ်၊ နောက်ပြီး ဒီသေတ္တာပျက်တဲ့ကိစ္စမှာ သူ့အဆောင်က ပြောင်းသွားတဲ့လူကို မစွပ်စွဲဘဲ ကျွန်မဆီ တစ်ခါတလေမှ လာဖူးတဲ့ တိုးတိုးကို စွပ်စွဲပါတယ်။ ကျွန်မ ခါးခါးသက်သက်ကြီး နာကျင်သွားတယ်။

'တိုးတိုးက အခု ဆေးရုံမှာ သတိလစ်နေတယ်။ ကျွန်မယူသွားရမဲ့ ပိုက်ဆံက တိုးတိုးကို အသက်ကယ်ဖို့ပဲ' လို့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ တိုးတိုးဆေးရုံတက်နေရတယ်ဆိုတဲ့ အဖြစ်က တိုးတိုး သူခိုးမဟုတ်ဘူး ဆိုတာကို မပေါ်လွင်ဘူး။ အရင်က ခိုးထားတာ အခုမှ ကျွန်မသိတာ မဖြစ်နိုင်ဘူးလား တဲ့။ ကျွန်မမှာ ဒေါသမရှိတော့ဘူး။ နာကျည်းတာနဲ့ နာကျင်တာတွေလည်း မရှိတော့ဘူး။ ကျွန်မ စိတ်ပျက်လက်ပျက်ကြီးကို ဖြစ်သွားတာပါ။



ကျွန်မ သူတို့ကို ဆက်ပြောနေလို့မရတော့ဘူးဆိုတာ သိသွားတယ်။ ကျွန်မမှာ ဘယ်ကနေ ငွေရှာလို့ရနိုင်မလဲ။ ဒါကိုပဲ ခေါင်းပူအောင် စဉ်းစားနေမိတော့တယ်။ အဆောင်နေ အမျိုးသမီးတွေကလည်း ကျွန်မကိုသာ အံ့သြနေတယ်။ ကလေးကလွင့် ကောင်မလေး တစ်ယောက်အတွက် ကျွန်မဒီလောက် ပူပန်သောကရောက်နေတာကို သူတို့ နားမလည်နိုင်ဘူးလေ။

နောက်ဆုံးတော့ ကျွန်မ ရင်မဆိုင်ချင်တဲ့ လူတစ်ယောက်ကို ထပ်ရင်ဆိုင်ဖို့ ဖြစ်လာပြီလို့ သဘောပေါက်သွားတယ်။ ကျွန်မရဲ့ အလုပ်ရှင်ပေါ့။ အခုမှ ညရှစ်နာရီမထိုးသေးဘူး။ သူတို့ဆိုင်က ကိုးနာရီခွဲအထိ ဖွင့်တယ်။ အဲဒီအချိန်မှာ ယောကျ်ားလေးတွေချည်း ကျွန်တော့တယ်။ မိန်းကလေးတွေက ညနေ ၆နာရီပြန်သူ၊ ည၈နာရီပြန်သူတွေလေ။ ကျွန်မ မျက်နှာပူနေပေမဲ့ မတတ်နိုင်ဘူး။ ဒါက ကျွန်မ ရစရာရှိတဲ့ငွေပဲ။ တောင်းကို တောင်းရမယ်။ တိုးတိုးကို ဒီအတိုင်းကြီး အသေခံမလား။ ကျွန်မ ရင်မဆိုင်ချင်တဲ့သူကို သွားရင်ဆိုင်မလား။

ကျွန်မ မြန်းခနဲ အဆောင်ပြင် ပြေးထွက်လိုက်တယ်။ တကယ်တော့ ကျွန်မတို့ အဆောင်က ညရှစ်နာရီခွဲမှာ ပိတ်တာ။ ဘယ်မှ ထွက်ခွင့်မရှိဘူး။ ကျွန်မ အဆောင်ပိုင်ရှင်ကို ခွင့်တောင်းနေစရာမလိုတော့ဘူးလို့ ထွက်တယ်။ တိုးတိုးသေကောင်ပေါင်းလဲ ဖြစ်နေတာကို သူ့ကို ကျွန်မ အခုပဲ ရှင်းပြထားပြီးသားလေ။ မြို့ထဲကို သွားတဲ့ ကြားကားကို တက်စီးလိုက်တော့ မိနစ်နှစ်ဆယ်တောင် မကြာဘဲ စာတိုက်ဆိုင်ကို ရောက်တယ်။ ကျွန်မ ဝင်လာတာကို မြင်တော့ ဘော်ဒါတွေက အပြုံးနဲ့ နှုတ်ဆက်ကြ ကြိုကြတယ်။ ကျွန်မ ဒီမှာ အလုပ်ပြန်လုပ်ဖို့ လာတွေ့တယ်လို့ ထင်ကြမှာပေါ့။ ကျွန်မကတော့ သူတို့ဘော့စ်ကိုပဲ မေးလိုက်တယ်။

သူ အိမ်ပြန်သွားပြီတဲ့။ ဗိုး သေလိုက်ပါတော့။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါရဲ့၊ ကျွန်မ တော်တော်တုံးတာပဲ၊ သူ ညရှစ်နာရီဆို အိမ်ပြန်နေကျလေ၊ အခု ကြည့်ပါဦး ကိုးနာရီတောင် ထိုးတော့မယ်၊ ကျွန်မ စိတ်ပျက်လက်ပျက်နဲ့ ပလတ်စတစ်ခုံတန်းပေါ်မှာ ထိုင်ချပစ်လိုက်မိတယ်၊ ပြီးတော့ ကျွန်မညီမ ဆေးရုံတက်နေလို့ ကျွန်မရစရာရှိတဲ့လခကို လာယူတာလို့ ရှင်းပြလိုက်ပါတယ်၊ သူတို့အားလုံး စိတ်မကောင်းကြဘူး၊ ဒါပေမဲ့ ဘောစ့်မသိဘဲ ကျွန်မကို အံဆွဲထဲက ပိုက်ဆံထုတ်ပေးရဲတဲ့ သတ္တိမရှိကြဘူး၊ အိမ်ကို ဖုန်းဆက်ကြည့်မယ်၊ ကျွန်မ သူတို့ဆိုင်က ဖုန်းနဲ့ပဲ ပိုင်ရှင်အိမ်ကို ဖုန်းဆက်လိုက်တယ်၊ သူ့မိန်းမနဲ့ပြောရတယ်၊ သူ အိမ်မှာ မရှိဘူး၊ ဘယ်အချိန်ပြန်ရောက်မလဲ သူမသိဘူးတဲ့၊ ဟုတ်မှာပါ၊ သူက မိန်းမကို တစ်ဆင့်နှိမ်ထားတဲ့သူ၊ အသိပေးဖို့မလိုဘူးလို့ ယူဆထားတဲ့သူလေ၊ ကျွန်မမှာ ရွေးစရာလမ်းမရှိတော့တာနဲ့ သူ့ ဟင်းဖုန်းကို ဆက်လိုက်ရတယ်၊ အရေးတကြီးမဟုတ်ဘဲနဲ့ အဲဒီဖုန်းကို ဆက်ရင် သူ တအားစိတ်ဆိုးတယ်၊ နောက်နေ့မှာ မိုးမွှန်အောင် ဆဲတယ်၊ မတတ်နိုင်ပါဘူးလို့ အားတင်းပြီး ဆက်ဖို့ ကြိုးစားတယ်၊ မရဘူး၊ လူကြီးမင်းခေါ်ဆိုတဲ့တယ်လီဖုန်းက ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍မရနိုင်ပါရှင် တဲ့၊ သေလိုက်ပါတော့၊

ကျွန်မ အကြိမ်ကြိမ် ကြိုးစားခေါ်ကြည့်တယ်၊ မရဘူး၊ ဆက်သွယ်မှုဧရိယာပြင်ပ တဲ့၊ ကောင်လေးတွေကတော့ ပြောတယ်၊ ကာရာအိုကေလို အလုံခန်းထဲရောက်နေလို့ ဖြစ်မယ်တဲ့၊

ကိုးနာရီခွဲတော့ သူတို့ ဆိုင်ပိတ်ရတော့မယ်၊ ကျွန်မလည်း ဆေးရုံကို ပြေးရတော့မယ်၊ မလုပ်ချင်ပေမဲ့ လုပ်လို့ရတာတစ်ခုကို လုပ်ရတော့တယ်၊ ငွေသိမ်းတဲ့ကောင်လေးကို ငွတ်အမမွှတောင်းပန်ပြီး ကျွန်မ ရစရာရှိတဲ့ ပိုက်ဆံကို အတင်းယူလိုက်တယ်၊

'မလုပ်ပါနဲ့ မအေးငြိမ်း ကျွန်တော် မနက်ဖြန်ကျ သူ့ကို စာရင်းနဲ့ အပ်ရမှာ'



'ငါယူသွားတယ်ပြောလိုက်ဟာ'

'အဲဒါမှ ကျွန်တော် အလုပ်ပြုတ်မှာ၊ နောက်ပြီး သူ့ငွေ မသိဘဲယူတာက ခိုးသလို ဖြစ်မှာ၊ တစ်ရက် ထပ်စောင့်ပါဗျာ'

ကျွန်မ မစောင့်နိုင်ပါဘူး၊ ဒါက ကျွန်မ ရစရာရှိတဲ့ လခလေ၊ ကျွန်မမမှားဘူးလို့ ယုံကြည်တယ်၊ ရှင်းစရာရှိတာကို နောက်မှ ရှင်း မယ်၊ လောလောဆယ်သေရေးရှင်ရေးအတွက် ကောင်လေးကို မငဲ့ကွက်နိုင်တော့ဘူး၊ နှစ်ဆယ့်ခြောက်ရက်လုပ်ခကို သုံးသောင်းအပြည့်မယူပါဘူး၊ နှစ်သောင်းပဲ ယူတယ်၊ ဒါလောက်ဆို မလွန်ဘူးလို့ ထင်တယ်လေ၊

ကျွန်မ ငွေနှစ်သောင်းကို အိတ်ထဲထည့်ပြီး ကလေးဆေးရုံကို ပြေးရတယ်၊ ငွေနှစ်သောင်းဟာ ဆေးဖိုးနဲ့ မျက်ပြူမုန့်ဖိုးနဲ့ နှစ်ထောင်ပဲ ကျန်တော့တယ်၊ ကိစ္စမရှိပါဘူး၊ ဒီည တိုးတိုးကို ဆေးကုတဲ့စရိတ်ပေးနိုင်ရင် အချိန်မီမှာပါ၊

တိုးတိုးကို ရေခဲဝတ်အုပ်ပေးရတဲ့ မျက်ပြူရဲ့လက်မှာ ပဲကြီးရေစွံ့လိုတွန့်နေပြီ၊ တိုးတိုး အဖျားက နည်းနည်းပဲ ကျသတဲ့၊ ဆေးတွေတော့ အများကြီးထိုးတာပဲ၊ ဘာဆေးတွေလဲမသိဘူး၊ အကြောထဲကနေ ထည့်တာတွေချည်းပဲ၊ ခြေထောက်က ဒဏ်ရာက ဘာဒဏ်ရာမှန်းကိုမသိဘူး၊ မျက်ပြူပြောတော့ သံပြားရှတာလိုလို ပုလင်းကွဲရှတာလိုလို၊ သေချာတာကတော့ အနာထဲကနေ ပိုးဝင်တာပဲတဲ့၊ ဘာပိုးလဲတော့ ကျွန်မ မသိပါဘူး၊ အနာကို သူတို့ ဆေးကြောဆေးထည့်တော့ အနာက ပုပ်တောင် ပုပ်ချင်နေပြီဆိုလား၊ ဘယ်တုန်းက များ ဒဏ်ရာရထားလိုက်ပါလိမ့်၊

အရေးထဲ မျက်ပြူကပြောနေသေးတယ်၊ သူသိတဲ့ ကောင်လေးတစ်ယောက်ကျတော့ ခွေးရူးပြန်တာတဲ့၊ ခွေးက သူတို့ကို မြင်ရင်ဟောင်ချင် ကိုက်ချင်တာကိုး၊ အိမ်ခွေးမဟုတ်ဘဲ လမ်းခွေးချင်း

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုလိုက်တောင် ဟောင်ကြသေးတာ။ ခွေးကိုက်ခံရတယ်ပြောတာပါပဲ။ ပြီးတော့ ခွေးရှူးပြန်ပြီး သေရောတဲ့။

'တော်ပြီ မပြောနဲ့တော့'

မျက်ပြူးကို ပိတ်ဟောက်ထားရတယ်။ ကျွန်မ မကြားရဲလို့ပါ။ အဲဒီည ကျွန်မ အဆောင်ပြန်ဖို့လည်း သိပ်နောက်ကျနေတာနဲ့ ပင်ပန်းလွန်းတာနဲ့ ဆေးရုံမှာပဲ အိပ်လိုက်ရတယ်။ ခုံတန်းလေးပေါ်မှာပေါ့။ မျက်ပြူးကိုတော့ ဆေးရုံအဆောင် စင်္ကြံမှာ သိပ်လိုက်တယ်။

အဲဒီညမှာပဲ ကျွန်မ ကြောက်လန့်စရာ တိုက်ဆိုင်မှုတွေကို တအံ့တဩ သိလိုက်ရတော့တာပါပဲ။

တိုးတိုး အဖျားသွေးနဲ့ ရီဝေရီဝေ ပြောတဲ့စကားတွေကို ကျွန်မ ကြားရာက စပါတယ်။

'အမေ ချမ်းတယ်၊ ချမ်းတယ်' တဲ့။ ကျွန်မ သူ့ကို ခဏထွေးဖက်ထားတော့ ငြိမ်သွားပြန်တယ်။ နောက်တစ်ခါ ထပ်ညည်းပြန်တယ်။

'ကောက်ရိတ်ခရရင် စောင်ဝယ်ခဲ့ အမေ စောင်ယူခဲ့'

စောင် တဲ့၊ အော် ကျွန်မတို့လို ဆင်းရဲသားတွေအတွက် စောင်ဟာ တကယ်ကို နွေးထွေးအောင် လုပ်နိုင်တဲ့ အားကိုးရာပါ။

'တိုးတိုးအမေ စောင်ဝယ်ခဲ့လား'

'မမရေနစ်တော့ အမေက ဆယ်ပေးတာ တိုးတိုး သိလား'

သုံးလေးခါ မေးယူတော့ အဲဒီအဖြစ်အပျက်ကို တိုးတိုး မှတ်မိနေတာကို သိလိုက်ရတယ်။

တိုးတိုးက အိပ်ပျော်တစ်ဝက် နိုးတစ်ဝက်နဲ့ ကျွန်မ မေးတာတွေကို ဟိုရောက်ဒီရောက်ဖြေနေခဲ့တယ်။

အနှစ်ချုပ်လိုက်တော့ ကျွန်မ မယုံကြည်ချင်လောက်အောင် ဒေါ်ခင်ဆင့်ရဲ့သေဆုံးမှုနဲ့ ကျွန်မ ဘဝရဲ့ ချိတ်ဆက်မှုတွေကို



တစ်ခုချင်း မြင်ယောင်လာခဲ့ပါတယ်။

အဲဒီညနေက ကျွန်မတို့ကို ရေနစ်ရာကနေဆယ်ပြီးတော့ တိုးတိုးအမေ ဖျားတယ်။ ဒါကြောင့် ဆင်ဖြူကျွန်းဘက်က ပွဲရုံ တစ်ခုမှာ ပဲရွေးအလုပ်သွားလုပ်ဖို့ ချိန်းထားပြီးသားကို သားအမိ မလိုက်နိုင်တော့ဘူး။ အဖျားက တစ်ပတ်လောက်ကြာတယ်။ အဲဒီအချိန်မှာ ပြာသိုလမို့ စလင်းပတ်ဝန်းကျင်က တော်တော်အအေးပိုနေပြီ။ တိုးတိုးတို့မှာ စောင်မရှိဘူး။ စောင်ရမှ ဖြစ်မယ်။ အဲဒီအချိန်မှာ ကောက်ရိတ်ဖို့ လူရှာတာ သိတော့ ဖျားရင်းနဲ့ အမေက ကောက်ရိတ်ဖို့ လိုက်သွားတယ်။ ကောက်ရိတ်ခပိုက်ဆံက စောင်နှစ်ထည်တော့ ဝယ်လို့ရမှာပဲ။ နေ့စားလုပ်ခ ဆိုတော့ တစ်နေ့ပြီးရင် တစ်နေ့လုပ်ခ ရမှာ။ ဖြစ်ချင်တော့ ပထမဆုံး စလိုက်သွားတဲ့နေ့မှာပဲ အမေ မြွေပေါက်ခံလိုက်ရတာ။

ဘုရားရေ။

ကျွန်မ တစ်ကိုယ်လုံး စောက်ထိုးပြောင်းပြန်ဖြစ်သွားသလို ခံစားလိုက်ရပါတယ်။ ရင်တစ်ခုလုံး ပူထူလောင်ကျွမ်းသွားသလိုပဲ။ ကျွန်မ သူတို့ သားအမိဖို့ စောင်တွေ ဝယ်ထားပြီးသားလေ။ သူတို့ကို ရှာမတွေ့လို့။

ကျွန်မလေ တစ်ညလုံး မအိပ်နိုင်တော့ဘဲ ငုတ်တုတ်ထိုင်ရင်း စိတ်တွေ ပြန့်လွင့်နေခဲ့ပါတော့တယ်။ မှေးခနဲ ငိုက်တဲ့အချိန်တွေမှာ တိုးတိုးရဲ့ ညည်းညူသံတွေကြောင့် ဇတ်ဆို ပြန်နိုးထ၊ တိုးတိုးအစီအစဉ်မကျ ပြောချင်ရာတွေ ပြောတာကို နားထောင်။ မျက်ရည်တွေ ရစ်ဝဲပြီး ပြီးခဲ့ပြီးသားအတိတ်က အဖြစ်တွေကို ချက်ချင်းပြန်ပြောင်းလဲပစ်ချင်စိတ်တွေနဲ့ တစ်ချိန်လုံးသောကများနေမိတော့တယ်။

ကျွန်မကြောင့် လူဘယ်နှယောက်တောင် သေခဲ့ရပြီးပြီလဲ

www.burmeseclassic.com



အိပ်မောကျနေတဲ့လူတွေ လှုပ်ရှားသွားလာနေတဲ့ သူနာပြု ဆရာမတွေ လူတိုင်းလူတိုင်းကိုကြည့်ရင်း သူတို့ကြောင့် ဘယ်သူမှ သေခဲ့မှာမဟုတ်ဘူး။ ဒါကြောင့် သူတို့အလုပ်ကို သူတို့ ဖြောင့်ဖြောင့် လုပ်နိုင်နေကြတာလို့ တွေးမိတယ်။

ကျွန်မကရော။

ကျွန်မ တစ်ယောက်ယောက်ကို သေအောင် လုပ်မိတယ် ဆိုရင် အဲဒါ ကျွန်မ မရည်ရွယ်ပါဘူး။ ဘယ်သူ့ကို တိုင်တည်မိမှန်း မသိဘဲ စိတ်ထဲက တတွတ်တွတ် ရွတ်နေမိပါတယ်။

အို မတွေးနဲ့။ အဲဒါကို လုံးဝမတွေးနဲ့။

ဖြစ်ပြီးသားတွေ ပြန်မတွေးပါနဲ့။ အခု လက်ရှိကိုပဲ တွေးပါ။

အစားအသောက်အတွက် ခဏထား။ နေ့စဉ် ဆေးဖိုး ရှာ ပေးနိုင်ဖို့ အခုချက်ချင်း အလုပ်ရမှ ဖြစ်တော့မယ်။ ပထမဆုံးတော့ ဓာတ်ပုံဆိုင် အရင်သွားပြီး သူ့ငွေကို တောင်းပန်ရမယ်။ တကယ်လို့ ငွေနှစ်သောင်းကို ပြန်ပေးရမယ်ဆိုရင်လည်း တခြားအလုပ်ရရင် ပြန်ပေးလိုက်ရုံပေါ့။ အဲမာလေး၊ တွေးကြည့်ရုံနဲ့ စိတ်ကျဉ်းကြပ်လွန်း လို့ နောက်မှပဲ သွားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ မြို့ထဲမှာတော့ အရောင်းစာရေးမအလိုရှိသည် ဆိုတာတွေ တွေ့ရဖူးတာပဲ၊ တစ်ခါ တည်း လုံးခနဲ ခဲခနဲ ငွေရမဲ့နေရာ ဘယ်နေရာရှိပါလိမ့်။ အို ကြံကြီး စည်ရာ။ ဘယ်ရှိနိုင်ပါ့မလဲ။

မနက်မိုးလင်းတာနဲ့ တစ်နေ့လုံး ဘတ်စ်ကားလျှောက်စီးပြီး တွေ့သမျှ မြင်သမျှ ဆိုင်တိုင်းကို သဲကြီးမဲကြီး ရှာဖွေကြည့်နေမိတယ်။

ကျူရှင်ကျောင်းတွေ၊ စားသောက်ဆိုင်တွေ၊ အိမ်ဆေးသုတ် တဲ့ပစ္စည်းတွေရောင်းတဲ့ဆိုင်၊ ဘိလပ်မြေ ကုန်မာပစ္စည်းရောင်းတဲ့ဆိုင် တွေ။ တချို့ဆိုင်ခန်းရှေ့မှာ ဆိုင်းဘုတ်တွေထောင်ထားတာ တွေ့လို့ အလုပ်သမားလိုလို့ အသိပေးကြော်ငြာခေါ် နေတာလား လို့ ကျွန်မ



တစ်ခုမှမလွတ်စေရအောင် ရှာဖွေဖတ်ကြည့်နေမိပါတယ်၊ ဆိုင်မှာ ရနိုင်တဲ့ကုန်တွေကို ကြော်ငြာထားတာကများတယ်။ တစ်ဆိုင်က တော့ အလုပ်သမားအလိုရှိတယ်လို့ ရေးထားတယ်။ ကားအရှိန် မြန် နေတာမို့ လည်ပြန်လှည့်ပြီး အားစိုက် လှမ်းကြည့်ရတယ်။ ဒါပေမဲ့ လိုတဲ့သူက ကားမောင်းကျွမ်းကျင်သူ အမျိုးသားတဲ့။ အော် ခက်နေ တော့တာပါပဲ။

ကျွန်မဘေးမှာ ကျွန်မ ဘယ်တော့ထထွက်မလဲလို့ တင်း တည်း ငုံ့ကြည့်နေတဲ့ မိန်းမ၀၀ကြီး ရှိတယ်။ ကျွန်မ ဟိုဘက်ဒီဘက် လှုပ်လိုက်ယိမ်းလိုက်တာနဲ့ သူက ကျွန်မဆီကို မျှော်လင့်တဲ့အကြည့် နဲ့ လှမ်းကြည့်တော့တာပဲ။ ကျွန်မကို သူတက်လာခါစတုန်းက မေး တယ်။ ဘယ်မှတ်တိုင်မှာ ဆင်းမှာလဲ တဲ့၊ ကျွန်မလည်း ယောင်ပြီး မသိဘူးလို့ သွားဖြေလိုက်မိတယ်၊ ဟုတ်တယ်လေ။ သိမှမသိတာ။ ဘယ်သောင်ဘယ်ကမ်း ဆိုက်ရမလဲမသိတဲ့ လှေလိုပဲ၊ ကျွန်မ ဘယ် မှတ်တိုင်မှာ ဆင်းရမှန်း တကယ်မသိပါဘူး၊ သူက ကျွန်မကို ဘုပြော တယ်ထင်လို့လားမသိဘူး မျက်စောင်းထိုးတယ်။ ဒါနဲ့ ကျွန်မလည်း သူ့ဘက်ကို မကြည့်မိအောင် လမ်းဘေးက ဆိုင်းဘုတ်မှန်သမျှလည်း မလွတ်စေရအောင်အပြင်ကိုပဲ ကြည့်လာခဲ့တယ်။ လမ်းတစ်လျှောက် လုံးမှာ ဘာအလုပ်ခေါ် ဆိုင်းဘုတ်မှ မတွေ့ဘူး။ ဘာမှမတွေ့ဘဲ မြေနီ ကုန်းကို ရောက်ရော။ ကျွန်မ ရင်တွေ ပူလာပြီ။ ကျွန်မ အလုပ်ရမှ ဖြစ်မယ်။

ကျွန်မ သွေးရူးသွေးတမ်း မျက်စိကိုအလွတ်မပေးဘဲကြည့် လာခဲ့သမျှ ဘာမှ မျှော်လင့်ချက်မရှိတော့ ရင်ထဲက လှိုက်တက်ပြီး ငိုချင်လာတယ်။ မျက်ရည်တွေက ချက်ချင်းစိမ့်အိုင်ရစ်ဝဲလာလို့ မျက် တောင်ဖျပ်ဖျပ်ခတ်လိုက်ရတယ်။

ကျွန်မရှေ့က ထိုင်ခုံမှာထိုင်နေတဲ့လူက ဂျာနယ် တစ် စောင်ကို ဖြန့်ဖတ်နေတာမို့ ဘာရယ်မဟုတ်ဘူး ကျွန်မမျက်စိက

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကို ရောက်သွားတယ်။ အဲဒီမှာ မြင်တွေ့နေကျမဟုတ်တဲ့ ထူးထူးခြားခြား အလုပ်ခေါ်စာတစ်ခုကို တွေ့လိုက်ရပါတယ်။

ကျွန်မကို ဆွဲဆောင်လိုက်တဲ့စာလုံးက အိပ်ချ်အိုင်ဗွီကူးစက်ခံ ဆိုတဲ့ စကားလုံးပါ။

အိပ်ချ်အိုင်ဗွီကူးစက်ခံ မိဘမဲ့ကလေးငယ်များဂေဟာ အတွက် သန့်ရှင်းရေးဝန်ထမ်းအလိုရှိသည်။

ကျွန်မ အိပ်ချ်အိုင်ဗွီနဲ့ပတ်သက်တာတွေ သိပ်မသိပါဘူး။ ဆရာဝန်ကြီးပြောတာ ကြားဖူးနားဝပဲ ရှိတာ။ အိပ်ချ်အိုင်ဗွီပိုးဟာ မိခင်ကတစ်ဆင့် သန္ဓေသားကို ကူးစက်တယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ အခုလို မိဘမဲ့ကလေးတွေကို တစ်နေရာတည်းမှာ ရှိနေကြလိမ့်မယ်လို့ မတွေးမိဘူး။ မိဘမဲ့ဆိုတော့ သူတို့မိဘတွေ သေကုန်ကြလို့ပေါ့နော်။ သနားစရာပဲ။ ငယ်ငယ်ရွယ်ရွယ်ကလေးဘဝမှာ မိဘသေတယ်ဆိုတာ တော်တော်ခိုက်ရာမဲ့မှာပဲ။ စာစောင်တွေ မဂ္ဂဇင်းတွေထဲမှာပါတဲ့ ပုံတွေကြည့်ရတာတော့ လန့်စရာပဲ၊ တကယ့် အရိုးပေါ်အရေတင် ပိန်ချုံးနေတဲ့လူတွေ။ အခု ကလေးတွေရော ဓါတ်ပုံတွေထဲကလို ပိန်ချုံးပြီး မျက်လုံးဟောက်ပက်လေးတွေလား။ ကျွန်မဘဝမှာ အိပ်ချ်အိုင်ဗွီ ကူးစက်ခံထားရတဲ့လူကို မမြင်ဖူးဘူး။

ကျွန်မ ကြော်ငြာကို နောက်ဘက်ကနေ ငေးစိုက်ပြီး ကြည့်နေရင်း တစ်ချိန်တည်းမှာပဲ အတွေးလျှဉ်တွေ ဆက်တိုက် မပြတ်တွေးနေမိတယ်၊ ကျွန်မ ဒီအလုပ်ကိုလျှောက်ဖို့ မိဦးမလား၊ သန့်ရှင်းရေးဝန်ထမ်းတဲ့၊ ဘာတွေလုပ်ရမှာလဲ၊ အိမ်သာဆေးရမှာလား၊ ကလေးတွေကို ရေချိုး ဆပ်ပြာတိုက်ပေးရမှာလား၊ ကြမ်းတွေ ဘာတွေရော တိုက်ရမှာလား၊ လောလောဆယ် ဘာအလုပ်ရရ လုပ်ဖို့လိုနေပြီ၊ လစာကောင်းကောင်းမကောင်းကောင်း၊ ထမင်း နပ်မှန်အောင် စားဖို့ရမယ်။ နောက်ပြီး တိုးတိုးအတွက် ပိုက်ဆံရှာရမယ်။ ဒီအလုပ်ကို ကျွန်မ ရမှဖြစ်မယ်။



လျှောက်လွှာများကို ရွှေနှင်းဆီ အထူးကုဆေးခန်းရုံးခန်းမှာ လာရောက် တင်သွင်းနိုင်သည်။ ဖုန်း … …။ ဤကြော်ငြာပါသည့် နေ့မှ တစ်ပတ်အတွင်းတဲ့။

ဂျာနယ်စာမျက်နှာထိပ်ဆုံး ညာဘက်ထောင့်ကို ကြည့်လိုက်တော့ နေ့စွဲက လွန်ခဲ့တဲ့ငါးရက်ကနေ့စွဲ။ တော်ပါသေးရဲ့။ နှစ်ရက်ကျန်သေးတယ်။

ကျွန်မရင်ထဲမှာ ပူလောင်နေတဲ့အလုံးကြီးတစ်ခု လျှောကျသွားသလိုပဲ။

နာရီကိုကြည့်လိုက်တော့ မနက် ကိုးနာရီမခွဲသေးဘူး၊ ကျွန်မ အပြင်ကိုကြည့်လိုက်တော့ မှတ်တိုင်မှာ အများပြည်သူသုံးတယ်လီဖုန်းလေးရှိတယ်၊ ကျွန်မအဖြစ်က အများမခံတဲ့အဖြစ်လေ။ တစ်ရက်လေး နောက်ကျလို့ ဒီအလုပ်နဲ့လွဲသွားမှာကို ဘယ်လိုမှ အဖြစ်မခံနိုင်ဘူး။ ဒါနဲ့ပဲ ဖြုန်းခနဲ ဘတ်စ်ပေါ်က ဆင်းရပါတယ်၊ ဆေးရုံကို တယ်လီဖုန်းလှမ်းဆက်ပြီး ဘယ်လိုလာရသလဲမေးရတယ်၊ တာမွေ တဲ့၊

ရွှေနှင်းဆီ ဆေးရုံက အကြီးကြီးပဲ။ အထပ်တွေအမြင့်ကြီးနဲ့ပေါ့။ အပြင်ကနေအတွင်းကိုလှမ်းမမြင်ရတဲ့ မှန်အစိမ်းရောင်ကာထားတယ်။ ကျွန်မ ညွှန်ကြားရာနေမှာမေးပြီး လျှောက်လွှာ တောင်းရပါတယ်။ ပြီးတော့ လျှောက်လွှာကို တစ်ခါတည်းဖြည့်ပြီး တစ်ခါတည်း တင်ရပါတယ်၊ ဓါတ်ပုံကပ်ဖို့လိုသတဲ့၊ အို ဟုတ်တာပေါ့။ နေဦး ကျွန်မအိတ်ထဲမှာ အမြဲတမ်းထည့်ထားတဲ့ မှတ်ပုံတင်နဲ့ ဓါတ်ပုံလေးတွေ ရှာလိုက်ရတယ်။ ဓါတ်ပုံလေးကို ကျွန်မ ကော်နဲ့ကပ်ပြီး သူတို့ကိုပြန်ပေးတော့ အပေါ်ထပ်ရုံးခန်းကို သွားတဲ့။ ဒီနေ့ အင်တာဗျူးလုပ်မှာတဲ့၊ ဟင်၊ ဘယ်လိုလဲမသိဘူး၊ တော်ပါသေးရဲ့၊ ဒီနေ့ လာမိလို့။

www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးဖြေရတာက ဆေးရုံအုပ်ရုံးခန်းထဲမှာပါ။ ၁၁ နာရီထိ ထိုင်စောင့်ရတယ်။ ဆေးရုံအုပ်ရဲ့အခန်းထဲ မဝင်ခင်မှာ မျက်နှာချင်းဆိုင်က ဧည့်ခန်းထဲမှာ ထိုင်စောင့်နေကြရတယ်။ အဲ ကျွန်မလို ဖြေမဲ့လူတွေ အများကြီးပါပဲလား။ လူပေါင်း သုံးဆယ်လောက် ရှိလိမ့်မယ်။ ရုံးခန်းထဲက စာရေးမအစ်မကြီးက တစ်ယောက်ချင်းရဲ့နာမည်နဲ့ ခေါ်သွင်းတယ်။ ဖြေပြီးသွားတဲ့လူက ဒီအခန်းထဲကို ပြန် မဝင်ရဘူးတဲ့။ အင်း ဟုတ်တာပေါ့။ ကျွန်မတို့ ကျောင်းတွေမှာ ပညာရည်ချွန်ဆုအတွက် ရေးဖြေအပြီးမှာ တစ်ခါတလေ နှုတ်ဖြေဖြေရတဲ့အခါ ဖြေပြီးသားလူနဲ့ မဖြေရသေးတဲ့လူနဲ့ မတွေ့ကြရဘူးလေ။ အဲလိုမှမဟုတ်ရင် ဘာတွေမေးသလဲဆိုတာ မဖြေရသေးတဲ့လူတွေ သိပြီးတော့ ကြိုတင်အကွက်ချကုန်တော့မှာပေါ့။

ထိုင်နေရတာ နည်းနည်းတော့ အားငယ်တယ်။ ကျွန်မက လွဲရင် ကျန်တဲ့အမျိုးသမီးတွေအားလုံး အသက်ပိုကြီးတဲ့သူတွေချည်းပဲ။ အုပ်စုလိုက် သုံးလေးယောက်တိုင်ပင်ပြီး လာဖြေကြတာလည်း ပါတယ်။ တချို့က အဝတ်အစားသေသေသပ်သပ်နဲ့၊ ကျွန်မထက် အဝတ်အစားနွမ်းတဲ့သူလည်းရှိတယ်။ ပွင့်ရိုက်ထမိန်နဲ့ ရေစားနေတဲ့ အင်္ကျီနဲ့လာဖြေတာလည်း ရှိတယ်။ သန့်ရှင်းရေးဝန်ထမ်းတဲ့၊ ဘယ်လိုလူမျိုးကို ခန့်မှာလဲ၊ ဘယ်လိုအရည်အချင်းကို လိုချင်တာလဲ၊ ကျွန်မ စဉ်းစားရင်း စိတ်ပါတ်ကျနေခဲ့တယ်။ ကိုးယောက်မြောက်မှာ ကျွန်မ နာမည်ကို ခေါ်လိုက်တယ်။

မေးတဲ့ဆရာဝန်မကြီးက အရပ် ထောင်ထောင် မောင်းမောင်း၊ မျက်မှန်နဲ့၊ ခန့်ခန့်ညားညား၊ သူ့ရှေ့ရောက်တော့ ကျွန်မက သေးသေးငယ်ငယ်လေး ဖြစ်သွားပါတယ်။

'ဟယ် ညည်းက အသက်တော်တော်ငယ်သေးတာပဲ မှန်းစမ်း အသက်၁၈နှစ်မှ ပြည့်ရဲ့လား'



စစချင်း ပြောလိုက်တဲ့စကားကြောင့် ကျွန်မ လန့်သွားတယ်။

'ကျွန်တော် ၂၂နှစ်ရှိပါပြီ'

သူ လျှောက်လွှာပုံစံထဲကို ငုံ့ကြည့်ပြီးသွားပေမဲ့ မယုံသေးတဲ့ဟန်။

'ညည်းကြည့်ရတာ လက်ကြောတော့ တင်းပုံရပါတယ်၊ ဘာရှာ၊ ဖောင်းလင်းရှာ'

'ဟုတ်ကဲ့'

'စလင်းနယ်ထဲမှာ ဟုတ်လား ဝေးလား'

သူ ဘာကို မလိုချင်လို့ ဝေးလားလို့ မေးလိုက်တာလဲ ကျွန်မ မသိဘူး။ ဒါပေမဲ့ ကျွန်မ မညာတတ်ဘူး။

'ဟုတ်ကဲ့ ဝေးပါတယ်'

'ဟဲ့ပလုပ်တုတ် အဒေါ်ကြီးက အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့ရထားတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'အမလေးတော် ညည်းအရည်အချင်းက အိုဗာဖြစ်နေတယ်။ သန့်ရှင်းရေးလုပ်ရမှာဆိုတာ သိတယ်နော်'

'ဟုတ်ကဲ့ သိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် အလုပ်ချက်ချင်းရဖို့ သေရေးရှင်ရေးဖြစ်နေလို့ပါ။ ဘာအလုပ်ပဲဖြစ်ဖြစ် လုပ်ပါ့မယ်'

'အော် ဒီလိုလား။ အိပ်ချ်အိုင်ဗွီအကြောင်း နည်းနည်းတော့ သိမှာပေါ့ သိလား'

'ဟုတ်ကဲ့ နည်းနည်းသိပါတယ်'

'ကဲဒါဖြင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်တဲ့နည်းတွေ ပြောပြပါဦး'

'မူးယစ်ဆေး သွေးကြောထဲထိုးတဲ့အခါ အပ်နဲ့ဆေးထိုးပြွန်ကို အများနဲ့ မျှသုံးရင် ကူးစက်တယ်။ သွေးကနေကူးစက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာကထွက်တဲ့ အရည်တွေကနေ ကူးတယ်'

'ဟုတ်ဲ့ ရှင်းရှင်းပြောပါ ဘာအရည်လဲ။ တံတွေးကနေ ကူးလား'

'မကူးပါဘူး။ ဟိုလေ လိင်ဆက်ဆံတဲ့အခါ ကူးတယ်'

'အေး ပြီးတော့ရော'

'မိခင်ကနေ ကလေးကို ကူးပါတယ်'

'မိခင်ကနေ ကလေးကို ဘယ်လိုကူးလဲ သိလား'

'ဟို သွေးကနေ ကူးတယ်'

'သွေးက ဘယ်လိုရောက်သွားပြီး ကူးတာလဲ'

ကျွန်မ မသိပါဘူး။ ဖတ်တော့ ဖတ်ဖူးပါတယ်။ တစ်ရက်လောက် ကြိုသိထားရင်တော့ စာတွေ ရှာဖတ်ဖို့ အချိန်ရမှာပါ။ ခုတော့ ချက်ချင်းလျှောက်လွှာတင် ချက်ချင်းဖြေရတာဆိုတော့

'အချင်းကနေ ကူးတယ်အဒေါ်ကြီးရဲ့ မှတ်ထားဦး။ နောက်ပြီး မွေးဖွားစဉ်မှာ မွေးလမ်းကြောင်းကနေ ကူးတယ်။ နောက်တစ်ဆင့် ကျန်သေးတယ်။ အဲဒါက ကလေးကို နို့တိုက်တဲ့အချိန်မှာလည်း ကူးတယ်။ မှတ်ထားနော်။ နေဦး မွေးချင်းမောင်နှမမရှိ တစ်ဦးတည်းသောသမီးဆိုတော့ ညည်းက ကလေးကော ချစ်တတ်ရဲ့လား'

အဲဒီအချိန်မှာ ကျွန်မဘယ်လိုဖြစ်သွားမှန်းမသိဘူး။ တိုးတိုးကို သတိရသွားပါတယ်။ ဆရာဝန်မကြီးသိမှာမဟုတ်တဲ့ လောကတစ်ခု ဟောဒီဆေးရုံရဲ့ အပြင်ဘက်မှာတင် ရှိနေတယ်ဆိုတာ သူ့ကို ဘယ်လိုပြောပြရပါ့မလဲ။

'ကလေးတွေဟာ ချစ်စရာကောင်းပါတယ် အန်တီ။ တချို့ ကလေးတွေကတော့ ချစ်စရာကောင်းရုံတင်မကဘဲ သနားစရာပါ ကောင်းပါတယ်'

ကျွန်မစကားကြောင့် ဆရာဝန်မကြီး မျက်ခုံးပင့်လိုက်တယ်။ ကျွန်မစကားက နည်းနည်းကြီးကျယ်သွားပုံရတယ်။



'ဘယ်လိုသနားစရာကောင်းတာလဲအေ ပြောပါဦး'

ကျွန်မ တိုးတိုးအကြောင်းအကျဉ်းချုံးပြီးပြောပြလိုက်တယ်။

'ကျွန်မ သူ့ကို ဆေးရုံတင်ပေးထားပါတယ်၊ ဒါပေမဲ့ ကျွန်မပိုက်ဆံတွေကို အဆောင်မှာ လူခိုးခံလိုက်ရလို့'

ကျွန်မ ပြောရင်းနဲ့ ဝမ်းနည်းလာလို့ မျက်ရည်ဝဲလာမိတယ်။ ဆရာဝန်မကြီးက ကျွန်မကို စူးစူးစိုက်စိုက်အကဲခတ်နေတယ်။ ကျွန်မလည်း မဆိုင်တာတွေ ပြောမိသွားမှန်း ပြန်သတိရပြီး ကိုယ့်ကိုယ်ကို ဘရိတ် ပြန်အုပ်လိုက်ရတယ်။

ဆရာဝန်မကြီးက သက်ပြင်းချတယ်။

'တချို့ကိစ္စတွေကျတော့ ကိုယ်ဖြေရှင်းပေးလို့မရဘူးသမီး။ အဲဒီအခါမျိုးမှာ လစ်လျူရှုနိုင်တဲ့စိတ်မွေးရမယ်'

တိုးတိုးက ကျွန်မအသက်ကို ကယ်လိုက်သူရဲ့သမီးဖြစ်တယ် ဆိုတာ ကျွန်မ ပြောခွင့်မရလိုက်ဘူး။

'ဒါနဲ့ ပိုက်ဆံအခိုးခံလိုက်ရတာလည်း ညည်း စည်းကမ်းတကျ မထားလို့ ဖြစ်မှာပေါ့။ အဆောင်ဆိုတာ လူပေါင်းစုံနေတာလေ။ သော့ခတ်ထားမှပေါ့အေ။ ဒီအတိုင်းဆိုရင် ညည်း စည်းကမ်းအရာမှာတော့ ဖိုးရှုံးပဲရမယ်။ ထားတော့ အခုအလုပ်ကိစ္စကို ဆက်ပြောရအောင်။ ညည်း ဒီအလုပ် ရမယ်ဆိုရင် ညည်း ဂေဟာမှာပဲ နေရမယ် နေနိုင်မလား'

'ဟုတ်ကဲ့ ဟုတ်ကဲ့ နေနိုင်ပါတယ်'

တိုးတိုးအသက်ကို ကယ်ဖို့အတွက် ကျွန်မ ဘယ်နေရာမှာပဲ နေရ နေရ ဘာအလုပ်ပဲလုပ်ရလုပ်ရ အဆင်သင့်ပါပဲ။

ကျွန်မ အိပ်ချ်အိုင်ဗွီကလေးတွေဆီမှာ သန့်ရှင်းရေးဝန်ထမ်း အလုပ်ရလိုက်တယ်။ နောက်နေ့ကစပြီး အလုပ်ဝင်ရမယ်တဲ့။ တစ်ခုတော့ စိတ်အေးရပြီပေါ့။ ဒါပေမဲ့ တိုးတိုးရဲ့ ဆေးရုံစရိတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



လိုသေးတယ်။

ကျွန်မ လက်ထဲမှာ ပိုက်ဆံ သုံးရာပဲ ရှိတယ်။

ကျွန်မမှာ ပေါင်နှံစရာ ရောင်းချစရာ ဘာတွေများရှိပါလိမ့်။ အဆောင်ကို ပြန်ပြီး ရှာဖွေရတယ်။ ကျွန်မမှာရှိသမျှက စာအုပ်တွေ၊ ဘယ်သူက အပေါင်ခံမှာလဲ။ ကျွန်မ ရှိသမျှ ပစ္စည်းတွေကို ခုတင်ပေါ်မှာ ဖြန့်ချကြည့်လိုက်တယ်။

ကိုကြီးအတွက် ဝယ်ထားပြီး ကိုကြီးကို ပေးခွင့်မရခဲ့တဲ့ အင်္ကျီဖြူလက်ရှည်လေး။ ကျွန်မ ငယ်ငယ်က ရခဲ့တဲ့ ဆုတံဆိပ်တွေ ငွေဒိုင်းတွေ၊ အော် မချုပ်ရသေးတဲ့ အဝတ်စတစ်ခုတွေ့တယ်။ ကျွန်မ စာသင်ပေးတဲ့ ဆယ်တန်းကျောင်းသူလေးတစ်ယောက်က ကန်တော့ထားတာပါ။ စိန့်မိုက်ကယ်စလို့ ပြောတယ်။ ရောင်းလိုက်ရင် ဘယ်လောက်ရမလဲ။ ရောင်းစရာတွေကို ရှာဖွေကြည့်လိုက်တော့ သုံးလေးမျိုးလောက်တွေ့တယ်။ ဈေးကောင်းရမဲ့ ပစ္စည်းတွေတော့မဟုတ်ဘူး။ ဒါပေမဲ့ ဘယ်လောက်ပဲ ရရ ရောင်းရမယ်။ ကိုကြီးကို လေးစားပါတယ်။ ကိုကြီးအတွက်အင်္ကျီကိုလည်း ကျွန်မ မြတ်နိုးပါတယ်။ ဒါပေမဲ့ အရေးကြုံတော့ မတတ်နိုင်တော့ဘူး ကိုကြီးရယ်။

ပစ္စည်းလေးတွေ စုပြုံရောင်းချတာတောင် ငွေတစ်သောင်းမပြည့်ချင်ဘူး။ ဈေးနှိမ်ခံရတယ်။ ကျွန်မ နေ့လည်စာမစားတော့ဘဲ နေ့လည် ၂နာရီမှာ ဆေးရုံကို ပြေးရပါတယ်။

တိုးတိုး မသက်သာသေးဘူး။ မျက်လုံးလည်း ပွင့်မလာဘူး။ တိုးတိုးကိုရေပတ်တိုက်ပြီး အင်္ကျီလဲပေးလိုက်တယ်။ တိုးတိုးက လှတယ်လို့ ပြောတဲ့ ကျွန်မရဲ့ဝတ်စုံလေးပါ။

လိုအပ်တဲ့ဆေးဖိုးကို ကျွန်မ ပေးရတာ မလောက်ပါဘူး။ တော်ပါသေးရဲ့၊ ငွေမရှိမှန်း သိသွားလို့ ဆရာဝန်တွေ ဆရာမတွေက ရှိသမျှဆေးတွေကို တိုးတိုးအတွက် စိုက်ပြီး သုံးပေးထားပါတယ်။



'ပြီးရင် ဆေးရုံကို ပြန်လှူနော်'

'အို ဟုတ်ကဲ့ လှူမှာပါ'

ကလေးဆေးရုံမှာ ကလေးလူနာလေးတွေမှ အများကြီးပါပဲ။ ဝမ်းလျှောဝမ်းပျက်၊ အအေးမိအဆုပ်ရောင်၊ သွေးလွန်တုတ်ကွေး၊ အသဲရောင်အသားဝါ အများကြီး။

တချို့ကလေးလေးတွေဆေးရုံလာတက်တယ်။ နှစ်ရက်သုံးရက်လောက်ရှိပြီးတော့ အမေပြန်မလာတော့ဘူး။ ကလေးကိုဆေးရုံကပဲ မွေးထားလိုက်ရတော့တယ်။ ကျွန်မဖြင့် အမေဟာ ဆေးရုံကိုလာရင်းနဲ့များ ကားတိုက်ခံရသလား၊ တွေးပြီး စိတ်မကောင်းဖြစ်နေတယ်။ သူနာပြုဆရာမတွေကတော့ ဒေါသတွေထွက်လို့။

'ထားပစ်ခဲ့ပြန်ပြီ တစ်ယောက်'

သူတို့ကတော့ ကလေးကို တမင်ထားပစ်ခဲ့တာလို့ ကောက်ချက်ချတယ်။ တချို့ကျတော့လည်း ကလေးအခြေအနေကို ဆိုးမှန်းမသိ ကောင်းမှန်းမသိ။ ဆရာဝန်ဆီကိုလည်း ငွေမရှိလို့မသွားရဲ။ ရပ်ကွက်ထဲက ကွမ်းယာဆိုင်တို့ တိုလီမိုလီရောင်းတဲ့ဆိုင်တို့ကနေ ဝမ်းပိတ်ဆေး၊ အဖျားပြတ်ဆေးတွေ ဝယ်တိုက် လွန်မှ ရောက်လာ။

တိုးတိုးခုတင်နဲ့ကပ်လျက်မှာ ရောက်လာတာက နှစ်နှစ်သား ကလေးလေး။ ဝမ်းလျှောဝမ်းပျက်တာတဲ့။ ကလေးလေးက ပိန်ရှုံ့နေတာပဲ။ သူ့အမေကလည်း ဆံပင်စုပ်ဖွား။ သားအမိ နှစ်ယောက်လုံး နံဟောင်လို့။ ဆေးခန်းပြဖို့ ပိုက်ဆံမရှိလို့ သူ့အဖေ အလုပ်ပြန်တဲ့အထိ ကလေးကို ထိုင်ကြည့်ရင်း စောင့်နေသတဲ့။ ဆေးခန်းကိုသွားရင် ငွေနှစ်ထောင်တော့ ပါမှ ဖြစ်မှာကိုး။

'နင်တို့နော် မွေးချင်တိုင်းမွေးပြီး ကလေးတွေကို ဂရုမစိုက်ကြဘူး။ ကလေးက ရှော့ခ်တောင် ဝင်နေပြီ'

သူနာပြုဆရာမတွေ ကရုဏာဒေါသနဲ့အော်ရင်း ကလေးကို ဆေးရည်ပုလင်း သွင်းပေးဖို့ ကြိုးစားကြတယ်။ ဆရာဝန်ရော

www.burmeseclassic.com

www.burmeseclassic.com



၇။

ဆရာမရော လေးယောက် ဝိုင်းနေတယ်။ ကျွန်မလည်း တိုးတိုးကို ရေပတ်တိုက်ပေးနေရင်းက ငေးကြည့်နေမိတယ်။

သူတို့ ဆေးသွင်းလို့ မရဘူး။ လက်ရော ခြေထောက်ရော သွင်းဖို့ အပ်နဲ့ထိုးလိုက် ပြန်ထုတ်ယူလိုက် တခြားနေရာပြောင်းထိုးလိုက်။ မရဘူး။ သူ့အမေက မကြည့်ရက်လို့ မျက်နှာကို လက်နဲ့အုပ်နေတယ်၊ နောက်ဆုံးတော့ ခေါင်းကနေ ဆေးသွင်းရတယ်။ နားထင်ကြောလေးကနေ ရသွားတယ်။ ကလေးမြန်မြန်နေကောင်းပါစေ။

'ကလေးအမေ သေချာကြည့်ထားနော် အိပ်မပျော်နေနဲ့၊ ဒီနေရာမှာ ဖောင်းလာတာတို့ ယောင်လာတာတို့ ဖြစ်ရင် ချက်ချင်းလာပြော ကြားလား'

ပြီးတော့ အားမရပုံနဲ့ ကျွန်မဘက်ကို လှည့်ပြီး 'ညည်းက နည်းနည်းကူညီကြည့်ပေးလိုက်အေ' တဲ့။ ကျွန်မကို ကလေးမအေ ထက်ပိုပြီး အသိဉာဏ်ရှိတယ်လို့ ယူဆသလားမသိဘူး။

ဒါပေမဲ့ ကလေးအခြေအနေက တော်တော်ဆိုးရွားနေပြီမို့ ညသန်းခေါင်မတိုင်ခင်မှာပဲ ကလေးလေး အသက်ဆုံးသွားပါတယ်။ ယူကြုံးမရ ကြိတ်ငိုလိုက်တဲ့ ကလေးအမေရဲ့ ရှိုက်သံတွေက ကျွန်မနှလုံးသားကို တူကြီးကြီးတစ်ထုနဲ့ ထုနက်နေသလိုပဲ၊

သူ့ရှိုက်သံတစ်ချက် ကြားတိုင်း ကျွန်မ တိုးတိုးလက်လေးကို တစ်ခါ ဖျစ်ညှစ်ဆုပ်မိတယ်။

'အိပ်ချိုအိုင်ဗွီကူးစက်ခံကလေးတွေ ဂေဟာမှာ မင်း အလုပ်ဝင်ခဲ့တာ ဘယ်လောက်ကြာပြီလဲ'

'ငါးလကျော်ပါပြီ'

'ကလေး ဘယ်နှယောက်ရှိလဲ'

'ကလေး နှစ်ဆယ့်တစ်ယောက်ရှိပါတယ်'

'အားလုံးက အိပ်ချ်အိုင်ဗွီပေါ့ဇတစ်ဗ်တွေလား'

'အဲဒါတော့ ကျွန်မ အတိအကျမသိပါဘူး၊ နက်ဂတစ်ဗ်လဲပါတယ်လို့ ပြောတယ်။ ဘယ်သူက ပေါ့ဇတစ်ဗ် ဘယ်သူက နက်ဂတစ်ဗ်ဆိုတာ ကျွန်မ မသိပါဘူး။ ကလေးတွေအားလုံးက သိပ် ချစ်စရာ ကောင်းပါတယ်'

မစ္စတာဝုလ်ဖ်ဂန်းက ကျွန်မ၏လျှောက်လွှာကို နောက်တစ်ခေါက်ပြန်ဖတ်နေသည်။

'အလုပ်နေရာက ဝေးလား'

'သိပ်တော့မဝေးပါဘူး၊ ဘတ်စ်ကားနဲ့ဆိုရင် တစ်နာရီလောက် သွားရတယ်'

'မင်းတို့အဖွဲ့အစည်းက အစိုးရအဖွဲ့မဟုတ်ဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး။ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့ပါ'

'အဖွဲ့အစည်းတည်ဆောက်ပုံနဲ့ ရပ်တည်နေတာလား'

'ဟုတ်ကဲ့'

'ဒါဆိုရင် နဝမမြောက်မေးခွန်းကိုတော့ မင်း အသေအချာ ဖြေနိုင်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်'

ကျွန်မကတော့ မရေမရာ သူ့ကို တစ်ချက်ကြည့်မိသည်။

'ယုံကြည်မှုတည်ဆောက်ခြင်း ဆိုတဲ့ စကားလုံးကို မင်း ကြားဖူးလား'

'ဟုတ်ကဲ့ ကြားဖူးပါတယ်'

ယုံကြည်မှုတည်ဆောက်ခြင်း ဆိုသောစကားမှာ အခု ကျွန်မ လုပ်နေသော အဖွဲ့အစည်းတွင် အမှုဆောင်အဖွဲ့ဝင်များ အရေးတကြီး ဆွေးနွေးပြောဆိုနေကြသောစကားလုံး ဖြစ်သည်။

'ကောင်းပြီ ဒါဖြင့် ယုံကြည်မှုအကြောင်းကို ငါ့ကို မင်း သိသမျှ ပြောပြစမ်းပါ။ ဘာကြောင့် ယုံကြည်မှုက အရေးကြီးတာလဲ'

ကျွန်မ ဘယ်ကနေ စပြီး ပြောရမှန်းမသိပါ။ သိသလိုလိုနှင့် ဝေဝါးဝါးသာ ပြောနိုင်သောစကားတွေ အဓိပ္ပါယ်တွေ များလှသည်။ စကားလုံးရွေးချယ်မှုနှင့် အစီအစဉ်ကို ကျွန်မ ခဏစဉ်းစားကြည့်ဖို့ လိုပါလိမ့်မည်။

'ဒီလိုလုပ်ကွာ ယုံကြည်မှုဆိုတာ ဘာလဲ။ ယုံကြည်မှုရဲ့ အကျိုးကျေးဇူးတွေက ဘာလဲ။ ဒီအဆင့်တွေကို ကျော်လိုက်ကြရအောင်'

ကျွန်မက ကျွန်မသိသော တခြားဆင်တူရိုးမှားစကားလုံးတွေကို ရေရွတ်မည်လုပ်တုန်းမှာ မေးခွန်း၏ဦးတည်ရာ ပြောင်းသွားပြန်၏။

အဲဒါ ဒုက္ခပဲ။



'ယုံကြည်မှုကို ဘယ်လိုတည်ဆောက်သလဲဆိုတာပဲ ပြော'

'ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲ့ ပထမဆုံး စပြီး တည်ဆောက်ရပါမယ်'

ကျွန်မ ထိုစကားကို စပြောလိုက်ချိန်မှာ အကြီးလူက မျက်ခုံးပင့်လိုက်ပြီး အငယ်လူက လေတစ်ချက်ချွန် လိုက်ပါသည်။ ကျွန်မ အားတက်သွားသည်။

'ကိုယ့်ကိုယ်ကိုယုံကြည်မှ သူများက ယုံကြည်ထိုက်သူလို့ မြင်ခံရမှာပါ။ ကိုယ့်ကိုယ်ကို မယုံကြည်တဲ့သူက သူများကိုလည်း မယုံကြည်ဘူး၊ သူများကလည်း ကိုယ့်ကို မယုံကြည်နိုင်ပါဘူး၊ အဲဒီ ယုံကြည်မှုမျိုးရမှ တစ်ယောက်နဲ့တစ်ယောက်ပေါင်းသင်း ဆက်ဆံရေးဆိုင်ရာ ယုံကြည်မှုကို တည်ဆောက်ယူနိုင်ပါလိမ့်မယ်။ အဲဒီက နေမှ အလွန်ကောင်းတဲ့ ရလဒ်ကို ရမယ်၊ နေလို့ထိုင်လို့ကောင်းတဲ့ အသိုက်အမြုံလေးတစ်ခုအဖြစ် ဖန်တီးပေးတယ်။ မိသားစုချင်း မိတ်ဆွေချင်း အသင်းအဖွဲ့သားအချင်းချင်း ယုံကြည်မှုက အောင်မြင်မှုဆီ တွန်းပို့ပေးတယ်၊ ယုံကြည်မှုဆိုတာ မရှိရင် အဲဒီလူ့အဖွဲ့အစည်းဟာ မကြာခင် ပြိုကွဲပျက်စီးမှာပဲ'

သူ ဘာကို လိုချင်မှန်းမသိသဖြင့် ယေဘုယျသဘောကိုသာ ပြောလိုက်မိသည်။ အဲသည်စကားကိုပင် သူက တအံ့တသြဖြစ်သွား၏။

သူ့အံ့သြမှုကို သူ မဖုံးကွယ်ပါ။

'သိပ်ကောင်းတာပဲ'

ကျွန်မ သူ့ထံမှ ချီးကျူးစကားကို ကြားလိုက်ရသဖြင့် ကိုယ့်နားကိုတောင် မယုံချင်သလိုဖြစ်သွား၏။

ဘာတွေများ တိုက်ဆိုင်ကုန်ပါလိမ့်၊ သူက ကျွန်မကို ချီးကျူးဖူးတာမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'မင်း စတီဗင်ကိုဘေးရဲ့ နောက်ဆုံးထုတ်စာအုပ်ကို ဖတ်ထားသလား'

မစ္စတာဝုလ်ဖ်ဂန်းက တစ်ခါမှ ကျွန်မ မကြားဖူးသည့် အင်္ဂလိပ်နာမည်နှင့် စာရေးဆရာအကြောင်းမေးတော့ ကျွန်မ ရယ်ချင်သွား၏။

'ဟင့်အင်း'

'အေး မဖြစ်နိုင်ပါဘူး။ ဒီစာအုပ်က အရင်လကမှ ဆိုင်ပေါ်ရောက်တာ'

သူ မျက်မှောင်ကြုတ်ပြီး ပြုံးပါသည်။

'ဒါဖြင့် မင်း ယုံကြည်မှုရဲ့ လှိုင်းငါးဆင့်ဆိုတာကို မသိနိုင်ပါဘူး။ သိလား'

'ကျွန်မ ကြားဖူးနေပါတယ်'

'ဘယ်ကနေ ကြားဖူးတာလဲ'

'ကျွန်မတို့မြန်မာနိုင်ငံမှာ အလွန်နာမည်ကြီးတဲ့ စီးပွားရေးပါရဂူတစ်ယောက်ရှိတယ်။ သူ့နာမည်က ဒေါက်တာအောင်ထွန်းသက်တဲ့။ သူက မြန်မာပြည်ကို ပြန်လာရင် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ကျောင်းတွေမှာ ဟောပြောပွဲတွေလုပ်ပါတယ်။ မကြာခင်က ကျွန်မ သွားနားထောင်ဖူးတယ်။ အဲဒီနေ့က သူက ယုံကြည်မှုတည်ဆောက်ခြင်းအကြောင်း ဟောတာပါ'

သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ရယ်မောလိုက်ကြသည်။ ရယ်မောပုံက လွတ်လပ်ပေါ့ပါးနေသဖြင့် ကျွန်မပါ သူတို့နှင့်အတူ ရယ်မိသွား၏။

သည်လိုဆိုတော့လည်း လောကကြီးက သိပ်မဆိုးလှပါဘူးနော်။

'ဒါဖြင့် အဲဒီပုဂ္ဂိုလ်ရဲ့ဟောပြောပွဲကို ခေါင်းစဉ်ကို သိပြီးမှ



သွားတာလား။ ဟိုရောက်မှ ခေါင်းစဉ်ကို သိတာလား'

'ခေါင်းစဉ်ကို သိပြီးမှ သွားတာပါ'

'ဒီခေါင်းစဉ်ကို မင်း ဘာဖြစ်လို့ စိတ်ဝင်စားတာလဲ'

'ကျွန်မရဲ့ တစ်ဦးတစ်ယောက်အပေါ် ထားတဲ့ ယုံကြည်မှုပြိုကွဲသွားတာကို နာကျင်အောင်ခံစားရဖူးတယ်။ အဲဒီလိုပဲ သူများက ကိုယ့်အပေါ်မှာ ယုံကြည်ထားသမျှ အကုန်ဖျက်ပြယ်သွားရတဲ့ ခါးသည်း တုန်လှုပ်မှုကိုလည်း ခံစားရဖူးပါတယ်။ ကျွန်မ ကိုယ့်ကိုယ်ကို ယုံကြည်ထိုက်သူအဖြစ် ပြန်တည်ဆောက်ယူချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းအမှတ် တစ်ဆယ်

ယုံကြည်မှုတည်ဆောက်ခြင်းဆိုတာ ဘာလဲ။
ယုံကြည်မှုကို ဘယ်လို တည်ဆောက်ရသလဲ

ကျွန်မ ဂေဟာကိုရောက်ပြီး တစ်ပတ်အတွင်းမှာပဲ သန့်ရှင်းရေးဝန်ထမ်းအဖြစ်ကနေ ရုံးစတာပ်ဖ်ဆိုတဲ့ ရာထူးကို တိုးသွားတယ်။ ကျွန်မတို့ ဂေဟာကို နေ့တိုင်းလာတဲ့ ဧည့်သည်တွေ အလှူရှင်တွေထဲမှာ နိုင်ငံခြားသားတွေလည်း ပါတတ်တာကိုး။ တစ်ခါတုန်းက အမှုဆောင်အဖွဲ့ဝင်တွေ တစ်ယောက်မှ မရှိတုန်း စကော့တ်လူမျိုးဧည့်သည်အမျိုးသမီးကြီးတစ်ယောက် ရောက်လာတယ်။ ဘယ်သူမှ အင်္ဂလိပ်လို ရေရေရာရာမပြောတတ်ဘူး။ အဘွားကြီးသိချင်လို့ မေးတာကို လိုက်ပို့ပေးတဲ့ သူ့မိတ်ဆွေက မြန်မာလိုမေး အဘွားကြီးကို အင်္ဂလိပ်လို ပြန်ပြော၊ လုပ်နေရတာ ကျွန်မကြားတယ်။ ဒါပေမဲ့ ဒါ ကျွန်မနဲ့ မဆိုင်ဘူးဆိုပြီး အဝတ်ပဲ ထိုင်လျှော်နေခဲ့တာပါ။ အဲဒီနေ့က မီးမလာလို့ အဝတ်လျှော်စက်နဲ့ လျှော်မရဘူး။ ကျွန်မ ဇလုံကြီးထဲမှာ ကလေးအဝတ်တွေထည့်စိမ်ပြီး လက်နဲ့လျှော်နေတဲ့နေရာကို ဧည့်သည်အဘွားကြီးရောက်လာတယ်။

'အို အဝတ်တွေအများကြီးပါလား' တဲ့။ ရေရွတ်တာယ်။ ကျွန်မလည်း ပြုံးပြီး ခေါင်းညိတ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဝတ်လျှော်စက်မရှိဘူးလား' လို့ သူက ကျွန်မကို ကြည့်ပြီး မေးတယ်။ အတူပါတဲ့ ကားမောင်းသူအမျိုးသားက ကျွန်မကို မြန်မာလို မမေးရသေးခင်မှာပဲ ကျွန်မက အဝတ်လျှော်စက်ရှိပါတယ်၊ ဒါပေမဲ့ မီးပြတ်နေတယ်လို့ ဖြေလိုက်တယ်။

ဒီလို အင်္ဂလိပ်စကားပြောရတာ ဒါ ပထမအကြိမ် မဟုတ်ပါဘူး။ ဓာတ်ပုံဆိုင်မှာ အလုပ်လုပ်တုန်းက မြို့ထဲဆိုတော့ နိုင်ငံခြားသားတွေ အလုပ်လာအပ်တာတို့ ဘာတို့ တစ်ခါတစ်ခါ ကြုံရတယ်။ အဲဒီအခါမျိုးမှာ ကျွန်မပဲ ဒိုင်ခံဖြေရတယ်၊ တချို့လူတွေက အင်္ဂလိပ်စကားပြောရမှာ မရဲဘူး။ ကျွန်မကတော့ မရှက်ပါဘူး။ ကိုယ်သိသလို ဖြေလိုက်တာပဲ၊ ကျွန်မ အသုံးအနှုန်းမှားသွားရင် တချို့ သဘောကောင်းတဲ့ ဧည့်သည်က 'ဒါကို ဆိုလိုတာမဟုတ်လား' လို့ လမ်းကြောင်းပြီး ပြန်မေးပေးတတ်တယ်။ ကျွန်မက မှတ်ထားပြီး နောက်တစ်ခါကျတော့ အသုံးအနှုန်း ပြန်ပြင်ရပါတယ်။

စကော့တ်အမျိုးသမီးကြီးကတော့ ကျွန်မ အင်္ဂလိပ်စကားပြောတတ်တာကို သိပ်သဘောကျသွားပြီး သူသိချင်သမျှတွေကို ကျွန်မနဲ့ တိုက်ရိုက်မေးတော့တာပဲ။ ကလေးတွေရဲ့ကျန်းမာရေး၊ အစားအသောက်၊ ဆေးတိုက်တဲ့အချိန်၊ စာသင်တဲ့အချိန် သူတို့က စေ့စေ့စပ်စပ်မေးတတ်တယ်၊ အကွက်စေ့အောင် စပ်စုတတ်တယ်။

အဲဒီအကြောင်းကို အငြိမ်းစားအပြာဝတ်စတာပ်ဖ်နာ့စ် အန်တီကြီးနဲ့ သူနာပြုအကူအစ်မတွေက အမှုဆောင်အဖွဲ့ဝင်တွေ လာတော့ အားရပါးရပြောပြကြတယ်။ ဒီလိုနဲ့ပဲ ကျွန်မကို ရုံးခန်းမှာ ထိုင်ပြီး ဧည့်သည်နဲ့တိုက်ရိုက်တွေ့ရ လက်ခံရတဲ့ရာထူးကို မြှင့်ပေးလိုက်တော့တာပဲ။

အဲဒီနောက်မှာ ကျွန်မတာဝန်က ပိုကြီးသွားတယ်။ အလှူငွေတွေ လက်ခံရတယ်၊ လက်ခံဖြတ်ပိုင်းတွေ အလှူရှင်ဂုဏ်ပြုလွှာ



တွေ ရေးရတယ်၊ စာရင်းဇယားတွေ ပြုစုရတယ်။ ငွေကိုင်နေရတော့ အမှုဆောင်တွေမလာရင် ရင်ခုန်နေရတယ်။ ဘဏ္ဍာရေးမှူး မလာရင် နီးနီးနားနား အမှုဆောင်အဖွဲ့ဝင်ဒေါက်တာမိမိဆီကို သွားအပ်ရတယ်။

ကျွန်မကိုယ်တိုင် ဂေဟာမှာ နေထိုင်ရတာမို့ တိုးတိုးကို ခေါ်ထားခွင့်က မရပြန်တော့ ဂေဟာက ကလေးကြီးတွေ ကျောင်းတက်တဲ့ ဝိသာခါသီလရှင်ကျောင်းမှာ ပို့ထားလိုက်တယ်။ ဝိသာခါသီလရှင်ကျောင်းက မိဘမဲ့ မိန်းကလေးတွေကို ကျောင်းအိပ်ကျောင်းစား စာသင်ပေးပါတယ်၊ တိုးတိုး အဲဒီမှာ စားစရာလည်းမပူရ၊ စာတောင် သင်ခွင့်ရသေးတယ်၊ တိုးတိုးအတွက်လည်း ကျွန်မ စိတ်ချသွားရပါတယ်။ ကျွန်မရှာအတွက် လုပ်ပေးချင်သမျှ အလုပ်တွေကို ဒီကကလေးတွေနဲ့ တိုးတိုးကို ကူညီပြုစုပေးရင်းနဲ့ အစားထိုး နှစ်သိမ့်နေရတယ်၊

ဂေဟာမှာ ကျွန်မ အလုပ်ဝင်လို့ လေးလလောက် အကြာမှာတော့ မမျှော်လင့်တဲ့ ဧည့်သည်တစ်ယောက် ဂေဟာကို ရောက်လာပါတယ်။

အဲဒီနေ့က သူနာပြုအကူညီမလေးတစ်ယောက် သူ့ရွာကို ခဏပြန်သွားလို့ ကျွန်မက ရုံးခန်းကနေ အိမ်နောက်ဖေးမှာ အဝတ်တွေ လှန်းပေးနေတယ်၊ ကျွန်မတို့ ဂေဟာ ခြံပိုင်းအကျယ်ကြီးရဲ့ ခြံတံခါးရှေ့မှာ ကားဟွန်းသံကြားလို့ ကျွန်မ အဝတ်လှန်းရာကနေ လှမ်းကြည့်လိုက်တော့ အဖြူရောင်ဆလွန်းကားတစ်စီး၊ ကျွန်မက ကားတွေရဲ့ ဟွန်းသံကို မခွဲခြားတတ်သေးပါဘူး။ ဂေဟာက ကလေးအကြီးတချို့တောင် ဒါ အန်တီစုကား၊ ဒါ အန်တီမို့ကား စသဖြင့် မှတ်မိနေပြီ၊ ကျွန်မက မမှတ်မိဘူး။ အခုဟွန်းတီးလိုက်တဲ့ကားကိုလည်း အန်တီစုကားလို့ပဲ ထင်တာ၊ အန်တီစုကားကလည်း အဖြူ

www.burmeseclassic.com

www.burmeseclassic.com



ကိုး။ ကလေးအကြီးတွေ စာသင်နေတုန်းအချိန်မို့ ခြံတံခါးဆီ ကျွန်မ အပြေးအလွှား သွားပြီး ဖွင့်ပေးလိုက်ပါတယ်။

ကားလေးခြံဝန်းထဲကို မောင်းဝင်လာတဲ့အချိန်မှာ ကား မောင်းတဲ့အမျိုးသမီးဟာ အန်တီစုမဟုတ်ဘူးဆိုတာတော့ သတိထား မိ တယ်။ ကားဝင်ပြီးတဲ့နောက် ကျွန်မ တံခါးကို ဒီအတိုင်းပဲ စေ့ထား လိုက်တယ်။ သော့ပြန်မခပ်တော့ဘူး။ ဧည့်သည်ကားဆိုတော့ ကြာ ကြာနေမှာ မဟုတ်ဘူးလေ။ အဝတ်လျှန်းလက်စကို ထားခဲ့ပြီး ရုံးခန်း ဆီကို ဧည့်သည်ကို ခေါ်ယူဖို့ ကားနားကို ကပ်သွားတဲ့အခါကျမှ ကျွန်မ အံ့ဩတကြီးဖြစ်ရတော့တယ်။

ကားတံခါးဖွင့်ပြီး ဆင်းလိုက်တဲ့သူက စိမ်းပြာရောင် ဖျော့ ဖျော့ပါတိတ် အထက်အောက်ဆင်တူ ဝတ်စုံနဲ့ အမျိုးသမီးတစ် ယောက်။ သူ့ဆံပင်တွေကို ကျွန်မ အရင်မှတ်မိတာပါ။ ဖြန့်ချထားရင် လည်ကုပ်လောက်ပဲရှိတဲ့ ဆံပင်တွေက နက်မှောင်ပြီး ဘေးဘက်ကို ကော့နေတာ။ အဲဒီဆံပင်တွေကို ကျွန်မ မကြာခဏ စိတ်ရှည် လက် ရှည် ဖြီးသင် ပေးခဲ့ဖူးပါတယ်။

'မမမြတ်'

ကျွန်မကို ဒီမှာတွေ့ဖို့ မမမြတ်မျှော်လင့်မထားလို့ တအား အံ့ဩသွားလိုက်တာ။

'ဟယ်တော့ အေးငြိမ်း ကြည့်စမ်း'

ကျွန်မကို ပခုံးနှစ်ဘက်ကနေ တွန်းကိုင်ပြီး လက်တစ်ဆန့် ထားရင်း ခြေဆုံးခေါင်းဆုံး ကြည့်နေလိုက်တဲ့ မမမြတ်ဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က စလင်းမှာ ကျွန်မကို ဆိုက်ကယ်နောက်မှာ တင်ခေါ် ပြီး ဘုန်းကြီးတရားပွဲအတွက် မင်းဘူး မကွေးကို ခွင့်ပြုမိန့်တွေ လိုက် ယူနေတဲ့ တရားသူကြီး ဒေါ်မြတ်ကောင်းမွန်ပါပဲ။ ဘာဆို ဘာမှမ ပြောင်းလဲဘူး။



'အေးငြိမ်း ညည်း ဒီမှာ ဘာလုပ်နေတာလဲ'

'ကျွန်တော် ဒီမှာ ရုံးစတပ်ပ်လေ မမ။ လေးလရှိပြီ'

'အို ဟန်ကျလိုက်တာ။ လာလာ မမမြတ်ရဲ့သူငယ်ချင်းက နိုင်ငံခြားက ခဏပြန်လာတာလေ။ သူက ဒီကို ငွေလှူချင်တယ်ဆို လို့ နေရာကို မနည်းရှာပြီး လိုက်ပို့ရတာ။ လာ အောင်ခက်'

ကားထဲကနေ ထွက်လာတဲ့ ဘောင်းဘီရှည်နဲ့ နေမထိ လေ မထိ အသားအရေပိုင်ရှင် အမျိုးသားတစ်ယောက်က ကျွန်မတို့ကို ပြုံးကြည့်ပါတယ်။ နေကာမျက်မှန်ကို ချွတ်လိုက်တော့ စူးရှမဲနက်တဲ့ မျက်လုံးတွေ။ အဲဒီမျက်လုံးတွေက မမမြတ်ကိုကြည့်တဲ့အကြည့်က ပိုင်စိုးပိုင်နင်း။ အဲဒီမျက်လုံးတွေကို ကျွန်မ မကြိုက်လိုက်တာ။

သူတို့နှစ်ယောက် တော်တော်ရင်းနှီးပုံပါပဲ။ ရုံးခန်းထဲကို ဝင်လိုက်လာပြီး အလှူငွေတွေအကြောင်း၊ ကလေးတွေရဲ့အခြေအနေ အကြောင်း ကျွန်မတို့ ပြောဖြစ်ကြတယ်။ မမမြတ်ရဲ့စကားကို နား ထောင်ရင်း ကျွန်မ မမမြတ်ရဲ့မျက်လုံးတွေကို အသေအချာ အကဲ ခတ်နေမိပါတယ်။ ကျွန်မနဲ့မမမြတ်ကို ဆက်သွယ်ပေးခဲ့တဲ့ကြိုးတွေ က သုံးမျိုးရှိတယ်။ မနွေးခင်က ပထမဆုံးကြိုး။ ဆရာဝန်ကြီးက ဒုတိယကြိုး။ နောက်ဆုံးကြိုးတစ်ချောင်းကတော့ ကျွန်မနဲ့ မမမြတ် အကြားက အခိုင်မြဲဆုံးကြိုး ဖြစ်ပါလိမ့်မယ်။

အခုချိန်မှာ ကျွန်မ အသိချင်ဆုံးမေးခွန်းက မမမြတ် ကျွန်မအကြောင်းကို ဘယ်လောက်သိထားသလဲဆိုတာပါပဲ။ မမမြတ် က တရားသူကြီးပဲ။ မျက်လုံးတွေကို သိပ်ထိန်းချုပ်တတ်တာပေါ့။ မမမြတ်ကို ကျွန်မ ဘယ်တုန်းကမှ အကဲမခတ်နိုင်ခဲ့ပါဘူး။

မမမြတ်မိတ်ဆွေအတွက် ကျွန်မ အလှူငွေလက်ခံတဲ့ဖြတ် ပိုင်းမှာ ဖြည့်စွက်ရေးပေးနေတုန်း အဲဒီလူက ကလေးတွေကို ကြည့် ချင်တယ်ဆိုလို့ သူနာပြုအကူအစ်မတစ်ယောက်နဲ့ အခန်းတွေဆီ

www.burmeseclassic.com

www.burmeseclassic.com



ထည့်လွှတ်လိုက်တယ်။ မမမြတ်က သွားနှင့် ငါလိုက်ခဲ့မယ် တဲ့။ ပြီးတော့ ကျွန်မစားပွဲရှေ့မှာ မတ်တတ်လာရပ်တယ်။

'မတွေ့ရတာ ကြာပြီ အေးငြိမ်း။ တို့ဆီကို ဖုန်းဆက်ပါဦး။ ရော့ ဖုန်းနံပါတ်'

မမမြတ်ပေးတဲ့ နံပါတ်က ရန်ကုန်နံပါတ်တစ်ခု၊ ပြီးတော့ နယ်နံပါတ်တစ်ခု။ အဲဒါစလင်းဖုံးနံပါတ်မဟုတ်ဘူး။ ကျွန်မ မမမြတ်ကို မော့ကြည့်လိုက်မိတယ်။

'တို့ စလင်းကနေ ပြောင်းရပြီလေ'

'အော် ဟုတ်ကဲ့ မမ။ ရန်ကုန်နံပါတ်ကရော'

တွန့်ဆုတ်တဲ့လေသံနဲ့ ကျွန်မမေးလိုက်တော့ မမမြတ်က ပြုံးတယ်။

'အဲဒါက အမေတို့အဖေတို့ နေတဲ့အိမ်လေ။ မမမြတ် စနေ နေ့မှာ နယ်ပြန်မှာ။ ဒီကြားထဲ အေးအေးဆေးဆေး စကားပြောကြ ရအောင်။ အေးငြိမ်းရည်းရွယ်ချက်တွေ ဘယ်လိုအနေအထားရှိလဲ'

'ကျွန်တော့်ရည်ရွယ်ချက်တွေ ဘာမှမကျန်အောင် ပျောက် သွားပြီ မမမြတ်ရဲ့။ အခု ဒီနေရာမှာ နေရတာ အဆင်ပြေပါတယ်'

'အို ဘယ်ဟုတ်မလဲ ဒီလောက် တက်ကြွတဲ့မိန်းကလေး'

'မမမြတ်မသိပါဘူး။ အခု ကျွန်တော် ကိုယ့်ကိုယ်ကိုလည်း မယုံကြည် ဘယ်သူ့ကိုမှလည်း မယုံကြည်နိုင်တော့ဘူး'

'အိုး အဲဒါကတော့ သိပ်ဆိုးတဲ့ ခံစားချက်ပဲ'

မမမြတ်က ဘာစကားမှ မပြောတော့ဘဲ တိတ်ဆိတ်သွား ပါ တယ်။ ပြီးတော့ ကလေးတွေရှိရာ အိပ်ခန်းဆောင်တွေထဲကို လိုက် သွားတယ်။ ကျွန်မ မမမြတ်နောက် လိုက်ရမလား။ နေခဲ့ရမလား။ ဝေခွဲမရဘူး။ လိုက်သွားရင် အနှောင့်အယှက်ဖြစ်မလား။ မလိုက် တော့ပါဘူးလေ။ လိုက်ဖြစ်ရင် မမမြတ်ကို မေးခွန်းတွေ မေးမိတော့



မှာ။ ဟင့်အင်း ကျွန်မ ဘာမှ မသိချင်ပါဘူး။ ဘာမှမသိတာ ကောင်း ပါတယ်။

ခဏပဲကြာပြီး မမမြတ်တို့ ရုံးခန်းရှေ့ပြန်ရောက်လာတယ်၊ ပြန်ကြတော့မှာလားမသိဘူး။ ကျွန်မရင်ထဲမှာ ဟာခနဲလွင့်သွား တယ်။ မမမြတ်ပြောမဲ့စကားတွေကို ကျွန်မ နားထောင်ချင်တယ်၊ ကျွန်မ အုတ်လှေခါးထစ်သုံးထစ်ကို ခပ်သွက်သွက် ဆင်းပြီး မမတို့ဆီ အပြေးသွားမိတယ်။

'ပြန်တော့မှာလားဟင် မမမြတ်'

'အေး ညည့်သည်ကို နေ့လည်စာထမင်းလိုက်ကျွေးရဦးမယ်'

သေချာပါတယ်။ မမမြတ် ကျွန်မကို ဘာမှ ပြောမှာမဟုတ် တော့ဘူး။

'အေးငြိမ်း နားရက်ရှိလား'

'ဟုတ်ကဲ့ တစ်ပတ်မှာ တစ်ရက် နားခွင့်ရှိတယ်'

'အပြင်တွေ ဘာတွေ ထွက်လည်တတ်လား'

'လည်စရာတော့ မရှိပါဘူး မမမြတ် တောင်ဒဂုံက ဝိသာ ခါ သီလရှင်ကျောင်းကို တစ်ပတ်တစ်ခါ သွားဖြစ်တယ်'

'စမ်းချောင်းကို သိလား'

'ဟုတ် သိပါတယ်'

'တို့မိဘတွေက စမ်းချောင်းမှာ တိုက်ခန်းဝယ်ထားတာလေ'

'အို ဒါဖြင့် ဟိုးတစ်ခါ ရွှေမန်းရုံနားမှာ တစ်မနက်ခင်းက တွေ့လိုက်တာ မမမြတ်ပဲပေါ့။ အဲဒီတုန်းက ကျွန်တော် ဘတ်စ်ကား ပေါ်ကနေ အတင်းပြေးဆင်းတာ မမမြတ်ကို မမီလိုက်ဘူး'

'အော် ဟုတ်လား အေး ဖြစ်နိုင်တာပေါ့။ ဘာဖြစ်လို့တွေ့ ချင်တာလဲ။ စလင်းကိုတော့ ဖုန်းလည်း မဆက် စာလည်းမရေး ခြေရာဖျောက်သွားခဲ့ပြီးခါမှ'

ကျွန်မ ပြန်မဖြေနိုင်ဘဲ ရယ်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာဝန်ကြီးဆီ တိုဖုန်းဆက်တိုင်းမေးနေတာပါ။ အေးငြိမ်းဆီက အဆက်အသွယ်ရလားလို့'

ကျွန်မမျက်နှာနွေးပူသွားပါတယ်။ ဆရာဝန်ကြီးအပေါ် ကျွန်မ တာဝန်မကျေခဲ့ပါဘူး။

'ညည်း ဒေါ်လတ်ကိုတော့ ရှိရှိသေသေ အသိပေးပြီးမှ ထွက် သွားသင့်တာ။ ဒေါ်လတ်က ညည်းကို စိတ်တွေပူလို့၊ ဖောင်းလင်း လိုက်သွားပြီး ညည်းမရှိတော့ လူပျောက်တိုင် မကျွေးလိုက်စုံစမ်း။ အို သူ့ခမျာ သွေးပေါင်တွေတောင် တက်ယူရတယ်။ ညည်း တော်တော်ဆိုးတဲ့ ကလေးပါလား'

မမမြတ်က အပြုံးမပျက်ပြောပေမဲ့ အပြစ်တင်နေတာပါ။

'ကျွန်တော် ဆရာဝန်ကြီးဆီ တောင်းပန်တဲ့စာရေးလိုက်ပါမယ် မမမြတ်'

'ရေးလိုက်ပါမယ်။ ဘယ်ကိုရေးမှာလဲ ဆရာဝန်ကြီး အခု စလင်းမှာမှ မရှိတော့ဘဲ။ ပြောင်းသွားပြီလေ'

မမမြတ်က မျက်စောင်းထိုးတယ်။ သူမျက်စောင်းထိုးရင် တအားချစ်စရာကောင်းတာ။ ကလေးမလေးငယ်ငယ်လေးလိုပဲ။

မမမြတ်က သူ့စလင်းဘက်အိတ်ထဲက လိပ်စာကပ်လေး နှစ်ခုကို ထုတ်ပေးတယ်။ တစ်ခုက မမမြတ်ရဲ့ ရန်ကုန်အိမ် လိပ်စာကပ်။ နောက်တစ်ခုက ဆရာဝန်ကြီးဒေါက်တာဒေါ်ခင်အေးလတ်ရဲ့ လိပ်စာ။

'ကျေးဇူးအများကြီးတင်ပါတယ် မမမြတ်ရယ်။ ကျွန်တော် မမမြတ်ဆီ လာခဲ့ပါဦးမယ်'

မမမြတ်ကားထဲကို ဝင်သွားတော့မှ ကျွန်မ ခြံဝန်းတံခါးကို သွားဖွင့်ပေးလိုက်တယ်။ ဟိုလူက မမမြတ်ဘေးထိုင်ခုံမှာပဲ ဝင်ထိုင်တယ်။ ကြည့်ပါဦး။ မမမြတ်ကပဲ ကားမောင်းပို့ရတယ်။ သူက မ



မောင်းဘူးလား။ အင်းလေ။ နိုင်ငံခြားကလာတဲ့လူဆိုတော့ မြန်မာပြည်မှာ ကားမမောင်းတတ်ဘူးဖြစ်မှာပေါ့။ ကျွန်မ ခြံတံခါးကို အကျယ်ကြီးဆွဲဖွင့်ပေးလိုက်တယ်။ မမမြတ်က ကားစတီယာရင်ကို လက်တစ်ဘက်တည်းနဲ့ကိုင်ပြီး လက်တစ်ဘက်က စလင်းဘက်အိတ်ထဲ နှိုက်ယူလိုက်တယ်။ လက်ပြန်ထုတ်လိုက်တော့ နေကာမျက်မှန်တစ်လက်ပါလာတယ်။ အညိုနုရောင်မှန်နဲ့ ကိုင်းက ညိုမဲနေတဲ့ ခပ်လျားလျားနေကာမျက်မှန် ကြီးကြီး။

ကျွန်မ အဲဒီမျက်မှန်ကို ချက်ချင်း မှတ်မိတယ်။ မှတ်မိတာနဲ့ တစ်ပြိုင်တည်း ရင်ထဲမှာ ဝေဒနာနှစ်ခုကို တစ်ပြိုင်တည်း ခံစားလိုက်ရတယ်။ တစ်ခုက ကြည်နူးမှု၊ နောက်တစ်ခုက နာကျင်ဝမ်းနည်းမှု။

မမမြတ်က မျက်မှန်ကို တပ်လိုက်ပြီးတော့ ကျွန်မဘက် လှည့်ကြည့်တယ်။

'ကဲ သွားပြီ တာ့တာ'

မမမြတ်က ခပ်နောက်နောက်အမူအရာနဲ့ ကျွန်မကို လက်ပြတယ်။ ပထမတော့ မမေးတော့ဘူးလို့ပါပဲ။ မျက်မှန်လေးကို မြင်လိုက်တော့ မေးချင်တဲ့စိတ်ကို တားလို့မရတော့ဘူး။ ကားလေး ဘီးလိမ့်သွားတဲ့အချိန်မှာပဲ စကားတစ်ခွန်းက တားဆီးလို့မရတော့ဘဲ နှုတ် ခမ်းဖျားဆီ ရောက်လာတယ်။

'ကိုကြီးနဲ့တွေ့လားဟင် မမမြတ်'

ကားနောက်ကနေ အပြေးလိုက်ပြီး မေးလိုက်မိတဲ့ ကျွန်မ အသံဟာ အားငယ်မှုတွေ သိမ်ငယ်မှုတွေနဲ့ တိုးတိမ်နေခဲ့ပါတယ်။

မမမြတ်က ကားကို ခဏ ဘရိတ်အုပ် ရပ်လိုက်ပြီး ကား တံခါးကနေ ခေါင်းပြူကြည့်ရင်း ပြောပါတယ်။

'နိုး ပါ'

www.burmeseclassic.com

www.burmeseclassic.com



'အော်'

'ယုံကြည်မှုပြိုကွဲတယ်ဆိုတာ အေးငြိမ်း ခံစားဖူးလား'

ဘုရား ဘုရား မမမြတ်ရယ်။ ကျွန်မကိုမှ ဒီမေးခွန်း မေးရက်သလား။ ကျွန်မ ခေါင်းမညိတ် ခေါင်းမခါဘဲ တွေဝေ ငေးကြည့်နေမိပါတယ်။

'သိပ်ဆိုးတဲ့ဝေဒနာပဲ။ ဘာနဲ့မှ မတူဘူး'

မမမြတ်က ပြောရင်းကနေ မျက်နှာကို တစ်ချက် ဆတ်ခနဲ ခါလိုက်တယ်။ အဲဒါ မမမြတ်လုပ်နေကျအမူအရာပဲ။ တစ်ခုခုကို အားတင်းချင်ရင် သူလုပ်နေကျအမူအရာပဲ။

'အော် ဒါနဲ့ အေးငြိမ်း၊ တို့မပြောင်းခင် စလင်းမှာ နောက်ဆုံး ရတဲ့အမှုက တအားဆန်းတယ် ဘာလို့ ထင်လဲ'

ကျွန်မ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတယ်။ ဟင့်အင်း အဲဒါကိုတော့ ကျွန်မ မကြားချင်ဘူး။ မပြောပါနဲ့မမမြတ်ရယ်။ မမမြတ် တမင် ပြောတာဖြစ်မယ်။ ကျွန်မ နောက်ကိုဆုတ်ပြီး ရပ်လိုက်မိတယ်။

'ဟင့်အင်း မပြောပါနဲ့ မသိချင်ဘူး မမ'

ဒါပေမဲ့ မမမြတ်က ကားဘီး လှိမ့်ထွက်ရင်း ပြောဖြစ်အောင် ပြောသွားတယ်။

'အမှုကို မသိချင်ပေမဲ့ တရားခံကိုတော့ သိမှဖြစ်မယ်'

ဘယ်နာမည်ကို ပြောတော့မယ်ဆိုတာ လျှပ်စီးလက်သလို ဝင်းခနဲလက်ခနဲ သိလိုက်ပါပြီ။

'ထင်လင်း'

ဟင့်အင်း မဟုတ်ဘူး။

မမမြတ် ကားမှန်ကို တင်လိုက်ပြီးတော့ မောင်းထွက်သွားပါတယ်။ ကျွန်မ မတ်တတ်ရပ်နေရာကနေ ပျော့ခွေကျတော့မတတ် ဒူးတွေ တဆတ်ဆတ်တုန်လာတယ်။



ထင်လင်း ထင်လင်း၊ မမမြတ်ပြောလိုက်တဲ့ ဒီစကားလုံးက ကျွန်မကို တစ်ကိုယ်လုံးဆွဲခါယမ်းနေသလိုပဲ။

အဲဒီလို ဖြစ်သွားခဲ့တာလား၊ ကျွန်တော် မရည်ရွယ်ပါဘူး ကိုကြီးရယ်။

မမမြတ်ရဲ့ကားလေး မြင်ကွင်းကနေ ပျောက်ကွယ်သွားတဲ့အထိ လမ်းတစ်ဆုံး ကျွန်မ ရပ်ငေးကြည့်နေခဲ့မိပါတယ်။

မမမြတ်ဆွဲထုတ်လိုက်တဲ့ ဘစလေးတစ်ခုကြောင့် နောက်တစ်နေ့ပဲ ဖုန်းဆက်ပြီး လာခွင့် တောင်းလိုက်မိပါတယ်။

မမမြတ်က နေ့လည်ပိုင်း သူအားတဲ့အချိန်မှာ ချိန်းတယ်။

နေ့လည် ၁၂နာရီအထိ ညှိသည်တွေ မပြန်သေးတာနဲ့ ကျွန်မ နည်းနည်းနောက်ကျသွားတယ်။ ဒါကြောင့် ဂေဟာကနေထွက်တော့ နေ့လည် ၁နာရီထိုးပြီ။ အန်တီစုကို တယ်လီဖုန်းနဲ့ နေ့တစ်ဝက် ခွင့်တောင်းပြီး မမမြတ်အိမ်ရှိရာ စမ်းချောင်းမြို့နယ်ကို ထွက်လာခဲ့ပါတယ်။

မမမြတ်အိမ်က စမ်းချောင်းမှာ ခြောက်ထပ်မြောက်အခန်းမှာပါ။ ကျွန်မတက်သွားတော့ မမမြတ်ရဲ့အဖေနဲ့အမေ ဘုရားသွားတယ်တဲ့၊ အိမ်မှာ မမမြတ်နဲ့ ကောင်မလေးတစ်ယောက်ပဲ ရှိတယ်။ ကျွန်မမတွေ့ချင်တဲ့ ဟိုနေ့ကလူကို မတွေ့ရပါဘူး၊ ဧည့်ခန်းမှာ မမမြတ်ရဲ့ကောင်မလေး မီးပူတိုက်နေတယ်။

မမမြတ်က ကျွန်မကို ထမင်းကျွေးဖို့စီစဉ်တယ်။

'စားခဲ့ပါပြီ မမမြတ် ကျွန်တော် မဆာဘူး'

'ဒါဖြင့် ခဏနေမှ အအေးသောက် လာ အခန်းထဲသွားရအောင်'

မမမြတ်ရဲ့အခန်းထဲမှာ ခုတင်ပေါ်မှာ နှစ်ယောက် အတူထိုင်ရင်း မမမြတ်ဖွင့်လက်စသီချင်းကို နားထောင်ကြတယ်။ မမမြတ်

www.burmeseclassic.com

www.burmeseclassic.com



က ဝိုင်ဝိုင်းရဲ့သီချင်းတွေကို ကြိုက်တယ်။ ဝဠ်ကြွေးဆိုတဲ့ သီချင်းကို ထပ်ခါထပ်ခါသွင်းထားတဲ့ ဓာတ်ပြားကို ဖွင့်နေတယ်။ တစ်ခါပြီးသွားလည်း နောက်တစ်ခါ ထပ်လာနေတော့တယ်။

မမြှတ်ရဲ့စားပွဲပေါ်မှာ နေကာမျက်မှန်လေး ခေါက်တင်ထားတာကို မြင်နေရတယ်။ တကယ်တော့ ဒီနေကာမျက်မှန်လေးရဲ့ ရာဇဝင်ကို သက်ဆိုင်သူနှစ်ယောက်ကလွဲရင် ကျွန်မ အသိဆုံးဖြစ်မှာပါ။

ဝိုင်ဝိုင်းရဲ့သီချင်းတွေကို မမြှတ်က လိုက်ညည်းနေတော့ ကျွန်မ နားထောင်ကောင်းကောင်းနဲ့ နားထောင်နေမိတယ်။ မမြှတ်က သီချင်းအဆိုလည်းကောင်းတယ်။ သူ့အသံက ခပ်ညြညြမိန်းမ မဆန်ဘဲ ယောကျ်ားဆန်တဲ့အသံ၊ အသံလည်း အောင်တယ်။

'အေးငြိမ်း ညည်း ငါ့ကို မေးစရာတစ်ခုခု ရှိနေတယ် ဟုတ်တယ်မို့လား'

ကျွန်မ မမျှော်လင့်တဲ့မေးခွန်းကို မမြှတ်က မေးလိုက်တယ်။ ကျွန်မ ရုတ်တရက်ကြောင်သွားတော့ သူနားထောင်နေတဲ့ သီချင်းကို ပိတ်ပစ်လိုက်ပါတယ်။ တစ်ခန်းလုံး ငြိမ်သွားတယ်။

'ဟုတ်ကဲ့'

'မေးလေ ဘာသိချင်လဲ။ စလင်းအကြောင်းလား ထင်လင်းအကြောင်းလား'

မမြှတ် ကျွန်မနဲ့ကိုကြီးအကြောင်းကို ဘယ်လောက်ထိ သိထားသလဲလို့အကဲခတ်ချင်လို့ မမြှတ်ကိုကြည့်လိုက်တယ်။ မမြှတ်က ကျွန်မကို စိုက်ကြည့်နေတာနဲ့ သွားဆုံတယ်။ ကျွန်မ မမြှတ်ကို မျက်နှာချင်းဆိုင် မကြည့်ဝံ့တာနဲ့ နေကာမျက်မှန်လေးဆီ အကြည့်လွှဲ ပစ်လိုက်ရပါတယ်။

'ပြောလေ အေးငြိမ်း ဘာကို သိချင်တာလဲ'



'ကိုကြီးအကြောင်း'

'အေး အဲဒီလို ရှင်းရှင်းမေးတာ ငါကြိုက်တယ်။ ငါသိသလောက် ပြောပြမယ်'

ငါသိသလောက်။ အဲဒါ ဘာအဓိပ္ပါယ်လဲ၊ ကျွန်မ မမြှတ်ကို ပြန်ကြည့်လိုက်မိတယ်။ ကျွန်မ အကြည့်ကို မမြှတ်က ရိပ်မိတယ်၊ အင်းလေ၊ တရားသူကြီးပဲ။

'ငါသိသလောက်လို့ ပြောရတာက ငါစလင်းမှာ ကြုံခဲ့သမျှပဲ သိတာ၊ ငါ နယ်ပြောင်းသွားတော့ ဘာမှ မသိတော့ဘူးလေ'

'ဒါဆို'

ဒါဆို မမြှတ်နဲ့ ကိုကြီးနဲ့ အဆက်အသွယ်မရှိတော့ဘူးပေါ့။ ကျွန်မ မမေးရဲပါဘူး။

ငါစလင်းကနေ ပြောင်းဖို့ အမိန့်မကျခင် တစ်ပတ်မှာ ငါ့ရုံးကို အမှုတစ်ခုရောက်လာတယ်၊ အဲဒီအချိန်မှာ ငါက မကွေးကို သင်တန်းသွားတက်နေတဲ့အချိန်၊ ငါပြန်လာတော့ အမှုတွဲက ငါ့ဆီရောက်နေပြီ၊ ရဲအရေးပိုင်တဲ့အမှု၊ ပုဒ်မ ၃၂၄ တမင် ရည်ရွယ်ချက်ဖြင့် နာကျင်စေမှု၊ တရားခံက ထင်လင်းတဲ့၊ ထင်လင်းဆိုတော့ ငါလန့်သွားတယ်၊ နာမည်ကလည်း တူနိုင်လွန်းတယ်လို့၊ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ငါ့ဆီ တယ်လီဖုန်းလာတယ်၊ ငါသွားကိုင်တော့ ဆရာဝန်ကြီးဆီက ဖုန်း။

'ဒေါ်မြှတ် ပြန်ရောက်ပြီလား၊ အခြေအနေတွေကတော့ မကောင်းဘူးနော်'

'ဘာလဲ ဆရာ'

'ဗျို့ ဒေါ်မြှတ်မသိသေးဘူးလား။ ကိုထင်လင်း ဗိုလ်မှူးဖြစ်တာလေ'

www.burmeseclassic.com



စားပွဲပေါ်က အမှတ်တွဲထဲက ထင်လင်းဟာ ငါတို့ ထင်လင်း ဖြစ်နေမှန်းကို အဲဒီမှာ သိလိုက်ရတာပဲ။

'ဟောဗျား အခုပဲ ကျွန်တော့်ဆီတက်လာတဲ့အမှုတွဲကို နာမည်ဖတ်ရုံဖတ်ပြီးတယ်။ ထင်လင်းဆိုလို့ နာမည်တူတယ်ထင်နေ တုန်း ဆရာ့ဆီက ဖုန်းလာတာပဲ။ ဘယ်လိုဖြစ်တာလဲ ဆရာရယ်'

'အေးဗျ မသိဘူး။ အံ့ဩစရာကောင်းလိုက်တာ။ ထင်လင်း ရိုက်တဲ့သူကို သိပြီးပြီလား။ ဒေါ်မြတ် နှစ်ဘက်သက်သေစာရင်း ကြည့်ပြီးပြီလား'

'ဟင့်အင်း'

'သူရိုက်လိုက်တဲ့ ကောင်လေးက သုတလေ။ အေးငြိမ်းရဲ့ ကောင်လေး'

'ဘုရားရေ'

ငါ့ရုံးမှာ ဒီအမှုကို ကိုင်လို့မဖြစ်ဘူးဆိုတာ ချက်ချင်း သဘောပေါက်သွားတယ်။ ဒါနဲ့ပဲ ငါ့ဆရာ မြို့နယ်တရားသူကြီး အခန်းထဲကို အမှုတွဲကိုင်ပြီး ဝင်သွားလိုက်တယ်။

'ဆရာ ဒီအမှု ကျွန်တော့်ဆီ ဘာဖြစ်လို့ရောက်လာတာလဲ'

'ကျွန်တော်ချပေးလိုက်တာလေ။ ဒါ ဒေါ်မြတ်ရဲ့စီရင်ပိုင် ခွင့် အာဏာနဲ့ ညီနေတယ်လေ'

'ဆရာ တကယ်မသိတာလား'

'ဟောဗျာ ဘာတုန်း'

ဆရာဦးဌေးဦးက တကယ်ရိုးတယ်၊ ငါနဲ့ ထင်လင်းနဲ့ ခင် မင် ရင်းနှီးတယ်ဆိုတာ သူ သတိမထားမိဘူး။ ဟိုလူဒီလူက ငါတို့ကို အရိပ်အချေကြည့်အကဲခတ်နေတယ်ဆိုတာလည်း ဆရာမသိဘူး။ ဒါနဲ့ပဲ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တယ်။

'မဖြစ်ဘူးဆရာ ကိုထင်လင်းနဲ့ ကျွန်တော်နဲ့က တော်တော် ရင်းနှီးတာ။ ဒီလောက်ပြောပြရင် သဘောပေါက်ပါဆရာရယ်'



ဆရာက အံ့ဩလို့။

'အေးဗျာ ဒါဆိုလည်း ကျွန်တော် ပြန်ယူပေးပါ့မယ်'

ထင်လင်းရော သုတရော ဆေးရုံကို တင်ထားခဲ့ရတာ၊ နှစ် ယောက်လုံးမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့။ တစ်ယောက်နဲ့တစ်ယောက် ချိန်းပြီးရိုက်တယ်လို့ ရဲကယူဆတယ်။ ထင်လင်းဒဏ်ရာက သိပ်မကြီး လို့ လေးရက်နဲ့ ဆေးရုံဆင်းရတယ်။ သုတကတော့ ဒဏ်ရာကြီးလို့ တစ်ပတ်ကျော်ကျော် ဆေးရုံတက်ရတယ်။

သိသိချင်းပဲ ရဲစခန်းအချုပ်ဆီကို ငါသွားပြီး ထင်လင်းကို တွေ့တယ်၊ ထင်လင်းက ငါ့ကို စကားကို မပြောဘူး။ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ ငါ ဒီမေးခွန်းကိုမေးရလွန်းလို့ အာပ်ကြောင်း ထပ် နေခဲ့တယ်၊ သူက ဘာမှ မဖြေဘူး။

မမြတ် ဒီကို မလာပါနဲ့၊ ပြန်ပါ တော့တဲ့။

အမှန်အတိုင်းပြောရရင် ထင်လင်းကို ငါ သံယောဇဉ်သိပ် ကြီးပါတယ်။ သူ စလင်းနယ် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း တွေကို စာအုပ်တွေ အဆောက်အဦတွေ လှူတဲ့အခေါက်တွေမှာ ငါနဲ့ ဒေါ်အေးအေးသန့်နဲ့ အမြဲလိုက်ပို့နေကျ။ သူနဲ့ငါနဲ့ ခင်မင်ရင်းနှီးမှုမှာ တစ်ယောက်ကိုတစ်ယောက် လေးစားအထင်ကြီးတာလည်း ပါပါ တယ်။ သူလုပ်နေတဲ့ လူ့အကျိုးပြုပရဟိတလုပ်ငန်းတွေကို ငါလေး စားပါတယ်။ သူနဲ့ပေါင်းပြီးမှ ငါ့ပတ်ဝန်းကျင်မှာ ငါ တတ်နိုင်သ လောက် ကူညီအားဖြည့်ဖို့ ဆုံးဖြတ်ချက်တွေ ရလာခဲ့တာ။ ရန်ကုန်မှာ ရုံးထိုင်တဲ့ထင်လင်းနဲ့ ရန်ကုန်မိဘအိမ်ကို ခဏခဏ ပြန်တတ်တဲ့ငါနဲ့ တဖြည်းဖြည်း ခင်မင်ရင်းနှီးသွားတာ မဆန်းပါဘူး၊ တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ယုံကြည်ကြတယ်၊ ထင်လင်းမှာ ငါ တွေ့ဖူးခင်ဖူးတဲ့ ယောကျ်ားတွေနဲ့မတူတဲ့ ခိုင်မြဲတဲ့ ခံယူချက်တွေ ရှိတယ်၊ အနာဂတ်အမြင်တွေရှိတယ်၊ စိတ်ကူးတွေကို ပုံဖော်ဖို့ ဖန်တီးမှုတွေ အများကြီးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သူလို လူမျိုးက သူတလို ကိုယ့်ထက် ဆယ်နှစ်လောက်ငယ်တဲ့သူကို အညှိုးတကြီး အပြင်းအထန် ရိုက်တယ်ဆိုတော့ ခိုင်လုံတဲ့ အကြောင်းခံတွေ ရှိမှာပဲလို့ ငါ ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ ငါ့ကို သူက စကားမပြောဘူး။ ပြန်ပဲ ပြန်လွှတ်တယ်။

'ကောင်လေးကို ကိုထင်လင်း တကယ်ရိုက်ခဲ့တာလား'

ငါအသိချင်ဆုံးမေးခွန်းကို မေးတော့ သူပြန်ဖြေခဲ့တယ်။

'ကျွန်တော် မရိုက်ပါဘူး' တဲ့။

ထင်လင်းက ငါတို့ ဆရာဝန်ကြီးတို့အဖွဲ့နဲ့လည်း မြို့နယ်အတွက် အလုပ်တွေကူလုပ်ပေးနေကျ၊ ဆေးရုံကဆင်းပြီးတော့ အာမခံနဲ့ ခရေပင်ကျောင်းမှာ နေခွင့်ရတယ်။ အဲဒီအမှုက စလင်းမှာ အလွန်နာမည်ကြီးတဲ့ အမှုဖြစ်လာတယ်။ ထင်လင်းရော သုတရော က သိက္ခာရှိတဲ့ အသိုင်းအဝိုင်းဖြစ်နေပြန်၊ နှစ်ယောက်လုံးနဲ့ ပတ်သက် ဆက်နွယ်တဲ့ အေးငြိမ်းမေကလည်း ပျောက်ခြင်းမလှ ပျောက်နေပြန်ဆိုတော့ အမှုကို တစ်မြို့လုံး စိတ်ဝင်စားကြတယ်။

သူတို့ဖြစ်ကြတဲ့ နေရာက စလင်းမြို့ရဲ့ လူမနေတော့တဲ့ ခြံဝင်းကြီးထဲမှာမို့ ကြိုတင်ကြံစည်တဲ့ ချိန်းပွဲလို့ ယူဆကြတယ်။

နှစ်ယောက်လုံးရဲ့ဒဏ်ရာတွေက အကွဲအပြဲတွေချည်းပဲ။

ထင်လင်းရဲ့ဒဏ်ရာတွေကတော့ မျက်နှာမှာများတယ်။ မျက်မှန်ကွဲရှတဲ့ မျက်စိနားက ဒဏ်ရာ၊ ပါးပြင်ပေါ်က ဟက်တက်ကွဲဒဏ်ရာ။ သုတကတော့ ခေါင်းမှာ ထုနှက်ဒဏ်ရာ၊ ဆရာဝန်ကြီးက နှစ်ယောက်လုံးအတွက် ဆေးစစ်ချက်ကို သက်သေခံရတယ်။ ဆရာဝန်ကြီးကိုယ်တိုင်စစ်တာပဲ။ သုတရဲ့ဒဏ်ရာက အပြင်းအထန်နာကျင်တဲ့ဒဏ်ရာတဲ့။

'တရားခံနဲ့ အစီကဒဏ်ရာရတဲ့ရဲသက်သေသုတ နှစ်ယောက်လုံးက သူတို့နှစ်ယောက် ချိန်းထားတာမဟုတ်ပါဘူးလို့ ဖြေတယ်။ ဒီခြံထဲကို ဘာကြောင့် အတူဝင်လာသလဲဆိုတော့ တိုက်ဆိုင်



သွားတာပါ လို့ ဖြေတယ်။

ထင်လင်းက သူ့ကင်မရာကို သက်သေပြတယ်။

"ဒီကင်မရာ ထဲမှာ ကျွန်တော် ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ကြည့်ပါ။ ဒီရှေးဟောင်း တိုက်ကြီးကို ကျွန်တော် စိတ်ဝင်စားလို့ ဓာတ်ပုံရိုက်တာပါ။ အဲဒီအချိန်မှာ သုတရောက်လာပြီး ကျွန်တော့်ကို လက်သီးနဲ့ စထိုးတာပါ"

"ဘာဖြစ်လို့ ထိုးတာလဲ"

"ကျွန်တော် မသိပါဘူး"

"သုတကို ပြန်ထိုးကြိတ်သလား"

"ကျွန်တော် လုံးဝပြန်မလုပ်ဘူး။ ကင်မရာကို မထိအောင်ပဲ ရှောင်တိမ်းနေခဲ့တာ။ ဒါပေမဲ့ ကင်မရာလည်း လွတ်ကျပြီး လူလည်း လဲကျသွားတယ်။ သုတက ကျွန်တော့်ကို ဘွတ်ဖိနပ်နဲ့ တက်နင်းလို့ ကျွန်တော့်မျက်မှန်ကွဲကြေသွားတယ်"

သုတကို စစ်မေးတဲ့အခါ သုတက သူ ထင်လင်းကို စထိုးတာ ဝန်ခံတယ်။

"ဘာကြောင့် ထိုးတာလဲ"

"ဒီကောင်ကို ကြည့်မရလို့"

"ဘာဖြစ်လို့ ကြည့်မရတာလဲ"

"ကျွန်တော်တို့ စလင်းမှာ လာလာရှုပ်နေလို့"

"သူ့ကို မင်း သိသလား"

"သေသေချာချာတော့ စကားမပြောဖူးပါဘူး"

"သေသေချာချာစကားမပြောဖူးဘဲနဲ့ ဘာဖြစ်လို့ လက်သီးနဲ့ ထိုးရလောက်အောင် ဖြစ်တာလဲ"

တရားသူကြီးရဲ့ တချို့မေးခွန်းတွေကို သုတ မဖြေဘူး။ အဲဒီလိုပဲ ဥပဒေအရာရှိရဲ့ တချို့ မေးခွန်းတွေကို ထင်လင်းကလည်း မဖြေဘူး။ ထင်လင်းက သူ့အတွက် ရှေ့နေမငှားဘူး၊ ဥပဒေအရာ

www.burmeseclassic.com

www.burmeseclassic.com



ရှိက မေးသမျှကို သူဟာ သူ ဖြေတယ်။ သုတကို ပြန်လှန်မေးခွန်း မေးခိုင်းတော့လည်း မေးစရာမရှိပါဘူးလို့ ဖြေတယ်၊ သူကြည့်ရတာ ထောင်ကျချင်နေပုံရတယ်လို့ ဆရာ ဦးဋ္ဌေးဦးက ပြောတယ်။

"ဒေါ်မြတ်မကိုင်တာ ကောင်းတာပေါ့။ ကိုင်ရင် ဦးနှောက်ခြောက်ရမှာ" လို့ ဦးဋ္ဌေးဦးက ညည်းတယ်။

ဥပဒေအရာရှိက ရိုက်ရတဲ့နောက်ခံအကြောင်းကို ပေါ်လွင်အောင် မေးတဲ့နေရာမှာ သူ့ကို မျက်နှာ ဖိနပ်နဲ့ကန်လို့ သုတကို အုတ်ခဲကျိုးနဲ့ ခေါင်းထုတာဆိုတာဖြစ်အောင် မေးတယ်။ ထင်လင်းက အဲဒါကို ငြင်းတယ်။ သူ မထုဘူးတဲ့။ ဒီအခင်းဖြစ်တဲ့ နေရာမှာ သူတို့နှစ်ယောက်အပြင် တခြား ဘယ်သူရှိသေးလဲလို့ မေးတော့လည်း ဘယ်သူမှ မရှိဘူးလို့ နှစ်ယောက်လုံးက ဖြေတယ်။

သုတကို အုတ်ခဲကျိုးနဲ့ ထုတဲ့သူက ထင်လင်းလားလို့ မေးတော့လည်း သုတက ထင်လင်းလို့ ထင်တယ်လို့ ဖြေတယ်။ သူကိုယ်တိုင်က သူ့ကို ထုလိုက်တဲ့သူကို မမြင်ရဘဲ လဲကျသွားတာ။ အဲဒီမှာ သူလဲကျနေတုန်း သူဘာမှ မလုပ်နိုင်တော့တာ သိရက်နဲ့ ထပ်ထပ်ပြီး ထုရိုက်လို့ သူ မခံနိုင်တော့လို့ အော်မိတယ် တဲ့။ ဒါပေမဲ့ ထုတဲ့လူ ထင်လင်းလား ဆိုတော့လည်း မသေမချာပဲ။ မသိဘူးပဲ၊

တရားခွင်မှာ ဦးဋ္ဌေးဦးက ထင်လင်းကို ညည်းအကြောင်း မေးတယ်။

"အေးငြိမ်းမေကို ကျွန်တော် သိပါတယ်။ သူ့ကို လွန်ခဲ့တဲ့ ၇နှစ်လောက်ကတည်းကသိခဲ့တာ။ သူ့ကို ပညာသင်စရိတ်ထောက်ပံ့ခဲ့ပါတယ်"

"အခုရော ထောက်ပံ့နေတုန်းလား"

"သူ အင်္ဂလိပ်ဘာသာတွဲ အဝေးသင်တက်တဲ့အချိန်ကစပြီး ပညာသင်စရိတ်ထောက်ပံ့မှု မလိုအပ်တော့လို့ ရပ်ဆိုင်းခဲ့ပါတယ်"



"အေးငြိမ်းမေဟာ သုတရဲ့ငယ်သူငယ်ချင်းဖြစ်တယ် ဆိုတာ မင်း သိလား"

"မသိပါဘူး"

"အေးငြိမ်းမေနဲ့ သုတနဲ့ မေတ္တာမျှနေကြတယ်ဆိုတာ မင်း၊ သိလား"

"မသိပါဘူး"

သုတကို မေးတော့လည်း ဒီအတိုင်းပဲ။

"အေးငြိမ်းမေကို သိသလား"

"သိပါတယ်။ ကျွန်တော်နဲ့ ကိုးတန်းကတည်းက သူငယ်ချင်း ဖြစ်ပါတယ်"

"အေးငြိမ်းမေနဲ့ မင်းနဲ့ မေတ္တာမျှနေကြသလား"

"အေးငြိမ်းမေက ကျွန်တော့်ချစ်သူပါ"

"တရားခံမောင်ထင်လင်းနဲ့ အေးငြိမ်းမေ အဆက်အသွယ်ရှိတာ သိလား"

"အေးငြိမ်းမေကို ပညာသင်စရိတ်ထောက်ပံ့တာကို သိပါတယ်"

"သူတို့နှစ်ယောက်ကြားက ဆက်သွယ်မှုအနေနဲ့ တခြား ဘာတွေသိသေးလဲ"

"တခြား ဘာမှ မသိပါဘူး"

"အခင်းဖြစ်ပွားတဲ့အချိန်တုန်းက မင်းက ဘာဖြစ်လို့ သူ ကောင်းခြံထဲကို ဝင်သွားတာလဲ"

"ထင်လင်းကို မြင်လို့ပါ"

"ထင်လင်းတစ်ယောက်တည်းလား တခြားဘယ်သူ့ကို မြင်သေးလဲ"

"ထင်လင်း တစ်ယောက်တည်းပါ"

www.burmeseclassic.com

www.burmeseclassic.com



'တရားခံရော သက်သေရော နှစ်ယောက်လုံးက သူတို့ချင်း ဖြစ်ရတဲ့ ကိစ္စကို ပေါ်လွင်အောင် မပြနိုင်ဘူး။ တို့သိတယ်၊ ကြားထဲမှာ တစ်ယောက်ယောက်တော့ ရှိနေပြီ၊ နှစ်ယောက်လုံးက အဲဒီ အချက်ကို မှိုသိပ်ထားတယ်၊ ထိန်ချန်ထားတယ်၊ ညာထားတယ်'

ကျွန်မ မမမြတ်ရဲ့ တည်ငြိမ်တဲ့ မျက်နှာထားကို အားကျလို့ ငေးကြည့်နေမိတယ်။ မမမြတ်မျက်နှာမှာ ကျွန်မကို မုန်းတဲ့ အမူအရာလည်းမရှိ၊ ကိုကြီးနဲ့ပတ်သက်ပြီး ခံစားနာကျင်တဲ့ အမူအရာလည်း မရှိ။ ကျွန်မ မမမြတ်ဘေးမှာ ခပ်ရှိုရှိုလေး လဲလျောင်းနေရင်းက ရင်တွေ တဒိတ်ဒိတ်ခုန်လာတယ်။ ကျွန်မတို့အကြောင်းကို မမမြတ် အကုန်သိနေသလား။

'အေးငြိမ်း ညည်းလည်း ကျမ်းကျိန်ဖူးတာပဲ။ မှန်ရာကို ထွက် ဆိုရတယ်။ မမှန်မကန်ထွက်ဆိုရင် ကျမ်းစာမှာပါတဲ့အတိုင်း ကျမ်းစူးပါစေလို့ ကျိန်ရတယ်လေ၊ မှတ်မိလား'

'ဟုတ်ကဲ့ မှတ်မိပါတယ်'

'အဲဒီ ကျိန်စာကို ယုံလား'

'ဟင်'

ကျွန်မတော့ ယုံတယ်မယုံဘူးကို အသေအချာမပြောတတ်ပါဘူး။ မှန်ရာကို အစစ်ခံတာပဲ။

'မသိဘူးလေ'

'ယုံရမှာ၊ ယုံရမှာ၊ ကျိန်စာက ကြောက်စရာကြီး၊ ငါ ထင်လင်းကို အဲဒီကျိန်စာတစ်ခုလုံး မိတ္တူကူးပြီးပေးလိုက်တယ်၊ သိလား အေးငြိမ်း'

ကျိန်စာတစ်ခုလုံးဆိုတာကို ကျွန်မ မသိပါဘူး။

'ညည်းကိုင်ရတဲ့ ကျမ်းထုပ်အနီရောင်ထဲမှာပါတဲ့ ကျမ်းကျိန်စာအပြည့်အစုံကို ညည်း မသိဘူး၊ ဒါပေမဲ့ ထင်လင်းသိအောင် ငါ



ပေးဖတ်လိုက်တာ။ မလိမ်နဲ့ မမှန်မကန် မထွက်ဆိုနဲ့၊ မထိမ်ချန်နဲ့၊ ထိမ်ချန်ရင် မမှန်တာကို ထွက်ဆိုရင် ဘေးဒုက္ခအပေါင်းနဲ့ ကြုံမှာ'

ကျွန်မ ကျိန်စာတွေကို တကယ်တော့ မယုံပါဘူး။ ကျိန်စာ သင့်တယ်ဆိုတာက ရှေးရှေးတုန်းက ပြောခဲ့ကြတဲ့ ဒဏ္ဍာရီပုံပြင်တွေပါ။ လူတစ်ယောက်ဟာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ လုပ်သမျှ ဆောင်ရွက်သမျှရဲ့ အကျိုးအပြစ်ကို သူခံစားရမယ်၊ သက်ရောက်မှုတိုင်းအတွက် သူနဲ့ညီမျှတဲ့ တန်ပြန်သက်ရောက်မှုရှိတယ်၊ ဒါကို ကျွန်မ ယုံတယ်၊ ဒါပေမဲ့ စာရွက်တစ်ရွက်ကို ကိုင်ပြီး လိမ်ညာပြောရုံနဲ့ အန္တရာယ်ဆိုးတွေ ကြုံရမယ်ဆိုတာက ဖြစ်နိုင်ပါ့မလား။

'သက်သေတွေကို ကျမ်းကျိန်ခိုင်းတဲ့အခါ ကျမ်းရဲ့အနှစ်ချုပ်အဓိပ္ပါယ်ကိုပဲ ကျိန်ခိုင်းတာက အချိန်မကုန်အောင်လို့ပါ။ တကယ့်ကျမ်းရင်းက အရှည်ကြီးပဲ၊ နတ်ဒေဝတာတွေနဲ့တိုင်တည်ပြီး ကျမ်းကျိန်ရတာ၊

'နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ လို့ စဆိုရတယ်၊ ပြီးတော့ ဂင်္ဂါသဲလုံးနှင့်အမျှ ပွင့်တော်မူကုန်သော ပညာဓိကဘုရား၊ ဝီရိယာဓိကဘုရား၊ သဒ္ဓါဓိကဘုရားအပေါင်းတို့ကို စောင့်ရှောက်ကုန်သော နတ်မင်းကြီးအပေါင်းက စောင့်ရှောက်ပါစေ၊ ဟုတ်မှန်ရာကို ဆိုရမည်၊ မဟုတ်မမှန်ဆိုခဲ့ပါက ဘုရားရှင် ကိုယ်တော်မြတ်ကိုစောင့်သောနတ်တွေက သေအောင်သတ်ပါစေတဲ့၊ အဲဒီအပြင် ဘုရားရဲ့ဓာတ်တော်မွေတော်တွေကို စောင့်တဲ့နတ်တွေကလည်း သတ်ပါစေတဲ့၊ လက်ယာရံရှင်သာရိပုတ္တရာ၊ လက်ဝဲရံရှင်မောဂ္ဂလန်စသော ရဟန္တာမြတ်တို့ရဲ့ဓာတ်တော်မွေတော်ကို စောင့်တဲ့နတ်ကလည်း သတ်ပါစေ၊ ဟို အစုံပဲ။ ပေဒင်ကျမ်းစောင့်တဲ့နတ်၊ သာသနာတော်စောင့်တဲ့နတ်၊ ကျွန်းတွေစောင့်တဲ့နတ် မြစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို စောင့်တဲ့နတ်တွေ မသေသေအောင် သတ်ပါစေတဲ့'

'ဘုရားဘုရား။ ဗုဒ္ဓဘာသာဝင်ဆိုရင် တော်တော်လန့်စရာကောင်းမှာပဲနော်'

ကျွန်မ ခေါင်းတွေ မူးနောက်လာအောင် လန့်သွားပါတယ်။

'အို ဒါတင် ဘယ်ဟုတ်ဦးမလဲ၊ သွေးခဲသွေးနက် ပွက်ပွက်ထွက်ပြီး ကိုယ်လက်ပြောင်းပြန် သွေးခဲအန်၍သေစေသော ဆိုတာလည်းပါတယ်။ အေးရှစ်ပါး ဒဏ်ဆယ်ပါးလည်း သင့်ပြီး လတ်လတ်ချက်ချင်းသေပါစေ ဆိုတာပါတယ်၊ ကိုယ်တွင်မကဘူး၊ ကိုယ့်ရဲ့သားသမီး မြေးတွေပါ ဥစ္စာပျက်စီးရစေမယ်။ ရေကိုသွားလည်း ရေသတ္တဝါတွေ မိကျောင်းလပိုင် ညှပ်ထိကိုင်၍ မကာန်းလိပ်ငါး စား၍မနေ သေစေသော တဲ့'

ကျွန်မ မမှန်တာကို မပြောမိခဲ့တာ တော်သေးတာပေါ့။ လို့ တွေးမိပေမဲ့ ကိုကြီးအတွက် ကျွန်မ စိတ်ပူသွားတယ်။ ပူတာမှ တစ်ကိုယ်လုံး မီးကျီးခဲလို တောက်လောင် ပူပြင်းသွားတဲ့ ခံစားချက်ပါ။

'ကျမ်းကျိန်တဲ့ စာလွှာက ပောဒီ လောက်ရှည်တယ်'

မမမြတ်က အိပ်နေရင်းက သူ့လက်နှစ်ဖက်ကို တစ်ပေခွဲလောက် အကွာဖြစ်အောင် ဆန့်ပြီး ပြောပြတယ်။

'ရေသွားရေသတ္တဝါ ကုန်းသွားရင် ကုန်းသတ္တဝါ ကျား၊ သစ် ဆင်၊ ဝိုင်၊ ဝက်အကောင်တွေ ကိုက်စားလို့ ထွားထွားညက်ညက်ကိုယ်လုံးပျက်ပြီးသေပါစေတဲ့။ မြွေပွေးမြွေဟောက် ငန်းပြောက်ငန်းကျား ပေါက်ထမနေ သေစေသော တဲ့။ လူဖြစ်ရင်လည်း လူချင်းမတူ နူနာရောဂါ ခရုသင်းစွဲပါစေ၊ သေပြီးရင်လည်း ငရဲကြီးရှစ်ထပ်၊ ငရဲငယ် တစ်ရာ့ဆယ့်နှစ်ထပ် နဲ့ အပါယ်လေးပါး လားစေသော တဲ့'

'တော်ပါတော့ မမမြတ်ရယ်'



ကျွန်မ မမမြတ်ကို တားလိုက်တဲ့အခါ ကျွန်မအသံတွေ တုန်ရီနေခဲ့တယ်။

'ငါက ထင်လင်းကို ယုံကြည်ခဲ့တယ်၊ မမှန်မကန် မလုပ်ဘူး၊ သစ္စာရှိတယ်။ ဖြောင့်မှန်တယ်လို့၊ အခုတော့ ငါထင်တာတွေ အကုန် လွဲချော်ခဲ့တာပဲ၊ သူ တစ်ခုမဟုတ် တစ်ခုမှာတော့ လိမ်နေတာ အထင်အရှားပဲ'

မမမြတ်အသံက အေးစက်မာကျောနေလို့ ကျွန်မ ကိုယ်က ပိုပြီးတောင် ကျုံ့ဝင်သွားပါတယ်။ မမမြတ် ဘာကို ဒေါသထွက်နေတာလဲ၊ ကိုကြီးလိမ်တာဆိုရင် ကိုကြီးဘာကို လိမ်တယ်လို့ထင်တာလဲ။

'အမှုစစ်တာ မကြာပါဘူး၊ သုံးရက်နဲ့ပြီးတယ်၊ မျက်မြင်သက်သေမရှိဘူး၊ ခြံထဲ သူတို့ ဝင်တာထွက်တာကိုပဲ မြင်တာ၊ ဖြစ်သွားတာကို မမြင်ဘူး၊ ဆိုတော့ ဒဏ်ရာနဲ့ပဲ အမိန့်ချရတာ၊ အပြန်အလှန် နာကျင်စေမှုဖြစ်တဲ့အတွက် တစ်ဖက်သတ်မဖြစ်စေဖို့ သက်သက်သာသာ ချလိုက်တယ်တဲ့'

အမိန့်၊

မမမြတ်ရဲ့ ရုံးမှာ အမိန့်ချတာကို အစအဆုံးကြားရတာတော့ မနေ့ခင်အမှုပါပဲ၊ အမိန့်ချတဲ့အချိန်မှာ တရားခံက မတ်တတ်ရပ်နေရတယ်။ ကိုကြီးကို တရားရုံးခန်းထဲမှာ မျက်နှာညှိုးငယ်စွာနဲ့ မတ်တတ်ရပ်နေရတဲ့အဖြစ်ကို မြင်ယောင်ကြည့်လိုက်မိတော့ ရင်ထဲမှာ တုန်ခိုက်သွားတယ်၊

'အမိန့်က ထောင် ခြောက်လတဲ့'

ဘုရား ဘုရား။ မှားကုန်ပါပြီ။

ကျွန်မ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ရှိုက်ငိုသွားတယ်၊ ဖြစ်မှဖြစ်ရလေ၊ ကျွန်မ သတ္တိနည်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မငိုတာကို မမမြတ်က မြင်သွားပေမဲ့ အံ့ဩတဲ့အမူအရာမရှိဘူး။ ကျွန်မကို ချော့လည်း မချော့ဘူး။ သက်ပြင်းချပြီး ဒီအတိုင်းပဲ မျက်နှာကျက်ကို တည့်တည့်ငေးကြည့်နေတယ်။

'ထင်လင်းကို တို့ တောင်းပန်ခဲ့ပါတယ်။ တရားရုံးကိုလည်း မလိမ်ပါနဲ့ တို့ကိုလည်း မလိမ်ပါနဲ့လို့။ ဒါပေမဲ့ သူ မရိုက်ဘူးဆိုတာကို ပြောပြီးတော့ တခြားဘာကိုမှ မပြောပြတာ အဲဒါ တို့ကို လိမ်နေတာပဲ။ လိမ်စရာ အကြောင်းက ဘာလဲ။ ဘယ်သူ့ကို ဘယ်လောက်ထိ ကြီးကြီးကျယ်ကျယ် ထိခိုက်သွားမှာမို့လဲ။ အဲဒီ ထိခိုက်မှုက တို့မျက်ရည်ထက်ပိုပြီး အရေးကြီးနေခဲ့သလား။ သူ့အတွက် တို့ခံစားရတဲ့ သောကထက် ပိုအရေးကြီးနေခဲ့တာလား။ အိုကွယ် သူ့ရဲ့ ဘဝအဆက်ဆက် သံသရာငရဲနဲ့ လဲရလောက်အောင် ထိုက်တန်လို့လား။ အဲဒီလောက် ထိုက်တန်တဲ့ တစ်ခုခု သူ့မှာ ရှိနေသလား'

ကျွန်မ တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားပါတယ်။ မမမြတ်ပြောနေတဲ့ အဓိပ္ပါယ်ကို ကျွန်မ သဘောပေါက်သွားလို့ပါ။ ကျွန်မ တော်တော်နဲ့စကားမပြောနိုင်ပါဘူး။ ရှိက်ငိုလက်စလည်း မေ့ ပြောမဲ့စကားလည်းမေ့၊ အားလုံးကို မေ့သွားရလောက်အောင် ကြောက်လန့်သွားခဲ့တာ။

'သူ့ကိုအမိန့်ချတော့ ဆရာ့ရုံးကပ်ရက် တို့က အစအဆုံး ကြားနေရတာပဲ။ သူ့ကို လက်ထိပ်ခတ်ခေါ်သွားတာလည်း မြင်နေရတာပဲ။ အဲဒီအချိန်မှာ တို့ ဘာမှ မခံစားရတော့ဘူး။ ပြီးသွားပြီ။ သူနဲ့ပတ်သက်သမျှ တို့အခံစားရဆုံးက သူ တရားရင်ဆိုင်နေတဲ့ သက်သေထွက်ချက်ပေးနေတဲ့ စကားလုံးတွေပဲ။ အဲဒီနောက်မှာတော့ အားလုံး ပြီးသွားပြီ။ ညည်းသိလား သူ့ကို လက်ထိပ်ခတ် ခေါ်သွားတော့ ရုံးပြတင်းဝကနေ ငါ လှမ်းကြည့်နေခဲ့တာ အဲဒီအချိန်မှာ ငါ့စားပွဲမှာ ဆရာဝန်ကြီးပါ ရှိနေတယ်။ ငါ့ကိုများ နှစ်သိမ့်ဖို့လို



မလားလို့ ဆရာက တွေးမှာပေါ့။ မလိုပါဘူး။ တို့ လူတစ်ယောက်ကို ယုံကြည်ဖို့ ခဲယဉ်းပါတယ်။ ဘဝတွက် ပုံအပ်ရလောက်အောင် ယုံကြည်ဖို့ ပိုတောင် ခက်ခဲသေးတယ်။ ထင်လင်းကို တို့ ယုံခဲ့တယ်။ ယုံကြည်မှုကို အဖြုံခွဲခံလိုက်ရတဲ့အခါ လူတွေ ဘာဖြစ်ကြသလဲ တို့ မသိဘူး။ တို့ကတော့ နှလုံးသားတွေ အေးခဲမာကျောပြီး ထုံထိုင်းသွားခဲ့တယ်'

တစ်ခဏ တိတ်ဆိတ်သွားတဲ့အချိန်မှာ စားပွဲတင်နာရီက ထောက်ခနဲ ထောက်ခနဲ မြည်တဲ့အသံက အကျယ်ကြီးဖြစ်နေတယ်။ ကျွန်မ မမမြတ်ကို တစ်ခုခုတော့ ပြောမှထင်တယ်။ ဘာပြောရမလဲ။ အို ကျွန်မ ကြောက်လိုက်တာ။ ကျွန်မနှုတ်ခမ်းတွေဟာ ခြောက်သွေ့ကွဲအက်ပြီး လှုပ်လို့တောင် မရတော့ဘူး။ ဖွင့်ယူလို့ မရတော့ဘူး။

'သူတကို ခေါင်းကွဲအောင်ရိုက်ရဲ့သားနဲ့ မရိုက်ဘူးလို့ လိမ်တယ်ဆိုရင်လည်း ဒါ တော်တော်ဆိုးတဲ့လိမ်ညာမှုပဲ။ ဒါပေမဲ့ ငါသိတယ်။ သူ လူတစ်ယောက်ကို အဲဒီလောက် ရက်ရက်စက်စက် မရိုက်နိုင်ဘူး။ ဘယ်တော့မှ မရိုက်နိုင်ဘူး။ သူက သွေးဆူတတ်တဲ့လူလည်း မဟုတ်ဘူး။ သွေးအေးတယ်၊ စဉ်းစားတယ်။ ချင့်ချိန်တယ်။ ဒါဖြင့် သူမရိုက်ရင် ဘယ်သူ ရိုက်သလဲ။ သူဘာကို ဖုံးထားတာလဲ။ သူတက ရော ဘာကို ဖုံးထားတာလဲ။ သူတို့နှစ်ယောက်လုံး ညီညီညွတ်ညွတ် ဖုံးကွယ်ထားတဲ့အရာက ဘာလဲ'

မမမြတ် ဒီအဖြေကို တကယ်သိချင်မှာ မဟုတ်ပါဘူး။ တကယ် သိချင်ရင် သူ ကျွန်မကို မေးမှာပေါ့။ အခုတော့ အေးငြိမ်းဘာဖြစ်လို့ စလင်းကနေ ရုတ်တရက်ပျောက်ကွယ်ပြေးရတာလဲလို့ မမေးခဲ့ဘူးလေ။

'သူထောင်ကျနေတဲ့အချိန်မှာ တို့က တခြားရောက်နေတော့ ဘာသတင်းမှ ကြားစရာမလိုဘူးပေါ့။ ဒါပေမဲ့ ဆရာဝန်ကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချိုတို့က ဖုန်းတွေလှမ်းဆက်ပြီး အသိပေးကြတယ်။ ထောင်ဝင်စာ ဘယ်နေ့က ဘယ်သူသွားတွေ့တယ်။ ဘယ်နေ့က ဘယ်ဘုန်းကြီးကျောင်းက ဘာပစ္စည်းသွားပို့ပေးတယ်။ သူ့ကို ခင်မင်တဲ့ ဘုန်းကြီးတွေ ကျောင်းသူ ကျောင်းသားတွေ ဆရာဆရာမတွေက မနည်းဘူး၊ သူ့ဆီကို အပတ်စဉ် တစ်ယောက်မဟုတ်တစ်ယောက် သွားတွေ့နေကြတာပဲ၊ သူ့ဆီ ထောင်ဝင်စာတွေ့တဲ့ လူစာရင်းကို ဒေါ်ချိုက ပြုစုထားတယ်၊ ဘယ်နေ့က ဘယ်သူ၊ ဘယ်နေ့က ဘယ်သူ။ သူ့ကို ထောင်ဝင်စာသွားတွေ့တဲ့ လူထဲမှာ ဘယ်သူပါမယ်ထင်လဲ'

ရုတ်တရက် စကားပြောရင်းကနေ ကျွန်မကို လှည့်မေးလိုက်တော့ ကျွန်မ မျက်ရည်ကို မျက်တောင်တဖျပ်ဖျပ် ခပ်သိမ်းပြီး ခေါင်းယမ်းလိုက်မိပါတယ်၊

'သုတ'

သုတ။ ဒီနာမည်က ကျွန်မ အတွက် ခါးသက်မှုတွေကိုသာ ပေးနိုင်တော့မယ်လို့ ကျွန်မ ထင်ထားခဲ့ဖူးတယ်။ ဒီနာမည်ကို ကျွန်မ စိတ်ကူးထဲတောင် ထည့်မတွေးမိတော့တာ ကြာလှပါပြီ။ အိပ်မက်ထဲလည်း ထည့်မမက်၊ အတွေးထဲလည်း ခေါ်မလာခဲ့ဘဲကိုး။ ဒါပေမဲ့ ကျွန်မ မှားလိုက်တာ၊

'သုတက ထင်လင်းကို ထောင်ဝင်စာ သွားသွားတွေ့တယ်၊ သူတို့ ဘာတွေ ပြောကြသလဲဆိုတာ သိချင်စိတ်နဲ့ ထောင်စောင့်တွေနဲ့ ရှေ့နေတွေက အကဲခတ်ကြတယ်၊ တွေ့တိုင်းလည်း သူတို့နှစ်ယောက် ပြေပြေပြစ်ပြစ်ပဲတဲ့၊ နေကောင်းလား၊ ဘာတွေလုပ်နေလဲ ကျောင်းပြီးပြီလားပေါ့၊ အစ်ကိုအတွက် ညီက စားစရာတွေ ယူလာသလိုပဲလို့ ဘေးကလူတွေက ပြောကြတယ်'

အပြင်ဘက်က တံခါးခေါက်သံကို ကြားလိုက်ရတော့ မမမြတ်ပြောလက်စ စကားရပ်သွားပါတယ်၊ အိပ်ရာကနေ တစောင်း



လှဲနေရာက လက်ထောက်ထိုင်လိုက်တယ်။ အဲဒီအချိန်မှာ အပြင်ဘက်ဧည့်ခန်းဆီက ခြေသံနဲ့ တံခါးဖွင့်ပေးသံ ကြားရတယ်။

'အမေတို့ ပြန်ရောက်ပြီထင်တယ်၊ လာ အမေတို့ မုန့်ဝယ်လာမယ်ပြောတယ်'

ကျွန်မကို ဆွဲခေါ်ပြီး အပြင်ထွက်တော့ ကျွန်မ ထမီ ကပိုကယိုကို တင်းတင်းပြင်ဝတ်ပြီး လိုက်သွားရပါတယ်။

မမမြတ်ကို နောက်ထပ် သီးသန့်စကားပြောခွင့် မရတော့ပါဘူး။ ဧည့်ခန်းမှာ မမမြတ်ရဲ့အဖေအမေနဲ့အတူထိုင် မုန့်စား အအေးသောက်ရင်း အားလုံးနဲ့တွဲပြီး စကားပြောနေရပါတယ်၊

မမမြတ်က ဆက်တီစားပွဲပေါ်က အဖြူရောင်စာအိတ်လေးတစ်ခုကို ကျွန်မကို ပြတယ်၊ ဟောပြောပွဲတွေ နားထောင်ဖို့ ဝါသနာပါလား တဲ့။ ကျွန်မ မမမြတ်ပြောတဲ့ ဟောပြောပွဲဆိုတာကို သိပ် မသိဘူး။ ကျွန်မသိသလောက်က စလင်းတို့ ဆင်ဖြူကျွန်းတို့မှာ နှစ်စဉ် ဆောင်းရာသီအကုန်မှာ ကျင်းပလေ့ရှိတဲ့ စာပေဟောပြောပွဲပဲ သိတယ်၊ အဲဒီမှာတော့ စာရေးဆရာတွေ ဆရာမတွေ သုံးယောက်လေးယောက် ဟောပြောကြတာ တစ်ဝကြီး နားထောင်ရတယ်။ တစ်ခါတုန်းက ကိုကြီးလာမယ်ဆိုတဲ့ စလင်းက စာပေဟောပြောပွဲ တစ်ခုကို ကျွန်မ စာမေးပွဲရှိရက်နဲ့ မကွေးကနေ ပြန်လာပြီး နားထောင်ခဲ့သေးတယ်။ ကိုကြီးမလာဖြစ်ပါဘူး။

ဖတ်ကြည့်လိုက်တော့ ဒေါက်တာ အောင်ထွန်းသက်တဲ့။ ဟောပြောမဲ့ ခေါင်းစဉ်က ယုံကြည်မှုတည်ဆောက်ခြင်း တဲ့။

'သိပ်စိတ်ဝင်စားဖို့ ကောင်းမယ်။ တို့ နားထောင်ချင်တာ၊ ဒါပေမဲ့ စနေနေ့မှာ ပြန်ရတော့မှာမို့ မသွားနိုင်တော့ဘူး။ အေးငြိမ်း ဝဟုသုတ လိုချင်ရင် သွားနားထောင်ဖို့ကောင်းတယ်'

ကျွန်မကို အဲဒီ ဟောပြောပွဲ ဖိတ်စာလေး ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ လောလောဆယ် ကျွန်မ သိပ်သိချင်နေတာက ဒေါက်တာအောင်ထွန်းသက်ရဲ့ 'ယုံကြည်မှု တည်ဆောက်ခြင်း'မဟုတ်ဘူး။ မမမြတ်ရဲ့ယုံကြည်မှုကို ကျွန်မ ဆက် ရနိုင်တဲ့အခွင့်ရှိမရှိပဲ။ ဒါပေမဲ့ သိခွင့်မရပါဘူး။ မမမြတ်က ပြတ် သားသူပဲလေ။

ခဏကြာတော့ ကျွန်မကို ပြန်နိုင်းတယ်၊ မိုးချုပ်သွားမယ်။ ပြန်တော့တဲ့။ နောက်ပြီး ကိတ်မုန့်တစ်ခုကို ကျွန်မကို ပေးလိုက်ဖို့ သီးသန့်မှာလိုက်တာမို့ ဆိုပြီး စက္ကူဘူးနဲ့ ထည့်ပေးလိုက်ပါတယ်။

မမမြတ်က ပြန် ဆိုတော့ ကျွန်မ ပြန်ခဲ့ရတော့တယ်၊ မမ မြတ်နဲ့ နောက်ထပ်စကားပြောခွင့်တော့ မရတော့ဘူး။ ကျွန်မ ပြန်ဖို့ အောက်ထပ်ဆင်းတော့တောင် မမမြတ်က တံခါးဝအထိ လိုက်ပို့မ ပေးဘူး။ ကောင်မလေးကိုပဲ တံခါးဖွင့်ပေးခိုင်းပြီး သူကိုယ်တိုင်က သူ့အမေအနားမှာ ကျန်ခဲ့တာ။

ကျွန်မ ပြန်ခါနီး မမမြတ်ကို လှမ်းကြည့်တော့ သူ ကျွန်မ ကို တမင် မျက်လုံးအကြည့်လွှဲနေတာကို သတိထားမိပါတယ်။

ဟောပြောပွဲကို ကျွန်မ သွားနားထောင်မယ်လို့ စဉ်းစား လိုက်ပေမဲ့ တကယ်သွားခါနီးတော့ ကျွန်မ နေ့ကြေးတွန့်ဆုတ် နေတယ်။ ကျွန်မရဲ့ခွင့်ရက်ဖြစ်နေတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ မမမြတ်ဆီ သွားခဲ့တုန်းက နေ့တစ်ဝက်ခွင့်ယူထားခဲ့တော့ ဒီနေ့ အား ရက်မှာ ကျွန်မ မထွက်ဘဲနေမှ ကောင်းမယ်လို့ တွေးမိတယ်။

ဒါပေမဲ့ အဲဒီဟောပြောပွဲကို သွားဖြစ်ဖို့အကြောင်း ထပ် ပေါ် လာတယ်။ အန်တီစုက ကျွန်မတို့ ဂေဟာကို ရောက်လာပြီး အပြန်မှာ အဲဒီကို သွားမယ်လို့ ပြောတယ်၊ ကျွန်မ လိုက်ချင်တယ်လို့ မပြောရသေးခင်မှာပဲ အေးငြိမ်း နားထောင်ချင်လား။ ဒီနေ့အားနေ



တာပဲ လိုက်ခဲ့လေ တဲ့ ခေါ်ပါတယ်။ ဒီလောက် အကြောင်းတိုက်ဆိုင် နေရင်တော့ ကျွန်မ သွားနားထောင်ဖို့ ကောင်းပြီလို့ တွေးလိုက်တယ်။

ကျွန်မ အန်တီစုကားနဲ့ လိုက်ခွင့်ရခဲ့ပါတယ်။

အံ့ဩစရာကောင်းလိုက်တာ။ ဒီဟောပြောပွဲကို ကျွန်မ သိပ် စိတ်မပါလက်မပါနဲ့ လာခဲ့ရတာ။ အခုတော့ တန်ဖိုးမဖြတ်နိုင် တဲ့ အကျိုးကျေးဇူးကို ရလိုက်တယ်။

ကျွန်မ ဆုံးဖြတ်စရာရှိတာကို အလျှင်အမြန် ဆုံးဖြတ်ဖြစ် သွားတဲ့ အကျိုးကျေးဇူးပါ။

မမမြတ်ဟာ ကျွန်မကို တမင်ပဲ ဒီဖိတ်စာလေး ပေးခဲ့လေ သလားလို့ သံသယဝင်သွားမိတဲ့အထိပဲ။

"ယုံကြည်မှုဆိုတာ အရာရာကို ပြောင်းလဲပေးနိုင်တဲ့အရာ တစ်ခုပါ" တဲ့။

သူတစ်ပါးကို ယုံကြည်မှုရာခိုင်နှုန်းအနေနဲ့ အနည်းဆုံးက တော့ အာဖရိကနိုင်ငံသားတွေတဲ့၊ သူများအပေါ်ယုံကြည်မှုက ၁၈ ရာနှုန်းပဲ ရှိသတဲ့။ အမေရိကန်နိုင်ငံသားတွေကလည်း ၂၃ ရာခိုင် နှုန်းပဲ သူများကို ယုံကြသတဲ့။ စကင်ဒီနေးဗီးယန်းနိုင်ငံတွေမှာတော့ ၆၈ရာခိုင်နှုန်း သူများကို ယုံကြည်မှု ရှိကြတယ်တဲ့။ ကျွန်မတို့ မြန်မာ နိုင်ငံသားတွေလည်း စာရင်းထဲမှာသာ မပါတာ ၂၃ရာခိုင်နှုန်းထက် များချင်များမယ်၊ ၆၀ရာခိုင်နှုန်းတော့ ရှိမှာမဟုတ်ဘူး။ သေချာပါ တယ်။

ယုံကြည်မှုပျက်စီးပြီဆိုရင် အရာရာပျက်စီးတာပါပဲ။

ဟုတ်တယ်။ ဘာဖြစ်လို့များ တစ်ယောက်ကိုတစ်ယောက် သံသယတွေ ရှိနေတာလဲ၊ ဘယ်သူ့အမှားလဲ၊ မယုံကြည်တဲ့သူ့ အမှားလား။ မယုံကြည်အောင် ပြုမူမိသူရဲ့အမှားလား။

တစ်ဦးချင်းရဲ့အဆင့်၊ ပေါင်းသင်းဆက်ဆံမှုနယ်ပယ်

www.burmeseclassic.com

www.burmeseclassic.com



အဆင့်၊ ပြီးတော့ အဖွဲ့အစည်းအဆင့်၊ လူမှုပတ်ဝန်းကျင်အဆင့် အဆင့်ဆင့်မှာ ထိခိုက်သွားပါတယ်။

ယုံကြည်မှုရဲ့ လိုင်းငါးဆင့်တဲ့။

ကျွန်မ လက်ချာကို နားထောင်နေရင်းကနေ ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ချပစ်လိုက်တော့တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မအတွက် အရာရာဟာ ကျွန်မရှေ့မှာ ဖြန့်ပြထားတဲ့ လက်ဖဝါးတစ်ခုလို ထင်ထင်ရှားရှားပေါ်လွင်လာတာကြောင့်ပါ။

ဒေါက်တာအောင်ထွန်းသက်က ပြောတယ်လေ။

ပြတင်းပေါက်နဲ့မှန် ဥပမာ။ သိပ်ကောင်းတာပဲ။

ဆောင်ရွက်မှုတစ်ခုခု အောင်မြင်သွားတဲ့အခါ အဲဒါ ဘယ်သူ့ကြောင့်လဲ။ မင်း သိချင်ရင် ပြတင်းပေါက်ကနေ ကြည့်လိုက်ပါ။ တခြားလူတွေကို မင်းမြင်ရမယ်။ တခြားလူတွေကြောင့် အောင်မြင်ခဲ့တာ။

အရေးကြီးတဲ့အရာတစ်ခုခု ဆုံးရှုံးပျက်စီးသွားတဲ့အခါ အဲဒါ ဘယ်သူ့ကြောင့်လဲ။ မင်း သိချင်ရင် ကြည့်မှန်တစ်ချပ်ကို ကြည့်လိုက်ပါ။ မှန်ထဲမှာ မြင်ရမှာက မင်းကိုယ်မင်းပဲ။ မင်းကြောင့် ပျက်စီးသွားခဲ့တာပါ တဲ့။

## နိဂုံး

ကျွန်မ၏အဖြေလွှာတွေနှင့် ကျွန်မကို အမှတ်ပေးထားပုံရသည့် ဟိုခြစ်သည်ခြစ် စာမျက်နှာတွေကို အငယ်လူက သေသေသပ်သပ် ခေါက်သိမ်းနေသည်။

ကျွန်မ၏လက်ဖျံက ဒဏ်ရာမှာ ပိုပိုနာလာသည်။ သို့သော် ကျွန်မ ခံနိုင်ရည်ရှိပါသည်။ မေးခွန်းဆယ်ခုအတွက် အဖြေများမှာ အမှန်အမှားမရှိဘူးဟု သူတို့က ပြောပါသည်။ ဒါဖြင့် သူတို့ ဘယ်လို အမှတ်ပေးမလဲ။ ထားပါတော့ ကျွန်မ ဒါတွေကို စိတ်မဝင်စားနိုင်တော့ပါ။ အရေးအကြီးဆုံးက ဟိုတယ်ထဲမှ အမြန်ဆုံး ပြန်ထွက်ရမည်။ မထွက်ခင် ညှော်ကြိုအစ်မ၏အင်္ကျီလုံချည်တို့ကို ကျွန်မ၏ နဂိုဝတ်စုံဖြင့် လဲလှယ်ဝတ်ဆင်ရမည်။

'မင်း ကံကောင်းပါစေ'

ကျွန်မက ကံဆိုတာကို မယုံကြည်သူဖြစ်သဖြင့် သူတို့ကို ကျေးဇူးတင်ပါတယ်ဟုသာ ပြောဖြစ်ပါသည်။ နောက်တစ်ပတ် အကြာမှာ အကြောင်းသိရမည်ဟု ဆိုပါသည်။ လူတွေအများကြီး ပြည့်သည့်အထဲမှာ ကျွန်မ အောင်မြင်မေ မရတော့ရော အံ့သြစရာလား။ ကျွန်မမှာ ချစ်စရာကောင်းသည့် ကလေးလေးတွေ ပိုင်းရဲလျက်

www.burmeseclassic.com



သိပ်မဝေးသော လုံခြုံသည့်တစ်နေရာမှာ တိုးတိုးရှိနေလျက် ဘဝဟာ သည်လောက်ဆိုလျှင်ပဲ ပြည့်စုံနေပါပြီ။

'အော် ဟေး'

ကျွန်မ ခုံမြင့်ဆီမှ ပြင်ညီ ကျွန်း ပါကေးမျက်နှာပြင်ဆီသို့ ဆင်းလိုက်စဉ်မှာပင် အငယ်လူက လှမ်းခေါ်သည်။ ကျွန်မ ပြန်လှည့်လိုက်တော့ သူက ကျွန်မဆီ အပြေးလျှောက်လာသည်။

'မင်းနဲ့စကားပြောရတာ သိပ်ကောင်းတာပဲ။ ငါ့လိပ်စာကပ် မင်းယူထားပါ'

ကျွန်မကို လိပ်စာကပ်ပြားလေးပေးတော့ ကျွန်မ လေးလေးစားစားယူထားလိုက်သည်။

'ကျွန်မမှာတော့ ပေးစရာပါမလာဘူး'

'ကိစ္စမရှိပါဘူး။ မင်းလျှောက်လွှာထဲမှာ မင်းလိပ်စာအပြည့်အစုံပါတယ်လေ၊ မင်းကို လာကြိုမယ့်သူ ရှိလား'

အို ကိုပီတာရယ် ဘယ့်နှယ်မေးလိုက်ပါလိမ့်၊ ကျွန်မ ပြုံးလျက်ခေါင်းခါယမ်းမိသည်။

'မင်းကို မေးစရာတစ်ခုရှိလို့၊ တရားမဝင်တဲ့မေးခွန်းပါ'

ကျွန်မ အံ့သြစွာ ငေးမိသွားသည်။

'ဟုတ်ကဲ့'

'မင်း ဒီစကောလားရှစ်အစီအစဉ်ကို ဘယ်ကနေ သိတာလဲ'

ကျွန်မ အားရပါးရပြုံးလိုက်မိ၏။

'ကျွန်မဆီကို အီးမေးလ်တစ်စောင်ဝင်လာတာပါ။ မေးလ်ထဲမှာ တစ်ယောက်ယောက်ဆီက ရထားတဲ့ ဒီစကောလားရှစ် အစီအစဉ်ကြေငြာချက်ကို ကျွန်မဆီပြန်လွှဲပြီး (forward လုပ်ပြီး) ပို့ပေးလိုက်တာ'



'အို၊ ကောင်းလိုက်တာ၊ မင်းဆီကို ဘယ်သူကများ ပို့ပေးလိုက်တာပါလိမ့်။ ငါသိချင်လိုက်တာ'

မျက်ခုံးပင့်ပြီး ပြုံးလျက်ပြောလိုက်သော ပီတာ၏စကားကြောင့် ကျွန်မ ပါးပြင် နွေးခနဲပူသွားသည်၊ ကြည့်·သူ ကျွန်မ၏အဖြစ်ကို ရိပ်မိနေပုံရသည်။ သူ့ပြုံးပုံက သေသေချာချာ ပိုင်ပိုင်နိုင်နိုင်ရှိလှ၏။

'ရှင်ထင်တဲ့သူပါပဲ'

'ကောင်းတယ်'

ကျွန်မ၏အီးမေးလ်လိပ်စာကို လပေါင်းများစွာ နှစ်နှင့်ချီလျက် မပျက်မကွက် လက်ခံရရှိပြီး သိနေခဲ့သူက သည်လောကထဲမှာ ကိုကြီးကလွဲလို့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ၊

ကျွန်မ သူ့ကို လက်ပြနှုတ်ဆက်လျက် ဧည့်ကြိုကောင်တာက အစ်မဆီသို့ လျှောက်သွားလိုက်ပါသည်၊ ထိုအစ်မက ကျွန်မအားအခန်းသော့တစ်ချောင်းပေးသည်၊

'ဖြေနိုင်လား'

'ဒီလိုပါပဲ အစ်မရယ်'

'မင်းလဲပြီးရင် အကျီကို ဒီကို ပြန်ယူခဲ့နော် မမ မတက်လာတော့ဘူး'

'ဟုတ်ကဲ့'

အေးစိမ့်သော မွှေးပျံ့သောအခန်းတွင်းသို့ ကျွန်မ ဝင်လိုက်သည်နှင့် မောပန်းနွမ်းနယ်သမျှတွေ ပြယ်လွင့်သွား၏။ ခရန်းနုရောင်အပွင့်ဒီဇိုင်းများနှင့် အခန်းနံရံသည် ကျွန်မ၏စိတ်ဒုက္ခတွေကို စုပ်ယူပေးလိုက်သလိုပဲ။ မကြာသေးခင်က ကျွန်မ လဲလျောင်းခဲ့သောခုတင်ပေါ်က မွေ့ရာခင်းသည် ကျွန်မအိပ်သွားသည့်နေရာမှာ အနည်းငယ်ချိုင့်လျက် သို့သော် ဖြူဖွေးသန့်စင်မှုကတော့ မျက်ပြယ်

www.burmeseclassic.com

www.burmeseclassic.com



မသွားပါ။ ကျွန်မအင်္ကျီကို အစ်မကြီး၏အင်္ကျီနှင့် ပြန်လဲလှယ်ဝတ်ဆင်နေခိုက် စားပွဲပေါ်မှာ ဖြူလွလွအထုပ်တစ်ခုကို မြင်ရသည်။ တစ်ပေပတ်လည်ခန့်ရှိသော စက္ကူအိတ်တစ်ခု ဖြစ်သည်။ ကျွန်မနှင့်သက်ဆိုင်သည့်အိတ် မဖြစ်နိုင်။ သည်အခန်းက ကျွန်မနှင့်မှ မဆိုင်ဘဲ။ သို့သော် စာခေါက်ပေါ်မှာ မင်အနက်ဖြင့် လက်ရေးကြီးကြီးသော့သော့ ရေးထားသည့်နာမည်က ကျွန်မ နာမည်ပါလား။

အေးငြိမ်းမေ တဲ့။ အနက်ရောင်မင်ဖြင့် ရေးထားသည့် ထိုလက်ရေးကို ကျွန်မ သေသေချာချာ မှတ်မိပါသည်။

ကိုကြီး

ကျွန်မ နှလုံးသားဆီတွင် နွေးခနဲလှုပ်ခတ်သွားသည်။ ဒီလက်ရေးတွေဟာ လွန်ခဲ့သည့် ဆယ်နှစ်ကအတိုင်းပဲ မပြောင်းလဲသေးပါ။

ကျွန်မ အထုပ်ကို ကောက်ကိုင်လိုက်သည်။ ခပ်ပေါ့ပေါ့ပဲ။ အထဲမှာ အဝတ်တစ်ခုခု ရှိနေသည်။ ကျွန်မ ဖွင့်ကြည့်လိုက်၏။

အို ချစ်စရာလေး။

ဖြူဖြူလွလွ ကျစ်ကျစ်ပါးပါးအင်္ကျီလေး တစ်ထည်ပါလား။ လည်ပင်းက ကော်လာဝိုင်းဝိုင်း ထောင်ထောင်လေးနှင့်။ ကြည့်စမ်း။ တန်ဖိုးမနည်းဘူးရှိမှာ။

အင်္ကျီကိုဖြန့်လိုက်သည့်အခါ စာခေါက်တစ်ခု ထွက်လာ၏။

'သွေးပေနေတဲ့ အင်္ကျီကို လဲဖို့'

ဟယ်တော်။

ကျွန်မ အခန်းထဲကို မယုံသင်္ကာနဲ့ မျက်လုံးဝေ့လည် ကြည့်မိသည်။ ဘယ်သူမှ မရှိပါဘူး။ ကျွန်မ တစ်ယောက်တည်း။ သေချာသည်။ ကိုကြီးရော။



ကိုကြီးကို လူလည်း မမြင်ရတာကြာပြီ၊ လက်ရေးလည်း မမြင်ရတာ ကြာပါပြီ။ ကျွန်မ အခု လိမ္မာနေပါပြီဆိုတာ ကိုကြီးယုံနိုင်ပါ့မလား။ မဆိုက်တော့ပါဘူး။ ကျွန်မအသက် အရင်ကထက် တစ်နှစ်ခွဲတောင် ကြီးသွားခဲ့ပြီလေ။

ကျွန်မ အင်္ကျီလေးကို မြတ်မြတ်နိုးနိုးဝတ်ဆင်လိုက်သည်။ အင်္ကျီမှာ တံဆိပ်လေးတစ်ခုက တန်းလန်း တွယ်လျက်သား။ တံဆိပ်ကို ဖတ်ကြည့်လိုက်တော့ Generation တဲ့။

ဟင် ကျွန်မအတွက် ရေးပေးထားသည့်စာခေါက်က စာရွက်မှ မဟုတ်ဘဲ စာအိတ်အဖြူအရှည်တစ်ခုပေါ်မှာ ရေးထား တာပဲ။

'သွေးပေနေတဲ့အင်္ကျီကို လဲဖို့'

စာအိတ်၏တခြားဘက်မှာတော့ ကျွန်မလက်ရေးတွေ။

ဒေါ်မြတ်ကောင်းမွန်

ဒုတိယမြို့နယ်တရားသူကြီး(ပထမတန်းအာဏာ)

မြို့နယ်တရားရုံး

... ... ...မြို့။

ဒီစာအိတ်က ကျွန်မစာအိတ်ပဲ။

ကျွန်မ မမြတ်ကို စာအရှည်ကြီးရေးထည့်လိုက်သည့် စာအိတ်ပါလား။ ဒါဖြင့် စာအိတ်ထဲက စာရှည်ကြီးက အခု ဘယ်သူ့ဆီမှာလဲ၊ မေးကြည့်စရာမလိုတော့ပါ။

မမြတ်

ကျွန်တော်ရှိသေလေးစားစွာ စာရေးလိုက်ပါတယ်။

မမြတ်က ဘာမှ မမေးတဲ့အခါ ကျွန်တော်က မချင့်မရဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောချင်တဲ့စိတ်တွေ ပေါ်လာတယ်၊ မမမြတ်ကို မျက်နှာချင်းဆိုင်ပြီး မပြောဝံ့ဘူး၊ ဒါကြောင့် တနဲ့ပဲရေးရဲတာမို့ စာရေးလိုက်တာပါ။ ကျွန်တော့်ကြောင့် အားလုံးဒုက္ခရောက်ကြရတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်၊

အနောက်မြို့ရိုးလမ်းဆိုတဲ့နာမည်က ကျွန်တော့်အတွက် ရင်ခုန်စရာကောင်းတယ်။ ကိုယ့်ကိုယ်ကို ရှေးဘုရင်တွေခေတ်က နန်းတွင်းသူလေးလိုလို ခံစားရတယ်၊ ကျွန်တော်ဖတ်ဖူးတဲ့ မြို့ရိုးဆိုတာက လူနှစ်ရပ်မက မြင့်တဲ့ အုတ်တံတိုင်းကြီးတွေ။ စလင်းမြို့က ရှေးဟောင်းမြို့တစ်မြို့ဖြစ်လို့ မြို့ရိုးဟောင်းရှိပေမဲ့ မြို့ရိုးဟောင်းက အခုအခါ ရွာလမ်းတစ်လျှောက် ကြွင်းကျန်ရစ်တဲ့ အုတ်ခဲကျိုးအစအနတွေ အရှည်ကြီးခင်းထားသလိုပဲ၊ အုတ်ကျိုးအစအနတွေပေါ် နင်းဖြတ်သွားရတိုင်း ငါ ရှေးဟောင်းမြို့ရိုးကြီးကို နင်းနေတာပါလား လို့ သတိရမိတယ်၊ အုတ်ကျိုးတွေက ရွှံ့စေးလမ်းမြေထဲမှာ တစ်နှစ်ပြီး တစ်နှစ် နစ်ဝင်နေခဲ့တာ အခုဆို တချို့ကသာ အချွန်အတက်တွေ အကျိုးအပဲ့တွေအဖြစ် ကျန်ရစ်ပြီး အများစု အုတ်ခဲဟောင်းတွေက တဖြည်းဖြည်းပို့လာတဲ့ မြေကြီးအောက်မှာ နစ်ဝင်သွားပြီ မဟုတ်လား။

မြို့ရိုးဟောင်းရဲ့အဆုံးသတ် ထောင့်ချိုးအလွန်မှာရှိတဲ့ သူကောင်းတိုက်ကြီးဟာ ရှေးဟောင်းပိသုကာလက်ရာ သိပ်မြောက်တယ်လို့ နာမည်ကြီးတယ်။ စလင်းကို လာသမျှ သူစိမ်းတွေထဲက ရှေးဟောင်းပိသုကာကို လေ့လာချင်ရင် သွားတဲ့နေရာ နှစ်ခုရှိတယ်။ တစ်ခုက ရုပ်စုံကျောင်း၊ နောက်တစ်ခုက အဲဒီ သူကောင်းတိုက်ကြီးပါ။ မြွေတွေရှိတယ်လို့ နာမည်ကြီးတယ်။

ကျွန်တော် အဲဒီတိုက်ကြီးရှိတဲ့ ခြံဝန်းထဲကို တစ်ခါမှ မဝင်ဖူးပါဘူး၊ ကျွန်တော်က မြွေကြောက်တယ်လေ။



ညမွှေးပန်းတွေ ပွင့်ခါစ ညနေခင်းတစ်ခုမှာ ကျွန်တော် အဲဒီ ခြံကြီးထဲကို တစ်ယောက်တည်း ဝင်ခဲ့မိတယ်ဆိုရင် ကျွန်တော့်ကို သတ္တိတွေပေးနိုင်တဲ့တစ်ခုခု ရှိလို့ပေါ့။

ဟုတ်ပါတယ်။ ကိုကြီးက မလိမ်တတ်ပါဘူး။

ကိုကြီး အဲဒီခြံထဲမှာ ရှိနေတယ်။

သူ ဓာတ်ပုံရိုက်နေတာဖြစ်ပါလိမ့်မယ်။ ကျွန်တော်ကတော့ ကိုကြီးကို အဲဒီခြံပိုင်းက မြွေတွေ ရှိတယ်ဆိုတာကို သတိပေးဖို့ ဝင်လိုက်တာပါ။

ခြုံနွယ်ပိတ်ပေါင်းတွေနဲ့ သစ်ရွက်ခြောက်တွေနဲ့ မြေပြင်ဟာ မြေကြီးတောင်မမြင်ရအောင် ရှုပ်နေခဲ့တယ်။

ကျွန်တော် ကိုကြီးဆီလျှောက်သွားတော့ ခြေသံကို ကိုကြီး ကြားသွားတယ်၊ ကျွန်တော့်ကို လှည့်ကြည့်တယ်၊

ကျွန်တော့်ကိုမြင်လိုက်တော့ ကိုကြီးလန့်သွားတယ်။

ညနေက တိမ်တွေတောက်နေပြီ။ နေရောင်နည်းနည်းလေးပဲ ကျန်တော့တယ်။

ကိုကြီးက ကင်မရာကို အိတ်ထဲထည့်သိမ်းပြီး ပြန်တော့မယ့် အချိန်ပါ။

အဲဒီအချိန်မှာ ကိုကြီးနားကို ကျွန်တော် ရောက်သွားတော့ သူ လန့်တာပေါ့။

လူမမြင်ကွယ်ရာ၊ အလွန်တိတ်ဆိတ်တဲ့နေရာ၊ ကိုကြီးက ဘယ်အချိန်မဆို ဘယ်နေရာမဆို အလွန်သတိထားတဲ့သူ။

'ကိုကြီး ဒီခြံထဲမှာ မြွေတွေရှိတယ် ကိုကြီးရဲ့ ဘာဖြစ်လို့ ဝင်ရတာလဲ'

ကိုကြီးက မြွေကို ကြောက်တဲ့ပုံမပေါ်ဘူး။

'အေးငြိမ်း ပြန်ပြန် ငါလည်း ပြန်တော့မှာ ထွက်နှင့်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ စက်ဘီးပါတယ်။ ဒါပေမဲ့ ခွေးတိုးပေါက်ကနေ ဝင်လာတာမို့ စက်ဘီးကို ခြံပုပ်တစ်ခုနောက်မှာ ထိုးထည့်ခဲ့တယ်။

ကိုကြီး ကျွန်တော့်ကို ဓာတ်ပုံရိုက်ဖူးတာ ကျွန်တော် ခြောက်တန်း နှစ်တုန်းက။ အဲဒီနောက် ကိုကြီးနဲ့သာ ခင်လာတယ်။ ဓာတ်ပုံ တစ်ခါမှ မရိုက်ပေးတော့ဘူး။ အဲဒီညနေက ကိုကြီး ကျွန်တော့်ကို ဓာတ်ပုံ ရိုက်ပေးပါလို့ ပူဆာလိုက်တယ်။ ကိုကြီးက စိတ်ရှုပ်နေတယ်။ ကျွန်တော်နဲ့အတူတွဲပြီးတော့ ခြံဝိုင်းထဲက သူ မထွက်ချင်ဘူး။ ကျွန်တော့်ကို ထားခဲ့ပြီးတော့လည်း ခြံဝိုင်းထဲကနေ သူ အရင်ထွက်ရမှာ စိတ်မချဘူး။ ဒါကြောင့် ကျွန်တော့်ကို ဖွတ်လွှတ်တာ။ ကျွန်တော်ကလည်း အတင်း ဓာတ်ပုံရိုက်ခိုင်းနေတာ။ နောက်တော့ ကိုကြီးက အလျှော့ပေးလိုက်တယ်။

ကဲ ကဲ တစ်ပုံရိုက်ပေးမယ်။ ပြီးရင် ပြန်ထွက်ရမယ်နော်။ ကတိပေးလား။

ကတိပေးပါတယ်။

ကျွန်တော်နဲ့ကိုကြီးနဲ့ ဓာတ်ပုံရိုက်နေတဲ့အချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် သုတက ရောက်လာခဲ့တယ်။ တကယ်တော့ သုတက ကျွန်တော့်ကို အမြဲလိုက်ရှာနေတတ်သူပါ။ သုတ ရန်ကုန်က ပြန်လာတာကို ကျွန်တော် မသိလိုက်ဘူး။ ကိုကြီး စလင်းရောက်တာပဲ ကျွန်တော် သိခဲ့တာ။

ကျွန်တော်နဲ့ကိုကြီး နှစ်ယောက်တည်း ဒီမှာ ချိန်းတွေ့တယ်လို့ သုတက ထင်သွားပြီး ဒေါသတကြီး ဝင်လာခဲ့တယ်။ ကျွန်တော့်ကို ပခုံးကနေဆွဲပြီး ကိုကြီးအနားကနေ ဘေးကို တွန်းပစ်လိုက်တာ ကျွန်တော် နှစ်ပြန်လောက် လိမ့်သွားတယ်။

ပြီးတဲ့နောက် သုတက ကိုကြီးကို လက်သီးနဲ့ ထိုးတော့တာပဲ။ ကိုကြီးက သုတနဲ့စာတော့ ပိန်ပိန်ပါးပါးမဟုတ်လား။ တစ်ချက်တည်းနဲ့ မြေပြင်ပေါ်မှာ လဲသွားတယ်။ ကျွန်တော်လေ အဲဒီအချိန်မှာ သုတကို မကြောက်တော့ဘူး။ အထင်လွဲစရာဖြစ်သွားတဲ့ အတွက်လည်း မျက်နှာပူမနေတော့ဘူး။ ကျွန်တော် စိုးရိမ်တာက တစ်ခုတည်းပဲ ရှိတယ်။ ကိုကြီး နာမှာကို စိုးရိမ်တဲ့စိတ်။ ဒါပဲ။

ဒီတော့ သုတက မြေကြီးပေါ် လဲကျသွားတဲ့ကိုကြီးကို သူစီးထားတဲ့ဘွတ်ဖိနပ်နဲ့ တအားလွှဲပြီး ပိတ်ကန်ပစ်လိုက်တဲ့အခါ ကျွန်တော် ပူထူသွားတယ်။ မလုပ်နဲ့ လို့ အော်ပစ်လိုက်မိတယ်။

သုတက သိပ်ရိုင်းတာပဲ။ ကျွန်တော် အော်လိုက်တော့မှ ကျွန်တော့်ဘက်ကို လှည့်ကြည့်ပြီး ခြေထောက်ကို မြှောက်ပြီး ထပ်နင်းချမဲ့ပုံ လုပ်ပြတယ်။ ကိုကြီးရဲ့ ညည်းညူသံကို ကြားလိုက်တဲ့အခါ ကျွန်တော် ဘာမှ မသိတော့ဘူး။ သုတဆီပြေးသွားပြီး သူ့ကို ရှိသမျှအင်အားနဲ့ ဆွဲယူဖယ်လိုက်တယ်။ ဒါပေမဲ့ သုတက အရင်ကလိုကောင်လေးသေးသေးလေးမှ မဟုတ်တော့ဘဲ။ ခွန်အားတောင့်တဲ့လူတစ်ယောက်ဖြစ်သွားပြီ။ ကျွန်တော် မနိုင်ဘူးလေ။ ဘယ်လိုမှ ဆွဲလို့ မရဘူး။ ကျွန်တော့်ကိုသာ သူက တွန်းဖယ်ပစ်နိုင်တာ။ ကျွန်တော် ယိုင်လဲသွားရင် သူက ကိုကြီးဆီကို ပြန်ရောက်သွားပြန်ရော။ အညှိုးတကြီးနဲ့ လည်ပင်းကို ညှစ်ဖို့ပြင်နေတာကို မကြည့်နိုင်တော့တဲ့ အဆုံးမှာ ကျွန်တော် ရမိရရာအုတ်ခဲကျိုးကို ကောက်ကိုင်ပြီး သုတကို နောက်ကနေ တအားထုထည့်လိုက်တယ်။ သူ့ခေါင်းကို အုတ်ခဲ ထိသွားတဲ့အသံက အုန်းသီးစိမ်းတစ်လုံးကို ဓားနဲ့ခွဲလိုက်တဲ့အခါ မြည်သလိုပဲ ခပ်အုပ်အုပ် ဒါပေမဲ့ ထိတဲ့အသံ။

သုတ ဒူးထောက်လျက် လဲကျသွားတယ်။ ဒါပေမဲ့ လဲသွားတဲ့ ကိုကြီးလည်ပင်းကို ညှစ်ထားတဲ့လက်က မပြုတ်ဘူး။ သုတ မျက်လုံးတွေက ဒေါသနဲ့ အရောင်တဖျပ်ဖျပ်တောင် ထွက်နေတယ်။ ကျွန်တော် အဲဒီဒေါသမျက်လုံးတွေကို မုန်းတယ်။ မုန်းတယ်။ ကိုကြီး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကို အထင်လွဲတဲ့ မျက်လုံးတွေကို မုန်းတယ်။ ကိုကြီးလို သိက္ခာရှိတဲ့လူကို သူမို့ စော်ကားရက်လေခြင်း။

ကျွန်တော် ကိုယ့်ကိုယ်ကို ဘာလုပ်မိလို့ လုပ်မိမှန်းမသိဘဲ သုတကို အုတ်ခဲနဲ့ဆက်တိုက် ဆက်တိုက် ထုနှက်နေမိတယ်ဆိုတာ တစ်ယောက်ယောက်က ကျွန်တော့်ကို လာဆွဲတော့မှ သိတာ။

'အေးငြိမ်း'

ကိုကြီးအသံ။ ဒါပေမဲ့ ကျွန်တော် လှည့်ကြည့်လိုက်တော့ ကိုကြီးမဟုတ်ပါလား။ ကျွန်တော် မမှတ်မိဘူး။ တစ်မျက်နှာလုံးမှာ သွေးတွေရဲနေလို့။

ကျွန်တော် တအားကို စိုးရိမ်ကြောက်လန့်သွားတယ်။

'ကိုကြီး ကိုကြီး'

ကျွန်တော် ကိုကြီးကို ဆွဲဖက်ပြီး ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိတယ်၊ ကိုကြီး ဘာဖြစ်သွားလဲ။ ကိုကြီးတစ်ကိုယ်လုံးက ပျော့ခွေနေတာပဲ၊ ကျွန်တော့်ကိုသာ ဆွဲတာ သူ့ကိုယ်သူ မနိုင်ဘူးလေ။ ဒါနဲ့ သူလည်းလဲ ကျွန်တော်လည်းလဲ၊ အဲဒီမှာ ကျွန်တော် ကိုကြီးကို ဖက်ထားရင်း သွေးပေနေတဲ့ပါးပြင်ကို ကျွန်တော့်ပါးပြင်နဲ့ ထိကပ်ပွတ်ပြီ၊ သုပ်မိတယ်၊

ကိုကြီးက မလှုပ်မယှက်။ တော်တော်နဲ့ မလှုပ်ရှားနိုင်ပါဘူး။

'ကိုကြီးရေ'

ပြီးတော့ ကိုကြီးကို ဆွဲထူရင်း ကျွန်တော် နမ်းမိတယ်၊

မမြတ် ကျွန်တော့်ကို ယုံပါ။ ကိုကြီးအပေါ်မှာ ကျွန်တော် ညစ်ပတ်တဲ့အတွေးနဲ့ ဖက်နမ်းမိတာမဟုတ်ဘူး။ ကိုကြီးရဲ့ သွေးပေကျံနေတဲ့ ပါးပြင်ကို ကျွန်တော်ပါးနဲ့ ထိကပ်ချင်တယ်၊ ကိုကြီးခံစားရတဲ့ဝေဒနာကို ကျွန်တော်က မျှယူချင်တယ်၊ ကိုကြီးအတွက် နွေး



ထွေးတဲ့ကုသမှုတစ်ခုပေးချင်လို့ပါ။ ဒါပေမဲ့ ကိုကြီးကတော့ သူ့ကို ပါးချင်းအပ်နမ်းလိုက်တဲ့ ကျွန်တော့်ကို အလန့်တကြား လက်ပြန်ရိုက်ထည့်လိုက်တယ်။

သုတ ထိုးကြိတ်နေတုန်းက ပြန်ထိုးဖို့ သတိမရတဲ့ကိုကြီးက ကျွန်တော့်ကိုတော့ လက်ပြန်ရိုက်တယ်။ မမြတ် သိရဲ့လား။

'နင် နင်ရူးနေလား' တဲ့။

အဲဒီအချိန်ကျတော့မှ ကျွန်တော် ကိုကြီးကို တွေတွေကြီးကြောင်ကြည့်နေမိတော့တယ်၊ ကိုကြီးရယ်။ ဟုတ်တယ်။ ကျွန်တော်ရူးနေတယ်၊ ကျွန်တော်ရူးသွားတယ်။ သုတနဲ့ကျွန်တော် ချစ်သူတွေလို ဖြစ်ခဲ့ကြတာ နှစ်နှစ်လောက်ရှိသွားတဲ့အထိ သုတကို ကျွန်တော် တစ်ခါမှ မနမ်းဖူးပါဘူး။ အခု ကိုကြီးကို ကျွန်တော်ဘာဖြစ်လို့ နမ်းမိတာလဲ။ အဲဒါ ကျွန်တော် ရူးလို့ပေါ့။

ကိုကြီးက ကျွန်တော့်ကို အမိန့်ပေးတယ်။

'ထစမ်း။ သွား ပြန်တော့။ ငါ့ဆီကို နင် လုံးဝမလာနဲ့'

နေရောင် လုံးဝပျောက်နေပြီ၊ အလင်းရောင်ရယ်လို့မရှိတော့တဲ့အချိန်၊ ကောင်းကင်က ပြာလဲ့လဲ့လက်ကျန်အလင်းရောင်လေးတောင် မထင်ရှားတော့ဘူး၊ ခပ်လှမ်းလှမ်းက အိမ်တချို့ဆီက မီးရောင်ပျပျလေးကတော့ သစ်ပင်ကြား သစ်ရွက်ကြားမှာ ပြက်ခနဲပြက်ခနဲ မြင်ရတယ်။

ကိုကြီးရဲ့ လေသံမာမာထန်ထန်ကို ကျွန်တော် ဒီတစ်ခါပဲ ကြားဖူးသေးတယ်။ ကျွန်တော် ကြောက်တယ်၊ ကိုကြီးကိုလည်း ဘယ်လို မျက်နှာချင်းဆိုင်ရမှန်းမသိတော့ဘူး။ ကျွန်တော် တော်တော်မှားသွားပြီဆိုတာ ကိုယ့်ကိုယ်ကို ချက်ချင်းသိလိုက်ပါတယ်။

ကိုကြီးက သုတဆီလျှောက်သွားပြီး ပခုံးကနေ မွေ့ယူ မလိုက် တယ်။ သုတရဲ့ခေါင်းက ပျော့ခွေလို့၊ သုတ သေပြီလား။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက သုတရဲ့လည်ပင်းကို သွေးကြောစမ်းကြည့်တယ်။ နောက်တော့ လက်ကောက်ဝတ်ကို တစ်ခါ စမ်းပြန်တယ်။ နောက်တော့ ရင်ဘတ်ကို တစ်ခါ ငုံ့ပြီး ပါးအပ် စမ်းပြန်တယ်။

ကျွန်တော် ကိုကြီးအနားလည်း မကပ်ရဲ၊ စကားလည်း တစ်ခွန်းမှ မပြောရဲ၊ ကြောင်တောင်တောင်နဲ့ ရပ်နေမိတယ်၊ ဒူးတွေက တဆတ်ဆတ်တုန်လို့ပေါ့။

အဲဒီအချိန်မှာပဲ တစ်မြို့လုံး မှောင်အတိကျသွားတယ်။

'အေးငြိမ်း အခုပြန်တော့၊ အခုကိစ္စနဲ့ပတ်သက်ပြီး နင် စကားတစ်ခွန်းမှ မဟနဲ့ နားလည်လား'

ကိုကြီးရဲ့လေသံက စောစောကလို မမာထန်တော့ဘဲ တည်ငြိမ်အေးစက်နေတယ်၊ အဲဒီလေသံကို ကျွန်တော် ပိုကြောက်တယ်။ ကိုကြီးကို မျက်နှာချင်းလည်း ဆိုင်မကြည့်ရဲဘူး၊ ဒါနဲ့ပဲ ကိုကြီးအနားကနေ ပြေးထွက်လာခဲ့တယ်။ စက်ဘီးဆီကိုသွားတယ်။ စက်ဘီးကို ဆွဲယူတယ်၊ စက်ဘီးကို နင်းတယ်၊ ကျွန်တော့်အနားမှာ လူရိပ်လူယောင်လုံးဝမရှိဘူး။ ခြံဝင်းထဲကို လှမ်းကြည့်လိုက်တော့ ကိုကြီးက သုတကို ပခုံးပေါ်ပွေ့တင်လိုက်တာကို မြင်ရတယ်။ အဲဒီနောက် ကျွန်တော် စက်ဘီးကို တအားနင်းပြေးတော့တယ်။

ကျွန်တော် ပြေးတယ်။ ဆရာဝန်ကြီးအိမ်ကို ပြေးတယ်၊ အဲဒီကနေ ထပ်ပြေးတယ်။ စလင်းကနေ ပြေးတယ်၊ ဝေးတဲ့နေရာဆီ ပြေးတယ်၊

ကျွန်တော် မှားတဲ့အမှားက သုတကို အုတ်ခဲကျိုးနဲ့ ခေါင်းရိုက်ခဲ့မိလို့ မဟုတ်ဘူး၊ ကျွန်တော်ပြေးတာကလည်း သုတဆီက မဟုတ်ဘူး၊ ကိုကြီးဆီက ပြေးရတာ၊

ကျွန်တော် ကိုကြီးကို စာတွေနဲ့အထပ်ထပ်တောင်းပန်ခဲ့ပါတယ်။ ကျွန်တော် ဘာမှ မရည်ရွယ်ဘဲ ဖြစ်သွားတဲ့အမှားအတွက် ကျွန်တော် တောင်းပန်တာပါ၊ နောက်ကို ဒီလို မမှားစေရပါဘူး။

ဒါပေမဲ့ ကိုကြီး ကျွန်တော့်ကို စာတစ်စောင်မှတောင် ပြန်ရေးဖော်မရခဲ့ဘူး။ မမမြတ်ယုံရဲ့လား။

မမမြတ်ရဲ့ ကိုကြီးအပေါ်ထားတဲ့ ယုံကြည်မှု ပြိုကွဲပျက်စီးသွားရတဲ့အတွက် ကျွန်တော့်မှာသာ အပြစ်ရှိပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ မမမြတ်ရယ်။

ကိုကြီး တရားခွင်မှာ ကျွန်တော့်နာမည်ကို မထွက်ဆိုခဲ့တာ တစ်လုံးမှ မဖော်ပြခဲ့တာ ကျွန်တော့်ကို ငဲ့ညှာလို့လို့ မမမြတ်ထင်နေလား၊ ကျွန်တော် ကိုကြီးကို သိပါတယ်။ ကျွန်တော့်ကို ငဲ့တာ မဟုတ်ဘူး၊ သူ့ကိုယ်သူ ငဲ့တာပါ၊ သူ့နာမည်နဲ့ ကျွန်တော့် နာမည်နဲ့ တွဲပြီး မှတ်ထားကြမှာကို မခံနိုင်လို့ မဟုတ်ဘဲနဲ့ အထင်လွဲ မခံနိုင်လို့ ကျွန်တော့်နာမည်ကို မပြောတာပါ။ သူ့အတွက် ထောင်ခြောက်လဆိုတာ မိန်းကလေးတစ်ယောက်နဲ့ နာမည်ပျက်ရသလောက် မဆိုးရွားဘူး၊ ကျမ်းကျိန်စာသင့်တယ်ဆိုဦးတော့ ကျွန်တော်နဲ့တွဲမြင်ခံရမှာလောက် သူ ကြောက်မှာမဟုတ်ပါဘူး၊

သုတ ကျွန်တော့်နာမည်ကို မပြောတာကမှ ကျွန်တော့်ကို ငဲ့ညှာလို့၊ ကျွန်တော် သူ့ကို ရိုက်ထည့်လိုက်တာ သူမသိဘဲ ဘယ်နေပါ့မလဲ မမမြတ်ရယ်။ သူ့အောက်မှာ ကိုကြီးရောက်နေတဲ့အချိန် သူ့ကိုထုလိုက်တာ ဘယ်သူလဲ သူသိမှာပေါ့၊ မသိဘူးလို့ ပြောတာက ကျွန်တော့်ကို ငဲ့ညှာတာ၊

သုတကို ကျွန်တော်တောင်းပန်ရတော့မှာပါ၊

မမမြတ်တို့ကြားက ယုံကြည်မှုကို ကျွန်တော် ပြန်တည်ဆောက်ပေးချင်ပါတယ်။

ချစ်ခင်လေးစားစွာ
ညီမ အေးငြိမ်းမေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မထည့်လိုက်သောစာမှာ အခုလောက်ဆိုလျှင် ကိုကြီး၏အခန်းတစ်နေရာရာမှာ သို့မဟုတ် စာအုပ်ကြားတစ်နေရာရာမှာ ရှိနေလိမ့်မည်။

ကိုကြီးကို ကျွန်မ ပြန်လည် မတွေ့ဆုံဝံ့တော့လောက်အောင် ရှက်ရွံ့သွားခဲ့သည်ဟု ကျွန်မ ထင်ထားခဲ့သည်။ အခုလို ကိုကြီးပေးသည့် အကျီကို ဝတ်ဆင်ပြီးသည့်နောက်မှာ ကျွန်မ ကိုကြီးကို မျက်လုံးချင်းဆုံပြီး ကြည့်ရဲပါလိမ့်မည် ဟု စိတ်တင်းမိ၏။

ကျွန်မဝင်ရောက်လိုက်သောဓာတ်လှေခါး အောက်ထပ်သို့ ရောက်သွားသောအခါ ဟိုတယ်ဧည့်ခန်းဆောင်တစ်ခုလုံးတွင် ဧည့်သည်မရှိဘဲ ရှင်းလင်းနေသည်ကို တွေ့ရသည်။ ဧည့်ကြိုကောင်တာမှ အစ်မကြီးက ကျွန်မအား ပြုံးလျက် ကြိုဆိုသည်။

'ကျေးဇူးတင်ပါတယ်အစ်မ'

သူ့ဝတ်စုံလေးကို ပြန်ပေးလိုက်တော့ သူက ခေါင်းညိတ်သည်။

'ရပါတယ်ကွယ်'

'အစ်မ ဟို ဆေးဖိုးတွေနဲ့ အခန်းဖိုးတွေက ကျွန်မပေးရမှာ မဟုတ်ပါဘူးနော်'

'အို မပေးရဘူးလေ။ ဒီကိုလာတဲ့ဧည့်သည်အစ်ကိုက ပေးပြီးသား'

အဲဒါ ကိုကြီးပဲပေါ့။ ကိုကြီးက ကျွန်မ သည်နေ့မှာ ဖြေရမည်ကို သိထားမှာပါပဲ။ လျှောက်လွှာတစ်ခုလုံးနှင့် ကြေငြာစာတစ်ခုလုံးကို ကျွန်မဆီ ပို့ပေးသည့်နောက်တော့ စာတွေ့လူတွေ့ ဘယ်နေ့တွေလဲ သူသိမှာပေါ့လေ။ ကျွန်မ လှစ်ခနဲ ပြုံးမိသွားသည်။

'သူနာမည်က ကိုထင်လင်းမဟုတ်လားဟင်'

'ဟုတ်တယ်ညီမ။ ညီမကို သိတဲ့လူတစ်ယောက် တိုက်တိုက် ဆိုင်ဆိုင် ဒီရောက်လာတာ ညီမ ကံကောင်းတာပေါ့'



ကံ။ ဟင့်အင်း ကံကို ကျွန်မ မယုံကြည်ပါ။ ကံကောင်းလို့ ကျွန်မရှိတဲ့နေရာကို ကိုကြီးရောက်လာတာမဟုတ်ပါဘူး။ ကိုကြီးသိနေလို့ ရောက်လာတာ။ သို့သော် ကျွန်မ ဘာမှ မပြောလိုပါ။ ကျွန်မ မပြောပေမဲ့ သူမက ပြောသည်။

'သူက ဒီကို မင်္ဂလာဧည့်ခံပွဲအတွက် ရက်လာတောင်းတာ ညီမရဲ့'

ကျွန်မ လှည့်ထွက်တော့မည့်ခြေလှမ်းတွေ တုန့်ခနဲရပ်သွား၏။ မင်္ဂလာဧည့်ခံပွဲ။ ကျွန်မ အစ်မကြီးကို ပြန်လှည့်ကြည့်မိသည်။

'ညီမကို မြင်တော့ သူ တော်တော် သနားသွားတယ်။ ဒါနဲ့ အစ်မကို တိုးတိုးတိတ်တိတ် အကူအညီတောင်းလာတာ။ သူက စေတနာ တော်တော်ကောင်းတာပဲ'

'ဟုတ်ကဲ့'

ကိုကြီး လက်ထပ်မည့်သတို့သမီး ဘယ်သူလဲဟု ကျွန်မ ဘယ်သူ့ကိုမှ မေးစရာမလိုပါ။

ဟိုတယ်လှေခါးထစ်များကို တစ်ထစ်ချင်း နင်းလာရသော ကျွန်မ၏ခြေဖဝါးတွေက အထိကို မသိသလိုဖြစ်နေ၏။ ပြောင်ချောနေသောလှေခါးထစ်တွေနှင့် ကျွန်မ၏ဆီပြန်နေသောခြေဖဝါးကြောင့် ချော်နေသည့် ဖိနပ်တွေ့သောအခါ မမျှော်လင့်ဘဲ ဒူးထောက်လျက် ယိုင်လဲလေသည်။ အို နာလိုက်တာ။

ကျွန်မ၏ညာဘက်လက်ကောက်ဝတ်ကို တစ်ယောက်ယောက်က ဆွဲဆုပ်ဖမ်းလိုက်သည်။ ခိုင်မြဲသောလက်များဖြစ်သည်။ နွေးထွေးသော လက်များဖြစ်သည်။ ထိုလက်များကြောင့် ကျွန်မ မတ်မတ် ရပ်နိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူကိုမကြည့်မိခင် မမြင်မိခင်ကတည်းက ထိုလက်ချောင်း သွယ်သွယ်များကို ကျွန်မ မှတ်မိသည်။

'ကိုကြီး'

ကိုကြီးက အပြုံးဖြင့် ကျွန်မကို ကြည့်ပြီး သူဆုပ်ကိုင်ထားသည့် ပခုံးမှ ဖေးမလျက် မတ်တတ် ရပ်စေသည်။

'မြေနိုင်လား'

'မသိဘူး'

'ဟောဗျာ'

ကိုကြီးက နှစ်နှစ်ခြိုက်ခြိုက် ရယ်မောသည့်အခါ ကျွန်မလည်း လိုက်ရယ်မိသည်။

'လာ အတော်ပဲ ဟိုရှေ့မှာ ညည်းမမ ရောက်လာပြီ'

ဟိုတယ်၏ကားရပ်ကွက်လပ် သည်ဘက်အဆုံးတွင် ရပ်ထားသော ကားအဖြူလေးမှာ မမမြတ် မောင်းလာခဲ့သော ကားလေးဖြစ်သည်။ ကားဘေးမှာ မမမြတ် မတ်တတ်ရပ်နေသည်။ မမမြတ်က ကျွန်မတွေ့ဖူးသမျှတွင် အလှဆုံးသောအပြုံးဖြင့် ကျွန်မအား ကြိုဆိုနေခဲ့သည်။

ကျွန်မ မမမြတ်ကို အဝေးကပင် လှမ်းပြုံးပြလိုက်မိ၏။ ကျွန်မအပြုံးတွေ တောက်ပရွှင်လန်းပါရဲ့လား။ ကျွန်မ မသိပါ။

ကိုကြီး၏လက်ဝဲဘက်မှာ အတူယှဉ်လျက် မမမြတ်ဆီသို့ လမ်းလျှောက်လာသည့်အခါ ကျွန်မကိုယ်ခန္ဓာ၏ လက်ဝဲဘက်ခြမ်းက လုံခြုံမှုဖြင့် နွေးထွေးနေပြီး လက်ယာဘက်တစ်ခြမ်းက အေးစက်နေခဲ့၏။ သို့သော် နှလုံးသားတည်နေရာဟု ဆိုကြသော ဘယ်ဘက်ရင်ညွန့်ကတော့ စူးနစ်စွာ နာကျင်လျက် ရှိပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com